www.burmeseclassic.com

# နဂ္ဒတ္တကောင်ခြည်




www.burmeseclassic.com

www.burmeseclassic.com

24 FEB

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ...ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ...ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ...ဒို့အရေး



# နက္ခတ္တကျောင်းခြည်

နက္ခတ္တကျောင်းခြည်
နက္ခတ္တကျောင်းခြည်













လောကီပညာရသစုံမဂ္ဂဇင်း

www.burmeseclassic.com

# နက္ခတ္တရောင်ခြည်


နာယကကြီး

ဒေါက်တာ အောင်မိုး

M.B.B.S (Ygn)

ဒု-ဘာ-စ(တိုင်းရင်းဆေး)

M.Med.Sc (Pharmacology)

Advanced Pharmacokinetics

Training (London)

M.C.P.A, A.T.C.M

(Wuhan), D.M.A

Senior Fellowship of Aryuvedic

Medicine(India)

သာသနာ့အကျိုးဆောင်

ကေလာသ ဆရာအောင်

တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ

အကြံပေး

ဒေါ်ဝတ်ရည်ဆွေ

B.Sc(Bot),Dip.T.Med.

ဦးဝင်းထိန်ကျော်

B.A(Philos),Dip.T.Med.

T.L.R.M (INDIA)

အနောက်တိုင်း ဆေးကဏ္ဍ

အယ်ဒီတာ

ကိုကိုမောင်

စာတည်းချုပ်

ဦးကျော်မိုးသိန်း၊

တာဝန်ခံစာတည်း

ဓမ္မဒေဝ

နယ်လှည့်အယ်ဒီတာ

အောင်ဇေ(LL.B)၊ ကိုစိုးထန်း၊

သန်းထွန်း(ဘားအံ)

ပါဠိ အယ်ဒီတာ

✱ ဦးစံတင့်

(ဓာတုနိကာယကောဝိဒ၊ ဝိနယဓရ၊ ဓမ္မာစရိယ)

✱ ဦးသန်းအောင်ဌေး

[ဓမ္မာစရိယ (မဟာဝဂ္ဂါဒိ မြန်မာဂုဏ်ထူး)
ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ
(နိကာယဝိပုလ)]

ဥပဒေအကြံပေး

ဦးထွန်းစိန်

B.A(Myanmar),H.G.P,R.L(Advocate)

ပန်းချီဒီဇိုင်းပညာရှင်

ကိုတင်ဦး၊

တင်တင်နွယ်

မျက်နှာဖုံးပန်းချီ

မြတ်မင်းဟာန်

ဖြန့်ချိရေးမှူး

ယဉ်ကျေးဓဝ

ကွန်ပျူတာစာစီ

ပါရမီ ကွန်ပျူတာစာစီလုပ်ငန်း

အတွင်းဖလင်

ပါရမီ




ပေါင်လောင်ရှင် ကာသပ၏
တစ်ခါက တောင်ရေးကိုင်
တစ်ခါက ပုတီးကိုင်ထားနေပြန် ကျားစီးရှင်တော်ကို...

◄ ၈၁-၁၀၆


ထုတ်ဝေသူ

ဦးခင်မောင်ဝင်း(၀၃၅၇၂) နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်

၂၃၃၊ ၃၂ လမ်း ရန်ကုန်မြို့

အတွင်းနှင့် မျက်နှာဖုံးရိုက်

ဦးခင်မောင်လင်း(၀၅၃၉၄) ပါရမီအော့ဖ်ဆက်၊

အမှတ် ၅၈၃၊ ရန်ကြီးအောင်လမ်း

၅-ရပ်ကွက် မရမ်းကုန်းမြို့နယ်

ရန်ကုန်မြို့

မန္တလေးဖြန့်ချိရေး

နဝါးစာပေ

ရှမ်းကောင်ကာယား ဖြန့်ချိရေး

စိတ်နှလုံးစာပေ (တောင်ကြီး)

ကံ့ကော်နီစာပေဖြန့်ချိရေး(တောင်ကြီး)

မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဖြန့်ချိရေး

ပေါ့ပေါ့ကျော်စာပေ(မော်လမြိုင်)

ဖြန့်ချိရေး

ကျော့မိုးသိန်းစာပေ၊ ၂၃၃၊ ၃၂ လမ်း၊ ရန်ကုန်မြို့၊

ဖုန်း- ၀၁ ၂၄၂၂၈၄

ကြော်ငြာဌာနမှူး - ကိုတင်မောင်ဆွေး

မင်္ဂလာ ဦးပျားရေ ကြော်ငြာလုပ်ငန်း

၂၀၁၄ ခုနှစ်၊ ဧပြီလ

အမှတ် ၃၃၃

အုပ်ရေ


၁၀၀၀

ငါးရာကျပ် (၅၀၀/-)

ဖုန်း-၀၁ ၂၄၂၂၈၄

F.1B.April, 2014.

www.burmeseclassic.com



ရည်ညွှန်းရုပ်ပွား
တန်ခိုးကြီး ရွှေမင်းခင်ဘုရားကြီး၏
ထူးဆန်းအံ့ဖွယ်ရာသော အကြောင်းအချက်များကို ... ဓာ-၉

ပေါင်လောင်ရှင် မဟာကဿပ ကျောင်းတော်နှင့်
မိကျောင်းစီးပုံတော်မှာ
ရှင်သာမဏေဘဝက ပုံတော်ဟု ယူဆချင်း ... ဓာ-၁၀၄




[illegible]ရောင်ခြည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊
တိုင်းရင်းမြန်မာဆေးခန်း ဆရာဦးမိုးဌေး(တဆ-၀၀၁၈၉)၏
နှလုံးသွေးကြောကျဉ်းရောဂါ တာတွယ်
စောင့်ရှောက်နည်းများ [မြောင်းမြ မောင်ယဉ်တင့်] ၁၅၃

ပညာပေးရောင်ခြည်

တရုတ်ကြီးထုံးပညာ (၈၉) [ဟွာကျင်းစီ] ၄၈
လူတိုင်းအတွက် တရုတ်ရိုးရာ
ဖိပ်မတ်ရှင်းတမ်း (၇၉) [ထက်မင်းကျော်စွာ] ၁၅၅
သင်္ကေတများ၏ ဘာသာစကား (၃၃) ၂၀၃

[illegible]ရောင်ခြည်

ယတြာကျင့်စဉ်နှင့် လက္ခဏာအမြင်
[ဆရာဦးခင်မောင်လင်း-B.Sc,ရွှေဘို] ၃၀
နိုင်ငံခြားမှာ ပညာသင်ဖို့ အဆင်ပြေနိုင်မလား
[ဆရာကြီး ဦးအောင်မြိုင်-ဥပဒေဘွဲ့] ၁၀၂
လက္ခဏာပဟေဠိ အဖြေညီကြစို့ ၁၉၁
လက္ခဏာက ပြောပြသော ကံကြမ္မာအခြေအနေ ၁၉၄
အချစ်ရေး ကံကောင်းပါ့မလား [သန်းပညာ] ၂၀၉
တစ်ချက်ကောင်းဟောကွက် [ဦးသော်ခင်-ဟင်္သာတ] ၂၃၂

လမ်းညွှန်ရောင်ခြည်

ဝေဘူဆရာတော်ကြီး၏ နွေရာသီ သီတင်းသုံးရာ
အင်ကြင်းပင်သာသနာမြေသို့(၅) [ထက်မင်းကျော်စွာ] ၉၀
ပေါင်လောင်ရှင် မဟာကဿပလျှ မြတ်စွာဘုရား
ဓာတ်တော်(၃၇)ဆူ ပူဇော်မှုခရီး
[မောင်ရေချမ်း-မြောင်] ၁၀၆
ပဟေဠိဆန်လွန်းသော ရှေးဟောင်းဗုဒ္ဓဂူ
[ကိုမြသွေး-ပေါင်းလောင်းမြေ] ၁၁၃

အထူးဆောင်းပါးရောင်ခြည်

ပဲခူးရိုးမတောင်ပေါ်ရှိ စေတီတော်ကြီးမှ
ရေများ ထွက်ရှိနေသည့် ဖြစ်ရပ်ဆန်း
[ချစ်မှန်းခင်-ကြို့ပင်ကောက်၊ လယ်တီ] ၁၈
ဘိုးပိုက်ဆံ ရုပ်ပုံတော် (၂) [အောင်ဇ-LL.B] ၃၃
တဘောင်ထဲက ဖြစ်ပေါ်လာသည့် မြိတ်မြို့မှ
စုံလေးစုံစေတီ(၂) [ရွှေဦး-မြိတ်] ၄၁
မြတ်သမဏတို့ စံပျော်မြန်းသည့် ထုံးတောင်မြေ
သာစခန်းဆီသို့(၂) [ဇင်ညိုငယ်] ၄၉
အရာတော်မြို့ ခြေတော်ရာဘုရား(၂) [တွေးမောင်] ၅၈
ရန်မာန် တင်းစေသည့် တောလင်းနယ်မှ
အောင်နိမိတ်ဆောင် ခမောက်တောင်(၅)
[ထက်မင်းကျော်စွာ] ၉၃




www.burmeseclassic.com

www.burmeseclassic.com

## ❀ ဆောင်းပါးရောင်ခြည် ❀

ကျွန်တော် ကြုံဆုံခဲ့ရသော ဖြစ်ရပ်ဆန်း
[ညီလေးငယ်-လယ်တော်] ၂၃၆
သူ့အရပ် သူ့ဒေသမှ ဓလေ့ဆန်းများ
(ပယ်လယ်ကန်တော့ခြင်း) [မင်းနန္ဒီရှိန်] ၂၄၄
ကျောက်လက်ဝါး ဝယ်ဖူးသူ [နတ်မောက် လှမြင့်သစ်] ၂၆၅
ပုတီးကျင့်စဉ်နှင့် ပဋ္ဌာန်းဒေသနာတော်
[တက္ကသိုလ် အပန်ငယ်] ၂၈၁
ယောဂီဆောင်ထဲမှ ပရလောကသား [ချမ်းသာ] ၂၈၄
မင်းဘူးမြို့ အမှတ်(၁)နယ်မြေ
နဂါးသုံးကောင် တန်ခိုးပြတာလား
[မင်းဘူးမြင့်မောင်-အသေးစားငွေချေးလုပ်ငန်း] ၂၉၄

## ❀ ဗုဒ္ဓဓမ္မရောင်ခြည် ❀

စိတ်စွမ်းအားမြင့် ကံစွမ်းအားဖွင့် ပုဗ္ဗါနုဿတိ
ကျင့်စဉ်တော် [ကောင်းမြင့်မြတ်စိန်] ၁၂၁
မေဓာဝီဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ
ဘဒ္ဒန္တစန္ဒောဘာသ ချီးမြှင့်တော်မူသော ကျင့်စဉ်ထူးနှင့်
ကိုယ်တွေ့အောင်မြင်မှုများ
[တင်ထွန်းအေး-အဝေးသင်တက္ကသိုလ်] ၁၅၀
မြင်နိုင် ကြားနိုင်ကြပါစေ
[အောင်မင်းကျော်-နေလဝိဇ္ဇာဂိုဏ်းတော်ကြီး] ၁၆၄
ဒွေဝါစိက သရဏဂုံမှဖြာ ရုပ်ပွားတော်နှင့်
လျှို့ဝှက်ဂန္ဓိရကျင့်စဉ် [ကဝိသိရောမဏိ] ၁၇၇
စေတီငါးဆူ အောင်လံထူ [ရွှေတည် မြင့်မောင်] ၁၈၅
သိဒ္ဓိဝင် သတ္တဌာနကျင့်စဉ် နမောတဿစွမ်းအင်(၃)
[ဘုန်းပြည့်တေဇာဟိန်း-ဂန္ဓိရနယ်မြေ] ၂၀၁

## ● အသိအမြင်ရောင်ခြည် ●

မဟာဘုတ်ချိန်ခွင်နှင့် သီးသန့်ယတြာ [သန်းပညာ] ၆၂
ရန်ကင်းဝေးစေရန် အစီအရင်ယတြာ
[ဂါမဏီဇော်-စစ်ကိုင်း၊ ဝေဒဝိဇ္ဇာမေ] ၁၃၁
တစ်သက်တာ ရွှေယတြာ [အောင်နန္ဒစံ-ကျိုက်လတ်] ၁၄၆
မဟာဘုတ်ချိန်ခွင်နှင့် လွယ်ကောင်းယတြာ
[ပုဗ္ဗဟူးသားသမီးများအတွက်] [သန်းပညာ] ၁၆၉
ကျန်းမာရေးအတွက် ဆန်းဗေဒင်၏ ယတြာတစ်တွက်
[မောင်ဗဟိန်း-အင်းတော်] ၁၉၃

## ❒ အကျိုးရှိရောင်ခြည် ❒

မိုးသူတော် ဦးတိုးလှ၏ ရွှေချိတ်လမ်း
[ဝိဇ္ဇာမဟိဒ္ဓိ ဆရာဦးသန်းမြင့်-တိုင်းရင်းဆေး] ၇၀
ဆေးသုံး စိန်ခေတ်လုံး ဖမ်းနည်း
[ကြည်စိုး-မနောမယိဒ္ဓိ၊ ရောမြေ] ၉၄
သွပ်သချိုင်း ဟင်းရိုင်းလမ်းစဉ် [နရဏီ-နီးပဒေါ] ၁၆၇
ကြွေးမိုးကြိုးသွား မင်းလေးပါး(၃)
[ရွှေတောင် ခင်မောင်ကြည်] ၁၉၆



ကျိုက်ထီးရိုးဘုရားတော်တွင်မှ
လက်ဝဲ၊ လက်ယာ လက်တော်နှစ်ဖက်စလုံးကို ထူးခြားစွာ
အောက်သို့ စိုက်ပြထားသောကြောင်း ➡ ၀၁-၅၇

ဝေဘူဆရာတော်ကြီး
သက်တော် ကြီးရင့်သောအခါ
အသုံးပြုသည့် ဝေါယာဉ်ကို ➡ ၀၁-၁၀၀



www.burmeseclassic.com

www.burmeseclassic.com



ဝန့်ဒီပ်ဗွာလယ်ဘုရားတွင် ဌာပနာထည့်ရန် အမည်မသိသူ လာရောက်လှူသွားသော တော်တော်များများကို ထူးခြားစွာ တွေ့ရှိရသည် ➡ စာ-၂၅

ခေါင်ဖေယာင်ချစ် မဟာကဿပ သွားရေလေရာတိုင်း ထိုက်ပါကြရသော တပည့် ဘီလူးညီနောင်ဖြစ်တဲ့ ဧရမာန်နှင့် တေဝကြည် ရုပ်တုများကို ➡ စာ-၁၀၈



## ✱ ဂါထာမန္တန်ရောင်ခြည် ✱


မင်္ဂလာဆောင်နှံ့အတွက် လာဘ်ရွှင်စေသည့်ဂါထာ [ဇင်ညိုဝေယံ] ၁၅

ပထဝီဇယ အောင်ဂါထာအစွမ်း [ဗိုလ်မင်း-မင်းလှ] ၈၅

မျက်စိအတွက် အစွမ်းထက် ဂါထာတော် [မောင်အောင်တွန်း-ဝက်လက်] ၁၁၉

ပွင့်လန်းအောင်မြင် သူရသတီဂါထာစွမ်းအင် [ရွှေဦး-မြိတ်] ၁၂၉


## ✱ ဆေးနည်းပေါင်းရောင်ခြည် ✱


ဆီးချိုရောဂါအတွက် ဆေးနည်းတစ်ခွက် [ရဲရဲထွန်း-ဟသာ်တ] ၁၃၆

ချောင်းဆိုးအတွက် အလွယ်နည်းလေးတစ်ခု [မောင်အေးကြူ-စီးပွားရေး] ၂၉၆

အကြောအဆစ်ရောင်နာအတွက် ယာခင်းမှဆေးတစ်လက် [ခွန်စိုင်းဝမ်း] ၃၀၂


## ◆ ဆေးဗေဒရောင်ခြည် ◆


အမျိုးသမီးများ မီးယပ်ချမ်းရောဂါအတွက် ဆေးတစ်လက်နှင့် ပတ်သက်၍ တိုင်းရင်းဆေး ပညာသဘောတရားအမြင်ဖြင့် ထပ်ဆင့်ဖြည့်စွက် ဖြေကြားချက် [ဦးမင်းဇင်-ရွှေနဝင်း] ၁၃၃

အကြောတင် အကြောကပ် အကြောထုံး လေငန်းလေဖြတ်လိမ်းဆေး [မြေမိုးချစ်-နတ်မောက်] ၁၆၈

ရင်ကျပ်ပန်းနာ လေဖြတ်တာ ပျောက်မှာ ဤဆေးနည်း [ထွန်းငွေ-အ.မ.တ၊ ၂၄၁၄၊ တံတားဦး၊ သန်လျင်] ၂၀၈


## ✱ ပုဂ္ဂိုလ်ရုပ်ပုံရောင်ခြည် ✱


လယ်တဲစောင့်ပေးသော ရွှေဖိုး [ကျော်ဇင်ဖြူ] ၂၄၅


## ★ မိတ်ဖွဲ့အင်းရောင်ခြည် ★


အိပ်မက်ရဲ့ ဆန်းကြယ်မှု [တော့-မန္တလေး] ၂၆၃


## ✣ ထူးခြားသတင်းရောင်ခြည် ✣


အစွမ်းထက်သည့် ရစ်ဂမုန်း [နွဲ့ရည်လင်း] ၁၄


## ✝ ထူးခြားဆန်းကြယ်ရောင်ခြည် ✝


အံ့ဖွယ်ထူးခြား နွယ်နဂါး [မိုး-သရက်] ၂၀

ဝမ္ဘိရနွယ်ဝင် ရေကျင်းရဲသားနွယ်တွင်းထိုး [မောင်မောင်ထွန်း-မုံရွာ] ၁၆

သရက်တုန်းဆရာတော်ထံမှ ကျောက်အမြဲတော [ညိုမင်းထက်-မြန်မာစာ၊ မေဝေသွား] ၁၁၃




www.burmeseclassic.com

www.burmeseclassic.com


● ကိုယ်ခံပညာရောင်ခြည် ●

သိုင်းပညာရှင် ဆရာကြီး မင်းယကွ၏ ဘဝအတွေ့
အကြုံများ (၂၆) [ဆရာကြီး မင်းယကွ-တိုက်ပွဲဝင်] ၂၂၁

✱ ကျန်းမာရေးရောင်ခြည် ✱

လေဖြတ်လေငန်းရောဂါအတွက် ဈေးမှန်ပုရပိုက်ပါ
ကုထုံးအစီအစဉ် [စေတသိင်းလ] ၁၅၈

✣ အမျိုးသမီးအလှရေးရောင်ခြည် ✣

ငါးပိရည်တို့ အနံ့ကောင်းစေရန် [နန်းခင်ဖြူဝင်း] ၁၃၀

☽ သုတေသနရောင်ခြည် ☽

မဟာဘုတ်ချိန်ခွင်နှင့် တေးဂုဏ်ရှင်ဆရာတော်ကြီးများ
[အိမ်မဲခြို့ အိမ်မဲကြီးရပ်ကွက် ကံလှပရိယတ္တိစာသင်တိုက်
ဓမ္မဗိုလ်ဆရာတော် ဈေးဟသာဝံသ သာသနာပါလ
ဓမ္မာစရိယ အဓိရ သာသနဓဇ ဓမ္မာစရိယ ဓမ္မကထိက
ကံလှ အရှင်သောဘိတာဝံသထံရှိအား ဂါရဝပြုပူဇော်ခြင်း]
[သန်းပညာ] ၁၄၅
သျှစ်သောင်းပုထိုးတော်ကြီးမှ ရှေးခေတ်ရခိုင်ရှိုးရာ
ဝတ်ဆင်ထုံးဖွဲ့မှုနှင့် အခြားဓိဗိုင်းလက်ရာများ
[ပန်းချီးထွေးလှ-ရှေးဟောင်းသုတေသန] ၂၁၇
စိတ်ဝင်စားဖွယ်ကောင်းသော ထိုးမြွလက်မှတ်များအကြောင်း
[ဆရာကြီး ဦးအောင်မြိုင်-ဥပဓေဒဘွဲ့] ၂၃၀

☽ မြန်မာ့ရိုးရာ ဆေးပင်ဆေးနည်း မြန်မာ့ရောင်ခြည် ☽

တောလင်းနယ်မှ ဆေးဖက်ဝင်အပင်များ(၂)
[ခွန်စိုင်းဝမ်း] ၁၂၄
ဆီးရောဂါအတွက် မြို့ဖျက်ခရမ်း [ဆေးသုတေသီတစ်ဦး] ၁၆၀

✣ တိရစ္ဆာန်ရောင်ခြည် ✣

ကျွဲနွား ဝမ်းလျှောဝမ်းပျက် ဆေးမခက်ပါ
[နေမဝင် နတ်မောက်] ၁၃၂
ကြက်မွေးရင် ဆောင်ထား [ကိုမင်းဦး-နေရှင်နယ်] ၂၉၆

• ပြည်တွင်းခရီးရောင်ခြည် •

ထူးထွေဆန်းပြား ရွှေလင်းပင်ဘုရား(၁) [နိုင်မင်းညို] ၉

✱ အောင်မြေရောင်ခြည် ✱

စပါးတောင်ခြေ အဓိဋ္ဌာန်ပြုရာ သစ်ဖြူတောင်
အောင်မြေ(၂) [မောင်မောင်စိုး-သာဓယ်] ၆၅
စစ်ကိုင်းတစ်ခွင် သမိုင်းဝင်စေတီများ၏
အောင်မြေနှင့် ရှိုးပူဇော် ဂါထာတော်များ(၁၄)
[အောင်ရွှေမြတ်-စစ်ကိုင်းတောင်] ၁၃၇




ထုံးဖောင်း ဆရာတော်ကြီးသည်
ရာသီဥတု မည်မျှ ဆိုးဝါးနေစေကာမူ ချွမ်းအံ့ဝတ် မပျက်ဘဲ
သင်္ကန်းသက်လျှက် တစ်ထပ်ဆွမ်းသာ
➡ စာ-၅၀

သစ်လုံးကြီး တစ်လုံးမှာ ဒီနှယ်ပင်က
တွယ်ကပ်နေတယ် ပြောတာပဲ
ကြိုက်တာနဲ့ မှာရဲ့သူလို့ ပြောတယ်...
➡ စာ-၂၁



www.burmeseclassic.com



[illegible] [illegible]ရောင်ခြည်

[illegible] ➡ ၈၁-၁၁၃

စက်ရုံတော
ဿယ်တီ ကျောင်းဝန်း ရတနာ့ အထိမ်းအမှတ်
ကျောက်တိုင်ကြီးကို ... ➡ ၈၁-၉၁



✧ [illegible]ရောင်ခြည် ✧

၂၀၁၄ ခုနှစ်၊ ဧပြီလအတွက် ဓာတ်ကြီးငါးပါး
ခိုမိုးမှုနှင့် ဓောင်ဘာလေထီဆုငွေ [ထက်မင်းကျော်စွာ] ၂၂၄
၂၀၀၄ ခုနှစ်၊ ဧပြီလ ထီထိုးလိုက ရွေးချယ်ပါ ဤဂဏန်း
[ဆရာရဲထက်-သုတေသီ] ၃၀၀

✣ [illegible]ရောင်ခြည် ✣

စတေ့ဖူးတင်ပါသည် နတ္တဝတ္တရောင်ခြည်
[ပညာရေးနှင့် စာမေးပွဲအတွက် အာဝေဏိကရတ်တော်
ဆီမီးပူဇော်နည်း၊] [ညွှန့်ဝင်း-နတ်တလင်း] ၁၄၂

✷ [illegible]ရောင်ခြည် ✷

ဘေးရန်ကင်းရှင်း သရဏဂုံအင်း [ထီလာ မောင်မှတ်] ၁၅၉
အစွမ်းထက်၍ ဝေဒနာ သက်သာပျောက်ကင်းစေသည့်
မြစ်စဉ်တော်အင်း [ငြိမ်းသော်တာ] ၁၇၁
မြန်မာ့အင်းညာ(၃) [ဆရာစော-အင်းတစ်ထောင်] ၁၇၉

✎ ပုဂ္ဂိုလ်ထူးရောင်ခြည် ✎

အာဏာတည် ဆရာတော်(၂)
[အရပ် ဆရာသိန်း-လပွတ္တာ] ၂၅
ကိုလုံဆရာတော်ကြီးကို ဖူးတွေ့ခဲ့ရစဉ်က ထူးခြားမှုများ
[ဒေါ်သုမနဝိစိတ္တ B.Sc,H.G.P,DipEd] ၈၁
ဘုတလင်မြို့၊ ကြောင်ပန်းတောရနှင့် ပထမ
ကြောင်ပန်းဆရာတော်ကြီး၊ အရှင်ကုဏ္ဍလ၏
ဘဝကောက်ကြောင်း(၃) [ဖင်ညိုငယ်] ၈၉

✤ ထူးခြားဆန်းကြယ်ရောင်ခြည် ✤

စကားဝါနှင့် ရွှေတစ်ပွင့်(၂)
[ရွှေတောင် ကြည်မောင်အေး] ၂၂၅
ပန်းပေါင်းဘုရား ဒက္ခိဏာသာခါနှင့်
ကိုယ်တွေ့ ဖြစ်ရပ်ဆန်းကြယ် [ထပ်တစ်ရာ] ၂၄၁
ခန္ဓာကိုယ်ထဲဝင်သည့် ပရလောကသားနှင့်
ကိုယ်တွေ့ဖြစ်ရပ်ဆန်း
[ကျော်သန်း-အကြီးတန်း လက်နိပ်စက်] ၂၅၂
ဂမုန်းနှစ်ပင်နှင့် ဖြစ်ရပ်ဆန်း [အင်ကြင်း] [illegible]
ရှင်ဥပဂုတ္တဖောင်တော်နှင့် ဆန်းကြယ်သည့်ဖြစ်ရပ်
[ဟာသ်ဂတ သန်းလှိုင်ကျော်-[illegible]] [illegible]



www.burmeseclassic.com

www.burmeseclassic.com


### ဗဟုသုတရောင်ခြည်

ရှားစောင်းကြီးအနှစ်နှင့် သူ၏အသုံး
[စဉ့်ကူစိုးဝင်းထက်မောင်-သျှင်စောမွန်] ၃၀၁

### နေ့စဉ်သုံး အဟောလမ်းညွှန်ရောင်ခြည်

၂၀၁၄ ခုနှစ်၊ မေလအတွင်း
ပုံရိပ်ရှင်တို့၏ ကံကြမ္မာ [ဟူဂျင်းဇီ] ၁၅၆
၂၀၁၄ ခုနှစ်၊ မေလ ငွေကြေး
လာဘ်လာဘ ရွှင်လန်းစေဖို့ [ထက်မင်းကျော်စွာ] ၁၉၂
၂၀၁၄ ခုနှစ်၊ မေလအတွက်
ခုနစ်ရက်သားသမီး ဟောစာတမ်း [ဆရာ ရောင်ခြည်] ၂၀၆

### မြန်မာ့ရိုးရာပညာရောင်ခြည်

မြန်မာ့ သတ်ခတ် ဓာတ်စာ
[ကောင်းမြတ်ထွန်း-ဟာသ်ာတ] ၂၁၀

### ကျန်းမာရေး ဓာတ်စာရောင်ခြည်

၂၀၁၄ ခုနှစ်၊ မေလအတွင်း
ကျန်းမာရေးအတွက် အကြံပေးချက်များ [ဟူဂျင်းဇီ] ၂၁၆

### မြန်မာ့နှစ်သစ်ကူး အထူးရောင်ခြည်

၁၃၇၆ ခုနှစ် ခုနစ်ရက်သားသမီးအတွက်
ကောင်းကျိုးဝေပြော ကြေစေဖို့ [ဦးအုန်းမြင့်-ဟာသ်ာတ] ၄၆
၁၃၇၆ ခုနှစ် ပက္ခအဟောနှင့် ယတြာ
[အောင်နန္ဒ-ကျိုက်လတ်] ၁၈၅

### ဖြစ်ရပ်မှန်ရောင်ခြည်

မီးဖိုစောင့်နတ် ပူဇော်ခြင်းနှင့် ကိုယ်တွေ့ဖြစ်ရပ်မှန်
[သန်းတင်ဦး-သီရိခေတ္တရာ၊ ပြည်] ၂၃၃
သေမင်းတမန်တို့ရဲ့ မရဏဆိုင်းသံ [ချစ်ဆိုင်] ၂၅၉
ရွှေပေါင်းပစ္စည်းလော သိုက်ပစ္စည်းလော
[စိုးလင်းအောင်-မြန်အောင်] ၂၅၅
ရုက္ခမြိုင်စံဖိမ်နှင့် ရုက္ခစိုးကြီး ဦးစစ်မြိုင်
[ရောမြေ ကျော်ဝေ] ၂၅၇
ခြေရာတစ်တောင် ကိုသာမောင်နဲ့ ပရလောကသားများ
[ရွှေမှော်မြေ မောင်ကြည်သိန်း] ၂၆၉
ကတိပျက်မှုအတွက် ဈေးခြေးတစ်စုံ [တပသီ] ၂၇၅
ပရလောကသားပေးသော ငွေငါးထောင်
[မြင့်ဝေ-ရွှေတောင်] ၂၈၆
ညောင်ပင်ကြီးနှင့် ရွှေပေါင်းအုတ်ဂူများ
[စိုးနိုင်ထွန်း-ဘားအံ] ၂၈၉


ဧ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း



ကျောက်တိုင်ထိပ်ရှိ
ဘိုးပိုက်ဆံ့ ရုပ်တုကြီးကို
ဤသို့ ထူးခြားစွာ တွေ့ရသည်... စာ-၃၃

ကန်တော့ပွဲ
တစ်ပွဲထဲတွင်
မြွေတစ်ကောင်
ခွေနေပြီး
ပါးပျဉ်းထောင်
နေသည့်အလား
နွယ်ဝင်ကွင်းထိုး
တစ်ခုကို...
စာ-၆၁



စေတီကြီး
၏
အမြင့်
အထောင်
နှစ်ဆယ်ခန့်မှ
ရေများ
ထွက်ကျ
နေသည်ကို...
စာ-၁၄



www.burmeseclassic.com

www.burmeseclassic.com

ထူးထွေဆန်းပြား

# ရွှေလင်းပင်ဘုရား (၁)

နိုင်မြင့်သို



▲ တန်ခိုးကြီး ရွှေလင်းပင်ဘုရားကြီး

စာရေးသူ အလုပ်ကိစ္စဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမှအပြန် မန္တလေးတွင် ခရီးတစ်ထောက် နားခဲ့ပါသည်။ ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်မှ ပညာရေးဝန်ထမ်းတစ်ဦး ဖြစ်သော ဇနီးဖြစ်သူမှ ဒီဇင်ဘာ ကျောင်းပိတ်ရက်၌ သူ၏ ဇာတိဖြစ်သော ဆွေမျိုးသားချင်းများရှိရာ **စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်ရှိ ဗအိုးကျေးရွာသို့** သွားရောက်လည်ပတ်ရန် စီစဉ်ပြီး လိုက်လာသဖြင့် မန္တလေးမှ အမှတ်(၅၇) မြစ်ကြီးနားအဆန်ရထားဖြစ်သော မန္တလာနှင့် ညနေ(၄) နာရီ၊ မိနစ်(၃၀)ခန့်တွင် ထွက်လာခဲ့ပါသည်။

ည(၁၀)နာရီခန့်တွင် ခင်ဦးမြို့သို့ ရောက်ရှိခဲ့ပြီး ရွာမှလာကြိုသော ထော်လာဂျီနှင့် **ခင်ဦးမြို့ အနောက်ဘက် (၄)မိုင်ခန့်ကွာဝေးသော ဗအိုးကျေးရွာသို့** ရောက်ခဲ့ပါသည်။

ဗအိုးဆိုသော ကျေးရွာနာမည်မှာ စာရေးသူစိတ်ထဲတွင် အနည်းငယ်ထူးဆန်းနေသဖြင့် မေးမြန်းကြည့်ရာ၌ နရပတိစည်သူမင်းကြီး ဒေသစာရီထွက်လာရာတွင် ရွာနားအရောက် ရေဆာလောင်တော်မူသဖြင့် ရွာသူရွာသားများ ပြွတ်အိုး(ယခုခေတ် သကြန်အိုး)ကဲ့သို့ မြေဖုတ်ရေအိုးလေးများနှင့် ဆက်ကပ်ရာမှ ပြွတ်အိုးရွာ၊ ပြွတ်အိုးရွာမှ ဗအိုးရွာအဖြစ် သမုတ်ခဲ့သည်ဟု ဆိုပါသည်။

ဗအိုးရွာသို့ ရောက်ခဲ့ကြပြီး ဆွေမျိုးသားချင်းများထံ ဇနီးဖြစ်သူမှ ပါလာသော လက်ဆောင်ပစ္စည်းများ ဝေငှပေးရင်းမှ ဂမ္ဘီရဆန်သော အဖြစ်အပျက်များနှင့် **ရွာ၏တောင်ဘက် စည်ပုတ္တရာရွာရှိ တန်ခိုးကြီးဘုရားတစ်ဆူဖြစ်သော ရွှေလင်းပင်ဘုရားကြီး၏ ထူးထွေဆန်းပြားသော အဖြစ်အပျက်များကို** မှတ်သားသိရှိခဲ့ရသောကြောင့် နက္ခတ္တရောင်ခြည် မဂ္ဂဇင်း စာဖတ်ပရိသတ်ကြီးနှင့် ဝေမျှ





www.burmeseclassic.com

www.burmeseclassic.com






◆ ရွှေပါက်တူးဘုရားစေတီ
အနီးကပ်မြင်ကွင်း၊

◆ ရွှေလင်းပင်ဘုရားကြီးအား
ဘယ်ဘက်နံဘေးမှ ဖူးတွေ့ရပုံ

◆ ကဆုန်လပြည့်နေ့ ဝတ်တွမ်းပွဲအခါ အခါကြီးရက်ကြီးတိုင်း
ရောင်ခြည်တော် လွှတ်တော်မူသော ရွှေပါက်တူးစေတီဘုရား



ရှင်ပြည်သူအများ ကြည်ညိုသဒ္ဒါပွားနိုင်စေရန် ရေးသား တင်ပြလိုက်ပါသည်။

နောက်တစ်နေ့ နံနက်ခင်း (၈)နာရီခန့်၌ စာရေးသူ၊ ရွာရှိ ရေးမိုးနောက်မှီ ရွာလူကြီး အဘဦးတိုးနှင့် ဆွေမျိုးတစ်စုတို့ ရွာ၏ တောင်ဘက်ရှိ စည်ပုတ္တရာရွာသို့ ထွက်ခဲ့ကြပါသည်။ ဗအိုးရွာ၏ တောင်ဘက် တွက်တွက်ချင်းမှာပင် နရပတိစည်သူမင်းကြီး တည်ထားခဲ့သော **"ကျောင်းကြီးကျောင်း"** ရှေးလက်ရာ ကနုတ်၊ ပန်းတမော့၊ ပန်းဆစ်လက်ရာများနှင့် စေတီပုထိုးပေါင်း (၁၄)ဆူကို အရင် ဖူးတွေ့ရပါသည်။

ယခင် ရှေးကျောင်းကြီးကျောင်း ကိုယ်တော်ကြီးမှာ နက္ခတ်အရာ၌ တစ်ဖက်ကမ်းခတ် တတ်မြောက် ကျွမ်းကျင်သူဟုဆိုပါသည်။ ဘိုးတော်

F.2R.April, 2014.



www.burmeseclassic.com

www.burmeseclassic.com


ဦးပိုင်း နာမကျန်းဖြစ်နေစဉ် ကျောင်းကြီးကျောင်း ကိုယ်တော်အား မင်းမှူထမ်းတို့နှင့် လာရောက် ပင့်ဆောင်ခိုင်းပါသည်။

နေမွန်းလွဲချိန်တွင် ရောက်ရှိလာကြသော မင်းမှူထမ်းတို့မှ ဆရာတော်ဘုရားအား အကြောင်းစုံ လျှောက်ထားပြီး ပင့်ဆောင်ရာ ဆရာတော်မှ ခေတ္တခဏ ဆိုင်းငံ့ခိုင်းပြီးသော် **"မင်းစေတို့ဒီတိုင်းသာ ပြန်ကြပေတော့၊ ငါလိုက်လာလဲ မင်းတို့"မင်း" ငါ့ကို စကားမပြောနိုင်ပြီ"**ဟု မိန့်တော်မူလိုက်ပါသည်။

မင်းစေတို့လည်း စောဒကမတက်ဝံ့ဘဲ စစ်ကိုင်း ပြန်ခဲ့ကြပါသည်။ စစ်ကိုင်းသို့ရောက်သော် မင်းကြီးနတ်ရွာစံခဲ့သည်မှာ ကြာပြီဖြစ်သည်ကို ကြားခဲ့ရသည်ဟု ဆိုပါသည်။ ထိုကျောင်းကြီးကျောင်းဆရာတော် ကိုင်ဆောင်ခဲ့သော ကျမ်းအများစုမှာ ယခုညောင်ပုတ္တရာရှိ ရွှေလင်းပင်ကျောင်းတိုက်တွင်း လုံခြုံစိတ်ချရသော နေရာတွင် ထိန်းသိမ်းထားသည်ဟု သိရပါသည်။

ကျောင်းကြီးကျောင်းတိုက် တည်ရှိရာ နေရာမှ တောင်ဘက် လယ်ကွက်(၁)ကွက်ခန့် လျှောက်လှမ်းလိုက်ပါကအနောက်ဘက် ကိုက်(၅၀)ခန့် ယာကွန်းတစ်ခု၌ တည်ထားသော ဘုရားစေတီငယ်ပေါင်း (၇)ဆူကို မြင်တွေ့နိုင်ပါသည်။

စေတီပေါင်း ခြောက်ဆူမှာ တောင်မြောက် အတန်းလိုက် အစီအစဉ်တကျ တည်ရှိပြီး တစ်ဆူမှာမူ တောင်ဘက်အရပ်တွင် တကွဲတပြား တည်ရှိပါသည်။ သာသနာကို ချီးမြှောက်လိုသောကြောင့် ကိုယ်ပိုင်ထုံးအား အစွမ်းအစဖြင့် ရက်ကန်း



◆ ရွှေပါက်တူးစေတီတော်ဘုရား (နရပတိစည်သူမင်း တည်ခဲ့ပါသည်)

ယခု ကျောင်းထိုင်ဆရာတော် ဦးဇနကာ (သက်တော်-၇၀၊ ဝါတော်-၅၅)အား ဖူးတွေ့ရစဉ် ◆



◆ ယခု ကျောင်းထိုင်ဆရာတော် ဦးဇနကာ တရားထိုင်တော်မူရာဂူ





www.burmeseclassic.com

www.burmeseclassic.com



ယခင် ကျောင်းကြီးကျောင်းရှိ စေတီပုထိုးဟောင်းများ

ရက်လုပ်ပြီး ရရှိလာသော ဝင်ငွေဖြင့် တည်ထား ကိုးကွယ်ခဲ့ကြသည်ဟု သိရပါသည်။

လယ်ကွင်းများကြားရှိ လယ်ကန်သင်းများအတိုင်း ကွေ့ကာဝိုက်ကာဖြင့် ဆက်သွား၍ (၂)ဖာလုံခန့်သို့ အရောက်တွင် ကဆုန်လပြည့် ဝတ်ဆွမ်းလောင်းလှူသည့် လပြည့်နေ့ရောက်တိုင်းနှင့် အခြား အခါကြီးရက်ကြီးများဖြစ်သော လပြည့်လကွယ်တိုင်းတွင် ရောင်ခြည်တော် အမြဲကွန့်မြူးသော ဆုတောင်းပြည့် **"ရွှေပေါက်တူးဘုရား"**ကို ရေစင်အေးအေး ဝင်သောက်ပြီး ဖူးတွေ့နိုင်ပါသည်။

နရပတိစည်သူမင်းကြီး၏ မောင်းမမိဿံများထဲမှ မယ်ပေါက်ဆိုသူ နန်းတွင်းသူလေးတစ်ယောက် ထိုနေရာအရောက်တွင် ပျောက်သွားသဖြင့် အော်ဟစ်ခေါ်ကြရာ ယခု ဘုရားတည်ရာ ကုန်းမြေပေါ်မှ ထူးသံကြား (မယ်ပေါက်ထူးသဖြင့်) မယ်ပေါက်ထူးဘုရား၊ ထိုမှ မယ်ပေါက်တူး၊ တစ်ဆင့် ရွှေပေါက်တူးဘုရားဟု ကမ္ပည်းတင်ခဲ့ကြောင်းကို မှတ်သားခဲ့ရပါသည်။

နှစ်ပေါင်း(၃၀၀)ခန့်ရှိ ယခင် စည်ပုဏ္ဏာ ကျောင်းတော်ဟောင်း





www.burmeseclassic.com

www.burmeseclassic.com

ထိုမှ (၄)ဖာလုံခန့် ဆက်သွားလိုက်လျှင် စည်ပုတ္တရာမြို့ဟောင်းသို့ ရောက်ရှိပါသည်။ နရပတိစည်သူမင်းကြီး (သက္ကရာဇ် ၅၃၆ ခုနှစ်) နန်းတက်ပြီး (၁၉)နှစ်အကြာ (သက္ကရာဇ်-၅၅၅)၌ တည်ထားခဲ့ကြောင်း၊ ထိုကဲ့သို့ပင် နရပတိစည်သူမင်းကြီးမှာ ရောက်လေရာအရပ်တိုင်း၌ ခံတပ်မြို့များကို စစ်ရေးနှင့် ဒေသတွင်း လုံခြုံရေးအတွက် ပါ ကြိုတင် စီမံတည်ဆောက်တတ်ကြောင်း သိရှိရပါသည်။

စည်ပုတ္တရာ ခံတပ်မြို့သာမက အနောက်ဘက်မှ ခင်ဦးအရှေ့ဘက်ရှိ ရွာသာခေါ် ရသာတွင် တစ်ခုနှင့် အခြား ခံတပ်မြို့ သုံးမြို့တွင်ပါ စုစုပေါင်း (၅)မြို့ တည်ဆောက်ခဲ့ကြောင်း သိရပါသည်။

မြန်မာနိုင်ငံအထက်ပိုင်း ဗြိတိသျှနယ်ချဲ့လက်အောက် ရောက်သွားခဲ့စဉ် ခံတပ်မြို့ဟောင်းများ စာရင်းကို ဖော်၍ မန္တလေးသို့ ပို့ပေးရသည်ဟု သိရပါသည်။ လက်ခံရရှိသော စာရင်းဖော်ပြီး ခံတပ်မြို့ဟောင်းများဆီသို့ ဂေါ်ရင်ဂျီတပ်များ စေလွှတ်၍ မီးရှို့ဖျက်ဆီးစေသည်။

ထိုသို့ လုပ်ရခြင်းမှာ ထိုခံတပ်မြို့ဟောင်းများကို မြင်တွေ့ပြီး ဒေသခံများမှ ဇာတိသွေး၊ ဇာတိမာန် စိတ်ဓာတ်များ ပြန်လည်နိုးကြားကာ ယင်းတို့ကို ပြန်လည် ပုန်ကန်တော်လှန်မည်ကို ကြောက်ရွံ့သောကြောင့်ဟု သိရှိရသည်။

ရှေးလက်ဖြစ် မြေနီအုတ်များဖြင့် တည်ဆောက်ထားသော စည်ပုတ္တရာ ခံတပ်မြို့ဟောင်းမှာ တစ်တိုင်=(၁၄) မိုင်ပတ်လည် ကျယ်ဝန်းပြီး မြို့ရိုးအမြင့်မှာ (၁၅)ပေခန့်နှင့် တံတိုင်းအကျယ်မှာ ရှစ်ပေခန့်အထူ ရှိသည်ဟု သိရှိရသည်။ ကျုံးမှာ ယခင်က ပေ(၁၀၀)ခန့် ကျယ်ပြီး ဗေဒါပင်များ၊ ကန်စွန်းပင်များနှင့် စိမ်းလဲ့ကြည်လင်နေသည်ကို တွေ့ရပါသည်။

ခံတပ်မြို့ဟောင်း၏ အတွင်းအပြင်ဘက် မြေကွက်များပေါ်၌ ဒေသခံများ စိုက်ပျိုးထားသော မြေပဲ၊ ပဲတီစိမ်းနှင့် နေကြာပင်များကို တွေ့မြင်နိုင်ပါသည်။

ကျန်ရှိနေသော မြို့ဟောင်းများ အပေါ်အတိုင်း လျှောက်သွားပါက သူရဲခိုဟု ယူဆရသော တစ်ဖက်နှင့် တစ်ဖက် အပေါက်ပါရှိသော ငါးပေခန့် အမြင့်ရှိ အုတ်ဂူပေါက်သဏ္ဍာန် အဆောက်အအုံလေးများမှာ ရွှေလင်းပင်ဘုရားကြီး၏ ဝင်းအတွင်းသို့ တိုက်ရိုက် ဖောက်လုပ်ဆက်သွယ်ထားသည်ကို တွေ့ရှိနိုင်ပါသည်။



◆ ယခင် ကျောင်းကြီးကျောင်း ပရိဝုဏ်အတွင်းရှိ စေတီပုထိုးဟောင်းများ

◆ ယခုလက်ရှိ ဖူးတွေ့ရသော စည်ပုတ္တရာကျောင်းတော်ကြီး



ရွှေလ ဆက်ဖတ်ပါရန်

နိုင်မင်းညို



www.burmeseclassic.com

မညိုသည် မှဆိုးမပင် ဖြစ်သော်လည်း အရွယ်နုပျို၍ ရုပ်ရည်သနားကမားရှိသောကြောင့် ကမ်းလှမ်းလိုသူ ပေါ်များလေသည်။

နေညိုချိန် ညနေစောင်းတွင် ရွာထိပ်ဘုံဆိုင်မှ ပြန်လာကြသော ကိုပွကြီးတို့ အဖွဲ့သည် ယစ်ရွေရည် တန်ခိုးဖြင့် လျှာသွက်ကာ ထိခလုတ် မထိခလုတ် ရိသဲ့သဲ့ လုပ်လေ့ရှိရာ မိန်းမဖော် သူငယ်ချင်းများအား လက်ဖက်သုပ်၊ ထန်းလျက် စသည်ဖြင့် ဆွယ်ကာ အကူအညီတောင်းရသည်။ ညနေစောင်းတွင် အဖော်အဖြစ်နေပေးရန် ဖြစ်သည်။

သို့ဖြင့် မညို၏ နိစ္စဓူဝ ဒုက္ခကို မမြင်ရက်သော ဘကြီးလှကြည်က အရွက်ဖားဖား ရိုးတံရှည်ရှည် ရှိသည့် ပန်းပင်တစ်ပင်အား အိုးနှင့်တကွ ယူလာပေးလေသည်။

'ဈေး ဒီအပင်ကို အိမ်ရှေ့လှေကားရင်းမှာ စိုက်ထား "ရစ်ဂမုန်း"လို့ ခေါ်တယ်။ ရစ်ငှက်တွေလိုပဲ ညနေစောင်းတာနဲ့ အရွက်တွေကုပ်ပြီး အိပ်ဖို့ ပြင်နေကြပြီ။ နင့်အနားမှာ ညနေစောင်းတိုင်း ရောက်လာတတ်တဲ့ "ယစ်"သမားတွေ လုံးဝ အနားကပ်မှာ မဟုတ်တော့ဘူး'

ဤသို့ဖြင့် ညနေခင်း အလုပ်နားချိန်တွင် အပိုငွေရသော ကြယ်သီးတံထိုးသည့် အလုပ်ကို စိတ်ချမ်းသာစွာ လုပ်ကိုင်နိုင်ခဲ့ပြီဖြစ်ရာ စုဆောင်းငွေပိုထဲမှ ဖဲ့ကာ ကျေးဇူးရှင်ဘကြီးအတွက် ပဝါတစ်ပိုင်းမျှ ကန်တော့နိုင်တော့မည်ကို တွေး၍ ပီတိဖြစ်ရတော့သည်။

**နွဲ့ရည်လင်း**


အစွမ်းထက်သည့်

# ရစ်ဂမုန်း



◆ ညနေစောင်းတွင် အရွက်များကုပ်ကာ အိပ်ဟန် ပြင်နေကြသည့် ရစ်ဂမုန်ရွက်များ

www.burmeseclassic.com



သတို့သမီး တောင်းပေးသည့် ဖခင် ဆင်မြူတော် ဆင်ပြောင်ကြီးနှင့် သားစောဖိုးခဲ့တို့ ဇနီးမောင်နှံပုံသဏ္ဌာန် ရုပ်တု

# မင်္ဂလာမောင်နှံ့ အတွက်

## လာဘ်ရွှင်စေသည့် ဂါထာ

**ဒုံယင်းနယ်၊ တော်ပုံကျေးရွာထိပ်တွင် တည်ရှိသော ရှုဝံစေတီအား သွားရောက် ဖူးမြော်ကြစဉ်** စောထာထီးက ကွမ်းယာအား ပလုပ်ပလောင်းဝါးကာ...

'မှုဝေစေတီရောက်တော့ ငါ့အသက် ငယ်သွားသလိုပဲဝှေ့။ တို့တွေ မင်္ဂလာဆောင်ကြတော့ ဒီဘုရားမှာ သစ္စာဆို ဆုတောင်းကြရတယ်။ သူငယ်ချင်းတွေလဲ အများကြီး'

ဟု ဆိုလျက် ကရင်တိုင်းရင်းသားဘာသာဖြင့် လင်္ကာတစ်ပုဒ်အား သီဆိုပြရာ အလွန်ပင် နားထောင်ကောင်းလေသည်။

'ဘာသီချင်းလဲ ဖထီး'

'မင်္ဂလာဆောင်မှာ သတို့သမီး၊ သတို့သား နှစ်ယောက်အတွက် လာဘ်ပွင့်ပြီး စည်းစိမ်ဥစ္စာ တိုးပွားအောင် ရွတ်ကြတဲ့ဂါထာပါ။ သတို့သားအဖော်တွေက သံပြိုင်ဆိုပေးကြတယ်'

'အဓိပ္ပာယ် ဘယ်လိုရှိသလဲ'

'ငါတို့မှာ အပေါင်းအဖော် သူငယ်ချင်းနည်းရတဲ့အထဲ သူငယ်ချင်းတစ်ယောက်က ဒီသူငယ်ချင်းမရဲ့ ကြင်ဖော် ဖြစ်သွားပြန်ပြီကော။ ''လာလာဝေ''လို့ ဆိုလိုတာ'

'ဟင် ဒါဖြင့်လာဘ်ပွင့်ဂါထာဆို'

'ဒီလိုကွယ့် **''ကဆောင်ထီး''**ဆိုတဲ့ ကရင်အဋ္ဌာရီထဲက စောဖိုးခဲ့ဆိုတဲ့ သူငယ်ကလေးရဲ့ မိခင်ဟာ ဆင်ပြောင်ကြီးရဲ့ ကျင်ငယ်ကို သောက်မိလို့ ကိုယ်ဝန်ရပြီး သူ့ကို မွေးသတဲ့။ အရွယ်ရောက်လို့ ဖခင်ဆင်ပြောင်ကြီးနဲ့ သွားပြီး တွေ့ဆုံတဲ့အခါ အခက်အခဲကြုံရင် အကူအညီပေးပါမယ်လို့ ကတိပေးခဲ့သတဲ့။ နောက်လိုက် ဆင်ရိုင်းတွေနဲ့လဲ မိတ်ဆွေဖြစ်သွားသတဲ့။

တစ်နေ့တော့ အကြင်နာတရားရှိတဲ့ မင်းသမီးလေးနဲ့ ချစ်ကြိုးသွယ်မိတဲ့ အခါ ကြမ်းကြုတ်တဲ့ ဘုရင်ကြီးက အမျက်တော်ရှတဲ့အတွက် ဖခင်ဆင်ပြောင်ကြီးနဲ့ တောဆင်ရိုင်းတွေက သတို့သားကို ကျောပေါ်တင်ခေါ်ပြီး ဘုရင်ကြီးဆီ သွားကြတယ်။

သမီးတော်ကို မပေးရင် နန်းတော်ကြီးကို ဖျက်ပစ်မယ်လို့ ကြိမ်းဝါးကြတော့ ဘုရင်ကြီးလဲ ကြောက်လန့်ပြီး သမီးတော်နဲ့ စောဖိုးခဲ့ကို ထိမ်းမြား ပေးရသတဲ့။ စည်းစိမ်ရွှေငွေတွေလဲ ခွဲဝေပေးရသတဲ့။

အဲဒီတော့ တောဆင်ရိုင်းတွေက ဒီလင်္ကာလေးကို သံပြိုင်ဆိုပြီး တောတွင်းပြန်ကြတော့တာပေါ့။ ဒါကြောင့် ဒီဂါထာကို ရွတ်ဆိုတဲ့အခါ စောဖိုးခဲ့လို ကြင်ရာနဲ့တကွ ရွှေငွေစည်းစိမ်ပါ ပြည့်စုံစေတယ်လို့ ယုံကြည်မှုနဲ့ သံပြိုင် ရွတ်ဆိုပေးကြတာပါ။ ရိုးရာ ယုံကြည်မှုတစ်ခုပေါ့'

သို့ဖြင့် စောထာထီးအား ဗုဒ္ဓဘာသာဝင်တို့၏ မင်္ဂလာမောင်နှံ့အတွက် လာဘ်ရွှင်စည်းစိမ် တိုးတက်စေသည့် ဂါထာအား အမှတ်တရ ရေးသားပေးပါရန် တောင်းဆိုသဖြင့် အောက်ပါအတိုင်း ရေးပေးလေသည်။

**ကရင်ဘာသာ**–ယ်ပ်ဟိုဝ်ဖင်း ခွ်ါလ်အ့်ထာင်ဟ့ာ အ့်လ်ဟ့ာ ထာင်ကဲနာန့်ဝ်ါ လာလာဝေ။

**အသံထွက်**– ယပိုင်ဖောခွ လအောနောဃာ အောလဃာ ထိုင်ကဲနောင်းဝါ လာလာဝေ။

ဇင်ညိုငယ်



www.burmeseclassic.com

www.burmeseclassic.com

# ကျန်းမာပါစေဆေးတိုက်မှမြန်မာ့ဆေးစွမ်းကောင်းများ ထုတ်လုပ်ဖြန့်ချိလျက်ရှိပါသည်။

ဆရာကြီး ဦးဝင်းလေး ၊ ဆရာမကြီး ဒေါ်လှသိန်းနှင့် သားဆရာ ဦးသီဟတို့က နှစ်(၃၀)ကျော် ကုသ အောင်မြင်ခဲ့သောဆေးများကို ရောဂါဝေဒနာရှင်များ တောင်းဆိုချက်အရ ထုတ်လုပ် ဖြန့်ချိလိုက်ခြင်းဖြစ်ပါကြောင်း။



ဆီး ၊ ဝမ်း ၊ လေ မှန်ပြီး အကြောများပြေစေဖို့အတွက်

ဆရာကြီး ဦးဝင်းလေး ၏ **ကျန်းမာပါစေ အကြောပြေဆေး**

အမှတ်တံဆိပ် မှတ်ပုံတင် TMR 011801(1215)

အကြောတက်ခြင်း၊သွေးကြောလေကြောပိတ်ခြင်း၊မျက်စိရောဂါ၊အတွင်းတိမ်၊ အပြင်တိမ်၊ဧအိုနာ၊ဆီးဝမ်းလေချုပ်ရောဂါများအတွက်၊ဝမ်းတွင်းရှိအပူအပုပ် အညစ်ကို ယူထုတ်ပစ်သလိုကင်းစေပြီး၊သွက်လက်ပေါ့ပါးကျန်းမာစေပါသည်။

---



နေပူ ၊ မီးပူ ၊ ရင်တွင်းသောကအပူ မှန်သမျှ ငြိမ်းစေမည့်

ဆရာကြီး ဦးဝင်းလေး ၏ **ကျန်းမာပါစေ အပူငြိမ်းသွေးဆေး**

အမှတ်တံဆိပ် မှတ်ပုံတင် TMR 011800(1215)

နှလုံးတုန်၊ရင်ခုန်မောဟိုက်ခြင်း၊မူးဝေခြင်း၊အိပ်မပျော်ခြင်း၊မီးယပ်သွေးမမှန်ခြင်း၊ သွေးသားမကြည်လင်ခြင်း၊အသားအရေခြောက်သွေ့ခြင်းတို့ကို သက်သာပျောက် ကင်းစေပါသည်။

---



ကိုယ်ခန္ဓာအတွင်း ငုပ်လျှောင်နေသည့် အခိုးအကာင်းမှန်သမျှ ပွင့်စေမည့်

ဆရာကြီး ဦးဝင်းလေး ၏ **ကျန်းမာပါစေ အခိုးပွင့်ဆေး**

အမှတ်တံဆိပ် မှတ်ပုံတင် TMR 011825(1215)

ကိုယ်၊လက်၊ခြေကိုက်ခဲခြင်း၊ချွေးငုပ်ခြင်း၊ခေါင်းကိုက်ခြင်း၊ခေါင်းအုံခြင်း၊ အနာရောဂါအမျိုးမျိုးတို့အတွက် ငန်းမန်းတို့ကို သက်သာပျောက်ကင်းစေခြင်းနှင့် အများရောဂါများကို သက်သာပျောက်ကင်းစေပါသည်။

---



ထုံကျဉ်ကိုက်ခဲလေးဖက်နာ နှင့် လေငန်းလေဖြတ်ရောဂါရှင်များအားထားရတဲ့

ဆရာကြီး ဦးဝင်းလေး ၏ **ကျန်းမာပါစေ အကြောသိမ်းဆေး**

အမှတ်တံဆိပ် မှတ်ပုံတင် TMR 011826(1215)

အကြောတင်ခြင်း၊အကြောကပ်ခြင်း၊အကြောထုံခြင်း၊အကြောရောင်ခြင်း၊ အဆစ်အမျက်ရောင်ခြင်း၊ထုံကျဉ်ကိုက်ခဲ၍လေးဖက်နာဖြစ်ခြင်း၊မေးရွဲ့ပါးရွဲ့ခြင်း၊ ခြေကစ်လက်ကပ်ခြင်းနှင့် လေငန်းရောဂါ တို့ကို သက်သာပျောက်ကင်းစေပါသည်။

## ကျန်းမာပါစေ

တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းနှင့်ဆေးကုဌာန

အမှတ်(၈၂)ဧလေချုလမ်း၊(၁၀)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။

ဖုန်း-၀၉၇၃၀၈၅၄၄၀၊ ၀၉၇၃၀၂၉၉၃၀၊ ၀၉၄၂၀၀၆၆၃၉၈



www.burmeseclassic.com

www.burmeseclassic.com

# ပဲခူးရိုးမတောင်ပေါ်ရှိ

## စေတီတော်ကြီးမှ ရေများထွက်ရှိနေသည့် ဖြစ်ရပ်ဆန်း


အမြဲမန်းခင်
(ကြို့ပင်ကောက်၊ လယ်တီ)

စာရေးသူသည် ပဲခူးရိုးမတောင်ပေါ်ရှိ စေတီတစ်ဆူမှ ရေများ ယိုစီးကျနေသည်ဟု သတင်းများအား ကြားသိရ၍ ဓာတ်ပုံသတင်းထောက် ဦးမောင်မောင် သိန်း(မောင်မောင်သိန်း သတင်းထောက်-ဇီးကုန်း)၊ မှခင်းသတင်းထောက် ဦးကြည်သိန်းတို့နှင့်အတူ မော်တော်ဆိုင်ကယ်များဖြင့် သွားရောက်ကြသည်။

မဟာဗျူဟာ လမ်းကြီးမှတစ်ဆင့် တောအထပ်ထပ် တောင်အသွယ်သွယ်အား ဖြတ်ကျော်ပြီး အမှတ်(၁) ဘော်ဘင် ဆည်ပေါင်ပေါ်ကြီးမှ တစ်ဆင့် သွားရောက်ကြသည်။

ကြို့ပင်ကောက်မြို့ အရှေ့ဘက် (၁၂)မိုင်ကျော်ခန့် ကွာဝေးသော ပဲခူးရိုးမတောင်ပေါ်ရှိ သင်ခရိုင်ပရဟိတ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဝန်းအတွင်းရှိ ရှေး ကျူစွာမင်းကြီးလက်ထက်တွင် တည်ထားကိုးကွယ်ခဲ့သော စေတီတော်ဟောင်းကြီးတစ်ဆူ ရှိခဲ့သည်။

ထိုစေတီတော်ကြီးအား လွန်ခဲ့သော (၁၀)နှစ်ခန့်က ကျွဲသေကျောင်းဆရာတော် ဦးသာသန[သက်တော် (၈၆) နှစ် ဝါတော်(၆၆)ဝါ]မှ ဦးစီးပတာနပြု၍ ဒေသမြို့ မိုလ်ကြီးနေမင်းစန်းမှ ပြုပြင်ပေးလှူသည့်ဆောက်၍ ဉာဏ်တော်(၂၇)တောင်ရှိ စေတီတော်အား ပြန်လည်ပြင်ဆင်တည်ထားပြီး ဘွဲ့တော်အား



▲ ရတနာသင်္ချာပေါင်းကူးအောင်ဆုတုံး စေတီတော်ကြီး၏ အမြင့်
အတောင်(၂၁)ခန့်မှ ရေများ ထွက်ကျနေသည်အား မိုက်ခြင်း
သွယ်တန်း၍ ထောက်ထိန်းထားကြပုံ ဓါတ်ပုံများဖြင့် ဖော်ပြထားစဉ်

"ရတနာသင်္ချာပေါင်းကူးအောင်ဆုတုံးစေတီတော်" ဟူ၍ ဘွဲ့တော်သမုတ်၍ ကိုးကွယ်ခဲ့ကြသည်။

သင်ခရိုင်ပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် မိဘမဲ့ကလေး (၆၀)ဦးနှင့် အနီးဝန်းကျင်ရှိ ကျောင်းသား ကျောင်းသူများအား



နောက်စာမျက်နှာတွင် ဆက်ရန်

www.burmeseclassic.com

www.burmeseclassic.com

စာသင်ပေးလျက် ရှိသည်။


သင်ခရိုင် ပရဟိတကျောင်းတွင် အငြိမ်းစားကျောင်းဆရာမကြီး ဒေါ်လှရီနှင့် ရှိုင်းဟုတ်ကုမ္ပဏီမှ ဆရာမ (၃) ယောက်တို့အား ငှားရမ်းပေးထားပြီး ဆရာမ(၄)ဦးနှင့် ကျောင်းသားကျောင်းသူကလေးများတို့အား စတုတ္ထတန်းအထိ ပညာသင်ကြားပေးနေလျက်ရှိသည်။

သင်ခရိုင် ပရဟိတကျောင်းတွင် ပဓာန နာယကဆရာတော်မှာ သက်တော် (၂၆)နှစ်၊ ဝါတော်(၇)ဝါသာ ရှိသေးသော ဆရာတော် ဦးသုမနမှ ဦးစီးပဓာနပြုလျက် ကိုရင်(၃၈)ပါး၊ ဦးပဉ္ဇင်း(၃)ပါး၊ ကျောင်းသားကျောင်းသူ (၂၂၆)ယောက်တို့အား အုပ်ချုပ်လျက်ရှိသည်။

တစ်နေ့လျှင် ဆန်(၂)တင်း၊ ငွေသား(၅)သောင်းကျပ် ကုန်ကျပြီး တစ်လလျှင် ကုန်ကျစရိတ်မှာ သိန်း(၂၀) ဖြစ်သည်။ ဆရာတော်နှင့်တကွ ကျောင်းသားကျောင်းသူ ကလေးများ စားသောက်ရန် ချက်ရေးပြုတ်ရေး လုပ်ငန်းများအား ဆရာတော်၏ ခမည်းတော် ဦးတင်ဝင်း၊ မယ်တော် ဒေါ်နီ တို့မှ ကြီးကြပ်၍ ဝေယျာဝစ္စ ဆွမ်းချက်အဖွဲ့မှ ချက်ပြုတ်ရေးတို့အား တာဝန်ယူပြီး ကျောင်း၏ ဝေယျာဝစ္စတို့အား အကျိုးတော်ဆောင် ဦးသန်းငွေမှ တာဝန်ယူ ဆောင်ရွက်နေလျက်ရှိသည်။

ဆရာတော် ဦးသုမနသည် အရှေ့တိုင်းပါဠိဘာသာဖြင့် အောင်မြင်ပြီး ဓမ္မာစရိယ(၃)ကျမ်းအား ဖြေဆိုအောင်မြင်ထားပြီးဖြစ်သည်။

ဆရာတော်သည် ညစဉ်ညတိုင်း ပဋ္ဌာန်းရွတ်ပြီး (၃၁)ဘုံသားတို့အား မေတ္တာပို့ အမျှအတန်းဝေပြီးသော်



◆ ဆရာတော် ဦးသုမနမှ တရားသူတို့အား ရှင်းပြနေစဉ်

◆ ရတနာသိင်္ဂီသမ္မာပဋိပတ္တိအောင်ပွဲတော်ကြီးမှ ယိုဖိတ်၍ ကျနေသော ဆန်များအား ဘုရားဖူးများအား ဂေါပကအဖွဲ့မှ စနစ်တကျ ထုတ်ပေးနေစဉ်



နမောတဿအား အကြိမ်တစ်ထောင် ပုတီးစိပ်လျက် ရှိသည်။

ဆရာတော်ဦးသုမနသည် ထိုသို့ စရဏတရားများအား ပွားများအား ထုတ်နေစဉ် တစ်ညသော ညချမ်း (၁)နာရီအချိန်ခန့်တွင် အိပ်မက် မြင်မက်သည်မှာ အနက်ရောင်ဝမ်းဆက် နန်းဝတ်နန်းစားများ ဝတ်ဆင်ထားသော ပျို့ရွယ်နုနယ်သည့် အမျိုးသမီးနှစ်ယောက်သည် ဆရာတော်ထံသို့ ရောက်ရှိလာပြီး ဆရာတော်အား ဝတ်ဖြည့်၍...

'ဆရာတော်ဘုရား... တပည့်တော်တို့ ညီအစ်မသည် မြနန်းနွယ်နှင့် စောနန်းနွယ်တို့ ဖြစ်ပါသည်။ တပည့်တော်တို့ ညီအစ်မနှစ်ယောက်အား ဘုရားကြီး၏ အရှေ့ဘက်တွင် အုန်းပုခက်(၂)လုံး ဆင်ပေးပါဘုရား။ စေတီတော်မြတ်ကြီးအား တပည့်တော်တို့ စောင့်ရှောက်နေပါသည်ဘုရား'

ဟု လျှောက်ထားပြီး ကျောင်းပေါ်မှ ပြန်ဆင်းသွားလေသည်။

ဆရာတော် ဦးသုမနသည် အိပ်မက်





www.burmeseclassic.com

www.burmeseclassic.com



◆ ရတနာသင်္ဃသစ္စာပေါင်းကူး အောင်ထုထူးစေတီတော်မြတ်ကြီးရှေ့တွင် သင်္ခရိုင်းရပ်ဟိတာကျောင်းတွင် စာသင်ကြားပေးနေသော အငြိမ်းစား ကျောင်းဆရာမကြီး ဒေါ်လှကြိုင် တဲ့ရာသူ



◆ ရတနာသင်္ဃသစ္စာပေါင်းကူးအောင်ထုထူး စေတီတော်မြတ်ကြီး၏ အရှေ့ဘက် ကိုက်တစ်ရာခန့်တွင် တည်ထားသော နဂါးရုပ်တု

အား အလေးမထားဘဲ ကျောင်းသား ကျောင်းသူလေးများ၏ စားဝတ်နေရေး ကျန်းမာရေးနှင့် အထွေထွေ ဝေယျာဝစ္စ များတို့အား ကြိုးပမ်း၍ လုံးပန်းနေ လျက်ရှိရာ အိပ်မက်အား မေ့မေ့ပျောက် ပျောက် ရှိနေလေသည်။

ဤသို့ဖြင့် တစ်လခန့်ကြာသော အခါ ဒုတိယအကြိမ် ထပ်မံ မက်ပြန် လေသည်။ ဆရာတော်သည် အလုပ် ကိစ္စများ မအားလပ်သဖြင့် အရေးတယူ ရှေ့ဆက်ဆောင်ရွက်ခြင်း မရှိလှဘဲ နေခဲ့ရာ နောက် တစ်လခန့် ကြာသောအခါ ဆရာတော် သည် ဤအိပ်မက်အား တတိယ အကြိမ် ထပ်မံ မက်ပြန်လေသည်။

ထိုအခါမှ ဆရာတော်သည် မယုံ မကြည် စိတ်မပါဘဲ ဒန်းပုခက်ကလေး တစ်လုံးအား ဆင်ထားပေးခဲ့သည်။

ဘုရားကြီး၏အရှေ့ဘက် ကိုက် (၂၀၀)ခန့်တွင် ပုခက်တစ်လုံးအား ဆင် ပေးပြီး တစ်လခန့်ကြာသောအခါ သခွတ်ပင်ရွာမှ ဒကာမတစ်ယောက် သည် ဆရာတော်ထံ ရောက်ရှိလာ ပြီး...

'ဆရာတော်ဘုရား လွန်ခဲ့သော(၁၅)ရက် ခန့်က တပည့်တော်တို့ထံသို့ အနက်ရောင် ဝမ်းဆက် နန်းဝတ်နန်းစားနဲ့ အမျိုးသမီးငယ် လေးနှစ်ယောက် ရောက်ရှိလာပြီး ဆရာ တော်အား ပုခက်နှစ်လုံး ဆင်ပေးခိုင်းတာ တစ်လုံးပဲ ဆင်ပေးထားလို့ တစ်ယောက် တစ်လဲ စီးနေရပါတယ်။

အစ်မတော်မှ နောက်ထပ် ပုခက်တစ်လုံး ဆင်ပေးပါ။ ကျွန်မတို့ ဒန်းပုခက်စီး ပေးပါ့ မယ်လို့ပြောပြီး ပျောက်ကွယ်သွားကြပါတယ်။ တပည့်တော်လဲ အဲဒီအိပ်မက်ကို မြင်မက် ပြီး အရောင်းအဝယ်များ အခါတိုင်းထက် ကောင်းမွန်လာလို့ ဒန်းပုခက်တစ်လုံး တပ်ဆင်ပေးပါ အရှင်ဘုရား'


ဟု လျှောက်ထားပြီး ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသွားလေသည်။

ဆရာတော် ဦးသုမနသည် နောက် ထပ်ဒန်းပုခက်တစ်လုံး ထပ်မံ ဆင်ပေး



www.burmeseclassic.com

www.burmeseclassic.com



◆ မြန်မာ့မြေမှ တောနက်မြေမှ ညီတော်မနှစ်ထောက်သို့ ခရီးထွက်ခြင်း

ပြီး ဆရာတော်သည် ညနေဘက် ဘုရားကြီးပေါ်တွင် ဘုရားကြည်ညိုရင်း စကြံလျှောက်ရာ အမှတ်မထင် ထိုဒန်းပုခက်တို့အား ကြည့်ရှုမိရာ တစ်ခါတလေ ဒန်းပုခက်နှစ်လုံးသည် လူများစီးနေသကဲ့သို့ ဒန်းလွဲလျက် ရှိသည်ကို တွေ့ရှိရလေသည်။ ထိုအခါ ဆရာတော်မှ...

'ဝေနေယျ သုမိတ ဒုဂ္ဂိတ သတ္တဝါအများ ကျန်းမာ ချမ်းသာကြပါစေ။ မိမိပြုအပ်သော ကုသိုလ်ကောင်းမှု အစုစုတို့အား အမျှပေးဝေပါသည်။ အမျှရ၍ ချမ်းသာကြပါစေ'

ဟု မေတ္တာပို့သပေးလျက်ရှိသည်။ ဆရာတော်သည် ဘုရားပေါ်တွင် အဓိဋ္ဌာန်ပုတီးစိပ် ဘာဝနာများ ပွားပြီး သော်(၇)ရက်သားသမီးတို့အား အမြဲ စောင့်ရှောက်နိုင်ပါစေဟု အဓိဋ္ဌာန်ပြု သစ္စာဆိုလျက် ရှိသည်။

* * *

ဆရာတော်သည် မနက်ဖြန်ခါ အကျိုးတော်ဆောင် ဦးသန်းငွေနှင့် ကျောင်းသား ကျောင်းသူလေးများ စားသောက်ရန် စားသောက်ကုန် ပစ္စည်းများနှင့် ဝတ်ဆင်ရန် အဝတ်များ၊ ဆေးဝါးပစ္စည်းများ ဝယ်ရန် ပြည်မြို့သို့ သွားရန်ရှိသဖြင့် ညဘက် ဘုရားဝတ်တက်ပြီး ဆုတောင်းသည်မှာ...

'ဤစေတီတော်မြတ်ကြီးအား အများ ပြည်သူများ ဖူးမြော်၍ ကုသိုလ်များ ပြုနိုင်ရန် တန်ခိုးတော်များ ပြတော်မူပါဘုရား'

ဟု အဓိဋ္ဌာန်ပြီး ပြုဖွယ်ဝတ်ကိစ္စတို့အား ဆောင်ရွက်ပြီး နံနက်စောစော အကျိုးတော်ဆောင် ဦးသန်းငွေနှင့် ပြည်မြို့သို့ ကြွသွားလေသည်။

ဆရာတော်သည် ပြည်မြို့သို့ မကြွမီ ညဦးပိုင်းတွင် ဘုရားကြီးအား ရွှေဆေးကပ်လှူမည့် အလုပ်သမားများအား ရွှေဆေးအပေါင်းများတို့အား သေချာစွာ ပွတ်တိုက်ပြီးမှ ရွှေဆေးကပ်လှူရန် မှာထားခဲ့သည်။

ရွှေဆေးကပ်လှူမည့် အလုပ်သမားများတို့သည် နံနက်အချိန် ဘုရားကြီးပေါ်သို့ တက်ရောက်ပြီး ရွှေဆေး အပေါင်းများတို့အား သေချာစွာ ပွတ်တိုက်သန့်စင်လျက် ရှိသည်။

ထိုနှင့် ဘုရားကြီး၏ အတောင်(၂၀)ခန့် အရှေ့တောင်ဘက်မှ ရေများ စိမ့်ထွက်နေ၍ ရွှေဆေးကပ် အလုပ်သမားသည် ထပ်မံ၍ ထိုနေရာအား ပွတ်တိုက်ပြန်ရာ ရေများ ပိုမို၍ စိမ့်ထွက်လာလေသည်။

ရွှေဆေးကပ် အလုပ်သမားများသည် ထိုနေရာအား သံမှိုဖြင့် ဖောက်လိုက်ရာ ရေများ ပန်းထွက်လာလေသည်။ ဘုရားဖူးများ လာရောက်ပြီး ထိုနေရာအား ပိုက်ဖြင့် သွယ်တန်းပြီး ရေတိုင်ကီများဖြင့် ခံယူထားသည်။

ဘုရားဖူးများမှ ထိုရေများအား ရေသန့်ဘူးများဖြင့် ယူဆောင်လျက်ရှိရာ စေတီတော် ဂေါပကအဖွဲ့မှ စနစ်တကျ ဝေငှပေးနေလျက်ရှိသည်ကို တွေ့ရှိရသည်။

ဝံစေတီတော်ကြီးမှ **၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ(၁)ရက်နေ့မှ စ၍ ရေများ ထွက်လျက်ရှိရာ တစ်နေ့လျှင် ဂါလံ(၅၀)ဆံ့ ပီပါ(၈)လုံးခန့် ကျသည်ဟု သိရှိရပြီး ယနေ့အထိ စေတီတော်ကြီးမှ ဂါလံ(၅၀)ဆံ့ ပီပါအလုံး(၁၀၀)ခန့်ကျပြီး ဖြစ်သည်ဟု** သိရှိရသည်။

ပဲခူးရိုးမတောင်ပေါ်ရှိ သင်ခရိုင် သစ္စာပေါင်းကူး အောင်ဆုထူးစေတီတော်မြတ်ကြီးတွင် ယခုအခါ ဘုရားဖူးများဖြင့် အထူးစည်ကားလျက် ရှိသည်ကို တွေ့ရှိရသည်။

သင်ခရိုင် ပရဟိတ မိဘမဲ့ကလေးများ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအား ဆန်၊ ဆီ၊ ဆေး၊ ဆေးဝါး၊ အဝတ်အထည်များနှင့် အလှူငွေများ လှူဒါန်းလိုသူ စေတနာရှင်၊ အလှူရှင်များ ရှိပါက **ဖုန်း ၀၉-၄၃၁၅၆၆၃၂၊ ၀၉-၄၂၃၀၃၂၇၃သို့** ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ ရေးသားပူဇော်အပ်ပါသည်။

**ချစ်မုန်းခင်**
**(ကြို့ပင်ကောက်၊ ထယ်ဖြီ)**



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

လူတို့ ပြုပြင်ဖန်တီးထားသည့် ဆန်းကြယ်သည့် အရာများထက် တစ်ခါတစ်ရံမှာ သဘာဝအတိုင်း ဖြစ်တည်နေသော သဘာဝ၏ ဆန်းကြယ်မှုများက ပို၍ ဆန်းကြယ်နေတတ်ပါသည်။

သဘာဝအတိုင်း ကျောက်မှ ဖြစ်တည်နေသော ကျောက်ဆင်၊ ကျောက်မြွေ၊ ကျောက်ကျွဲ၊ ကျောက်နွား၊ ကျောက်ထီး၊ ကျောက်လိပ်၊ ကျောက်ဘား၊ ကျောက်ငါး အစရှိသဖြင့် များစွာရှိပါ၏။

သစ်ပင်များ၊ နွယ်ပင်များမှလည်း ပုံသဏ္ဌာန်အမျိုးမျိုး ဖြစ်ပေါ်နေတတ်ပါသည်။

ကျွန်တော် ယခု ကြုံတွေ့ရသည့် ဇစ္စည်းမှာ သဘာဝအတိုင်း နွယ်ပင်တစ်မျိုးမှ နဂါးပုံသဏ္ဌာန် ဖြစ်ပေါ်နေခြင်းဖြစ်ပါသည်။ ထိုနွယ်နဂါးကို စတင်ကြုံတွေ့ရသည့်နေ့မှာ...

*　　*　　*

[ ၂ ]

(၂၉-၁၁-၂၀၁၃)ရက်နေ့ နံနက် (၉)နာရီခန့်တွင် ကျွန်တော် ရုံးသို့အသွား သတ္တဗေဒနာဘုရားလမ်းအတိုင်း ဆိုင်ကယ်ဖြင့် အနောက်သို့ စီးလာခဲ့ပါသည်။ ထိုသို့စီးလာရင်း ဥယျာဉ်လမ်းနားသို့ အရောက်တွင် နောက်ဘက်မှ—

'ဗျို့...ကိုမိုး ကိုမိုး ဒီကိုလာပါဦးဗျ'

ဟု ကျွန်တော့်ကို လှမ်းခေါ်သံကြား၍ ဆိုင်ကယ်ရပ်ပြီး လှည့်ကြည့်မိပါသည်။ ထိုအခါ ကျော်ကြီး ကွမ်းယာဆိုင်မှ ကိုကျော်ကြီးကို မြင်တွေ့လိုက်ရ၏။

'ဟာ... ကိုကျော်ကြီး ဘာတုန်းဗျ



◆ နွယ်နဂါး၏ ခေါင်းပိုင်းကို တွေ့မြင်ရစဉ်

အံ့ဖွယ်ထူးခြား

မိုး (သရက်)

# နွယ်နဂါး

အလန့်တကြားနဲ့'

'ဒီကိုလာပါဦးဗျ၊ ဆရာကိုမိုးကို ပြောစရာရှိလို့ပါ'

'ဩော်...ဟုတ်ကဲ့ ဟုတ်ကဲ့



www.burmeseclassic.com

www.burmeseclassic.com



နွယ်နဂါး၏ တစ်ကိုယ်လုံးအား တွေ့မြင်ရစဉ်

ဟု ဆိုပြီး သူ၏ ကွမ်းယာဆိုင်နားတွင် ဆိုင်ကယ်ကိုထောက်၍ ဆင်းလိုက်ပါသည်။

'ပြောလေ ကိုကျော်ကြီး ဘာပြောမှာလဲ'

'ဒီလိုဗျ ဆရာကိုမိုး **နွယ်ပင်ကနေသတ္တဝါပုံသဏ္ဌာန်** ဖြစ်နေတာ ဆရာမိုး တွေ့ဖူးလား'

'တွေ့ဖူးတာပေါ့ဗျ... ကိုကျော်ကြီးကလဲ ဟိုတစ်လောက ဆရာကိုဝင်းမြင့်ဆီမှာရှိတဲ့ မြွေပုံသဏ္ဌာန်ရှိတဲ့ ဝါးမြွေတွေ ဓာတ်ပုံရိုက်ပြီး နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှာ ဆောင်းပါး ရေးလိုက်သေးတာပဲ'

'ဟုတ်ပြီ ကိုမိုး ခုဟာကလဲ မြွေလိုလို၊ နဂါးလိုလို ပုံသဏ္ဌာန်ပဲဗျ'

'ဟာ ဒါဆို မဖြစ်ဘူးဗျ အကြောင်းအရာတူတာဆို ကျွန်တော် နှစ်ခါထပ်ပြီး မရေးချင်ဘူး'

'ဟာ ကိုမိုးကလဲ နှစ်ခါ မထပ်စေရပါဘူးဗျာ။ ခုဟာက နဂါးပုံသဏ္ဌာန်ပါပြီးတော့ ဝါးကနေ ဖြစ်နေတာ မဟုတ်ဘူး။ နွယ်ပင်တစ်မျိုးကနေ ဖြစ်နေတာ'

'ဟင် ဟုတ်လား'

'ဟုတ်တယ်ကိုမိုးရ လာဗျာ ခင်ဗျားဆိုင်ကယ်နဲ့ ကျွန်တော့် အိမ်သွားရအောင် ကိုမိုးလိုက်ကြည့်ပြီး ဆောင်းပါးရေးလို့ရရင်လဲ ရေးပေါ့'

ဟု ကိုကျော်ကြီးက ပြောသောအခါကျွန်တော်မှ...

'အေးလေ လိုက်ကြည့်ပြီး ရေးလို့ရလဲ ရေးရတာပေါ့။ ရေးလို့ မဖြစ်လဲ မြင်ဖူးတွေ့ဖူးတာ ကိုယ့်အတွက် အမြတ်ပေါ့'

ဟု စိတ်ထဲမှတွေး၍ ကိုကျော်ကြီးအိမ်ကို နှစ်ယောက်သား ဆိုင်ကယ်ဖြင့် ထွက်ခဲ့ကြပါသည်။

**မြောက်မင်းတည်းရပ်ကွက်၊ မိုလ်ချုပ်လမ်း**ရှိ ကိုကျော်ကြီးအိမ် ရောက်တော့ကို ကျော်ကြီးဇနီး မအေးအေးသန်းကိုပါ တွေ့ရ၏။

'ဘယ်လိုလဲ အစ်မ ချက်တုန်းပြုတ်တုန်းလား'

'ဟုတ်တယ် ငါ့မောင်ရေ ကိုကျော်ကြီးက ဆိုင်ထိုင်နေတော့ အစ်မက ချက်နေရတာပေါ့ကွယ်။ ဘာလဲ ကိုကျော်ကြီးက သူ့အရုပ်ကြီးကို ပြဖို့ ငါ့မောင်ကို ခေါ်လာတာလား'

'ဟုတ်တယ်အစ်မရေ ကိုကျော်ကြီးက ပြရုံတင် မဟုတ်ဘူး၊ ဆောင်းပါးရေးလို့ရရင် ဆောင်းပါးပါ ရေးခိုင်းနေတာ'

ထို့နောက် ကိုကျော်ကြီးက သူ့အရုပ်ကြီး ချိတ်ထားရာ ခေါင်းရင်းခန်းသို့ခေါ် သွား၏။

ခေါင်းရင်းခန်း ဘုရားကျောင်းဆောင်အောက်နားတွင် နဂါးပုံသဏ္ဌာန် နွယ်ခွေကြီးကို ရွှေမင် ချိတ်ထားလျက် တွေ့လိုက်ရပါသည်။

'အဲဒါပဲ ဆရာကိုမိုး ဘာပုံသဏ္ဌာန်



www.burmeseclassic.com

www.burmeseclassic.com

လို့ ထင်လဲ'

'အေးဗျု ဆန်းတော့ဆန်းတယ်။ ဘာပုံဆိုတာထက် နဂါးလိုလို ငါးလိုလိုပဲ။ ခေါင်းက ငါးခေါင်းလိုလို၊ နဂါးခေါင်းလိုလို ဖြစ်နေတယ်။ အမြီးနဲ့ ခန္ဓာကိုယ်က ရှည်နေတော့ နဂါးလို့ပဲ ပြောရမှာပေါ့ဗျာ'

ကျွန်တော် နွယ်နဂါးကို ဖြုတ်၍ အသေအချာ ယူကြည့်လိုက်ပါသည်။ နောက်ကျောဘက်တွင် ရွှေမင် သုတ်ထား၍ သဘာဝအရောင်ကို တွေ့ရ၏။

အရောင်က ဖြူရော်ရော် နွယ်များ တစ်ကွင်းနဲ့ တစ်ကွင်း လိမ်ပတ်လျှိုဝင်နေသလားလို့ ကြည့်တော့မဝင်ပေ။ တွန့်ခွေနေတာကို သာတွေ့ရ၏။ အသားက ကျီးပေါင်းတက်နေသလို လည်း ဖြစ်နေပါသည်။

'ဒါနဲ့ ကိုကျော်ကြီး ဒါက ဘာနွယ်ပင်လဲ'

'မသိဘူးဗျ'

'ဗျာ ကိုကျော်ကြီးကလဲ ယူလာတုန်းက ဘာနွယ်ပင်လဲ ဆိုတာ မမေးခဲ့ဘူးလား'

'မေးပါတယ်ဗျာ ယူလာတာက မော်ဘီမြို့မှာနေတဲ့ ကျွန်တော့် ယောက်ဖ မျိုးဝင်းဆီက ယူလာတာပါ။ မျိုးဝင်းက သစ်ထုတ်လုပ်ရေးမှာ လုပ်နေတာလေ။

တစ်နေ့ သူတို့ကား သစ်လုံးတွေ တိုက်လာရင်းနဲ့ သစ်လုံးကြီးတစ်လုံးမှာ ဒီနွယ်ပင်က တွယ်ကပ်နေတယ် ပြောတာပဲ။ အဲဒီနွယ်ပင်ကို တခြားလူတွေက ကြောက်တာနဲ့ မခွာရဲဘူး။

မျိုးဝင်းကတော့ နဂိုကတည်းက ထိုက်တိုက် ကျားကိုက်ကိုက် ဆိုတဲ့ကောင်မျိုး ဘာကိုမှ ကြောက်တတ်ခဲ့တတ်တာမဟုတ်ဘူး။ ငါ့အစ်မယောက်ျားက ထူးထူးဆန်းဆန်းဆိုစိတ်ဝင်စားတတ်တယ်။ ငါ ဒီနွယ်ပင်ကြီးကို ဖြတ်ပြီး ကျွန်တော့်ကို ပေးမယ်ဆိုပြီး ဓားနဲ့ ဖြတ်ယူလာခဲ့တာတဲ့။ ဘာနွယ်ပင်လဲ ဆိုတာတော့ သူလဲ မသိဘူးလို့ ပြောတယ်'

ဟု ကိုကျော်ကြီးမှ ရှင်းပြပါသည်။

ထို့နောက် ကျွန်တော်သည် နွယ်နဂါးကို ခေါင်းပိုင်းပုံတစ်ပုံ၊ တစ်ကိုယ်လုံးပုံတစ်ပုံ ဓာတ်ပုံရိုက်ယူလိုက်ပါသည်။

နွယ်ပင်မှာ ပျော့ပတ်လိုလို သရေလိုလို ဖြစ်နေသောကြောင့် ပို၍ သေချာစေရန် နွယ်ပင်မှာ ဖွာထွက်နေသော အမျှင်လေးတစ်မျှင်ကို ဖြတ်၍ ကိုကျော်ကြီးကို မီးရှို့ခိုင်းလိုက်ပါသည်။

ထိုအခါ ထွက်လာသော ညှော်နံ့မှာ သရေနံ့မဟုတ်ပြန်ပေ။

ထို့ကြောင့် ဒါဟာ နွယ်ပင်ပဲ ဖြစ်ရမည်။ နွယ်ပင်မှာ ဂုန်လျှော်လို အပင်အမျိုးအစားထဲက ဖြစ်ပုံရသည်။

နွယ်နဂါးကို ဘယ်လိုရခဲ့လဲဆိုတော့ သိပြီးပြန်တော့ နွယ်နဂါး၏ ထူးခြားဖြစ်စဉ်လေးတွေကိုလည်း သိချင်ပြန်ပါသည်။

ထို့ကြောင့် ကိုကျော်ကြီးကို...

'ဒါနဲ့ ကိုကျော်ကြီး ဒီနွယ်နဂါးနဲ့ ပတ်သက်ပြီး ထူးခြားတာလေးတွေ ရှိရင် ပြောပြပေးပါဦး'

'ဟာ သိပ်ရှိတာပေါ့ ကိုမိုးရာ ကိုမိုးကို ဒီခေါ်လာတာလဲ အဲဒီအဖြစ်အပျက်လေးတွေကို ပြောပြချင်လို့ပါ။ ဒီလိုဗျ ကိုမိုးရ ဒီနွယ်ပင်လေး အိမ်ရောက်ပြီး နောက်တစ်ရက်မှာ ကျွန်တော့်မရီး ဒေါ်စန်းစန်းမြင့်အိမ် သွားရင်းနဲ့ အတော်ကြီးတဲ့ ပိုးကောင်(မြွေပွေး)ကို တွေ့ရတာပဲ ကိုမိုးရေ။

ပိုးကောင်(မြွေပွေး)က ကျွန်တော်သွားမယ့်လမ်းမှာ ခွေနေတာ လူကိုတော့ အန္တရာယ်မပေးပါဘူး။ ဒါနဲ့ ကျွန်တော်လဲ လွတ်ရာကျွတ်ရာကို ခြောက်လှန့် မောင်းထုတ်လိုက်ရတယ်။

နောက်(၄)ရက်ကြာတော့ ပိုထူးခြားခဲ့တယ်ဗျ။ အခုတလော ရပ်ကွက်တွေမှာ ဖုန်းကတ်တွေ မဲဖောက်ပြီး ရောင်းချပေးနေတာ ကိုမိုး သိတယ် မဟုတ်လား။ တော်တော်ကြာပါပြီဗျာ တစ်လပြီးတစ်လ တစ်သုတ်ပြီး တစ်သုတ်သာ ဖောက်သွားတယ်။ ကျွန်တော် ဖုန်းကတ် မဲမပေါက်ခဲ့ဘူး။

ကျွန်တော့်ကတော့ မဲမပေါက်လို့ မရတော့ဘူးလို့ စိတ်တုံးတုံး ချနေခဲ့တာပါ။ အိမ်ကို ဒီနွယ်နဂါး ရောက်ပြီး လေးရက်မြောက်နေ့မှာ ဖုန်းကတ် မဲပေါက်ခဲ့တာပဲ။ ဒါဟာ ဒီနွယ်နဂါး အစွမ်းကြောင့်လို့ ကျွန်တော်ထင်တယ်လေ'

ဟု ကိုကျော်ကြီးမှ ရှင်းပြပါသည်။

'အေးဗျာ ကိုကျော်ကြီးနဲ့ ဒီနွယ်နဂါးဖြစ်ပုံကလဲ အဆန်းပါလား။ ကိုကျော်ကြီး ရေးခိုင်းသလို ကျွန်တော် ဆောင်းပါးရေးပြီး မဂ္ဂဇင်းတိုက်ကို ပို့ပေးပါ့မယ်'

ထို့နောက် ကျွန်တော်သည် ကိုကျော်ကြီးအား နှုတ်ဆက်၍ ရုံးသို့ ထွက်လာခဲ့ပါတော့သည်။

**[ဤဆောင်းပါး ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ပံ့ပိုးကူညီပေးခဲ့သော ကိုကျော်ကြီး+မအေးအေးသန်း ကျော်ကြီးကွမ်းယာဆိုင် မိသားစုအား အထူး ကျေးဇူးတင်ရှိပါသည်။]**

မိုး(သရက်)



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး



# ကျားမှန်လျှင် အားသန်ရအောင်
# ပြည်စိုး အမျိုးသားအားဆေးကိုဆောင်

တိုင်းရင်းဆေးဝါးမှတ်ပုံတင် TMR 009194(0814)
လိုင်စင်-၅/၂၀၁၀/တဆထလ/တိုး(၀၁၄၇၂)

"ကိုမင်းဝေပါလား. . . ခွေခြင်ဖေသန်းနဲ့ စိတ်ဝင်ဝန်းလှဝင်ဝန်းဖြစ်နေပုံရတယ်"

"ဟုတ်တယ်ဗျာ. . . စိတ်သွားတိုင်းကိုယ်မပါဘဲ လိုရာဆန္ဒမပြည့်ဖြစ်နေတာ. . . ပွင့်ပွင့်လင်းလင်းပြောရရင် အမျိုးသားအားနည်းနေလို့ ဘယ်ဆေးစားပြီး ဘယ်ဆရာနဲ့တုသရင်တောင်းမလဲဆိုတာ အကြံပေးပါဦး"

"ရောဂါသိမှတော့ဆေးရှိပါတယ် ကိုမင်းဝေ. . . ကျွန်တော့်မိတ်ဆွေဆရာကြီး ဦးစံမြင့်က. . . ပြည်စိုးအမျိုးသားအားဆေး ထုတ်လုပ်နေတဲ့အပြင် အမျိုးသားအားနည်းရောဂါ (ပန်းညိုးပန်းသေရောဂါ)၊ လိပ်ခေါင်းရောဂါ၊ လေငန်းလေဖြတ်ရောဂါတွေကို ဦးစားပေးကုသနေတာဗျ. . . ပြည်စိုးဆေးတိုက်ကို လမ်းညွှန်လိုက်မယ် ခင်ဗျား သွားလိုက်ပါလား"

"ခင်ဗျားရဲ့မိတ်ဆွေဆိုတော့ ခင်ဗျားပါမှ ပိုကောင်းတာပေါ့"

"ဒါဆို. . . ပြည်စိုးဆေးတိုက်ကို အခုပဲသွားကြရအောင်"

❀ ❀ ❀ ❀ ❀

"ကိုမင်းမြတ်မောင်ပါလား. . . မလာတာကြာလို့ သတိရနေတာ. . . ဧည့်သည်လဲပါလာတာကိုး၊ ကဲ. . . ထိုင်ကြပါ"

"ဆရာ. . . ဒါ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ ကိုမင်းဝေပါ၊ စိတ်သွားတိုင်းကိုယ်မပါဘဲ အမျိုးသားအားနည်းနေလို့ ဆရာနဲ့ဆွေးနွေးပြီး အမျိုးသားအားဆေးလဲ လာဝယ်တာပါ"

"ကဲ. . . ကိုမင်းဝေ ဒီရောဂါကြောင့်တော့ သိပ်လဲစိုးရိမ်သောကမဖြစ်ပါနဲ့. . . ကျွန်တော် ပြောပြတာတွေကို နားထောင်ပြီး ခင်ဗျားခံစားနေရတဲ့အချက်တွေနဲ့ ကိုက်ညီမှုရှိမရှိသိမှ ပိုကောင်းတာပေါ့. . . အမျိုးသားအားနည်းရောဂါ ဖြစ်တတ်သူတွေဟာ (၁) မေထုန်မှုလွန်ကဲသူများ၊ (၂) သဘာဝမဟုတ်သောဟဿမေထုန်ပြုသူများ၊ (၃) ကုန်ခန်းသွားသောသုက်ဓာတ်နဲ့ အင်အားများကို ဆေးဝါးဓာတ်စာနဲ့ ပြန်လည်မဖြည့်ဆည်းသူများ၊ (၄) အပျော်အပါးလိုက်စားသူများ၊ (၅) မြစ်ခြောက်နာရှိသူများ၊ (၆) သားကြောဖြတ်ထားသူများ၊ (၇) အဆုတ်ရောဂါရှိသူများ၊ (၈) လေဖြတ်ဖူးသူများနဲ့ လေငန်းရောဂါရှိသူများ၊ (၉) ဆီးချိုသွေးချိုရောဂါရှိသူများ၊ (၁၀) လိပ်ခေါင်းရောဂါရှိသူများ၊ (၁၁) အသက်အရွယ်ကြီးရင့်သူများ၊ ပန်းညိုးပန်းသေရောဂါ ဖြစ်တတ်ကြပါတယ်၊ ပန်းညိုးရောဂါခံစားနေရပြီဆိုရင် (၁) ခန္ဓာကိုယ်ဝနေသော်လည်း စိတ်ရောကိုယ်ပါ ရွှင်သန်းမှုမရှိခြင်း၊ (၂) မောပန်းလွယ်ခြင်း၊ (၃) အစားအသောက်ပျက်ခြင်း၊ (၄) ညဉ့်ဦးပိုင်းတွင် အိပ်ပျော်သော်လည်း တရေးနိုးလျှင် အိပ်မရတတ်ခြင်း၊ (၅)သတိမေ့လျော့တတ်ခြင်း စတဲ့လက္ခဏာတွေရှိနေတတ်ပါတယ်"

"ဟုတ်ပါတယ်ဆရာ. . . ဆရာပြောပြတဲ့အချက်အလက်အတော်များများနဲ့ ကိုက်ညီနေပါတယ်"

"ဒါဆိုရင် ပြည်စိုး အမျိုးသားအားဆေးကို ပုံမှန်သောက်သုံးပြီး အကြောပညာ၊ ဆေးပညာနဲ့ ကုသသွားမယ်ဆိုရင် ကိုမင်းဝေ ခံစားနေရတဲ့ အမျိုးသားအားနည်းရောဂါဟာ တဖြည်းဖြည်း သက်သာပျောက်ကင်းသွားမှာပါ"

"ပြည်စိုးအမျိုးသားအားဆေးက ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေပါသလဲဆရာ"

"ပြည်စိုးအမျိုးသားအားဆေးဟာ အိပ်နေစဉ် သုက်လွှတ်ခြင်း၊ သုက်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အကြောအားနည်းပြီး အကြောသန်စွမ်းမှုမရှိခြင်း၊ အမောမလုံခြင်း၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ခြင်း၊ အစဉ်သဖြင့် အားအင်နုံးချည့်သလို ခံစားရခြင်းများကို သက်သာပျောက်ကင်းစေပါတယ်"

ဆရာကြီး ဦးစံမြင့်နဲ့ တွေ့ဆုံဆွေးနွေးပြီး "ပြည်စိုးအမျိုးသားအားဆေး ဝယ်ယူရရှိနိုင်တဲ့နေရာတွေကတော့...


ဆေးထုတ်လုပ်ပင်ရင်း
အမှတ် (၂၅၁၉/ခ)၊ ဗညားဒလလမ်း၊
(ရ၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)

ဆေးဖြန့်ချိရေး - ပြည်စိုး ဆေးကုဌာန
အမှတ် (၁)၊ ကျိုက္ကဆံဘုရားဝင်းတောင်ဘက်
သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့



www.burmeseclassic.com

www.burmeseclassic.com



ဂန့်အိပ်ရွာလယ်ဘုရားတွင် ဒါနမှာထည့်ရန် အမည်မသိ လာလှူသွားသော ဓာတ်အိုးများ

# သာကေတညီသရုပ်ဆောင် (၂)

ဘာရပ်ဟ် ဆရာသိန်း (လပွတ္တာ)

သပြုကုန်းကျောင်း ဘုန်းတော်ကြီး အား ဂန့်အိပ်ကျေးရွာ ကျောင်းဟောင်း ကထိန်မှ ပင့်သည်။ ကထိန်အစနေ့ ညနေဘက်အရောက် ကြွရသည်။

နောက်ပါကျောင်းသား ဖိုးသိန်း၊ ချွေးသော်၊ ဖိုးမှက်တို့ ပါသည်။ သူတို့ အထဲတွင် ဖိုးမှက်က အသက်ပိုကြီး သည်။ ကျောင်းသားအရွယ်ထက်လွန် ပြီး ကပ္ပိယအရွယ်ဖြစ်သည်။ စကား ကော်သည်၊ စကားသွက်သည်၊ ဝါတတ် ကြားတတ်သည်။

ဖိုးမှက် ရောက်သည့် ရက်များတွင် ကျောင်းသားများက ပျော်ကြသည်။ ဖိုးမှက်ကြားလိုက် အပြောကောင်း၍ ဖြစ်သည်။ ကျောင်းရောက်တိုင်း ဘုန်း တော်ကြီးအတွက် ငှက်ပျောသီး၊ သရက်သီး သရက်သီး စသည့် ရာသီ အလိုက် သစ်သီးများ ပါလာတတ်သည်။

ပါလာသော သစ်သီးများကို ဆေး ကြောသန့်စင်ပြီး လင်ဗန်းနှင့်ထည့်၍ ဘုန်းတော်ကြီးအား ရိုရိုသေသေ ဆက်ကပ်သည်။ ကျောင်းရောက်လျှင် (၅)ရက်၊ (၁၀)ရက် နေတတ်သည်။ တစ်ခါ ပြန်ထွက်သွားလျှင် (၁၀)ရက်၊ (၁၅)ရက်ကြာမှ တစ်ခါပြန်လာတတ် သည်။

ဂန့်အိပ်ရွာတွင် ကျောင်းဟောင်း ကျောင်းသစ်ရှိသည်။ ယခု ကထိန် သည် ကျောင်းဟောင်းကထိန်ဖြစ် သည်။ ဘုန်းတော်ကြီးနှင့် ကျောင်း သားသုံးယောက်တို့သည် ညနေ (၆)နာရီလောက်မှ ဂန့်အိပ်ကျောင်းသို့ ရောက်ကြသည်။

ကျောင်း ဦးပဉ္စင်းမှ ခရီးဦးကြိုပြု၍ ဘုရားခန်းရှေ့တွင် နေရာပေးသည်။ အေးအေးဆေးဆေး အနားယူရန်ဖြစ် သည်။ ကထိန်ဒကာမှာလည်း ဖျာ၊ စောင်၊ ခြင်ထောင်၊ အိပ်ရာခင်းများ အသင့်ပြင်ပြီး စောင့်နေသည်။

တောရွာ ကထိန်များတွင် ကထိန် မစခင် ကြိုတင်၍ ကျောင်းနာမည် မဲလိပ်၍ မဲနှိုက်ရသည်။ မိမိပေါက်သော ကျောင်းဘုန်းကြီးနှင့် ကျောင်းသားများ ကို တာဝန်ယူလှူဒါန်းကြရသည်။

ကထိန်အစ ညှော်ခံညနေ သံဃာစုံ ပင့်ကြသည်။ ပါလာသော ကျောင်းသား များ ရောက်သည့် ညနေစာကို (ကထိန် ကောင်း) ကထိန်ဒကာမှ လာခေါ်ပြီး အိမ်၌ ကျွေးမွေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com





◆ ကန့်ဘိုင်ကျေးရွာ သိမ်ကျောင်း

◀ ကန့်ဘိုင်ကျေးရွာ ရှာဦးဘုရား

ဘုန်းတော်ကြီးအားလည်း ရောက်ရောက်ချင်း ကွမ်းအစ်၊ ထွေးခံ၊ သကြားလုံး၊ ချိုချဉ်တို့ဖြင့် ဘုန်းတော်ကြီးအိပ်ရာခင်းအနီးတွင် တရိုတသေ လာရောက်ကပ်လှူထားသည်။

ကထိန်ဒကာသည် မိမိ မဲပေါက်သော ကျောင်းဘုန်းတော်ကြီး အရုဏ်ဆွမ်း၊ နေ့ဆွမ်းတို့ကို တာဝန်ယူချက်ပြုတ်လှူဒါန်းရသည်။

တချို့ဒကာမများက အိမ်သို့ ပင့်၍ ကပ်ကြသည်။ ကထိန်ဒကာနှင့် ရင်းနှီးသော ဧည့်သည်များ၊ လာဝိုင်းလုပ်သောသူများကိုလည်း အလှူတစ်ခုသဖွယ် ကျွေးမွေးလှူဒါန်းကြသည်။ တချို့ ကထိန်ဒကာများကတော့ ကျောင်းမှာ စုကပ်ကြသည်။

ကထိန်ဒကာတို့မှာ မိမိတို့ မဲပေါက်သောကျောင်းမှပါလာသော ကျောင်းသားများကို အပြိုင်အဆိုင် ကျွေးမွေးပြုစုကြသည်။ သပြုကုန်းကျောင်းသား (၃)ယောက် ညနေစာစားရန် အလှူရှင်နှင့် လိုက်လာကြသည်။ ရောက်လျှင် ခေတ္တထိုင် နားရန် ကျကျနန ခင်းထားသည်။

ခေတ္တ နားနေပြီး ညနေစာ ထမင်းကျွေးသည်။ ဟင်းများကလည်း ဘုန်းကြီးပွဲတမျှ စားပွဲတွင် ပြည့်နေသည်။ ဖိုးမှက်က အားရပါးရ စားသည်။ ကျန်ကျောင်းသား ရွှေလှော်နှင့် ဖိုးသိန်းတို့က မရဲတရဲစားသည်။

အိမ်ရှင် အလှူဒကာမှာလည်း အားရပါးရစားရန် အားပေးသည်။ သပြုကုန်း ဘုန်းတော်ကြီး အာဗာတည်စွမ်းကြောင်း မေးရာတွင် ဖိုးမှက်မှ အံ့သြလောက်အောင် စွမ်းကြောင်း ပြောသည်။

ည(၇)နာရီခန့်တွင် အလှူရှင်မှ ကျောင်းတွင်စားရန် မုန့်များ၊ သကြားလုံးများကို လူစေ့ထည့်ပေးသည်။ ယခုကျောင်းသားများကို နောက်ရက်တွေ့လျှင် သူတို့ခေါ်ချင်မှခေါ်မည်။ ယခုအချိန်မှာ ဘုန်းကြီးနောက်ကပါသော တပည့်များကို ဘုန်းကြီးတမျှ ဂရုစိုက်ပေးရမည်ဟု သဘောပေါက်ထားပုံရသည်။

ကျောင်းသို့ရောက်အောင် အလှူဒကာမှ လိုက်ပို့သည်။ ဘုန်းတော်ကြီးအနီး ရောက်လျှင် ဝတ်ဖြည့်ကန်တော့သည်။

'ဆရာတော့်ကျောင်းသားများ ပြန်ပို့တာပါဘုရား၊ ဘာများ လိုအပ်ပါသေးလဲ ဘုရား၊ တပည့်တော်တို့ သပြုကုန်းကျောင်း မဲပေါက်လို့ ဝမ်းသာနေတာပါဘုရား'

'အားလုံး ပြည့်စုံပါတယ် ဒကာကြီး၊ ကျန်းမာချမ်းသာပါစေ'

ဘုန်းတော်ကြီးသည် ခေါင်းညိတ်၍ အားလုံး ပြည့်စုံကြောင်း ပြောသည်။ အခြားကျောင်းများမှ သံဃာများလည်း ရောက်နေကြပြီဖြစ်သည်။ သံဃာအပါး (၂၀)ခန့်ရှိမည်။ သူ့ဒကာနှင့်သူ စကားပြောနေကြသည်။ ကျောင်းသားများလည်း စုပြီး စကားပြောသူပြော လမ်းလျှောက်သူလျှောက်နှင့် လျှောက်နေကြသည်။ ဝေယျာဝစ္စ လုပ်သူများ သူ့အလုပ်နှင့်သူ လုပ်နေကြသည်။

ကထိန်ဒကာသည် ဘုန်းတော်ကြီးအနီးတွင် ထိုင်၍ သူ့နာမည်ထွန်းကြည်ဖြစ်ကြောင်း၊ ရွာလည်ပိုင်းတွင်နေကြောင်း မိတ်ဆက်ပြောပြနေသည်။ ဘုန်းတော်ကြီး နေထိုင်သော သပြုကုန်းကျောင်းကို လာပါဦးမည်ဟု





www.burmeseclassic.com

www.burmeseclassic.com



◆ ကန်ဒိုင်ကျေးရွာ ကျောင်းဆောင်(သိမ်ကျောင်း)

ပြောပြလျှောက်ထားနေသည်။ ပစ္စည်းလေးပါး ဒါယကာအဖြစ် သတ်မှတ်ပါချန် လျှောက်ထားသည်။

ဘုန်းတော်ကြီးမှ ဦးခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေသည်။ ကထိန်ဒကာဦးထွန်းကြည်ဆိုသူမှာ လှိုက်လှိုက်လှဲလှဲ အမူအရာဖြင့် ဘုန်းတော်ကြီးအား ပြောပြနေသည်။ သူ့မိသားစုများသည်း အထူး ဝမ်းသာကြည်နူးနေကြကြောင်း ထပ်မံ ပြောပြနေပြန်သည်။

## ကွင်းပိုင်ကြီးဝင်ပူးခြင်း

ထိုအချိန်တွင် လူကြီးသုံးယောက်ကျောင်းပေါ်တက်လာကြသည်။ သူတို့မျက်နှာများ အလှူရှင်ကထိန်ဒကာမျက်နှာမျိုးမဟုတ်။ တစ်ခုခု စိုးရိမ်ပူပန်နေပုံရသည်။

'သပြုကုန်းဘုန်းကြီး ရောက်နေပြီလား'

ဝေယျာဝစ္စ လုပ်နေသော သူတို့အချင်းချင်း လှမ်းမေးသည်။

'အေး ရောက်နေပြီ ဘာကိစ္စလဲ'

'ဘယ်နားမှာလဲ တို့ ဘုန်းကြီးနဲ့တွေ့ချင်လို့'

'ဟိုမှာတွေ့လား ဘုရားခန်းရှေ့မှာ ဦးထွန်းကြည်နဲ့ စကားပြောနေတယ်။ အဲဒါ သပြုကုန်းဘုန်းကြီးပဲ'

သူတို့အချင်းချင်း လမ်းညွှန်လိုက်သည်။ (၃)ယောက်လုံး ဘုန်းတော်ကြီးထံ သွားရောက်ပြီး ထိုင်ကန်တော့နေကြသည်။

'တပည့်တော်တို့အိမ်မှာ ကွင်းပိုင်ကြီး ဝင်ပူးပြီး တအားကြမ်းနေပါတယ်ဘုရား တပည့်တော်တို့ကို စောင့်ရှောက်ပါဘုရား'

'ဒီမှာ ဆရာသမားတွေ မရှိဘူးလား'

'ရှိပါတယ် ဘုရား၊ ဆရာကို ထချပြီး ချက်ပြေးသွားပါပြီဘုရား'

'အိမ်က ဘယ်လောက်ဝေးလဲ'

'တပည့်တော်တို့အိမ်က ဒီကျောင်းနောက်ဖေးမှာ နီးနီးလေးပါဘုရား၊ အားကိုးပါတယ်ဘုရား'

'ဟုတ်ပါတယ်ဘုရား ဒီနားလေးတင်ပါဘုရား'

ဒကာ ဦးထွန်းကြည်မှာလည်း ဝင်ရောက် ထောက်ခံပေးသည်။

'ဒီလောက်တော့ မပူပါနဲ့၊ ကျုပ်တပည့်တွေက ရပါတယ်'

ဘုန်းတော်ကြီးမှ ကျောင်းသားများဘက် လှည့်ကြည့်သည်။

'ဘဘုန်း ခွင့်ပြုရင် တပည့်တော်လိုက်ကူညီပါ့မယ် ဘုရား'

ဘိုးမှက်က စကားသွက်သည်။ ဘုန်းတော်ကြီး အားကိုးနှင့် သူ လိုက်၍ကူညီမည် ခွင့်တောင်းသည်။

'အင်း ကူညီရမှာပေါ့ကွယ်'

ဘုန်းတော်ကြီးသည် အနည်းငယ်စဉ်းစားနေသည်။ ပြီးမှ ကျောင်းသားများဘက်သို့ လှမ်းကြည့်သည်။ တစ်ဖန်လာခေါ်သော သူများအား...

'ဒကာကြီးတို့ကို ကူညီဖို့ ကျောင်းသားတွေကို ထည့်လိုက်မယ်။ ဘာမှ မပြောတတ်မဆိုတတ်တဲ့ ကျောင်းသားတွေဆိုတော့ အမှားအယွင်းရှိတတ်တယ်။ ဒကာကြီးတို့က ဘယ်လို တာဝန်ယူနိုင်မလဲ'

'ဆရာတော်ဘုရား ကျောင်းသားတွေကို တပည့်တော်တို့ လုံးဝ တာဝန်ယူပါတယ်ဘုရား၊ ဒီကွင်းပိုင်ကို နိုင်ရင်ပြီးတာပါပဲဘုရား စိတ်ချပါ'

ဒကာ ဦးထွန်းကြည်မှလည်း ဝင်ရောက် လျှောက်ပါတော့သည်။

'ကျောင်းသားတွေအတွက် မပူပါနဲ့ဘုရား၊ တပည့်တော်ကိုယ်တိုင်လိုက်ပြီး စောင့်ရှောက်ပါမယ် ဘုရား'

'ဟဲ့...ရွှေလှော် လာ ရှေ့တိုးစမ်း'

ဘာမှ မပြော ငြိမ်နေသော ကျောင်းသား ရွှေလှော်ကို ခေါ်လိုက်သည်။ ရွှေလှော် ရှေ့တိုးလိုက်သည်။

ဘုန်းတော်ကြီးသည် ရွှေလှော်၏ ညာလက်ကို ဆွဲကိုင်ပြီး ဖြန့်ခိုင်းသည်။ ဖြန့်ထားသော လက်ဖဝါးကို ဘုန်းတော်ကြီးနှုတ်မှ ဖွဟဲ့ လုပ်လိုက်ပြီး ညာလက်ဖြင့် လက်ဖဝါးချင်း ရိုက်လိုက်ပြီး **"ငါ့တပည့် အာဏာတည်စေ"**ဟု အမိန့်ပေးပြီး...

'လိုက်သွား ကုပေးကူညီပေးလိုက်ပါ။ ဘိုးသိန်းနဲ့ ဖိုးမှက်တို့ပါ လိုက်သွား။ ဒကာကြီးတို့ကို လိုက်ပြီးကူညီလိမ့်မယ် ခေါ်သွား'

ကထိန်ကျောင်းဒကာ ကိုထွန်းကြည်မှာလည်း သူ ကျောင်းဘုန်းကြီး တပည့်များဖြစ်သည့်အတွက် သူ့မှာ တာဝန်



www.burmeseclassic.com

www.burmeseclassic.com



● [illegible] ကျောင်းဆောက်

ရှိသည်ဟု သဘောထားကာ သူပါ လိုက်သွားပေးမည်။ ကိစ္စပြီးက ပြန်ပို့ ပေးမည်ဟု ဘုန်းတော်ကြီးအား ကတိ ပေးခဲ့သည်။ အလွန်တာဝန်သိ တာဝန် ကျေပါသည်။ ကြည်နူးစရာ ဓလေ့ စရိုက် ဖြစ်၏။

လာခေါ်သူ သုံးယောက်နှင့်အတူ ကိုထွန်းကြည်နှင့် ကျောင်းသားသုံး ယောက် လိုက်သွားကြသည်။ ထိုခေတ် ထိုအခါက ကွင်းပိုင်ကြီး၊ သရဲ တစ္ဆေ နတ်ကို တောနေလူအများ အလွန် ယုံကြည်သည်။ ကြောက်သည်။ ကျောင်းနောက်ဘက် ဥယျာဉ်မှ အိမ် ဖြစ်သည်။

ဘုန်းတော်ကြီးအမိန့် အာဏာပေး လိုက်သော ကျောင်းသားရွှေလှော်မှာ အတွေ့အကြုံမရှိ ဘာမေးလို့ ဘာပြော ရမှန်းမသိ။ စဉ်းစားရင်း ကြက်သီးများ ပင် ထလာသည်။ ကွင်းပိုင်ကြီးဆို တော့ အနည်းငယ် ကျောစိမ့်သည်။ အိမ်အနားအရောက်တွင် ဝုန်းဒိုင်းသံ ကြားရသည်။ လူများ ဝိုင်းအုံနေကြ သည်။

'ငါ့ကို ဘာမှတ်လို့လဲ ကွင်းပိုင်ကြီး ကွ ဘုံး ဘုံး'

လက်နှစ်ဖက် လက်သီးဆုပ်ပြီး ပျဉ်ပြားကို တဘုန်းဘုန်း ထုနေသည်။

'ဆရာ လာပြီ'

အိမ်အဝမှ တစ်ယောက်က လှမ်း ပြောလိုက်သည်။

ဆရာလုပ်မည့်လူ ရွှေလှော် ရင်ထဲ မှာ ကတုန်ကယင် ဖြစ်လာသည်။ ကြက်သီးများကလည်း ထပြီးရင်း ထရင်းဖြစ်နေ၏။ မိမိကိုယ်မိမိ ထိန်း ရင်း မနည်းအားတင်းထားရသည်။

ဘုန်းတော်ကြီး လွှတ်၍သာ လိုက် လာရသည်။ ရင်ထဲတွင်လည်း တဒိန်း ဒိန်း ရင်ခုန်နေသည်။ ဘယ်ကစ၍ ဘာပြောရမှန်းမသိ ကွင်းပိုင်တို့၊ သရဲ တစ္ဆေတို့ကို တကယ်ကြောက်တတ် သူဖြစ်သည်။ ကြံဖန်၍ အားတင်းရ သည်။

'တို့ကျောင်းသားက သုံးယောက်၊ ဦးထွန်းကြည်နဲ့ လာခေါ်သူ(၃)ယောက် ပေါင်းရင် အားလုံး(၇)ယောက်ပဲ။ ဘာကြောက်စရာရှိလဲ ဘေးလူတွေ မိန်းမတွေ ယောက်ျားတွေ လူအများ ကြီးပဲ ကြောက်စရာမလို'

ဟု ကိုယ့်ကိုယ်ကိုယ် အားတင်းရ သည်။

ကြက်သီးများ တဖြန်းဖြန်း ထနေ ခြင်းကိုတော့ တားမရ ဖြစ်နေသည်။

အခုနေ စကားများပြောလျှင် အသံများ တုန်နေမည့် ထင်ပါတော့သည်။

တခြားနေရာများမှာ သရဲပူးတာ မြင်ဖူးသည်၊ ဆရာလုပ်သူက ဟိန်းလား ဟောက်လား လုပ်တာလည်း ကြားဖူး သည်။ ဟန်လုပ်၍ မာန်သွင်း၍ ဆရာ ကြီးများ၏အမိန့်၊ ဘုရားငါးဆူ၏ အမိန့် ဆိုပြီး ကုကြတာလည်း ကြုံဖူးသည်။ ကိုယ်တိုင် ဆရာလုပ်ရသည်ဆိုတော့ ပြောမထွက်ဟုထင်၏။

ဦးဆောင် ခေါ်လာသူက...

'လာ ဆရာလေး ဒီမှာထိုင်'

ဆိုပြီး ခေါင်းရင်း ဘုရားခန်းအနီး နေရာပေးသည်။ တစ်ဖက် ဘိုးသိန်း၊ ဆရာလုပ်မည့် ရွှေလှော်က အလယ်၊ တစ်ဖက်အစွန်က ဖိုးမှက် နေရာဝင်ယူ လိုက်သည်။

ကွင်းပိုင်ကြီး ဝင်ပူးသူ မိန်းကလေး က အသက်(၁၈)၊ (၂၀)လောက်ရှိမည်။ ဆောင့်ကြောင့်ထိုင်ပြီး မျက်လုံးပိတ် ထားသည်။ ခေါင်းရင်းဘုရားခန်းဘက် မှ ဆရာလေးသုံးယောက်ဘက် လှည့် ပြီး ဝုန်းခနဲ ထခုန်လိုက်သည်။ ဘုန်းခနဲ ပြန်အကျတွင် ဆောင့်ကြောင့်ထိုင်ရင်း ကျသည်။

'ဘာဆရာလဲဟေ့ ငါ့ကို ဘာမှတ် လို့လဲ၊ ကွင်းပိုင်ကြီးနော်... နင်တို့ ငါ့အကြောင်း သိချင်လို့လား'

ဆရာလုပ်မည့် ရွှေလှော် ဘာမှ မပြောသေး။ ဘယ်က စ,ပြောရမှန်း မသိ ဖြစ်နေပုံရသည်။ ဘိုးမှက်က မနေသာတော့...

'ဘာကွင်းပိုင်မှ ဂရုမစိုက်ဘူးကွ၊ ကဲ ဘုရား ကို ဦးတိုက်ပါ'

ဟု အမိန့်ပေးပြောလိုက်သည်။ ကွင်းပိုင်ပူးသူက ဖိုးမှက်ကို သေသေ ချာချာ ကြည့်ပြီး...

'မင်းက ဘာကောင်မို့လို့လဲ ငါ့



www.burmeseclassic.com

www.burmeseclassic.com

အကြောင်း သိချင်လို့လား'

ပြောရင်း လက်နှင့်ပျဉ်ပြားကို တအုန်းအုန်း ရိုက်လိုက်သည်။ ဘိုးမှက် မနေသာတော့ ဘေးမှ ဆရာရွှေလှော် ကိုအသာလက်ကုတ် သတိပေးရသည်။

ဘုန်းတော်ကြီးထံမှ အမိန့်အာဏာ ရရှိထားသူက အခုထိ ဘာမှ မပြော သေး။ အခြေအနေက ဆိုးလာနိုင် သည်။ ဖိုးမှက်ကို မဲနေလေပြီ။

စားတော့ ဝါးတော့မယ့်အတိုင်း ဖြစ်နေပြီ၊ ဆရာရွှေလှော် အားတင်း၍ ဝင်ကြမ်းရသည်။ ထွေထွေထူးထူး လည်း မပြောတတ်။

'ဟော့ ကွင်းပိုင်ဆိုတဲ့အကောင် မင်းက ဘာကောင်လဲ၊ ငါ ရိုက်လိုက်မယ်၊ အခု ဘုရားကို ဦးတိုက်ပါ'

ဘိုးမှက် ပြောသော လေကြောင်း လိုက်၍သာ ပြောလိုက်ရသည်။ နှုတ်မှ ဘယ်လို ထွက်သွားမှန်း မသိလိုက်ဟု ထင်သည်။ လူအများရှေ့တွင် ဟန် လုပ်နေရသည်။

ရွှေလှော်သည် ပါးစပ်မှ ပြောသလို ညာဘက်လက်ကိုလည်း မြှောက်၍ အားဖြင့် ရွယ်လိုက်သည်။ အနီးတွင် တစ်ယောက်ယောက်က ဟန်ဖြင့် ရွယ်လိုက်သော ရွှေလှော်၏ လက်ကို လှမ်း၍ ကိုင်ကြည့်မည် ဆိုပါက သူ့ လက် သိသိသာသာ တုန်နေမည်ကို သိနိုင်သည်။ မတတ်နိုင်။ ဒီနေရာ ဒီအခြေအနေရောက်မှတော့ မီးစင် ကြည့်ကရတော့မည်ဖြစ်သည်။

အမှန်က ဖိုးမှက်ကလည်း ဘာပြော ရမှန်း မသိသဖြင့် ဘုရားကို ဦးတိုက် ခိုင်းခြင်းက စရသည် ရွှေလှော်မှာလည်း ဒါကိုပဲ လိုက်ပြောရခြင်း ဖြစ်သည်။

ဆရာရွှေလှော် ပြောပြောဆိုဆို ညာလက်နှင့် ရိုက်မည့်ဟန် လက်ကို မြှောက်၍ ရွယ်လိုက်သည်။ ကွင်းပိုင်



ဂန့်ဂေါ်ကျေးရွာကျောင်းသင်

ပူးသူမိန်းကလေးသည် အင်မတန် ကြောက်သည့်ပုံစံ ပြောင်းသွားပြီး တုန်တုန်ယင်ယင်ဖြင့် ဘုရားကို ချက်ချင်း ဦးတိုက်သည်။

'ကြောက်ပါတယ် ဆရာလေးရယ် ရိုက်တော့ မရိုက်ပါနဲ့'

ခေါင်းငုံ့ရင်း ပြောသည်။ ဆရာ ရွှေလှော် ညာလက်အစွမ်း သိလိုက်ပြီး အားတက်လာသည်။ ကျောထဲစိမ့်ဝင် ပြီး ကြက်သီးထသလို ဖြစ်တာတွေ ပြေသွားပြီထင်သည်။ ဆရာက ဆက် မေးသည်။

'ခင်ဗျားက ဘာကိစ္စ လာပူးပြီး အနှောင့်အယှက်ပေးတာလဲ'

'ဟိုကောင်ပေါ့ ဆရာ...ဟော့ကောင် လာ'

ဘယ်ကို ခေါ်မှန်းမသိ ခေါ်နေသည်။ တစ်အိမ်လုံး လူများပြည့်အောင် ကြည့် နေသည်။ အမျိုးသမီးများက ရှေ့က ထိုင်ကြည့်ကြသည်။ ယောကျ်ားများ ထိုင်သူထိုင်၊ ရပ်ကြည့်သူကြည့်သည်။

လူငယ်များက အပေါက်ဝဘက် တွင် မတ်တတ်ရပ်ကြည့်ကြသည်။ အိမ်နောက်ဖေးဘက်မှ ခွေးဟောင်သံ ကြားလိုက်သည်။

''ဟင်း ဟင်း ဟင်း ဘုမ်း ဘုမ်း'' အော်ရင်း ပျဉ်းပြားကို ထုနေသည်။ နောက်တစ်ယောက် ကွင်းပိုင်ပူးသော မိန်းကလေးနောက်မှနောက်မိန်းကလေး တစ်ယောက် ထပ်ပြီး ဝင်ပူးပြန်သည်။

'ရှေ့ကို ခေါ်လာပါ'

ဖိုးမှက်က ဟန်နှင့် မာန်နှင့် ပြော လိုက်သည်။ ဘေးမှ မိန်းမနှစ်ယောက် ညှပ်တွဲပြီး ကွင်းပိုင်ပူးသော မိန်းကလေး ဘေးသို့ ပို့ပေးသည်။

'ငါ့ကို ခဏလေးပါဆိုပြီး မင်း အတင်းခေါ်လာတာ။ အခု တယ်လို လုပ်မလဲ မင်းကတော့ကွာ...'

'တစ်ယောက်နဲ့တစ်ယောက် အပြစ် တင်မနေနဲ့၊ နှစ်ယောက်စလုံး ငြိမ်ငြိမ် နေ ဘုရားကို ဦးတိုက်ပါ'

ဖိုးမှက်ကပင် အမိန့်ပေးသည်။ သူ တို့နှစ်ယောက်က ဂရုမစိုက်သလို တစ်ယောက်နှင့်တစ်ယောက် တံတောင် နှင့်တွတ်နေသည်။ ဒီတစ်ခါ ရွှေလှော် မြန်သည်။ ညာလက်ကို မြှောက်လိုက် သည်။

ရှေ့လ ဆက်ဖတ်ပါရန်

အရေး ဆရာသိန်း (လပွတ္တာ)



www.burmeseclassic.com

www.burmeseclassic.com

# ယတြာကျင့်စဥ်

နှင့် လက္ခဏာအမြင်



ကြည့်ပါ။

(A.A)အရ...

**ဗုဒ္ဓဟူးဂြိုဟ်ခုံတွင် မျဥ်းမတ်ငယ်** များ တွေ့ရပါမယ်။

ဒါသည် **ဗုဒ္ဓဟူးဂြိုဟ်ခုံကို** အား ကောင်းစေပါတယ်။

ဒါကြောင့် (၅)ဂဏန်းနဲ့ အကျိုးပေး ပါတယ်။

ဒီအတွက်...

သင့်ရဲ့ မွေးနေ့တိုင်းမှာ "၅" ဂဏန်း ကို မွေးမြူထားပါ။

'ဘုရားရှင်ကို ရည်မှန်းပြီး ပန်း(၅)ပွင့် (ဝါ) ဖယောင်းတိုင်(၅)ချက် (ဝါ) အလင်းတိုင်(၅)တိုင် (ဝါ) နံ့သာတိုင်(၅)တိုင် (ဝါ) ဆွမ်း(၅)ပွဲ နှစ်သက်ရာကို လှူပါ'

ပြီးရင်...

'အနန္တော အနန္တငါးပါး ရှိခိုးကန်တော့ပါ၏ ပုတီးစိပ်လိုက (၅)ပတ် စိပ်ပါ'

ဤသည်မှာ ယတြာကျင့်စဥ် ဖြစ်ပါ တယ်။

**သင်၏ဘဝ**

**သာယာချမ်းမြေ့ပါစေ။**

**ဆရာဦးခင်မောင်လင်း**

*(B.Sa ရွှေဘို)*

**(လက္ခဏာ–မဟာဘုတ်သုတေသီ)**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# အရိုးကျိုးပေါင်းရောဂါအတွက် စကြာမင်း

အမှတ်တံဆိပ်

## ဆေးစွမ်းကောင်းနှစ်လက်

ဦးဉာဏ်ထွန်းရှိန် (ဆက်မှု-၁)

'ဟော့... ကိုဉာဏ်ထွန်းရှိန် ရုံးမတက်ဘူးလား'

'ဩော်... စာရေးဆရာကြီး မောင်ကိုဇော် (ဥက္ကလာ)ပါလား။ အထိုင်ဗျာ၊ ကျွန်တော် ခွင့်ယူထားရတယ်ဗျ။ နေမကောင်းလို့'

'ကိုဉာဏ်ထွန်းရှိန်က ဘာရောဂါတွေ ဖြစ်နေလို့တုံး'

'မသိပါဘူးဗျာ။ ဓာတ်မှန်ရိုက်ပြီး ဆေးစစ်ချက်အရကတော့ ကျွန်တော် ကုပ်ဆက်ရိုးအဆစ် (၄ + ၅ + ၆ + ၇)မှာနဲ့ ခါးဆက်နဲ့ (၄ + ၅) အဆစ်တွေမှာ အရိုးကျိုးပေါင်းတက်တဲ့ရောဂါလို့ ပြောကြတာပဲ'

'ဆေး မကုဘူးလား'

'ကုတာမှ စုံနေတာပဲ။ လေ့ကျင့်ခန်းတွေလဲ လုပ်တယ်။ ဒါပေမယ့် အရိုးကျိုးပေါင်းရောဂါကတော့ ကျွန်တော့်ကို နှိပ်စက်နေတုန်းပဲ'

'ဒါဆို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းထဲမှာ ကျွန်တော် ဖတ်လိုက်ရတဲ့ ကိုယ်တိုင် အရိုးကျိုးပေါင်းရောဂါ သက်သာပျောက်ကင်းသွားကြတဲ့ ကိုဘုန်းဝေ၊ ပြီးတော့ ရှေ့နေကြီး ဦးညွန့်လှိုင် (ညည်ပင်)တို့ ကုသကြ၊ သုံးစွဲကြတဲ့ ဆရာမြင့် ကိုယ်တိုင်ကု၊ ထုတ်လုပ်ထားတဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါအတွက် သောက်ဆေး၊ လိမ်းဆေးတစ်စုံကို သုံးစွဲကြည့်ပါလား။

ဒီဆေးဟာဆိုရင် အရိုးကျိုးပေါင်းရောဂါရှင်တွေကို စနစ်တကျ ကုသပေးရာမှ စနစ်တကျ ဖော်စပ်ထုတ်လုပ်ထားတဲ့ ဆေးဖြစ်လို့ သင်များအတွက် အကျိုးမယုတ်နိုင်ပါဘူး'

'ဒါဖြင့် အဲဒီဆရာကြီး ဆရာမြင့်ဆီ ကျွန်တော့်ကို လိုက်ပို့ပေးဗျာ'

'အဲ... လာ သွားကြမယ်'

* * * * * *

'သိပ်လဲ မစိုးရိမ်ပါနဲ့ ကိုဉာဏ်ထွန်းရှိန်ရယ်။ အနာရှိရင် ဆေးရှိပါတယ်။ ဒီခေတ်မှာတော့ ဇက်ကျိုးပေါင်းတို့၊ ခါးကျိုးပေါင်း၊ ဒူးဆစ်ကျိုးပေါင်းတို့၊ ခြေဖနောင့် အတက်ထွက်တာတို့ ဆိုတဲ့ အရိုးဓာတ် ပျက်စီးရာမှ အရွတ်တွေ၊ အကြောတွေ၊ အာရုံကြောများ ရှုံ့ပြီးကြွက်သားတွေ ချို့ယွင်းပျက်စီးတဲ့ အရိုးကျိုးပေါင်းရောဂါဟာ တော်တော် အဖြစ်များနေတဲ့ ရောဂါတစ်ခု ဖြစ်ပါတယ်။ ကျွန်တော့်ဆေးကုခန်းမှာလဲ အရိုးကျိုးပေါင်းရောဂါ အမျိုးမျိုးကို ကုသပေးနေရပါတယ်'

'ဇက်ရိုးကျိုးပေါင်းနဲ့ ခါးရိုးကျိုးပေါင်း လက္ခဏာတွေက ဘယ်လို ရှိပါသလဲ ဆရာ'




ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၀၅၁၃ YR ၀၀၅၃၆၉

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၆/၀၅၁၃

'ကုပ်ဆက်မှာ ကျိုးပေါင်းတက်လာရင်တော့ ဇက်ကြောတွေ တက်ခြင်း၊ ထိုးခြင်း၊ ခေါင်းမကြည်လင်ခြင်း၊ နားထင်ကြောတွေ မျက်ကြောတွေထိုးခြင်း၊ ကိုက်ခြင်း၊ ခေါင်းငုံ့ရင် နောက်ကြော တက်ခြင်း၊ ဆွဲထားသလိုဖြစ်ခြင်း၊ မိုက်ခနဲမူးခြင်း၊ ချာချာလည် အောင်မူးခြင်း၊ ဟိုဘက်ဒီဘက် ခေါင်းလှည့်ရခက်ခြင်း၊ ဇက်ခိုင်ခြင်း၊ ခေါင်းငုံ့မရခြင်း၊ လက်ပြင်ကြော မကြာခဏ ငုပ်တတ်ခြင်း၊ မကြာခဏ အုံးလွဲခြင်း၊ လက်ကြောများကိုက်ခြင်း၊ လက်ဖျားများ ထုံကျဉ်ခြင်း၊ ကြာလာတဲ့အခါ လက်တွေ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ စိတ်ကြည်လင်မှုမရှိခြင်း၊ ဗဟို အာရုံကြောကြီးတွေကို အရိုးကျိုးပေါင်းများမှ ဖိတောက်ပိတ်ဆို့မှုပြုနေရင် အောက်ပိုင်းလေးခြင်း၊ ဆွဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်းများကို ဖြစ်ပေါ် ခံစားရတတ်ပါတယ်။

ခါးဆစ်မှာ ကျိုးပေါင်းတက်နေရင်တော့ ခါး မကြာခဏနာခြင်း၊ တောင့်တင်းကိုက်ခဲခြင်း၊ တင်ပါးဆုံထဲက အောင့်ခြင်း၊ ကိုက်ခြင်း၊ ခြေထောက်အကြောတွေ ကိုက်ခြင်း၊ တင်းခြင်း၊ ခြေဖျားတွေ ထုံကျဉ်လေးလံတတ်ခြင်း၊ ကြာလာပါက ခြေထောက်တွေဟာ သွားရလာရ အားမရှိသလိုဖြစ်ခြင်း စတဲ့ လက္ခဏာတွေကို



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၀၆၁၂YR ၀၀၆၇၀၈

ခံစားရတတ်ပါတယ်။ ပြင်းထန်လာပါက အောက်ပိုင်းတွေ ချည့်သွားစေနိုင်သလို အကြော လုံးဝ သေသွားတဲ့အထိလဲ ဖြစ်ပေါ်စေနိုင်ပါတယ်'

'ဟုတ်ကဲ့ပါဆရာ ကျွန်တော်ဖြစ်နေတာတွေနဲ့ တစ်ထပ်တည်းပါပဲ။ ကျွန်တော့်ကို လိုအပ်တဲ့ အကောင်းဆုံး ကုသမှုတွေ ပေးပါဆရာ'

'လိုအပ်တဲ့ ကုသမှုတွေ ပေးရမယ်ဆိုရင် ကျွန်တော့်ရဲ့ ကုထုံးစနစ်က နှစ်မျိုးရှိတယ်ဗျ။ ပထမစနစ်က စကြာမင်း အရိုးကျိုးပေါင်းပျောက်သောက်ဆေး၊ လိမ်းဆေးနဲ့ ကုသတဲ့နည်း။ ဒီနည်းစနစ်က ကျွန်တော်တို့ရဲ့ဆေးခန်းမှာ အရိုးကျိုးပေါင်းရောဂါရှင်ပေါင်းများစွာကို သုတေသနပြု ကုသရင်းမှ အရိုးကျိုးပေါင်းရောဂါကို ထိရောက်ပျောက်ကင်းတဲ့အတွက် ကျွန်တော့်ဆေးတိုက်က ထုတ်လုပ်တဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် (သောက်ဆေး)နဲ့ လိမ်းဆေးကို ဝယ်ယူပြီး ဆေးညွှန်းအတိုင်း သုံးစွဲတဲ့နည်း ဖြစ်ပါတယ်။

ဒုတိယနည်းကတော့ အစွမ်းထက်တဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်ဆေး (သောက်ဆေး) လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး အနာရောက်ရာ၊ ဆေးရောက်ရာဆိုတဲ့ ရောဂါကို အလျင်အမြန် နှိမ်နင်းတဲ့ ကုထုံးစနစ် ဖြစ်ပါတယ်။

ဒီနည်းစနစ်ကုထုံးကတော့ အရိုးကျိုးပေါင်းဖြစ်ရာ အစိတ်အပိုင်းကို ဆေးကြပ်ထုပ်တွေထိုးပေးခြင်း။ ကျိုးပေါင်းဖြစ်ရာ နေရာရှိ ပျက်စီးနေတဲ့ အရွတ်တွေနဲ့ ပိုလျှံ အရိုးကျိုးပေါင်းတွေကို ခြေဖျက်ပေးနိုင်ပြီး အာရုံကြောတွေ အကြောတွေကို အားရှိပွင့်လန်းစေတဲ့ ဆေးတွေ အုံပြီး စည်းပေးတဲ့စနစ် ဖြစ်ပါတယ်။

ဒီကုထုံးစနစ်နဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး ကုသမှုခံယူရင်တော့ နှစ်ပတ်အတွင်း သက်သာပြီး လေးပတ်မှ ခြောက်ပတ်အတွင်း သက်သာ ပျောက်ကင်းစေပါတယ်'

ကျွန်တော်လဲ အားတက်သွားပြီး စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေးရော လိမ်းဆေးပါ သောက်၊ လိမ်းပြီး ဆရာမြင့်ရဲ့ ဒုတိယကုထုံးစနစ်နဲ့လဲ ကုသမှု ခံယူလိုက်တာ နှစ်ပတ်အတွင်းမှာ သိသိသာသာ သက်သာလာပြီး တစ်လအတွင်းမှာ ကျွန်တော် ခံစားနေရတဲ့ အရိုးကျိုးပေါင်းရောဂါဟာ သက်သာ ပျောက်ကင်းချမ်းသာမှု ရခဲ့ပါပြီ။

'ဆရာ့ကို အရမ်း ကျေးဇူးတင်တာပဲခင်ဗျာ။ ကျွန်တော်ကတော့ တစ်သက်လုံး မပျောက်တဲ့ရောဂါမှ ငါ့ကို လာဖြစ်ရတယ်လို့ စိတ်ဓာတ်ကျနေတာ အခု ဆရာရဲ့ စကြာမင်းဆေးစွမ်းကောင်းနှစ်လက်ကြောင့် ဇက်ကျိုးပေါင်းရောဂါ၊ ခါးရိုးကျိုးပေါင်းရောဂါဘေးမှ စိတ်ရောကိုယ်ပါ လွတ်မြောက်ခဲ့တာပါ ဆရာ'

'ဒီလိုပေါ့ဗျာ အနာမသိတော့ ဆေးမရှိ၊ အနာသိရင် ဆေးရှိတယ်ဆိုတဲ့ ရှေးတိုင်းရင်း ဆေးပညာရှင်ကြီးတွေရဲ့ အဆိုအမိန့်အတိုင်းပေါ့လေ။ အရိုးကျိုးပေါင်းရောဂါလို့ သိရတော့ ဆေးတွေ့ပြီး ဦးလေးရဲ့ရောဂါဟာ သက်သာ ပျောက်ကင်းသွားတာပေါ့'

'ကျွန်တော့်လို ဆရာ့ဆီလာရောက်ပြီး မကုသနိုင်တဲ့ အရိုးကျိုးပေါင်းရောဂါရှင်တွေအတွက် ကိုယ်ချင်းစာမိတယ်ဆရာ'

'ဒီအတွက်တော့ ဘာမှ စိတ်မပူပါနဲ့ ကိုဉာဏ်ထွန်းရှိန်ခင်ဗျားလိုပဲ အများရဲ့ တောင်းဆိုတိုက်တွန်းချက်ကြောင့် ကိုယ်တိုင်ကုပြီး လက်တွေ့ပျောက်တဲ့ စကြာမင်း အရိုးကျိုးပေါင်းပျောက်ဆေးကို ဗဟို တိုင်းရင်းဆေးဝါး မှတ်ပုံတင်ဌာနသို့ မှတ်ပုံတင်စစ်ဆေးမှု ခံယူပြီး ဗဟိုတိုင်းရင်းဆေးဝါးမှတ်ပုံတင်နဲ့ ထုတ်လုပ်ဖြန့်ဖြူးခွင့် ရရှိထားလို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။

ကျွန်တော့်ဆေးခန်းကို လာရောက်ပြီး ကုသမှု မခံယူနိုင်တဲ့ အရိုးကျိုးပေါင်းရောဂါရှင်တွေအနေနဲ့ အမြို့မြို့အနယ်နယ်ရှိ ဆေးမျိုးစုံဆိုင်ကြီးများနဲ့ မိမိတို့ရဲ့ လက်တစ်ကမ်းရှိ ဆေးမျိုးစုံဆိုင်များမှာ စကြာမင်း အရိုးကျိုးပေါင်းပျောက်ဆေး၊ သောက်ဆေး၊ လိမ်းဆေးတစ်စုံကို လွယ်လင့်တကူ ဝယ်ယူပြီး ဆေးညွှန်းပါအတိုင်း စနစ်တကျ သောက်ကြလိမ်းကြရင် အရိုးကျိုးပေါင်းရောဂါဘေးဒုက္ခမှ ကင်းဝေးကြပါလိမ့်မယ်'

'ကဲ... အရိုးကျိုးပေါင်းရောဂါရှင်များ ပေါ့ပေါ့ဆဆ မနေကြပါနဲ့။ ကျွန်တော်ရဲ့ ဇက်ကျိုးပေါင်း၊ ခါးရိုးဆစ်ကျိုးပေါင်းရောဂါကတော့ ဆရာကြီး ဆရာမြင့်ရဲ့ ကုသမှုနဲ့ ကိုယ်တိုင်ကု လက်တွေ့ပျောက်ကင်းတဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်တဲ့ သောက်ဆေး၊ လိမ်းဆေး ဆေးစွမ်းကောင်းနှစ်လက်ကြောင့် ကင်းဝေးခဲ့ပါပြီ။

ကျွန်တော့်လို ဘဝတူ အရိုးကျိုးပေါင်းရောဂါရှင်များအနေနဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်းဆေး တစ်စုံလောက်ကို သုံးစွဲကြည့်လိုက်ပါ။ အရိုးကျိုးပေါင်းရောဂါဘေးမှ ကင်းဝေးကြမှာ အမှန်ပဲ ဖြစ်ပါတယ်။

မှတ်ထားနော် ''စကြာမင်း''လို့ မေးဝယ်ပါ။

**ဆရာမြင့်**
**စကြာမင်းဆေးတိုက်**
အမှတ်-၈/၆၆၆ သုဓမ္မာလမ်းမကြီး
သန္တာမှတ်တိုင်အနီး
မြောက်ဥက္ကလာပမြို့နယ်။

ဦးဉာဏ်ထွန်းရှိန် (စက်မှု-၁)



www.burmeseclassic.com

www.burmeseclassic.com




• ကျောက်တိုင်ထိပ်ရှိ ဘိုးပိုက်ဆံရုပ်တု

ဇော်ဖြ (LL.B)

# ဘိုးပိုက်ဆံ ရုပ်ပွားတော် (၂)

**ယခင်လမှ အဆက်**

[illegible]ကြာမီ သားတစ်ဦး မွေးဖွားရရှိပြီး [illegible]ပြည့်သော် ဖနီး နော်ဝါး ကျန်းမာ[illegible] ချချာပြီး ကွယ်လွန်ခဲ့သည်။ [illegible] သားလည်း ကွယ်လွန်ခဲ့[illegible]။ လက်ဖွဲ့ရထားသော ဆင်လည်း [illegible]သွားပြန်သည်။

[illegible] သံဝေဂ ရသွားပြီး [illegible] တောထွက်ဖို့ ဆုံးဖြတ်[illegible]။ ရွာသူရွာသားများကို နှုတ်[illegible]

[illegible] ယဉ်ကျေးမှုဓလေ့ထုံးစံတို့ကို [illegible]

[illegible]ကို လုံခြုံအောင် ထိန်းသိမ်းပါ။

၃။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဟူသော ဗြဟ္မာစိုရ်တရား လေးပါးကို သတိမလစ် ကျင့်သုံးကြပါဟု မှာကြားခဲ့သည်။

စောဆာဖိုးဝါး အသက်(၃၀)အရွယ်တွင် တစ်ကိုယ်တည်း ရွာမှ ထွက်လာခဲ့ပြီး လူသူ အရောက်အပေါက်နည်းသော တောင်ထိပ်တစ်ခုပေါ် တက်၍ တဲထိုးပြီး တရား အားထုတ်ခဲ့သည်။

ငါးပါးသီလကို အခြေခံထားပြီး မေတ္တာကမ္မဋ္ဌာန်းကို ပွားများအားထုတ်ခြင်းဖြစ်သည်။ ဝတ်ဖြူစင်ကြယ် ဝတ်ပြီး သက်သတ်လွတ်စားကာ အားထုတ်ခြင်းဖြစ်ရာ သူ့ကို ဒေသခံတို့က လူသူတော်ဟု ခေါ်ခဲ့ကြသည်။ ထိုသို့ ကျင့်ကြံအားထုတ်စဉ် အစားအသောက်ပြတ်ပြီး ခွန်အား ယုတ်လျော့အားနည်းကာ သတိလစ်လုနီးပါး ဖြစ်နေရာ...

'ငါ့မြေး ဘိုးပိုက်ဆံ စောင်းတီးသလို တင်းလွန်းရင်းပြတ်၊ လျော့လွန်းရင်ပတ် အလယ် အလတ်ကျင့်မှ အောင်မြင်မယ်'

ဟူသော သတိပေးအသံတစ်သံကို ကြားရသည်။

ထို့ကြောင့် စောဆာဖိုးဝါးမှ သတိပြန်ဝင်ပြီး အစားအသောက်များ ခွန်အားပြည့်စား၍ ဆက်လက်ကျင့်ကြံအားထုတ်ခဲ့သည်။ ထိုအချိန်မှစ၍ စောဆာဖိုးဝါးမှ "ဘိုးပိုက်ဆံ" အဖြစ် နာမည်သစ် ဖြစ်ပေါ်လာခဲ့သည်။

တစ်နေ့တွင် သူ့ဇာတိရွာ နန်း[illegible] ရွာကို အာရုံပြုလိုက်စဉ် [illegible]ရွာ

www.burmeseclassic.com




ဘိုဝိုက်ဆံရုပ်တူရှိသော ကျောက်တိုင်

အဝန်း(၁၀)ပေခန့်၊ အမြင့်ပေ(၃၀)ခန့် ရှိသော အလင်းရောင်ကြီး ထူးဆန်းစွာ ပေါ်လာသည်။ ဝမ်းသာအားရဖြင့် ထို အလင်းလှိုင်းထဲသို့ ခုန်ဝင်လိုက်သည်။ အလင်းရောင်က ရွေ့သွားလိုက်၊ ခုန် ဝင်လိုက်နှင့် နောက်ဆုံး မောပြီးအိပ် ပျော်သွားသည်။

အိပ်ရာမှနိုးတော့ သူ့ဇာတိရွာ နန်းခူခိအနီးသို့ ရောက်ရှိနေကြောင်း သိရတော့သည်။ ရွာမှ ထွက်ခဲ့သည်မှာ (၂)နှစ်ခန့်ကြာပြီ ဖြစ်သည်။ ရွာထဲသို့ ဝင်လာခဲ့၏။

ရွာသူရွာသားများက သူ့ကို ကောင်း စွာ ကြိုဆို ဂါရဝပြုကြသည်။ သူက လည်း ရွာသူရွာသားတို့ကို တရားဓမ္မ ဟောပြသည်။ စုပေါင်း၍ သီလ ဆောက်တည်ခြင်း၊ ဆုတောင်းမေတ္တာ ပို့ခြင်းများ ကျင်းပကြသည်။ (၇)ရက် ပြည့်တော့မှ ရွာမှ ပြန်ထွက်လာခဲ့သည်။

မြမြင်ထားသော ဘိုဝိုက်ဆံပိုင် ထင်(၂)ကောင်ထားသော ဆင်တဲ




တောင်ပေါ် ရောက်သောအခါ...

'ကျွန်ုပ်သည် တရားထူး တရားမြတ် သိမြင်သည်အထိ ကျင့်ကြံအားထုတ်ပါမည်'

ဟု သစ္စာအဓိဋ္ဌာန်ပြုကာ တရား အားထုတ်ပြန်သည်။ ထိုတောင်ပေါ်မှာ စောဝေကျော်က မြေလှူပြီး တောင် ပေါ်ရွာသားတို့၏ အကူအညီဖြင့် သစ် မင်းတိုင်(၃၀)ပါသော ကျောင်း ဆောက် လုပ်လှူဒါန်းသည်။

တောင်ပေါ်သားတို့ကိုလည်း မေတ္တာ ဘာဝနာအကြောင်း ဟောပြောပြခြင်း၊ သတ်လွတ်စားဖို့ တိုက်တွန်းခြင်း ပြုခဲ့



www.burmeseclassic.com

www.burmeseclassic.com

သည်။

'ကိုယ်စားဖို့ တခြားထိရှ စွန်တွေ မသေသင့်ဘူး သူ့အသက်ကို စတေးပြီး ကိုယ့်အသက်ကို မတည့်ဆောက်သင့်ဘူး'


ဤတောင်ပေါ်ကျောင်းသို့ ရပ်နီးရပ်ဝေးမှ ပရိသတ်များစွာ လာရောက်ကြပြီး ဘိုးပိုက်ဆံဟု နာမည်ဂုဏ်သတင်းလည်း ထင်ရှားလာခဲ့ခြင်း ဖြစ်သည်။

ထိုအခါ မနာလို မရှုဆိတ်သူတို့က မကြာခဏ အစိုးရထံ သွားရောက်တိုင်ကြားမှု ပြုခြင်းခံရသည်။ အင်္ဂလိပ်အစိုးရကလည်း ဘိုးပိုက်ဆံကို ခမ်းဆီးစစ်ဆေးချုပ်နှောင်မှုများ ပြုခဲ့သည်။

ထိုအခါ ဟိုးယခင်က ကတိထားခဲ့သည့် သစ်ခေါင်းကြီး စောသက်ဖောထံ သို့သတင်း ရောက်သွားပြီး စောသက်ဖောက မော်လမြိုင်ထောင်ထဲမှ ဘိုးပိုက်ဆံကို အာမခံနှင့် ပြန်ထုတ်ခေါ်လာခဲ့သည်။ မူလ တရားအားထုတ်သော တောင်ပေါ်ကို ပြန်ပို့ပေးပြီး ကျောင်းတစ်ထောင် လှူဒါန်းပေးခဲ့သည်။

စောသက်ဖော လှူဒါန်းခဲ့သော ကျောင်းတစ်ထောင်ကို အရင်းတည်၍ စေတီတည်ထားရန် (၄၉)ရက် ဝစီပိတ်အဓိဋ္ဌာန်ဝင်ခဲ့သည်။ ထမင်းကိုလည်း ဘိုးရှိန်သာစားသည်။ ပိုက်ဆံ (၁၀၀၀) ကို အပုံလိုက်ထားရာ ရပ်နီးရပ်ဝေးမှ ဘုရားဖူးများစွာ လာရောက်ပြီး အလှူငွေများ စုပုံထည့်ဝင်ကြသည်။

ဤသို့ဖြင့် ရွှေကျင်မြို့နယ်အတွင်းရှိ **သက်ကယ်တောင်နှင့် လေချွန်တောင်တို့မှာ** စေတီတော်တစ်ဆူစီ တည်ထားဖြစ်ခဲ့သည်။ သက်ကယ်တောင်မှာ **ထမင်းခြောက်စေတီ၊** လေချွန်တောင်မှာ **သံထည့်စေတီတို့**




ဘိုးပိုက်ဆံအကြောင်းအချို့ ပတ်သက်ရှာသော စာအုပ်အဖုံး

ဖြစ်သည်။

ထိုစေတီတော်များအနီးမှာ (၇)နှစ်ကြာ တရားအားထုတ်ရင်း ရပ်နီးရပ်ဝေးမှ လာရောက်ကြသော ပရိသတ်ဝေနေယျတို့ကို သူတော်ကောင်းတရားပွားများအားထုတ်ဖို့ ဟောပြောညွှန်ပြခဲ့ပါသည်။

တစ်နေ့တွင် တပည့်များကို ဆွမ်း **(၃၃၃)ပွဲ၊ ဖယောင်းတိုင်(၃၃၃)တိုင်** ယူဆောင်ကာ စေတီတော်မှာ လှူဒါန်းပူဇော်ပွဲ ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့သည်။

ဘိုးပိုက်ဆံ အသက်(၃၅)နှစ်အရွယ် သက္ကရာဇ် ၁၂၅၀ ပြည့်နှစ်တွင် ထူထပ်သော တောနက်ကြီးအတွင်း မြေပြန့်တစ်နေရာမှာ ကြီးမားသော ညောင်ပင်ကြီးတစ်ပင်ကို တွေ့ရှိရာ ဤနေရာကား တောင်ပေါ်မြေပြန့် သွေးသားရင်းချာများ ဆုံတွေ့ကာ ရိုးရာအစဉ်အလာ ထိန်းသိမ်းရမည့် ဘူမိနက်သန်ပဲဟု အာရုံရသဖြင့် ထိုညောင်ပင်ကို ဗဟိုပြုကာ ရွာတစ်ရွာ စတင် တည်ထောင်ခဲ့သည်။

ထိုရွာ၏ အမည်မှာ "**ဖဒိုပလော**" ဖြစ်သည်၊ "**ကြီးကျယ်သောကွင်းပြင်**"



www.burmeseclassic.com

www.burmeseclassic.com

ဟု မြန်မာလို အဓိပ္ပာယ်ရှိကြောင်း သိရသည်။


တောင်ပေါ်ဒေသမှ မိဘမောင်နှမ ဆွေမျိုးသားချင်းတို့ကလည်း ထိုရွာသစ်သို့ ရွှေ့ပြောင်းလာကြသည်။ အင်္ဂလိပ်အစိုးရကလည်း လုပ်ကိုင်စားသောက်ဖို့ မြေဧက တစ်သောင်းခွဲ လုပ်ကွက်ခွင့်ပြု ချထားပေးခဲ့သည်။ ယခုတော့ **"ဖဒိုမြို့"**ဖြစ်နေလေပြီ။

ဘိုးပိုက်ဆံသည် သက်ကယ်တောင်နှင့် လေချွန်တောင်တို့ကို စွန့်ခွာလာခဲ့ပြီး ဖဒိုပလောရွာကို တည်ထောင်ခဲ့ပြီးနောက် ခရစ်ယာန်ဘာသာအား လေ့လာမှတ်သားဦးမည်ဟု ဆုံးဖြတ်ကာ သူ့ အပါအဝင် တပည့်(၁၆၇)ဦးတို့ စုပေါင်းကာ ခရစ်ယာန်ဘာသာသို့ ဝင်ရောက်ခဲ့ပြီးနောက် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး စသည့် ဒေသမြို့ရွာအနှံ့အပြားသို့ သွားရောက်ကာ သာသနာဆိုင်ရာ အဆောက်အအုံများ၊ လူမှုရေးဆိုင်ရာ အဆောက်အအုံများ ဆောက်လုပ်လှူဒါန်းခဲ့သည်။

အယူဉ်အပြိုင် အနှောင့်အယှက် အခက်အခဲများစွာလည်း ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။ ပိုးကရင်တိုင်းရင်းသူတစ်ဦးနှင့်လည်း ဒုတိယအိမ်ထောင်ကျခဲ့သည်။ ခရစ်ယာန်ဘာသာဝင်အဖြစ် နှစ်ပေါင်း အတော်ကြာခဲ့ပြီးနောက် ခရစ်ယာန်ဘာသာကိုလည်း စွန့်လွှတ်ခဲ့ပြန်သည်။

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ ပြလင်းရွာမှ စိတ်သဘောညီသော တပည့်များကို စုစည်းပြီး ဖဒိုရွာသို့ ပြန်လာခဲ့သည်။

ခရစ်နှစ် ၁၉၁၁ ခုနှစ်တွင် ဝါးပိုးတိုင်



◆ ဘိုးပိုက်ဆံနေအိမ်တွင် ချိတ်ဆွဲထားသော ကဗျာစာရွက်

သက်ကယ်မိုးဖြင့် **"ဒါမူးလော်ကျောင်း"**ကို စတင် တည်ဆောက်၍ ဗုဒ္ဓဘာသာလည်းမဟုတ် ခရစ်ယာန်ဘာသာလည်းမဟုတ်ဘဲ **"မေတ္တာမြဟွစိုရ် ပြည်တွင်းသာသနာ"**ဆိုသော အယူဝါဒတစ်မျိုးကို သီးခြားတည်ထောင်ခဲ့ပါသည်။

**[ကျွန်ုပ်၏အမြင်မှာ ရှေးပဟောင်းကရင်တိုင်းရင်းသားရိုးရာ "မောလေး"အယူဝါဒ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာ စသည်တို့မှ အဆီအနှစ်အချို့ ထုတ်ယူပြီး သူ၏ ကိုယ်တွေ့များနှင့် ပေါင်းစပ်ကာ ရိုးသားဖြောင့်မတ်သော တိုင်းရင်းသား စကောကရင်၊ ပိုးကရင်တို့နှင့် လိုက်လျောညီထွေဖြစ်မည့် အယူဝါဒ အကျင့်စရဏကို တီထွင်ပေးခဲ့သော ပုဂ္ဂိုလ်ထူးဖြစ်မည်ဟု ယူဆပါသည်။ *စာရေးသူ*]**

ထိုအချိန်မှစ၍ ဘိုးပိုက်ဆံကို



www.burmeseclassic.com

www.burmeseclassic.com



◆ ဘိုးပိုက်ဆံ၏ နေအိမ်အနီးရှိ ရေတွင်း

◆ ပြန်လည်ပြုပြင်ထားသော ဘိုးပိုက်ဆံ နေအိမ်



အကြောင်းပြုပြီး မေတ္တာပြဟ္မစိုရ် တိုင်းရင်း ဘာသာသာသနာတော် အသစ်တစ်ခု မြန်မာနိုင်ငံတော်ကြီးတွင် ပေါ်ပေါက်လာကြောင်း ကျွန်ုပ် ဖတ်ရှုရသည့် ကျမ်းစာအုပ်မှာ ဖော်ပြထားပေသည်။

မေတ္တာပြဟ္မစိုရ် တိုင်းရင်းဘာသာပြည်တွင်းသာသနာတော်ကြီး၏ ရည်ရွယ်ချက်အကျဉ်းကို ဖော်ပြလိုပါသည်။ ထို့မှသာ ဘိုးပိုက်ဆံအကြောင်း ပိုသိနိုင်မည်ဖြစ်သည်။

(က) တစ်နေ့သောအခါ ကမ္ဘာပေါ်တွင် ရိုးရိုးနှင့် အကောင်းဆုံးသော သာသနာအဖွဲ့တစ်ဖွဲ့ ဖြစ်ပေါ်လာစေရန်။
(ခ) မေတ္တာစိတ်ဓာတ် ပြန်လည် ပျံ့ပွားစေရန် ထိုနည်းအားဖြင့် မေတ္တာတရား ပြန်လည် ထွန်းကားလာစေရန်။
(ဂ) ပျက်ပြားလာခဲ့သော လူသားတို့၏ အကျင့်စာရိတ္တကို ပြန်လည် ပြုပြင်နိုင်စေရန်။
(ဃ) ဘုရားစိတ်ဓာတ်၊ တရားစိတ်ဓာတ် ပြန်လည်ထူထောင်ပေးနိုင်ရန်။
(င) ဤတိုင်းနိုင်ငံအပေါ် လူတိုင်း သစ္စာတရား ထိန်းသိမ်းနိုင်ရန်။

ဘုရားဝတ်ပြုသော နေ့ရက်များအဖြစ် **ဗုဒ္ဓဟူးနေ့နှင့် လပြည့်နေ့များကို သတ်မှတ်ထားပြီး** ထိုနေ့များတွင် သာသနာဝင်များအားလုံးက သက်လွတ်စားပြီး ဘုရားကျောင်းများတွင် ဘုရားဝတ်ပြုခြင်းများ ပြုလုပ်ကြရသည်။ ယခုတိုင်အောင် ဝတ်မပျက် ဆောင်ရွက်မြဲဖြစ်သည်။ ◆



www.burmeseclassic.com

www.burmeseclassic.com

ဘိုးပိုက်ဆံ ပြောကြားခဲ့သော သူ၏ ယုံကြည်ချက်တစ်ရပ်မှာ ကမ္ဘာ့လူသား တို့၏ အသိတရား နိုးကြားတက်ကြွပြီး မျက်စိတံခါး ပွင့်လင်းလာသော တစ်နေ့ သောအခါ၌ မေတ္တာပြဗ္ဗဟ္မစိုရ်တရားများ ကို အခြေခံသော သူ၏ သာသနာ သည် ကမ္ဘာ့သာသနာ ကမ္ဘာ့ကျင့်ဝတ် အဖြစ် လူတိုင်း ယုံကြည်လက်ခံလာ ကြလိမ့်မည်ဟူ၍ ဖြစ်သည်။

ထိုစဉ်အခါ ဘိုးပိုက်ဆံ၏ နာမည်မှာ **ဖူးဘူးဘွယ်မူး**ဟု ထင်ရှားပါသည်။ မေတ္တာပြဗ္ဗဟ္မစိုရ် တိုင်းရင်းဘာသာ သာသနာတွင်းမှ နာမည်ဖြစ်သည်။

ဘိုးပိုက်ဆံအနေဖြင့် ပြဗ္ဗဟ္မစိုရ်တရား (၄)ပါးကို အခြေခံသည့် ဘာသာ သာသနာသစ်တစ်ခုကို ခရစ်နှစ် ၁၈၆၆ ခုနှစ်၊ ဇန်နဝါရီလ(၁၉)ရက် သောကြာ နေ့ မြန်မာသက္ကရာဇ် ၁၂၂၇ ခုနှစ်၊ တပို့တွဲလဆန်း(၄)ရက်မှာ စတင် တည်ထောင်ခဲ့ပါသည်။ ထို သာသနာ တည်သော နေ့သို့ ရောက်တိုင်း ဝတ်ပြု ဆုတောင်းပွဲများ ကျင်းပလေ့ ရှိကြ သည်။

ဘိုးပိုက်ဆံ ဆုံးမလေ့ရှိသော စကား မှာ...

> လက်နက်ဆောင်သောသူသည် လက်နက် ဖြင့် ပြန်ရင်ဆိုင်ရမည်ဖြစ်၍ ထိုလက်နက်ဖြင့် သေဆုံးရမည်ဖြစ်သည်။ တရားစောင့်သော သူကို တရားက ပြန်စောင့်ရှောက်မည်။

ဘိုးပိုက်ဆံမှာ ရောဝတီတိုင်းဒေသ ကြီး ဇလွန်၊ ဓနုဖြူ၊ ရေကြည်၊ ပန်းတနော်၊ ကျောင်းကုန်း၊ ကျုံပျော် စသည့် မြို့နယ်တို့မှ ပိုးကရင် အတော် များများကို ပြန်လည် စုစည်းနိုင်ခဲ့ပြီး စကောကရင်နှင့် ပိုးကရင်တို့၏ စည်း လုံးညီညွတ်မှုကိုလည်း ဆောင်ရွက်ပေး နိုင်ခဲ့သည်။

ဘိုးပိုက်ဆံ၏ အသက်(၅၈)နှစ်တွင် တပည့်အမျိုးသား(၈၀)တို့ကို အနီးမှာ ခေါ်ယူ၍ သူကိုယ်တိုင်က ပခက် အတွင်း လဲလျောင်းကာ အလှည့်ကျ လွှဲစေသည်။

'သာသနာ့တာဝန်ကို နှစ်ပေါင်း(၃၀)ကြာ အောင် ဆောင်ရွက်မည်ဟု အဓိဋ္ဌာန်ပြုခဲ့ပြီး ယခု နှစ်ပေါင်း (၃၃)နှစ်ရှိပြီဖြစ်၍ စခန်းသစ် သို့ ခရီးဆက်ရတော့မည်။ ကျွန်ုပ် တာဝန် ပြီးဆုံးခဲ့ပြီ'

ဟု တပည့်များကို နှုတ်ဆက်စကား ပြောခဲ့သည်။

(၇)ရက်ပြည့်သောနေ့တွင် ယနေ့ ညမှာ အရေးကြီးသောနေ့ဖြစ်၍ တပည့် များ အချင်းချင်း အိပ်မငိုက်ကြရန် သတိထားကြသော်လည်း အားလုံး အိပ်ပျော်သွားကြသည်။ နံနက် အရုဏ် တက်ချိန်တွင် ဘိုးပိုက်ဆံ၏ ဆင်မကြီး တစ်ကောင်က ကျယ်လောင်သော အသံကို ပြုမှ အနီးဝန်းကျင်မှ လူများ လန့်နိုးပြီး ကျောင်းဝင်းအတွင်း ဝင် ကြည့်ရာ အိပ်မောကျနေသော တပည့် များကိုသာ တွေ့ကြရသည်။

တပည့်များအားလုံးကို နိူးပြီး ပခက် ထဲ ကြည့်သောအခါ ဘိုးပိုက်ဆံကို မတွေ့ကြရတော့ပေ။ အိမ်ဘေးရှိ ရေ



◆ မြင်လည်းမြင်ဖူးထားသော ဘိုးပိုက်ဆံ၏ ဓိတာနေအိမ်

တွင်းနှုတ်ခမ်းပေါ်မှာ ဘိုးပိုက်ဆံ၏ ကရင်သင်တိုင်းတစ်ထည်ကို တွေ့ကြရ သည်။ ထိုရေတွင်းထဲမှ လူသေ အလောင်းတစ်လောင်း တွေ့သည်ဟု အချို့က ပြောသည်။ အချို့က ငှက် ပျောတုံးတစ်တုံးဟု ပြောသည်။ အချို့ က ဘိုးပိုက်ဆံအလောင်းဟု လည်း ကောင်း၊ အချို့က မဟုတ်ဟု လည်း ကောင်း ငြင်းခုံကြသည်။

သို့သော် အမြော်အမြင်ရှိသော လူ ကြီးအချို့က ညှိနှိုင်းတိုင်ပင်ပြီး ရေတွင်း ထဲမှ ဘိုးပိုက်ဆံအလောင်း ရရှိကြောင်း အားလုံး လက်ခံစေခဲ့သည်။ သို့မဟုတ် လျှင် ဘိုးပိုက်ဆံ ပျောက်ဆုံးမှုဖြင့် အင်္ဂလိပ်အစိုးရက ဝ-ပည့်များအပေါ် ပြဿနာ လုပ်မည်စိုးသောကြောင့်ဟု ဆိုသည်။

မြန်မာသက္ကရာဇ် ၁၂၇၄ ခုနှစ်၊ ဝါဆိုလဆုတ်(၁၅)ရက်တွင် ဘိုးပိုက်ဆံ ၏ ဈာပနပွဲ ကျင်းပခဲ့ကြသည်။

ဘိုးပိုက်ဆံ၏ ရေတွင်းထဲမှ လူသေ အလောင်း တွေ့သည်ဆိုသော နံနက် ပိုင်းမှာပင် ဖဒိုရွာပြင်ရှိ လယ်သမား တစ်ဦးက သူ့လယ်အနီးမှ ဘိုးပိုက်ဆံ ဖြတ်သွားသည်ကို တွေ့



www.burmeseclassic.com

www.burmeseclassic.com

မြင်ခဲ့ကြောင်း၊ အရှေ့ဘက်အရပ်သို့ သွားမည်ဟု ပြောသွားကြောင်း၊ ယခု ဘိုးပိုက်ဆံအလောင်း တွေ့သည်ဆို၍ မယုံကြည်ဘဲ လာကြည့်ခြင်းဖြစ်ကြောင်း ဘိုးပိုက်ဆံနေအိမ်ရှိ တပည့်များကို ပြောပြသည်။

ထို့နည်းတူ ဘိုးပိုက်ဆံအလောင်း တွေ့ရသည်ဆိုသော နေ့က ရပ်နီးရပ်ဝေးမှ မီးရထားဖြင့် လာရောက်ကြည့်ရှုကြရပြုသော ပရိသတ်များ ပိန်းဇလုပ်ဘူတာရောက်သောအခါ ရှုံ့ပိုင်ကြီးက အုံ့ညြတကြီး ဖြစ်နေသည်။

ထိုနေ့ နံနက်စောစောပိုင်းကပင် ဘိုးပိုက်ဆံ ရန်ကုန်သို့ ရထားစီးပြီး ခရီးသွားရန် လာရောက်ခဲ့ကြောင်း၊ မိမိနှင့်ပင် စကားပြောခဲ့ကြောင်း ရထားစောင့်ရင်း လက်ဖက်ရည် အတူ တူသောက်ခဲ့ကြောင်း၊ မီးရထား ဆိုက်ရောက်လာသောအခါ ဘိုးပိုက်ဆံ ရထားပေါ်သို့ တက်ရောက်လိုက်ပါ သွားသည်ကို ယခုတိုင် ပြန်လည်မြင်ယောင်နေသေးကြောင်း ပြောပြပြန်သည်။

ဤသို့ဖြင့် ဘိုးပိုက်ဆံ၏ စခန်းသစ်သို့ ခွက်ခွာကြွလှမ်းမှုမှာ ပြီးမြောက်သွားခဲ့ပါတော့သည်။

ဘိုးပိုက်ဆံတွင် နာမည်(၄)မျိုး ရှိခဲ့ကြောင်း သိရသည်။

၁ [illegible](ငယ်နာမည်)

၂ ဘိုးပိုက်ဆံ (ဗုဒ္ဓဘာသာနည်းဖြင့် တရားအားထုတ်စဉ် ထင်ရှားသောနာမည်)

၃ [illegible] (ခရစ်ယာန်ဘာသာသို့ ဝင်ရောက်စဉ် ရရှိသော နာမည်)

၄ [illegible] (မေတ္တာပြဗုဒ္ဓစိုရ် သာသနာပြုစဉ် ထင်ရှားသောနာမည်)

ဘိုးပိုက်ဆံ၏ ဇာတ်လမ်းက မဆုံး [illegible] ခရစ်ယာန်ဘာသာသို့ မဝင် [illegible] သူ့ကိုယ်စား ဆက်လက် သာသနာပြုနေရန်အတွက် သူနှင့်တူသော အမျိုးသားတစ်ဦးကို ဘိုးပိုက်ဆံဟူသောနာမည် ဆက်ခံစေခဲ့ကြောင်း။ ထိုအမျိုးသားမှာလည်း ဘိုးပိုက်ဆံဟူသော နာမည်ဖြင့် ဗုဒ္ဓဘာသာ သာသနာပြုအဖြစ် သေတစ်ပန်သက်တစ်ဆုံး ဆက်လက်ဆောင်ရွက်နေထိုင်သွားကြောင်း သိရှိရပြန်သော ကြောင့် ဖြစ်ပါသည်။

ဘိုးပိုက်ဆံနှင့် ပတ်သက်သော ထူးခြားအံ့ဖွယ် ဖြစ်ရပ်များလည်း ကျန်ရှိပါသေးသည်။

ကျွန်ုပ်အနေဖြင့် ဘိုးပိုက်ဆံ စေတီ တည်ခဲ့သော သက်ကယ်တောင်နှင့် လေချွန်တောင်များသို့ သွားရောက်ပြီး ဘိုးပိုက်ဆံနှင့် ပတ်သက်သော နောက်ပိုင်းဖြစ်ရပ်များကို ထပ်မံလေ့လာ စုံစမ်းရန် လိုပါသေးသည်။

ဖြစ်နိုင်လျှင် ဘိုးပိုက်ဆံ၏ ဇာတိ ရပ်ရွာဖြစ်သော နန်းခူခိရွာသို့လည်း သွားချင်သေးသည်။ ဘိုးပိုက်ဆံ သာသနာပြုခဲ့သော မြို့ရွာဒေသများသို့ လည်း သွားရောက်ပြီး လေ့လာစုံစမ်းမှုများပြုဖို့ လိုသေးသည်။

စောဆာဖိုးဝါးခေါ် ဘိုးပိုက်ဆံအစစ် နှင့် ဘိုးပိုက်ဆံက လွှဲပေးခဲ့သော ဒုတိယ ဘိုးပိုက်ဆံတို့အကြောင်း ကွဲကွဲပြားပြား သိဖို့လည်း လိုသေးသည်။

ထို့ကြောင့် ယခုဆောင်းပါးကို **ဘိုးပိုက်ဆံရှာတော်(၁)**ဟု နာမည် တပ်ထားခြင်း ဖြစ်ပါသည်။ ဘိုးပိုက်ဆံ ရှာတော်ပုံ(၂)ကို ဆက်လက် ဖော်ပြနိုင် အောင် ကြိုးစားပါဦးမည်။

***စေတနာမှန်လျှင် ကံကောင်းမည်။***

**အောင်ဇ(LL.B)**

---

**မည်သူမဆိုပါဝင်ရေးသားနိုင်ပါသည်...**

စာမူပို့ရန်...

**ဦးကျော်မိုးသိန်း**
**စာတည်းချုပ်**
**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**
**အမှတ် ၂၃၃၊ (၂၉)လမ်း၊**
**ပန်းဘဲတန်းစာတိုက်၊**
**ရန်ကုန်မြို့။**
**ဖုန်း-၂၄၂၂၈၄**

www.burmeseclassic.com

▶ ဝ ကြော် ငြာ ဝ ဆော င်း ပါ း ◀

မှတ်ပုံတင် - သေသ္၄ y ဘေထုမ် လိုင်စင် ၇၂၁၁၁၊ တဆယလတိုး (၁၃၁၂)

## နှလုံးရောဂါ ကင်းဝေးအောင်

# မုံရွာဆရာမိုး

အမှတ်တံဆိပ်

# အမောလုံ နှလုံးအားဆေးကိုဆောင်

“ ဆရာကိုယဉ်တင့်နဲ့ တွေ့ချင်နေတာ အတော်ပဲ။ ခုတလော အသက်ရှူကျပ်ပြီး မောတယ်ဗျာ။ ညဘက်လည်း အိပ်မပျော်ဘူး။ တစ်ခါတစ်ရံ နှလုံးနေရာက အောင့်တယ်။ ကိုယဉ်တင့်က တိုင်းရင်းဆေး သုတေသီဆိုတော့ ကျွန်တော့်ရဲ့ ဝေဒနာကို ဆန်းစစ်ပါဦး ”

“ ကိုချစ်ဆွေ ခံစားနေရတာ နှလုံးရောဂါပါ။ နှလုံးရောဂါဟာ ကံ၊ စိတ်၊ ဥ တု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်စားသောက်မှုမရှိတဲ့အတွက် ဖြစ်ရတဲ့ရောဂါပါ။ အထူးသဖြင့် စိတ်ကြောင့် ဖြစ်ရတာများပါတယ်။ လောဘ၊ ဒေါသ၊ မောဟ လွန်ကဲတဲ့သူတွေ ပရိဒေဝမီးတောက်လောင်ပြီး၊ နှလုံးအိမ်ကို လောင်မြိုက်တဲ့အတွက် နှလုံးရောဂါဖြစ်စေတာပါ ”

“ နှလုံးရောဂါဟာ စိတ်ကြောင့်ဖြစ်ရတယ်ဆိုတာ လက်ခံပါတယ်။ ဆက်ပြောပါဦး ”

“ နှလုံးဟာ မွေးဖွားသည့်မှ အသက်ရှင်နေသမျှကာလပတ်လုံး နေ့၊ ညမပြတ် အလုပ်လုပ်ရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခုပါ။ နှလုံးရောဂါ ခံစားနေရတာမသိဘဲ သန္ဓိပါတ်နှလုံးရောဂါဖြစ်လာပြီဆိုရင် ညဘက် အိပ်မပျော်ခြင်း၊ မူးခြင်း၊ မောခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပူခြင်း၊ အသက်ရှူကျပ်မောခြင်း၊ နှလုံးနေရာမှ အောင့်ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ ဘယ်သူမှ စကားမပြောဘဲ စကားပြောသံကြားရခြင်း(စိတ်မှ ထင်မှတ်ခြင်း)၊ နှလုံးနေရာမှာ အပ်နဲ့ဆွသလို နာကျင်ခြင်း၊ လက်သည်းခွံအရောင်မမှန်ခြင်း၊ လက်သည်းများပြာ နှမ်းလာခြင်း၊ အိပ်နေရင်း ကယောင်ကတမ်းပြောခြင်း၊ သွေးစမ်းကြည့်ပါက သွေးတိုးမမှန်ခြင်း၊ နှလုံးနေရာ အောင့်နေခြင်း၊ တစ်ကိုယ်လုံး အေးစက်နေခြင်း၊ လေးလံနေခြင်းစတဲ့ လက္ခဏာတွေ ဖြစ်တတ်တယ် ကိုချစ်ဆွေ ”

“ ကိုယဉ်တင့် ပြောခဲ့တဲ့ နှလုံးရောဂါလက္ခဏာတွေထဲက ကျွန်တော် ခံစား နေရတဲ့ အချက်သုံးမျိုးနဲ့ တူတယ်ဗျ။ ဒါဆို ဘာဆက်လုပ်ရမှာလဲ ”

“ ကိုချစ်ဆွေ ခံစားနေရတာ ဘယ်လောက်ကြာပြီလဲ။ ဖြစ်တာမကြာသေးဘူးဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပြီး ရောဂါသက်ကြာရင်တော့ ဆေးရုံဆေးခန်းပြရမှာပေါ့ ”

“ ကျွန်တော် ခံစားနေရတာ ဆယ်ရက်၊ ဆယ့်ငါးရက်လောက်ပဲ ရှိသေးတယ် ”

“ ဒါဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပါတယ် ”

“ သက်သာပျောက်ကင်းဖို့ဆိုရင် ဘယ်ဆေးစားရင် ကောင်းမယ်ဆိုတာ ကိုယဉ်တင့် ညွှန်ပြပေးပါဦး ”




“ သမားတော်ကြီး မုံရွာဆရာမိုး ကိုယ်တိုင် ကုသအောင်မြင်ခဲ့တဲ့ **မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံနှလုံးအားဆေး** သောက်ရင် ကိုချစ်ဆွေ ခံစားနေရတဲ့ နှလုံးရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် ”

“ ဒါဆို မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးသောက်မယ်ဗျာ။ ဆေးအညွှန်းကို သိပါရစေ ”

“ ကဲ ကိုချစ်ဆွေ နားထောင် ပြောပြမယ်။ အညွှန်းက နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ ရင်ညွှန့်၌ ရူး၍ အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန်မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ်လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းခြင်း မူးဝေခြင်း။ စိတ်ဖိစီးမှုများ၍ အိပ်မပျော်၊ စားမဝင်၊ စိတ်မကြည်ခြင်း၊ အားအင်ကုန်ခမ်းစိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်တယ်တဲ့ ”

“ ကိုယဉ်တင့် ညွှန်မှတော့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားတိုးဆေးဟာ ဆေးစွမ်းကောင်းတစ်လက်ဖြစ်တာ သေချာတယ်။ သောက်မယ်ဗျာ။ အဲဒီဆေးကို ဘယ်ဆိုင်တွေမှာ ဝယ်ရင်ရနိုင်မှာလဲ ”

“ အဆိကျ၊ အကြောပြေ၊ ဆီး၊ ဝမ်း မှန်စေတဲ့ မုံရွာဆရာမိုးရဲ့ ရောက်တစ်လုံး ဝမ်းပှန်ဆေးဟာ တိုင်းသိပြည်ကျော်ဖြစ် ပြီးသားမို့ အထူးညွှန်းစရာမလိုတဲ့ ဆေးဖြစ်ပြီး ခုအသစ်တဖန် ထုတ်လုပ်လိုက်တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုလည်း မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် ဝယ်ယူရရှိနိုင်ပါတယ်။ ကဲ ကိုချစ်ဆွေ ယုံယုံကြည်ကြည် သောက်ကြည့်လိုက်စမ်းပါ။ ခင်ဗျား ခံစားနေရတဲ့ နှလုံးရောဂါဝေဒနာဟာ သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် ”

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံး ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊**

အမှတ်-(၈၂/၃၅၆)သေတာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း၀၁-၆၉၁၀၇၉ ၊ ၀၉-၅၁၀၈၆၁၂

**ပြောင်းပြ မောင်ယဉ်တင့်**



www.burmeseclassic.com

www.burmeseclassic.com

တဘောင်ထဲက ဖြစ်ပေါ်လာသည့် မြိတ်မြို့

# စုံလေးစုံစေတီ (၂)

ရွှေဦး (မြိတ်)

ယခင်လမှ အဆက်

## ခြေရာစုံ ရွှေတိဂုံလေးစေတီ

ဆရာတော် ဦးဂန္ဓမာသည် ဆေးဝက်ပါဆရာတော် ဦးသူရိယနှင့် အတူ **စုံလေးစုံစေတီ**များကို တည် ထားရာ၌ ပါရမီဖြည့်ဖက် "**မေတ္တာရှင် သာသနာပြု**"**ဆရာတော်ကြီးတစ်ပါး** ဖြစ်ပြီး တရားပြ အလွန်ထက်မြက် သော ဆရာတော်ကြီးဖြစ်လေသည်။

ဆရာတော်ဦးဂန္ဓမာသည် စာရေး သူ ရောက်ရှိသွားရောက် တွေ့ဆုံသည့် အချိန်(၂၀၀၂ ခုနှစ်)တွင် **သက်တော် (၈၄)နှစ်၊ ဝါတော်(၆၄)ဝါရှိပြီး** လေငန်းရောဂါကို ခံစားလျက် စကား ပင် မပြောဆိုနိုင်ဘဲ မြိတ်မြို့၊ တပ်ပြင် ရှိ ဘုရားကြီးကျောင်းတိုက်၌ပင် သည့် ရဟန်းသံဃာတော်များနှင့် ဒါယကာတို့၏ ပြုစုမှုဖြင့် သီတင်းသုံး နေပြီး ဘုရားကြီးကျောင်းတိုက်အား လည်း မြိတ်မြို့ တောကျောင်းဂိုဏ်း အား လွှဲပြောင်း ပေးအပ်ထားသည်ကို သိရှိရပေသည်။

ဆရာတော်ဦးဂန္ဓမာသည် ဖန်းစုံစေတီမှ (၂၀)ခန့်အကွာ ဒေဝါတောင်နံဘေးတွင် တည်ကပ်နေသော အမြင့်(၁၅)ပေခန့်ရှိ ကျောက်မျိုးစုံတို့၏ ခြေရာများပေါ်နေသော ကျောက်တုံးကြီးအား မြင်၍ ဂန္ဓကုဋိတိုက် တည်ဆောက်ပြီး မြောက်ဘက်သို့ မှန်ဦး ရှိသော ယင်းအတွင်း၌ ဂန္ဓာရီကျင့်စဉ်နှင့် အညီ ရှုမှတ်နိုင်ရန် နေရာထိုင်ခင်း ပြုလုပ် ထားလေသည်။




● ဖန်းစုံစေတီ ရွှေတိဂုံလေးဘုရားတည် ဆရာတော်ဦးဂန္ဓမာ

ထိုဂန္ဓကုဋိတိုက်ပေါ်တွင် **ပုံစံတူ ဉာဏ်တော်အမြင့် (၇)တောင်ခန့်ရှိ စေတီငယ်(၄)ဆူနှင့်အတူ ၁၃၄၂ ခုနှစ်၊ တပို့တွဲလဆန်း (၁၁)ရက်နေ့** တွင် **ဉာဏ်တော်အမြင့်(၁၅)တောင် ခန့်ရှိ ရွှေတိဂုံလေး**ဟု ဘွဲ့တော်ဖြင့် တည်ထားခဲ့ပြီး ထိုနေရာအား **အောင် မြေ**အဖြစ်လည်း သတ်မှတ်ထား ကြောင်း သိရပေသည်။

ဖန်းစုံစေတီတော်၏ မြောက်ဘက် (၁၅)ပေခန့်အကွာတွင် ဆေးဝက်ပါ ဆရာတော် ဦးသူရိယ၏ ပုံစံတူရုပ်တု နှင့်အတူ ဆရာတော်ဦးသူရိယ အထိမ်း အမှတ်အမြင့်(၂၅)ပေခန့်ရှိ ပစ္စယံ ထက်၌ ဉာဏ်တော်(၉)တောင်ခန့်ရှိ လွှမ်းစေတီကို ဖူးတွေ့ရပြီး ထိုအနီးတွင် **ဒေါင်းမင်း၊ သူရဿတီ၊ ရှင်ဥပဂုတ္တ ရုပ်တုများ**ကို မြင်တွေ့ရပြီး ဆရာ တော် ဦးဇောတိပါလ၏ မယိုင်မလဲ တောရကျောင်းလေးကို ကြည်နူး

www.burmeseclassic.com



▲ ဗုဒ်ဓနုံစေတီအနီးမှ ကျောက်လုံးတောစေတီ


▼ မင်းကောရာဇ်ဆောင်နှင်းသည်ဆိုသော
ယူဆရသည့်
တောင်ပိုင်းဘိုးဘိုးရုပ်တု(ဗုဒ်ဓနုံစေတီ)



▲ ဗုဒ်ဓနုံစေတီ(ဘုတ်ကျောင်းကျေးရွာ) (၁၃၁၃)

▼ ဗုဒ်ဓနုံစေတီ၏ ကမ္ဗည်းစာ







www.burmeseclassic.com

www.burmeseclassic.com





◆ ဗုဒ်စုံစေတီအနီးမှ တံခွန်တိုင်ဘုရား

◀ ဗုဒ်စုံစေတီမှ မူလကျိုက်ထီးရိုးစေတီ

ဝေဖြာ သိမြင်ခဲ့ရပေသည်။

## ဗုဒ်စုံစေတီ

**ဗုဒ်စုံစေတီ**တည်ရှိရာ ကျိုက်ထီးရိုး ဗုဒ်စုံကျောင်းတိုက်သည် **မြိတ်မြို့နှင့် (၃)မိုင်ခန့်အကွာ** မြိတ်လေဆိပ် တည်ရှိရာ မြို့ပတ်လမ်းကို ကျော်ဖြတ်၍ တပ်မတော်လေတပ်စခန်းကို ဖြတ်ချက် (၂)မိုင်ခန့် ရောက်လျှင် ဘုတ်ချောင်းကျေးရွာရှိ တောင်ခြေဥယျာဉ်များကြားမှ ကတ္တရာလမ်းငယ်အတိုင်း ဘက်ရောက်လျှင် တွေ့ရသည်။

ဆရာတော်ဦးသူရိယသည် ဒုတိယအကြိမ် ၁၃၁၃ခုနှစ်၊ နတ်တော်လဆန်း (၁)ရက် သောကြာနေ့ဟု ရေးထိုးထားသည့် ရှေးဟောင်းဘုရားငုတ်တိုအား ခြုံငုံ၍ ဉာဏ်တော်အမြင့် အတောင် (၃၀)ခန့်ရှိ **ဗုဒ်စုံစေတီ** တည်ထားပြီး ပထမပစ္စယံတွင် အနောက်ဘက်သို့ မှန်ဦးပြု၍ ယင်းအတွင်း၌ အပူဇော်ခံ ရုပ်ပွားတော်ငယ်တစ်ဆူကို ထားရှိပြီး ယင်းဒုတိယပစ္စယံတွင် ဖော်ပြပါ ဘုရားတည် သက္ကရာဇ်ကို မြင်တွေ့ရပေသည်။

ဆရာတော်ဦးသူရိယသည် ဗုဒ်စုံစေတီတော်အား မင်းကေရာဇ် စောင့်ကြပ်သည် အဆိုပြု၍ မင်းကေရာဇ်ရုပ်တု ပြုလုပ်ထားရှိသည်ဟု မှတ်တမ်းမှတ်ရာများတွင် လေ့လာသိရှိရသော်လည်း စာရေးသူ ရောက်ရှိသည့်အခါ လေ့လာရှာဖွေရာတွင် မတွေ့ရပေ။ သို့သော် စေတီတော်နှင့် ပေ(၇၀)ခန့် အကွာ အနောက်တောင်ကမ်းပါးအနီးတွင်မူ **"တောင်ပိုင်ဘိုးဘိုး"**ဟု ကမ္ပည်းရေးထိုး၍ အရှေ့ဘက်သို့ မျက်နှာမူရပ်နေသော ရုပ်တုတစ်ခုကို အဆောင်တစ်ခုဖြင့် မြင်တွေ့ရပေသည်။

ဗုဒ်စုံစေတီနှင့် မနီးမဝေး အနောက်တောင်ထောင့်တွင် ကြည်ညိုဖွယ် ကျိုက်ထီးရိုးပုံစံတူ စေတီငယ်တစ်ဆူ၊ ဉာဏ်တော်အမြင့် (၂၅)တောင်ခန့်ရှိ **တံခွန်တိုင်ဘုရား**ကို လည်းကောင်း၊ ဉာဏ်တော်အမြင့်(၇)တောင်ခန့်ရှိ ပုံစံတူ စေတီငယ်(၄)ဆူဝန်းရံထားရှိပြီး ဉာဏ်တော်အမြင့် (၁၈)တောင်ခန့်ရှိ ရှေးဟောင်း **အောင်နန်းတော်စေတီ**ကို လည်းကောင်း၊ တောင်ဘက်တွင် ဉာဏ်တော်အမြင့် (၂၁)တောင်ခန့်ရှိ ကမ္ဘာလုံးအေးစေတီ၊ ဉာဏ်တော်အမြင့်(၂၃)တောင်ခန့်ရှိ ကိုးနဝင်းစေတီတို့ကို ဖူးတွေ့ရပေမည်။


**ဗုဒ်စုံစေတီအနီးရှိ မြောက်ဘက်သို့**



www.burmeseclassic.com

www.burmeseclassic.com





◆ ဗုဏ်ဆုံစေတီ ပထမပစ္စယံအတွင်းမှ အပူဇော်ခံ ရုပ်ပွားတော်


◆ ဗုဏ်ဆုံစေတီအနီး ရှေးဟောင်းဘုရား ရုပ်ပွားတော်(၃)ဆူ


◆ ဗုဏ်ဆုံစေတီအနီးမှ
ကိုးဆင့်စေတီ

◆ ဂန္ဓာရဆန်သော
သဘာဝဓနိုင် ပန်းချီကား



◆ ဗုဏ်ဆုံစေတီအနီးမှ ရှေးဟောင်းကျွန်းသား လျောင်းတော်မူ ရုပ်ပွားတော်







www.burmeseclassic.com

www.burmeseclassic.com





◆ ကျိုက်ထီးရိုး ဗုဒ်စုံကျောင်းတိုက် ဆရာတော် ဦးပဏ္ဍိတ

◆ ဗုဒ်စုံစေတီအနီးမှ ဓာတ်နန်းတော်စေတီ

…ထားသော ရှေးဟောင်းသိမ်မှာ …ဒ်စုံစေတီတော်ထက် သက်တမ်း …ကြောင်း သိရှိရပြီး ယင်းသိမ် …တွင်း၌ ဉာဏ်တော်(၁)တောင်ခန့်ရှိ …တော်မူ ရှေးဟောင်းရုပ်ပွားတော်ကို …ထား၍ ထားရှိပြီး ဉာဏ်တော်အမြင့် …တောင်ခန့်ရှိ ထိုင်တော်မူ ရှေး …ဟောင်း ရုပ်ပွားတော်(၂)ဆူကို ဝဲယာခြံရံ… ဖူးတွေ့ရပေသည်။

…ဒ်စုံစေတီတော်မှ အနောက် …ဘက်တွင် **ခြေရာတော်တစ်ဆူ** …နဂါးခံပလ္လင်ဖြင့် ပူဇော်ထားရှိပြီး …ဘက်သို့ မျက်နှာမူထားသော …လာ နတ်သမီးရုပ်တုကိုပါ …ဖူးတွေ့ရလေသည်။ ယင်းအနီးမှာပင်

ကျွန်းသားဖြင့် ကြည်ညိုဖွယ် ထုလုပ်ပူဇော်ထားရှိသော ရှေးဟောင်းပန်းပုလက်ရာမှာ ဉာဏ်တော် အလျား (၃) တောင်ခန့်၊ ဦးခေါင်းတော်အမြင့် (၉) လက်မခန့်ရှိ လျောင်းတော်မူ ရုပ်ပွားတော်ကိုပါ ဖူးမြင်ရပေမည် ဖြစ်သည်။

သက်တော်(၆၀)နှစ်၊ ဝါတော်(၃၉) ဝါရှိ ကျိုက်ထီးရိုးဗုဒ်စုံကျောင်းတိုက် ဆရာတော် ဦးပဏ္ဍိတ ကျောင်းတိုက်ပေါ်၌ ထိန်းသိမ်း စောင့်ရှောက်ထားသော **မိသားစုထိုင်၍ လက်အုပ်ချီလျက် ခနီဖက်ကို ဘုရားအား လှူဒါန်း ပူဇော်နေဟန်** ဂမ္ဘီရဆန်သော ပန်းချီကား ဓာတ်ပုံအား ပြသပါသည်။

ထိုပန်းချီကားပါ သဘာဝအစစ်အမှန် ခနီပင်ကို (၂-၂-၈၆)နေ့တွင် အမည်မသိ အမျိုးသမီးတစ်ဦးမှ လာရောက်လှူဒါန်းခဲ့ရာ ယင်းခနီပင်မှာ လူက ပြုပြင်ဖန်တီးထားခြင်း မရှိဘဲ ပုံတွင် မြင်တွေ့ရသည့်အတိုင်း နဂါးပုံကဲ့သို့ ဖြစ်ပေါ်နေသဖြင့် ဂမ္ဘီရဆန်၍ ထူးခြားသော သဘာဝခနီပင်အား ဓာတ်ပုံရိုက်ကူးပြီး ကာလကြာမြင့်ပါက ပျောက်ပျက်မည်စိုးသဖြင့် ပန်းချီပုံတူကို ရေးဆွဲလျက် **ဘောဂဒီ(ခေါ်) စောခေါင်နဂါးနီမ မိသားစုကောင်းမှု** ဟု ကမ္ပည်းစာ ရေးထိုးချိတ်ဆွဲထားပေသည်။

ယခုအခါ ဗုဒ်စုံစေတီတော်အား ကျိုက်ထီးရိုးဗုဒ်စုံကျောင်း ဆရာတော် ဦးပဏ္ဍိတသည် ဘက်စုံဖွံ့ဖြိုးရေးအတွက် သာသနာအကျိုး သယ်ပိုးလျက်ရှိသည်ကို သိရှိရပေသည်။

ရှေ့လ ဆက်ဖတ်ပါရန်

ရွှေဦး (မြိတ်)



www.burmeseclassic.com

www.burmeseclassic.com



# ၁၃၇၆ ခုနှစ်မှာ

ခုနှစ်ရက်သားသမီးများအတွက် ကောင်းကျိုးဝေဖြာ ရကြစေဖို့

ဦးသန်းမြင့် (တသာတ)

ဝိဇ္ဇောတာရုံ ကျောင်းတိုက်တွင် ကျင်းပသော ကထိန်အလှူတော်သို့ စာရေးသူ သွားရောက်ခဲ့ပါသည်။ ယခုနှစ် ကထိန်ဒကာမှာ ဟသ်ာတမြို့ အထွေထွေရောဂါကု ဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်း မိသားစုနှင့် အများစုပေါင်းသော မဟာဘုံကထိန် ဖြစ်ပါသည်။

စာရေးသူ ရောက်သွားသောအခါ မိတ်ဆွေများ ဖြစ်ကြသော ဦးလှမြင့်အောင်၊ ဦးသန်းညွှန့်၊ ဦးမျိုးချစ်တို့မှ ကြိုဆို ဧည့်ခံပေးကြပါသည်။

ထို့နောက် ကထိန်အကျိုးဆောင် လူကြီးများနှင့်လည်း မိတ်ဆက်ပေးပါသည်။ အာလာပသလ္လာပ စကားများ ပြောဆိုနေကြစဉ် ဦးသန်းညွှန့်မှ စတင်၍...

'ကဲ စာရေးဆရာရေ လာမယ့် ၁၃၇၆ခုနှစ်အတွက်လဲ လုပ်စမ်းပါဦးဗျာ'

ဟု ပြောရာ...

'ခင်ဗျားကလဲ အရင်းမရှိ အဖျားမရှိ ဘာကို လုပ်ရမှာလဲဗျာ'

ဟု ပြန်မေးသောအခါ...

'အေးဗျာ စကားပြော လိုသွားတယ် ဒီလိုပါ ခင်ဗျားက နှစ်စဉ်အလိုက်ပေါ့ဗျာ။ မနှစ်က ၁၃၇၅ ခုနှစ်မှာ ဘာကို ပုတီးစိပ်ရမယ် ဆိုတာမျိုးပေါ့။

ခုလဲ လာမယ့် ၁၃၇၆ ခုနှစ်အတွက် ပုတီးစိပ် ကျင့်စဉ်လေးတစ်ခုလောက် ပြောပြပါဦး၊ အားလုံးလဲ သိရှိ ကျင့်ကြံနိုင်ပေါ့ ဟုတ်ဖူးလား ကိုလှမြင့်အောင်'

ဟု ဦးသန်းညွှန့်မှ ပြန်၍ ပြောပြပါသည်။ ထိုအခါ အနားရှိလူများကလည်း...

'ဟုတ်တာပေါ့ဗျာ ကျွန်တော်တို့လဲ သိရအောင် ပြောပြပေးပါဦး'

ဟု ဝိုင်းပြောကြပါတော့သည်။

'ကောင်းပြီလေ အားလုံးက စိတ်ထက်သန်နေမှတော့ ပြောပြရတာပေါ့'

ဟု ဆိုကာ စာရေးသူမှ ပြောပြလိုက်ပါသည်။

'၁၃၇၆ ခုနှစ်မှာ ခုနစ်ရက်သားသမီးများအတွက် ကောင်းကျိုးဝေဖြာရစေဖို့ အတွက်ကျင့်စဉ်တစ်ခုကိုပြောပြပါ့မယ်။

ဒီလိုဗျ... ၁၃၇၆ ခုနှစ်မှာ မဟာဘုတ်အရသိုက်ဌာနမှာ သောကြာရှိတယ်။ ဒီတော့ သောကြာနံနဲ့စတဲ့ သမ္ဗုဒ္ဓေါတကို အဓိဋ္ဌာန် ပုတီးစိပ်ရမယ်။ အနည်းဆုံး ပုတီးတစ်ပတ်တော့ စိပ်ရမယ်။ ပြီး အဓိဋ္ဌာန်ဝင်တဲ့ အချိန်ကစပြီး မပျက်မကွက် ဆောင်ရွက်ရမယ်နော်'

'ဟုတ်ပြီ ဒါဆိုရင် လုပ်မယ်ဗျာ'

ဟု ဦးမျိုးချစ်မှကောက်ခါငင်ခါ ပြောပါတော့သည်။

'ဒါပေမယ့် တစ်ခုတော့ ရှိသေးတယ်ဗျ'

'ပြောပါ ဘာတစ်ခုလဲဆိုတာ'

'တခြားမဟုတ်ပါဘူး အဓိဋ္ဌာန်ဝင်တဲ့အခါ မှန်လေးမှန်နဲ့ ဝင်နိုင်ရင် ပိုကောင်းပါတယ်'

ဟု စာရေးသူမှ ပြောရာ...

'မှန်လေးမှန်ဟုတ်လား ကျွန်တော်တို့ သိရအောင် ပြောပြပေးပါ'

ဟု ဦးမျိုးချစ်မှ တောင်းဆိုသောအခါ စာရေးသူမှ...

'မှန်လေးမှန်ဆိုတာ ဒီလိုဗျ...

၁။ အချိန် မှန်ရမယ်၊

၂။ နေရာ မှန်ရမယ်၊

၃။ အဓိဋ္ဌာန် မှန်ရမယ်၊

၄။ ဆုတောင်း မှန်ရမယ်

ဆိုတာတွေပေါ့ဗျာ။ ရှင်းပြရရင်တော့ လိုမယ် မထင်ပါဘူး။ အဓိပ္ပာယ်က ရှင်းပါတယ်'

ဟု ပြောပြလိုက်ပါသည်။ ထို့နောက် စာရေးသူမှ ဆက်လက်၍...

'တစ်ခုတော့ ရှိတယ်ပေါ့ဗျာ ဆုတောင်းတဲ့အခါ ဖြစ်နိုင်ခြေ ရှိတာကိုပဲ ဆုတောင်းပါ၊ သမ္မာဆန္ဒနဲ့ပေါ့ဗျာ တစ်ခုတည်းကိုသာ စွဲစွဲမြဲမြဲ တောင်းစေချင်တယ်။ အဲဒီလို မှန်လေးမှန်နဲ့ အညီ ဆောင်ရွက်မယ်ဆိုရင် နှစ်မကုန်ဘူး အကျိုးထူးရမှာ မလွဲပါဘူးဗျာ'

ဟု ပြောလိုက်ပါသည်။

'အဲ ဒါဆိုရင် ဘယ်နေ့ ဘယ်အခါက စပြီး ဘယ်လောက် အဓိဋ္ဌာန်ဝင်ရမှာလဲ ပြောပါဦး'

ဟု ဦးလှမြင့်အောင်မှ မေးရာ...

'ကျွန်တော်ကတော့ နှစ်ဆန်း(၁)ရက်နေ့ကစပြီး သင်္ကြန်အတက်နေ့အထိ တစ်နှစ်ပတ်လုံး အဓိဋ္ဌာန်ဝင်ပြီး ဆောင်ရွက်ပါတယ်။ တကယ်လို့ မှန်လေးမှန်မှာ နေရာမှန်ရမယ်ဆိုတဲ့ဟာကိုတော့ အကြောင်းတစ်စုံတစ်ရာ



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် ပျက်တန်တယ်။ ဒါပေမယ့် အနည်းဆုံး မှန်သုံးမှန်လောက်တော့ ကြိုးစားကြပေါ့ဗျာ'

ဟု ပြောလိုက်ပါသည်။

'ပွားများရမှာပေါ့ဗျာ ကောင်းကျိုးရမယ့်ကိစ္စပဲ။ ခုလာမယ့် နှစ်ဆန်းတစ်ရက်နေ့ကစပြီး တစ်နှစ်တာ အဓိဋ္ဌာန်ဝင်ကြမယ်ဗျာ။ ဘယ်နှယ့်လဲ'

ဟု ဦးလှမြင့်အောင်မှ အားလုံးကို ပြောလိုက်ရာ...

'စိတ်ချ အဓိဋ္ဌာန်ဝင်ကြမှာပါ'

ဟု ပြောကြပါတော့သည်။

'ယုံယုံကြည်ကြည် လေးလေးစားစားနဲ့ အဓိဋ္ဌာန်မပျက် ဆောင်ရွက်ကြရင် ကောင်းကျိုးတွေ ရလာမှာပါဗျာ'

ဟု စာရေးသူမှ ပြောပြီး ရေနွေးကြမ်းကို သောက်လိုက်ပါတော့သည်။

---

### သမ္ဗုဒ္ဓေ ဂါထာတော်ကြီး

---

သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ ဒွါဒသဉ္စ သဟဿကေ။
ပဉ္စသတ သဟဿာနိ၊ နမာမိ သိရသာ အဟံ။

အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ။

တေသံ ဓမ္မဉ္စ သံဃဉ္စ အာဒရေန နမာမဟံ။
နမက္ကာရ နုဘာဝေန၊ ဟိတွာ သဗ္ဗေဥပဒ္ဒဝေ။

အနေကာ အန္တရာယာပိ ဝိနဿန္တု အ,သေသတော။

အနက်

**အဋ္ဌဝီသံ**၊ နှစ်ကျိပ်ရှစ်ဆူကုန်သော။ **သမ္ဗုဒ္ဓေ**၊ ဘုရားရှင်တို့ကို လည်းကောင်း။ **ဒွါဒသဉ္စ သဟဿကေ**၊ တစ်သောင်း နှစ်ထောင်ကုန်သော။ **သမ္ဗုဒ္ဓေ**၊ ဘုရားရှင်တို့ကို လည်းကောင်း။ **ပဉ္စသတ သဟဿာနိ**၊ ငါးသိန်းကုန်သော။ **သမ္ဗုဒ္ဓေ**၊ ဘုရားရှင်တို့ကို လည်းကောင်း။ **အဟံ**၊ အကျွန်ုပ်သည်။ **သိရသာ**၊ ဦးခေါင်းဖြင့်။ **နမာမိ**၊ ရှိခိုးပါ၏ အရှင်ဘုရား။

**ဝါဠုကာဂင်္ဂါ**၊ ဂင်္ဂါမြစ်ထဲ ကျောက်သလဲတို့သည်။ **အပ္ပကာ**၊ နည်းလှချေသေး၏။ **နိဗ္ဗုတာဇိနာ**၊ ပရိနိဗ္ဗာန်စံယူကုန်ပြီးသော ဘုရားရှင်တို့သည်သာ။ **အနန္တာ**၊ မရေတွက်နိုင်အောင်များလှလေကုန်ပြီ။

**တေသံ**၊ ထိုဘုရားရှင် အဆူဆူတို့၏။ **ဓမ္မဉ္စ**၊ တရားတော်ကို လည်းကောင်း။ **သံဃဉ္စ**၊ သံဃာတော်ကို လည်းကောင်း။ **အဟံ**၊ အကျွန်ုပ်သည်။ **အာဒရေန**၊ ရိုသေစွာ။ **နမာမိ**၊ ရှိခိုးပါ၏ အရှင်ဘုရား။

**နမက္ကာရ . နုဘာဝေန**၊ ဤသို့ ရိုသေစွာ ရှိခိုးရသော အာနုဘော်တို့ကြောင့်။ **သဗ္ဗေဥပဒ္ဒဝေ**၊ အလုံးစုံသော ဘေးဥပဒ်တို့ကို။ **ဟိတွာ**၊ ပယ်ဖျောက်၍။ **အနေကာ အန္တရာယာပိ**၊ အန္တရာယ် အမျိုးမျိုးတို့သည်လည်း။ **အ,သေသတော**၊ အကြွင်းမဲ့။ **ဝိနဿန္တု**၊ ကင်းစင် လွင့်ပျောက်ပါစေကုန်သတည်း။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာ ဆရာကြီး ဦးစံတင့် (စတုနိကာယကောဝိဒ၊ ဝိနယဓရ၊ ဓမ္မာစရိယ)မှ ပြန်ဆိုပေးပါသည်။]*

**မှတ်ချက်** ။ ။ မရသေးသူများအတွက် ရေးသားအပ်ပါသည်။

**သင်ဆရာ မြင်ဆရာတို့အား ကန်တော့လျက်...**

***ကောင်းကျိုးချမ်းသာ ရကြပါစေ။***

ဦးအုန်းမြင့်(ဟသ်ာတ)

## နယ်မှ စာဖတ်ပရိသတ်များသို့...

မိမိတို့ဒေသတွင်
အစိုးရစာပို့တိုက်များနှင့်
ဆက်သွယ်၍ ရပါက
နက္ခတ္တရောင်ခြည်မဂ္ဂဇင်းအား
မှာယူနိုင်ပါသည်။
တန်ဖိုးပေးချေးယူစနစ်ဖြင့်
မှာကြားနိုင်ပါသည်။
နက္ခတ္တရောင်ခြည် မဂ္ဂဇင်း
တစ်အုပ်လျှင် ၂၃၀၀/ကျပ်
(နှစ်ထောင့်သုံးရာကျပ်နှုန်းဖြင့်)
မိမိတို့
လက်ဝယ်အရောက်
ပို့ဆောင်ပေးပါမည်။
(၃)လ၊ (၆)လ၊ (၉)လ
(၁၂)လ စသည့်
မိမိလိုသော လကို
ရေးသား၍
မှာကြားနိုင်ပါသည်။

*မှာကြားရန် လိပ်စာ. . .*

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်**
အမှတ် ၂၃၃၊ (၂၉)လမ်း၊
ပန်းဘဲတန်းစာတိုက်၊
ရန်ကုန်မြို့။
ဖုန်း-၀၁ ၂၄၂၂၈၄



www.burmeseclassic.com

www.burmeseclassic.com

'ဟော့ ကိုကြီးကောင်း အိမ်တွင်းပုန်း လုပ်နေတာလားဗျ'

'အိမ်တွင်းပုန်းနေတာ မဟုတ်ဘူး။ စိတ်ဓာတ်ကျနေတာဗျ'

'ကဲ ဆိုစမ်းပါဦး၊ စိတ်ဓာတ်ကျစရာ ဘယ်လိုအကြောင်းတွေများ ရှိလို့လဲ'

'ပြောရရင်တော့ ရှက်စရာကြီးပါဗျာ၊ ဒါပေမယ့် ခင်ဗျားက ဗဟုသုတစုံသူ ဆိုတော့ အကြံဉာဏ်များပေးနိုင်ကောင်းရဲ့ ဆိုပြီး ရှေ့မျက်နှာ နောက်ထားပြီး ပြောမယ်ဗျာ။ ကျွန်တော့်မှာ အမျိုးသားအားနည်းရောဂါ ဖြစ်နေလို့ဗျ။ အဲဒါ လုပ်ပါဦး။ ဘယ်လိုလုပ်ရင် ကောင်းမလဲ'

'ဆေးတွေ မသုံးစွဲဘူးလား'

'သုံးစွဲတာမှ ရှိသမျှအားဆေးတွေ စုံနေပြီ။ ထူးခြားမှုမရှိဘူး ကိုဘုန်းရ'

'ဒါဆိုရင် ကျွန်တော်လဲ အမျိုးသားအားနည်းရောဂါ ဖြစ်နေရလို့ ခင်ဗျားလိုပဲ စိတ်ဓာတ်ကျနေတဲ့အချိန်မှာ ဆရာကြီး ဆရာမြင့် (စကြာမင်း) ရေးသားပြုစုထားတဲ့ ''အမျိုးသားရောဂါ သိကောင်းစရာနဲ့ ကာကွယ်ကုသနည်းများ'' ဆိုတဲ့ အမျိုးသားများအတွက် ကျန်းမာရေး ပညာပေးစာအုပ်ကို ဖတ်မှတ်မိရာမှ အားတက်သွားပြီး ဆရာမြင့်ထံ အပြေးကလေး သွားရောက်ဆွေးနွေးမိတယ်ဗျ။

အဲဒီမှာ ဆရာမြင့်က စကြာမင်းအားတိုးဆေးပေးပြီး တစ်နေ့ (၂)ကြိမ် မှန်မှန်သောက်ရင် မင်းရဲ့ရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းပါလိမ့်မယ်လို့ ညွှန်ကြားလိုက်တယ်။ ဒါနဲ့ ကျွန်တော်လဲ ဆရာ့ရဲ့ ညွှန်ကြားချက် ဆေးညွှန်းပါ အညွှန်းအတိုင်း သောက်သုံးလိုက်တာ အခုဆိုရင် လန်းဆန်းပြီး အကြောအားတွေ ကောင်းလိုက်တာမှ ဒေါင်ဒေါင်မြည်ပဲဗျ'

'ဆေးရဲ့ အစွမ်းအာနိသင်က ဘာတွေကောင်းလဲ'

'ဘာတွေကောင်းလဲဆိုရင် ခန္ဓာကိုယ်အတွက် တစ်နေ့တာ ကုန်ခန်းသွားတဲ့ အားအင်များကို အလျှင်အမြန် ပြန်လည်ပြီး ဖြည့်တင်းပေးနိုင်တဲ့ အစွမ်းသတ္တိထူးရှိလို့ သွေးသစ်၊ အားသစ်၊ ခွန်အားသစ်၊ ဓာတ်ပစ္စည်းအသစ်များ ဖြစ်ထွန်းတည်ဆောက်ပေးနိုင်တယ်။

ပန်းသေ၊ ပန်းညှိုးဖြစ်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ သုက်ဓာတ်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အိပ်နေစဉ်အလိုလို သုက်လွှတ်ခြင်း၊ ပင်ပန်းနွမ်းနယ်နေခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ အကြောအားနည်းခြင်း၊ နှစ်ခြိုက်စွာအိပ်မပျော်ခြင်း၊ စားမကောင်းခြင်း၊ ကိုယ်ခံစွမ်းအား လျော့နည်းကျဆင်းခြင်း၊ အာရုံကြောအားနည်းခြင်းနဲ့ အဆုတ်အား၊ နှလုံးအား၊ သွေးအားနည်းခြင်းများကို သက်သာပျောက်ကင်းစေပြီး အမောလုံး၍ စိတ်ဓာတ်အား၊ ဆန္ဒအား၊ အကြောအား၊ ပန်းအားများကို တက်ကြွလန်းဆန်းစေလျက် ဆန္ဒသုခ အိမ်ထောင်ရေးရသတို့ကို ပြည့်စုံစွာ ပေးစွမ်းနိုင်သော ရသာယနဆေး ဖြစ်ပါတယ်။ ပြီးတော့ နေ့စဉ်သုံးစွဲပါက ဒါ့အပြင် ခန္ဓာကိုယ်အတွင်းရှိ ဓာတ်ပစ္စည်းများကို ညီညွတ်မျှတစေပါတယ်'

'ကျွန်တော်လဲ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေးကို

ကြော်ငြာဆောင်းပါး

အမျိုးသားများ အားအင်ကုန်ခန်း စိတ်မရွှင်လန်းရင်

စကြာမင်း

အမှတ်တံဆိပ်

အားတိုးဆေး မှီဝဲ

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် (၀၇၁၁ YR ၀၀၆၀၂၄)



ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း)
၅၃/၀၅၁၃

သုံးစွဲချင်လို့ ဆေးဆိုင်တွေမှာ မေးကြည့်တော့ မရှိဘူးလို့ ပြောပြောနေတော့ ခက်တယ်ဗျ'

'မခက်ပါနဲ့ဗျာ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်စေဖို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။ ခင်ဗျားလဲ နီးစပ်ရာ ဆေးမျိုးစုံဆိုင်သာ ပြေးပြီးဝယ်ပေတော့'

ဟော အခုတော့ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေး အစွမ်းထက်မှုကြောင့် စိတ်ရောကိုယ်ပါ လန်းဆန်းတက်ကြွနေတဲ့အပြင် အကြောအားတွေလဲ ကောင်းမှကောင်းပဲ။

အဲဒါကြောင့် ဘဝတူအမျိုးသားများ အကျိုးများပြီး အင်အားတိုးပွားကာ အမြဲတမ်းတက်ကြွလန်းဆန်း သန်မာစွာနဲ့ နေနိုင်စေဖို့ အသက်ရှည်ရာ အနာကင်းရေး သော့ချက်ဖြစ်တဲ့ စကြာမင်း စိတ်ပျိုကိုယ်နု အားတိုးဆေးစွမ်းတစ်လက်ကို နီးစပ်ရာ ဆေးဆိုင်များမှာ ဝယ်ယူသုံးကြည့်ပါလို့ အကြံပြုပါရစေ။

အဲ ဆရာမြင့်နဲ့ ကိုယ်တိုင်တွေ့ဆုံ ဆွေးနွေးချင်ကြရင်တော့...

ဆရာမြင့်

စကြာမင်း တိုင်းရင်းဆေးတိုက်

အမှတ် (စ/၆၆၆)၊ သုဝဏ္ဏလမ်းမကြီး၊ သုဝဏ္ဏမှတ်တိုင်အနီး၊
(စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၇၂၂၆၆၁

ကိုကြီးကောင်း



www.burmeseclassic.com

www.burmeseclassic.com

စင်သိုင်ယ်

မြတ်သမဏတို့ စံပျော်မြန်းသည့်

# ထုံးတောင်မြေ သာစခန်းဆီသို့ (၂)



ဆရာတော် ဦးတေဇနိယ ပျံလွန်၍ (၇)ရက်အကြာတွင် ရိုက်ကူးထားသည့် ပုံတော်

**ယခင်လမှ အဆက်**

ငယ်စဉ်ကပင် သီးကုန်းကျောင်းတွင် ပညာသင်ယူ၍ အသက်(၁၂)နှစ်အရွယ်တွင် သီးကုန်းကျောင်း၌ သာမဏေပြုကာ မကွေးမြို့ ချောင်းဆက်တောရတွင် စာဝါသင်ယူသည်။ အသက်(၂၀)ပြည့်သော် သီးကုန်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘောင်သို့ ရောက်ရှိကာ အရှင်တေဇနိယဘွဲ့ ညည်တွင်သည်။

ရဟန်းဖြစ်ပြီးနောက် မန္တလေးမြို့ ကျောင်းကန်တိုက်၊ ပခုက္ကူမြို့ မဟာဝိသုဒ္ဓာရာမတိုက်တို့၌ ပညာသင်ယူသည်။ (၁၈)ဝါအရွယ်တွင် ပခုက္ကူမြို့ မြောက်ဘက်ရှိ **သဲပုံစေတီတောရ၊ မြင်းတောင်၊ မုန်စီတောင်တောရများတွင် လှည့်လည်၍ ဂူဖြူဆရာတော်၊ ဆရာတော် ဦးကြည်တို့ထံတွင် နည်းခံယူ၍ တောရဆောက်တည်သည်။**

၁၃၀၀ ခုနှစ်၊ တပေါင်းလဆန်း(၁၁)ရက်နေ့တွင် တောင်တွင်းကြီးမြို့နယ်၊ ငမင်းရွာနေ နုမအရင်းဖြစ်သူ ဒေါ်အေးမြင့် ပင့်ဖိတ်မှုကြောင့် ငမင်းရွာသို့ ကြွရောက်တော်မူသည်။ ငမင်းရွာ ရောက်သောအခါ ရွာသူကြီး ဦးညိုစိမ့်၊ ကျောင်းမှ သာမဏေ ရှင်ကုဏ္ဍလတို့ ဆွမ်းမှ ဝန်းကျင်သို့ လှည့်လည်၍ တောရဆောက်တည်ရန် နေရာ ရှာဖွေသည်။

တောင်ချောင်းကို ကျော်၍ ပဲခူးရိုးမ တောင်စွယ်သို့ရောက်လျှင် ဤသို့ မေးမြန်း၏။

'ဒကာကြီး ဒီတောင်တန်း အစွယ်မှာ လယ်ယာ လုပ်ကိုင်စားသောက်သူ ရှိပါသလား'

'မရှိပါ ဘုရား'


'အစိုးရကို အခွန်အကောက် ပေးရတဲ့ သစ်တောကြိုးဝိုင်းနဲ့ လွတ်ရဲ့လား'

'အခွန်ကောက်လဲ မပေးရ၊ သစ်တောကြိုးဝိုင်း မြေနေရာနဲ့လဲ လွတ်ပါတယ် ဘုရား'



www.burmeseclassic.com

www.burmeseclassic.com



◆ လက်ရှိထုံးတောင်ဆရာတော် ဦးကုမာရ

◆ မယ်ချောင်းကျေး ရွှေသမင်တံတားအစ



'ဒါဖြင့် ဘုန်းကြီး တောရဆောက်တည်လိုတယ် ဒကာကြီး'

'တင်ပါ့ဘုရား ဒီခင်တန်း တောင်စွယ်တစ်လျှောက်ကို တောရကျောင်းမြေအဖြစ် ကျေးရွာရဲ့ကိုယ်စား တပည့်တော် လှူပါတယ်ဘုရား'

ဤသို့ဖြင့် ထုံးတောင်တောရတွင် ဦးတေဇနီယ စတင် တောရ ဆောက်တည်ဖြစ်ခဲ့သည်။ **ထိုစဉ်က မြေနေရာ ရှာဖွေရာတွင် အတူပါဝင်ခဲ့သော သာမဏေသည် ဟင်္သာတမြို့ တာငါးဆယ်ရပ်၊ မဟာစည် သာသနာ့ရိပ်သာ၏ နာယကဆရာတော် အရှင်ကုဏ္ဍလဖြစ်လာ၍** ဓမ္မာစရိယ ပါဠိပါရဂူ စာမေးပွဲများလည်း အောင်မြင်ကာ မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရပြီး မဟာစည်ရိပ်သာများ ဩဝါဒါစရိယ ဆရာတော်လည်း ဖြစ်လေသည်။

ထိုစဉ်က လူနေကြဲပါးသည်ဖြစ်ရာ တောရကျောင်းမြေတွင် နံနက်အခါ ကျားခြေရာ၊ ကျားသစ်ခြေရာများ တွေ့ရတတ်သည်။ တောတိရစ္ဆာန်ပေါ်များကျက်စားရာနေရာ ဖြစ်သည်။

ဆရာတော်သည် နေ့စဉ်ပင် ငမင်ချောင်းကိုဖြတ်၍ ငမင်ရွာ၊ ချိုင်းရွာ၊ ကျောက္ကာရွာများသို့ ဆွမ်းခံကြွလေ့ရှိရာ မိုးတွင်းကာလ ချောင်းရေလျှံလျှင် သပိတ်ဆေးရေဖြင့် ဆွမ်းကိစ္စ ပြီးရသည်က များသည်။



F.78. April, 2014.

www.burmeseclassic.com

ဆွမ်းခံအပြန်တွင် ဒကာများ တူးဆွပေးထားသည့် မြေကမူများမှ မြေများကို တောင်းဖြင့်ထမ်းကာ ကျင်းချိုင့်များကို ဖို့ခြင်းဖြင့် တောရကျောင်းမြေမျက်နှာပြင် ညီညာကျယ်ပြန့်လာသည်။

ဆရာတော်သည် တစ်နေ့လျှင် ဆွမ်းတစ်ထပ်သာ ဘုဉ်းပေးသည်။ သပိတ်တွင်းကျရာ ဆွမ်းဟင်းများကို တစ်ထိုင်တည်း ဘုဉ်းပေး၍ ကျန်သည်ကို သပိတ်နှင့်တကွ တည်ပင်ရင်းရှိ သပိတ်စင်တွင် တင်ထားသည်။

အရိပ်အခြည် ကြည့်နေကြသော နွားကျောင်းသားလေးများက ဆရာတော် ကြွသွားလျှင် ဆွမ်းကျန်များ စားသောက်ကာ သပိတ်ကိုဆေး၍ စင်ပေါ်၌ ပြန်တင်ထားပေးကြသည်။

သက်သတ်လွတ်ဆွမ်းသာ ဘုဉ်းပေးသည်။ ဆွမ်းဘုဉ်းပြီးလျှင် ကျိုက်ထီးရိုးကလေးစေတီ ကုန်းတော်အောက်ရှိ လိုဏ်ဂူတွင်းဝင်ကာ တရားအားထုတ်သည်။ ညချမ်းကာလမှသာ ဂူအတွင်းမှ ထွက်ကာ အလှည့်သင့်ရာ သစ်ပင်အောက်တွင် ညသန့်တော်မူသည်။

ဆရာတော်သည် အနေအေး၍ တစ်ပါးတည်းသာ နေလေ့ရှိသည်။ အစားအသောက်လည်း နည်း၍ အချိန်ပြည့် တရားနှလုံး သွင်းနေတတ်သည်။ ဒကာ ဒကာမများကို ဥပုသ်နေ့တွင်သာ တောရသို့ လာခွင့်ပေး၍ သီလပေးကာ သစ်ပင်အောက်တွင် တရားအားထုတ်စေသည်။

ဒကာများ တောင်းပန်ကြသဖြင့် နောင်တွင် တရားအားထုတ်နည်း၊ မေတ္တာပို့နည်းများကို သင်ပြပေးသည်။ အာနာပါနသမာဓိမှတစ်ဆင့် ဝိပဿနာ ဘာဝနာ ရှုနည်းအထိ ညွှန်ပြသည်။ ထို့ကြောင့် တောင်တွင်းကြီးနယ်တွင် **"ဝိပဿနာအစ ထုံးတောင်က"** ဟု



ပိဋကတ်တန်ဆောင်းမှ ရုပ်ပွားတော်နှင့် ပိဋကတ်


ဆိုရိုးတွင်၏။

ဆရာတော်သည် တိစီဝရိက် မှတင်၊ ပံ့သုကူ မှတင်များကို အမြဲဆောင်တော်မူသည်။ ဝိနည်းကို အလွန်လေးစားသည်။

ထုံးတောင်တောရတွင် (၁၄)နှစ်တာမျှ အားထုတ်ကျင့်ကြံ၍ ပဋိပတ္တိသာသနာကို ဖြန့်ဝေတော်မူကာ ၁၃၂၁ ခုနှစ်၊ တပို့တွဲလကွယ်နေ့ နံနက်(၉) နာရီအချိန် **သက်တော်(၅၉)နှစ်၊ ဝါတော်(၃၉)ဝါအရတွင်** ပျံလွန်တော်မူသည်။

အသက်ထင်ရှားရှိစဉ်က ဓာတ်ပုံ အရိုက်ခံတော် မမူချေ။ ပျံတော်မူ၍ (၇)ရက်အကြာအထိ ပုပ်ပျက်ခြင်းမရှိခြေ,လက်များ ကွေးဆန့်၍ ရနေသဖြင့် ထူးခြားသော ရဟန်းတော်ဟု သိရှိကာ တိုင်တွင်မှီ၍ တင်ပျဉ်ခွေ ထိုင်စေနပါန်

www.burmeseclassic.com



◆ ပါဒစေတီစက်တော်ရာများ

တတ်ပုံရိုက်ယူကြရလေသည်။

## ဒုတိယဆရာတော် ဦးကုမာရ

ဆရာတော်လောင်းလျာကို မင်းဘူးခရိုင်၊ စလင်းမြို့နယ်၊ ရှံးပင်ကန်ကျေးရွာနေ ဦးလှ၊ ဒေါ်အေးတို့မှ ၁၃၀၁ ခုနှစ်၊ ဝါခေါင်လဆုတ်(၆)ရက်နေ့တွင် မွေးဖွားသည်။

အသက်(၄)နှစ်အရွယ်တွင် စလင်းမြို့၊ အရှေ့ငါးစဦကျောင်း၌ စာပေသင်ယူသည်။ ၁၃၀၈ ခုနှစ်၊ တပို့တွဲလတွင် ထိုကျောင်း၌ သာမဏေဝတ်ရာ ရှင်ကုမာရ ဘွဲ့မည်တွင်သည်။

၁၃၂၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း(၁၀)ရက်နေ့တွင် ရှံးပင်ကန်တောရဆရာတော် ဦးသာဂရကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဖြစ်သည်။

ရဟန်းဖြစ်ပြီးနောက် စလင်းမြို့ အရှေ့ငါးစဦကျောင်း၊ ဆင်ဖြူကျွန်း မဟာဝိဇယာရာမတိုက်၊ ရန်ကုန်မြို့ ရန်ကင်းကျောက်ကုန်းတောရ မေဒိနီ စာသင်တိုက်တို့တွင် စာဝါသင်ယူသည်။

(၁၅)ဝါမြောက်တွင် မန္တလေး၊ ဘုရားကြီးတိုက် ပုသိမ်ကျောင်းသို့ ကြွရောက်ကာ **စာချတန်းဆိုင်ရာ ကျမ်းများနှင့် ဘာသန္တရဆိုင်ရာ ပညာရပ်များ ဆည်းပူးသည်။**

၁၃၄၁ ခုနှစ်၊ ဝါခေါင်လတွင် မိတ်ဆွေရင်း ဦးဝိဇယ သီတင်းသုံးရာ ထုံးတောင်တောရသို့ ကြွရောက်၍ တောရဆောက်တည်သည်။ ၁၃၄၆ ခုနှစ်တွင် ဦးဝိဇယ ပျော်ဘွယ်သို့ ပြောင်းရွှေ့သွားရာ တစ်ပါးတည်း ကေစာရီ ကျင့်သုံးတော်မူသည်။

၁၉၉၅ ခုနှစ်၊ ဇူလိုင်လ(၂၀)ရက်နေ့တွင် ထိုစဉ်က မကွေးတိုင်းဒေသကြီး တ.ဝ.တ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး မောင်ပါ၏ ခွင့်ပြုလက်မှတ်ဖြင့် ဆရာတော် ဦးကုမာရ အမည်ပေါက် ထုံးတောင် သာသနာ့မြေ (၅၁.၂၁)ဧကကို ခွင့်ပြုခဲ့သည်။

ဆရာတော်သည် ထုံးတောင်တောရသို့ ရောက်ရှိသည့် အချိန်မှစ၍ ဆွေမျိုးသားချင်း၊ စာသင်ဖက် ရဟန်းများ အားလုံးနှင့် အဆက်အသွယ်မပြု။ အခြား‌သော နေရာများသို့လည်း ကြာမြင့်စွာ ကြွခြင်းမရှိ။ သာသနာရေးကိစ္စ မဖြစ်မနေ ကြွရန်ရှိပါက ခေတ္တခဏကြွ၍ တောရသို့ အရောက်ပြန်လာလေ့ ရှိပါသည်။

တောရသို့ ရောက်ချိန်မှစ၍ ငွေစက္ကူ မမြင်ဘူးချေ။ တီဗွီ၊ ဗီဒီယို စသည်တို့ကို ၂၀၀၀ ပြည့်နှစ်အလွန်တွင်မှသာ မြင်ဖူးသည်။

ရာသီဥတု မည်မျှ ဆိုးဝါးနေစေကာမူ ဆွမ်းခံဝတ် မပျက်ခဲ့ချေ။ **သက်သတ်လွတ် တစ်ထပ်ဆွမ်းသာ ဘုဉ်းပေးသော်လည်း** အစာအိမ်ရောဂါ ခံစားရသောအခါ ဆရာဝန်ညွှန်ကြားချက်



www.burmeseclassic.com

www.burmeseclassic.com

**အရ နေ့လယ်(၁၁)နာရီခန့်တွင် ရေနွေးကြမ်းနှင့် သီးနှံအချို့ကို ကျွေးပေးရ၏။**

နေ့စဉ် တရားထိုင်ချိန်၊ ပရိတ်ပဋ္ဌာန်း ရွတ်ချိန်၊ ဆွမ်းခံချိန်၊ ဝေယျာဝစ္စ ဆောင်ရွက်ချိန်၊ စေတီယင်္ဂဏဝတ်၊ သေနာသနဝတ်ပြုချိန်၊ ဘုရားဝတ်ပြု ချိန်များကို သူ့အချိန်နှင့်သူ တိကျစွာ ဆောင်ရွက်သည်။


ဥပုသ်နေ့များမှလွဲ၍ လူများ ကျောင်းသို့ လာခြင်းကို တားမြစ်ထားသည်။ သာရောက်ဖူးမြော်သည့် ဒကာ ဒကာမများကို သီးခြားသည့်ခံ စကားပြောခြင်းမရှိ စာဖတ်ရင်း၊ တံမြက်လှည်းရင်းဖြင့် တိုတိုတုတ်တုတ် မိန့်ကြားကာ ဝေယျာဝစ္စ တစ်ခုခုခိုင်းပြီး ပြန်လွှတ်တတ်သည်။

**အအိပ်အနေ နည်းပါး၍ နံနက်(၂)နာရီထိုးလျှင် ဆရာတော်၏ မေတ္တာပို့သံကို ကြားရအတွင်း၊ အွတ်ပုံ့ပျံ့မှုယ် ကြားရမြဲဖြစ်လေသည်။**

ဆရာတော် ဦးကုမာရ အားထုတ်ကျင့်ကြံခဲ့သော နည်းနိဿယနှင့် ပတ်သက်၍ စုံစမ်းကြည့်ရာ ရဟန်း(၂)ဝါရပြီးနောက် ဆင်ဖြူကျွန်း၊ မဟာဝိဇယာရာမ ပါဠိတက္ကသိုလ်၌နေစဉ် အတိုးတော်စပ်သည့် ကုက္ကိုတောတောရဆရာတော်ကြီး ဦးကဝိထံ အခါခါရောက်တိုင်း တစ်ပါးတည်း သီတင်းသုံးတော်မူသည်ကို အားကျမိသည်။

စာသင်သားဘဝ စာမေးပွဲ ဖြေပြီးတိုင်း ကမ္မဋ္ဌာန်းရိပ်သာ အသီးသီးသို့ သွားရောက်အားထုတ်ရင်း နိက္ခမပါရမီအတွက် နိဗ္ဗိန္ဒဉာဏ်ကို ရင့်သန်စေခဲ့သည်။ (၁၅)ဝါ ရပြီးနောက် ဘုရားကြီးတိုက် ပုသိမ်ကျောင်းတွင် သင်ရိုးပိဋကနှင့် အခြား ဆိုင်ရာပါဠိတော်များကို ကြည့်ရှုလေ့လာ ဆည်းပူးရင်း အရှည့ဝါသီဝိနယဂရုက ဖြစ်လိုစိတ်များ တဖွားဖွားဖြစ်ပေါ်၍ (၁၉)ဝါမြောက်တွင် တောရကျောင်း စတင် ရှာဖွေခဲ့သည်ဟုသာ သိရသည်။

သို့ဖြစ်၍ မော်လမြိုင်မြို့မှ သက်တော်(၁၀၈)နှစ်ရှိ ကော့ပေါက်ဆရာတော်ကြီး မိန့်ကြားသကဲ့သို့ "ဘုရားပေးတဲ့နည်း၊ ဘုရားနည်းနဲ့ အားထုတ်ခဲ့တယ်"ဟု ယူဆဖွယ် ရှိလေသည်။



မြောက်ဘက်မှ နတ်လယ်နှင့် ကွမ်းတောင်ဦးမင်

## အရှည့ဇေဋ္ဌမုနိသိမ်တော်


ထုံးတောင်တောရ ဆရာတော် နှစ်ပါး၏ ထေရုပ္ပတ္တိကို လေ့လာမှတ်သားပြီးနောက် ပိဋကတ်တိုက်၏ တောင်ဘက်ရှိ **အရှည့ဇေဋ္ဌစေတီ သိမ်တော်**အား ဖူးမြော်ကြည်ညိုကြသည်။

ဤသိမ်တော်သည် ဆရာတော် ဦးတေဇနိယ ထုံးတောင်တောရ ထူ



www.burmeseclassic.com

www.burmeseclassic.com



နတ်လမ်းအဝေး မကောက်ကြေအာက်မှ ဆင်ရုပ်များ

ထောင် သီတင်းသုံး၍ (၇)နှစ်အကြာ ၁၃၁၄ ခုနှစ်တွင် တောင်တွင်းကြီးမြို့ အာသောကာရုံ စာသင်တိုက်ဆရာတော် ဦးခေမိန္ဒ၊ တောရဆရာတော် ဦးတေဇနိယနှင့် ကျမ်းဂန်စာပေ တတ်ပွန်သော ဆရာတော်ကြီးများ သမုတ်တော်မူသည့် သိမ်တော်ဖြစ်သည်။

အမိုးပါ အကာမဲ့ သိမ်ဖြစ်၍ (၂၄)ပေ ပတ်လည် ကျယ်ဝန်းသည်။ ၁၃၂၁ ခုနှစ်တွင် ကျောက်သားရုပ်ပွားတော် သုံးဆူ ပူဇော်ခဲ့ကြသည်။

၁၃၆၅ ခုနှစ်တွင် ပျက်စီးယိုယွင်းလာသော မူလသိမ်တော်ကို ပြုပြင်မွမ်းမံကာ စေတီသိမ်အဖြစ် တည်ဆောက်ရန် သဘောတူညီကြရာ တစ်ဦးတည်း အလှူရှင် ပေါ်ပေါက်သော်လည်း ဆရာတော် ဦးကုမာရက ခုနစ်ရက်သားသမီး အလှူဒါနကို လက်ခံရန် ဩဝါဒ ပေးတော်မူသဖြင့် ရန်ကုန်၊ တောင်တွင်းကြီးနှင့် ငမင်ကျေးရွာအုပ်စု အပါအဝင် အနယ်နယ် အရပ်ရပ်မှ ကုသိုလ်ရှင်များ ကောင်းမှုဖြင့် ၁၃၆၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း(၇)ရက်နေ့တွင် စတင် တည်ဆောက်ခဲ့သည်။

မိတ္ထီလာ ဓာတ်တော်တိုက်မှ ဓာတ်တော်များ ပင့်ဆောင် ဌာပနာပြုကာ ရွှေတိဂုံပုံစံတူ စေတီကို ရှစ်မြှောင့်တိုက်မ သိမ်အထက် ပူဇော်ထားသည်။

တိုက်မလိုဏ်အတွင်း၌ ၁၃၂၁ ခုနှစ်က ပူဇော်ခဲ့သည့် ကျောက်သားရုပ်ပွားတော်ကြီး တစ်ဆူနှင့်အတူ နံရံမျက်နှာကြက်တို့၌ ရုပ်ပွားငယ် စုစုပေါင်း (၆၉၂)ဆူတိတိ စံပယ်တော်မူကြလေသည်။ ၁၃၆၆ ခုနှစ်၊ တပို့တွဲလပြည့်နေ့တွင် သိမ်တော်စေတီ ထီးတင်လှူနိုင်ခဲ့ကြောင်း သိရသည်။

---

**ရှေးဟောင်း**

**ကျောင်းဆောင်များနှင့်**

**ရုပ်ပွားစေတီများ**

---

ထို့နောက် ဦးပဥ္စင်းက နှစ်ထပ်ပျဉ်ထောင်ကျောင်းတစ်ဆောင် ရှိရာသို့ ခေါ်ဆောင်သွားသည်။ ဆရာတော် ဦးဇနိတ လက်ထက် ၁၃၁၃ ခုနှစ်တွင် လှူဒါန်းသော ပျဉ်ထောင်ကျောင်းကြီး ဖြစ်သည်။

---

**ရှေ့လ ဆက်ဖတ်ပါရန်**

**ဖေငြိုငယ်**

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

ဆီး ဝမ်း လေမှန်၍ မျက်စိကြည် အကြောပြေပြီး အပူအပုပ် ကင်းစေတဲ့

# စကြာမင်း

အမှတ်တံဆိပ်

# မျက်စိကြည် အကြောပြေဆေး

(ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် ၀၁၁၂ YR ၀၀၇၉၉၃)

(ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက(စာနယ်ဇင်း) ၅၅/၀၅၁၃)




ကျွန်ုပ်သည် တစ်နေ့တွင် စိတ်ချမ်းသာကိုယ်ကျန်းမာ အသက်တစ်ရာ ကျင့်ကြံနေထိုင်နည်းစာမူ ရေးသားနေစဉ် "ဟာ စာရေးဆရာကြီးကို တွေ့မှတွေ့ပါ့မလား" ဟူသော အသံရှင်ကြောင့် ရေးလက်စ စာမူကို အသာချထားပြီး ပြန်လည် ခရီးဦးကြို နှုတ်ဆက်လိုက်သည်။

'ဩော် ကိုမျိုးမြင့်ပါလား၊ လာဗျာ'

'စာရေးဆရာ ကိုဘုန်းဝေကတော့ ဘယ်အချိန်တွေ့တွေ့ တက်ကြွလန်းဆန်းပြီး စာရေးစာဖတ် အမြဲတမ်းမပြတ်ဘူးနော်'

'ဟဲ... ဟဲ... ဟဲ'

'ဟဲ... ဟဲ လုပ်မနေနဲ့ စာရေးဆရာကြီး အခု စာရေးဆရာကြီးကို အကူအညီတောင်းချင်လို့ဗျ'

'ပြောလေ ကိုမျိုးမြင့်'

'ဒီလိုဗျ၊ ကျွန်တော် ရုံးမှာပဲဖြစ်ဖြစ်၊ အိမ်မှာပဲဖြစ်ဖြစ် နည်းနည်းလေး စာဖတ်မိတာတို့ အလုပ်ထဲကို အာရုံစူးစိုက်တာတို့ အထိုင်နည်းနည်းလေးကြာကြာ ထိုင်မိတာဆိုရင် မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ ခေါင်းမကြည်တော့ဘူး။ နောက်ကြောတက်၊ ဇက်ကြောထိုးလာတယ်။ အမြဲတမ်းလိုလို ကိုယ်လက်တွေ လေးလံထိုင်းမှိုင်းနေပြီး စိတ်ရောကိုယ်ပါ မလန်းဆန်းဘူး ဖြစ်နေလို့ဗျ။ အဲဒါ ဘာဆေးတွေများ သုံးစွဲရမလဲဆိုတာ စာရေးဆရာကြီးဆီမှာ အကြံဉာဏ် လာတောင်းတာ'


'ညီသည်ဆိုလို့ ဘယ်သူများမှတ်တယ် ကိုမျိုးမြင့်ကိုး။ ကော်ဖီလေး သုံးဆောင်ပါဦး'

'ကျေးဇူးပဲ အစ်မ၊ ကိုဘုန်းဝေနဲ့ အစ်မ မအေးစိန်တို့ ဇနီးမောင်နှံကတော့ ကျန်းမာရေး ပညာပေးစာပေတွေ ရေးသားနေသူတွေမို့လား မသိဘူး။ လန်းဆန်းကျန်းမာ လှပနေတာကို တွေ့ရလို့ အားကျမိပါတယ်ဗျာ'

'ကိုမျိုးမြင့်ရေ ကျွန်တော်ရော အေးပါ အရင်တုန်းက ခင်ဗျားလိုပဲဗျ။ ကျွန်တော်ဆိုရင် စာလဲ မရေးနိုင်၊ စာလဲ မဖတ်နိုင် စာရေးစာဖတ်တိုင်း ခေါင်းတွေ အုံ့ခဲလာပြီး စိတ်ရောလူရော အကြံဉာဏ်ပါ ထုံထိုင်းလေးလံနေတာဗျ။ အေးဆိုရင်လဲ တစ်နေ့တခြား ဝ,ဝလာတယ်။ ဇက်ကြောထိုး၊ နောက်ကြောတက်၊ ကိုယ်လက်ညောင်းညာ ကိုက်ခဲနေတယ်။ အထိုင်လေး၊ အထလေးနဲ့ ညဘက်ရောက်လာရင် သားသမီးတွေက နင်းနှိပ်ပေးရတယ်။ သူကြည့်ပြီး စိတ်မချမ်းသာ၊ ကိုယ်ကျတော့လဲ ကျန်းမာဘူး ဖြစ်နေခဲ့တာပါဗျာ'

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




'ဟာ ကိုဘုန်းဝေကလဲ လုပ်တော့မယ်။ အခု ဆရာဆိုလဲ ကျန်းမာလန်းဆန်းလို့၊ အစ်မဆိုရင်လဲ ခန္ဓာကိုယ် သွယ်လျပြီး သွက်လက်ပေါ့ပါးနေတဲ့ဥစ္စာ'

'ကိုမျိုးမြင့်ရေ၊ အခုလို ကျွန်မ အဆီတွေကျ၊ ကိုယ်ရေစစ်တာ၊ ခန္ဓာကိုယ် သွယ်လျပြီး ဖနီးမောင်နံ့ ကျန်းမာရွှင်လန်းနေတာက တော့ ဆေးစွမ်းတစ်လက်ကြောင့်ပဲရှင်'

'ဒါဆိုရင် လုပ်ပါဦးဗျ၊ ဘာဆေးလဲ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးလေ'

'ကိုဘုန်းဝေကတော့ လုပ်ပြီ၊ ဆေးဝါးကောင်းတွေ့တာတောင် အသိမပေးဘူး'

'ဒီလိုဗျ၊ ကျွန်တော်လဲ စာဖတ်စာရေးတာနဲ့ မျက်စိ၊ မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ နောက်ကြောတက်၊ ဇက်ကြောထိုးပြီး ညောင်းညာလေးလံနေတယ်။ ဆီးဝမ်းလဲချုပ်၊ အပူလဲ ငုပ်နေပြီး ဒူလာ လိပ်ခေါင်းရောဂါပါ ဖြစ်စပြုလာနေတာဗျ။ တစ်နေ့မှာ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ မောင်မြင့်မောင် ရောက်လာပြီး ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးတစ်ဘူး လက်ဆောင်ပေးသွားတယ်။ ဆေးညွှန်း ဖတ်ကြည့်တော့ ကျွန်တော်တို့ ဖနီးမောင်နံ့ဖြစ်နေတဲ့ ရောဂါ လက္ခဏာတွေနဲ့ တစ်ထပ်တည်း တွေ့ရလို့ သုံးစွဲလိုက်တာ ဖြစ်ပေါ်ခံစားနေရတဲ့ ရောဂါတွေဟာ ကင်းစင်သွားပြီး အခုလို စိတ်ရောကိုယ်ပါ ကျန်းမာလန်းဆန်းနေတာပါ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးရဲ့ အာနိသင်လေး ပြောပြပါဦး'

'သမားတော် ဆရာကြီး ဆရာမြင့်ကတော့ ဤဆေးဟာ တိုင်းရင်းဆေးစစ်စစ်ဖြစ်ပြီး သဘာဝဆေးဖက်ဝင် ဆေးပစ္စည်းများနဲ့ စနစ်တကျ စီမံဖော်စပ်ထားတဲ့ ဆေးဖြစ်လို့ စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ပါတယ်လို့ ဆိုပါတယ်။

သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့ မျက်စိမှုန်ဝေခြင်း၊ မျက်စိအာရုံကြောများအားနည်းခြင်း၊ ခေါင်းမူး,ခေါင်းအုံ့,ခေါင်းကိုက်ခြင်း၊ မျက်ခုံး,မျက်လုံးများ လေး၍ မျက်ရိုးကိုက်ခြင်း၊ နောက်ကြောတက် ဇက်ကြောထိုးခြင်း၊ ကိုယ်လက်များ ညောင်းညာကိုက်ခဲ၍ မအီ မသာ ထိုင်းမှိုင်းလေးလံနေခြင်း၊ သွေးတက်,သွေးတိုးဖြစ်ခြင်း၊ သွေးမသန့်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပြင်လိပ်ဖြစ်ခြင်း၊ ဒူလာကိုက် ညောင်းညာ ချည့်နဲ့ခြင်း၊ အပူခိုး အပုပ်ခိုးများ အပေါ်သို့တက်၍ မျက်ရည်ပူကျခြင်း၊ မျက်ဝတ်ထွက်ခြင်း၊ တိမ်သလာဖြစ်ခြင်း၊ အာခေါင်ခြောက်ခြင်း၊ လည်ချောင်းနာခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဆီးချုပ်ဆီးကျန်ဖြစ်ခြင်း၊ ဝမ်းချုပ် ဝမ်းကျန် စမြင်းခံခြင်း၊ လေချုပ်လေပွဖြစ်ခြင်း၊ အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူ၍ အဆီပိုများ ပွားများနေခြင်း အသားအရေ မွဲခြောက် ညစ်ထေးနေခြင်း စသော ရောဂါများကို သက်သာ ပျောက်ကင်းလို့ မျက်စိကြည် အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေတဲ့ အဆီများကို ကျဆင်းစေပြီး ဆီး, ဝမ်း,လေတို့ကို မှန်၍ ကျန်းမာပေါ့ပါး သွက်လက်လန်းဆန်းစေတဲ့ဆေး ဖြစ်တယ်ဗျ'

'ဒါဆို ဆရာမြင့်ရဲ့ စကြာမင်း မျက်စိကြည် အကြောပြေဆေးဟာ မျက်စိကို အသုံးပြုပြီး အလုပ်လုပ်ရသူတွေ၊ နေ့စဉ် စာရင်းဇယားတွေနဲ့ ရင်ဆိုင်နေရတဲ့သူတွေ၊ ရုံးမှာ မိမိတို့လုပ်ငန်းတွေမှာ ကြာမြင့်စွာ ထိုင်ကြပြီး အလုပ်လုပ်ကြရသူတွေနဲ့ ကာယ၊ ဉာဏ အလုပ်သမားတွေအတွက် နေ့စဉ် မှီဝဲသုံးစွဲသင့်တဲ့ ဆေးပေါ့နော်'

'ပြောဖို့လိုသေးလား ကိုမျိုးမြင့်ရယ်၊ ဝမ်းတစ်လုံးကောင်းပြီး ခေါင်းမခဲဘဲ ဖွံ့ဖြိုးတိုးတက်နေတဲ့ ခေတ်ကြီးထဲမှာ ကျန်းမာရေး လူမှုရေး၊ စီးပွားရေးတွေ နောက်ကျကျန်မနေခဲ့အောင် အဖော်ကောင်းဖြစ်တဲ့ ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးကို ဆောင်ထားပါလို့ သင့်ကျန်းမာရေးအတွက် အကြံပြုပါရစေ'

'ကျေးဇူးပဲ ဆရာကိုဘုန်းဝေရေ၊ ကျန်းမာပျော်ရွှင် ပြည့်စုံကောင်းမွန်တဲ့ မိသားစုကမ္ဘာလေးဖြစ်အောင် "စကြာမင်း မျက်စိကြည် အကြောပြေဆေး" ကို ပြေးဝယ်လိုက်ဦးမယ်ဗျာ'

ပင်ရင်း-ဖြန့်ချိရေး
စကြာမင်း
တိုင်းရင်းဆေးတိုက်
အမှတ်-စ/၆၆၆၊ သုဓမ္မာလမ်းမကြီး၊
သုဓမ္မာမှတ်တိုင်အနီး မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၁-၆၉၁၀၉၁၊ ၇၂၂၅၆၁




www.burmeseclassic.com

www.burmeseclassic.com

အရာတော်မြို့မှ

ထွေးအောင်

# ခြေရာတော်ဘုရား (၂)



◆ လက်စုံရှုဘုရား

## ယခင်လမှ အဆက်

လက်ယာဘက်ခြေရာ၏ ဝဲဘက်တွင် လက်ဝဲဘက်ခြေရာကို (၆၀)ဒီဂရီခန့် စောင်းလျက် တွေ့ရသည်။ ကျောက်ပြားတစ်ခုလုံးကို ရွှေချပူဇော်ထားသည်။ သာမန်လူပုဂ္ဂိုလ်တစ်ဦး၏ ခြေရာထက် အတန်ပင်ကြီးမားသည်။

မြတ်စွာဘုရားရှင် ရုပ်ပွားတော်အား ပူဇော်ဖူးမြော်ပြီးနောက် ဤရဟန္တာ ခြေရာတော်ကို ဦးခိုက်ကာ အဓိဋ္ဌာန်ပြုဆုတောင်းလေ့ရှိကြသည်။ ပြုသည့်အတိုင်းလည်း အောင်မြင်ဆန္ဒ ပြည့်ကြသည်ဟု ဆိုလေသည်။

အထူးသဖြင့် လမ်းခရီးသွားလာမှု၊ ပြည်ပမြေခြားသို့ သွားလာလုပ်ကိုင်ရာတွင် အဆင်ပြေအောင်မြင်မှု ရရှိစေရန် ဆုပန်ပြည့်ဝကြသည်ဟု သိရသည်။ **ရဟန္တာအရှင်မြတ် ခရီးထွက်ကြွသည့်ဆဲဆဲကာလတွင် ချန်ထားခဲ့သော ခြေရာတော်အစုံဖြစ်ခြင်းကြောင့် ဤသို့ ပြည့်ဝကြသည်ဟု ယုံကြည်ကြပေသည်။**

## လက်တော်ချဘုရား

ခြေရာတော်အား ဦးခိုက်ဖူးမြော်၍ ကော်တမ်းခါတပ်ပုံ ပူဇော်ပြီးနောက် တန်ဆောင်းအပြင်ဘက်သို့ ထွက်ကြသည်။ ခြေရာတော်စေတီမှာ အရှေ့မျက်နှာရုပ်ပွားတော်နှင့် အရှေ့ဘက်ပင်မအဆုံးခံတန်ဆောင်း ဆောက်လုပ်ထားသည်။ ထိုတန်ဆောင်းသို့ အရှေ့ဘက်နှင့် တောင်ဘက်မှ စောင်းတန်းနှစ်သွယ်ဖြင့် ဝင်ရောက်နိုင်သည်။

မိမိတို့ ဝင်ရောက်လာသည့် စောင်းတန်းမှာ တောင်ဘက်စောင်းတန်းဖြစ်လေရာ အရှေ့ဘက်စောင်းတန်းသို့ သွားရောက်၍ စောင်းတန်းမြောက်ဘက်ရှိ လက်တော်ချဘုရားတန်ဆောင်းတွင်း ဝင်ရောက်ကြသည်။

အတွင်း၌ ကုန်းဘောင်ခေတ်လက်ရာ တင်ပျဉ်ခွေ ရုပ်ပွားတော်ဆ[illegible]ရေ

www.burmeseclassic.com





◄ ရင်ပြင်တော်အရှေ့တောင်မှ ကျိုက်ထီးရိုးလေးစေတီ

စေတီသမိုင်းကျောက်စာ ►

စံပယ်တော်မူသည်။ ကုန်းဘောင်ခေတ် လက်ရာဆိုသော်လည်း ရောင်လျှံတော် ပုံပွံချွန်ချွန်နှင့် အင်းဝခေတ် ရုပ်ပွားပုံစံ ထုလုပ်ထားခြင်းဖြစ်သည်။ မဟာပထဝီ မြေကြီးကို သက်သေပြုဟန် လက်ချောင်းတော်များ အောက်စိုက်ကာ မှောက်ထားသော လက်တော်ရှိသည်။ ဘူမိဖဿရုပ်ပွားတော်များ ထုလုပ်ကိုးကွယ်ကြရာတွင် လက်တော်တစ်ဖက် (များသောအားဖြင့် လက်ယာလက်) ကိုသာ မြေသို့ညွှန်ပြထားလေ့ ရှိကြသည်။

ဤရုပ်ပွားတော်တွင်မူ လက်ဝဲ၊ လက်ယာ လက်တော်နှစ်ဖက်စလုံးကို အောက်သို့ စိုက်ပြထားလေသည်။ ထို့ကြောင့် **လက်တော်ချဘုရား၊ လက်စုံချဘုရား**ဟု ခေါ်ကြခြင်းဖြစ်သည်။ အောက်ခြေကမ္ပည်းပါရှိသည်။

'ရှင်ပင်သဗ္ဗညု အတွင်းဝန်မင်းကြီး ကျော်ထင်နော်ရထာ သီးမောင်နံကောင်းမှု သက္ကရာဇ် ၁၁၉၄ ခုနှစ်၊ နတ်တော်လဆန်း (၁၅)ရက် သောကြာနေ့ ထုလုပ်ပြီးပြေသည်။ ဤကောင်းမှုကြောင့် နောင်သောအခါ၌ သဗ္ဗညုတဉာဏ်တော်ရသည် ဖြစ်စေသော်'

ဤကမ္ပည်းအရ ဘကြီးတော်ဘုရားလက်ထက် လှူဒါန်းခြင်းဖြစ်သည်။ ဆုတောင်းမှာလည်း အကျယ်မချဲ့ လိုရင်းကို ထိမိစွာ ဖော်ပြထား၏။ လူ နတ်ဗြဟ္မာ ချမ်းသာကိုမတောင်း၊ သဗ္ဗညုတဉာဏ်တော်နှင့် ပြည့်စုံ သော ဘုရားအဖြစ်ကိုသာ တောင်းထားခြင်းကြောင့် သာသနာတော်၌ သက်ဝင်ယုံကြည်မှု သဒ္ဓါတရားနှင့် ကျင့်ကြံအားထုတ်မှု စရဏတို့ မြင့်မားပုံရလေသည်။

## ရင်ပြင်တစ်ခို

ကျယ်ပြန့်သော စေတီပရိဝုဏ် အတွင်း မန်ကျည်း၊ တမာ၊ ထနောင်းပင်ကြီးများမှာ အရိပ်အာဝါသ ကောင်းလှသဖြင့် ပူပြင်းသော အညာနွေ၏ အေးရိပ်သာယာလည်းဖြစ်သည်။ နှစ်ပေါင်း ရာချီရှည်ကြာပြီဖြစ်သော နှစ်ရှည် တောစိုးသစ်ပင်ကြီးများ ဖြစ်ကြသည်။

ဝင်းအတွင်း အရှေ့တောင်ထောင့်တွင် ကျိုက်ထီးရိုးပုံစံတူ စေတီငယ် တည်ဆောက်ထားသည်။ တရားကျင့်နိုင်သော ကျောက်လိုဏ်ဥမင်ပြုလုပ်ကာ တောင်ကုန်းလေးသဏ္ဌာန် ဖန်တီးထားသည်။ ဝန်းကျင်တွင် ကျိုက်ဆီယို၊ ကျိုးပါးစပ် စသည်ဖြင့် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးနှင့် ဝန်းကျင်စေတီများ စုံလင်စွာ တည်ဆောက်ထားသည်။

လွန်ခဲ့သော နှစ်ပေါင်း(၂၅၀၀)ခန့်က တိဿရသေ့ တည်ဆောက်ကိုးကွယ်ခဲ့သော ကျိုက်ထီးရိုးဆံတော်ရှင်စေတီနှင့် မိုင်ရာပေါင်းများစွာ အလှမ်းဝေးကွာလှသောဒေသဖြစ်ရာ မူလကျိုက်ထီးရိုးသို့ မသွားရောက်ဖြစ်သူများအတွက် ကိုယ်စားစေတီတော်များ ဖြစ်ကြသည်။

အရှေ့ဘက်စောင်းတန်းမှ အာရုံခံတန်ဆောင်းဘက် ပြန်လျှောက်လာကာ ရင်ပြင်တော်အား လှည့်လည်ကြည့်ရာ မြောက်ဘက်နားတွင် စေတီသမိုင်းအကျဉ်း ကျောက်စာကို တွေ့ရ





www.burmeseclassic.com

www.burmeseclassic.com





◆ ရင်ပြင်တစ်နေရာမှ ပယာဉ်ထိန်သော တိုင်ငုတ်

◆ သနပ်ခါးအလှူ ကျောက်ပျဉ်ကြီး



◆ အာရုံခံ တန်ဆောင်းမြောက်ဘက်မှ စေတီတစ်ဆူ

သည်။ ခေတ်လက်ရာဖြစ်၍ စေတီတော်မွမ်းမံမှုများနှင့်အတူ စေတီသမိုင်းအကျဉ်းကို ကမ္ပည်းတင်ထားသည်။

ထိုမှ မြောက်ဘက်တွင် စေတီတစ်ဆူရှိသည်။ ပစ္စယံသုံးဆင့်၊ လေးမျက်နှာ မုခ်စောင်းတန်းနှင့် ဉာဏ်တော်အတန်ငယ် မြင့်မားသောစေတီ ဖြစ်သည်။ ကုသိုလ်ရှင်နှင့် နောက်ခံသမိုင်းကိုမူ မသိရှိရချေ။

ထိုမှ တောင်ဘက်သို့ ထွက်လာရာ ရင်ပြင်တော်တွင် သစ်သားတိုင် ငုတ်တစ်ခုကို တွေ့ရသည်။ ရင်ပြင်အင်္ဂတေခင်းနှင့်အညီ ဖြတ်ထားသည်။ ရှေးတန်ဆောင်းတိုင်ကို ဖျက်၍ အသစ်ပြုပြင်ဆောက်လုပ်ခြင်းဖြစ်က ဤကဲ့သို့ ငုတ်စချန်ထားရန် အကြောင်းမရှိပေ။ မဖျက်မဆီး ချန်ထားရစ်ခြင်းကား ရည်ရွယ်ညွှန်းဆိုချက် တစ်ခုခု ရှိပေမည်။

အာရုံခံတန်ဆောင်းအနီးသို့ ရောက်

◆ ဒုလုံးပုံ ကြေးခေါင်းလောင်း





www.burmeseclassic.com

www.burmeseclassic.com

သော် ကြေးခေါင်းလောင်းတစ်လုံး
မြင်ရသည်။ မြင်တွေ့နေကျ ခေါင်း
လောင်းပုံစံမဟုတ်ဘဲ ဒုလုံးပုံခေါင်း
လောင်း ဖြစ်သည်။ ကမ္ပည်းမှတ်တမ်း
မတွေ့ရပါ။

ယင်း၏အနီးတွင်ကား ကျောက်ပျဉ်
ကြီးတစ်ချပ်နှင့် ရေခွက်ကလေးများ
တွေ့ရသည်။ ပွဲတော်ကာလ သနပ်ခါး
အလှူဖြစ်သည်။ စစ်ကိုင်းမြို့ကောင်းမှု
တော်စေတီရင်ပြင်၌ ဤကဲ့သို့ ကျောက်
ပျဉ်ကြီးများနှင့် သနပ်ခါးအမြစ်တုံးကြီး
များစွာ တွေ့ခဲ့ရသည်။

ဘုရားပွဲတော်ကာလတွင် လှူထား
သော သနပ်ခါးတုံးများဖြင့် ကိုယ်တိုင်
သွေးလူးကြသည်။ မိန်းကလေးများ
သာမက ယောက်ျားလေးများလည်း
လူးကြသည်။ အသားအရေ အေးမြ
ချောမွေ့၍ ဘုရားတန်ခိုးတော်ကြောင့်
ဝက်ခြံ၊ တင်းတိပ်၊ အဖုအပိမ့်များ
ပျောက်ကင်းစေသည်ဟု ယုံကြည်ကြ
လေသည်။

တောင်ဘက် တန်ဆောင်းအတွင်း၌
ကား မဟာမုနိရုပ်ပွားတော်ဖြစ်၍
မန္တလေးမြို့၊ ငွေတောင်တိုက်ဆရာ
တော် ဦးဇာဂရလှူဒါန်းသည်ဟု သိရ
သည်။ ခုနှစ်သက္ကရာဇ် မသိရပေ။

တန်ဆောင်းရှေ့ စေတီတော်အရှေ့
တောင်ထောင့် ရင်ပြင်ပေါ်၌ ရှင်သီဝလိ
တန်ဆောင်းနှင့် ရှင်ဥပဂုတ္တတန်
ဆောင်းများ တွေ့ရသည်။ ၁၃၅၈
ခုနှစ်တွင် အများကောင်းမှုဖြင့် စေတီ
တော်မွမ်းမံကြသောအခါ ပေါ်ထွက်
လာသော ကုသိုလ်တော်များဖြစ်သည်
ဟု သိရလေသည်။

ခြေရာတော်ဘုရား ပူဇနီယပွဲတော်
ကို နှစ်စဉ် ဝါဆိုလပြည့်နေ့နှင့် သီတင်း
ကျွတ်လပြည့်နေ့များတွင် ကျင်းပလေ့



● တောင်ဘက်တန်ဆောင်းမှ မဟာမုနိ

ရှိသည်ဆို၏။ ထိုဘုရားပွဲနှင့် ပတ်သက်
၍ ဆရာတော် ဦးသောမ ၁၂၇၀
ပြည့်နှစ်တွင်ရေးသော **ပါမောက္ခဒီပနီ
ကျမ်းတွင် (ပဋ္ဌမ သင်္ဂါယနာတင်
မင်းကြီးလက်ထက်တိုင်အောင် မီး
ရှူး၊ ခုန်းပွဲ၊ ဟန်ယိမ်းအက၊ အိမ်ခြေ
တစ်ထောင့်ခုနစ်ရာ၊ အပျိုအအို လူ
အများ ပျော်ရွှင်ကြ၍ အကြီးအကျယ်
ပွဲလမ်းသဘင် ကျင်းပရသောကြောင့်
အရတော်ပေစွဟု ဝန်းကျင်ရွာ
အဝန်းက ချီးမွမ်းကြသည်ဟူလို)**
ဟု စာမျက်နှာ (၅၆၈)တွင် ဖော်ပြထား
သည်ဆို၏။

ကိုလိုနီခေတ်တွင်လည်း နှစ်စဉ် ကြီး



www.burmeseclassic.com

www.burmeseclassic.com





◆ ရှင်ဥပဂုတ္တ တန်ဆောင်း

◆ ရှင်သီဝလိ တန်ဆောင်း

ကျယ်ခမ်းနားစွာ ကျင်းပခဲ့ရာ စစ်တွင်းကာလ (၁၃၀၄–၁၃၀၇) လေးနှစ်သာ ရပ်နား၍ ၁၃၀၈ ခုနှစ် ပြန်လည်ကျင်းပသည်။ အကြမ်းဖက်သောင်းကျန်းမှုကာလ (၁၃၁၀–၁၃၁၄)တွင်လည်း ယာယီရပ်နား၍ ၁၃၁၅ ခုနှစ်မှ ယခုထိတိုင်နှစ်စဉ်မပျက် ကျင်းပမြဲဖြစ်သည်ဟု သိရသည်။

## တိုက်တွန်းချက်

အရာတော်မြို့၏ အဓိက တန်ခိုးကြီးဘုရားတစ်ဆူဖြစ်သော ခြေရာတော်စေတီသည်ကား ပုဂံခေတ်လက်ရာ ကျောက်ဆစ်ရုပ်ပွားတော်နှင့် ဘုရားသမိုင်းပါ ၆၀၀ ပြည့်နှစ်တွင် ကျစွာမင်းကြီး မင်းဆရာတော် ကြီးမှူး၍ မွမ်းမံသည်ဟူသော အချက်များအရ ထိုအချိန်ကာလ မင်းဆရာတော်ဖြစ်သော ပေါင်လောင်ရှင်ကဿပ မွမ်းမံခဲ့သော စေတီ ဖြစ်နိုင်ပါသည်။

ပရိယတ္တိ စာပေထူးချွန်ထက်မြက်၍ မြန်မာပြည် (ထိုခေတ် ပုဂံပြည်) နေရာအနှံ့အပြား၌ ကျောင်း၊ ဘုရား၊ သိမ်၊ ကန်များစွာ တည်ဆောက်မွမ်းမံကာ သာသနာပြုခဲ့သည့် တောကျောင်းအရှင် မဟာကဿပမထေရ်၏ မွမ်းမံမှု ကုသိုလ်စေတီဖြစ်သည့်အပြင် '**ခြေရာတော်**' ဘွဲ့မည်ပညတ်အရလည်း တနင်္လာ၊ ဗုဒ္ဓဟူး၊ စနေ ဂြိုဟ်သက်ပေါင်း ၁၅ + ၁၇ + ၁၀ = ၄၂ ကောလီအောင်ဓာတ်ကိန်းသဖြင့် ကာရကပူဇော်မှု အင်အားကြီးမားသော ပုဂံခေတ်လက်ရာ ခြေရာတော်စေတီ ရုပ်ပွားတော်နှင့် **ပျူခေတ်ရဟန္တာ အရှင် သုမေဓာ၏ ခြေရာတော်**တို့အား ဖူးမြော်ကာ အလိုရှိရာ အောင်ခြင်းအဖြာဖြာကို ဆုပနိရယူနိုင်ကြပေသည်။

စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ အရာတော်မြို့ အနီးကပ်လျက်တွင် ကိန်းဝပ်တော်မူသဖြင့် လွယ်လင့်တကူ သွားရောက်နိုင်ကြပါသည်။

ဂေါပကလူကြီးများ ပြောကြားချက်အရ စည်ကားလှသော ပူဇနီယပွဲတော်ကာလတွင် အကပြိုင်ပွဲနှင့် အခြားသော ပျော်ပွဲရွှင်ပွဲများစွာ တွေ့နိုင်သည့်အပြင် ထူးခြားမှုအနေဖြင့် အုန်းသီးခုတ်ပွဲ၊ အုန်းသီးဆ,ပွဲကို ပျော်ရွှင်စည်ကားစွာ ကြည့်ရှုနိုင်သည်ဆို၏။

အုန်းသီးကို မြေတွင်ချ၍ ဓားဖြင့် တစ်ချက်တည်း ထက်ခြမ်းကွဲအောင် အလောင်းအစားပြု ခုတ်ခွဲရသည်။ တစ်ချက်တည်း မကွဲပါက ခုတ်သူရှုံး၏။

**အုန်းသီးဆ,ပွဲဆိုသည်ကား** အုန်းသီးကို လက်ဖြင့် ချိန်ဆ၍ အလေးချိန်ကို ခန့်မှန်းရသည်။ အလေးချိန်ခွင် အသင့်ထား၍ ဆုံးဖြတ်ပေးသည်ဆိုလေသည်။

ထို့ကြောင့် အုန်းသီးဆန်ကြိုက်သူဖြစ်ပါက ပူဇနီယပွဲတော်နှင့် တိုက်ဆိုင်၍ သွားရောက်ပူဇော်နိုင်ကြောင်း အထူးအကြံပေးအပ်ပါသည်။

**ထွေးမောင်**



www.burmeseclassic.com

www.burmeseclassic.com

# မဟာဘုတ်ချိန်ခွင်နှင့်



သန်းပညာ

## သီးသန့်ယတြာ

မဟာဘုတ်ချိန်ခွင်အရ...

**တနင်္ဂနွေ သားသမီးများတွက်** သီးသန့်ယတြာ ဖြစ်ပါတယ်။

ကြည့်ပါ။

**၁–ကြွင်း မဟာဘုတ်အရ...**

တနင်္ဂနွေသားသမီးများသည် **ဘင်္ဂဖွားများ** ဖြစ်တဲ့အတွက် အနိဋ္ဌဖွားများလဲ ဖြစ်ပါတယ်။

| | | |
|---|---|---|
| | ၅ | |
| ၀ | ၃ | ၆ |
| ၄ | ၁* | ၂ |

၁–ကြွင်း မဟာဘုတ်

**၄–ကြွင်း မဟာဘုတ်အရ...**

တနင်္ဂနွေသားသမီးများသည် **အဓိပတိဖွားများ** ဖြစ်တဲ့အတွက် ကဋ္ဌဖွားများလဲ ဖြစ်ပါတယ်။

| | | |
|---|---|---|
| | ၁ | |
| ၃ | ၆ | ၂ |
| ၀ | ၄* | ၅ |

၄–ကြွင်း မဟာဘုတ်

ထို့အတူပါပဲ...

**၂–ကြွင်း၊ ၃–ကြွင်း၊ ၆–ကြွင်း** မဟာဘုတ်ပိုင်ရှင် တနင်္ဂနွေသားသမီးများသည် အထွန်း၊ ရာဇ၊ သိုက်ဖွားများ ဖြစ်ကြတဲ့ အားလျော်စွာ ကဋ္ဌဖွားများ ဖြစ်ကြပါတယ်။

ဤနည်းတူစွာ...

**၅–ကြွင်း၊ ၆–ကြွင်း** မဟာဘုတ်ပိုင်ရှင် တနင်္ဂနွေသားသမီးများသည် မရဏ၊ ပုတိဖွားများ ဖြစ်တဲ့အားလျော်စွာ အနိဋ္ဌဖွားများ ဖြစ်ကြပါတယ်။

ကဋ္ဌဖွားနဲ့ အနိဋ္ဌဖွား မတူညီသလို ကျင့်စဉ်ပိုင်းမှာလဲ ကွဲပြားသွားရခြင်းဟာ သီးသန့်ယတြာ ဖြစ်ပါတယ်။

ဤယတြာကို...

တနင်္ဂနွေသက်ရောက် ကြုံတိုင်း ဆောင်ရွက်ကြရန် ဖြစ်ပါတယ်။

တနင်္ဂနွေသက်ရောက်ကို သိလိုပါက ရောက်သက်ကို (၈)ဖြင့်စား၍ ၁– ကြွင်းလျှင် တနင်္ဂနွေသက်ရောက် ကြုံပါတယ်။ မွေးနေ့တိုင်း ဆောင်ရွက်ပါ။

ကြည့်ပါ။

ဥပမာ (၁၇)နှစ်၊ (၂၅)နှစ် စသည်ဖြင့်...

သီးသန့်ယတြာကို တင်ပြပါ့မယ်။

ဦးစွာ...

ကဋ္ဌဖွားများအတွက် တင်ပြပါ့မယ်။

ဤ သီးသန့်ယတြာသည် ရတနာသုံးပါးကို ဦးထိပ်ထားလျက် ဆောင်ရွက်ရသော နည်းစဉ်များ ဖြစ်ပါတယ်။

ကဋ္ဌဖွား တနင်္ဂနွေသားသမီးများသည် မိမိတို့မြို့ရွာရှိ အမြင့်ဆုံးသော စေတီတစ်ဆူဆူ၌ ဆောင်ရွက်ပါ။

**(ဥပမာ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်၊ ကျိုက်ထိုမြို့ ကျိုက်ထီးရိုးစေတီတော်)**

အမြင့်ဆုံးစေတီတော်၌ သင့်တင့်လျောက်ပတ်သော နေရာ၌ ထိုင်ပြီး သက်ရှိထင်ရှား ဘုရားအသွင် စိတ်ဝယ်ထင်မှတ်ပြီးလျှင် ဤဂါထာဖြင့် (၉)ခေါက် ရွတ်ဆိုပြီး ပူဇော်ကန်တော့လိုက်ပါ။ ဆုတောင်းပါ။

ပါတောဒယံ ဗာလဒိဝါကရံဝ၊
မဇ္ဈေ ယတီနံ လလိတံ သိရီဟိ။
ပုဏ္ဏိန္ဒုသင်္ကာသ မုခံ အနေဇံ၊
ဝန္ဒာမိ သဗ္ဗညု မဟံ မုနိန္ဒံ။

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **မဇ္ဈေ** | = မစ်ဈေ |
| **ပုဏ္ဏိန္ဒု** | = ပုန်ဏိန်ဒု |
| **သင်္ကာသ** | = သင်ကာသ |
| **ဝန္ဒာမိ** | = ဝန်ဒါမိ |
| **သဗ္ဗညု** | = သပ်ဗင်ညု |
| **မုနိန္ဒံ** | = မုနိန်ဒံ |

**အနက်**

**ပါတောဒယံ၊** နံနက်အခါ၌ တက်လာလတ်သော။ **ဗာလဒိဝါကရံဝ၊** အရောင်မပြင်း နီရောင်ကျင်းလျက် တက်သစ်စသော နေလုလင်ကဲ့သို့။ **ယတီနံ၊** ရဟန်းတို့၏။ **မဇ္ဈေ၊** အလယ်၌။ **သိရီဟိ၊** တင့်ရွှန်းလက်ဝေကျက်သရေတို့ဖြင့်။ **လလိတံ၊** တင့်တယ်တော်မူသော။ **ပုဏ္ဏိန္ဒုသင်္ကာသမုခံ၊** လပြည့်ဝန်းနှင့်တူသော မျက်နှာတော်လည်း ရှိတော်မူထ



www.burmeseclassic.com

www.burmeseclassic.com

သော။ **အနေဇံ၊** ကပ်ငြိတွယ်တာ တဏှာမှုလည်း ကင်းစင်တော်မူထသော။ **သဗ္ဗညုံ၊** ခပ်သိမ်းကုန်သော ဉာဉ်ယျခံတံရား ငါးပါးတို့ကိုလည်း သိတော်မူပြီးထသော။ **မုနိန္ဒံ၊** မြတ်စွာဘုရားကို။ **အဟံ၊** အကျွန်ုပ်သည်။ **နမာမိ၊** ရှိသေမြွတ်နိုး လက်စုံမိုးကာ ရှိခိုးပါ၏ ဘုရား။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်း တို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ မွှာစရိယ(မဟာဝဏ္ဏဒီမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။ ]*

အနိဋ္ဌဖွား တနင်္ဂနွေသားသမီးများသည် မိမိတို့မြို့ရွာရှိ ရှေးဟောင်းစေတီတော်တစ်ဆူဆူ (ရုပ်ပွားတော်)၌ အားထုတ်ရပါမယ်။**(ဥပမာ မြို့ဦးစေတီ)**

**အနိဋ္ဌဖွား တနင်္ဂနွေသားသမီးများသည်** ယခုဖော်ပြမည့် ဂါထာဖြင့် (၉)ခေါက်ရွတ်ဆိုပြီး ပူဇော်ကန်တော့ပါ။ ဆုတောင်းပါ။

ဥဒေတ ပုညော ဝရ ဗောဓိမူလေ၊
သ,သေန မာရံ သုဂတော ဇိနိတွာ။
အဗောဓိ္ဈ ဗောဓိံ အရုဏောဒယမှိ၊
နမာမိ တံ မာရဇိနံ အ,ဘင်္ဂ။

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **ပုညော** | = ပုန်ညော |
| **ဇိနိတွာ** | = ဇိနိတ်တာဝါ |
| **အဗောဓ္ဈိ** | = အဗွတ်စျိ |
| **ဗောဓိံ** | = ဗာဓိန် |
| **ဒယမှိ** | = ဒယန်မှိ |
| **အ,ဘင်္ဂ** | = အဘင်ဂံ |

**အနက်**

**ဥဒေတပုညော၊** ပြည့်စုံသော ကုသိုလ်တော်လည်း ရှိတော်မူထသော။ **သုဂတော၊** အကြင် မြတ်စွာဘုရားသည်။ **ဝရဗောဓိမူလေ၊** မြတ်သော ဗောဓိပင်၏အနီး၌။ **သ,သေန မာရံ၊** စစ်သည်ဗိုလ်ပါနှင့် တကွသော မာရ်နတ်သားကို။ **ဇိနိတွာ၊** အောင်မြင်တော်မူပြီး၍။ **အရုဏောဒယမှိ၊** နေအရုဏ်တက်သောအခါ၌။ **ဗောဓိံ၊** အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို။ **အဗောဓ္ဈိ၊** သိတော်မူခဲ့လေပြီ။ **မာရဇိနံ၊** မာရ်ငါးပါးကို အောင်တော်မူပြီးထသော။ **အဘင်္ဂံ၊** မာရ်စစ်သည်တို့သည် မဖျက်ဆီးနိုင်ထသော။ **တံသုဂတံ၊** ထို မြတ်စွာဘုရားကို။ **အဟံ၊** အကျွန်ုပ်သည်။ **နမာမိ၊** ရှိသေမြွတ် ဦးညွှတ်ဝပ်လျှိုး ရှိခိုးပါ၏ဘုရား။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်း တို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ မွှာစရိယ(မဟာဝဏ္ဏဒီမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။ ]*

ပြီးလျှင်...

**ဣဋ္ဌဖွား တနင်္ဂနွေသားသမီးများသည်** တစ်နှစ်ပတ်လုံး **"အရဟံ"** ဂုဏ်တော်ကို ပုတီး(၁)ပတ်စိပ်ပါ။ ရဟန်းတော်တစ်ပါးပါးအား လိမ္မော်ရောင်ပစ္စည်းတစ်မျိုးလည်း လှူပေးပါ။

**အနိဋ္ဌဖွား တနင်္ဂနွေသားသမီးများသည်** တစ်နှစ်ပတ်လုံး နေ့စဉ် **"ဘဂဝါ"** ဂုဏ်တော်ကို ပုတီး(၁) ပတ်စိပ်ပါ။ ရဟန်းတော်တစ်ပါးပါးအား အလင်းတိုင်၊ လျှပ်စစ်မီးသီး စသည်တို့ကို လှူပေးပါ။

ဤသည်ကား တနင်္ဂနွေသားသမီးများရဲ့ သီးသန့်ယတြာ ဖြစ်ပါတယ်။

***အေးပါစေ၊ အောင်ပါစေ။***

**သန်းပညာ**

စာမူရှင်များသို့...

ပေးပို့သော

စာမူများကို

မူပွား

ထားကြပါရန်နှင့်

မရွေးချယ်ပါက

ပြန်လည်ပေးပို့မည်

မဟုတ်ပါကြောင်း

အသိ

ပေးအပ်ပါသည်။

လေးစားစွာဖြင့်...

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့

# သမားအိုဆေးတိုက်

မှ ထုတ်လုပ်သော နှန်းတွင်းလိမ်းဆေး၊ လေးဖက်နာဆေး၊ နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး



သီပေါမင်း ပါတော်မူပြီး နောက်နန်းတွင်းသမားတော်ကြီးများ မြို့နယ်အသီးသီးသို့ ပြန့်ကျဲရောက်ရှိခဲ့ကြရာ ဘီလူးကျွန်း၊ ကမာမွန်ရွာသို့ ရောက်ရှိခဲ့ကြသည့် နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေး ခေါင်းဆောင်ဆရာစံ (သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို **သမားတော်ကြီး ဦးနွယ်၏မြေး သမားတော်ကြီး ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး) ဇနီး ဒေါ်ကျင်သိန်း၊ တိုင်းရင်းသမားတော် ဦးသန်းဇော်၊ ညီမဒေါ်ခင်ခင်ထွေး**တို့ အကြောင်းပြု ပေါင်းစုလျက် သမားအိုဆေးတိုက်မှ မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

### သမားအို နန်းတွင်းလိမ်းဆေးကြီး

*[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ၀၅၁၀. YR ၀၀၀၉၉၇]*

*[လိုင်စင်အမှတ် ၁၁/၂၀၀၈ တဆထလ တိုး(၀၁၂၁)]*

မြန်မာ့နန်းတွင်း အစဉ်အဆက် သုံးစွဲခဲ့သည့် လိမ်းဆေးဖြစ်ပြီး **ပရွတ်၊ မင်သော် စသည့် ဆေးပူများ မပါရှိသော** ဆေးအေးဖြစ်၍ ဘေးထွက်ဆိုးကျိုး လုံးဝ မပါရှိတဲ့ အပူနာများကိုပါ သက်သာပျောက်ကင်းစေကြောင်း အာမခံသည့် လိမ်းဆေးတစ်လက်ဖြစ်သည်။

ပျောက်ကင်းစေသော ရောဂါများ

သမားအို နန်းတွင်းလိမ်းဆေးကြီးသည် အဆစ်၊ အမြစ်၊ အကြောရောင်/နာ၊ ကိုက်ခဲခြင်း၊ ဒူးနာ၊ ခါးနာ၊ လေးဖက်နာ၊ ဂေါက်နာ၊ ဖက်ထိုး၊ ခေါင်းအုံ၊ ခေါင်းကိုက်၊ ပန်းနာ၊ ရင်ကျပ်၊ နှာစေး၊ နှာပိတ်၊ ထိပ်ကပ်နာ၊ အရိုးကျိုး၊ အဆစ်လွဲ၊ အဆစ်ဟ၊ ဒဏ်နာဖြစ်၊ လက်ကပ်ခြင်းနှင့် အပူလောင်ခြင်းများကို သက်သာ ပျောက်ကင်းစေပါသည်။

အသားပပ်ခြင်း၊ အသားကွဲခြင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နေလောင်ကွက်များကို ညအိပ်ရာဝင်ချိန်၌ မျက်နှာအား ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပြီးမှ ဆေးလိမ်း တစ်ရှူးကပ် အိပ်ပါ။

နေ့စဉ်ရက်ဆက် လိမ်းပေးခြင်းဖြင့်"**အသားအရေ ဖြူနု ချောမွတ်ပြီး မကြုံဘူးအောင် အလှထူးစေသည့်**"ကမ္ဘာ့ ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။ မန္တလေးတောင်၊ ကျိုက်ထီးရိုးတောင်၊ ပုပ္ပါးတောင်ကဲ့သို့ အလေ့အကျင့်မရှိသော တောင်တက်ဘုရားဖူးခရီးသည်များ သုံးစွဲလျှင် ထုံကျဉ်ညောင်းညာ ကိုက်ခဲခြင်းများ သက်သာပျောက်ကင်းစေသည့်အပြင် ကျိုးပေါင်းရောဂါဝေဒနာရှင်များ အသားထဲ စိမ့်ဝင်အောင် ညင်သာစွာ လိမ်းပေးခြင်းဖြင့်ကျိုးပေါင်းရောဂါဝေဒနာများ အချိန်တိုအတွင်း သက်သာပျောက်ကင်းစေပါသည်။

### သမားအို လေးဖက်နာဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် အမှတ် ၀၃၀၉ YR ၃၀၆၃]*

လူတစ်ယောက်၏ခန္ဓာကိုယ်အား သိပ္ပံနည်းကျ သွေးစစ်ကြည့်ခြင်းဖြင့် **ယူရစ်အက်စစ် အလွန် များနေခြင်း၊ အေအက်စ်အို သီတာယူနစ်(၂၀၀)ထက် ရှိခြင်း၊ နောက်ဆုံး အာအေ စမ်းသပ်မှု၌ (+) အပေါင်းလက္ခဏာတွေ့ရှိခြင်း**စသည်ဖြင့် လေးဖက်နာရောဂါအဆင့်ဆင့်တို့ကို သိရှိနိုင်ပေသည်။

**လေးဖက်နာရောဂါ၏ ဆက်နွယ်ရောဂါများဖြစ်သော နှလုံး၊ သွေးတိုး၊ မီးယပ်ရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့် ဆေးဖက်များ သမားအို လေးဖက်နာဆေးတွင် ထည့်သွင်း ဖော်စပ်ထားပါသည်။**

သမားအိုလေးဖက်နာဆေးတွင် သက်စောင့်ဆေးဖက်များ ပါရှိသည့်အတွက် ရာသီဥတုဒဏ်ခံနိုင်ပြီး တရားထိုင်သူများ၊ ယာဉ်မောင်းသူများ၊ စက်ချုပ်သမားများ၊ လက်နှိပ်စက်နှင့် ကွန်ပျူတာ အော်ပရေတာများ ဤဆေးကို မှန်မှန် စားသုံးသွားပါက ဆီး၊ ဝမ်း၊ လေမှန်ကန်ပြီး ကျန်းမာရေးနှင့် ညီညွတ်ကာ ကိုယ်လက်ပေါ့ပါး သွက်လက်စေပါသည်။

### သမားအို နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် ၀၃၁၁ YR ၀၀၃၀၆၂]*

မြန်မာ့နန်းတွင်းသမားတော်ကြီးများ အသုံးပြုခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်သည်။ **နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှလုံးကျပ်ခြင်း၊ နှလုံးခုန်လွန်းခြင်း၊ မောပန်းခြင်း၊နှလုံးအားနည်းခြင်း၊ နှလုံးရောင်ခြင်းနှင့် နှလုံးရောဂါအမျိုးမျိုး**တို့ကို သက်သာပျောက်ကင်းစေပြီး စိတ်ဓာတ်ကို ကြည်လင် လန်းဆန်း၍ ဉာဏ်ရည်ထက်မြက်စေသော "**သတ္တဂုဏ်**"နှင့် ပြည့်စုံသော ဆေးကောင်းတစ်လက် ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းသူကျောင်းသားများနှင့် ရဟန်းသံဃာ အရှင်မြတ်များ စာမေးပွဲနီးသော အခါ၌ လည်းကောင်း၊ ပရိယတ္တိ၊ ပဋိပတ္တိ ဝန်ဆောင်ရာ၌ လည်းကောင်း အစဉ်အလာအားဖြင့် အောင်မြင်စွာ သုံးစွဲခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ-၀၂၉၁၇) ဖုန်း-၀၉-၅၂၂၆၄၄၀၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**
အမှတ်(၄၇)၊ (၁၀၈)လမ်း၊ ပန်းလာဈေးအနီး၊
ပန်းလာတောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၀၆၃၀ အပြင်မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

စဝါးတောင်ခြေ အဓိဋ္ဌာန်ပြုရာ

# သစ်ဖြူတောင် ဆောင်မြေ (၂)

မောင်မောင်စိုး (ထားဝယ်)

**ယခင်လမှ အဆက်**

စာရေးသူ စာပေ လေ့လာ မှတ်သား ထားသော **ကူးတို့စေတုဏ္ဍဂိုဏ်းချုပ် သစ်ဖြူတောင် ဆရာတော်အရှင် ဝိသဝ၏ ဘဝဖြစ်စဉ်တော် မှတ်တမ်း**ကို ပြန်လည်သတိတရ အမှတ်ရမိသည်။


တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ ဥက္ကာ့ရွာတွင် လယ်ပိုင်ရှင် ခမည်းတော် ဦးဖိုးရှင်နှင့် မယ်တော် ဒေါ်အေးဟူ၍ ဇနီးမောင်နှံတို့မှ အရှင်ဝိသဝလောင်းလျာ ငယ်အမည် မောင်ရွှေပျံကို ကောဇာသက္ကရာဇ် ၁၂၃၀ ပြည့်နှစ်တွင် မီးရှူးသန့်စင် ဖွားမြင်၏။

ဆရာတော်လောင်းလျာ မောင်ရွှေပျံသည် အရွယ်ရောက်သော် ရွှေဦးစွာ ဥက္ကာ့ကျောင်းဆရာတော်ထံတွင် စတင်ပညာသင်ကြား၏။

တစ်ဖန် ထားဝယ်မြို့နယ်၊ ကျောက်မော်ရပ်ရှိ ဝဲကြီးတောင်ကျောင်း ဆရာတော်ဦးဒီပထံသို့ ရောက်ရှိပြီး သဒ္ဒါကျမ်းရာပညာများကို ဆက်လက်သင်ကြားပြန်သည်။

ထို့နောက်တစ်ဖန် ကူးတို့ကျောင်းသို့ ပြောင်းရွှေ့ပြီးလျှင် ဆရာတော်အရှင် ဥက္ကံသ(နောင် ပိဋကတ်တိုက် ဆရာတော်)ထံ၌ ပညာသင်ကြား ပြန်လေသည်။

ထိုဆရာတော်ထံတွင် ရှင်အဖြစ်မှ ရဟန်းအဖြစ်သို့ ရောက်ရှိပြီး ရဟန်း ဝါရသောအခါ မြန်မာနိုင်ငံအထက်ပိုင်း မန္တလေးမြို့တော်သို့ ကြွရောက်လျက် အထက်တန်းစာပေများကို သင်ကြား ဆည်းပူးတော်မူသည်။



ဆရာတော် အရှင်ဝိသဝ၏ ပုံတော် (သာသနာ့ဗဟိုရှိ ထားဝယ်ထင်ရှားများ ဓာတ်ပုံမှ ထပ်ဆင့် ရိုက်ကူးထားခြင်း ဖြစ်ပါသည်။)

ပညာပြည့်ဝ၍ ဇာတိဒေသ ထားဝယ်သို့ ပြန်လည်ကြွရောက်လာသောအခါ ကူးတို့ကျောင်းမှ (၄)ဆက်မြောက်



www.burmeseclassic.com

www.burmeseclassic.com

ခန့်ဝေးသော သစ်ဖြူတောင်ကျောင်းကို လက်ခံတော်မူ၍ သာသနာပြုတော်မူသည်။


တတိယဂိုဏ်းချုပ် ဇလွန်း အရှေ့ကျောင်းဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက် ကောဇာသက္ကရာဇ် ၁၂၉၉ ခုနှစ်၊ တပေါင်းလဆုတ်(၉)ရက်နေ့တွင် သက်တော်(၆၉)နှစ် သိက္ခာတော်(၄၉)ဝါရှိပြီဖြစ်သော သစ်ဖြူတောင်ကျောင်း ဆရာတော်ကြီး အရှင်ဝါသဝကို ဂဏဝိမုတ်စာချွန်တော်ရ ကူးတို့ဂိုဏ်းကြီး၏ စတုတ္ထမြောက်ဂိုဏ်းချုပ်အဖြစ် သံဃာတော်များက ဆန္ဒတူတင်မြှောက်တော်မူကြသည်။

ဆရာတော်ကြီးသည် ဂဏမဟာနာယကတာဝန်ဖြင့် ကူးတို့ဂိုဏ်းသံဃာအပေါင်းကို (၁၀)နှစ်ခန့် ရှေ့ဆောင်လမ်းပြ သာသနာပြုတော်မူပြီးနောက် ကောဇာသက္ကရာဇ် ၁၃၀၈ ခုနှစ်၊ သက်တော် (၇၈)နှစ်၊ သိက္ခာတော် (၅၈)ဝါအရွယ်တွင် တစ်ဘဝငြိမ်းတော်မူသည်။

'ဒကာတို့လဲ နေမွန်းမတည့်မီ တောင်ပေါ်တက်ပြီး ဘုရားဖူးလိုက်ပါဦး'

ကျောင်းထိုင်ဦးပဥ္စင်း၏ မိန့်ကြားသံလိုက်ရ၍ အတွေးပုံရိပ်ကို ဖြတ်တောက်လိုက်ပြီး သစ်ဖြူတောင်ထိပ်ပေါ်သို့ ထွက်ခွာလာကြသည်။

အရှေ့ရပ်ဝန်းတစ်ခွင်တွင် စပါးတောင်ကြီးသည် စိမ်းလန်းစိုပြည်စွာ တောင်စွယ်တောင်တန်းတို့ဖြင့် တောင်ဘက်မှ မြောက်ဘက်သို့ သွယ်တန်းလျက်ရှိသည်မှာ တွားသွားသတ္တဝါကြီးတစ်ကောင် တောင်ဘက်သို့ ဦးခေါင်းပြုကာ မြောက်ဘက်သို့ ခြေဆင်း၍ အိပ်မောကျနေသည့်ပမာ ရှိနေပေသည်။



▲ အလယ်တောင်ကုန်းပေါ် တက်ရောက် သွားလာနိုင်သည့် အရှေ့တောင်ထောင့်ရှိ တန်ဆောင်းလှေကားငယ်ကို တွေ့ရစဉ်

▼ ရွှေ၊ မိုး၊ ဆောင်း သုံးရာသီ အသုံးပြုနိုင်သော ရေကန်ကြီး



သစ်ဖြူတောင် တောင်ကုန်းသည် လှေကားထစ်ပုံသဏ္ဌာန် ရှိသည်။ အရှေ့ဘက် တောင်ကုန်းမြင့်နေရာသည် အမြင့်ဆုံးမြေပြန့် ဖြစ်သည်။

အရှေ့ဘက် တောင်ကုန်းမြင့်မှ အနောက်ဘက်သို့ လှေကားသဏ္ဌာန် တစ်ထစ်နိမ့်ဆင်းလာပြီး အလယ်တောင်ကုန်း မြေပြန့်ဖြစ်လာသည်။ တစ်ဖန် အလယ်တောင်ကုန်းမြေပြန့်နေရာမှ အနောက်ဘက်သို့ပင် လှေကားတစ်ထစ် နိမ့်ဆင်းလာကာ အနောက်ဘက်တောင်ကုန်း မြေပြန့်နေရာ ဖြစ်လာသည်။

အနောက်ဘက် တောင်ကုန်းမြေပြန့်နေရာ၌ သစ်ဖြူတောင်ကျောင်းကြီးတည်ရှိရာ အရှေ့မြောက်ထောင့်နှင့် အရှေ့တောင်ထောင့်တို့တွင် အလယ်တောင်ကုန်း မြေပြန့်သို့ သွားရောက်နိုင်သော တန်ဆောင်း လှေကားတစ်စင်းစီ ရှိသည်။

စာရေးသူတို့ အရှေ့တောင်ထောင့် တန်ဆောင်း လှေကားရှိရာဘက်မှ





www.burmeseclassic.com

www.burmeseclassic.com



သမုတ်သိမ်တော်ကြီးပုံ

ဘယ်တောင်ကုန်းမြေပြန့်ဆီမှ ဆက် ဘက်ရောက်လာရာ ရှေးဦးစွာ နွေ ဆောင်းသုံးရာသီ သံဃာတော်များ အလှူမင်္ဂလာပွဲများအတွက် အသုံး ပြုနိုင်သော အမိုးအကာလုံစွာဖြင့် အုတ်ရေကန်ကြီးတစ်ကန်ကို တွေ့မြင်ရလေသည်။

ထိုရေကန်ကြီးကို သူငယ်ချင်း မိတ်ဆွေတစ်စုတို့က ထပ်မံပြုပြင် ကောင်းမှုပြုထားကြောင်း သိရှိရသည်။


ထိုရေကန်ကြီး၏ အရှေ့ဘက်တွင် သမုတ်သိမ်ကြီးကို ခံ့ညားထည်ဝါစွာ မြင်ရသည်။ ရှေ့ဆက်၍ လျှောက်လှမ်းသွားရာ အရှေ့ဘက် တောင်ကုန်းပေါ် တက်ရောက်ရန် တောင်ကုန်း၏ အရှေ့မြောက်ထောင့်နှင့် အရှေ့တောင်ထောင့်တို့၌ပင် တန်ဆောင်းလှေကား ငယ် တစ်စင်းစီကို တွေ့ရပြန်ပါသည်။

တောင်ဘက်အရပ် အဝေးစီးမိုး မြင်ကွင်းမှာ စိမ်းမြမြ စပါးတောင်ခြေရင်းတွင် မြောက်ဘက်သို့ ဦးခေါင်းပြုကာ တောင်ဘက်အရပ်သို့ ခြေဆင်းလဲလျောင်းတော်မူနေသော **ထားဝယ်မြို့ ကျက်သရေဆောင် လောကသရဖူ လျောင်းတော်မူဘုရားကြီးကို**

အရှေ့ဘက်တောင်ကုန်းထိပ်မှ အလယ် တောင်ကုန်းနှင့် အနောက်ဘက် တောင်ကုန်းရှိ သမုတ်သိမ်ကြီး၊ ရေကန်ကြီး၊ သိမ်ဖြူတောင်ကျောင်းကြီးတို့ကို တွေ့မြင်ရသည့် မြင်ကွင်း



www.burmeseclassic.com





▲ အောင်တော်မူစေတီ၏ ကမ္ပည်း မြေစိုက်ဆိုင်းဘုတ်ကို တွေ့ရစဉ်

အောင်တော်မူစေတီတော်၏
အောက်ခြေ အနောက်တောင်ထောင့်ရှိ ခြင်္သေ့ ▶

သစ်တောကြီးများ အုပ်ဆိုင်းနေသည့်ကြားမှ ကြည်ညိုဖွယ် ဖူးတွေ့နိုင်ပါသည်။

စာရေးသူတို့ အရှေ့တောင်ဘက်တန်ဆောင်းလှေကားမှ အရှေ့ဘက်တောင်ကုန်းမြေပြန့်သို့ တက်ရောက်လာကြရာ အဝေးကပင် ရွှေရောင်ဝင်းဝါစွာဖြင့် စေတီတစ်ဆူကို ကြည်ညိုဖွယ်ရာ ဖူးမြော်ရသည်။

စေတီတော်အနီး အနောက်တောင်ထောင့်တွင် "အောင်တော်မူစေတီ" ဟူ၍ မြေစိုက်ကမ္ပည်းဆိုင်းဘုတ်ယင်ကို ဆေးရောင်ပျက် မှုန်ဝါးစွာဖြင့် တွေ့ရသည်။

အောင်တော်မူစေတီသည် လေးထောင့် အုတ်ခုံ၊ အောက်ခြေပလ္လင်တွင် ခြင်္သေ့(၄)ကောင်၊ ရှစ်မြှောင့်ပစ္စယံသုံးဆင့်ခံကာ အပေါ်ဆုံးအထက်ပစ္စယံတွင် ကြာပလ္လင်ဖြင့် အဝိုင်းပတ်ထားပြီး ခေါင်းလောင်းမှောက် သွယ်လျလျ စေတီပေါက်ထားသည်။ ထူးခြားသော အသွင်သဏ္ဌာန် စေတီတစ်ဆူဖြစ်ပေသည်။ ပုဂံခေတ်ဦးလက်ရာဟန်ယူဆဖွယ်ရာ ဖြစ်ရလေသည်။

ထူးခြားသည်မှာ ခေါင်းလောင်းသပိတ်မှောက် နားရေးအောက်တွင် ဘီလူးလက်ယှက်ပန်းဆွဲကို တွေ့ရသည်။ ထိုဘီလူးလက်ယှက် ပန်းဆွဲမျိုးကို ထားဝယ်မြို့၊ ကျောက်မော်ရပ်၊ ဝဲကြီးတောင်ကုန်းပေါ်၌ ကိန်းဝပ်သော မြစေတီ၌လည်း တွေ့ရှိနိုင်လေသည်။

**ဤစေတီ၌ ဘီလူးပန်းဆွဲ တွေ့ရှိခြင်းမှာ ဒေသအနှံ့ရှာယ်ကို စောင့်ရှောက်ကာကွယ်စေလိုသော ရည်ရွယ်ချက်ဖြင့် အသုံးပြုထားခြင်းဖြစ်ကြောင်း သိရှိရလေသည်။**

စပါးတောင်အောင်မြေ (၉)ဌာနတွင် တစ်ဌာန အပါအဝင်ဖြစ်သော သစ်ဖြူတောင်အောင်မြေ အောင်တော်မူစေတီတော်၌ မိမိမွေးနေ့မှစ၍ ဖြစ်စေ၊ ရက်ခြားဖြစ်စေ သွားရောက်၍ အဓိဋ္ဌာန်ဝင်သင့်ပါသည်။

မိမိ၏ မွေးနံအရပ်ထောင့်နေရာတွင် အဓိဋ္ဌာန်ဝင်သင့်ပါသည်။ အလုပ်အကိုင်များ မည်သည့် အလုပ်အကိုင်ပင် လုပ်လုပ် အဆင်မပြေ ဖြစ်နေသည်ဟု ဆိုလျှင် သစ်ဖြူတောင် အောင်မြေ အောင်တော်မူစေတီ၌ အဓိဋ္ဌာန်ဝင်ကြည့်စေချင်ပါသည်။

ကြံစည်သမျှ အောင်မြင်ခြင်း၊ ငွေဝင်လာဘ်ရွှင် စီးပွားဖွံ့ဖြိုးလာခြင်း၊ ရာထူးဂုဏ်ရှိန်တိုးတက်ခြင်း၊ ကျက်သရေမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံခြင်းများ ဖြစ်လာနိုင်ပါသည်။


အောင်တော်မူ စေတီတော်၏ အနောက်ဘက်မျက်နှာစာတွင် ကုလားကျောင်းပေါ်၌ ထုံးသင်္ကန်းဖြင့် စေတီတစ်ဆူ ကိန်းဝပ်တော်မူပြီး ထိုစေတီ၏ လိုဏ်မှန်အတွင်း ထိုင်တော်မူကျောက်ဆင်းတုတော်တစ်ဆူအား ဘူမိဖဿ ဟန်ဖြင့် ဖူးမြော်ကြည်ညိုကြရလေသည်။

ထိုလိုဏ်မှန်၏ အနောက်ဘက်မျက်နှာစာ၌ရှိသော အာရုံခံဇရပ်အတွင်း ရဟန်းသံဃာတော်များ သီတင်းသုံးနေထိုင်သည်။

အောင်တော်မူစေတီ၏ တောင်

www.burmeseclassic.com





▲ အရှေ့ဘက်ဘက်လိုဏ်မုခ်အတွင်း ဖူးမြော်ရသော ကျောက်ဆင်းတု ထိုင်တော်မူပုံတော်

◀ ကုလားကျောင်းခံ စေတီဘုရားသိမ်အတွင်း နဂါးရုံဘုရားနှင့် ရှင်သီဝလိ၊ ရှင်ဥပဂုတ္တမထေရ်တို့ကို ဖူးမြော်ရစဉ်

ဘက်မျက်နှာစာတွင် ကုလားကျောင်းပေါ်၌ ရွှေရောင်ဝင်းဝါစွာဖြင့် စေတီတစ်ဆူ တည်ထားသည်။ ထိုစေတီ၏ အရပ်လေးမျက်နှာ ထောင့်လေးထောင့်၌ ကလသာအိုးတစ်လုံးစီ တွေ့ရလေသည်။

ကုလားကျောင်းခံ စေတီဘုရားသိမ်အတွင်း နဂါးရုံဘုရားတစ်ဆူနှင့် ရှင်သီဝလိ၊ ရှင်ဥပဂုတ္တမထေရ်တို့ကို ဖူးမြော်ကြရသည်။

အရှေ့တောင်ထောင့် တောင်ကုန်း၌ တံခွန်တိုင်ကို တွေ့ရသည်။ ထိုတံခွန်တိုင်အနီး၌ပင် စပါးတောင်ပေါ်သို့ တက်ရောက် သွားလာနိုင်သော တန်ဆောင်းလှေကားငယ် တစ်စင်းစီကို တွေ့ရှိရလေသည်။

ထိုဘုရားသိမ်၏ အရှေ့မြောက်ထောင့်နှင့် အရှေ့တောင်ထောင့်တို့၌ ရှိသော တန်ဆောင်းလှေကားငယ် နှစ်စင်းဖြင့် အရှေ့ဘက်အရပ် တောင်ခြေသို့ ဆင်းသက်ကာ ရှေးက စပါးတောင်ပေါ်၌ တက်ရောက် သွားလာနိုင်ကြပါသည်။

သို့သော် ယခုအခါ အရှေ့ဘက် တောင်ခြေ၌ သစ်ကြီးဝါးကြီးများ ပေါက်ရောက် တောထူထပ်စွာ ရှိနေ၍ လူသွားလမ်းကြောင်းပင် မတွေ့ရှိရ တော့ပါ။

အာကာတစ်ခွင်တွင် တိမ်နှင့် မြူခိုးရောယှက်မိုးထားသဖြင့် နေရောင်ခြည်မှာ နေ့ခင်းဖြစ်သော်လည်း အားပျော့ မှေးမှိန်နေသည်။ တောင်မြင့်ပေါ်ရောက်လာသဖြင့် လေတိုက်နှုန်း ပြင်းလာသည်။

ထိုအခါ နှင်းမြူများ လွင့်သွားသဖြင့် နို့နှစ်ရောင်ဆိုင်းနေသော မိုးကုတ်စက်ဝိုင်းအောက်တွင် စပါးတောင်မြင့်ကြီးကို လှမ်းမြင်ကြရသည်။ စပါးတောင်တောင်ထိပ်၌မူ ခေါင်းစွပ်ဖြူ စွပ်ထားသလို မိုးတိမ်များ အုံ့ဆိုင်းနေသည်။

အောင်တော်မူစေတီ၏ အရှေ့မျက်နှာစာရှိ ဘုရားသိမ်၏ အမိုးခေါင်ထိပ်၌ ထီးတော်တင် ကောင်းမှုပြုထားသည်ကို တွေ့ရသည်။

ဗုဒ္ဓမြတ်စွာဘုရားအား ရည်စူး၍ ဘုရားသိမ်၊ ကျောင်း၊ ပြာသာဒ်တို့၏ အထွတ်အထိပ်တို့တွင် ထီးတော်တင် ကောင်းမှုပြုခြင်းဓလေ့မှ ထားဝယ်ဒေသ၏ ထူးခြားသည့် ကိုးကွယ်မှု ပြယုဂ်ဟု ဆိုရပေမည်။

ထိုစေတီ၏ အရှေ့ဘက် ဘုရားသိမ်အတွင်း ဗုဒ္ဓဘုရားရှင်သည် ပဥ္စဝဂ္ဂီငါးဦးကို ဓမ္မစကြာတရားဦး ဟောကြားနေသည့်ဟန် ဗုဒ္ဓထိုင်တော်မူ ရုပ်ပွားတော်နှင့် ပဥ္စဝဂ္ဂီငါးဦး၏ ပုံတော်ကို ပန်းချီကားချပ်တို့ဖြင့် သရုပ်ဖော်ထားသည်ကို ဖူးမြော်ကြည်ညိုမိသည်။

သို့နှင့် ဘုရားသိမ်များနှင့် ဘုန်းတော်ကြီးကျောင်းများ၌ ဗုဒ္ဓဘုရားရှင်သည် ပဥ္စဝဂ္ဂီငါးဦးကို ဓမ္မစကြာတရားဦး ဟောကြားသည့် သရုပ်ဖော်ပန်းချီ၊ ရုပ်တုတော်များကို ကိုးကွယ်ထားခြင်း၏အကြောင်းရင်းကို တစ်စေ့တစ်စောင်း စေ့ငုမိသည်။

ရှေ့လ ဆက်ဖတ်ပါရန်

**မောင်မောင်စိုး (ထားဝယ်)**



www.burmeseclassic.com

www.burmeseclassic.com

### ဖိုးသူတော် ဦးတိုးလူ၏

# ရွှေချိပ်လမ်း

စာရေးသူ ရေးသားဖော်ပြမည့် ဖိုးသူတော် ဦးတိုးလူ၏ ရွှေချိပ်လမ်းမှာ အောင်မြင်ပြီးစီးသွားသော ဆရာအဖွဲ့မှာ ဆွေ့ဆွေ့ခုန်လောက်အောင် အောင်မြင်ပြီးစီးသွားသည်ကို စာရေးသူကိုယ်တွေ့ မြင်ဖူးပါသည်။

ထိုနည်းအတိုင်းပင် အခြားဆရာအဖွဲ့မှာ ထိုသို့ မအောင်မြင်ဘဲ သာမန်ဓာတ်သား (စပ်သား)အဖြစ်သာ အောင်မြင်ပါသည်။

ထို့ကြောင့် ပထမ အောင်မြင်သွားသော ဆရာအဖွဲ့မှာ ပါရမီကုသိုလ် ပါရှိလို့ အောင်မြင်ခြင်းဖြစ်သလော၊ ဒုတိယဆရာအဖွဲ့မှာ ပါရမီကုသိုလ် မပါရှိလို့ မအောင်မြင်ဘဲ ဓာတ်သား (စပ်သား)အဖြစ်သာ ရရှိသလောဟု မဝေခွဲတတ်ပါ။

အဂ္ဂိရတ်ဝါသနာရှင် သုတေသီများနှင့် စာဖတ်ပရိသတ်များ ပညာဗဟုသုတ ဖြစ်စေရန် မူရင်းအတိုင်း ဖော်ပြလိုက်ပါသည်။


**ရွှေချိပ်လမ်း**

သွပ် (၂) ကျပ်သား
ပြဒါး (၂) ကျပ်သား

ထို့နောက် ရွှေ(၂)ကျပ်သားနှင့် တွဲ၍ထားပါ။

၁။ ကန့် (၁) ကျပ်သား
၂။ ဆေးအုန်း (၁) ကျပ်သား
၃။ ဟင်းရိုင်း (၁) ကျပ်သား
၄။ ကျောက်ချဉ် (၁) ကျပ်သား
၅။ လက်ချား (၁) ကျပ်သား
၆။ ယမ်း (၁) ကျပ်သား
၇။ ဆား (၁) ကျပ်သား

ထိုဓာတ်အားလုံး အမှုန့်ပြု၊ အထက်ပါ ဓာတ်(၃)ပါးတွဲကို အထက်အောက်နှီး၍ ထိုးပါ။ (၂)ကျပ်သားတင်လျှင် တန်။



ထိုဓာတ် (၁)ကျပ်သားကို ရွှေ (၁)ကျပ်သားနှင့် တွဲ၊ ရွှေချိပ်ဖြစ်၏။ ဘော်(၁၀)ကျပ်သားတွင် ထိုချိပ် (၂) ကျပ်သားပစ်၊ ဘော်ဝါဖြစ်၏။ ရွှေသက်သွင်းလေ။

ရွှေ (၁)ကျပ်သား အထက်က ကျန်သည့်ဓာတ်ကျန် (၁)ကျပ်သား၊ ဆေး(၇)ပါး အမှုန့် ပေါင်း၍ ထန်းလျက်နှင့် တေ။ ဖွဲ(၃)တင်းနှင့် ဖုတ်၊ ပြာကျ၏။ ထိုပြာ (၁)မတ်သား၊ ဘော် (၁) ပိဿာတွင် ပစ်၊ ပဋိလောမ ရွှေ ဖြစ်၏။ ကြေးနီ (၁)ပိဿာတွင် (၅)မူးသားပစ်လျှင် ဇမ္ဗူရစ်ရွှေ ဖြစ်၏။

**မှတ်ချက်။ ကြေးနီ(၁)ပိဿာတွင် (၅)မူးသားပစ်၍ ဇမ္ဗူရစ် မဖြစ်ခဲ့သော် ဓာတ်သား(စပ်သား) ဖြစ်ပါသည်။**

အဂ္ဂိရတ်ဝါသနာရှင်များ သတိပြုရန်မှာ ပထမ ဘော်(၁၀)ကျပ်သားတွင် ချိပ် (၂)ကျပ်သားပစ်၊ ဘော်ဝါ၏။ ဘော်ဝါလျှင် ကိတ်သက် သွင်းပါလေဟု စာတွင်ပါသည်။

ဤနေရာတွင် အဖြေထွက်နေပါပြီ။ ဤနေရာမှ အောင်မြင်လျှင် ကြေးနီ (၁)ပိဿာသို့ ကူးလုပ်နိုင်ပါသည်။ သို့မဟုတ်ပါက လုပ်သင့် မလုပ်သင့်ကို အဂ္ဂိရတ်ဝါသနာရှင်များ ချင့်ချိန်ပြီး လုပ်ကြည့်လျှင် သိနိုင်ပါပြီ။

စပ်သားအဖြစ် ရရှိလျှင်လည်း ရွှေဆက် အသုံးပြုနိုင်ကြောင်းပါ တင်ပြလိုက်ပါသည်။

*ဆင်းရဲကင်းပျောက် ချမ်းသာရောက်ကြပါစေ။*

ဝိဇ္ဇာမဟာဒွိ ဆရာဦးသန်းမြင့်
*(တိုင်းရင်းဆေး)*



www.burmeseclassic.com

www.burmeseclassic.com

# အသိကျ အလှပို ဆီး,ဝမ်း မှန်စေလိုလျှင် ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို မှီဝဲပါ

(ကြော်ငြာဆောင်းပါး)

ကျွန်မတို့လို မိန်းမသားတွေဟာ အမျိုးသားတွေ ထက် အနာရောဂါပိုပြီး ဖြစ်လေ့ဖြစ်ထရှိပါတယ်။ အမျိုးသမီးများ အနေနဲ့ အထူးအလေးပေး ဂရုတစိုက်ရှိတာကတော့ ဓမ္မတာ ခေါ် လစဉ် ၂၈ ရက်တစ်ကြိမ် ဆင်းသက်လာတဲ့ သွေးသား ကိုပါ။ အဲဒီသွေးသား ဓမ္မတာမမှန်ကန်ဖောက်ပြန်ခြင်း ကြောင့် ရောဂါပေါင်းမြောက်မြားစွာ ဖြစ်ပေါ် ခံစားရသလို သွေးသားမှန်ကန်နေရင်လည်း အသားအရေ စိုပြေဝင်းပ ကျန်းမာပြီး လှပတင့်တယ်လို့နေပြန်ပါတယ်ရှင်။

ယနေ့ခေတ်မှာ ခေတ်မီသော အမျိုးသမီးများအတွက် ပဋိသန္ဓေတားဆေးတွေ သုံးစွဲခြင်းကြောင့်လည်း ရောဂါတစ်ခု မဟုတ်တစ်ခု ဖြစ်ပေါ် ခံစားနေရတယ်လို့ သမားတော်ကြီး ဆရာမြင့်မှ ပြောပြခဲ့ဖူးပါတယ်။ အလွန်မှန်ကန်တဲ့ ကျန်း မာရေးပညာပေးစကားဖြစ်ပါတယ်။ ယင်းပဋိသန္ဓေတားဆေး များ သုံးစွဲခြင်းကြောင့် ၂၈ ရက် တစ်ကြိမ် သွေးဖွားရမည့် သကော် နှစ်ကျော်တဲ့အထိ ဓမ္မတာသွေးဟာ ဖွားခြင်းဆင်း ခြင်းမဖြစ်ဘဲ ခန္ဓာကိုယ်တွင်း ခိုအောင်းနေတတ်ကြပါတယ်။

ဒီလို သွေးဟောင်းလည်း မဆင်း၊ သွေးသစ်လည်း ပေါ်၊ လနှစ်ကြာလာသော် ကျွန်မတို့လို အမျိုးသမီးများမှာ အသားအရေ မကြည်လင်တော့၊ ပွယောင်ယောင်နှင့် ညို မြာရောင်သန်းလာပြီး ဗိုက်ခေါက်ထူကာ ဝ,သထက် ဝ, လာ ကြပါတော့တယ်။ ခန္ဓာကိုယ် ဝ,လာတာနှင့်အမျှ ရောဂါ တွေလည်း ခုတစ်မျိုး၊ တော်ကြာတစ်မျိုးနဲ့ အမျိုးမျိုးဖြစ်လာ တော့တာပေါ့ရှင်။

ကြာတော့ လူလည်း အလှပျက်၊ အသားအရေလည်း မကြည်လင်၊ ဗိုက်ပူနံကား ငါးစီပူခါးလို ပုံကပျက်၊ ရောဂါက ထပ်တော့ စိတ်ပျက်ရတော့တာပေါ့။ ဒီလိုနဲ့ သင့်တော်မယ့် ဆေးကို ရှာမိပါတယ်။ ဒါနဲ့ပဲ သမားတော်ဆရာမြင့်ထံ ရောက်သွားပါတယ်။ ဆရာ့ကို ဖြစ်ပျက်ခံစားနေရတာတွေ ကို အကုန်ပြောပြဆွေးနွေးမိတော့ ဆရာက-

"မကေသီအောင်ရေ အခုခေတ်မှာတော့ အများစု သော အမျိုးသမီးတွေ ဖြစ်ပေါ် ခံစားတွေ့ကြုံနေရတဲ့ ခေတ်မီရောဂါပေါ့ဗျာ" တဲ့လေ . . ။

"ဆရာရယ် ဘယ်လိုကြောင့် ဒီလိုဖြစ်ရတာလည်း" ဆိုတော့ -

"မကေသီအောင်ရေ၊ မကေသီအောင် ပြောသလို ပဋိ သန္ဓေတားဆေးတွေကြောင့် ပါသလို နေ့စဉ် စားသောက်နေ ရတဲ့ အစားအသောက်တွေကြောင့်လည်း ပါပါတယ်။ ပြီး တော့ လူနေထိုင်မှုပုံစံ၊ နောက် ပတ်ဝန်းကျင်စတဲ့ အ ကြောင်းတွေကြောင့်လည်း ဒီလိုဖြစ်တတ်ပါတယ်"

"ကျွန်မတို့လို အိမ်ထောင်ရှင်အမျိုးသမီးများ အနေနဲ့ မကင်းနိုင်တဲ့ ပဋိသန္ဓေတားဆေးတွေကြောင့် လစဉ်ဓမ္မတာ မလာတာကနေစပြီး အမျိုးသမီးတွေ ဝ,လာတယ်၊ ရောဂါ တွေ ပိုထူပြောလာတယ်လို့ ခံစားရပါတယ် ဆရာ၊ အဲ့ဒါကို ဘယ်လိုကုသပြီး ဘယ်လိုဆေးမျိုးတွေ သုံးစွဲသင့်ပါလဲ ဆရာ" ဆိုတော့ -

"မကေသီအောင်မေးတဲ့ မေးခွန်းက ကောင်းပါတယ်။ အမျိုးသားတွေနဲ့ အမျိုးသမီးတွေရဲ့ စွန့်ထုတ်ပစ္စည်းမလ ကွာခြားချက်က ဓမ္မတာသွေးသားပဲ ဖြစ်ပါတယ်။ ကျန်တာ ကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး တွေဟာ အမျိုးသားရော အမျိုးသမီးပါ တူညီနေပါတယ်"

"ဟုတ်ကဲ့ ဆရာ"

"ဒီတော့ အမျိုးသမီးအနေနဲ့ အထူးသဖြင့် ပဋိ သန္ဓေ တားဆေးတွေ သုံးလို့ပဲဖြစ်ဖြစ် အစားအသောက် အနေအ ထိုင်တွေကြောင့်ပဲဖြစ်ဖြစ် ဓမ္မတာမမှန် ထိန်ကျန်ချုပ် ငုပ်နေ တာ ကြာလာတာနဲ့အမျှ ရောဂါတစ်ခု မဟုတ်တစ်ခုတော့ စွဲကပ်လာပါတယ်။ ဒီလိုအခါမျိုးမှာ တားဆေးတွေကြောင့် ဓမ္မတာမပေါ် တာကို ကုစားဖို့လိုပါမယ်"

"ဘယ်လိုများ ကုစားရမလဲဆရာ"

"စောစောက ဆရာပြောခဲ့သလိုပေါ့ လူသားတွေ အ နေနဲ့ နေ့စဉ်စွန့်ထုတ် ဖယ်ရှားပေးရမယ့် မလအဆိပ် ဓာတ် တွေရှိပါတယ်။ ဒါတွေကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး ပြီးတော့ အမျိုးသမီးတွေလစဉ်စွန့်ပေးရတဲ့ သွေးသားဓမ္မတာပေါ့။ သွေးသားဓမ္မတာကတော့ တားဆေးတွေကြောင့် ဖြစ်ဖြစ်၊ အစားအသောက်ကြောင့်ဖြစ်ဖြစ် လစဉ်မပေါ်ဘူးဆိုရင် ကျန်တဲ့ ဆီး၊ ဝမ်း၊ လေ၊ချွေးတွေ မှန်နေဖို့လိုပါတယ်။ ဒီ မလလေးမျိုးထဲက ဆီးနဲ့ဝမ်းဟာ အဓိကဖြစ်ပါတယ်။ နေ့စဉ် ဆီး၊ ဝမ်း မှန်စေရန် ဂရုတစိုက် ပြုပြင်နေထိုင်ရပါ မယ်။ အဲဒီလိုတားဆေးသုံးသူတွေရော၊ တားဆေးသုံးသူတွေ

www.burmeseclassic.com

ပါ ဖြစ်လေ့ဖြစ်ထရှိတဲ့ ဗိုက်ပူခြင်း၊ ဗိုက်ခေါက်တွေထူလာခြင်း၊ အဆီတွေ ဝမ်းဗိုက်ပြင်မှာ စုလာခြင်း၊ အသားအရေ စိုပြည်မှု မရှိခြင်း၊ ကြည်လင်တောက်ပဝင်းလက်မှုမရှိခြင်း၊ နောက် ကြောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူး၊ ခေါင်းအုံ့ဖြစ်ခြင်း၊ ကိုယ်လက်များ လေးလံထိုင်းမှိုင်းခြင်း၊ ညောင်းညာကိုက်ခဲခြင်း၊ ပေါ့ပါးသွက်လက်မှု မရှိခြင်း၊ ဆီးချို သွေးတိုး အသည်းအဆီဖုံး၊ နှလုံးသွေးကြောကျဉ်း စတဲ့ ရောဂါများနဲ့ အမျိုးသမီးရောဂါများကို ဖြစ်ပေါ်လာစေပါတယ်။ ဒါကြောင့် ဆီး၊ ဝမ်း၊ သွေး၊ လေ၊ ချွေးတို့ကို မှန်မှန်စွန့်ထုတ်နိုင်စေရန် နေထိုင်စားသောက်ရပါမယ်။ အကယ်၍ ကျန်းမာပြီး စိုပြည်လှပ အချိုးအစားကျတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ချင်တယ်ဆိုရင်တော့ ဆီးနဲ့ဝမ်းကိုတော့ မှန်ကို မှန်နေအောင် ပြုပြင်နေထိုင်ရပါမယ် မကေသီအောင်"

"ဒါဆို တားဆေးတွေကြောင့် သွေးသားမပေါ်ရင် ဆီး၊ ဝမ်းမှန်အောင် ပြုပြင်ပေးရင် အဝလွန်ခြင်း၊ ဗိုက်ပူခြင်း၊ အသားအရေညစ်ထေခြင်း၊ အကြောတက်ညောင်းညာခြင်းများနဲ့အတူ အခြားသောရောဂါတွေပါ ဖြစ်ပွားမလာအောင် တားဆီးနိုင်တာပေါ့ နော်. . . ဆရာ"

"ဟုတ်ပါ့ဗျာ. . ."




"အဲဒါဆို ဘာဆေးသောက်မလဲ ဆရာ"

"ဆရာဆီလာတော့လဲ ဟောဒီ **မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေး**ကိုပဲ ညွှန်ရမှာပဲဗျ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးက ဘာတွေကောင်းလဲဆရာ"

"ဘာတွေကောင်းလဲဆိုတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့,ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေလေးလံညောင်းညာကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချုပ်,ဆီးကျန် ဝမ်းချုပ်,ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ်ထေမွဲခြောက်ခြင်း၊ အဖုအပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ်နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ်ကို ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများကျခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အပူနာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအောင့်ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံမှည့်ခြောက်ထွက်ခြင်း၊ သွေးစာတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်မှန်ကန်စေပြီး ကျန်းမာပေါ့ပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာဝင်ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေးခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက်ကင်းသက်သာပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီးသားဖြစ်စေပါတယ်" **(ဝမ်းနုတ်ဆေးမဟုတ်၍ နေ့စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသည်)**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေရရှိအောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့်ဆေးပါ ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် ဆရာ"

ပင်ရင်း - **စကြာမင်းဆေးတိုက်**
အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း - ၀၁၆၉၁၀၉၁၊ ၀၉၇၃၉၉၇၁၂



www.burmeseclassic.com

www.burmeseclassic.com




◆ ရွှေကြိုနားစေတီ

ရှိမာန် ကင်းစေသည့် ကောလင်းနယ်မှ

ထက်မင်းကျော်စွာ

# ဆောင်းနိုဖိတ်ခေါ်သော ဖေမှာကိုတောင် (၅)

ယခင်လမှ အဆက်



◆ တောင်ခြေအရှေ့အဝေးဆီမှ ကျောင်းတော်ပြန်တန်ဆောင်း

... ရင်ပြင်တော်သို့ ဝင် ...ရာ အမြင့်(၃၆)တောင် ... ထီးတော်ကြီးသဏ္ဍာန် စေတီ ... ဖူးတွေ့ရသည်။ အရှေ့ဘက် ... အာရုံခံတန်ဆောင်း တစ်ဆောင် ... သမုဒ္ဒြာ တင်ပျဉ်ခွေရုပ်ပွား ... ပူဇော်ထားသည်။

...တော်အား ကန်တော့ပြီး ... ရင်ပြင်တစ်ပတ် လှည့်လည် ...ရာ အောက်ခြေ အရှေ့နှင့်



www.burmeseclassic.com

www.burmeseclassic.com

အရှေ့တောင်ထောင့်တို့၌ နဂါးကြီး လေးကောင် ခေါင်း အမြီးဆိုင် ရစ်ခွေနေပုံကို စီးမိုး၍ မြင်တွေ့ရသည်။

အနောက်မြောက်ထောင့်နှင့် မြောက် အရပ်အခြေတွင်ကား တောင်ခြေမြေပြင်ရှိ လယ်ကွက်များ၊ လူနေအိမ်ခြေများ တည်ရှိသည်။

အနောက်မြောက်ထောင့် ယွန်းယွန်း တစ်ဖက် တောင်ကုန်းထက်တွင် ရွှေကျိုးနားစေတီ စံပယ်တော်မူသည်။ အလောင်းတော် မဟိန္ဒကျိုးမင်း နားခိုရာကုန်းတော် ဖြစ်သည်ဆို၏။

ထိုစေတီမှ ရောင်ခြည်တော် ကွန့်မြူးခြင်းကို မြင်တွေ့ရကြောင်း ရသေ့ဦးစီ၏ မြေးဖြစ်သူ ဒေါ်အေးကြည် (အသက်၅၇နှစ်)က ဤသို့ပြောပြသည်။

'လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်လောက်က ဖူးရပါတယ်။ စေတီထီးတော်ကနေ အဖြူရောင် အဝိုင်းကလေး ထွက်လာပြီး တဖြည်းဖြည်း



လျောင်းတော်မူ ရုပ်ပွားတော်

နဲ့ အဝိုင်းကြီးကြီး ဖြစ်သွားတယ်။ နောက်တော့ ပျောက်သွားပြီး အနီရောင်အဝိုင်း အပြာရောင်အဝိုင်းတွေ တစ်ခုပြီးတစ်ခု ပေါ်လာတယ်။

စုစုပေါင်း (၁၀)မိနစ်လောက်ကြာမယ် ထင်ပါတယ်။ နံနက် (၁၀)နာရီလောက်မှာ ဖူးရတာပါ။ အသွား ဒေါ်ကူမှာရီကတော့ နေ့လယ်ပိုင်းမှာ တစ်ခါဖူးရတယ်လို့ ပြော တယ်'

အနောက်တောင်ထောင့် မြေပြင် တွင်ကား **လွယ်မောက်ရွာကလေး**ကို ကြေးစည်ပုံသဏ္ဌာန် အိမ်ခြေအ


ကြေးစည်ပုံ လွယ်မောက်ရွာအိမ်ခြေ





www.burmeseclassic.com

www.burmeseclassic.com



အေးငြိမ်းချမ်းသာ စံပယ်တော်မူဟန်

အခြစ် မြင်တွေ့ရသည်။ ရသေ့ကြီးဦးစိ အောက်တောင်သို့ စတင် ရောက်ရှိ ဆိုက ငါးအိမ်စုကလေးသာရှိကြောင်း သိရသည်။

အရှေ့ဘက်တွင် မြစိမ်းတောင်နှင့် တောင်အစွန်းတွင် ရောင်တော်ပြန် အနောက်ဆောင်းကြီး။ ထိုမှ အဝေးတစ်နေရာ တွင် ခန္တီးဆရာတော်ကြီး၏ တပည့် တစ်ပါးဖြစ်သည့် တောင်မော်ဆရာ တော်၏ သာသနိက အဆောက်အအုံ များကို ပျူပျူရေးရေး မြင်တွေ့ရသည်။

အရှေ့တောင် ယွန်းယွန်း၌ အောက်တောင်ကဲ့သို့ပင် ကျော်ကြား သော နတ်သျှင်တောင်တော် ရှိလေ သည်။

## ရသေ့ကြီးဦးစိ၏

## ဘဝကောက်ကြောင်း

အောက်တောင် သာသနာပြု ဣန္ဒာစက္ကရသေ့ခေါ် ဗုဓသံဝါဒ ဆရာ တော်ကြီးဦးစိ၏ ဘဝကောက်ကြောင်း ကို စုစောင်းရမိသလောက် တင်ပြပါ မည်။

မွေးဇာတိကား မန္တလေးခရိုင်၊ မတ္တရာမြို့နယ်၊ ရွှေကုန်တိုင်စုကျေးရွာ ဖြစ်ကာ ဖခင်မှာ ဦးမြကြီးဖြစ်သည်။ မိခင်အမည်ကို မသိရှိရပေ။

ဖခင် ဦးမြကြီး၌ အစ်ကိုတစ်ယောက်၊ ညီမတစ်ယောက်ရှိရာ အစ်ကိုမှာ သီပေါမင်းလက်ထက် ပုံနှင်းကြီး ဦးအပ် ဖြစ်၍ ညီမ ဒေါ်မြမှာ နန်းတွင်းအပျို တော်အုပ်ဖြစ်ကြောင်း သိရသည်။

ဒေါ်မြပိုင်ဆိုင်သော ပေတစ်သောင်း ခန့်ကျယ်သည့် ခြံမြေကြီးမှာ မန္တလေး တွင်ရှိ၍ ဖင်မသားတို့ ဝင်ရောက်နေ ထိုင်ကြသည်။

ထိုခြံမြေတွင် မဟာပိန္နဲပင်များ ပေါက်ရောက်သည်ဆို၏။ မဟာပိန္နဲပင် မှာ မြေအောက်၌ သီးလေ့ရှိရာရင့်မှည့် ၍ အနံ့ထွက်လေမှ မြေကြီးကို တီးခတ် ရှာဖွေယူရသည်။

မဟာပိန္နဲသီးတစ်လုံးတွင် သိဒ္ဓိ မြောက် အစေ့တစ်စေ့ ပါဝင်၍ ထို အစေ့ကို သွားဖြင့် ကိုက်ထားပါက ဖုံးကွယ်ထားသောအရာ မြေအောက် ရှိ အရာဝတ္ထုများကို မြင်တွေ့နိုင်သည် ဆို၏။ **(မဟာပိန္နဲအကြောင်းကို ၂၀၁၃ ခုနှစ်၊ ဖွန်လထုတ် နက္ခတ္တ ရောင်ခြည်မဂ္ဂဇင်း၊ အမှတ်(၃၂၃)၊ စာမျက်နှာ(၁၂၇)တွင် ရှာဖွေဖတ်ရှု နိုင်ပါသည်။)**

ဦးစိကို မြန်မာသက္ကရာဇ် ၁၂၅၇ ခုနှစ်တွင် မွေးဖွား၍ အစ်ကို ဦးမို၊ ညီ ဦးတင့်ဟူ၍ ညီအစ်ကိုသုံးယောက် ထွန်းကားခဲ့သည်။ ဦးစိသည် မန်လည် ဆရာတော်ကြီးထံတွင် လောကီ လောကုတ္တရာ စာပေများ သင်ယူခဲ့၍

www.burmeseclassic.com



◆ မြကြာစေတီ

◆ နတ်နန်း



မန်လည်ဆရာတော်ကြီး လမ်းညွှန်ချက်အရ ရန်ကုန်၊ ဝေဠုဝန် ကျောင်းဆရာတော်ထံတွင် ပိဋကတ်စာပေများ ထပ်မံသင်ယူခဲ့သည်။

ထို့နောက် အစိုးရရုံးတစ်ရုံးတွင် စာပို့တာဝန် ထမ်းဆောင်နေစဉ် အသက်(၂၆)နှစ်အရွယ်၌ ဒေါ်မမကြီးနှင့် အကြောင်းပါသည်။ ၁၂၈၃ ခုနှစ်တွင်ဖြစ်ကာ ဒေါ်မမကြီးမှာ ထိုစဉ်က (၁၆)နှစ်အရွယ်သာ ရှိသည်ဆို၏။

ဦးစီ၊ ဒေါ်မမကြီးမှ သားနှစ်ဦး မွေးဖွားသော်လည်း အဖတ်မတင် ငယ်စဉ်ကပင် ပျက်စီးခဲ့သည်။ ၁၂၉၀ ပြည့်နှစ်တွင် သမီးတစ်ယောက် မွေးဖွားရာ ရှားရှားပါးပါး တင်ကျန်သဖြင့် မတင်ဥဟု အမည်ပေးခဲ့သည်။

ဒေါ်တင်ဥသည် ၁၃၁၆ ခုနှစ်တွင် ဦးရွှင်နှင့် အကြောင်းပါ၍ ဒေါ်အေးဘီ၊ ဒေါ်အေးကြည် သမီးနှစ်ယောက်ကို မွေးဖွားသည်။**(ယခုအခါ ဦးစီ၏ မျိုးနွယ်ဆက်အဖြစ် ဒေါ်အေးကြည် တစ်ဦးသာ ကျန်ရှိတော့၍ ခမောက်တောင်သာသနာ့မြေတွင် ဆက်လက်၍ ကုသိုလ်ပြုနေကြောင်း သိရသည်။)**

ဒေါ်အေးကြည်က ဤသို့ ပြောပြသည်။

'၁၃၂၁ ခုနှစ်မှာ အဘိုး ကွယ်လွန်တော့ ကျွန်မက သုံးနှစ်သမီးပဲ ရှိသေးတော့ အားလုံးကို မမှတ်မိပေမယ့်



www.burmeseclassic.com

www.burmeseclassic.com





◄ ရောင်တော်ပြန် တန်ဆောင်း

◄ နန်းဦးစေတီ

အဘွားကတစ်ဆင့် သိရတာတွေပါ။ အဘွားက ကျွန်မ (၉)တန်းရောက်တဲ့ ၁၉၅၅ ခုနှစ်၊ အသက်(၇၀)အရွယ်မှာ ဆုံးပါတယ်။

အဘိုးက ဖွဲ့နွဲကြီးတယ်။ လမ်းသွားရင်လဲ အတားအဆီး ရှိနေပါစေ၊ ကွေ့ပိုက်ပြီး မသွားဘူး။ အဘွားကို လှမ်းရှိလှည့်လာတော့ ကာလသားတွေက လာမယ့်လမ်းမှာ ချုံပုတ်ထဲ မြွေထည့်ပြီး ချထားတယ်။

အဘိုးက ကွေ့မသွားဘဲ တက်နင်းသေမယ့် ဘာမှ မဖြစ်ခဲ့ဘူးတဲ့။ အဘွားအမြဲ ပြောလေ့ရှိတဲ့ စကားတစ်ခွန်းရှိတယ်။ လက်ထပ်ခွင့်တောင်းတာ အဘွားဆီ တိုက်ရိုက်မပြောဘူး။ အဘွား(ဒေါ်မမကြီး)ရဲ့ အဘွားဆီ သင်ပြောတယ်။ အဘွားမြေးကို ကျွန်တော် သေပြီးတဲ့တိုင် ကျွေးမွေးပါမယ်တဲ့။

အိမ်ထောင်ကျကတည်းက အဘိုးကိုယ်တိုင်ကျွေး၊ အိမ်မှုကိစ္စလဲလုပ်ပေးတယ်။ အဘွားက အိမ်ထောင်ကျတယ်သာ ဆိုတယ်။ ဖယ်ခတ်တုန်း၊ ကစားတုန်းလို့ ပြောပြတယ်။

အဘိုးဆုံးပြီးတဲ့နောက် တပည့်တွေက ပြုစုလုပ်ကျွေးကြတော့ ငါ့ယောက်ျားက သေပြီးတဲ့တိုင် ကျွေးမွေးဆဲပါလားလို့ မျက်ရည်ဝိုင်းမိသတဲ့။

အဘိုးက ၁၂၈၅ ခုနှစ်ကနေ ၁၃၁၄ ခုနှစ်အထိ ပါရမီဖြည့်ခဲ့တယ်လို့ အမေနဲ့ အဘွားတို့က ပြောပြကြတယ်။ **(ရသေ့ကြီးဦးစီကိုယ်တိုင် ရေးသားသည့် ဝိပဿနာကျင့်စဉ်ကျမ်း စာမျက်နှာ(၆)တွင် ၁၂၈၅ ခုနှစ်က စ၍ ၁၃၁၄ ခုနှစ်တိုင် (၂၉)နှစ်ကြာအောင် ဝိပဿနာကမ္မဋ္ဌာန်းအားထုတ်ခဲ့ကြောင်း ဖော်ပြထားသည်။)**

'ပိဋကတ်စာပေ သင်ယူတုန်းက ရဟန်းဝတ်နဲ့လား၊ ဝတ်ကြောင်နဲ့လား'

'ရဟန်း ဝတ်ဖူးတယ်လို့တော့ အဘွားပြောသံ မကြားမိခဲ့ပါဘူး။ စာပို့အလုပ် လုပ်တုန်းကတော့ ရောက်လေရာမှာ တရားဟောလေ့ရှိတယ်။ နားထောင်တဲ့လူ ရှိသလို ရှောင်သွားတာလဲ ရှိတယ်လို့တော့ ပြောပြဖူးပါတယ်'

ဤသည်တို့ကား ရသေ့ကြီး ဦးစီ၏ မြေး ဒေါ်အေးကြည်နှင့် တွေ့ဆုံမေးမြန်း၍ရသော ကောက်ကြောင်းအချို့ဖြစ်သည်။

## ပါပဆာတ် လင်းချိန်တန်ပြီ

ကောလင်းမြို့တွင် တည်းခိုနေထိုင်ရစဉ်ကာလအတွင်း နံနက်စောစောထ၍ ဈေးအတွင်း လှည့်လည်ရခြင်းကို အလွန် စာဝင်ကျမိသည်။ အချို့ အချို့သော မြို့ရွာများမှာ နံနက်စောစောလင်းအားကြီးအချိန်တွင် ဈေးအတွင်း လူသူ ဈေးရောင်းဈေးဝယ် စည်ကားမှု မရှိသေးပါ။

နေထွက်လေမှ စည်ကားစပြုလေ့ရှိ၏။ ကောလင်းဈေးကား နံနက်(၄)နာရီ အချိန်တွင်ပင်လျှင် လူသူအရောင်းအဝယ် စည်ကားလျက်ရှိသည်ကို တွေ့ရ၏။


ရှေ့လ ဆက်ဖတ်ပါရန်

**ထက်မင်းကျော်စွာ**

နဂ္ဂုဏ္ဍာရောင်ခြည်မဂ္ဂဇင်း၇၇


www.burmeseclassic.com

www.burmeseclassic.com




◆ ကျောက်စီလည်ဆွဲ

◆ ကျောက်စီလည်ဆွဲ




# တရုတ်ကြိုးထုံးပညာ (၈၉)

ဟန်းချိန်း

ယခင်လမှ အဆက်

| |
|---|
| အခြေခံ ကြိုးထုံးနည်း( ၈၉ ) |
| 五指同心手环 |
| Wǔ Zhǐ tōng xīn shǒu huán |
| ဝူ ကျီနရ် ထုံး ယှင်း ရှို ဟွမ်း |
| စိတ်တူကိုယ်တူလက်ကောက် |

**၂၀၁၃ ခုနှစ်၊ အောက်တိုဘာလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အမှတ်(၃၂၇)၊ စာမျက်နှာ(၁၄၅)တွင် ကျောက်စီလည်ဆွဲချည်နည်း**ကို အခြေခံကြိုးထုံးနည်း (၈၃)အဖြစ် ဖော်ပြခဲ့သည်။

ယင်းတွင် အသပြာချည်နည်း၊ ကျက်သရေမင်္ဂလာ ချည်နည်းတို့ဖြင့် ချည်ထုံးရသည်။ ယခု ဖော်ပြမည့် ကြိုးထုံးနည်းမှာ လည်ဆွဲထက် အနည်းငယ်တိုသော လက်ဝတ်တန်ဆာ **လက်ကောက်** (သို့မဟုတ်) **ဟန်းချိန်း** Hand Chainဖြစ်သည်။

ငြိမ်းချမ်းရေး ထုံးချည်နည်းဖြင့် အစပြုကာ **'ထွမ်းကျင်'**ကြိုးထုံးကို ငြိမ်းချမ်းရေးကြိုးထုံး အဆုံးသတ်ဖြင့် ထုံးချည်ရသည်။

ပုံ(၁) ကြိုးစသုံးစကို ငြိမ်းချမ်းရေး ကြိုးထုံး*(တရုတ်ကြိုးထုံးပညာ အမှတ်(၄၅)၊ ၂၀၁၀ ပြည့်နှစ်၊ ဖွန်လထုတ် နက္ခတ္တရောင်ခြည် မဂ္ဂဇင်း အမှတ်(၂၈၇)တွင် ဖော်ပြပြီး ဖြစ်ပါသည်။)*


ပုံ(၂) ထို့နောက် ကြိုးစနှစ်စကို အဝိုင်းခွေ ဖြစ်စေရန် ထွမ်းကျင်ကြိုးထုံး *(တရုတ်ကြိုးထုံးပညာ အမှတ် (၇၉)၊ ၂၀၁၃ ခုနှစ်၊ ဖွန်လထုတ် နက္ခတ္တရောင်ခြည် မဂ္ဂဇင်း အမှတ်(၃၂၃)တွင် ဖော်ပြပြီး ဖြစ်ပါသည်။)*နည်းဖြင့် (၁၂)ကြိမ်မျှ ထုံးချည်ပါ။(ကြိုးစတစ်စကို ၆-ကြိမ်စီ ချည်ပါ။)

ကျန်ကြိုးစတွင် ကြ သ်သီး သို့မဟုတ် ဖန်စီဘော်ကြယ်စေ့ကို သီပါ။

ပုံ(၃) ဘော်ကြယ်စေ့ကို **ထွမ်းကျင်** အဝိုင်းတွင်း ထည့်သွင်း၍ ငြိမ်းချမ်းရေးကြိုးထုံး နှစ်ချော ပြိုင် စုံချည်နည်းဖြင့် (တစ်ကြိမ်) ချည်ထုံးပါ။

ပုံ(၄) ဤသို့ဖြင့် ဘော်ကြယ်(၅)စေ့ မျှ သီကာ **ထွမ်းကျင်**ကြိုးအဝိုင်း (၅)ခုမျှ ပြုလုပ်ပြီးနေ ငြိမ်းချမ်းရေးကြိုးထုံး(တစ်)ကြိမ် မျှ အဆုံးသတ် ချည်ထုံးပါ။

www.burmeseclassic.com



● ကျောက်စီလည်ဆွဲအတွက် လိုအပ်သော ပစ္စည်းများ

…နောက် အစနှစ်ဖက်ကို လ,ချိတ် …ယ်ဖြင့် ချည်နှောင်၍ လက် …က်(ဟန်းချိန်း)ဖြစ်အောင် ဖန်တီး …

…ထုံးနည်း၏ အမည်အဓိပ္ပာယ် … လက်ချောင်းငယ် ငါးချောင်း၊ …တစ်ဝမ်းတည်းရှိသော လက် … လက်ကွင်းတန်ဆာဟူ၍ …

…ရေးကြိုးထုံး စုံပြိုင်ချည် … ထုံးနှောင်ထားခြင်းဖြစ်ကာ …ချောင်း(၅)ချောင်း ကိုယ်စားပြု၊ …(၅)လုံး ပါဝင်သည့် ဤ …တန်ဆာသည် စိတ်တူကိုယ် …နောက်လိုက် ညီညွတ်မှု ရှိခြင်း၊ စည်းလုံးခြင်း အနက်ဆောင်သည့်အပြင် ဘေးဘယာများ ကင်းဝေးစေသည့် အဓိပ္ပာယ်ကိုလည်း ဆောင်ယူသည်။ အမုန်းရန်ငြိုးများ ပျောက်ပြယ်စေရေးကိုလည်း ညွှန်းဆိုလေသည်။

မိမိတို့ အလိုရှိရာ မျက်နှာစာ၌ သင့်မြတ်ခြင်း၊ ညီညွတ်ခြင်း၊ ဘေးရန်ကင်းခြင်းတို့အတွက် ရည်ရွယ် အသုံးပြုနိုင်ကြပါသည်။

(ရှိုဟွမ်း(Shōu Huán) = လက်ကွင်းဖြစ်၍ လက်ကောက် ဟန်းချိန်း စသည့် အဆင်တန်ဆာများကို ညွှန်းပါသည်။)

**ဟူဂျင်းဇီ**


**မည်**
**သူ**
**မ**
**ဆို**
**ပေ**
**စင်**
**ရေးသား**
**နိုင်ပါသည်** …

စာမူပို့ရန် …

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၃၃၊ (၂၉)လမ်း၊
ပန်းဘဲတန်းစာတိုက်၊
ရန်ကုန်မြို့။




www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာဆောင်းပါး

# သားမင်း နှလုံးသည်းခြေဆေး

အမှတ်တံဆိပ်

၀၂၁၁ Y ၀၀၈၉၅၄ လိုင်စင်၇/၂၀၀၈/တဆထလ (၁၆၂၅)

ကြော်ငြာခွင့်ပြုချက် တဆ၀က (စာနယ်ဇင်း) ၁၆၉/၀၂၀၁၀



အမောပြေ၊ လန်းဆန်း၊ ကျန်းမာဖို့

**သားမင်း** (အမှတ်တံဆိပ်)

**နှလုံးသည်းခြေဆေးကို သုံးစွဲကြစို့**

ကလင်...ကလင်ဆိုတဲ့ ခေါင်းလောင်းသံကြောင့် တံခါးဖွင့်လိုက်ရာ ရ–လွှာ တက်လာသော ဘရဏီကို တွေ့လိုက်ရသည်။

"တံခါးဖွင့်ပါဦး သရဖီရယ်... မောလိုက်တာ... နောင်ဆို ရ–လွှာမှာမနေဘဲ တာဝတိံသာတက်နေ" ငေါ်ငေါ်တူးတူး ပြောလိုက်သော ဘရဏီစကားကြောင့် သရဖီက ရယ်ကျဲကျဲလုပ်ရင်း...

"နောက်မှပဲစိတ်ဆိုး... ခုတော့ အမောပြေ ဒီဆေးလေးသောက်လိုက်... အမောတွေ ပြေသွားစေရမယ်"

ဆေးလက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့် ရေအေးနှင့်သောက်ပြီး ခဏ ဘရဏီ မျက်နှာ ရွှင်ပျလာသည်။

"ဟယ်...ဆေးကလဲချိုချဉ်အရသာလေးနဲ့ ကောင်းလိုက်တာ... အမောကို ပြေသွားတာပဲ... အခု ငါ့ကို တိုက်တာ ဘာဆေးလဲဟင်"

"ငါတို့မိသားစု အမြဲ သုံးစွဲနေတဲ့ **သားမင်း အမှတ်တံဆိပ် နှလုံးသည်းခြေဆေး**ပါ"

ထိုစဉ် ဘရဏီ၏ မိခင် ဒေါ်မာလာရောက်လာကာ "ဟုတ်တယ်... ဘရဏီရေ... ဒေါ်ဒေါ်တို့က ရ–လွှာမှာနေကြတဲ့သူတွေဆိုတော့ မိတ်ဆွေတစ်ယောက်ရဲ့ ဆေးလမ်းညွှန်မှုကြောင့် **သမားတော် ဦးကိုကိုကြီး ဖော်စပ်ထားတဲ့ သားမင်းအမှတ်တံဆိပ် နှလုံးသည်းခြေဆေး**ကို အမြဲသုံးစွဲနေတာ သရဖီ ရုံးသွားရုံးပြန်သောက်တဲ့ ဆေးဖြစ်သလို ဒေါ်ဒေါ်လည်း ဈေးသွားဈေးပြန် သောက်ရတဲ့ ရ–လွှာအတွက် အမောပြေဆေးပါပဲကွယ်"

"ခုနက သရဖီပြောလိုက်တာ နှလုံးသည်းခြေဆေး ဟုတ်လား"

"ဟုတ်တယ် ဘရဏီ... နှလုံးသည်းခြေဆေးပါ... နှလုံးကောင်းမှ သည်းခြေနဲ့သွေးဟာ တစ်ကိုယ်လုံးပျံ့နှံ့သလို သွေးနဲ့ အဗဒ္ဒသည်းခြေရောစပ်ကာ တစ်ကိုယ်လုံးပျံ့နှံ့ပြီး နှလုံးကို ပြန်စောင့်ရှောက်တာလို့ မြန်မာ့တိုင်းရင်းဆေးပညာကို လေ့လာထားလို့ ငါသိရတာ"

"နှလုံးသည်းခြေဆေးဟာ နှလုံးအတွက်ရော သည်းခြေအတွက်ပါ အကျိုးပြုတယ်ဆိုရင် လူတိုင်း သုံးစွဲသင့်တဲ့ ဆေးတစ်လက်ပဲပေါ့... ဒါဆိုရင် အသက်ကြီးပြီဖြစ်တဲ့ ငါ့ရဲ့ဖေဖေနဲ့ မေမေကို သုံးစွဲဖို့ အသိပေးရဦးမယ်..., အဲဒီ သားမင်းအမှတ်တံဆိပ် နှလုံးသည်းခြေဆေးဟာ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြပေးပါဦး သရဖီ"

"ပြောပြမယ်... သေသေချာချာ နား ထောင်... နှလုံးသည်းခြေအားနည်းခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ နှလုံးသွေးကြောကျယ်ခြင်း၊ နှလုံးသွေးကြော အဆီပိတ်ခြင်း၊ နှလုံးကြွက်သားများ အားနည်းခြင်း၊ ရောင်ခြင်း၊ နှလုံးတုန်ရင်ခုန်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ နှလုံးခုန်မမှန် မူးဝေ မောပန်းခြင်းများကို ရေအေး(သို့မဟုတ်) ဆီးဖျော်ရည်‌ ရရာနှင့် သုံးစွဲနိုင်တယ်တဲ့"

"ဒါဆိုရင် လူတိုင်းနဲ့ သင့်လျော်တဲ့ ဆေးကောင်းတစ်လက်ပဲ ဆက်ပြောပါဦး သရဖီ"

"ရင်ညွှန့်၌ စူးအောင့်ခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးစူး၍အောင့်ခြင်း၊ ရင်ဝပူ၍ မအီမသာဖြစ်ခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ အနည်းငယ် လှုပ်ရှားရုံနှင့် မောပန်းနွမ်းချိနေခြင်း၊ ဒေါသကြောင့်ဖြစ်စေ၊ စိုးရိမ်ကြောင့်ကြ ထိတ်လန့်ခြင်းကြောင့်ဖြစ်စေ၊ နှလုံးတုန် ရင်ခုန် မောပန်းခြင်းများကို ရေအေး (သို့မဟုတ်) ကြံရည်ရရာနှင့် သုံးစွဲနိုင်ပါတယ်...

ဆက်နားထောင် ဘရဏီ... နှစ်မြိုက်စွာ အိပ်မပျော်သူများ၊ စိတ်ဖိစီးမှုများ၍ စိတ်မကြည်လင်သူ၊ စိတ်ရောကိုယ်ပါ ပင်ပန်းနွမ်းနယ်သူများ၊ အားအင်ကုန်ခန်းသူ၊သတိမှတ်ဉာဏ်နည်းသူများ၊ အထူးသဖြင့် အိပ်ပျက်ခံ ကျက်မှတ်ရသော စာသင်သား၊ ရဟန်းသံဃာများ၊ ကျောင်းသူကျောင်းသားများ၊ စိတ်ရောကိုယ်ပါ မောပန်းနွမ်းနယ်သော ကာယ၊ ဉာဏ လုပ်သားများ၊ နာလန်ထစ လူနာများ၊ သက်ကြီးရွယ်အိုများ၊ ရေ(အေး (သို့မဟုတ်) ပျားရည်နှ နေ့စဉ် သုံးစွဲပါက ပင်ပန်းမှုပြေပျောက်လျက် စိတ်ကြည်လင် လန်းဆန်းစေပါတယ်။

အပူအပုပ်များသူ၊ ဆီးနီ၊ ဆီးနည်းသူများ ရေအေး (သို့မဟုတ်) မန်ကျည်းဖျော်ရည်နဲ့ သုံးစွဲနိုင်ပါတယ်။ အထူးသဖြင့် နှလုံးအားသွေးအား၊ သည်းခြေအားနည်းသူများ၊ နှလုံးရောဂါရှင်များ ပုံမှန်သောက်သုံးသင့်ပြီး အရွယ်တင်နုပျိုလိုသူ၊ သွေးတိုးရောဂါ နှလုံးရောဂါ၊ လေငန်းရောဂါ ကာကွယ်လိုသူများအတွက် နေ့စဉ် သောက်သုံးသင့်တဲ့ ဆေးတစ်လက်ဖြစ်ပါတယ်တဲ့ ဘရဏီ"

"အဲဒီလောက်ကောင်းတဲ့ **သားမင်း အမှတ်တံဆိပ် နှလုံးသည်းခြေဆေး**ကို ငါတို့မိသားစုလဲ သုံးစွဲမယ် လိုအပ်တဲ့သူတွေလဲ သုံးစွဲနိုင်အောင် ပြည်ပေါ်မှာ ရွှေကြော်ငြာထုတ်လုပ်ခဲ့ရဲ့ ဘရဏီရယ်..."

**ပင်ရင်း-သားမင်းဆေးတိုက်** အမှတ် (၁၁၁၃)၊ ဣန္ဒာ(၁၀)လမ်း၊ ၄/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၁-၇၀၅၃၆၄ ၊ ၀၉-၅၀ ၉၇၉၈၃





www.burmeseclassic.com

www.burmeseclassic.com

# ကံ့လုံ့ဆရာတော်ကြီးကို ဖူးတွေ့ခဲ့ရစဉ်က

## ထူးခြားမှုများ

ဒေါ်သုမနဝိစ္စာ
(B.Sc,H.G.P, Dip Ed)



၁၂-၁၁-၁၉၉၁ ကံ့လုံ့ဆရာတော်ကြီး၏ ပုံတော်

၁၉၉၁ ခုနှစ်၊ နိုဝင်ဘာလ (၁၃၅၃ ခုနှစ်၊ တန်ဆောင်မုန်းလ) အချိန်က အကြောင်းအရာပါ။ မိုးကောင်းမြို့ နန့်ရင်းရပ်မှ ဒေါ်ညွှန့် (ကျောက်စိမ်းလုပ်ငန်း)က ကံ့လုံ့ဆရာတော် ဦးတေဇနိယထံ၌ ကထိန်သင်္ကန်းကပ်လှူမည် ဖြစ်ပါသည်။ ပင်းတယ (ရှမ်းပြည်နယ်)မှ ခြောက်မိုင်ဝေးသော ကံ့လုံ့တောင်(ဂဠုန်တောင်)၌ ဖြစ်ပါသည်။

ဆရာတော်ကြီးက (ဂဠုန်တောင်)ကို (ကံ့လုံ့တောင်)ဟု အမည်ပြောင်းခဲ့ခြင်းပါ။ နဂါးကို ချီလာသော ဂဠုန်ကို သုခုမင်းသားက လေးဖြင့် ခွင်းသော တောင်ဖြစ်သည်ဟု ယနေ့လူများက ဆိုကြပါသည်။

ပင်းတယမြို့၌ရှိသော ဘုတ်တလုတ်ကန်တော်ကြီး (အုံ့ဖွယ်များ ရှာ) ညောင်ပင်ကြီးများက သုခုနုမင်းသား ဒွေးမယ်နော်ဇာတ်လမ်းကို သက်သေခံနေကြသလိုပါ။ ပင်းတယ ရွှေဥမင်ဘုရားကလည်း ဇာတ်လမ်း အစိတ်တစ်ဒေသကို ညွှန်းနေသလို ပါ။

ပင်းတယမှ ကံ့လုံ့ကားလမ်း ပေါက်မီကပင် ဒေါ်ညွှန့်တို့က တောလမ်းအတိုင်း ခြေကျင်လျှောက်ပြီး ဆရာတော်ကြီးထံ အဖူးမြော်သွားခဲ့ကြပါသည်။ ဆရာတော်ကြီးက မြင်းလှည်းစီးခြင်း မကြိုက်ပါ။ မြင်းလှည်း ဖြင့် သွားကြသည့်အခါများ ရှိခဲ့ကြပါသည်။ ညအိပ်ဖြစ်၍ မြင်းလှည်းဆရာများ စောင့်ရပါသည်။ ညအခါ မြင်းများကို ကြိုးဖြင့် ချည်ထားပါသည်။ သစ်ပင်များ တိုင်များတွင် ချည်ထားခြင်းဖြစ်ပါသည်။

သို့သော် နံနက်လင်းလျှင် မြင်းများ မရှိကြတော့ပါ။ ပင်းတယ၌ ပြန်ရောက်နေလေ့ ရှိပါသည်။ ကြိုးဖြေလွှတ်သူမှာ တောင်စောင့်နတ်ကြီးမှတစ်ပါး မည်သူမှ မဖြစ်နိုင်ပါ။ သို့နှင့် ဆရာတော်ကြီးထံသွားလျှင် မြင်းလှည်းမစီးကြတော့ဘဲ ခြေကျင်သာ သွားခဲ့ကြပါသည်။

မိုးကောင်းမြို့ ဒေဝဆရာတော်ကြီး (သက်တော်ရှည်၊ သစ်သီးဆွမ်းဆရာတော်)၊ ကံ့လုံ့ဆရာတော်(သစ်သီးဆွမ်းဆရာတော်)၊ သာမညဆရာတော်(သက်သတ်လွတ် ဆရာတော်)၊ ရွှေပေါ်ကျွန်းဆရာတော် (သက်သတ်



www.burmeseclassic.com

www.burmeseclassic.com

လွတ်ဆရာတော်၊ **နယ်ခြား တောင်တန်းဆရာတော်** (ရေဆူဆရာတော်) များကို မိုးကောင်းသူ,သားများက အလွန်ကြည်ညိုကြပါသည်။

ဆရာတော်များကို အလှူများလှူပြီးတိုင်း၊ စီးပွားဥစ္စာ အလွန်မတန်တိုးတက်ကြတာပါ။ ကုံလုံဆရာတော်ကြီး၏ ဘူးဘုရား (ဘူးသီးခြောက်မှ ဘုရားကိုယ်စားတော်မြတ် ပုံသဏ္ဍာန်ပေါ်နေပါသည်။)ကို ကျောက်စိမ်းများဖြင့် မွမ်းမံစီခြယ် လှူကြပါသည်။ **(ဓာတ်ပုံတွင် ဆရာတော် ပိုက်ထားသောဘုရား)**

ဆရာတော်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ကို အမြဲကြားနေရပါသည်။ ပြောသံကြားနှင့် စာရေးသူက အလွန် ကြည်ညိုနေပါသည်။ ကထိန်အလှူတော်သို့ အဒေါ်များက သွားကြပါမည်။ စာရေးသူကလည်း ကုံလုံဆရာတော်ကြီးကို ကံထပ်အလှူလှူချင်နေပါသည်။

အဒေါ်များနှင့်အတူ ကုံလုံသို့ သွားကြပါသည်။ စာရေးသူတို့အဖွဲ့ မိုးကောင်းမြို့ (ကချင်ပြည်နယ်)မှ မန္တလေးမြို့သို့ မီးရထားဖြင့် သွားကြပါသည်။ အထက်တန်း အိပ်ခန်းတွဲ မှန်သမျှ စာရေးသူတို့အဖွဲ့ချည်းသာပါ။

မန္တလေးမြို့၌ မဟာမုနိဘုရားကြီး (မြတ်စွာဘုရား၏ ရင်ငွေ့တော် လှုံခဲ့သော ဘုရားကြီး)ဖူးမြော်ရင်း လှူဖွယ်ပစ္စည်းဝယ်ရင်း တစ်ရက်တာ ရပ်နားပါသည်။

တီဗွီသတင်းစဉ်တွင် ကုံလုံဆရာတော်ကြီးအား လူကြီးများမှ လှူဖွယ်များ ဆက်ကပ်ခြင်း၊ ပရိတ်ချည်များ ဆက်ကပ်ခြင်း၊ ပရိတ်တရားနာခြင်းများကို စာရေးသူတို့ ကြည့်ကြရပါသည်။

ဆရာတော်ကြီး၏ သွားများကို သွားအထူးကုများထံ ကုသပေးရန် ပင့်ဆောင်သွားကြခြင်း ဖြစ်ပါသည်။ စာရေးသူတို့က ကထိန်အလှူပွဲသို့ မကြွရောက်နိုင်တော့ဟု ထင်မှတ်ကြပါသည်။

သို့သော် ကထိန်အလှူပွဲမတိုင်မီ ရဟတ်ယာဉ်ဖြင့် ကုံလုံတောင်သို့ ပြန်ကြွလာပါသည်။ ဆရာတော်၏ ကပ္ပိယမှ ပြောကြားချက်မှာ စိတ်ဝင်စားဖွယ်ပါ။

လူကြီးများအား **"ကုံလုံ၌ ကထိန်ခင်းမည့်သူများ ရောက်နေကြောင်း။ ကုံလုံသို့ ပြန်ကြွလိုကြောင်း"** ဆရာတော်မှ မိန့်တော်မူသည်ဟု ဆိုပါသည်။ တာဝန်ရှိသူများက သွားအံပုံ အမြန်ဆုံးပြုလုပ်စေပြီး ရဟတ်ယာဉ်ဖြင့် ပို့ဆောင်ပေးကြခြင်းပါ။

ကထိန်ခင်းမည့်သူများနှင့် ဖုန်းအဆက်အသွယ် မရှိပါ။ ကထိန်ခင်းမည့်နေ့ကိုလည်း မသတ်မှတ်ရသေးပါ။ သို့သော် ဆရာတော်ကြီးက အကုန်သိပြီး မိန့်ကြားနိုင်ခြင်းပါ။

ကုံလုံကျောင်းတွင် အသား၊ ငါး (ငါးပိ၊ ငါးခြောက်သော်မှ မပါရ) လှူ၍ မရပါ။ သက်လွတ်သာ လှူရပါသည်။ အစဉ်အမြဲ သက်လွတ်သာ စားကြရပါသည်။ ဆရာတော်ကြီးထံ မသွားမီ (မိုးကောင်း၌၊ မန္တလေး၌) စာရေးသူတို့က တစ်ပတ် ကြိုတင် သက်လွတ်စားကြပါသည်။

ကုံလုံကျောင်းမှ ကျွေးမွေးသော ရှမ်း၊ ခနော၊ ပအိုဝ်းတိုင်းရင်းသားများ၏ ဟင်း(ဆေးခါးဟင်း၊ တို့ဟူးချက်၊ ပိန္နဲသီးချက်၊ ပဲပုပ်နှင့် မြေပဲဆန်ကြော်၊ ဟင်းရွက်ကြော်)များမှာ အလွန် စားမြိန်ပါသည်။

ကုံလုံဆရာတော်ကြီးက မီးလွတ် (သစ်သီးဆွမ်း)သာ ဘုဉ်းပေးပါသည်။ ကပ္ပိယမှ သစ်သီးများကို ရေဆေးပြီး ကပ်ပေးရပါသည်။ လင်ပန်းဖြင့် ကပ်ရပါသည်။ ဆရာတော်ကြီးမှ ဘုရားဆွမ်းတော်ကပ်လှူပါသည်။ ဆွမ်းတော်စွန့်ပြီး ဆရာတော်ကိုယ်တိုင် ဓားဖြင့်လှီး၊ ကိုယ်တိုင်စိတ်ပြီး ပန်းကန်ပြားများတွင်ထည့်ပြီး ဘုဉ်းပေးပါသည်။

**အချို့ သစ်သီးများကို အကာပ်မခံပါ။**

ပင်းတယမှ ကုံလုံသို့သွားစဉ် ဟိုင်းလပ်ကား ခေါင်းခန်း၌ ဒရိုင်ဘာ၊ အဒေါ်နှင့် စာရေးသူတို့ ထိုင်ကြပါသည်။ ကံထပ်မည့် သင်္ကန်း၊ ထီးဖိနပ်၊ လှူဖွယ်များကို ရှေ့ခန်း ကားမှန်နောက်က စင်မှာပဲ တင်ပါသည်။ လိမ္မော်သီးထုပ်ကို စာရေးသူက ပွေ့ပိုက်ထားပါသည်။ ကားကြမ်းပြင်မှာ မချပါ။ ကားဖင်ထိုင်ခုံမှာမချ။ ကားနောက်ခန်းမှ စီးသူများကတော့ လိမ္မော်သီးများကို ဝယ်ပြီး ခြင်းတောင်းများတွင် ထည့်ပါသည်။ ခြင်းတောင်းများကို ဖင်ထိုင်ခုံအောက်မှာ ထားကြပါသည်။ တောင်းဖြင့်ထည့်ခဲ့သော လိမ္မော်သီးများ အကာပ်မခံပါ၊ မသန့်ဟု ဆရာတော်က မိန့်ပါသည်။

စာရေးသူ၏ လိမ္မော်သီးထုပ်ကို အကာပ်ခံပါသည်။ ဆရာတော် သစ်သီးဆွမ်းဘုဉ်းပေးနေစဉ် စာရေးသူတို့အဖွဲ့ အဝေးမှ ကြည်ညိုကြပါသည်။ ထိုစဉ် လူနှစ်ယောက်ကားဖြင့် ရောက်လာပါသည်။ ဆရာတော်အနီးသို့ ကပ်၍ ဖူးမြော်သည်ကို မြင်ရပါသည်။ ဆရာတော် ဆွမ်းကို ဆက်ပြီး မဘုဉ်းတော့ပါ။

ထိုလူနှစ်ယောက်က လှူဖွယ်များ ကပ်လှူခြင်း၊ ခြေတော်အစုံကို ဦးခိုက်ဖူးမြော်ခြင်းများ ပြုကြပါသည်။ နောက်မှ ကပ္ပိယများက ပြောကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

သေနှ်သော လူနှစ်ယောက် (အရက်နှင့် သွက်နေသူများ) ရောက်လာသောကြောင့် ဆရာတော်ကြီး ဆွမ်းမဘုဉ်းတော့ပါတဲ့။

အဝေးမှ ဖူးမြော်နေသော အမျိုးသမီးများ ခါးဝတ်ဖြန့်ဝတ်ခြင်း ပြုလုပ်လျှင်လည်း ဆွမ်းကို ဆက်ပြီး မဘုဉ်းပါတဲ့။ ကုံလုံဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ကြောင့် ဆရာတော်၏ကိုယ်မှ သင်းပျံ့မွှေးကြိုင်သော ရနံ့ကို ရှူရှိုက်မိရပါသည်။

ခြေဖဝါးနှစ်ဖက်တွင် ကြာတံဆိပ်ပါရှိပါသည်။ ဆရာတော်ကြီး၏ ခြေဆေးရေသည် ရောဂါများ ပျောက်ကင်းပါသည်။ ဆရာတော်၏ မေတ္တာရေပါ။ အံ့မခန်း အစွမ်းရှိပါသည်။

ကထိန်ပွဲပြီးသောအခါ ကံထပ်အလှူ ပြုခွင့်ရပါသည်။ (၁၂–၁၁–၁၉၉၁) (၁၃၅၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆–ရက်)နေ့မှာပါ။ စာရေးသူ၏ ကံထပ်အမှတ်မှာ (၁၀၃၇)ဖြစ်ပါသည်။ ထိုနေ့က ကံထပ်သူ အလွန်များပါသည်။ မိုးကုတ်မှ မိသားစုများ၊ မိုးကုန်မှ ဒါယကာ,မများ။ မိုးကောင်းမှ(၅) ဦး ဖြစ်ပါသည်။

ယခင်က ကံထပ်သူ များပြားခဲ့ကြောင်း စာရေးသူ၏ ကံထပ်အမှတ်က သက်သေခံနေပါသည်။ စာရေးသူတို့က ဆွမ်းစားဆောင် အပေါ်ထပ်၌ စည်းခိုရပါသည်။ ကံထပ်မည့်နေ့ စောစောစီးစီး နံနက် (၄း၃၀)နာရီတွင် ရေနွေးဖြင့် ရေချိုးကြပါသည်။ သန့်သော အနွေးထည် အထပ်ထပ်ဝတ်ဆင်ရပါသည်။

ချမ်းပြည်နယ်၏ အအေးဒဏ်က ချမ်းတဲ့သောကြောင့်ပါ။ ကချင်ပြည်နယ်သက် သာလွန်၍ အေးပါသည်။ ဆရာတော်ကို လေးစားရှိသေသော



အားဖြင့် သန့်ရှင်းအောင် ပြုလုပ်ကြပါသည်။ ကံထပ်အလှူသို့ သန့်သန့်ရှင်းရှင်း တက်ရောက်သင့်သောကြောင့် ဖြစ်ပါသည်။

အရုဏ်ဆွမ်း ပြီးပြီးချင်း ကံထပ်အလှူ စပါသည်။ သိမ်အတွင်း၌ ကံထပ်သူများ၏ သင်္ကန်းများကို ခဏခဏ လဲလှယ်ဝတ်ဆင်ပြီး သိမ်ဆောက်တည်ရသူ ဆရာတော်ကြီးမှာ မည်မျှအေးချမ်းရှာမည်ကို ခန့်မှန်းမိပါသည်။

အလှူရှင်များက သိမ်အပြင်မှ သင်္ကန်းများ ကပ်လှူပြီးလျှင် ဆရာတော် သီတင်းသုံးသော ကျောင်းသို့ အလျင်အမြန် ပြေးကြပါသည်။ အကြောင်းမှာ တရားချီးမြှင့်မည့် ပလ္လင်နှင့် နီးသောနေရာကို ရရန်ဖြစ်သည်။ ငွေကရား(ရေစက်ချခွက်)များ ဦးစွာရရန် ဖြစ်ပါသည်။ ဆရာတော် တရားဟောပြီးလျှင် စွန့်မည့် ငွေစက္ကူများရရန် ဖြစ်ပါသည်။

စာရေးသူကတော့ သင်္ကန်းကပ်လှူပြီးသော်လည်း သိမ်အပြင်မှ စောင့်ဆိုင်းနေပါသည်။ သိမ်ဆင်း၌ ဝတ္ထုငွေများ (သံဃာများစွာကို) ကပ်လှူရန် စောင့်ဆိုင်းနေခြင်းပါ။ ဆရာတော် သိမ်ထဲ၌ရှိစဉ် **"တပည့်တော်အား ထူးခြားစွာ ချီးမြှင့်တော်မူပါ"**ဟု စိတ်ထဲမှ လျှောက်ကြားမိပါသည်။

သိမ်မှ တရားဟောမည့် အခမ်းအနားသို့ ဆရာတော်ကြီး ကြွလာပါပြီ။ ဦးပဥ္စင်းတစ်ပါးက တွဲလာပါသည်။ ပလ္လင်တော်ပေါ် ထိုင်တော်မူပါသည်။ ပရိသတ်ကို လှမ်းမြှ၍ ကြည့်တော်မူပါသည်။ ခန်းလုံးပြည့် ပရိသတ်များစွာ ရှိနေပါသည်။

စာရေးသူကတော့ သိမ်ဆင်းလောင်းပြီး အလွန်နောက်ကျမှ ရောက်ပါသည်။ ဆရာတော်ကြီး၏ ပလ္လင်နှင့် အလွန်ဝေးသော နေရာမှာပဲ ရှိပါသည်။ ဆရာတော် သီတင်းသုံးသည့်အခန်း အနီးအနား (ရှေ့ဆုံးအစွန်ဆုံး)မှာပဲ နေရာရပါသည်။ အဒေါ်များက အပြေးနေရာလုကြသောကြောင့် နေရာကောင်းရပါသည်။

ဆရာတော်ကြီးက ပလ္လင်နားထိုင်နေသော ဦးပဥ္စင်းကို စကားတိုးတိုး ပြောပါသည်။ ဦးပဥ္စင်းက တွဲခေါ်ပြီး ဆရာတော်ကြီး၏ အခန်းဆီသို့ ကြွကြပါသည်။ မိနစ်(၂၀)ခန့်အကြာ အခန်းထဲမှ ပြန်ထွက်တော်မူလာကြပါသည်။ (သွားအံပုံဖြုတ်၍ ဆေးခြင်းဖြစ်ကြောင်း နောက်မှ သိရပါသည်။)

ဦးပဥ္စင်းကို အခန်းနှင့် မနီးမဝေး (စာရေးသူနှင့် အလွန်နီးကပ်) တွင် နေရာထိုင် ခင်းခိုင်းပါသည်။ နေရာထိုင်မှာပဲ ထိုင်တော်မူပါသည်။ ကပ္ပိယများက အသံချဲ့စက်များ နေရာပြောင်းရွှေ့ပေးပါသည်။ ဒါနအကြောင်းကို ဆရာတော်ကြီးက ဟောတော်မူပါ၏။ သဒ္ဓါတရားကောင်းသူအကြောင်း ဟောပါသည်။ (စာရေးသူ၏ သဒ္ဓါတရားပိုထပ်တူကျအောင် ဟောသွားခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။)

စာရေးသူ၏ သဒ္ဓါတရားကို အဒေါ်များကိုသော်မှ ဖွင့်မပြောခဲ့ပါ။ ဆရာတော်ကြီးကတော့ သိတော်မူ၊ ဟောတော်မူနိုင်ပါသည်။ စာရေးသူ၏ ပီတိဖြစ်မှုကို မပြောပြတတ်ခဲ့ပါ။ ယခု စာရေးနေသည့် အချိန်တွင်လည်း ပြန်လည်၍ ပီတိဖြစ်မှုကို မရေးပြနိုင်ပါ။ မရေးပြတတ်ပါ။

တရားပွဲ ပြီးဆုံးသောအခါ ကပ္ပိယများက ဆရာတော်ကြီးအား ငွေဖလားကြီးများ ကပ်လှူကြပါသည်။ ငွေဖလားထဲမှ ငွေများကို(ခေါက်ထားပါသည်။) ဆရာတော်ကြီးမှ ကြဲချပေးတော်မူပါသည်။ ပရိသတ်များကတော့ နေရာမှထပြီး လုကြပါသည်။ စာရေးသူကတော့ ထိုင်နေရာမှ မလှုပ်ပါ။

နောက်ဆုံးအခေါက် ကြဲချတော်မူပါသည်။ စာရေးသူ ရေစက်ချထားသော လင်ပန်းပေါ် (ငွေစက္ကူခေါက်) ငွေကျလာပါသည်။ ငွေ(၂၀၀)ကျပ်တန် ဖြစ်ပါသည်။ ဖြန့်ကြည့်သောအခါ ငွေစက္ကူပေါ်(ထိပ်)တွင် (၁၂-၁၁-၉၁)ရက်စွဲရေးထားပါသည်။ ဘေးတစ်ချက်စီတွင် **"ကံ့လုံပြည့်ဝ၊ ပြည့်ဝကံ့လုံ"**ဟု ရေးထားပါသည်။ **ဆရာတော်၏ မေတ္တာငွေပါ။**

အခမ်းအနား ပြီးသောအခါ စာရေးသူတို့အဖွဲ့ ဆရာတော်ကြီးကို ကန်တော့ကြပါသည်။ ပြီးလျှင် ဘော်နှင်းဂူထဲ၌ တရားကျင့်နေကြသော သံဃာတော်များကို သွားရောက်ကန်တော့ကြပါသည်။ ဘော်နှင်းဂူတွင် ကံ့လုံဆရာတော်ကြီး တရားကျင့်ခဲ့ပါသည်။

ကံ့လုံတောင်၌ သီတင်းမသုံးမီ ဆရာတော်ကြီးက တောများထဲ၌ (သစ်ပင်အောက်၌) တရားကျင့်ခဲ့ပါသည်။ တောင်ယာလုပ်သူတစ်ဦးက တောင်ယာလုပ်ရန် တောမီးရှို့ပါသည်။ တောမီးက ကူးသွားပြီး ဆရာတော်ရှိနေသော ချုံပုတ်ကို ကူးလောင်သွားပါသည်။ ဆရာတော်ကို မီးများ ဝိုင်းနေပါသည်။ ဆရာတော်ကို မီးမလောင်ပါ။

တောင်ယာသမားက အမြန်ဆုံး မီးငြိမ်းပြီး ဆရာတော်ကို တောင်းပန်ပါသည်။ ဆရာတော်က သည်းခံတော်မူပါသည်။ တောထဲမှ ကံ့လုံတောင် (ဂဠုန်တောင်)သို့ ပြောင်းရွှေ့ခဲ့ပါသည်။ ကံ့လုံတောင်(ဂဠုန်တောင်)၌ ရှေးဦးစွာ ဘော်နှင်းဂူ၌ တရားကျင့်ခဲ့ပါသည်။

စာရေးသူတို့ ရောက်စဉ်မှာတော့ အဆောက်အအုံများ ရှိနေပါပြီ။ ဆရာတော်ကြီး၏ ကျောင်းလည်း ရှိနေပါပြီ။ စာရေးသူတို့ အင်းလေး ဖောင်တော်ဦးဘုရား၊ ဝက်သကင်ဆရာတော်(အင်းထဲ၌ သီတင်းသုံးကို ဖူးမြော်ရန်) ကံ့လုံတောင်မှ ထွက်ခဲ့ကြပါသည်။

စာရေးသူတို့ ဟိုင်းလပ်ကားက ရှေ့ဆုံးကပါ။ ကံ့လုံကျောင်းဝင်းမှ ထွက်ခဲ့၍ မကြာမီမှာပဲ ကားရှေ့၌ မြွေနက်ကြီးတစ်ကောင် ရှေ့က သွားပါသည်။ ကားရှေ့မှ အလွန်လျင်မြန်စွာပဲ သွားနေပါသည်။ ကားဒရိုင်ဘာနှင့် ရှေ့ခန်းမှ စာရေးသူနှင့် အဒေါ်က မြင်ကြပါသည်။ ကားရပ်ထားပေးပါသည်။

နောက်ခန်းမှ အဖွဲ့များက မေးလာကြပါသည်။ သူတို့တွေလည်း မြွေကြီးကို မြင်လိုက်ရပါသည်။ တောင်ကွေ့သွားသောအခါ မမြင်ရတော့ပါ။ ကံ့လုံတောင်စောင့်နတ်ကြီးက လိုက်ပို့သည်ဟု စာရေးသူက ဝမ်းသာပါသည်။ အဒေါ်က ခရီးရှည်တော့မှာပဲဟု ရှေ့ခရီးအတွက် စိတ်ပူနေသည်။

စာရေးသူတို့ ပင်းတယရောက်သည့်
တိုင် နောက်ကားများ မရောက်လာပါ
အချိန်ကြာမှ ရောက်လာကြပါသည်
ဒုတိယကား မှောက်၍ ဖြစ်ပါသည်
ချိုင့်ဝှမ်းစိုက်ခင်းမှ ပအိုဝ်းတိုင်းရင်း
သားများက ပြေးလာကြ၊ ကူညီပေး
ကြပါသည်တဲ့။ ကားမှာ နှစ်ပတ်
သုံးပတ်လိမ့်ပြီး မှောက်သွားသည်ဟု
ကူညီသူတို့က ပြောပါသည်တဲ့။ ကား
ဒရိုင်ဘာ၊ စပယ်ယာ ဘာမှ မဖြစ်ပါ
ရှေ့ခန်းမှ အဒေါ်နှစ်ယောက်က(ခေါင်း
၌ ဖူးရောင်သူ၊ လက်နာသူ) ဒဏ်ရာ
မပြောပလောက်ပါ။ နောက်ခန်းမှ
တရုတ်မလေးများ ထိပ်ပေါက်
လက်နာ၊ ခြေနာဒဏ်ရာ ရကြပါသည်
ခြေကျိုးလက်ကျိုးတော့ မဖြစ်ကြပါ

ကံ့လုံကျောင်း၌ ပုလင်းများဖြင့်
ထည့်လာသော ဝက်သားကြော်
ဝက်အူချောင်းကြော်၊ ကြက်ကြော်များ
တိတ်တိတ်စားကြပါသည်တဲ့။ အဒေါ်
နှစ်ဦးကလည်း မတားကြပါတဲ့။ ကံ့လုံ
တောင်စောင့်နတ်ကြီးက အပြစ်ပေး
တာပါ။

ဆရာတော်က အသားငါးစားခြင်း
မကြိုက်ပါ။ သက်သတ်လွတ်နယ်မြေ
ပါ။ ဆရာတော်ကို မလေးစား၍ တောင်
စောင့်နတ်ကြီး အပြစ်ပေးတာပါ
ဒုတိယကားကို နောက်မှ ကားများက
ဖေးမကူညီခြင်း၊ ကံ့လုံသွားကြသော
ကားများက တွေ့၍ ကူညီကြခြင်းများ
ပြုလုပ်ကြရပါသည်။

ဒုတိယကားမှ လူများ ဆေးကုကြ
၍ အင်းလေးဖောင်တော်ဦးလည်း မဖူး
ရ၊ အင်းထဲမှ ဝက်သကင်ဆရာတော်ကို
လည်း မဖူးရတော့ပါ။

စာရေးသူတို့ကတော့ (၁၃-၁၁-
၁၉၉၁)နေ့ တစ်နေ့လုံး ဘုရားလည်း
ဖူးရ၊ ဝက်သကင်ဆရာတော်ကိုလည်း

စာမျက်နှာ (၈၇) သို့



www.burmeseclassic.com

www.burmeseclassic.com

# ပထဝီဇယ အောင်ဂါထာအစွမ်း

အုံမခန်း

ဖိုးမြင် (မင်းလှ)

ပထဝီဇယ အောင်ဂါထာကို စာရေးသူ ငယ်စဉ်က ရသေ့တောင်မြို့နယ် ကျောက်ထရံကျောင်းမှာနေစဉ် ဘုရားမိုးနိုးထဲမှာ အမြဲတမ်း ရွတ်ဖတ်ပူဇော်ခဲ့ရသည်။

ကျောက်ထရံ ဆရာတော်ကြီး၏ အမြဲ လက်သုံးဂါထာတစ်ပုဒ် ဖြစ်ပါသည်။ ဘုရားရှိခိုး ဝတ်တက်ပြီးတိုင်း ပထဝီဇယအောင်ဂါထာကို (၃)ခေါက် ရွတ်ဖတ်ရသည်။ ဂါထာ၏ အကျိုးအာနိသင် အစွမ်းထက်မြက်ခြင်းကို ရေးသားဖော်ပြရလျှင် ရေးဖွဲ့၍ ကုန်နိုင်မည် မထင်ပါ။

စာရေးသူကိုယ်တိုင် ကြုံတွေ့ဖူးသော ဂါထာနှင့် ပတ်သက်၍ ဖော်ပြရလျှင်...

၁၉၇၄ ခုနှစ်က စာရေးသူတို့ ယောကမ်းဒေသ ကျောင်းတောင်တိုက်နယ် ဘောလုံးပြိုင်ပွဲတစ်ခုတွင် စာရေးသူကိုယ်တိုင် ပါဝင်သော ကြိန်တန်းကျေးရွာ ဘောလုံးအသင်းနှင့် မော်ထက်ကျေးရွာ ဘောလုံးအသင်း ရှုံးထွက်အဆင့် ကစားရပါသည်။

စာရေးသူတို့ ကြိုင်တန်းကျေးရွာ ဘောလုံးအသင်းက မော်ထက်ရွာ ဘောလုံးအသင်းကို နိုင်ခြေမရှိ ဖြစ်နေသည်။ မော်ထက်ရွာ ဘောလုံးအသင်းတွင် မြို့နယ်အဆင့် လက်ရွေးစင်(၅)ဦးခန့် ပါဝင်သည်။

စာရေးသူတို့ အသင်းတွင် လယ်ယာလုပ်ငန်းခွင်ကနေ အပျော်တမ်းသဘော ဝင်ပြိုင်ခြင်းဖြစ်သည်။ စုပေါင်းလေ့ကျင့်မှု မရှိပါ။

စာရေးသူတို့ ကြိန်တန်းကျေးရွာ ဘောလုံးအသင်းကွင်းထဲသို့ ဝင်ရောက်ပြီး သောအခါ အသင်းခေါင်းဆောင်လုပ်သူ စာရေးသူ၏ အစ်ကိုလတ် ကိုစံသာကျော်က...

'ကဲ မင်းတို့အားလုံး ငါ တိုင်ပေးတဲ့အတိုင်း





www.burmeseclassic.com

www.burmeseclassic.com

လိုက်ဆိုကြ’

ပြောပြီး ဒီ ပထဝီဇယအောင်ဂါထာကို ရွတ်ဆိုကြပါသည်။

ကျေပွန်အောင် ကြိုးစားပါ၊ ကစားပါ’

ပြောပြီး ကစားကွင်းထဲတွင် နေရာယူကြသည်။

> ပထဝီဗလသုန္ဓရိ၊ သဗ္ဗညုဗောဓိမဏ္ဍလ
> အသင်္ချေယံ မာရသေနံ့ ဇယောဇေယျတု မင်္ဂလံ။

ခက်ခဲသော ပါဠိအသံထွက်

**ပထဝီဗလသုန္ဓရိ** =ပထဝီဗလသုန်ဒရိ

**အသင်္ချေယံ** = အသင်ချေယံ

**သဗ္ဗညု** = သပ်ဗင်ညု

**မင်္ဂလံ** = မင်ဂလံ

အနက်အဓိပ္ပာယ်

**ပထဝီဗလသုန္ဓရိ၊** မြေထုမခြားကြီးမားလွန်မင်း ကောင်းမြတ်သောသည်းခံခြင်း ရှိထသော။ **ဗောဓိမဏ္ဍလ၊** သဗ္ဗညုတဉာဏ် ကြည်ရာမှန်၍ မြေကြန်မိပတိ တုမရှိ ကြွခိုင်ဗောဓိမဏ္ဍိုင်၌။ **အသင်္ချေယံ၊** သင်္ချာဖွဲ့ယှက် ရေတွက်မရ များပြားလှသော။ **မာရသေနံ၊** ဗိုလ်ပါရဲမက် လက်နက်စုံကျင်း တိုက်ဖျက်ခြင်းငှာ ချဉ်းကပ်လာသော မာရ်နတ်စစ်သည်တော်အပေါင်းကို။ **သဗ္ဗညု၊** တရားဉဿုံအလုံးစုံကို အကုန်သိတတ် ဘုရားရှင်တော်မြတ်သည်။ **ဇယောယထာ၊** ပါရမီရှိန်အဟုန်ကြောင့် မြေဝသုန် ရိုက်ဟည်းလျက် အောင်ခြင်းကြီး အောင်တော်မူသကဲ့သို့။ **တထာ၊** ထို့အတူ။ **မေ၊** ငါ့အား။ **မင်္ဂလံ၊** အောင်ခြင်းမင်္ဂလာသည်။ **ဇယတု၊** အောင်ပါစေသတည်း။

ဂါထာကို (၃)ခေါက်(ပါဠိ)အတိုင်း ရွတ်ဆိုကြပါသည် အသင်းခေါင်းဆောင်က...

‘မင်းတို့အားလုံး ဂါထာရွတ်ဖတ်ပြီးပြီ။ ဘာကိုမှ စိုးကြောက်နေစရာမလိုဘူး။ ကိုယ့်နေရာနဲ့ ကိုယ်တာဝန်

ညနေ(၄)နာရီ အချိန်တွင် ယှဉ်ပြိုင်မှု စတင်ပါသည်။ လာရောက်ကြည့်ရှုကြသော ဘောလုံးဝါသနာရှင်များလည်း စာရေးသူတို့ ကြိန်တန်းကျေးရွာ ဘောလုံးအသင်းကို တစ်ခဲနက်အားပေးကြသည်။

ဘောလုံး စတင် ကစားချိန်မှစ၍ ပထမပိုင်းတစ်ပိုင်းလုံး ဘောလုံးသည် စာရေးသူတို့ ဂိုးဧရိယာအတွင်းမှာသာ ဝဲနေသည်။ တစ်ခါတစ်ရံမှ မော်ထက်အသင်းဘက်သို့ ရောက်သည်။

ပြစ်ဒဏ်ဘော (၁၀)ကြိမ်ခန့် ပေးရသည်။ ထောင့်ကန်ဘော (၈)ကြိမ်ခန့် ကာကွယ်ခဲ့ရသည်။ ပထမပိုင်း ပြီးဆုံးချိန်တွင် ဂိုးမရှိ(သရေ) ဖြစ်နေပါသည်။

အားလပ်ချိန် (၁၅)မိနစ် နားပြီး ဒုတိယပိုင်း ပြန်ကစားရာ မော်ထက်ရွာ ဘောလုံးတစ်သင်းလုံး ကွင်းထက်ဝက်ကျော် ဖိကစားထားသည်။ (ဂိုး)သမားကအစ ကွင်းလယ်ထိ တက်ရောက်ကစားနေသည်။

ဒုတိယပိုင်း မိနစ်(၇၀)ကျော်ခန့်တွင် စာရေးသူတို့ ကြိန်တန်းအသင်းခေါင်းဆောင် ကိုစံသာကျော်က ကြုံသလို ဖျက်ထုတ်လိုက်သော ဘောလုံးသည် မော်ထက်(ဂိုး)သမား ကိုကျော်၍ (ဂိုး)ဝင်သွားပါသည်။

ကွင်းတစ်ခုလုံး ဆူညံသွားသည် မထင်မှတ်ဘဲ (ဂိုး)ပေးလိုက်ရသော မော်ထက်ရွာ ဘောလုံးအသင်းသည် ချေပ(ဂိုး)ရရှိရေးအတွက် ကစားပုံ



ကြမ်းတမ်းလာပြီး (ဒိုင်)က အဝါကဒ်ပြသတိပေးသည်။

ထပ်ကာထပ်ကာ ကျူးလွန်လာသဖြင့် မော်ထက်အသင်းမှ အသင်းခေါင်းဆောင် သန့်လှယေနှင့် မောင်အေးကျော်တို့ အနီကဒ်ပြ ထုတ်ပယ်လိုက်ပါသည်။

မော်ထက်အသင်းသည် လူ(၂)ယောက်လျော့ဖြင့် တစ်ဦးချင်း ကျွမ်းကျင်မှုနှင့် တိုက်စစ်ဆင်လျက်ရှိသည်။ ပွဲပြီးရန် (၅)မိနစ်ခန့်အချိန်တွင် စာရေးသူတို့ ကြိန်တန်းအသင်းက တန်ပြန်တိုက်စစ်ဆင်ပြီး ကန်တင်စနစ်ဖြင့် ကစားလာရာ ပွဲကစားချိန် မိနစ်(၉၀)တွင် ယောင့်ကန်ဘောမှတစ်ဆင့် ဒုတိယအနိုင်(ဂိုး)ကို ရရှိလိုက်ပါသည်။

ပွဲအပြီးတွင် ကြိန်တန်းရွာဘောလုံးအသင်းက မော်ထက်ရွာဘောလုံးအသင်းကို (၂း၀)ဂိုးနှင့် အနိုင်ရရှိပြီး ဖိုင်နယ်သို့ တက်ရောက်သွားခဲ့ပါသည်။ ဖိုင်နယ်တွင် ပင်နယ်တီဖြင့် ပေါက်တောရွာအသင်းကို အနိုင်ရ ဗိုလ်စွဲခဲ့သည်။

ဤဂါထာ၏ အစွမ်းကြောင့် အင်အားကြီးသူကို အနိုင်ရခဲ့ ကြုံခဲ့ဖူးပါသည်။



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ကြိမ်ကတော့ လှေလှော်ပြိုင်ပွဲဖြစ်သည်။ ၁၉၈၀ ပြည့်နှစ် ကျောက်ထရံကျောင်း ကပ်ကျော် ဘုရားကြီးပွဲတော် (လှေ)ပြိုင်ပွဲတွင် ဘရေးသူပါဝင်သော ကျောက်ထရံ ဘုန်းတော်ကြီးကျောင်းသားများ (လှေ) လှော်အသင်းနှင့် ထီးစွဲကျေးရွာ(လှေ) လှော်အသင်းတို့ နောက်ဆုံးဗိုလ်လုပွဲ ဖြစ်သည်။

နောက်ဆုံးဗိုလ်လုပွဲဖြစ်၍ ပရိသတ် များစွာ လာရောက် အားပေးကြသည်။ ပရိသတ်များ၏ ခန့်မှန်းချက်အရ ကျောက်ထရံကျောင်းသား (လှေ) လှော်အသင်းသည် လူငယ်များ ဖြစ်နေ၍ ထီးစွဲအသင်းကို နိုင်ခြေမရှိဟု ခန့်မှန်း ပြောဆိုနေကြသည်။

ပြိုင်ပွဲစည်းကမ်းအရ (၂)ဖာလုံခန့် ဝေးသော နေရာမှ (၃)ကြိမ် ပြိုင်ရမည် ဖြစ်ပါသည်။

(ပထမ)ပွဲစဉ်တွင် ကျောက်ထရံ ကျောင်းသားများ (လှေ)လှော်အသင်း ရှုံးသည်။ (ဒုတိယ)ပွဲစဉ် စတင်ပြိုင်ရန် အသွားတွင် ကျောက်ထရံကျောင်းသား များ (လှေ)လှော်အသင်းသားအားလုံး ပဌာန်းဗီယအောင်ဂါထာကို သံပြိုင်ဆို၍ ပြိုင်ပွဲဝင်ခဲ့ကြသည်။

ဒုတိယပွဲစဉ်တွင် ကျောက်ထရံ ကျောင်းသားများအသင်း အနိုင်ရ သည်။ ထီးစွဲ(လှေ)က တပ်မကိုင် ရေထဲ ပြုတ်ကျသွား၍ ဖြစ်ပါသည်။

(တတိယ)ပွဲစဉ်သည် အဆုံးအဖြတ် ပွဲဖြစ်၍ ချောင်းကမ်းစပ်က အားပေးသူ များလည်း သောင်းသောင်းဖြဖြ အား ပေးကြသည်။

(တတိယ)ပွဲစဉ်တွင် (လှေ)နှစ်စင်း အပြိုင် လှော်ခတ်လာသည်။ ပန်းတိုင် သို့ ဝင်ခါနီး ကိုက်(၅၀)ခန့်အလိုတွင် ထီးစွဲလှေသည် လှေဦးစိုက်၍ ရေထဲသို့ ငုတ်ဝင်သွားသည်။

ကျောက်ထရံကျောင်းသားများ လှေ လှော်အသင်း ပန်းတိုင်သို့ ဝင်ပြီး အောင်ပွဲခံနိုင်ခဲ့သည်။

ဤ ပဌာန်းဗီယအောင်ဂါထာနှင့် ပတ်သက်၍ အတွေ့အကြုံများစွာ ရှိခဲ့ ဖူးပါသည်။ စာရှည်မည်စိုး၍ အနည်း ငယ် မျှ ဖော်ပြခြင်း ဖြစ်ပါသည်။

ကျောက်ထရံ ဆရာတော်ကြီးက ပဌာန်းဗီယအောင်ဂါထာကို မိမိ သက်စေ့ အဓိဋ္ဌာန်ပြု၍နေ့စဉ် ရွတ်ဖတ် လျှင် အပြိုင်အဆိုင်ကိစ္စ အတိုက်အခံ ဟူသမျှကို အောင်နိုင်သည်ဟု မိန့်ကြား ဖူးပါသည်။

စာရှုသူများသည်လည်း အပြိုင် အဆိုင် အတိုက်အခံများနှင့် ကြုံတွေ့ ကြလျှင် ယုံကြည်စွာ အဓိဋ္ဌာန်/သစ္စာ ပြု၍ ရွတ်ဖတ်ပူဇော်ကြပါရန် တိုက် တွန်းပါ၏။

အောင်မြင်မှု ရရှိကြပါစေဟု ဆန္ဒ ပြုပါသည်။

**[ဤ ပဌာန်းဗီယအောင်ဂါထာ အား သင်ကြားပေးခဲ့သော ကျောက် ထရံကျောင်း ဆရာတော်ကြီး ဦးကောဝိဒမဟာအား ဦးခိုက်ပါသည် ဘုရား...]**

**ဗိုလ်မင်း *(မင်းလှ)***

စာမျက်နှာ (၈၄)မှ အဆက်

အင်းလေး လက်ဆောင်ပစ္စည်း ... ဝယ်ရပါသည်။

... သကင်ဆရာတော်မှ ချီးမြှင့် ... ပရိတ် ရေ၊ ရလည်း ရပါသည်။

... သကင်ဆရာတော် ကျွေးမွေးသော ... ဟင်းများလည်း စားခဲ့ရပါသည်။

**... သကင်ဆရာတော်၏ အံ့ဖွယ် ... ည်း ရေးပြပါဦးမည်။**

***... သူများ ကိုယ်စိတ်နှစ်ဖြာ ... ကြပါစေ။***

**ဒေါ်သုမနဝီစိဏ္ဍ**

*(B.Sc.H.G.P, Dip Ed)*

**စာရှုသူ သုတေသီနှင့် ပါသနာရှင်များသို့ . . .**

မိမိတို့ဒေသရှိ ဆရာတော်ကြီးများ၊ ပုဂ္ဂိုလ်ထူးကြီးများ၏ မိမိတို့သာသိပြီး သမိုင်းမဝင်သော ဖြစ်ရပ်များကို ရေးသားပေးပို့နိုင်ကြပါပြီ။

ဤသို့ ရေးသားပေးပို့ခြင်းဖြင့် ကွက်လပ်ဖြစ်နေသော၊ အများမသိသော ဖြစ်ရပ်များကို မှတ်တမ်းတင်ပြီး ဖြစ်သွားပါမည်။ ဤကုသိုလ်ထူးကြီးကို ပါဝင်မှတ်တမ်းတင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

***လေးစားစွာဖြင့်. . .***

**ဦးကျော်မိုးသိန်း**

**စာတည်းချုပ်**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အာရုံကြောနှင့် အကြောအားနည်းသူများအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# အကြောအားဆေး

(ယာယီ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၇၁၁YR ၀၀၆၀ ၂၅)




ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၂/၀၅၁၇

'မင်္ဂလာပါ ဆရာ'

'မင်္ဂလာပါဗျာ။ ဘယ်သူတွေများလဲ မှတ်တယ် ရှေ့နေကြီး ဦးအောင်ဝင်းနိုင်တို့ကိုး။ ဘယ်က လှည့်လာကြတုံး'

'ဆရာ့ဆီ သက်သက်လာတာပါ။ ဒီ ကျွန်တော့်မိတ်ဆွေ ဦးဇော်ထွန်းက ရုံးဝန်ထမ်းဆိုတော့ အလုပ်များ၊ အထိုင်များလို့နဲ့ တူတယ်။ ထိုင်းမှိုင်းလေးလံနေပြီး အမြဲတမ်း ညောင်းညာကိုက်ခဲကာ အကြောတွေတက်နေလို့ ညတိုင်းလိုလို နင်းခိုင်း၊ နှိပ်ခိုင်းနေတာတွေ့တာနဲ့ ဆရာ့ဆီ ခေါ်လာတာ'

'ဒါဆိုရင် ဦးဇော်ထွန်းရဲ့ ညာဘက်လက် တစ်ချက်လောက် ပြပါဦး။ ကျွန်တော် သွေးစမ်း အဖြေရှာကြည့်မယ်'

'ဟုတ်ကဲ့ ဆရာ၊ လိုအပ်သလိုသာ ကုသပေးပါ'

'သြော်... ဦးဇော်ထွန်းမှာ အာရုံကြောအားတွေ၊ အကြောအားတွေ နည်းလာလို့ အခုလို ဖြစ်လာတာပါ'

'အာရုံကြောအားနည်းရင် ဒီလိုမျိုး ခံစားရသလား ဆရာ'

'အာရုံကြောတွေ၊ အကြောတွေ အားနည်းလာရင် နောက်ကြောတက်၊ ဇက်ကြောထိုးခြင်း၊ ခြေလက်တွေ အားမရှိသလိုဖြစ်ခြင်း၊ ခြေလက်တွေ တုန်ယင်လာတတ်ခြင်း၊ အမြဲတမ်း လေးလံထိုင်းမှိုင်းနေခြင်း၊ ခြေကုန်လက်ပန်းကျသလို ခံစားရခြင်း၊ အမြဲတမ်းလိုလို ခြေလက်တွေ ညောင်းညာတောင့်တင်းခြင်း၊ ခြေလက်တွေ ကပ်ခြင်း၊ လုပ်ချင်ကိုင်ချင်စိတ်တွေ လျော့နည်းလာပြီး နုံးချည့်သလိုမျိုး ခံစားရတတ်ပါတယ်။

အာရုံကြောနဲ့ အကြောတွေ အားနည်းတော့ ကြွက်သားတွေ၊ အဆစ်အဆက်အရွတ်တွေပါ အားနည်းသွားစေပါတယ်။ ဒီအခါမှာ လေးလံထိုင်းမှိုင်း ကိုက်ခဲခြင်း၊ အားမရှိသလိုမျိုး ခံစားရခြင်း၊ အကြောတက် ညောင်းညာခြင်း၊ လေဖြန်း၊ လေဖြတ်၊ သွက်ချာပါဒ ရောဂါတွေ ဖြစ်ပေါ်ခြင်း၊ ခြေတုန်လက်တုန်၊ လည်ပင်း၊ ဦးခေါင်းတွေ၊ တုန်ယင်ခြင်းတွေ ဖြစ်ပေါ်ခံစားရတတ်ပါတယ်'

'ဟုတ်လား ဆရာ။ ကျွန်တော့်ကို အကောင်းဆုံးဆေးတွေ လမ်းညွှန်ပေးပါ'

'ဦးဇော်ထွန်းအတွက် အကောင်းဆုံးဆေး ပေးရမယ်ဆိုရင် အာရုံကြောနဲ့ အကြောအား အဆစ်အရွတ် ကြွက်သားအားတွေ အထူးကောင်းမွန်စေတဲ့ စကြာမင်း အကြောအားဆေးကိုသာ မှီဝဲပါ'

'စကြာမင်း အကြောအားဆေးက ဘာတွေကောင်းလဲ ဆရာ'

'ဘာတွေကောင်းလဲဆိုရင်တော့ အာရုံကြောနဲ့ အကြောများ ပိတ်ဆို့ရောင်ရမ်းပြီး နောက်ကြောတက် ဇက်ကြောထိုးခြင်း၊ သတိမှတ်ဉာဏ်နည်းခြင်း၊ အာရုံကြောများ၊ အကြောများ၊ ကြွက်သားများ အားနည်းရောင်ရမ်းခြင်း၊ အရိုးကျိုးပေါင်းတက်ခြင်း၊ လက်ခြေများ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ ခြေကပ်လက်ကပ်ဖြစ်ခြင်း၊ လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ အောက်ပိုင်းများ ထုံကျဉ်လေးလံညောင်းညာကိုက်ခဲခြင်း၊ ခြေလက် မသယ်နိုင်ခြင်း၊ အထိုင်အထလေးလံခြင်း၊ အမျိုးသားများ ပန်းသေ ပန်းညှိုး ဖြစ်ခြင်း၊ အကြောသေခြင်း၊ ဒူးနာ၊ ဒူးကိုက်၊ ဒူးရောင်ခြင်း၊ ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အဆစ်ရောင် အဆစ်နာ၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ အတက်စာနည်းနည်းစားရုံနဲ့ အကြောတက် ညောင်းညာလာခြင်း တစ်ကိုယ်လုံး သွက်လက် ပေါ့ပါးမှုမရှိခြင်းများကို သက်သာပျောက်ကင်းပြီး ကျန်းမာသန်စွမ်းကာ သွက်လက်ပေါ့ပါးစေတဲ့ဆေး ဖြစ်ပါတယ်။ ဒါ့အပြင် လေဖြတ်၊ လေငန်း၊ သွက်ချာပါဒရောဂါများအတွက်လည်း ကာကွယ် ဆေးအဖြစ် တစ်နေ့တစ်ကြိမ် ဆေး(၅)ပြား မှီဝဲပြီး ကြိုတင် ကာကွယ်နိုင်ပါတယ်'

'ဒီဆေးဟာ ဆရာ့ဆေးတိုက်မှာပဲ ရသလား ဆရာ'

'ကျွန်တော့်ဆေးတိုက်အပြင် အမြို့မြို့အနယ်နယ်ရှိ ဆေးများဆိုင်တိုင်းမှာ ရနိုင်ပါတယ်'

'အခုဆိုရင် ကျွန်တော့်မှာ စကြာမင်း အကြောအားဆေးအစွမ်းကြောင့် ကျန်းမာသန်စွမ်းပြီး သွက်လက်ပေါ့ပါးနေပါပြီ။ အာရုံကြော အားနည်းနေသူများ၊ အကြောအားနည်းသူများ၊ အဆစ်အရွတ် ကြွက်သားအားနည်းသူများ၊ အသက်(၄၀)ကျော်သူများနဲ့ အာရုံကြောအားနည်းတဲ့ ကလေးလူကြီး၊ အမျိုးသား၊ အမျိုးသမီးများအတွက် အကောင်းဆုံး အဖော်မွန်ဖြစ်တဲ့ စကြာမင်း အကြောအားဆေးကို အိမ်တိုင်းဆောင်ထားပြီး မှီဝဲကြပါလို့ အကြံပြုပါရစေ'

ဆရာမြင့်
**စကြာမင်းဆေးတိုက်**
အမှတ်-၈/၆၆၆၊ သုဓမ္မာလမ်းမကြီး၊ သန္တာမှတ်တိုင်အနီး၊
မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၇၂၂၅၇၁

ဦးဇော်ထွန်း



www.burmeseclassic.com

www.burmeseclassic.com

ဘုတလင်မြို့ ကျောင်းပန်းတောရနှင့် ပထမ ကျောင်းပန်းဆရာတော်ကြီး

စင်သိုင်ယ်

# အရှင်ကုဏ္ဍာလ

၏ ဘဝတောက်ကြောင်းများ (၃)

ယခင်လမှ အဆက်

## ဘုတလင် ကျောင်းပန်းတောရ

ဆရာတော်သည် ကျောင်းပန်းတော [illegible] (၅)နှစ်နေ၍ တရားဟောခြင်း၊ [illegible]ပြုခြင်းဖြင့် ၁၂၇၀ ပြည့်နှစ်တွင် [illegible]ကျောင်းတိုက်ကို တပည့်များအား လွှဲ [illegible] တောရအနီး **"ဘုန်းထူ"** [illegible] တစ်ပါးတည်း ဝါဆိုကျင့်ကြံ [illegible]

[illegible]ကျွတ်သော် မုံရွာမှ မိုင်(၂၀)ခန့် [illegible] မုံရွာ–ဘုတလင် ကားလမ်း [illegible]ဘက်၌ရှိသည့် **ဂျင်မယ်တောရ** [illegible] ပြောင်းရွှေ့သီတင်းသုံး၏။

[illegible]တောရတွင် သုံးနှစ်နေပြီးနောက် [illegible]ပြီးအနီး တောအုပ် မန်ကျည်း [illegible]ဘက်၌ ရုက္ခမူကျောင်းဖြင့် စတင် [illegible] ၁၂၇၄ ခုနှစ်တွင် ကျောင်းပန်း [illegible] ပေါ်ပေါက်ခဲ့လေသည်။

## စိတ်အကြံသိသူ

[illegible]မယ်တောရတွင်နေစဉ် လယ်တီ [illegible]တော်ကြီးသည် မကြာခဏ ကြွ [illegible]လေ့ရှိသည်။ တစ်ကြိမ်တွင် [illegible]ကျောင်းသို့ လယ်တီဆရာ [illegible] ရောက်လာသောအခါ...

'[illegible] မည်သည့်နေရာအရောက် [illegible] စိတ်ကူးသည်။ မည်သည့်နေရာ [illegible] စိတ်ပေါ်သည်'

[illegible] လျှောက်တင်၏။ လယ် [illegible]တော်က...

'[illegible] ကိုယ့်စိတ်ထဲ ကိုယ်ထားရ



◆ ရတနာ့ဓာတ်တော်များ အလိုအလျောက် ကြွလာသည့် ကုမ္ဘကစေတီတော်ဘက်သစွယ်

တယ်ဗျူး၊ တော်တော်ကြာရင် သူများက စုန်းပြူးလိမ့်မယ်'

ဟု မိန့်တော်မူလေသည်။

မကြာမတင်ကာလတွင် လှဲ[illegible]ရွာ

www.burmeseclassic.com

သူကြီး ဦးဝန်က ဆရာတော်ထံသို့ ကလေးတစ်ယောက်အား သင်္ဘောသီး သုံးလုံးလှူခိုင်း၏။ ကလေးက တစ်လုံးကို ဝှက်ထားကာ နှစ်လုံးသာ ကပ်လှူရာ...

'တစ်လုံးကို ဘယ်မှာထားခဲ့သလဲ'

ဟု မေး၏။

လမ်း၌ ဝှက်ထားကြောင်း လျှောက်တင်သဖြင့် ပြန်ယူခိုင်းကာ အာဒိန္နဒါနာ ကံကို ကလေး နားလည်အောင် ဟောကြားဆုံးမတော်မူသည်။ ထို့နောက် ထိုတစ်လုံးကို ပြန်စွန့်တော်မူ၏။

ထို့အပြင် တောရ၏ အရှေ့တောင်ထောင့်အရပ်ရှိ သရက်ခြံမှ ဒါယိကာမကြီးက ခင်ပွန်းအား ဆရာတော်ထံ သရက်သီး(၅)လုံး ကပ်လှူစေ၏။ ဒါယကာကြီးက (၃)လုံးသာ ဆက်ကပ်သည်။ ဆရာတော်က (၂)လုံးကို ဘုဉ်းပေး၍ (၁)လုံးကို ပြန်စွန့်၏။ **"လမ်းမှာ သိမ်းထားတဲ့ နှစ်လုံးနဲ့ ပေါင်းရင် သုံးလုံးဆိုတော့ မင်း ဝ,ပါတယ်ကွယ်"**ဟု မိန့်တော်မူရာ ဒကာကြီးမှာ ဝန်ချတောင်းပန်လေသည်။

ဆရာတော်သည် စိတ်အကြံသာမက အနာဂတ်ကိုလည်း သိတော်မူသည်။ ဆရာတော်ကြီးသည် ၁၂၇၉ ခုနှစ်တွင် လယ်တီဆရာတော် ဩဝါဒအတိုင်း မုံရွာမြို့နယ်၊ သမန္တာရွာ မြတ်စောကျောင်းတွင် သုံးလမျှ တရားဟောကြားသီတင်းသုံးကာ ဝါဆိုခါနီးတွင် အလုံမြို့ ယာကြီးကုန်းတောရသို့ ပြောင်းရွှေ့ ဝါကပ်တော်မူသည်။

သမန္တာရွာမှ မောင်စံ၊ မောင်ဖြူစသည့် ကျောင်းသားသုံး,လေးဦး လိုက်ပါလာကြသည်။

တစ်နေ့တွင် နွားကျောင်းရင်း သီချင်းဆိုသံ ကြားရသဖြင့် အသံရှင်ကို မောင်စံ၊ မောင်ဖြူတို့အား ကျောင်းသို့ သွားခေါ်ခေါ်လာစေသည်။ ကျောင်းရောက်လျှင် အသံရှင် မောင်ကျော်ရ၏ ရုပ်ဆင်းအင်္ဂါလက္ခဏာတို့ကို ကြည့်ကာ ချော့မော့သိမ်းသွင်းသည်။

ကျောင်းတွင် ပျော်ပိုက်လာသောအခါ မိဘများထံမှ အလှူခံ၍ သာမဏေ ဝတ်ပေးသည်။ **ရှင်တိဿ**ဖြစ်လာ၍ ညီမောင်ကျော်တိုး၊ မောင်ဘသိန်းတို့လည်း ကျောင်းသားများ ဖြစ်လာကြ၏။

တစ်နေ့၌ ညီအစ်ကိုသုံးဦးကို ခေါ်၍...

'မောင်တိဿက ကြီးရင် ဘုန်းကြီးမယ်။ အသက်တော့ မရှည်ဘူး။ မောင်ကျော်တိုးက (၄၀)ကျော်ရင် လူထွက်ပြီး သားတစ်ယောက် ရမှ သေမယ်။ မောင်ဘသိန်းကတော့ ဘာမှ မဖြစ်ဘူး'

ဟု မိန့်တော်မူသည်။

**မောင်တိဿသည် နောင်သော် ကြောင်ပန်းစတုဿဆရာတော် ဖြစ်၍** အောင်မြင်ကျော်ကြားသော ကျမ်းပြုဆရာတော် ဖြစ်လာ၏။ သက်တော် (၅၉)နှစ် ၁၃၂၆ ခုနှစ်တွင် ပျံလွန်တော်မူသည်။

**မောင်ကျော်တိုးသည်** အသက် (၂၀)နှစ် ၁၂၉၄ ခုနှစ်တွင် လယ်တီတိုက် ခဏ္ဍာသိမ်၌ လယ်တီ ဒုတိယ ဆရာတော် ဦးဉာဏောဘာသအား ဥပဇ္ဈာယ်ပြုကာ ရဟန်းဘောင်သို့ ရောက်၏။ **ဦးပဏ္ဍဝ**ဘွဲ့မည်တွင်၏။

၁၃၁၄ ခုနှစ်သို့ ရောက်သောအခါ ဘုတလင်မြို့ မြေတိုင်းအင်စပက်တော် ဦးခင်ထွန်းကို '**ငါ အသက်(၄၀)ကျော်လာပြီ။ ဘာမှ မဖြစ်သေးဘူး။ ဆရာတော်ကြီး ငါ့ကို ဟောတာတော့ လွဲပြီထင်တယ်**"ဟု ပြောသည်။

ထိုနှစ် ကုန်ခါနီးတွင် သဘောင်

ပေါင်းလဲ အဖျားရောဂါ စွဲသ...
**"ရဟန်းဝတ်ဖြင့် လူ့ပြည် ကြာရှ...
မမြဲ။ လူဝတ်နှင့် နေရတာက ကော...
ဦးမယ်"**ဟု သဘောရကာ လူထွ...
လေသည်။

၁၃၁၇ ခုနှစ်တွင် သားရိုးကုန်းရွာ...
ဒေါ်တင်မြင့်နှင့် အကြောင်းပါ၍ ၁၃...
ခုနှစ်တွင် သားတစ်ယောက် မွေး...
(၁)လသားတွင် ကွယ်လွန်၏။ ထို...
တန်ဆောင်မုန်းလဆန်း (၆)ရက်...
တွင် (ဦးပဏ္ဍဝ လူထွက်) ဦးကျော်...
ခေါ် ဆရာကျော် အနိစ္စရောက်၏။

မောင်ဘသိန်းမှာ နောင်တွင် ဆ...
တော် တရားပွဲများ၌ ဦးစွာ သံ...
ဂါထာ ရွတ်ဖတ်ရသူ တရားထော...
တပည့်ကြီး ဖြစ်လာလေသည်။

လယ်တီဆရာတော်၏ တရားတော...
များကို ကျောက်စာတိုက် တည်...
**တပည့် ပန်းသာဆရာတော်(ဒုတိ...
ကြောင်ပန်းဆရာတော် ဦးသုဇာ...**
နှင့်အတူ ချင်းတွင်းမြစ်ညာ မော်လို...
မြို့သို့ကြွရာ ဦးဘိုးသ၊ ဒေါ်ချိန်သာ...
က ပင့်လျှောက်သဖြင့် သူတို့အိမ်...
ကြွရသည်။ ရောက်သော် ဆရာတော်...
ကြီးက...

'အောင်မယ် မင်းတို့မှာ ဦးပွင့်း ထက်ထ...
မြက်မြက်ကလေး တစ်ပါးရှိသကိုး။ ...
ရောက်ရင်တော့ ကောင်းမှာပဲဟေ့။ ...
မေတ္တာ ပို့ပြီးမယ်ကွယ်'

ဟု မိန့်ကြား၏။ နောင်သော ဦးဘိ...
သာ၊ ဒေါ်ချိန်သာတို့၏ ပစ္စယာနုဂ္ဂဟ...
ရဟန်းတော် **ဦးဝီရိယသည် ကြော...
ပန်းတိုက်သို့ ရောက်ရှိကာ တတိယ...
ဆရာတော် ဖြစ်လာ၏။**

---

နောက်ဆုံးကာလ

---

ကြောင်ပန်း ဆရာတော်ကြ...
အရှင်ကုန္ဒကသည် ဝရဲတောတွ...





www.burmeseclassic.com

www.burmeseclassic.com

**...တင်းသုံးစဉ် (၁၃၆၂ ခုနှစ်မှ ၁၃၆၅ ခုနှစ်အတွင်း)** ဝိဇ္ဇာပေးသည့် ...ကို ဘုဥ်းပေးရသဖြင့် ရောဂါ ...ဝေဒနာ ထူးထူးထွေထွေ နှိပ်စက်ခံရခြင်း ...ခဲ့ပေ။


၁၂၈၈ ခုနှစ်အရောက်တွင် ကျေးဇူး ...လယ်တီဆရာတော်ကြီး၏ ကျမ်းစာ ...ကို ကျောက်ထက်အက္ခရာတင်ရန် ...ဆောင်ကြိုးပမ်းနေစဉ် တန်ဆောင် ...လအရောက်တွင် ရုတ်တရက် ...မာရေး ချို့ယွင်းကာ သမားတော် ... ကြိုးစားကုသသော်လည်း သက် ...လာခြင်း မရှိဘဲ ၁၂၈၈ ခုနှစ်၊ ...သိုလဆန်း(၄)ရက်နေ့အဝင် နံနက် ...နာရီတွင် တစ်ဘဝခန္ဓာ ချုပ်ငြိမ်း ...တော်မူသည်။

**...ကလာပ်တော်ကို (၁၅)ရက်ခန့် ...ထားရာ ပုပ်ပွက်နံစော်ခြင်း မရှိပေ။**

...လယ်တီဆရာတော် ပျံလွန်တော်မူ ...ကာ လယ်တီတိုက်တွင် မှန်စီရွှေချ ...ခေါင်းသလား ပြင်ဆင်ထားသော် ...ည်း အလောင်းတော် သယ်ယူခွင့် ...ဖြင့် အချည်းအနှီး ဖြစ်ခဲ့သည်။

...နှစ်အကြာတွင် ကျောင်းပန်း ...ရာတော် ပျံတော်မူရာ လယ်တီ ...ဆရာတော်က အများနှင့် ...၍ ကျောင်းပန်းဆရာတော်နှင့် ... သင့်လျော်ကြောင်း ဆုံးဖြတ်ကြ ... သံဃာ(၃၀)အား ခေါင်းတလား ...ထားဖြင့် ပို့ဆောင်စေသည်။

...ခေါင်းတလားတွင် ရုပ်ကလာပ် ...ည့်သွင်းပူဇော်ပြီးနောက် တန်ခူး ...(၁၀)ရက်နေ့ အန္တိမတေဇော ...တင် ကျင်းပပူဇော်ကာ ကြွင်း ...သော ဖန်လုံး၊ ပုလဲရွှဲလုံးအသွင် ...တော်များကို ဣန္ဒကစေတီတွင် ...မြှုပ်၍ တည်ထားကိုးကွယ်ခဲ့ကြ ...သည်။



◆ ... လယ်တီကျောင်းတိုက် ...

ဆရာတော်ကြီး ပြုစုစီရင်သည့် ကျောင်းပန်းဝိပဿနာကျမ်း (၆)စောင်ကို ကျောက်ထက်အက္ခရာတင်၍ ဣန္ဒကစေတီ အရှေ့ဘက်တွင် ကျောက်စာတိုက် ပြုလုပ်ပူဇော်ထားကြသည်။

ထိုခြောက်စောင်တွဲကျမ်းကို အမြတ်အစွန်း ပမာန မထားဘဲ ကုန်ကျငွေ ပမာဏဖြင့် ကျောင်းပန်းတိုက်ရင်း (ဘုတလင်မြို့ ကျောင်းပန်းတောရ)တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသဖြင့် ဆရာ့အတွက် ဝယ်ယူဖြစ်ခဲ့လေသည်။

## ကျောင်းပန်းကန်တော်ကြီး

ဆရာတော်ကြီး အရှင်ဣန္ဒက ထေရုပ္ပတ္တိကို လေ့လာပြီးသောအခါ လက်ရှိဆရာတော် ဦးအာလောကက ကျောင်းပန်းကန်တော်ကြီး ရှိရာသို့ ခေါ်ဆောင်သွားသည်။ ကျော... မြောက်ဘက် ကျောင်းပိုင်မြေ... ဖြစ်

www.burmeseclassic.com



◆ ကြောင်ပန်း ကန်တော်ကြီးရှုခင်း

သော်လည်း အုတ်တံတိုင်း ကာရံကာ သီးခြား ပြုပေးထားသည်။

ဥပုသ်သီလ တည်ဆောက်သူ၊ တရားအားထုတ်သူများ သာမက မည်သူမဆို အေးချမ်းစွာ လာရောက် အပန်းဖြေနိုင်ကြစေရန် ရည်ရွယ်ခြင်း ဖြစ်သည်။

ရေကန်ကြီးမှာ ဆယ်ဧကမျှ ကျယ်ဝန်း၍ ပဒုမ္မာကြာပင်များ ပေါက်ရောက်နေကြသည်။ ကြာပန်းပွင့်ချိန်တွင် ရေကန်မျက်နှာပြင်တစ်ခုလုံး ပဒုမ္မာကြာများဖြင့် လှပမွှေးကြိုင်စွာ ပြည့်နှက်တန်ဆာဆင်ထားသည်ကို တွေ့မြင်နိုင်သည်။

ကန်၏တောင်ဘက် ကန်ပေါင်မှ ရေလယ်ကျွန်းသို့ သွားနိုင်သောလမ်း ရှိသည်။ တစစ ကောလာသော ကန်ကို ဌာနဆိုင်ရာမှ စက်ယန္တရားအကူအညီဖြင့် တူးဖော်ကာ ရေလယ်ကျွန်းနှင့် ချဉ်းကပ် လမ်းကလေးဖြစ်အောင် ဆည်ဖို့ထားကြောင်း သိရသည်။

ကြောင်ပန်း (ပထမ)ဆရာတော်ကြီးသည် အတိတ်အခါက ထူးခြားသော ကုသိုလ်ကောင်းမှု ပြုခဲ့သည့်အတွက် ရောက်ရာနေရာတွင် ရေအတွက် မကြောင့်ကြရ လွယ်လွယ်ကူကူပင် ရတော်မူသည်။

ကူတော်၊ ကတိုး ရွာမွန် သုံးရွာကြား ကြောင်ပန်းတောရမှ ဆရာတော် ပြောင်းရွှေ့သွားပြီးနောက် ထိုကျောင်း၌ရှိသော ရေတွင်းတို့သည် တဖြည်းဖြည်း ဆုတ်ယုတ်တော့သည်။

ယခု တည်ရှိဆဲ ဘုတလင်ကြောင်ပန်းတောရ၌လည်း ဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက် ဆရာတော်ကြီး လက်ထက်က တူးခဲ့သော လေးထောင့်ပျဉ်ထောင် တွင်းကလေးသည် တဖြည်းဖြည်း ဆုတ်ယုတ်သွားတော့သည်။

ထိုတွင်းကလေးသည် ရေမထွက်တော့၍ တွင်းသစ်တစ်တွင်းကို အတောင်(၆၀)အထိ တူးသော်လည်း ရေမထွက်၍ ပြန်ဖို့ရသည်။

ဆရာတော်ကြီးလက်ထက် ပျဉ်ထော[...] တွင်းကလေးမှာ ဆယ်တောင်ခန့်[...] နက်သည်။

ဟူ၍ မှတ်တမ်းပြုခဲ့ကြသည်။ ပထ[...] ဆရာတော်လက်ထက်က **တွင်းကလေး[...] မှာ** ကန်ကြီးအနီး တောင်ဘက်က[...] လျက်ကွင်းတွင်ရှိသည်။ နောင်တွင် စက်[...] တွင်း တူးဖော်ထားသည်။

ဆရာတော် ဦးအာလောက[...] ထင်မြင်ချက်ကား ရှေးက ကန်[...] ပြည့်နေသဖြင့် အနီးတွင် စိမ့်တွ[...] အဖြစ် ရေ လွယ်ကူစွာရသည်။ နော[...] ပိုင်းတွင် ရာသီဥတု ပြောင်းလဲ[...] ကန်လည်းကော၍ ရေမနေတော့သ[...] ဖြစ်ရာ စိမ့်တွင်းလည်း ရေခန်းရ[...]

စက်ရေတွင်းခေါ် အဝီစိတွင်းတူး[...] သည်။ ထို့ကြောင့် ဆယ်ဧကခန့်ရှိသေ[...] ကြောင်ပန်းရေကန်ကြီး အစဉ်[...] ရေနေစေရန် ပြန်လည် တူးဖော်ဆည်[...] ခြင်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေလယ်ကျွန်း

## အယူမှားတဲ့ဘုန်းကြီး

တွေ့မြင်နေရသော ရေလယ်ကျွန်းနေရာတွင် ယခင်က နဘူးချုံများရှိ၏။ ဆရာတော် ဦးဣန္ဒကသည် နဘူးချုံကြီးအောက်တွင် တရားအားထုတ်နေစဉ် နွားသတ်သမား နှစ်ဦးသည် နွားကြီးတစ်ကောင်ကို သတ်ရန် နွားသတ်ရုံသို့ ဆွဲသွားကြသည်။ နဘူးချုံအနီးမှ ဖြတ်သွားစဉ်...

'ဒီတောထဲမှာ အယူမှားတဲ့ ကိုယ်တော်တစ်ပါးရှိတယ်'

'ဟာ... ဟုတ်လား ဘယ်လိုများ အယူမှားနေတာလဲ'

'လူမရှိဘူး။ နတ်မရှိဘူး။ မိန်းမယောကျ်ား မရှိဘူးလို့ ပြောနေတာ'

'ဩော်...သနားစရာပဲနော်'

ထိုသို့ အပြန်အလှန် ပြောဆိုသွားကြသည်။ ဆရာတော်ကြီးက...

'နွားသတ်သမားတွေက မှားတယ်ဆိုရင်တော့ ငါ့တရားက မှန်နေပြီကွ'

ဟု ဝမ်းမြောက်ဝမ်းသာ လက်ခမောင်းခတ်တော်မူသည် ဆိုလေသည်။

ယခုအခါ ပြန်လည်၍ ဆည်ဖို့ပြုပြင်ထားသော ရေလယ်ကျွန်းပေါ်တွင် အရိပ်ရသစ်ပင်နှင့် ထိုင်စရာ သစ်တုံးဖြတ်စများ ပြုလုပ်ပေးထားသည်။

သစ်ပင်ရိပ်နှင့် ကန်ရေပြင်ကျယ်ကို ဖြတ်သန်းတိုက်ခတ်လာသော သဘာဝလေကြောင့် ကြည်လင်လန်းဆန်း အေးချမ်းလှသည့် နေရာကလေး ဖြစ်သည်။

အဝင်လမ်းတွင် စက်ဘီး၊ ဆိုင်ကယ်၊ ကားဘီးရာများ ခြေရာများ တွေ့ရသဖြင့် ဆရာတော်၏ ဒါန မြောက်သည်ဟု မှန်းဆမိသည်။

## ကျောင်းပန်းတရားနှင့် ပတ်သက်၍

ကျောင်းပန်းဆရာတော်ကြီး ဦးဣန္ဒက ဟောကြားသော တရားနှင့် ပတ်သက်၍ နွားသတ်သမားများသာမက မန္တလေးမြို့မှ သံဃာများလည်း သို့လော သို့လော သံသယရှိကြသည်။ ကျောင်းပန်းတတိယဆရာတော် ဖြစ်လာမည့် ဦးဝိရိယလည်း ထိုသို့ တွေးထင်ခဲ့သည်။

ဦးဝိရိယသည် ဝံသာနုရက္ခိတ အသင်းခေါင်းဆောင် ဖြစ်လာပြီးနောက် အင်္ဂလိပ်အစိုးရက လိုက်လံဖမ်းဆီးမှုကြောင့် လူဝတ်လဲကာ ဆက်လက်ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည်။

ထိုအခါ လမ်းကြုံသဖြင့် သူ၏ ဦးရီးတော် ဦးသုဇာတ သီတင်းသုံးရာ ဘုတလင်ကျောင်းပန်းတောရသို့ ဝင်ရောက်ဖူးမြော်သည်။ ဦးရီးတော်မှာ အလုံမြို့သို့ ရောက်နေသဖြင့် မတွေ့ခဲ့ရပေ။

ပုတီးတစ်ကုံးဖြင့် စင်္ကြံလျှောက်နေသော ဘုန်းကြီးတစ်ပါးသာ တွေ့ရသည်။

'ကျောင်းပန်းဆရာတော် ဘယ်မှာရှိသလဲ'

ဟု မေးရာ...

'ငါပေါ့ကွ'

ဟု ရင်ဘတ်ကို ပုတ်ပြသည်။

မန္တလေး၌ရှိစဉ် သတင်းကြားရသည်မှာ ကျောင်းပန်းတောရဘုန်းကြီးမှာ အယူလွဲနေသည်။ ပုဂ္ဂိုလ်မရှိ၊ သတ္တဝါမရှိ၊ အသက်မရှိ၊ လူနတ်ဗြဟ္မာ သတ္တဝါဆိုတာလည်း မရှိ၊ ယောကျ်ား မိန်းမလည်း မရှိဟု လွဲမှားစွာ ဟောပြောနေသည်ဟု သိထားသည်။

ထို့ကြောင့် ဦးဝိရိယသည် သိရှိထားသည့် အယူလွဲမှားနေသည်ဟူသော အကြောင်းကို စုံစမ်းလိုစိတ် ပေါ်လာသည်။ ထို့ကြောင့်...

'အရှင်ဘုရား ဘာတရားတွေ ဟောပါသလဲ'

ဟု လျှောက်၏။ ဆရာတော်က...

'မင်းဟာမင်း ဆုံးဖြတ်ပေါ့ကွာ၊ ငါ ဟောနေတုန်းတော့ ဖြတ်မပေးနဲ့ မရှင်းတာရှိရင် မြန်းမှမေး'

ဟု ဆိုကာ မျက်စိစုံမှိတ်လျက် တစ်နာရီခန့်ကြာအောင် ဟောလိုက်၏။

ရှေ့လ ဆက်ဖတ်ပါရန်

ဖင်ညိုငယ်



www.burmeseclassic.com

www.burmeseclassic.com

ဆေးသုံး

# စိန်ဓာတ်လုံး ဖမ်းနည်း



ကြည်စိုး
(မနော်မယိဒ္ဓိ၊ ရောမြေ)

အင်္ဂါရတ်လောကတွင် ဆေးသုံးဓာတ်လုံးများအနက် စိန်ဓာတ်လုံးသည် အင်္ဂါရတ် ကျွမ်းကျင်လိမ္မာကြသော ဆရာများသာလျှင် ဖမ်း၍ အသုံးပြုနိုင်ကြသည်ကို တွေ့ရှိရပါသည်။

အဘယ်ကြောင့်ဆိုသော် စိန်သည် အာကာသဓာတ် ဖြစ်သည့်အလျောက် အဖမ်းရခက်၊ မီးမကျွမ်းကျင်လျှင် ဘာမှမရဘဲ လုပ်မောသာ အဖတ်တင် တတ်ပါသည်။

အင်္ဂါရတ် ဝါသနာရှင်များကိုလည်း ဆေးအသုံးပြုနိုင်မည့် ဓာတ်လုံးများကို ဘဲ မိမိလေ့လာ မှတ်သားရသမျှကို တင်ပြလိုပါသည်။

ဆေးအသုံးဓာတ်လုံးရှိလျှင် မိမိ ကျန်းမာရေး၊ သူတစ်ပါးကျန်းမာရေး တို့ကို စောင့်ရှောက်နိုင်မည် ဖြစ်ပါသည်။

ထို့ကြောင့် စိန်ဓာတ်လုံး၏ ဆေးအစွမ်းထက်ပုံကို **မဟာဂန္ဓာရီ ဝိဇ္ဇာမိုရ်ကျမ်း၊ ဓာတ်သမုဒ္ဒရာကျမ်းများမှ** နည်းနာ နိဿယတို့ကို တင်ပြရေးသားလိုက်ရပါသည်။

---

**မဟာဂန္ဓာရီ ဝိဇ္ဇာမိုရ်ကျမ်းမှ**

**စိန်ဓာတ်လုံး တည်နည်း**

---

လက်ာ

ပြဒါးနှင့်စိန် နိုင်းချင့်ချိန်(လေးတူချိန်)
အမောင်လိမ္မာ (မီးကိုဆိုသည်။) နာသတ်ပါ။

ဤလင်္ကာအတိုင်း ကောက်ယူလျှင် **ပြဒါး၊ စိန်၊ နာ** ၎င်းသုံးမျိုးကို အလေးတူ ယူရပါမည်။ **(နာပိုနေလျှင် ပို၍ကောင်းပါသည်။)** အဓိက ပြဒါးနှင့်စိန်သည် အလေးချိန် တူညီမှုရှိရပါမည်။

ထို ဆေးပစ္စည်းများ စုဆောင်းပြီးပါက ပထမဆုံး နံပါတ်(၃)လုံး တစ်လုံးတွင် နာ(ခဲ)ကို အရေကျိုပါ။ နံပါတ်(၁)လုံးဖြင့် ပြဒါးကို မီးဖြင့်နွေးထားပါ။ နာ အရည်ပျော်သောအခါ အောက်သို့ ချ၍ (သံခွက်တွင်ခွဲချ) နာထိပ်တင်းချိန်မှာ ပြဒါးကို ဖြည်းဖြည်းလောင်းထည့်လိုက်ပါ။ ပြဒါးနှင့်နာ တွဲလိုက်ခြင်းဖြစ်ပါသည်။

နာနှင့်ပြဒါး ပေါင်းစပ်သွားသည့်အချိန်မှာ မီးတွင်ပြန်ထည့်၍ မီးနွေးနွေးဖြင့် ပြန်ကျိုပါ။ စိန်ကို အတုံးငယ်လေးများ ပြုလုပ်ထား၍ (မှုံးစ၊ ပဲစ ထုထောင်း၍) ၎င်း အရည်ပျော်ချိန်တွင် တဖြည်းဖြည်း ထည့်သွားပါ။

တစ်တုံးပျော်လျှင် နောက်တစ်တုံး ထည့်ထည့်သွားပါ။ အားလုံး ညီညွတ်ပေါင်းစည်းသွားလိမ့်မည်။ မီးဖိုပေါ်တွင် ကြိုထားလျက် မွှေပေးပါ။

ထိုအချိန်တွင် မီးကိုညှင်းညှင်းလေးသာပေးပါ။ မွှေလည်းမွှေပေးပါ။ လုံကို ပိတ်မထားပါနှင့်။ တဖြည်းဖြည်း ပြာများ ထွက်လာပါလိမ့်မည်။ ပြာထွက်ရပ်သည်အထိ မီးသွင်း မွှေပေးပါ။

ပြာထွက်ရပ်သွားသောအခါ နာနှင့်အခြား မြင်းသီလာခိုးများ စင်ကြယ်သွားပြီဟု မှတ်ပါ။

ထိုအခါ ချော်နှင့် (၇)လုံခန့် ထိုးပေးပါ။' (၇)လုံပြည့်လျှင် ထိုဓာတ်လုံးကို ဓာတ်ငုတ်ရောဂါ (ဒူလာ)အတွက် အသုံးပြုနိုင်ပြီဟုမှတ်ပါ။

ဤနည်း အလွန်လွယ်ကူ၍ ထိရောက်သောနည်းဖြစ်၍ အထင်မသေးလိုက်ကြပါနှင့်၊ လုပ်ဖြစ်အောင်လုပ်၍ သုံးစွဲကြည့်ပါ။

ဓာတ်လုံးကို ရေနှင့်ပြုတ်၍ ချိုး၊ ထမင်း ချက်လျှင် ထည့်၍ချက်စား၊ နမ်းဆီနှင့် ဆီချက်၍ လိမ်းပေး။ အညောင်းသမား၊ ဒူလာသမားများ သိသိသာသာ ပျောက်ကင်းချမ်းသာ ရမှာ ဧကန်ဖြစ်ပါသည်။

ဤအဆင့်တွင် မနေလိုသေး၍ ရှေ့ဆက်တက်လိုလျှင်...

---

**ဓာတ်သမုဒ္ဒရာကျမ်းမှ**

**စိန်ဓာတ်လုံး တက်ရန် တစ်နည်း**

---

လင်္ကာ

စိန် ဒုဋ္ဌာ ကန့် ထန်းသား (ထသားကန့်)
ယမ်း လက်ချား အမှုန့်၊ သံပရာဖျော်ကာ
ကြိတ်(လုံပိတ်၍) လုံပိတ်၍ ထိုးရမည်။ ရ
သဋ္ဌကာယမို့၊ ပြီးပြီကွဲနှတ်ဆေး။ တစ်
ယောက်ကောင်းလျှင် လ တစ်ရေး
လူပိုလ်ချေတို့ရယ်။ တိမ်းရှောင်လို့ပြေး။

ဤလင်္ကာအတိုင်း **စိန်** ဒုဋ္ဌာ၊

www.burmeseclassic.com

**ထန်းသားကန့်၊ ယမ်း၊ လက်ချား** ငုံး (၅)ပါးကို အလေးချိန်တူယူ၍ ကြိတ်ပြီး သံပရာရည်နှင့်နယ်၊ နေလှမ်း။ ငုံးနည်းအတိုင်း (၇)ရက်ပြည့်လျှင် သင့်လျော်သော လုံးတွင်ထည့်၍ မီးလျှံမှစ၍ ထိုးပါ။

တဖြည်းဖြည်း မီးလျှံမှစ၍ထိုး မီးလတ်အထိ ထိုးပါ။ ချော်နည်းသွားလျှင် ချော်ဟောင်းတွင် ချော်သစ်ထပ်ထည့်၍ ထိုးသွားပါ။ (၂၇)လုံးခန့် ထိုးမိသောအခါ ကျန်းမာရေးအတွက် အကျိုးပြုသည့် ဆေးကုဓာတ်လုံးအဖြစ်သို့ ရောက်လာသည်ကို တွေ့ရပါလိမ့်မည်။

စင်ကြယ်သော ဓာတ်လုံးဖြစ်၍ အဟိုက် အဖုအထစ် အပေါက်ကင်းပြီးလျှင် လုံးခြောက်ပြင်းပြင်း ခပ်နာနာ ဆက်လက်ထိုးပါ။ တေဇောရသော လုံးသေများဖြင့် ကျင်းနိုင်ပါသည်။ မီးတေဇော သွင်းသည်ဟုမှတ်ပါ။

ထို့နောက် ဓာတ်တေဇောသွင်းရန်မှာ ဓာတ်လုံး(၁)ကျပ်သားရှိလျှင် စိန်အစိမ်း (၁)ရွေးသားခန့်ကျွေးပါ။ ကျွေးသောအခါ ဖိုကိုရပ်ထားပါ။ အံကိုက်အဖုံးကို ဖုံးပေးပြီးလျှင် မီးသွေးပြန်အုပ်၍ လုံတခိုင်ထိုး။

ကျွေးစဉ် အညစ်အကြေး မကင်းသေးသောကြောင့် (၂)လုံး၊ (၃)လုံး ဆက်ထိုးရတတ်၏။ နောက်လုံးများ၌ကား လုံတခိုင် ထိုး၍ နောက်တစ်နေ့ ပြန်ကျွေးနိုင်သည်။

လိုရင်းမှာ အညစ်အကြေး မတင်နေမှု၊ ဓာတ်လုံးသည် ရှိရင်းစွဲအလေးချိန် ရှိနေမှုသည် လိုရင်းဖြစ်ပါသည်။

ထိုဓာတ်လုံးသည် ကြည်လင်တောက်ပြောင်လျက် ကျန်းမာရေး အကျိုးနှင့် အဆိပ်အမျိုးမျိုးတို့ကို လွှန်စွာနိုင်နင်းပါသည်။

ပယောဂကြောင့်ဖြစ်သော အကိုက်အခဲကို ဓာတ်လုံးနှင့် ဆီကိုချက်၍ လိမ်းပေးရုံဖြင့် တစ်ခဏခြင်း ချမ်းသာသွားစေနိုင်ပါသည်။ ရိုးရိုးကိုက်ခဲရာ၌ကား ဆိုဖွယ်မရှိပြီ။

ပယောဂကြောင့် မျက်စိနီရဲ တင်းရောင်ပြီးလျှင် မကြည့်နိုင်အောင်ဖြစ်လျက် အော်ပြီးနေရာ၌ ရေနွေးနှင့် ငုံးဓာတ်လုံးကို ကျိုပြီး ခတ်ပေး၊ လိမ်းပေး သောက်စေခြင်းဖြင့် နတ်ဆေးပမာဏ အလားကဲ့သို့ အကျိုးတရား များသည်ကို တွေ့နိုင်ပါသည်။

အဆိပ်အမျိုးမျိုးကို နိုင်နင်းရာ၌ ထိုဓာတ်လုံးကို ကိုင်၍ အဆိပ်ပြင်းသော မြွေကိုကျော်မိလျှင် ထိုမြွေသေသည်အထိ ဖြစ်ရ၏။ ပါးပျဉ်းထ၍ ဒေါသမာန် ရှနေသော မြွေဟောက်ကို ဓာတ်လုံးကို တုတ်တံတွင်ချိ၍ ပြရုံဖြင့် ခေါင်းမထောင်နိုင်ပေ။

ဓာတ်တို့မည်သည် အစိန္တေယျမျိုးဖြစ်၍ ဉာဏ်ရှိသလို သုံးနိုင်ပါသည်။ မလုပ်သူ၊ မတွေ့ဘူးသူတို့ကို အကျယ်တဝင့် ဖော်ပြနေလျှင် အကြောင်းမထူးဖွယ်ရာသာ ရှိပေသည်။

ဝါသနာတူ အဂ္ဂိရတ်သမားများသာလျှင် မိမိခံစားရသကဲ့သို့ အကျိုးများစေရန်သာ တင်ပြရေးသားရခြင်း ဖြစ်ပါသည်။

ပွတ် ပြောင် ဆောင်ရင် မလေး ဓာတ်လုံးကို ရေစိမ်သောက်လျှင် ရောဂါပျောက်တဲ့ဆေးဆိုတဲ့ စိန်ဓာတ်လုံးလေးကိုလုပ်၍ ကျန်းမာရေးကို အထောက်အကူပြုနိုင်၍ (၇)ရက်သားသမီးများအား ကယ်တင်နိုင်ကြပါစေဟု ဆန္ဒပြုလျက်...။

***ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေ။***

ကြည်စိုး ***(မနော်မယိဒ္ဓိ၊ရောမြေ)***

**စာမူရှင်များသို့...**

**ပေးပို့သော စာမူများကို မူပွား ထားကြပါရန်နှင့် မရွေးချယ်ပါက ပြန်လည်ပေးပို့မည် မဟုတ်ပါကြောင်း အသိ ပေးအပ်ပါသည်။**

***လေးစားစွာဖြင့်...***

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာဆောင်းပါး




တိုင်းရင်းဆေးဝါးမှတ်ပုံတင် **0412 YR 004687**
လိုင်စင် ၇/၂၀၀၈၊ တဆဆထလ (တိုး)-၁၃၁၂

အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက (တနယ်ဖင်း) ၁၃၀/၀၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေ့ါပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်၊ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေ့ါပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်၊ ဝမ်းတစ်လုံးကောင်းခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပ့ါဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေ့ါ"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတက် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိပေးနေပါပြီ။

**ပင်ရင်း - မုံရွာ-ဆရာမိုး** တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

အမှတ်-၅၂/၃၅၆၊ မေဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၇၇၊ ၀၉-၅၁-၈၈၆၁၅

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၃၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၃၄၇)




www.burmeseclassic.com

www.burmeseclassic.com

ယခင်လမှ အဆက်

'ဆရာတော် အင်းကြင်းပင်မှာ သီတင်းသုံးတဲ့အခါ မွေးနေ့ဖြစ်တဲ့ တနင်္လာနေ့တိုင်းမှာ ရွှေချက်သိုစေတီကို ဖူးမြော်ပြီး ကြာဖက်ဆွမ်း လှူလေ့ ရှိတယ်။ ကြာရွက်ပေါ်မှာ ဆွမ်း၊ ထမင်းဟင်းတွေထည့်ပြီး ဘုရားရှင်ကို ကပ်လှူပါတယ်။

သံဃာတွေကိုလဲ ပင့်ဖိတ်ပြီး ကြာဖက်ဆွမ်း ကျွေးလေ့ရှိတယ်။ ဒီဇရပ်က ကြာဖက်ဆွမ်း လှူ တရားဟောတဲ့ ဇရပ်ပါ။ ဆွမ်းချက် ဆောင်လဲ ရှိပါတယ်'

ဇရပ်ကြီးမှာ အထူးကောင်းမွန် ခိုင်ခံ့နေဆဲဖြစ်သော်လည်း သီတင်းသုံး စောင့်ရှောက်သူ ရသေ့ရဟန်းမရှိကြောင်း သိရသည်။

ဆရာတော် ပျံလွန်တော်မူပြီးသည့် နောက်တွင် ကြာဖက်ဆွမ်းလောင်းပွဲသည်း ပျောက်ကွယ်သွားကြောင်း အမ်းနည်းဖွယ် ကြားသိရပေသည်။

ဝေဘူဆရာတော်ကြီး ရွှေချက်သိုစေတီတွင် ကြာဖက်တွင် ဆွမ်းကပ်ရခြင်းနှင့် စပ်လျဉ်း၍ ဤသို့ တွေးဆရသည်။

မိလိန္ဒမင်းအား အရှင်နာဂသိန် ဖြေကြားသည့် **ကြာပဒုမ္မာ၏ အင်္ဂါ သုံးရပ်**ကို ညွှန်းဆိုခြင်းဖြစ်ဖွယ် ရှိပါသည်။

၁။ ကြာပဒုမ္မာသည် ရေတွင် ပေါက်သော်လည်း ရေမစိုသကဲ့သို့ တရားရှာဖွေသော သူသည်လည်း ဆွေမျိုး လာဘ်သပ်ပကာ အခြံအရံကြောင့် လည်းကောင်း၊ အသုံးအဆောင် ပစ္စည်း ပရိက္ခရာများကြောင့် လည်းကောင်း စိုစွတ်ညစ်ညူးခြင်း မရှိပါ။


၂။ ကြာသည် ရေမှ အထက်၌သာ တက်၍ တည်သကဲ့သို့ တရားရှာဖွေ ကျင့်ကြံသော သူသည်လည်း



ဝေဘူဆရာတော်ကြီး၏ ခွေရာသီ သီတင်းသုံးရာ

# အင်းကြင်းပင် သာသနာပြုမြို့ (၅)

ထက်မြင်းကျော်စွာ



◆ တိလောကသဋ္ဌုစေတီ



www.burmeseclassic.com

www.burmeseclassic.com

အလုံးစုံသော လောကကို လွှမ်းမိုး၍ လောကုတ္တရာ၌ တည်၏။

၃။ ကြာသည့် လေအနည်းငယ် တိုက်သော်မှ လှုပ်ခါသကဲ့သို့ တရားကျင့်သူလည်း ကိလေသာ အနည်းအကျဉ်းမျှကိုပင် သတိထား၍ ရှောင်ရှား စောင့်စည်းရာ၏။

ဤကဲ့သို့ပင်လျှင် ကြာဖက် ဆွမ်းကပ်လှူသောအခါ စိတ်တွင်းနှလုံးသွင်း ပူဇော်နိုင်ပါလျှင် အကျိုးထူးများစွာ ရရှိနိုင်သည်ဟု ယူဆမိပေသည်။


## ကမ္မဋ္ဌာန်းကျောင်းတိုက်

ရွှေချက်သိုစေတီမှ ပြန်လာကာ နန်းဦးကျောင်းတိုက်၏ အနောက်ဘက်ရှိ ကမ္မဋ္ဌာန်းကျောင်းတိုက်အတွင်းသို့ ဝင်ရောက်လေ့လာသည်။

ဝေဘူဆရာတော်ရှိစဉ်က ဤကျောင်းတိုက်တွင် ဝိပဿနာကမ္မဋ္ဌာန်း ဝင်ကျင့်ကြံသူ ယောဂီများစွာ မပြတ်ရှိခဲ့သော်လည်း ယခုအခါတွင် သင်္ကြန်တွင်းကာလ၌သာ တရားစခန်းဖွင့်လှစ်လျက် ရှိသည်ဟု သိရသည်။

ကျောင်းတိုက်အတွင်းသို့ မြောက်ဘက်မုခ်အဝင်ဝမှ ဝင်ရောက်ခဲ့ရာ ကျောင်းဝင်း အလယ်ဗဟိုနေရာခန့်တွင် စေတီကြီးတစ်ဆူ ဖူးတွေ့ရသည်။ **"တိလောကသဗ္ဗညု"**စေတီ ဖြစ်၍ ၁၂၉ ခုနှစ်တွင် ဝေဘူဆရာတော် ကိုယ်တိုင် တည်ထားကိုးကွယ်ခဲ့သည်။

မတည်မီက ဗောဓိပင်နှင့် ရွှေပလ္လင်ငယ် ပူဇော်ထားရာ ပလ္လင်မှ ရောင်ခြည်တော်ကွန့်မြူးသဖြင့် အနီးမြေပြင်၌ (၉)တောင်ပြည့်စေတီ စတည်ခဲ့သည်။ ၁၃၀၆ ခုနှစ်တွင် (၁၉)တောင်၊ ၁၃၁၀ ပြည့်နှစ်တွင် (၂၉)တောင်၊ ၁၃၁၂ ခုနှစ်တွင် (၅၂)တောင် ဉာဏ်အမြင့်သို့



◆ စေတီအာရုံခံတွင်းမှ ကြေးဆင်းတုရုပ်


အဆင့်ဆင့်တိုး၍ ပူဇော်ခဲ့၏။

ထိုစဉ် အဘအောင်မင်းခေါင်နှင့် မိုးညှင်းဆရာတော်တို့က ထီးတော်လှူကြောင်း **ကျော်ဇေယျာလေး၏ ဝေဘူဆရာတော် ထေရုပ္ပတ္တိစာအုပ် စာ ရ၀၊ ၁၅၀တို့၌ ဖော်ပြထားသည်။** ***(စေတီသမိုင်းကို အရှင်မဏ္ဍလ၏ ဝေဘူဆရာတော် ထေရုပ္ပတ္တိ၊ စာ ၆၀-၆၁မှ ရယူပါသည်။)***

### ဆရာတော်၏ မှတ်သားဖွယ် အဆုံးအဖြတ်

၁၃၁၁ ခုနှစ်တွင် စေတီကို ဉာဏ်တော် တိုးမြှင့်မွမ်းမံရာ စေတီနှင့် ... မကင်းဖြစ်နေသည့် ဗောဓိညောင်ပင် (စေတီမတည်မီက ရွှေပလ္လင်ရောင်

www.burmeseclassic.com



◆ ကြာယက်ထွမ်းလောင်း ဈော်ရုံ

◆ အနီးမှ ထွမ်းရွက်ဆောင်



ခြည် ကွန့်မြူးသော ညောင်ပင်ဖြစ်သည်။)ကို ခုတ်လှဲရန် ဆရာတော်ထံမှ အဆုံးအဖြတ် ခံယူကြသည်။

'ဗောဓိညောင်ပင်ဟာ ဘုရားရှင် အမှီပြုပြီး ပွင့်ထွန်းလို့ ပရိဘောဂစေတီ ထိုက်တယ်။ အခုမွှမ်းမံမယ့် စေတီက သရီရ ဓာတ်တော်မွေတော်တွေ ကိုးကွယ် ပူဇော်ထားလို့ ဓာတုစေတီထိုက်တယ်။ ဓာတုစေတီနဲ့ ပရိဘောဂစေတီ ဘယ်က ပိုမြတ်သလဲ'

'ဓာတုစေတီက ပိုမြတ်ပါတယ်'

ဟူသော အမေး အဖြေဖြင့် ဗောဓိညောင်ပင်ကို ခုတ်လှဲရန် စီစဉ်ကြသည်။ ထိုအခါ ညောင်ရွက်များကတော့ထိုးလာကြသဖြင့် မဝံ့မရဲဖြစ်ကာ ထပ်မံလျှောက်ထားကြသည်။

'ရပါတယ်ဟဲ့၊ ရုပ်ပွားတော် ထုလုပ်ပူဇော်ချင်သူတွေ ဗောဓိညောင် အကိုင်းအခက် အသားတွေကို ယူကြပါစေကွယ်။ ကျန်တဲ့ အရွက်၊ အကိုင်း၊ အသားတွေကို မီးရှို့ပြာချပြီး အခုတည်နေတဲ့ စေတီအတွင်း အိုးကလေးနဲ့ ထည့်သွင်းဌာပနာကြပါ'

ထိုသို့ မိန့်ကြားပြီး (၇)ရက်အကြာတွင် ညောင်ရွက်ကတော့များ ပြေလေမှ ခုတ်လှဲကာ ဆရာတော် မိန့်မှာသည့်အတိုင်း ဆောင်ရွက်ကြလေသည်။


***(ကျော်ဇေယျာလေး၏ ဝေဘူဆရာတော် ထေရုပ္ပတ္တိ စာမျက်နှာ ၁၅၁–၁၅၂)***

၁၃၃၅ ခုနှစ်တွင် စေတီတော်ကြီးပြိုကျရာ အသစ်ပြန်တည်ရန် စေတီပြိုရာမှ အုတ်ကျောက်အင်္ဂတေများကို



www.burmeseclassic.com

www.burmeseclassic.com






◆ ဆရာတော် ရှာပနွဲ့မှ မှန်ဆေါင်းနှင့် ခုတင်

◆ တရားဟောပလ္လင်

◆ ဆရာတော် အသုံးပြုခဲ့သည့် ထေါ်ယာဉ်



သယ်ယူဖယ်ရှားကာ လမ်းများ ဖို့စေသည်။

သံဃာအချို့က စေတီအုတ်ကို လမ်းခင်းခြင်းကြောင့် လမ်းသွားသူတွေ ငရဲကြီးမည်ဟု ဆိုကြသဖြင့် တပည့်ရင်းဖြစ်သူ **ဦးပညာဝံသ(လက်ရှိ နန်းဦးကျောင်း ဆရာတော်)**က ပြန်လည် လျှောက်ထား၏။

'ဘုရားဆင်းတု စံပယ်တဲ့ သစ်သားကျောင်းတွေ ဆွေးမြည့်တော့ ဘာခေါ်သလဲ'

'ကစဝရ(အမှိုက်) ခေါ်ပါတယ် ဘုရား'

'ဒါလဲစေတီဆိုတဲ့ ကျောင်းတော် ပျက်စီးသွားတော့ ဒီဟာတွေက အမှိုက် မဟုတ်ဘူးလား'

'ဟုတ်ပါတယ် ဘုရား'

'ဒီအမှိုက်ကို စွန့်မပစ်ဘဲ အကျိုးရှိတဲ့ ဒီလိုနေရာမျိုးမှာ အသုံးချရတာ မကောင်းဘူးလား'

'ကောင်းပါတယ် ဘုရား'

'ဒါလဲ ကောင်းအောင် လုပ်တာပဲ ဟဲ့'

***(အရှင်မဏ္ဍလ၏ ဝေဘူဆရာတော် ထေရုပ္ပတ္တိ စာမျက်နှာ ၄၄၊ ၄၅)***

## အာရုံခံတန်ဆောင်းတွင်းဝယ်

စေတီတော်ကြီး အရှေ့ဘက်တွင် အာရုံခံတန်ဆောင်း တစ်ဆောင်ရှိကာ နဂါးဒေါ်ဦး အာရုံခံတန်ဆောင်းဟု ခေါ်ကြသည်။ ထိုတန်ဆောင်းအတွင်း၌ တင်ပျဉ်ခွေ ကြေးသွန်းရုပ်ပွားတော်ကြီး တစ်ဆူ ပူဇော်ထားသည်။ မန္တလေး မဟာမုနိဘုရားထက် ဉာဏ်တော် အနည်းငယ်လျော့သည်။

ဤ ကြေးသွန်းဘုရား ပူဇော်ရ အနယ်နယ်အရပ်ရပ်က ကြေးလင် ကွင်း၊ မောင်း၊ ခြူ၊ ကြေးဖလား ကြေးခွက်များစွာ လာရောက် လှူဒါန်း ကြသည်။ သွန်းလုပ်ပြီးသောအခါ ဝေဘူဆရာတော်ကြီးက **"မင်းနှင့် တကွ နိုင်ငံသူ နိုင်ငံသား သူတော် ကောင်းအများကောင်းမှု"** ဟု ကမ္ပည်းထိုးစေတော်မူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



● လူမျိုးအသီးသီး ဘုရားလာဖူးကြပုံ

ပါလီမန် ဒီမိုကရေစီခေတ်ကာလဖြစ်ရာ လူအများ အယူအဆ ကွဲလွဲနေမှုအတွက် မေတ္တာပို့ ရည်မှန်းရေးထိုးခြင်းဖြစ်သည်ဟု ယူဆကြသည်။

တန်ဆောင်းဝဲယာတွင် ဆရာတော်၏ တရားဟောပလ္လင်၊ သက်တော်ကြီးရင့်သောအခါ ပင့်ဆောင်ကြသည့် ဝေါယာဉ်၊ ခန္ဓာဝန်ချစဉ် ခေါင်းတလားနှင့် ခုတင်၊ စံကျောင်းတော်တို့ကို သံတိုင်အခန်းကန့်၍ ထားရှိသည်။

ရှေးအသုံးအဆောင်များ၊ စေတီပောင်း ဌာပနာပစ္စည်းအချို့ စသည်တို့လည်း တွေ့ရသည်။ ဆရာတော်ပုံတော်မူစကား ပကဤအခန်းများတွင် ရှေးဟောင်းပစ္စည်းများစွာ လေ့လာကြည့်ရှုခဲ့ရကြောင်း ဦးမင်းလွင်က ပြောပြသည်။

နံရံတစ်နေရာတွင်မူ ကမ္ဘာပေါ်ရှိ လူမျိုး(၁၀၁)ပါး တိလောက သဗ္ဗညုစေတီအား လာရောက် ဖူးမြော်ကြည်ညိုကြပုံ ဆေးရေးပန်းချီကားတစ်ချပ် ချိတ်ဆွဲထားသည်။ စေတီတော်တည် မွမ်းမံစဉ် ဝေဘူဆရာတော်က "**လူမျိုး အသီးသီးတို့ဟာ လာဦးမှာ**"ဟု မိန့်ကြားတော်မူခဲ့သည်ကို သရုပ်ဖော် ရေးဆွဲထားခြင်း ဖြစ်သည်ဆို၏။

ဆရာတော် ကြိုတင် မိန့်ကြားသကဲ့သို့ပင် ယခုအခါ အင်ကြင်းပင်ကျောင်းများဆီသို့ နိုင်ငံခြားယောဂီများ၊ လေ့လာသူများ တဖွဲဖွဲ ရောက်လာကြပြီဖြစ်သည်။

ဝေဘူဆရာတော်၏ တရားတော်များကို ရော်ဂျာဘီရှော့(Rogerbischoff) က အင်္ဂလိပ်ဘာသာ ပြန်ဆို၍ သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့ ဗုဒ္ဓစာပေ ထုတ်ဝေရေး အသင်းက ၁၉၉၁ ခုနှစ်တွင် "The Essential Practice, Dhamma Discourses of Venerable Webu Sayadaw"စာအုပ်ကို ထုတ်ဝေခဲ့သည်။

ထိုသူကပင် ဆရာတော်၏ တရား(၁၄)ပုဒ်ကို ထပ်မံပြန်ဆိုကာ ၁၉၉၂ ခုနှစ်တွင် "The Essenece of Buddha Dhamma"အမည်ဖြင့် ထပ်မံထုတ်ဝေခဲ့သည်။ ဩစတီးယားနိုင်ငံ ဓမ္မရောင်ခြည်စေတီဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် အပြည့်ပြည်ဆိုင်ရာ တရားဌာနက ထုတ်ဝေခြင်း ဖြစ်သည်။

ဤစာအုပ်ကိုပင် သီရိလင်္ကာ ဗုဒ္ဓစာပေ ထုတ်ဝေရေးအသင်းက "The Way To ULTIMATE CALM" အမည်ဖြင့် ကမ္ဘာသို့ ဖြန့်ချိခဲ့၏။ ကနေဒါမှ မာစီဒီအမည်ရှိ အမျိုးသမီး၏ ကြိုးပမ်းမှုကြောင့် အီရန်နိုင်ငံအထိ ပေါက်မြောက်ထင်ပေါ်သွား၏။

လေ့လာသူများက အောက်ပါစကားဝါကျကို အလွန်သဘောကျနှစ်သက်ကြ၏။

"Do not go around asking others a bout mind and matter observe your breathing and you will find out about them for your selves"

"ရုပ်နှင့်နာမ်အကြောင်း မည်သူ့ကိုမျှ လှည့်ပြီး မေးစရာမလို။ သင်၏ အသက်ရှူတာလေးကို စောင့်ကြည့်နေလိုက်ပါ။ ရုပ်နာမ်အကြောင်းကို သင်ကိုယ်တိုင် သိလာလိမ့်မည်"

ရွှေလ ဆက်ဖတ်ပါရန်

ထက်မင်းကျော်စွာ



www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံခြားမှာ

ပညာသွားသင်ဖို့ အဆင်ပြေနိုင်မလား


သရက်ကြီးဦးအောင်မြင့်
(ဥပဒေတွဲ.)
လက္ခဏာဗေဒင်ပညာသုတေသီ

အသက် နှစ်ဆယ်ကျော်ရုံလေး မိန်းမပျိုတစ်ဦး၏ နိုင်ငံခြားပညာသွား သင်ရေးကိစ္စအတွက် ဘယ်/ညာ လက်ဖဝါးပုံစံကို နှိပ်ယူ စစ်ဆေးကြည့်ပါသည်။

ပထမဦးစွာ နိုင်ငံခြားနှင့် အကျိုးပေးနိုင်သလား။ အဆင်ပြေနိုင်သလား ဆိုသော အချက်ကို ကြည့်ရမည်။

**နိုင်ငံခြားနှင့် ပတ်သက်သော တနလ်ာဂြိုဟ်ခုံ၊ ကံလမ်းထီးရိုး စတက် ထင်ရှား အားကောင်းခြင်း တွေ့ရှိရသည်။ "က"အကွရာနှင့် ညွှန်ပြထားပါသည်။**

* * *




ထိုကံလမ်းကြောင်းရှိသဖြင့် နိုင်ငံခြားမှာ အဆင်ပြေခြင်း အကျိုးပေးခြင်းရှိနိုင်ကြောင်း သိရသည်။

ဒုတိယအဆင့်အနေဖြင့် နိုင်ငံခြားကျောင်းမှာ တက်နိုင်လောက်သော ဉာဏ်ရည်ထက်မြက်မှုမျိုး ရှိသလား ဆိုသည်ကို ကြည့်ရမည်။

ဦးခေါင်းလမ်းကြောင်း(ခေါ်) ဉာဏ်လမ်းကြောင်းအဖျားနှင့် အသက်လမ်းကြောင်းအဖျားပူးပြီး ဉာဏ်လမ်းကြောင်းအဆုံးမှာ ကြာဖူးသင်္ကေတ



www.burmeseclassic.com

www.burmeseclassic.com

များ တွေ့ရသည်။ **"ခ"အက္ခရာနှင့်** ညွှန်ပြထားပါသည်။


* * *




ထိုသင်္ကေတမှာ စေ့စပ်သေချာခြင်း၊ တည်ငြိမ်အေးဆေးပြီး ငွဲကောင်းခြင်း၊ ပညာရေးမှာ ဘွဲ့ထူးဂုဏ်ထူး ဆွတ်ခူးနိုင်လောက်သော ဉာဏ်ရည်မျိုး ရှိခြင်းကို ဖြစ်စေသည်။


တတိယအနေဖြင့် လက်ညှိုးအောက် **ကြာသပတေး ဂြိုဟ်ခုံကို** ကြည့်ရမည်။ **ရည်မှန်းချက်လမ်း၊ ဆော်လမ္ဘန်ကွင်းနှင့် ထောင်လိုက်မျဉ်းတိုများရှိသည်။ "ဂ"အက္ခရာနဲ့** ညွှန်ပြထားသော နေရာကို ကြည့်ပါ။

* * *




ထိုသင်္ကေတရှိသူတို့မှာ ပညာရေးတွင် ပါရဂူဘွဲ့မျိုးအထိ ရရှိ ပြီးမြောက်နိုင်ကြသည်။

**စတုတ္ထအနေဖြင့်** အောင်မြင်မှုများ ရနိုင်မလား၊ အကူအညီ အထောက်အပံ့ကောင်းများ ရှိနိုင်မလား သိရဖို့ လက်သူကြွယ်အောက် **တနင်္ဂနွေ ဂြိုဟ်ခုံကို** ကြည့်ရမည်။





ထိုသင်္ကေတကြောင့် ပညာရေး အောင်မြင် ပြီးမြောက်သည်အထိ အကူအညီ အထောက်အပံ့ကောင်းများ ရနိုင်မည် ဖြစ်သည်။

နိုင်ငံခြား ပညာသွားသင် လိုသော ကျောင်းသူများ၏ဘယ်ညာ လက် ဖဝါးပြင်မှာ အထက်ပါ သင်္ကေတ (၄) မျိုးနှင့် နီးစပ်တူညီခြင်းရှိပါက နိုင်ငံခြား ပညာသွားသင်ဖို့ အဆင်ပြေပါလိမ့်မည်။

လက်သူကြွယ်အောက် တနင်္ဂနွေ ဂြိုဟ်ခုံတွင် အောင်မြင်ရေးလမ်းနှင့် အကူလမ်း၊ အထောက်လမ်းများ ထင်ရှားရှိနေသည်။ **"ဃ"အက္ခရာနှင့်** ညွှန်ပြထားပါသည်။

* * *




***လက္ခဏာပညာသုတ တိုးပွားရရှိကြပါစေ။***

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြိုင်**

*(ဥပဒေဘွဲ့)*

လက္ခဏာဗေဒင်ပညာသုတေသီ

www.burmeseclassic.com

ကြော်ငြာစာဆောင်းပါး


အမျိုးသမီးများ သွေးသားမွန်တန့်ပြီး စိုပြည်လှပဖို့ဆိုရင်

# တင်တင်အောင်

အမှတ်တံဆိပ်

# အကိုက်အခဲပျောက် မီးယပ်သွေးပေါ်ဆေး

(တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၁၁၂ YR ၀၀၇၉၈၈)




ကြော်ငြာခွင့်ပြုချက်အမှတ်
တဆ၀က(စာနယ်ဇင်း) ၅၁/၀၅၁၃

'ကုတ္တိယ မိန်းမတို့၏ ဥစ္စာခနကား အဆင်းတည်း''ဟု လောကနီတိဆရာများက အဆိုရှိပါတယ်။ အမျိုးသမီးတိုင်း ရွှင်လန်းကျန်းမာပြီး စိုပြည်လှပဖို့ဆိုရင် သွေးစ၊ သွေးလယ်၊ သွေးဆုံး အရွယ် (၃)ပါးလုံး ဓမ္မတာရာသီပန်း တစ်လတစ်ကြိမ် မှန်မှန် ပွင့်လန်းဖို့လိုပါတယ်။

အမျိုးသမီးများအနေနှင့် ကိုယ်ဝန်ဆောင်စဉ်ကာလ၊ သားဖွားပြီးစ ကာလများမှလွဲ၍ လစဉ် ဓမ္မတာ မှန်မှန်လာဖို့ လိုပါတယ်။ မီးယပ်ထိမ် ငုပ်၊ ချုပ်၊ ကျန် ဖြစ်ခဲ့လျှင် အသားအရေ ညိုညစ်ညစ်နှင့် ယဉ်ဆိုသမျှ ပင်ကိုအလှများ ပျောက်ကွယ်တတ်ပါတယ်။

ဒါဆိုရင် မီးယပ်သွေးပေါ် ဆေးကောင်း တစ်လက် သုံးစွဲဖို့ လိုနေပြီ ဖြစ်ပါတယ်။ မီးယပ်သွေးပေါ်ဆေး အမျိုးမျိုးထဲက ဘယ်ဆေး အကောင်းဆုံးလဲလို့ မေးလာခဲ့ရင် အမျိုးသမီးများ မီးယပ်သွေးပေါ်ဆေးကို အမျိုးသမီးတိုင်းရင်းဆေးဆရာမ ဒေါ်တင်တင်အောင်(တဆ–၄၉၅၃)ကိုယ်တိုင် စီမံထုတ်လုပ်တဲ့ ဒေါ်တင်တင်အောင် အကိုက်အခဲပျောက် မီးယပ်သွေးပေါ်ဆေးဟာ အကောင်းဆုံးပဲလို့ ပြောလိုက်ပါရစေ။

တင်တင်အောင် အကိုက်အခဲပျောက် မီးယပ်သွေးပေါ်ဆေးဟာ ဘယ်လိုရောဂါ တွေအတွက် သုံးစွဲနိုင်သလဲဆိုရင် မီးယပ်မမှန် ထိမ်ကျန်၊ ငုပ်ခြင်း၊ နည်းခြင်း၊ အတုံးအခဲများ ဆင်းသက်ခြင်း၊ ရာသီသွေးပေါ်ခါနီးနှင့် ဖြစ်ပေါ်ဆဲ အချိန်အခါများ တွင် ခါး၊ ရင်၊ ဆီးစပ် ကိုက်ခဲသူများ ဓမ္မတာမလာမီ (၃)ရက်ဆက်၍ တစ်နေ့ (၂)ကြိမ် သောက်နိုင်သလို ရာသီသွေးပေါ်ရမည့်ရက်ထက် တစ်ပတ် (သို့မဟုတ်) အရက်နဲ့ နှစ်ပတ် ကျော်လွန်နေပါက တစ်နေ့ (၂)ကြိမ် (၃)ရက် ဆက်သောက်နိုင်ပါတယ်။

သုံးပတ်၊ လေးပတ် ကျော်လွန်နေပါက တစ်နေ့ (၂)ကြိမ် (၃)ရက် ဆက်သောက် နိုင်ပါတယ်။ သုံးပတ်၊ လေးပတ် ကျော်လွန်နေပါက တစ်ခါသောက် ဆေး(၅)ပြား တစ်နေ့ (၃)ကြိမ် (၃)ရက်ဆက်ပြီး(ချင်း+ထန်းလျက်+ကွမ်းရွက်ပြုတ်ရည်) (သို့မဟုတ်) အရက်နဲ့ သောက်မယ်ဆိုရင် ဓမ္မတာပန်း ပွင့်လန်းလာပါလိမ့်မယ်။

သွေးမသန့်ခြင်း၊ သွေးပုပ်ကျခြင်း၊ မီးယပ်ကွက်များပေါ်ခြင်း၊ အသားအရေ ညစ်ထေးမွဲခြောက်ပြာနှမ်းခြင်း၊ ကိုယ်ခန္ဓာနံ့ပြင်းခြင်း ဖြစ်နေသူများ တစ်နေ့တစ်ကြိမ် ဆေး(၅)ပြား ရေနွေးနဲ့သောက်ရင် အသားအရေ စိုပြည်သန့်ရှင်းပြီး ကိုယ်ခန္ဓာရနံ့ပြင်းခြင်းမှ ကင်းဝေးစေပါတယ်။

အိမ်ထောင်ရှင်အမျိုးသမီးများ သားသမီးဝေးလိုပါက ဓမ္မတာပေါ်မည့်ရက် မတိုင်မီ (၃)ရက်ကြိုတင်ပြီး တစ်နေ့ (၂)ကြိမ် (၃)ရက်ဆက် ရေနွေးနဲ့ သောက်ပါ။ ဓမ္မတာပေါ်ပြီး နောက်တစ်ပတ်အကြာတွင် တစ်နေ့ (၂)ကြိမ်၊ (၃)ရက်ဆက် ရေနွေးနဲ့သောက်ပါ။ ဓမ္မတာပေါ်ပြီး (၃)ရက်ဆက်သောက်လျှင် သားသမီးဝေးပြီး နုပျိုဖွံ့ဖြိုး အလှတိုးစေပါတယ်။ မီးမကင်ဆေးအဖြစ် မီးတွင်းကာလတွင် (၁)ရက်ခြား ဆေးတစ်ခွက်နှုန်း (၃)ခွက်ပြည့်အောင် သောက်ပါ။ သွေးပုပ်၊ ချွေးပုပ်၊ အနိုးပုပ်များ ကင်းစင်ပြီး တစ်သားမွေး တစ်သွေးလှစေပါတယ်။

အသက် (၄၀)ဝန်းကျင် ရောက်ရှိလာသူ အမျိုးသမီးများ သွေးပေါ်ချည်တစ်ခါ၊ ငုပ်ချည်တစ်ခါ ဖြစ်ပြီး သွေးကစားခြင်း၊ ချမ်းလိုက်ပူလိုက်ဖြစ်ခြင်း၊ အပူဒဏ်၊ အအေးဒဏ် မခံနိုင်ခြင်း၊ သွေးဆုံးရောဂါ ဖြစ်နေသူများ တစ်နေ့တစ်ကြိမ် မှီဝဲသုံးစွဲပါက သွေးဆုံးမီးယပ်ရောဂါ ကင်းဝေးစေပါတယ်။

အမျိုးသမီးရောဂါမှန်သမျှ အမျိုးသမီးတိုင်းရင်းဆေးဆရာမ ဒေါ်တင်တင်အောင်နဲ့ ပွင့်ပွင့်လင်းလင်း တွေ့ဆုံဆွေးနွေးပြီး ဆေးကုသမှုခံယူလိုက်မယ်ဆိုရင် အမျိုးသမီးရောဂါများသက်သာပျောက်ကင်းကာ အနာဂတ်ဘဝ သာယာစိုပြည်သွားမှာပါ။

**ဆရာမ ဒေါ်တင်တင်အောင်**
**ဟိဏ်းထက်အောင် ဆေးတိုက်**
အမှတ် (ဆ/၂၆၁)၊ ကရိဂ်က် (၁)လမ်း၊ ဆရပ်ကွက်၊
(မြောက်ဥက္ကလာပဆေးရုံကြီးအနီး) မြောက်ဥက္ကလာပမြို့နယ်။

မေမြတ်နိုးဦး (ဝိဇ္ဇာ/သိပ္ပံ)



www.burmeseclassic.com

www.burmeseclassic.com



▲ ဆောင်မင်္ဂလာ မြို့ဦးကျောင်း ဘုရားဆောင်မှာ ပုံတော်လက်ရာ ဆင်တုတော်၊ ပုံတော်များကို တစ်စုတစ်စည်းတည်း ဖူးမြော်ရစဉ်

မောင်ဖြေရှမ်း (မြောင်)

ပေါင်လောင်ရှင် မဟာကဿပလျှ

# မြတ်စွာဘုရားတပည့်တော် (၁၅) ဆူ

ပူဇော်မှုခရီး

စာရေးသူသည် **၁၉၈၂ ခုနှစ်တွင် စစ်ကိုင်းခရိုင်၊ မြောင်မြို့နယ် ကျောက်ရစ်ကျေးရွာသို့** သင်တန်း တစ်ခုပို့ချရန် သွားခဲ့ရာ ကျောက်ရစ် ရွှေပေါင်လောင်ဘုရားကြီးကို ဝင် ရောက်ဖူးမြော် ကြည်ညိုခဲ့ပါသည်။

**ကျောက်ရစ်ရွှေပေါင်လောင် သမိုင်း ဘုရားကြီးမှာ ပေါင်လောင်ရှင် မဟာ ကဿပ ကျောင်းစီးနေပုံ၊ ပေါင်လောင်ရှင် မဟာကဿပ မိကျောင်းစီးနေသော ပုံ တော်များကို အသားဖြင့် ထုလုပ်ပူဇော် ထားသည်ကို ဖူးတွေ့ခဲ့ရပါသည်။**

ပေါင်လောင်ရှင် မဟာကဿပ၏ တပည့်များဖြစ်သော ဘီလူးညီနောင် ငရမာန်(ငရွှန်မာန်)၊ တောင်ကြည်(ဒေါင် ကြည်)ထိုင်နေပုံရုပ်တုများနှင့် ပေါင် လောင်ညီနောင် ငတပင်(ငတဘင်)၊ ငညိုသင် အသားရုပ်တုများကို တွေ့ ရှိရပါသည်။

ဉာဏ်တော် (၆)လက်မ၊ (၈)လက် မခန့်ထိရှိသော အသားဖြင့် ထုလုပ်ပူ ဇော်ထားသော ပေါင်လောင်ရှင် မဟာ ကဿပပုံတော်၊ ဒိန်ကျောင်းသုမေဓာ ပုံတော်နှင့် ရှင်သီလဝုဒ္ဓိ ဆရာတော် ၏ ပုံတော်များကို ပူဇော်ထားရာ ယခုအခါ ရွှေတုံး၊ ရွှေစိုင်ရွှေခဲများပမာ ရွှေများ ကပ်လှူထားသည်ကို ဖူးမြင်ရ ပါသည်။

ကျောက်စာတိုက် အဆောက်အအုံ ထဲမှာ မကျိုးမပဲ့သေးသော တောင်အူ ကျောက်သားဖြင့် ထွင်းထုထားသော ရှေးဟောင်း ကျောက်စာလေးချပ်ကို တွေ့ခဲ့ရပါသည်။

ရှင်မဟာကဿပသည် သီဟိုဠ် (သီရိလင်္ကာ)တွင် ၅၄၅ ခုနှစ်အထိ နေတော်မူ၍ ထိုနှစ်ကုန်ခါနီးတွင် မြန်မာနိုင်ငံသို့ ပြန်ရောက်သည်ဟု ဆိုပါသည်။

ပေါင်လောင်ရှင် မဟာကဿပတို့ သီဟိုဠ်ဘုရင်(သီရိလင်္ကာ) သိ...





www.burmeseclassic.com

www.burmeseclassic.com

ဗောဓိမင်းနှင့် ဒေါနပုဏ္ဏားကြီးတို့ လှူဒါန်းလိုက်သော မြတ်စွာဘုရား မေးရိုးတော်၊ ဓာတ်တော်နှင့် မြတ်စွာဘုရားဓာတ်တော် (၃၇)ဆူကို ပေါင်လောင်ရှင် မဟာကဿပအား လှူဒါန်းလိုက်ပါသည်။

ပေါင်လောင်ရှင် ကဿပ အရှင်သူမြတ်အဓိဋ္ဌာန်ခဲ့ရာ၊ သီတင်းသုံးခဲ့ရာ နေရာများနှင့် အမှတ်တရနေရာများတွင် စေတီရုပ်ပွားနှင့် သိမ်တော်များ သာသနိက အဆောက်အအုံများ ဆောက်လုပ်လှူဒါန်း ပူဇော်ထားခဲ့သည်ကို တွေ့ရှိရပါသည်။

စာရေးသူသည် နှစ်ပေါင်း(၄၀)နီးပါး ပေါင်လောင်ရှင်မဟာကဿပ တည်ထားခဲ့သော စေတီရုပ်ပွားများ၊ သိမ်တော်များနှင့် သာသနိကအဆောက်အအုံများ တည်ထားပူဇော်ခဲ့ရာ နေရာဌာနများကို အလျဉ်းသင့်သလို သွားရောက်လေ့လာ သုတေသနပြုဖော်ထုတ်ပူဇော် မှတ်တမ်းပြုခဲ့ပါသည်။




▲ ပေါင်လောင်ရှင် မဟာကဿပ တောလမ်းခရီးမှာ တစ်ဖက်က တောင်ဝှေးကိုင် တစ်ဖက်မှာ ပုတီးကိုင်ထားနေဟန် ကျားစီးအသွားရုပ်တု

### ပုဂံပြည်ကူးရာ မြစ်ကိုင်းဆိပ်ပါ

ပုဂံခေတ်ကာလ အခါသမယမှာ ရေဝတီမြစ် အနောက်ဘက်တစ်လွှားမှ လူအများသည် ပုဂံပြည်သို့ ကုန်းကြောင်းခရီးဖြင့် လာကြရာ ရေဝတီမြစ်အနောက်ဘက် **'မြစ်ကိုင်းဆိပ်'**မှ လှေဖြင့် **'လက်ပံ'**ဘက်သို့ကူးပြီး ပုဂံပြည်သို့ သွားလာကြပါသည်။

ရေဝတီမြစ်၏ အနောက်ဘက် မြစ်ကိုင်းဆိပ်(ပခုက္ကူမြို့)အနီးက ရွှေပေါင်လောင်စေတီနှင့် ရွှေပေါင်လောင်စေတီပရိဝုဏ်မှ ရရှိခဲ့သော ရုပ်တုနှင့် ပုံတော်များအကြောင်း ဖြစ်ပါသည်။

ရှင်သာမဏေဘောင်သို့ ရောက်ပြီးတော်မူသော **ရှင်သာမဏေ ရှင်ကဿပနှင့်** တူတော် **ရှင်သာမဏေ သုမေဓာ**တို့သည် မိဘများ၏ သဘောတူခွင့်ပြုချက်ဖြင့် မိမိတို့နေရင်းဒေသ ကူနီနဝင်းရွာမှ ထွက်ကြွတော်မူခဲ့ပြီးလျှင် ပညာသင်ကြားရန် အရိမဒ္ဒနမည်သော ပုဂံပြည်သို့ ထွက်ခဲ့ကြရာ ရေဝတီမြစ်၏ အနောက်ဘက်ကမ်း မြစ်ကိုင်းဆိပ် (ယခု ပေါင်လောင်ဆိပ်)မှ လက်ပံဘက်သို့ ကူးတော်မူပြီးလျှင် ပုဂံနေပြည်တော်သို့ ရောက်တော်မူကြလေသည်။

ပုဂံမြို့တော်ကြီးမှာပင် ရဟန်းပြုရန်အတွက် အရွယ်ရောက်သည့်အခါ သူတို့၏ မိဘအသီးသီးက သာမဏေမှ မြင့်မြတ်သော ရှင်ရဟန်းဘောင်သို့ ချီးမြှောက်တော်မူခဲ့ကြသည်။

ပုဂံမြို့တော်ကြီးမှာပင် ပညာသင်ကြားလျက် သာသနာပိုင် အရှင်ပံ့သကူမထေရ်မြတ်ကြီးကို ဥပဇ္ဈာယ်ပြုပြီးလျှင် သာသနာတော်ထမ်း ရှင်ရဟန်းအဖြစ်သို့ ရောက်တော်မူကြလေကုန်သည်။

### သီဟိုဠ်(သီရိလင်္ကာ)ဘုရားဖူးသွား အတွေ့အမြင်များ

ပေါင်လောင်ရှင် မဟာကဿပသည် သီဟိုဠ်(သီရိလင်္ကာ)နိုင်ငံတွင် ဗုဒ္ဓသာသနာ ထွန်းကားနေစဉ် သာသနာတော် ထွန်းကားပြန့်ပွားရေးနှင့် စွယ်တော်ဖူးမြော်ရန် သွားရောက်ခဲ့သည်ဟု ဆိုပါသည်။

အချို့သမိုင်းများတွင် ရှင်မဟာကဿပ ဖွားမြင်စဉ် မယ်တော်မိခင်ကြီး နတ်ရွာစံခဲ့သည်။

နတ်ရွာစံပြီး မယ်တော်ကြီးမှ မြောင်မြို့နယ်၊ ငါးမြှောင်တောင်ရွာ ငါးမြှောင်တောင်သူကြွယ်မကြီး၏ နွားခြံတွင် အကြီးအမှူးဖြစ်နေသော နွားမကြီး





www.burmeseclassic.com

www.burmeseclassic.com



▲ ရှင်မဟာကဿပ ဦးတောင်းတော်နှင့် ပုတီးကိုင်ထားပြီး မိကျောင်းစီးနေပုံ

▼ ရှင်မဟာကဿပ ဦးပြည့်ခေါင်းတော်နှင့် လက်မှာ ပုတီးကိုင်ကာ မိကျောင်းစီးနေသော အသားရုပ်တုတော်





www.burmeseclassic.com

www.burmeseclassic.com



◆ ရှင်မဟာကဿပ မိကျောင်းစီးနေသော ဦးဇောင်းတော်နှင့် ပုတီးကိုင်ထားပုံနှင့် တူညီ ဘီလူးညီနောင် အသားရုပ်တု



◆ ရွှေကလယ်ဆိပ်မှာ ရွှေတုံးရွှေခဲကဲ့သို့ ပူဇော်ထားသော ပုံတော် အသားထင်တော်

အား အလှူခံရာ ရှင်မဟာကဿပ အား နွားမကြီးကို လှူဒါန်းလိုက်ပါသည်။

ဘဝဟောင်းမှ မယ်တော်ဖြစ်ခဲ့ဖူးသော မိခင်နွားမကြီးအား ခေါ်ဆောင်ကျွေးမွေးပြုစုနေစဉ် မိခင်နွားမကြီးမှာ ကျောက်ရစ်ကျေးရွာ ရှင်မဟာကဿပ နေရာ ကျောင်းအနီးမှာ သေဆုံးခဲ့ပြန်ပါသည်။

နွားမကြီး သေဆုံးပြန်သော် မြေဒူးရွာ အိုးထိန်းသည်အိမ်၌ ကျွန်မ အကြီးအမှူးဖြစ်ပြီး အရွယ်ကောင်းစဉ်မှာ သေဆုံးခဲ့ရသည်။

မိခင်ဖြစ်ရ သုံးဘဝဖြစ်တွေ့ သတိသံဝေဂရလေသောကြောင့် သီဟိုဠ် (သီရိလင်္ကာ)သို့ ဘုရားဖူးကြွရောက်သည်ဟု ဆိုပါသည်။

## ပုဂံပြည်မှသည် သီဟိုဠ်(သီရိလင်္ကာ)ဆီသို့

ပေါင်လောင်ရှင် မဟာကဿပ သည် သီဟိုဠ်(သီရိလင်္ကာ) သာသနာဝင်ကို သိစိမ့်သောငှာ ပုဂံပြည်မှ တောလမ်းခရီးဖြင့် ကုန်းကြောင်းသွားစဉ် လမ်းခရီးမှာ ကျားကြီးတစ်ကောင်က ရှင်မဟာကဿပအား ကျောကုန်းခံ၍ သူ့ကျောကုန်းစီးရန် ဝပ်စင်းပြီး ဒဂုန်သင်္ဘောဆိပ်သို့ အရောက်ပို့ဆောင်ပေးခဲ့သည်ဟု ဆိုပါသည်။

သင်္ဘောဆိပ်သို့ ရောက်သော် သီဟိုဠ်(သီရိလင်္ကာ)သင်္ဘောဖြင့် ပင်လယ်ခရီးစီးခဲ့ရာ လမ်းခရီးမှာ သင်္ဘောရပ်တန့်နေသဖြင့် သုံးကြိမ်သုံးခါ ရေစာကျွေးရန် မဲချရာ ရှင်မဟာကဿပချည်း သုံးကြိမ်မဲပါ၍ ရေစာအချခံရပါသည်။

ရေစာချ၍ ရှင်မဟာကဿပ ပင်လယ်တွင်းသို့ ကျသည့်ခဏဝယ် မကုဋ္ဌနတ်သားသည် မိကျောင်းယောင်ဖန်ဆင်း၍ ကျောကုန်းဖြင့်ခံပြီး သီဟိုဠ်(သီရိလင်္ကာ)သင်္ဘောဆိပ်သို့ ပို့ဆောင်သော် ဆိပ်ကမ်းသို့ သင်္ဘောထက်အလျင်ရောက်နှင့် သီတင်းသုံးနေပေ်မူသည်။

ဤအထိမ်းအမှတ်အဖြစ် ကုန်းလမ်း



www.burmeseclassic.com

www.burmeseclassic.com

ခရီးမှာ ကျားစီး၊ ရေလမ်းခရီးမှာ မိကျောင်းပုံတော်များ၊ ဘီလူးညီနောင် ရွှေနှမာန်၊ တောင်ကြည့်နှင့် မိခင် ဘီလူးမကြီးပုံများ၊ ပလောင်တိုင်းရင်းသားညီနောင် ငသဘင်နှင့် တောင်ညို ပုံများကို အသားရုပ်တု (သို့မဟုတ်) အင်္ဂတေရုပ်တုများ အားလုံးကို လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းကို လည်းကောင်း ပေါင်လောင်ရှင် မဟာကဿပ တည်ထားပူဇော်ရာဒေသများမှာ ရုပ်တုများကို တွေ့ရှိရတတ်ပါသည်။

ပေါင်လောင်ရှင် မဟာကဿပ စေတီတော်များနှင့်အတူ ရှေးဟောင်းသိမ်တော်များကိုလည်း တွေ့ရှိနိုင်ပါသည်။

## မြစ်ရေတိုက်စား စေတီဘုရား

ဧရာဝတီမြစ် အနောက်ဘက်ကမ်းပါး မြစ်ကိုင်း(ပေါင်လောင်ဆိပ်)အနီးမှာ ပေါင်လောင်ရှင် မဟာကဿပစေတီတော်ကို တည်ထားခဲ့ပါသည်။

**မြစ်ကိုင်း ပခုက္ကူတွင်** ရှင်မဟာကဿပကူးသောဆိပ်ကို ယခုတိုင် **'ပေါင်လောင်ဆိပ်'**ဟု ခေါ်ကြသည်။

မည်သည့်ကာလက ဧရာဝတီမြစ်ရေ တိုက်စားသဖြင့် စေတီတော်ကြီး ပျောက်ကွယ်သွားကြောင်း မှတ်တမ်းမှတ်ရာများ မှတ်သားထားသည်ကို မသိရှိခဲ့ရပေ။

စေတီတော်ကြီးအနီးရှိ ပခုက္ကူမြို့၊ အမှတ်(၁)ရပ်ကွက်၊ အောင်မင်္ဂလာမြို့ဦးကျောင်း ပေါင်လောင်ရှင်ရပ်မှာ သီတင်းသုံးတော်မူခဲ့သော ဆရာတော်ကြီးမှာ မကြာမီက ပျံလွန်တော်မူသွားကြောင်း သိရှိခဲ့ရပါသည်။

ပျံလွန်တော်မူသွားသော ဆရာတော်ကြီး ထိန်းသိမ်းခဲ့သော ရှေးဟောင်းပစ္စည်းများနှင့် ပုဂံခေတ် ရုပ်ပွားဆင်းတုတော်များ၊ ရှင်မဟာကဿပ ကျားစီး၊ မိကျောင်းစီး ရုပ်တုများကို မူလနေသားအတိုင်း ဖူးမြော်ခဲ့ရပါသည်။



◆ ပုဂံခေတ်လက်ရာ ရုပ်တော်မှ
ရုပ်ပွားတော် အသားဖြင့်
ထုလုပ်ပူဇော်ထားသည့်
လက်ရာ

လက်ရှိ အောင်မင်္ဂလာမြို့ဦးကျောင်းမှာ သီတင်းသုံးနေသော ဆရာတော် ဦးသောဘဏ သက်တော်(၅၈)နှစ်၊ ဝါတော် (၃၈)ဝါရှိသော ဆရာတော်မှာ မှတ်တမ်းမှတ်ရာစာပေများ မကျန်ရှိခဲ့ကြောင်း မိန့်ကြားပါသည်။

ကျောင်းပရိဝုဏ်နှင့် ဆက်စပ်လျက် သိဒ္ဓိရှင် မြတ်စွာဘုရားနှင့် မြသိန်းတန် မြတ်စွာဘုရား၊ သိမ်တော်ကို ဖူးမြော်ခဲ့ရပါသည်။

## ရုပ်တုတော်များ မတူထူးခြား

ပေါင်လောင်ရှင်ရပ်ကွက် (မြစ်ကိုင်းဆိပ်)အနီးမှ ရှင်မဟာကဿပ ပုဂံနေပြည်တော်သို့ သွားရာလာရာ ရပ်ဌာနဖြစ်ပါသည်။ အောင်မင်္ဂလာမြို့ဦးကျောင်း မုခ်ဦးမှ ကျောင်းတိုက်ကြီးတွင် ဝင်ရောက်ပြီး ကျောင်းအပေါ်ထပ် ဘုရားဆောင်မှာ ပုဂံခေတ်လက်ရာ အသားဆင်းတုတော်များနှင့် အသုံးအဆောင်များကို မှန်လုံခန်းအတွင်းမှာ ပူဇော်ထားပါသည်။

ပေါင်လောင်ရှင် ကဿပဗောင်းတော်(ခေါင်းပေါင်း)နှင့် ကျားစီးပုံတော်မှာ ရှင်သာမဏေဘဝက ပုံတော်ဟု ယူဆရပြီး ရှင်မဟာကဿပ ဦးပြည်းခေါင်းတုံးနှင့် ကျားစီးပုံတော်မှာ ပုဂံနေပြည်တော်မှ ပုသိမ်သဘော်ဆိပ် အသွား ကုန်းလမ်းခရီးမှာ ကျားစီးပုံတော်ထုထားခြင်း ဖြစ်နိုင်ပါသည်။

မိကျောင်းစီး ရှင်မဟာကဿပမှာ မြန်မာနိုင်ငံမှ သီဟိုဠ်(သီရိလင်္ကာ) အသွား ပင်လယ်ခရီးတွင် ပင်လယ်ထဲ



www.burmeseclassic.com


www.burmeseclassic.com





◆ ၁၃၅၂ ခုနှစ်က ရှင်မဟာကဿပ' မိကျောင်းစီးနေဟန်ပန်းချီ

◆ ကျောင်းတိုက်နံရံမှ ၁၃၅၂ ခုနှစ် ရှင်မဟာကဿပ ကျားစီးပန်းချီ



◆ အောင်မင်္ဂလာ မြို့ဦးကျောင်းတိုက် ပဓာန နာယက ဆရာတော် ဦးသောဘဏ သက်တော် (၅၈)နှစ်၊ ဝါတော် (၃၈)ဝါ ကို ဖူးတွေ့ရစဉ်

သို့ ပစ်ချခံရစဉ် မကုဋ္ဌနတ်သားသည် မိကျောင်းယောင် ဖန်ဆင်းပြီး ကျောကုန်းဖြင့်ခံကာ သီဟိုဠ်(သီရိလင်္ကာ) သဘော်ဆိပ်သို့ အရောက်ပို့ဆောင်ခဲ့သည်ကို ပုံဖော်ထုလုပ် ပူဇော်ထားခြင်း ဖြစ်ပါသည်။

ရှင်မဟာကဿပ သွားလာလေရာ တိုင်း လိုက်ပါကြရသော တပည့် ဘီလူးညီနောင် ငရမာန်နှင့် တောင်ကြည် ရုပ်တုများကို ရှင်မဟာကဿပ တည်ထားသော စေတီများမှာ ထားရှိပါသည်။ အချို့စေတီများတွင် ဘီလူးညီနောင်နှင့် ပလောင်တိုင်းရင်းသား ညီနောင် ရုပ်တုများ ထားရှိသည့်အပြင် မိခင် ဘီလူးမကြီး ပုံတော်ကိုလည်း တွေ့ရှိတတ်ပါသည်။

ပခုက္ကူမြို့၊ မြစ်ကိုင်းဆိပ် ပေါင်လောင်ရပ်ကွက်ရှိ အောင်မင်္ဂလာ မြို့ဦးကျောင်းတိုက်အတွင်းမှ ပုဂံခေတ်လက်ရာ ရုပ်တော်မှု ဆင်းတုနှင့် ထိုင်တော်မှု ဆင်းတုတော်များအပြင် ရှင်မဟာကဿပ ကျားစီး၊ မိကျောင်းစီး ပုံတော်များ၊ ၁၃၅၂ ခုနှစ် ရေးဆွဲထားသော ပန်းချီပုံတော်များ၊ ဘီလူးညီနောင် ရုပ်တုများကို **ပခုက္ကူမြို့သို့ ရောက်ရှိလျှင် ပေါင်လောင်ရှင်ရပ် အောင်မင်္ဂလာ မြို့ဦးကျောင်းမှာ လေ့လာသုတေသနပြု ပူဇော်နိုင်ကြောင်း** ရေးသားလမ်းညွှန်ရပါသည်။

**ကျေးဇူးမှတ်တမ်း**

ပခုက္ကူမြို့မှ ဆရာကြီး ဦးမော်ဒင်+ဒေါ်သိန်းညွန့် မိသားစုအား အထူး ကျေးဇူးတင်ပါသည်။

**မောင်ရေချမ်း(ကြေးပင်)**



www.burmeseclassic.com

www.burmeseclassic.com

ကျော်ကြားသောင်းပါး

# အသည်းရောဂါအတွက်ကိုယ်တိုင်ကုသထုတ်လုပ်ထားတဲ့

# မင်းရာဇာ အသည်းအားဆေး

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ဝ၀၁၃ ၊ ၁၁၀၆၇၂) (တာသဝက(စာနယ်ဇင်း) ၀၀၇/၁၂၁၂) ဦးအိုက်စံ(လားရှိုး)

ယနေ့ခေတ်၊ ယနေ့အခါတွင် ရောဂါများသည်ခေတ်နှင့် အပြိုင်လိုက်၍ ထူးထွေဆန်းပြားစွာ ပေါ်ပေါက်၍လာပေသည်။ ထိုကဲ့သို့ ပေါ်ပေါက်စွဲကပ်လာသော ရောဂါများအနက်လွယ်ကူစွာ ကုသပေးနိုင်သော ရောဂါများရှိသကဲ့သို့ ခက်ခဲနက်နဲပြီး လုံးဝပျောက်ကင်းသက်သာအောင်ကုသမရဘဲလျက်သက်သာရုံ ရောဂါကို ထိန်းချုပ်ထားရုံမျှသာ တတ်နိုင်သော ရောဂါများလည်းရှိ၏။

ထိုခေတ်နှင့်အပြိုင် ဆန်းပြားထွေလာသောရောဂါများအနက်မှ အသည်းနှင့်ပတ်သက်သောရောဂါသည်လည်း ယနေ့အချိန်အခါတွင် ခေတ်စားအဖြစ်များသော ရောဂါတစ်မျိုးပင်ဖြစ်သည်။ အချို့အသည်းရောဂါများသည် ကာကွယ်ရုံမျှသာစွမ်းနိုင်ပြီး ဖြစ်ပေါ်လာခဲ့လျှင် လုံးဝပျောက်ကင်းအောင်ကုသမှုခံယူရန် မဖြစ်နိုင်ဘဲလျက် ရောဂါကို ထိန်းထားရုံမျှသာ စွမ်းနိုင်သောရောဂါဖြစ်ပါသည်။

လွန်ခဲ့သောနှစ်နှစ်ကျော်လောက်က ကျွန်တော်၏ဝမ်းဗိုက်အထူးသဖြင့် ညာဘက်ခြမ်းနံရိုးဆုံးမှ အောင့်နာသည်။ ရင်ခေါင်းတောင့်၏။ ပျို့အန်၏။ အစားအစာများစားချင်သောက်ချင်စိတ်မရှိ ဝမ်းဗိုက်ထဲမှလေသံများ တဂျုံးဂျုံး ကြားနေရ၏။မျက်စိနှင့်အသားအရေများ ဝါဖျော့လာ၏။ ဆီးနည်းလာ၏။ရံခါဝမ်းချုပ်၍ ရံခါ အပူဝမ်းကဲ့သို့ နည်းနည်းနှင့် ပျော့ပျော့သွား၏။ အားအင်နည်းလာ၏။ အိပ်မပျော်ဖြစ်လာ၏။ အစားပျက်၊ အအိပ်ပျက်ကာ ပိန်ချုံးလာ၏။ လူကသာပိန်လာသော်လည်း ဝမ်းဗိုက်ကလေးကတော့ ပူတင်းနေ၏။ ဘာမှန်းမသိရသော ရောဂါတစ်မျိုးကို ကျွန်တော်ခံစားလာရသည်။

အစာမစားနိုင်သည်မှာ နှစ်လလောက် ဖြစ်လာတော့ အစာအိမ်ရောဂါလို့ထင်ခဲ့၏။ သည်လိုနှင့် ကျွမ်းကျင်သော အထူးကုသမားတော်ကြီးများနှင့် ပြသကြည့်တော့ လိုအပ်သော ဆေးစစ်ဆေးမှုများခံယူခိုင်း၏။ သည်မှာ ကျွန်တော်ကို နှစ်လကျော်ကျော်နှိပ်စက်နေသော အနိုးရန်သူသည် B-ပိုး ဖြစ်နေ၏။ ယင်းပိုးကြောင့် ကျွန်တော်၏အသည်းမှာ မာခြောက်နေ၏ဟု ဆရာဝန်ကြီးကမိန့်ကြား၏။ ထိုခဏမှာပင် ကျွန်တော်နှင့် ဖနီးဖြစ်သူတို့မှာ နွေခေါင်ခေါင် မိုးကြိုးပစ်ခံလိုက်ရသလို ခံစားလိုက်ရ၏။

ကျွန်တော့်ရောဂါအတွက် ရောဂါနှင့် ရောဂါကိုဖြစ်စေသော လက်သည်ကိုတော့ တွေ့ပါ၏။ သို့သော် ထိုလက်သည် B-ပိုးနှင့် အသည်းမာခြောက်သောရောဂါကို လုံးဝကင်းစင်သွားအောင် ကုသနိုင်သောဆေးဝါးက နတ္ထိတဲ့လေ။ အသည်းပျက်စီးမှုကို မြန်မြန်မပျက်စီးစေရန် ထိန်းထားရုံနှင့် B-ပိုးကို အကောင်ရေ လျှော့ချရုံမျှသာစွမ်းနိုင်၏ဟု သမားတော်ကြီးက ဆိုလာလေတော့ ခေါက်တည်ရာမရခံစားရပြန်သည်။

သည်လိုနှင့် ဟိုဆရာ ဟိုဆေးကောင်းနိုးနိုး၊ သည်ဆရာ သည်ဆေးကောင်းနိုးနိုးနှင့် လိုက်ကုလိုက်တာ ရန်ကုန်ကို ရောက်လာပါလေရော။ ခေတ်မီဆေးဝါးများနှင့် ပျောက်ကင်းအောင် ကုသမှုမပေးနိုင်ဘူးဆိုတော့ ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်ကို ရှာရ၏။ မိတ်ဆွေတစ်ဦး၏အကြံပေးမှုကြောင့် တိုင်းရင်းဆေးနှင့် ကုသရန် ဆုံးဖြတ်လိုက်၏။ သည်လိုနှင့် ထိုမိတ်ဆွေမှ အရိုးကျိုးပေါင်းရောဂါ အထူးကုပေးနေသကဲ့သို့ ဆေးကျမ်းများစွာလည်း ရေးသားနေသော သမားတော်ဆရာမြင့်ရှိရာ စကြာမင်း တိုင်းရင်းဆေးကုခန်းသို့ လိုက်ပို့ပေး၏။ သမားတော် ဆရာမြင့်ထံရောက်တော့ ဆရာက ''ကျွန်တော်က အရိုးကျိုးပေါင်းရောဂါကိုပဲ အဓိက ကုသပေးနေတာပါ။ ဒါပေမယ့် အရိုးကျိုးပေါင်းရောဂါတုန်းကလိုပဲ ယနေ့ခေတ်မှာအဖြစ်များပြီး ဆေးတွေ့ဖို့ခက်ခဲနေတဲ့ အသည်းရောဂါအတွက်လည်း ကုထုံးဆေးဝါးတွေ တစ်နိုင်တစ်ပိုင်



www.burmeseclassic.com

ကုသရင်း သုတေသနပြုနေပါတယ်။ အခုတော့ အသည်းရောဂါအတွက် ဆေးတစ်လက်တော့ တွေ့ထားတယ်။ အဲ့ဒါ ဦးအိုက်စံ ယူသွားပြီး တစ်ကြိမ် ဆေး ၅ ပြား တစ်နေ့ ၃ ကြိမ် သောက်ပေးပေါ့။ သဘာဝ တိုင်းရင်းဆေးဖြစ်လို့ ဘေးထွက်ဆိုးကျိုးမရှိပါဘူး။ ''ဟုတ်ကဲ့ပါ။ ကျေးဇူးအများကြီး တင်ပါတယ်''ဟု ဆရာ့ကို နှုတ်ဆက်ပြီး ပြန်လာခဲ့ပါသည်။

အိမ်ရောက်တော့ သမားတော်ဆရာမြင့် ပြောကြားသည့်အတိုင်း ငါ့အတွက် အကျိုးတော့မယုတ်တန်ကောင်းဘူး ဆိုပြီး သမားတော်ဆရာမြင့်ပေးလိုက်တဲ့ဆေးကို ညွှန်ကြားချက်အတိုင်း ပုံမှန်သုံးစွဲမိသည်။ သည်လိုနှင့် တဖြည်းဖြည်းနှင့် ကျွန်တော် စောစောကပြောခဲ့တဲ့ ကျွန်တော်ခံစားနေရတဲ့ ရောဂါလက္ခဏာတွေ တစ်စတစ်စ သက်သာလာတာကို သတိပြုမိလာသည်။ ပုံမှန် အိပ်ရသည်။ ပုံမှန်စားကောင်းလာသည်။ ဝမ်းဗိုက်၏ ညာဘက် နံရိုး အဆုံးနားမှာ တစ်မျှင်းမျှင်းနှင့် အောင့်နာနေသော နာကျင်မှုမရှိတော့။ ဒါနှင့် အားတက်သွားပြီး ဂရုတစိုက်ဆေးကို သောက်မိ၏။ ဆေးသောက်လို့ ၆ လလောက်ကြာတော့ ကျွန်တော် အတော်လေး ကျန်းမာဝဖြိုးလာသည်။ ပုံမှန် အသားအရေနှင့် နဂိုအတိုင်း အားအင်အပြည့်နှင့် လုပ်ငန်းဆောင်တာတွေကို လုပ်လာနိုင်သည်။

ကျွန်တော်လည်း ကျေးဇူးရှင် သမားတော်ဆရာမြင့်ရှိရာ ရန်ကုန်သို့ မီရာ မန်းရွှေပြည်ကားနှင့် လိုက်လာခဲ့မိသည်။ ဆရာထံရောက်တော့ ''ဆရာရဲ့ကျေးဇူးကို ဘယ်လိုဆပ်ရမှန်းကို မသိတော့ပါဘူး''လို့ ဆိုတော့ ဆရာက တွေတွေလေးစိုက်ပြီး ကျွန်တော့်ကို ကြည့်နေတယ်။ ''ဆရာ ကျွန်တော့်ကို မမှတ်မိဘူးလား၊ ကျွန်တော် အိုက်စံလေ။ အသည်းရောဂါဖြစ်လို့ ဆရာ့ဆီလာပြတာ ဆရာ ပေးလိုက်တဲ့ဆေးကြောင့် အခု ကျွန်တော်ရဲ့အသည်းရောဂါဟာ သက်သာကင်းဝေးသွားပြီ ဆရာ''ဆိုမှ ''ဪ မှတ်မိပြီ ဦးအိုက်စံကိုး အခုလို ကြားရတာ ဝမ်းသာပါတယ်ဗျာ'' ''ဆရာ့ကို ကျွန်တော် တစ်ခုလောက် တောင်းဆိုချင်ပါတယ်ဆရာ'' ''ပြောပါ၊ ကျွန်တော် ဘာကူညီရမလဲ'' ''ဒီလိုပါဆရာ၊ ကျွန်တော့်လို အသည်းရောဂါရှင်တွေအတွက် ကျွန်တော့်ကိုပေးတဲ့ဆေးကို ထုတ်လုပ်ဖြန့်ဖြူးပေးပါလားဆရာ'' ''အင်း...ဦးအိုက်စံအနေနဲ့ အသည်းရောဂါသည်တွေအပေါ်ထားတဲ့ စိတ်စေတနာကို ကျွန်တော် လေးစားပါတယ်။ ဒါပေမယ့် ကျွန်တော့်မှာက ဆေးကုခန်းကတစ်ဖက်၊ အခြား ထုတ်လုပ်ဖြန့်ချိနေတဲ့ဆေးတွေက တစ်ဖက်ဆိုတော့ ဒီအသည်းဆေးကို ထုတ်လုပ်ဖို့ မလွယ်ကူသေးပါဘူး''

''ဆရာခွင့်ပြုမယ်ဆိုရင်တော့ ကျွန်တော်လို စိတ်ရော ကိုယ်ပါ နာကျင်ခံစားနေရတဲ့ အသည်းရောဂါဝေဒနာရှင်တွေအတွက် ကူညီပေးချင်လို့ ဆရာမထုတ်ရင် ဒီအသည်းဆေးကို ကျွန်တော် ထုတ်လုပ်ချင်ပါတယ်ဆရာ။ အသည်းရောဂါဝေဒနာရှင်များ အလွယ်တကူသုံးစွဲနိုင်အောင်လို့ပါ။ ''ဟာ ... ကောင်းတဲ့အကြံပဲဗျာ။ ဦးအိုက်စံထုတ်လုပ်ချင်ရင် ထုတ်ပါ'' ''ဖော်မြူလာဆရာက ပေးမှာလား'' ''ပေးပါ့မျာ၊ ပေးမယ် ဖော်မြူလာတင်မဟုတ်ဘူး လိုအပ်တဲ့အရာတွေကိုလဲ ကူညီပေးပါ့မယ်'' ''မြင့်မြတ်တဲ့ ဆရာ့စိတ်ထားကို အရမ်းလေး စားပါတယ် ဆရာ''

ကဲ ကျွန်တော့်လိုအသည်းနှင့်ပတ်သက်၍ ဝေဒနာခံစား နေကြရသော အသည်းရောဂါရှင်များ...သမားတော် ဆရာမြင့်ရဲ့စေတနာ၊ ကျွန်တော်ကိုယ်တိုင် အသည်းရောဂါရဲ့ နှိပ်စက်မှုကို ခံစားခဲ့ရသည်မှလွတ်မြောက်၍ ရရှိခဲ့သော ပျော်ရွှင်မှု အရသာကို အသည်းရောဂါရှင်များထံ ဖြန့်ဝေပေးလိုက်ပါ သည်။ ကျွန်တော့်ကို အသည်းရောဂါဝေဒနာ ဘေးဒုက္ခမှ လွတ်မြောက်စေသော ဆေးစွမ်းကောင်းတစ်လက်ကတော့ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**ပဲ ဖြစ်ပါသည်။ ဤ**မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**၏ အာနိသင် ကတော့ အသည်းအားနည်းခြင်း၊ အသည်းရောင်အသား ဝါ ရောဂါဖြစ်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းမာ၊ အသည်း ကြီး၊ အသည်းခြောက် ရောဂါဖြစ်ခြင်း၊ အသည်းတစ်ဝိုက် အောင့်နာနေခြင်း၊ ပျို့အန်ခြင်း၊ ပိုးကြောင့်ဖြစ်သောရောဂါ များအတွက် ထိရောက်သောဆေးဖြစ်သည်။ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေးကို** အသည်းရောဂါအမျိုးမျိုး ခံစားနေရသူများ၊ အသည်းကိုထိခိုက်စေတဲ့ အရက်သေစာ မကင်းနိုင်သူများ အသည်းမပျက်စီးအောင် ကာကွယ်လိုသူများ မဖြစ်မနေသုံးစွဲသင့်တဲ့ဆေးကတော့ **မန်းရာဇာအမှတ်တံဆိပ် အသည်းအားဆေး**ပဲဖြစ်၏ ဟူ၍ သတင်းကောင်းလေး ပါး လိုက်ပါသည်။

**ဦးအိုက်စံ (လား...**


ဤဆေးသည် သဘာဝဆေးဖက်ဝင်ပစ္စည်းများဖြင့် စီမံဖော်စပ်ထားခြင်းကြောင့် အသည်းပျက်စီးခြင်းတို့ကို ကာကွယ်ပေးနိုင်သော ဆေးဖြစ်ပါသည်။

**ပင်ရင်း-မန်းရာဇာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**
**အမှတ်(၁၁/၃၆၀)၊ သုနန္ဒာ(ဂ)လမ်း ဗ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁ ၆၉၁၀၉၁၊ ၀၉ ၇၃၂ ၄၁၀၉၄**

**ရှမ်းပြည်နယ်ဖြန့်ချိရေး-**
**အမှတ်(၃၂/၉)၊ ဘုတာလမ်း၊ ရပ်ကွက်-၁၀၊ လားရှိုးမြို့**
**ဖုန်း-၀၈၂ ၂၆၂၉၁၊ ၀၉ ၄၇၃ ၂၂၂၃၁**

www.burmeseclassic.com



◆ ကန်ရွာရှိ ရှေးဟောင်းဂူကြီး

ပဟေဠိ ဆန်လွန်းသော

# ရှေးဟောင်းဘုတ်ဂူ

ကိုမြသွေး
(ပေါင်းလောင်းမြေ)

မြန်မာတို့၏ ဘုရင်များခေတ်ဖြစ်သော ကုန်းဘောင်မင်းဆက်များခေတ်ကဟု ယူဆနိုင်သော အုတ်ဂူကြီးတစ်လုံးပင် ဖြစ်သည်။ ရှေးမြန်မာမှု အနုလက်ရာများနှင့် ပြည့်နေသည်။

ပန်းတော့၊ ပန်းတမော့များ စုလစ်မွန်းချွန်များ၊ ရုပ်လုံးရုပ်ကြွများ၊ ဘုံပြာသာဒ်ကြီးငယ်များ ရှေးကအုတ်နှင့် အင်္ဂတေ အသုံးပြုထားပုံများမှာ မချီးမွမ်းဘဲ မနေနိုင်လောက်အောင် ဆွဲဆောင်ထားပေသည်။

ပြောင်မြောက်လှသော မြန်မာမှုလက်ရာစစ်စစ်များအဖြစ် သက်သေခံလျက် ရှိနေပါသည်။

ထူးခြားဆန်းပြားစွာ အံ့မခန်းတည်ရှိနေသော ဤဂူတော်ကြီးမှာ ဘုံသုံးဆင့်အထက်သို့ မြင့်တက်သွားပြီး အောက်ဆုံး မြေစိုက်အဆင့်မှာ အရှေ့အနောက် အလျား(၃၄)ပေ၊ တောင်နှင့်မြောက် အနံ (၂၈)ပေနှင့် အမြင့်(၆)ပေ ခွဲခန့်ရှိသည်။

မြေစိုက် အောက်ဆုံးအဆင့်မှာ အလျားလိုက် လိုဏ်ဂူ တစ်ဖက်တစ်ချက်စီတွင် (၃)ပေ၊ (၂)ပေရှိမုခ်ခုံငယ်လေး (၈)ခုစီရှိပြီး ရုပ်လုံးရုပ်ကြွများ ရှိနေကြသည်။

ရုပ်လုံးများမှာ မင်းညီမင်းသားများပုံ၊ ကချေသည်ပုံ၊ မြွေတစ်ကောင်သုံးခွေ ခွေလျက် ပါးပျဉ်းထောင်ထားပုံ၊ လိပ်ပုံနှင့် နှစ်ယောက်တွဲ ကနေပုံတို့ဖြစ်ကြသည်။ ဤဂူကြီးတစ်ခုလုံးမှာ နှစ်ယောက်တွဲကနေပုံသည် တစ်ပုံသာလျှင် ထူးခြားစွာ ရှိနေသည်။

ယခုအဆင့်တွင် ရှိနေသော ရုပ်လုံးများမှာ အထူးပင် လက်ရာအနုစိတ်များ တွေ့ရသည်။ အဝါနှင့်အနီ နီညိုရောင်များ ခြယ်ထားကြောင်း ခေးကျန်အချို့ရှိသည်။

မသမာသူများ ဖျက်ဆီးထားမှုကြောင့် ဦးခေါင်း၊ လက်များ မရှိတော့ပေ။ ရုပ်ကြွများမှာ နောက်ခံနှင့် ထိစပ်လေးရှိသည်။ မုခ်ဝငယ်များ နှင့်ညီး



www.burmeseclassic.com

www.burmeseclassic.com

ပန်းများ၊ ဒေါက်တိုင်များ၊ တစ်ခုနှင့် တစ်ခု လက်ရာကွဲများ ပါရှိနေသည်။

**ဒုတိယအဆင့်**

ဒုတိယအဆင့်မှာ အရှေ့နှင့် အနောက် အလျား (၂၄)ပေ၊ တောင်နှင့်မြောက် အနံ (၂၂)ပေနှင့် အမြင့် (၆)ပေဖြစ်သည်။ ယခု အဆင့်မှာလည်း (၂)ပေကျော်ခန့်မြင့်သော မုခ်ဝယ်များ (၆)ခုစီ ရှိနေပြန်သည်။

မုခ်များအတွင်း ရုပ်တုများမှာ ရသေ့ပုံ၊ သူတော်စင်တစ်ဦး ပုတီးကိုင်ထားပုံ၊ ဘီလူးကနေပုံနှင့် နန်းတွင်းသူတစ်ဦး မြင်းကို တင်ပါးလွှဲ စီးထားပုံတို့ ပါရှိပြီး အချို့အရုပ်များမှာ ကျိုးပဲ့ပျက်စီးနေကြသည်။

ဤအဆင့်၏ ကျန်ရှိနေသော ရုပ်လုံးများမှာ မြေစိုက်အဆင့်အရုပ်များထက် ကြီးသည်။ ခြေ၊ လက်၊ ခေါင်း စသည်တို့ ပြည့်စုံစွာ ရှိသေး၏။ ထူးခြားသည်က ရုပ်လုံးများ နောက်ခံနှင့် လုံးဝ မထိဘဲ မုခ်ခုံးများနှင့် ထိစပ်ထွင်းထုထားခြင်းပင်။

ဤဂူကြီးတစ်ခုလုံးတွင် မြင်းစီးထားပုံမှာ တစ်ပုံသာ ထူးထူးခြားခြား ရှိနေသည်။

ယခုအဆင့်၏ ထောင့်လေးထောင့်နှင့် အလယ်တွင် အမြင့်(၈)ပေပတ်လည် အကျယ် တစ်မျက်နှာလျှင် (၃)ပေ၊ (၃)လက်မ၊ (၂)လက်မ အသီးသီးရှိကြသော အခေါင်ငယ် ဘုံပြာသာဒ်များဖြင့် ဘီလူးရုပ်လုံးများ ရှိကြသည်။

သူတို့၏ဟန်များမှာ ကနေပုံ လက်အုပ် ချီလျက် ပြုံးမယောင်ရှိပုံ၊ သားမီးယပ်ကိုင်လျက် ဘီလူးမပုံ၊ ပါးစပ်ဟလျက် ကြမ်းတမ်းစွာ မာန်တင်းထားပုံ စသည်ဖြင့် ထုလုပ်ထားပြီး အနုစိတ်လှသည်။ အသက်ဝင်လှသည်။



• ပုဇောတ်ရှိ ဘီလူးထောင်များ

ဘီလူးနေ အခေါင်ငယ်များ အပေါ်မှ ဘုံအဆင့်များ (၆)ဆင့် တက်သွားသည်။ ယခုအဆင့်ရှိ ပန်းဆွဲများ၊ နဖူးစီးများမှာလည်း တစ်ခုနှင့်တစ်ခု ကွဲပြားစွာ တွေ့ရသည်။

**တတိယအဆင့်**

လက်ရှိ အမြင့်ဆုံးအဆင့် ဖြစ်သည်။ အရှေ့နှင့်အနောက် အလျား (၁၆)ပေ၊ တောင်နှင့်မြောက် အနံ (၁၄)ပေ ရှိသည်။ ထောင့်များနှင့် ပတ်လည်တွင် ဘီလူးများရှိသော လေးထောင့်မုခ်များ (၆)ခုစီ လှပစွာရှိသည်။ တချို့လည်း ပြိုကျ ပျက်စီးနေကြသည်။

တတိယအဆင့်၏ အမြင့်မှာ (၆)ပေ ဖြစ်သည်။ ထောင့်မုခ်များထဲမှ ပုံသဏ္ဌာန်အမျိုးမျိုး ရှိနေကြသော ဘီလူးထီး၊ ဘီလူးမများမှာ ခေါင်းကျိုး လက်ကျိုး ပျက်ယွင်းစ ပြုနေပြီ။

ဘီလူးနေ အခေါင်များမှ အထက်






www.burmeseclassic.com

www.burmeseclassic.com



▲ ဒုတိယအာထထရှိ ရုပ်လုံးရုပ်ကြွများ


▼ ဒုတိယအာထထရှိ ရုပ်လုံးရုပ်ကြွများ






www.burmeseclassic.com

www.burmeseclassic.com



◆ မြိုက်အာထေတို့ ဂုဏ်လုံးဂုဏ်ကြွများ

◆ မြိုက်အာထေတို့ ဂုဏ်လုံးဂုဏ်ကြွများ



www.burmeseclassic.com

www.burmeseclassic.com

သို့ ဘုံ(၆)ဆင့် တက်သွားသည်။ ဘုံအဆင့်ဆင့်ရှိ ပန်းများ အနုစိတ်ရှိသေးကြောင်း တွေ့ရသည်။

တတိယအဆင့်၏ အပေါ်ပိုင်းကတော့ လုံးဝ ပြိုကျပျက်စီးသွားပြီး အုတ်ကျိုးအုတ်ပဲ့များ၊ အင်္ဂတေပန်းများ၊ ချပ်တုကျိုးပဲ့များ စုပုံနေခြင်းကို ထမ်းနည်းစွာ တွေ့ရပေသည်။

ဂူ၏ ထိပ်ဆုံးအဆင့်ထိ ဘုံပြာသာဒ်အဆင့်ဆင့်လော၊ စေတီတစ်ဆူသဏ္ဍာန်လော ခွဲခြားမရနိုင်တော့ပေ။

ဂူ၏ တတိယအဆင့်ထိ တက်နိုင်သော လှေကား


ဂူ၏အနောက်ဘက် မြေပြင်ညီမှ လှေကားထစ်ပေါင်း (၃၀)ဆယ်ကျော်ခြင်း အလျားလိုက် တတိယအဆင့်သို့ ဆောင်တက်သွားသည်။

မြေပြင်နှင့် ထိလျက်ရှိသော အပိုင်းတွင် မုခ်ခုံး(၄)ခုရှိသည်။ အကြီးဆုံးမုခ်ခုံးမှာ အမြင့် (၅၄)လက်မ၊ အကျယ် (၄၂)လက်မရှိ၍ လူတစ်ယောက် ငုံ့ဝင်သွားလျှင် တိုးလျှိုပေါက်သည်။

ကျန်မုခ်ခုံးငယ်များ အလုံပိတ်ထားသည်။ လှေကားတစ်ခုလုံး၏ အလျားမှာ (၃၃)ပေရှိပြီး အပေါ်အောက်ဘက်ဆင်းကြည့်ရာ ခိုင်ခံ့သေးကြောင်း သိရသည်။

ဤဂူကြီး၏ ပတ်ဝန်းကျင်မှာ တောင်ဘက်တွင် ဉာဏ်တော်ခန့်မှန်း၍ ရေနိုင်တော့ပြီဖြစ်သည်။ စေတီ(၃)ဆူမှာ အုတ်ပုံဘဝသို့ ရောက်နေသည်။ ဂူ၏ အနောက်ဘက်တွင် ရှေးဟောင်းရေတွင်းပျက်တစ်လုံး၊ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၊ အမျိုးသမီးရုပ်တုတစ်ခု အဆောင်နှင့် ရှိနေသည်။

အမျိုးသမီးရုပ်တုမှာ ပုဆစ်တုပ်



◆ ယက္ခမယ်တော်ရုပ်

ထိုင်လျက် ဂူဘက်သို့ လက်အုပ်ချီထားသည်။ ယခုရုပ်တုမှာ ယခင်က ဘီလူးမပုံဖြစ်ပြီး ပျက်စီးသွား၍ အသစ်ပြန်လုပ်ပေးထားခြင်း ဖြစ်၏။ သူ၏အမည်ကို ရွာသားများက **ယက္ခမယ်တော်**ဟု ခေါ်ကြသည်။

ဂူတည်ရှိရာ မြေပြင်မှာ အနည်းငယ်မို့မောက်မြင့်တက်နေသည်။ ဤနေရာကိုလည်း **မြင်းမိုရ်ကုန်း (ဝါ) မြင်းမိုရ်တောင်**ဟု ခေါ်ကြသည်။ အရှေ့ဘက်တွင် လယ်ကွင်းများ၊ မြောက်ဘက်တွင် အိမ်များနှင့် ဂူတစ်ခုလုံး ထန်းပင်များ ဝိုင်းရံထားကြသည်။

ထူးခြားဆန်းပြားစွာ ကြီးကျယ်ခမ်းနားထည်ဝါစွာ ရှေးအနုလက်ရာများဖြင့် တွေ့ခဲ့ရသော ဤဂူကြီးမှာ **ဘီးလင်းမြို့နယ်၊ တောင်စွန်းကျေးရွာအုပ်စုအပိုင် ကင်းရွာမှာ တည်ရှိနေပါသည်။ ကင်းရွာ သရက်တော ဘုန်းတော်ကြီးကျောင်းအတွင်း** မြင်းမိုရ်



www.burmeseclassic.com

www.burmeseclassic.com



ဂူ၏ တတိယအဆင့်သို့ တက်သော လှေကား

တောင်ဟု ခေါ်ကြသော ကုန်းမို့မို့တွင် ကြီးကျယ်ခမ်းနားလှစွာ တည်ရှိနေပါသည်။

ဤဒေသ တစ်ဝိုက်မှာကလည်း သမိုင်းဝင် ရှေးဟောင်းစေတီပုထိုးများ၊ အဆောက်အအုံများက အထင်ကရ ရှိနေကြသည်။

ကေလာသတောင်၏ အနောက်ဘက်ခြမ်း ဝင်းကရွာမှ သုဝဏ္ဏဘူမိ ရှေးဟောင်းမြို့၊ ကေလာသတောင်ပေါ်ရှိ ကြောင်တရာရုပ်တုများရှိရာ ကျောင်းတော်ရာနယ်မြေနှင့် မြို့ရိုးသင်္ကျာန်အုတ်စည်းရိုးများရှေးနှစ်ပေါင်း (၂၀၀)ကျော်က ဘုန်းတော်ကြီးကျောင်းများ၊ သိမ်များ ရှိနေကြသည်။

ထပ်မံတင်ပြလိုသည်မှာ ကျွန်တော်တွေ့ခဲ့ရသည့်နေရာမှာ ကုန်းဘောင်မင်းဆက်ကို တည်ထောင်ခဲ့သူ အလောင်းမင်းတရားကြီး နောက်ဆုံးနတ်ရွာစံ ကံတော် ကုန်ခဲ့သည်ဟု ဆိုကြသည့် တောင်စွန်းကျေးရွာအုပ်စုအနီး **ကင်းရွာ ရှေးဟောင်း သရက်တော ဘုန်းတော်ကြီး ကျောင်းဝင်းအတွင်း အရှေ့ဘက်တွင်** ဖြစ်သည်။

ခေတ်အဆက်ဆက်ကလည်း သည်ဒေသတွင် အလောင်းမင်းတရားကြီး နတ်ရွာစံခဲ့သည်ဟု ဖွင့်ထားခဲ့သည်။ သို့သော် ကျွန်တော်ပြောချင်သည်က ဤဂူကြီးသည် အလောင်းမင်းတရားကြီး၏ ဂူဗိမာန်လော (သို့မဟုတ်) မည်သို့ ပတ်သက်ဆက်နွယ်နေသော ရှေးဟောင်း အနုပညာလက်ရာများလောဖြစ်သည်ကို သိလိုသည့်ဆန္ဒပြင်းပြလှပါသည်။

သို့ပါ၍ သမိုင်းလေ့လာသူ ပညာရှင်ကြီးများ၊ သုတေသီများ၊ သမိုင်းချစ်သူများ၊ ရှေးဟောင်းအမွေအနှစ်ကို တန်ဖိုးထား မြတ်နိုးသူများမှ ကျွန်တော် ဖော်ထုတ်တင်ပြခဲ့သော ရှေးဟောင်းအ[illegible] လက်ရာများဖြင့် ပြီးပြည့်စုံနေသ[illegible] ဂူကြီးကို လေ့လာကြပြီး ရှာဖွေ[illegible] ထုတ် ထိန်းသိမ်းထားနိုင်ကြပါစေ[illegible] ဆန္ဒပြုလျက်…

ကျေးဇူးစကား

ဤဆောင်းပါး ရေးသားနိုင်[illegible] အတွက် ကူညီအားပေးကြသေ[illegible] **တောင်ကြီးကျေးရွာ သာသနဝေ[illegible] ဓမ္မသုခကျောင်း ဘုန်းတော်[illegible] ဦးပဏ္ဍိစ္စ ဆရာတော်ကြီး[illegible] ကင်းရွာ သရက်တောကျောင်းတို[illegible] ဆရာတော်ကြီး ဦးဥတ္တမ[illegible] ဦးပဥ္စင်းများ ကင်းရွာသူ ရွာသ[illegible] များအား** အထူး ကျေးဇူးတင်[illegible] ကြောင်း ဂုဏ်ပြုအပ်ပါသည်။


**ကိုမြသွေး**
*(ပေါင်းလောင်းမြို့)*



www.burmeseclassic.com

www.burmeseclassic.com

# မျက်စိအတွက်



## အစွမ်းထက် ဂါထာတော်

ယခု ကျွန်ုပ် ဖော်ပြမည့် ဂါထာမှာ ကျွန်ုပ်၏ဆရာပေးသော ဂါထာဖြစ်သည်။ ကျွန်ုပ်၏ဆရာသည် ဒေါက်တာဦးအေးလွင်ဖြစ်သည်။ တစ်ချိန်က မွေလေးမှာ ထင်ရှားသော ပုဂ္ဂိုလ်တစ်ယောက်ဖြစ်သည်။

ယခုအချိန်၌ သာသနာ့ဘောင်ဝယ် ဦးဇာရိတ္တဓမ္မဘွဲ့အမည်နှင့် သုံးဝါရှိပြီ။ ဆရာ့မိခင်ကြီး ကွယ်လွန်ခဲ့သည်မှာလည်း နှစ်အတော်ကြာခဲ့ပြီ။

ဆရာ၏ မိခင်ကြီး ရှိစဉ်အခါက မိခင်ကြီးမှာ မျက်စိ မကောင်းသဖြင့် သုံးကြိမ်တိုင်တိုင် ခွဲစိတ်ခဲ့ရဖူးသည်။

ပထမအကြိမ် ခွဲစိတ်ကုသပြီးနောက် မျက်စိမှာ သိပ်မကောင်းလှသဖြင့် များမကြာမီ ဒုတိယအကြိမ် ခွဲစိတ်ကုသခဲ့ပြန်သည်။ ထိုသို့ ခွဲစိတ်ကုသခဲ့သော်လည်း မျက်စိမှာ မကောင်းသောကြောင့် တတိယအကြိမ် ထပ်မံ ခွဲစိတ်ကုသခဲ့ရပြန်သည်။

သို့တိုင် မျက်စိသည် အကောင်းကြီး မဟုတ်သေးချေ။ တစ်ခါတစ်ရံ မျက်စိသည် ဝေဝါးနေခြင်း၊ မသဲကွဲခြင်းနှင့် မျက်ရည်ကျခြင်းတို့ ဖြစ်နေခဲ့သည်။

ထို့ကြောင့် ဆရာသည် မိခင်ကြီး ခွဲစိတ်ကုသနေစဉ်က ရခဲ့သော ဂါထာတစ်ပိုဒ်ကို မိခင်ကြီးအား ကျက်စေ၍ ရွတ်ဖတ်စေခဲ့သည်။ ဂါထာကို (၇)အုပ် ရွတ်ဆို၍ ရေကို ရွတ်ဖတ်ကာ မျက်နှာသစ်ခြင်း၊ မျက်စိထဲသို့ ခတ်စေခြင်းတို့ကို ပြုလုပ်စေခဲ့ပါသည်။

မိခင်ကြီးကိုယ်တိုင်မှာလည်း အချိန်မှန်သရွေ့ ဂါထာကို ရွတ်သည်မှာ ဘဝ၏ နောက်ဆုံးအချိန်ထိတိုင် ဖြစ်သည်။ ဤဂါထာကို ရွတ်ချိန်မှစ၍ သေသည်အထိ မျက်စိကျိန်းခြင်း၊ နာခြင်း၊ ဝေဝါးခြင်း၊ မျက်ရည်ကျခြင်းတို့ မရှိဘဲ ကြည်လင်အေးမြ၍ ပကတိကဲ့သို့ ကောင်းခဲ့သည်။ နောက်ထပ် ခွဲစိတ်ရခြင်းလည်း မရှိပါဟု သိရသည်။

ဆရာကိုယ်တိုင်လည်း သူများကို များစွာ ရွတ်ဖတ်ပေးခဲ့ရဖူးပါသည်။ သက်သာပျောက်ကင်းမှုကို တွေ့ရသည်။

ဆရာသည် ဤသို့ပြော၍ သူ့ကိုယ်တွေ့ အောက်ပါဂါထာကို ရေးပေးခဲ့ပါသည်။ ထို့နောက် ဤဂါထာကို မိမိတစ်ယောက်တည်း ကြိတ်၍ တစ်ကိုယ်ကောင်း မဆန်သင့်ကြောင်း ပြောပါသည်။

မိမိ၏ ဘိုးဘွားနှင့် လူကြီး၊ မိဘများကိုလည်း ဂါထာပေး၍ သူများကိုလည်း ရွတ်ဖတ်ပေးလျှင် ဂါထာသည် ပို၍ အစွမ်းထက်ကြောင်း ရှင်းပြပါသည်။

ဂါထာမှာ...

ဒက္ခိဏက္ခိစ သူရိယော၊
ဝါမ အက္ခိစ စန္ဒိမာ၊
ဗုဒ္ဓ စက္ခုသု တတုယော၊
အဟံ ဝန္ဒာမိ သဗ္ဗဒါ။
ဓတေန ပုညု ကမ္မေန၊
ဟောတု "မေ" စက္ခု သုခံ။

**မှတ်ချက်** ။ ။ အခြားသူအတွက် ရွတ်ဖတ်ပေးမည်ဆိုလျှင် "**မေ**"နေရာတွင် "**တေ**"ကို ထည့်၍ ရွတ်ဖတ်ပါ။

ခက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| **ဒက္ခိဏက္ခိစ** | = | ဒက်ခိနက်ခိစ |
| **အက္ခိစ** | = | အက်ခိစ |
| **စန္ဒိမာ** | = | စန်ဒိမာ |
| **ဗုဒ္ဓ** | = | ဗုတ်ဓ |
| **စက္ခုသု** | = | စက်ခုသု |
| **ဝန္ဒာမိ** | = | ဝန်ဒါမိ |
| **သဗ္ဗဒါ** | = | သပ်ဗဒါ |
| **ပုညု** | = | ပုန်ညု |
| **ကမ္မေန** | = | ကမ်မေန |
| **စက္ခု** | = | စက်ခု |

**အနက်**

**ဗုဒ္ဓစက္ခုသု၊** ဘုရား၏ မျက်စိတော်တို့တွင်။ **ဒက္ခိဏက္ခိစ၊** လက်ယာမျက်လုံးတော်သည်ကား။ **သူရိယော၊** နေမင်းသဖွယ် ဖြစ်ပါပေ၏။ **ဝါမအက္ခိစ၊** လက်ဝဲမျက်လုံးတော်သည်ကား။ **စန္ဒိမာ၊** လမင်းပမာ ဖြစ်ပါပေ၏။ **တေ တတုယော၊** ထို နေမင်း လမင်းပမာ ခင်းအပ်သော စက္ခုဓာတ်တော်တို့ကို။ **အဟံ၊** အကျွန်ုပ်သည်။ **သဗ္ဗဒါ၊** အခါခပ်သိမ်း။ **ဝန္ဒာမိ၊** ရှိခိုးပါ၏။ **ဓတေန ပုညု ကမ္မေန၊** ထို ရှိခိုးရသော ကောင်းမှုကံကြောင့်။ **မေ၊** အကျွန်ုပ်အား။ **စက္ခုသုခံ၊** မျက်စိ၏ ချမ်းသာခြင်းသည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။

***[ဤဂါထာတော် ပါဠိအနက်ကို နဂ္ဂတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ ဓမ္မာစရိယ(မဟာဝဏ္ဏဒီမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။]***

ယင်းကို (၇)အုပ် မျက်နှာသစ်စဉ် ရေရွတ်ဖတ်ပြီး နေ့တိုင်း မျက်နှာသစ်ပါ။ ယင်း ရွတ်ဖတ်ထားသော ရေသန့်သန့်ကို မျက်စိထဲ ခတ်ပေးပါ။ မျက်စိရောဂါမှန်သမျှ ပျောက်ကင်းစေပါသည်။

***ဆရာအား ကြည်လင်မြတ်နိုး ရှိကျိုးလျက်...***

**မောင်အောင်ထွန်း**
**(ဝက်လက်)**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

လေးဖက်နာရောဂါအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေး

"မမမျိုးရေ မမမျိုး"

"ဟဲ့ ဘယ်သူတုံး"

"ညီမလေး ခင်ခင်ပါ"

"သြော် ညီမလေး လာ အထဲကို ဝင်ခဲ့ဟယ်"

"မမမျိုး အပြင်တောင် မထွက်နိုင်အောင် ဘာရောဂါတွေ ဖြစ်နေလို့လဲ"

"အခန့်မပြင်ထွက်ဖို့ နေနေသာသာ လက်ဆစ်ခြေဆစ်တွေ ရောင်ရမ်းနာကျင်ကိုက်ခဲနေလို့ အိပ်ရာထဲ ဟိုဘက်၊ ဒီဘက် လှည့်တာတောင် မချိမဆံ့ ခံစားရပြီး အမယ်လေး တ,နေရတယ်"

"ဒီလောက်ဖြစ်နေတာ ဆေးခန်းမပြဘူးလား"

"ဆေးခန်းလဲပြတယ်။ လိုအပ်တဲ့ စစ်ဆေးမှုတွေလဲ ခံယူတယ်"

"မမမျိုးဖြစ်တာ ဘာရောဂါတဲ့လဲ"

"ဆေးပညာရှင်တွေ ကတော့ လေးဖက်နာရောဂါတဲ့။ ဆေးမတွေ့ဘူး ဖြစ်နေတယ်။ အဲဒါကြောင့် ဟိုတစ်ခါ ညီမလေး အစ်မလို လေးဖက်နာရောဂါ ဖြစ်တုန်းက သောက်သုံးပြီး သက်သာပျောက်ကင်းသွားတဲ့ဆေးက ဘာဆေးလဲလို့ သိချင်လို့ ခေါ်ခိုင်းလိုက်ရတာပဲ"




(ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ်-၀၇၁၁ YR ၀၀၆၀ ၂၇)




(ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ်-၀၆၁၃ Y ၀၁၀၅၀၉)

**ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက(စာနယ်ဇင်း) ၅၇/၀၅၁၃**

"သြော် ဟုတ်ပါရဲ့။ အဲဒီဆေးကတော့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးပဲ အစ်မရဲ့"

"ဟုတ်လား ဒီဆေးက ဒီလောက်တောင် စွမ်းသလား"

"စွမ်းဆို စကြာမင်း လေးဖက်နာဆေး ထုတ်လုပ်ဖြန့်ချိတဲ့ ဆရာမြင့်ဆိုတာ အရိုးကျီးပေါင်းရောဂါ၊ လေးဖက်နာရောဂါတို့ကို ကိုယ်တိုင် စနစ်တကျ ကုသမှုတွေပေးနေတဲ့ ဆရာလေ။

ဆေးခန်းကို လာရောက် မကုသနိုင်တဲ့ လေးဖက်နာရောဂါရှင်တွေအတွက် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပါပြီ"

"အဲဒီ စကြာမင်း လေးဖက်နာဆေးရဲ့ အညွှန်းလေးလဲ ပြောပြပါဦး"

"စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေးရဲ့ အစွမ်းအာနိသင်ကတော့ သွေးအနည်ထိုင်၍ဖြစ်တဲ့ အဆစ်နာ၊ အဆစ်ရောင်၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ လက်ဖဝါး ခြေဖဝါးများ တင်းခြင်း၊ ကျိန်းခြင်း၊ အဆစ်အမျက်များ ကိုက်ခဲနာကျင်ခြင်း၊ ခြေဆစ်၊ လက်ဆစ်များ ရောင်ပွပြီး ကြီးနေခြင်း၊ နံနက်အိပ်ရာထ ကြာကြာထိုင်ပြီး ပြန်အထများတွင် လက်ဖဝါး ခြေဖဝါး ပို၍ တင်းခြင်း၊ ကျိန်းခြင်း၊ နာကျင်မှု ပိုများခြင်း။

အဆစ်အမျက်များ အနည်းငယ် လှုပ်ရှားရုံဖြင့် နာကျင်ခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ လက်မြှောက်မရခြင်း၊ ခါးနာ ခါးတောင့်၊ ခါးကိုက်ခြင်း၊ တင်ပါးခွက်ကြောနှင့် ပေါင်တွင်းကြောများ ထုံကျဉ်ကိုက်ခဲခြင်း၊ ဒူးနာ၊ ဒူးကိုက်၊ ဒူးဆစ်ရောင်ခြင်း၊ တံကောက်ခွက်ကြော တင်းခြင်း။

ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အောက်ပိုင်းများ လေးလံ ညောင်းညာ ကိုက်ခဲနေခြင်း၊ လက်ခြေများ မသယ်နိုင်ခြင်း၊ အာရုံကြောနှင့် အကြောများ အားနည်းခြင်း၊ လေအားနည်းခြင်း၊ လေဖြတ်၊ လေငန်း၊ သွက်ချာပါဒဖြစ်ခြင်း၊ အရိုးကျီးပေါင်းရောဂါ အမျိုးမျိုးဖြစ်ခြင်း၊ အရိုးအဆစ်အကြောနဲ့ လေးဖက်နာရောဂါများကို သက်သာပျောက်ကင်းစေတဲ့ဆေး ဖြစ်ပါတယ်"

ကဲ စာဖတ်ပရိသတ်များ ညီမလေး ခင်ခင် အညွှန်းကောင်းတာနဲ့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို သုံးစွဲလိုက်တာဟာ အခု ကျွန်မ ခံစားဖြစ်ပေါ်နေတဲ့ လေးဖက်နာရောဂါဟာ သက်သာပျောက်ကင်းသွားပါပြီ။ အဲဒါကြောင့် ဆေးစွမ်းကောင်းတစ်လက်ကို သတင်းကောင်းလေး ပါးရတာလေ။

"မှတ်ထားနော် လေးဖက်နာရောဂါဖြစ်ရင် စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို မမေ့နဲ့နော်"

**ဆရာမြင့်**

**စကြာမင်းတိုင်းရင်းဆေးတိုက်**

**အမှတ်-စ/၆၆၆၊ သုခမ္မာလမ်းမကြီး၊**

**သန္တာမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်။**

**ဖုန်း-၅၂၂၅၄၁**



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ဟာ ၁၃၇၅ ခုနှစ်ရဲ့ သီတင်းကျွတ်ကာလမှာ ကျွန်တော့် အိမ်သူရဲ့မိခင်ကြီး နေထိုင်တဲ့ ကုက္ကိုကုန်းရွာကို အရောက်သွားခဲ့ပါတယ်။ ကျွန်တော့်မိခင်ကြီးလဲ မရှိတော့တဲ့အတွက် ယောက္ခမ မိခင်ကြီးကို အိမ်သူ ဇနီးနဲ့အတူ ကန်တော့ဖို့ သွားခဲ့တာပါ။

**ကုက္ကိုကုန်းရွာကြီးဟာ မိတ္ထီလာ မြို့နယ်က ခေတ်နဲ့အညီ အလွန် စည်ကားတိုးတက်နေတဲ့ ရွာကြီး တစ်ရွာ ဖြစ်ပါတယ်။** ဒီရွာရဲ့ ထူးခြားချက်ကတော့ ရွာရဲ့ ပတ်ပတ်လည်မှာ ဘုရားကျောင်းကန်တွေ ရှိနေခြင်းပါပဲ။ ရွာအဝင်ဝမှာကို **"သိမ်ဘုရားကြီး"** ကို ခံ့ခံ့ထည်ထည် ဖူးမြင်နေရပါတယ်။


ကျွန်တော့်ရဲ့ အကြီးဆုံး သားဟာလဲ ဒီရွာရဲ့ ရွာဦး အောင်သိဒ္ဓိကျောင်းမှာ ရဟန်းဝတ်နေပါတယ်။ ယခုအခါ (၅)ဝါပင် ရနေပါပြီ။ ကျွန်တော်တို့ဇနီး မောင်နှံဟာ မိခင်ကြီးကို ကန်တော့ပြီး နောက် ညနေပိုင်းမှာ သားရဟန်း သီတင်းသုံးတဲ့ ရွာဦးက အောင်သိဒ္ဓိ ကျောင်းကို သွားကြပါတယ်။

သားရဟန်းကို ဖူးတွေ့ပြီးနောက် **"အောင်သိဒ္ဓိကျောင်းဆရာတော် အရှင်ဥာဏိက"**ကို သွားရောက် ဖူးတွေ့ကန်တော့ကြပါတယ်။

အောင်သိဒ္ဓိကျောင်း ဆရာတော်က ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပါတယ်။ ကျွန်တော်ကိုယ်တိုင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့မှ ပူဇော်ပင့်ဆောင်လာခဲ့တဲ့ မြဘုရားရုပ်ပွားတော်ကို ကပ်လှူတဲ့အခါ ဆရာတော်က ဝမ်းသာစွာ သာဓုခေါ်ပြီး...

'ဒကာကြီးက မြဘုရားရုပ်ပွားတော် ပူဇော်တော့ ကျုပ်ကလဲ ရွှေပေါ်ကျွန်းဆရာတော်ကြီးရဲ့ တပည့် မြတ်ဘက်ဆရာတော်က ချီးမြှင့်တဲ့ "အတုမရှိ မုနိထွတ်ထား သုတောင်းပြည့်မြတ်စွာဘုရား"ပုံတော်ကို ပြန်ပြီး ချီးမြှင့်လိုက်မယ်။ ဒကာကြီးတို့အိမ်မှာ ပူဇော်ထားပါ။ အလွန် တန်ခိုးကြီးပါတယ်။ ထူးခြားမှုတွေလဲ ကြုံတွေ့ပါလိမ့်မယ်'

ထိုသို့ ဆရာတော်က မိန့်ပြီး ပလတ်စတစ်လောင်းထားတဲ့ ဗုဒ္ဓရုပ်ပွားတော်ပုံ အကြီးတစ်ဆုနဲ့ အသေး နှစ်ဆု ချီးမြှင့်ပါတယ်။ ပြီးတော့ ဆရာ



အတုမရှိ မုနိထွတ်ထား သုတောင်းပြည့် မြတ်စွာဘုရား

စိတ်စွမ်းအားမြှင့်

# ကံစွမ်းအားမြှင့်

ကောင်းမြင့်မြတ်ခိုင်

ဗုဒ္ဓါနုဿတိကျင့်စဉ်တော်

နက္ခတ္တ ရောင်ခြည်မဂ္ဂဇင်း ဘူမာ



www.burmeseclassic.com

www.burmeseclassic.com



• အောင်သိဒ္ဓိကျောင်းဆရာတော် အရှင်ဉာဏိက

တော်က...

'ဒကာကြီးက စာတွေ ဘာတွေလဲ ရေးနေတာဆိုတော့ ကျုပ်ဆရာ မြတ္တာဘက်ဆရာတော်ချီးမြှင့်တဲ့ (ဗုဒ္ဓါနုဿတိကျင့်စဉ်တော်)ကိုလဲ ပေးလိုက်မယ်။ ကိုယ်တိုင်လဲကျင့် ဓမ္မဒါနလဲပြုရအောင်ပေါ့ ဒကာကြီး'

'တင်ပါ့ဘုရား ကျေးဇူးတင်ပါတယ် ဘုရား'

ဒီကျင့်စဉ်တော်ကို ထိုင်မှုနှောင့်ပြီး ကျင့်သွားရမယ်။ ရက်ပေါင်း(၉၀) အားထုတ်ရမယ်။ ရက်ပျက်ရက်ခြား မရှိရဘူး။ ထိုင်နှစ်သက်တဲ့ အချိန်မှာ အားထုတ်နိုင်ပါတယ်။ အဓိဋ္ဌာန်နဲ့ အားထုတ်ရမယ်။

အဓိဋ္ဌာန်ကျင့်စဉ်တော် မစမီ ကိုယ်လက်သန့်စင်ပါ။ တတ်နိုင်သမျှ သစ်လွင်သန့်ရှင်းတဲ့ အဝတ် ဝတ်ဆင်ပြီး အားထုတ်သင့်ပါတယ်။ မိမိရှေ့မှာ အဖြူရောင် ပိတ်စခင်းပြီးထိုင်ပါ။

ဦးစွာ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ အနန္တငါးပါးရှိခိုး၊ ငါးပါးသီလ ခံယူဆောက်တည်ပါ။ အလင်းတိုင်လှူပါ။ မိမိရဲ့ ခန္ဓာငါးပါးကိုလဲ ရတနာမြတ်သုံးပါးကို ယုံကြည်စွာ လှူပါ'

ကျွန်တော်က သိချင်တာကို မေးလျှောက်လိုက်ပါတယ်။

'ကျင့်စဉ်တော် အားထုတ်ရမယ့် နေရာသတ်မှတ်ချက်ရော ရှိလား ဆရာတော်'

'မိမိအတွက် အနှောင့်အယှက် မရှိတဲ့နေရာ၊ ဆိတ်ငြိမ်ရာနေရာ၊ သန့်ရှင်းတဲ့ နေရာမျိုးကို ရွေးပါ။ ဘုရားခန်း ဘုရားရှေ့ဆို ပိုကောင်းတာပေါ့။

အဓိဋ္ဌာန်ရက်မှာ ခရီးသွားစရာကြုံရင်လဲ ကားပေါ် ယာဉ်ပေါ်မှာ ကျင့်ပွားသွားလို့တော့ ရပါတယ်။ ဒါပေမယ့် ပဋ္ဌမအဆင့်မှာ (၁၀၈)ပတ် စိပ်ရမှာဆိုတော့ ပျက်တတ်တယ်။ အတွေ့အကြုံအရ ပြောရရင် ပျက်တာပါပဲ။ **ဒါကြောင့် နောက်ဆုံးပဋ္ဌမအဆင့်မှာ ခရီးမထွက်ရဘူး'**

'တင်ပါ့ဘုရား ဒါက သတိထားစရာပါပဲ ဘုရား'

'ဗုဒ္ဓါနုဿတိကျင့်စဉ် ဖြစ်တဲ့အတွက် ဂုဏ်တော်ကိုးပါးကို ပွားများအားထုတ်တာပဲ ဖြစ်ပါတယ်။ (၁၀၈)လုံးပုတီးကုံးနဲ့ ဒီလို စိပ်ရတယ်'

လို့ မိန့်ကာ ဆရာတော်ဟာ လက်တွေ့ ပုတီးစိပ်ပြပါတယ်။

ပုတီးစိပ်နည်းမှာ အောက်ပါအတိုင်းပဲ ဖြစ်ပါတယ်။ ဥပမာ **ဣတိပိသော ဘဂဝါ အရဟံ** ဆိုပါက **(ဣ)**လို့ဆိုကာ ပုတီးတစ်လုံးချပါတယ်။ **(တိ)**လို့ဆိုကာ ပုတီးတစ်လုံး ချပါတယ်။ **(ပိ)** လို့ဆိုကာ ပုတီးတစ်လုံး ချပါတယ်။ **(သော)**တစ်လုံး၊ **(ဘ)**တစ်လုံး၊ **(ဂ)**တစ်လုံး၊ **(ဝါ)**တစ်လုံး၊ **(အ)**တစ်လုံး၊ **(ရ)**တစ်လုံး၊ **(ဟံ)**တစ်လုံး ပုတီးစိပ်ချသွားရပါတယ်။

ဇယား-၁

၁။ ဣ တိ ပိ သော ဘ ဂ ဝါ အ ရ ဟံ *[ပုတီး ၁၀-လုံး]*

၂။ ဣ တိ ပိ သော ဘ ဂ ဝါ သမ် မာ သမ် ဗုဒ် ဓော(သမ္မာသမ္ဗုဒ္ဓေါ) *[ပုတီး ၁၂-လုံး]*

၃။ ဣ တိ ပိ သော ဘ ဂ ဝါ ဝိဇ် ဇာ စ ရ ဏ သမ် ပန် နော(ဝိဇ္ဇာစရဏသမ္ပန္နော) *[ပုတီး ၁၄-လုံး]*

၄။ ဣ တိ ပိ သော ဘ ဂ ဝါ သု ဂ တော *[ပုတီး ၁၀-လုံး]*

၅။ ဣ တိ ပိ သော ဘ ဂ ဝါ လော က ဝိ ဒူ *[ပုတီး ၁၁-လုံး]*

၆။ ဣ တိ ပိ သော ဘ ဂ ဝါ အ နုတ် တ ရော ပု ရိ သ ဒမ် မ သာ ရ ထိ (အနုတ္တရောပုရိသဒမ္မသာရထိ) *[ပုတီး ၁၉-လုံး]*

၇။ ဣ တိ ပိ သော ဘ ဂ ဝါ သတ် ထာ ဒေ ဝ မ နုတ် သာ နံ(သတ္ထာဒေဝမနုဿာနံ) *[ပုတီး ၁၄-လုံး]*

၈။ ဣ တိ ပိ သော ဘ ဂ ဝါ ဗုဒ် ဓော(ဗုဒ္ဓေါ) *[ပုတီး ၉-လုံး]*

၉။ ဣ တိ ပိ သော ဘ ဂ ဝါ *[ပုတီး ၇-လုံး]*

**စုစုပေါင်း** ပုတီး-၁၀၈လုံး

**(၁၀ + ၁၂ + ၁၄ + ၁၀ + ၁၁ + ၁၉ + ၁၄ + ၉ + ၇ = ၁၀၈)**





www.burmeseclassic.com

www.burmeseclassic.com

**ဇယား-၂**

| | | |
|---|---|---|
| ၁။ ပထမအဆင့် တစ်နေ့ ပုတီး | (၉)ပတ်နှုန်း | (၉)ရက် |
| ၂။ ဒုတိယအဆင့် တစ်နေ့ ပုတီး | (၂၇)ပတ်နှုန်း | (၉)ရက် |
| ၃။ တတိယအဆင့် တစ်နေ့ ပုတီး | (၄၅)ပတ်နှုန်း | (၉)ရက် |
| ၄။ စတုတ္ထအဆင့် တစ်နေ့ ပုတီး | (၈၁)ပတ်နှုန်း | (၉)ရက် |
| ၅။ ပဥ္စမအဆင့် တစ်နေ့ ပုတီး | (၁၀၈)ပတ်နှုန်း | (၉)ရက် |

စုစုပေါင်း(၉)ရက် ×(၅)ဆင့် = (၄၅)ရက်

**ဇယား-၃**

| | |
|---|---|
| ၁။ ဣ တိ ပိ သော ဘ ဂ ဝါ | *[ပုတီး ၇-လုံး]* |
| ၂။ ဣ တိ ပိ သော ဘ ဂ ဝါ ဗုဒ် ဓေါ | *[ပုတီး ၉-လုံး]* |
| ၃။ ဣ တိ ပိ သော ဘ ဂ ဝါ သတ် ထာ ဒေ ဝ မ နုတ် သာ နံ | *[ပုတီး ၁၅-လုံး]* |
| ၄။ ဣ တိ ပိ သော ဘ ဂ ဝါ အ နုတ် တ ရော ပု ရိ သ ဒံ မ သာ ရ ထိ | *[ပုတီး ၁၉-လုံး]* |
| ၅။ ဣ တိ ပိ သော ဘ ဂ ဝါ လော က ဝိ ဒူ | *[ပုတီး ၁၁-လုံး]* |
| ၆။ ဣ တိ ပိ သော ဘ ဂ ဝါ သု ဂ တော | *[ပုတီး ၁၀-လုံး]* |
| ၇။ ဣ တိ ပိ သော ဘ ဂ ဝါ ဝိဇ် ဇာ စ ရ ဏ သံ ပန် နော | *[ပုတီး ၁၅-လုံး]* |
| ၈။ ဣ တိ ပိ သော ဘ ဂ ဝါ သံ မာ သံ ဗုဒ် ဓေါ | *[ပုတီး ၁၂-လုံး]* |
| ၉။ ဣ တိ ပိ သော ဘ ဂ ဝါ အ ရ ဟံ | *[ပုတီး ၁၀-လုံး]* |

**စုစုပေါင်း** ပုတီး-၁၀၈လုံး

**(၇ + ၉ + ၁၅ + ၁၉ + ၁၁ + ၁၀ + ၁၅ + ၁၂ + ၁၀ = ၁၀၈)**

**ဇယား-၄**

| | | |
|---|---|---|
| **၁။ ပထမအဆင့် တစ်နေ့ ပုတီး(၉)ပတ်နှုန်း** | ⇨ | **(၉)ရက်** |
| **၂။ ဒုတိယအဆင့် တစ်နေ့ ပုတီး(၉)ပတ်နှုန်း** | ⇨ | **(၉)ရက်** |
| **၃။ တတိယအဆင့် တစ်နေ့ ပုတီး(၉)ပတ်နှုန်း** | ⇨ | **(၉)ရက်** |
| **၄။ စတုတ္ထအဆင့် တစ်နေ့ ပုတီး(၉)ပတ်နှုန်း** | ⇨ | **(၉)ရက်** |
| **၅။ ပဥ္စမအဆင့် တစ်နေ့ ပုတီး(၉)ပတ်နှုန်း** | ⇨ | **(၉)ရက်** |

**စုစုပေါင်း(၉)ရက် ×(၅)ဆင့် = (၄၅)ရက်**

အသံထွက်အတိုင်း အသံတစ်သံ ပုတီးတစ်လုံးနှုန်း စိပ်သွားခြင်းပဲ ဖြစ်ပါတယ်။ ဂုဏ်တော်ကိုးပါး ပြီးဆုံးတဲ့အခါ (၁၀၈)လုံးကွက်တိ ဖြစ်ရပါတယ်။ ပုတီးတစ်ပတ် ရပါတယ်။

** * * (ဇယား-၁)*

အထက်ပါအတိုင်း ပုတီး(၁၀၈)လုံး အတိအကျ မများမယွင်း စိပ်ပါက ပုတီးတစ်ပတ် အောင်မြင်ပါတယ်။ ဒီပုတီးစိပ်နည်းဟာ **"အနုလုံ"** စိပ်နည်းပဲ ဖြစ်ပါတယ်။

အနုလုံ ပွားများနည်းကို (၄၅)ရက် အားထုတ်ရမှာ ဖြစ်ပါတယ်။ အားထုတ်ပုံကတော့...

** * * (ဇယား-၂)*

## ပဋိလုံအားဖြင့် ပူဇော်နည်း

** * * (ဇယား-၃)*

အထက်ပါအတိုင်း ပဋိလုံအားဖြင့်လည်း ဂုဏ်တော်ကိုးပါးကို ပုတီး(၁၀၈)လုံး တိတိကျကျရအောင် ပုတီးစိပ်ရပါတယ်။ မများယွင်းစေရပါဘူး။ မှားရင် အစက ပြန်စိပ်ရပါမယ်။

တစ်နေ့တာ ကျင့်ရမယ့် ကျင့်စဉ်ကို အစမှ ပြန်စရမှာကို ဆိုလိုတာ ဖြစ်ပါတယ်။ ပဋိလုံကျင့်ပွားနည်းကိုလဲ (၄၅) ရက် အားထုတ်ရပါမယ်။

** * * (ဇယား-၄)*

ရက်ပေါင်း(၉၀)တိတိ အဓိဋ္ဌာန်ကျင့်စဉ်တော် အားထုတ်ပြီးပါက အဓိဋ္ဌာန်အောင်ပါတယ်။ မိမိလိုရာဆုတစ်ဆုတည်း တောင်းပါ။ ဤအဓိဋ္ဌာန်ကျင့်စဉ်တော်ကို အနုလုံအားဖြင့် ရက်ပေါင်း(၄၅)ရက်၊ ပဋိလုံအားဖြင့် ရက်ပေါင်း(၄၅)ရက် ပွားများအားထုတ်ခဲ့ပုံကို မိမိတို့ ပြောဆိုတတ်သလို **"သစ္စာဆို၍"** ဆုတောင်းပါက ပိုမို ဆုတောင်းပြည့်ပါမယ်။

သဒ္ဓါနဲ့ ပညာ ရှေ့ထားပြီး စေတနာ**ကံ**ကောင်းတွေ၊ တွေးကြံစဉ်းစား**ဉာဏ်**ကောင်းတွေ၊ မဆုတ်မနစ် ကြိုးစားအားထုတ်မှု **ဝီရိယ**ကောင်းတွေ ပေါင်းစုလိုက်တဲ့အခါ တောင်းဆုတွေ ပြည့်မှာ မလွဲပါဘူး။

အထူးအခြား အောင်မြင်လိုက ထူးထူးခြားခြား ကြိုးစားကျင့်ကြံအားထုတ်ရပါမယ်။ **ရက်ပေါင်း(၉၀)၊ အဓိဋ္ဌာန် အကြိမ်ပေါင်း(၁၂)ကြိမ် အောင်မြင်အောင် ကြိုးစားနိုင်ပါ့မလား၊ နက်နဲခက်ခဲသော လျှို့ဝှက်ကျင့်စဉ်တော်ဖြစ်၍ အရိပ်ပြပေးလိုက်ခြင်း ဖြစ်ပါတယ်။**

**ကောင်းမြင့်မြတ်စိန်**



www.burmeseclassic.com

www.burmeseclassic.com

# ကောလင်းနယ်မှ

ဆေးဖက်ဝင် အပင်များ (၂)

ယခင်လမှ အဆက်



● လျှော်ဖြူပင်

## ဝံအူမြစ်

ပေါက်နွယ်ကဲ့သို့ နွယ်ပင်ဖြစ်၍ အရွက်များလည်း ဆင်တူသည်။ ဒေသခံများက ဝံအူမြစ်ကို အနာမန်းဝင်ခြင်း၌ လိမ်းကျံပေးကြသည်။ ဆေးကျမ်း အလိုအရ အရိုးကျိုးဒဏ်ရာတွင် ဝံအူမြစ်အစိုကို ကြိတ်၍ စည်းအုံပေးကာ အရိုးဆက်စေသည်။

အဆစ်ရောင်၊ ကိုက်ခဲ၊ ဖောရောင်ခြင်း၊ မကျက်နိုင်သော အနာအိုအနာပျက်များအတွက် ဝံအူမြစ်ကို ထောင်း၍ အရက်နှင့်စိမ်ကာ လိမ်းပေးရသည်။ အနာများ ငန်းမန်းလိုက်၍ ရောင်ရမ်းနေလျှင် ဆန်ဆေးရည်နှင့် သွေးလိမ်းရသည်။

အကြောတင်၊ အကြောထုံး၊ အကြောကပ်၊ အကြောရောင်၊ အဆစ်ရောင်၊ သွေးလေ မလျှောက်ခြင်းတို့အတွက်လည်း ဆန်ဆေးရည်နှင့် သွေးလိမ်းနိုင်သည်။

ကျွဲ၊နွားတို့ အနာတွင် ပိုးကျပါက ဝံအူမြစ်ကို သွေး၍ ရေနံချေးနှင့် ဖျော်ကာ လူးပေးရသည်ဟု ဖော်ပြသည်။ စိမ့်တွင်းတောင်၌ တွေ့ရှိရသည်။

## လျှော်ဖြူပင်

နတ်သျှင်တောင်၌ ပေါများစွာ တွေ့ရသည်။ ခမောက်တောင်၌လည်း ရှိ၏။ အရွက်များက လက်ချောင်းပမာ ဖြာကာ (၅)ရွက်မှ (၉)ရွက်အထိ ထွက်တတ်သည်။

ရိုးတံတစ်ခုမှ ဖြာထွက်ခြင်းဖြစ်ကာ ရွက်ညှာ အလွန်တို၏။ အပင်ကို ဓားနှင့် ထစ်ထားပါက အစေးများ ထွက်သည်။

နာရီ အနည်းငယ်ကြာသောအ[illegible] အစေးများ မာခဲသွားသည်။ ယ[illegible] **"ဆေးကုလားမ"**ဟု [illegible]ခေါ်သည် ဒေသခံများက ထိုဆေးကုလားမ[illegible]



www.burmeseclassic.com

www.burmeseclassic.com



● စစ်ဒီး(သစ်သား)ပင်

ရေစိမ်သောက်ပါက ရေငတ်နာ၊ ဆီးဝေဒနာနှင့် ခါးအောင့်ခြင်းတို့ သက်သာစေသည်ဆို၏။

ဆေးကျမ်းတွင်မူ...

❂ **ဆီးပူရောဂါအတွက်** ဆေးကုလားမကို သကြားနှင့်စိမ်၍ သောက်ရသည်။

❂ **ဆီးခိုးမှုတ်၍ မျက်စိပူလောင်ခြင်းရောဂါအတွက်** ဆေးကုလားမ (၈)ပဲသား၊ ယမ်းစိမ်း (၈)ပဲသား၊ သကြား(၅)ကျပ်သားကို ရေစိမ်ကာ ဆေးကုလားမများ ပွလာသောအခါ သောက်ပေးရသည်။

❂ **ရင်ပူ၍ ရေငတ်သောရောဂါအတွက်** ဆေးကုလားမ (၁)ကျပ်သား၊ သကြား (၅)ကျပ်သားရော၍ စိမ်ထားသည့်ရေကို ရေငတ်မပြေမချင်း ရေအစား သောက်ပေးရသည်။

❂ **ကလေးသူငယ် ဆီးပူဆီးချုပ်ရောဂါအတွက်** ဆေးကုလားမ ရေစိမ်၍တိုက်၊ ဆီးအိမ်ပေါ်၌ ရေညှိနှင့်ရော၍ ကြိတ်ပြီး အုံပေးရသည်။

❂ **အဆုတ်ရောင်၊ သရက်ရွက်ရောင်ရောဂါအတွက်** ဆေးကုလားမ စိမ်ရေကို မကြာခဏ သောက်ပေးရသည်။

အရိုးကျိုးခြင်းနှင့် အနာများအတွက် လျှော်ဖြူမြစ် အခေါက်ကို ကြိတ်၍ အုံပေးရသည်။ လိင်ဥရောင်ရောဂါအတွက် လျှော်ဖြူမြစ် သို့မဟုတ် အခေါက်ကို သွေး၍ လိမ်းရသည်။ အနာမန်းအားကြီး၍ ရောင်ခြင်းအတွက် လျှော်ဖြူရွက်အညွန့်ကို ကြိတ်၍ အုံပေးရသည်။

ဟု ဖော်ပြထားသည်။

## သစ်စေးပင်

ခမောက် တောင်စောင်းများတွင် ပေါများစွာ တွေ့ရသည်။ သစ်မာပင်ဖြစ်ကာ အနှစ်သားမှာ ပိတောက်နှစ်ကဲ့သို့ နီရဲသည်။ ကျစ်လျစ် မာကြောသည်။

သို့သော် သံရိုက်မခံ အက်ကွဲတတ်သဖြင့် လွှန်ပူထိုး၍ သပ်လျှိုသုံးလေ့ရှိသည်။

အစေးနှင့် မတည့်သူတို့ အစေးစက်၍ ရောင်ကိုင်း ယားယံတတ်သည်။

ထိုအခါ **ဟုန်းမြစ်**ကို သွေးလူးပေးရသည်ဆို၏။ ထိုအစေးကို အရေပြားရောဂါတို့အတွက် ဆေးဖော်ရာ၌ အသုံးပြုကြသည်။

## စူလာနဖာ


စိမ့်တွင်းတောင်၊ ကသစ်ကုန်း၌ အနီး ကျောက်လှေကုန်းတို့၌ ပေါများ

www.burmeseclassic.com



စူလာနဖာ

ကတွတ်သီး



စွာ တွေ့ရသည်။

အရွက် အရင်းအဖျား ချွန်ကာ မြေမှ အနည်းငယ် ကွာ၍ ဝေဆာစွာ အုံ့ဆိုင်းနေတတ်၏။ အမြင့်တစ်ပေ၊ တစ်ပေခွဲမျှသာ ရှိသော

ချုံပင်ဖြစ်သည်။

အရေပြား ယားယံခြင်းအတွက် ပဋ္ဌငါးပါးအမှုန့်ပြုကာ လူးပေးရသည်။

သွေးအန်သွေးကျ ရောဂါများအတွက် စူလာနဖာပြုတ်ရည်တွင် ပျားရည်စွက်ကာ သောက်ပေးရသည်။

ရဲယိုရွက်



www.burmeseclassic.com

www.burmeseclassic.com



ရဲယိုပင်

ကိုယ်ရေဝါခြင်းအတွက် စူလာနဖာ ကို ရေနွေးဖြော၍ သောက်ပေးရ သည်။

## သမြားဥ

စိမ့်တွင်းတောင်၊ လိုဏ်ဂူတောင်တို့ ၌တွေ့ရသည်။ အရွက်မှာ ရှားစောင်း သက်ဆက်ပင်ကဲ့သို့ အဆစ်ကလေး များအဖြစ် တွေ့နိုင်သည်။

**ဂုံချို၊ ဂုံခါး၊ ဂုံဗောဓိ၊ ဂုံလက်တို့** ကို**သမြား**ဟူ၍ ဂုံငါးမျိုးတွင် ပါဝင်သော သမြားပင်ဖြစ်သည်။

အသားကြေခြင်းများအတွက် ကျပ် ညည်းပေးရသည်ဆို၏။

မွန်ပြည်နယ်၊ မုဒုံမြို့ ဘုရားလေးဆူ ရပ်ကွက်မှ အကြောပြင်ဆရာ ဦးအုန်း မြိုင်က ဂုံသမြားမြစ်ပြုတ်ရည်ကို သောက်ပေးခြင်းဖြင့် သွေးကင်ဆာ ဆေးနာ လျော့ပါး သက်သာလာသည် ဟု ပြောပြသည်။

## ကတွတ်ပင်

ခမောက်တောင် အပါအဝင် ကောလင်း နယ် တောင်များတွင် တွေ့ရ တတ်သည်။ သဖန်းသီးနှင့် တူ၍ အပင်လည်း တူသည်။ ပင်စည်မှ ရိုးတံထွက်ကာ အခိုင်လိုက် သီးလေ့ရှိ သည်။

အပူ လောင်ခြင်း အတွက် ကတွတ်မြစ် ကြိတ်ရည် လိမ်းပေးကြ သည်။ ဆေးကျမ်း အလို အရ ဆီးချုပ် ဆီးအောင့် ရောဂါအတွက် ကတွတ် မြစ် သတ္တုရည်ကို သောက်ပေးရသည်။

အပူကြီးသော် ကတွတ်မြစ်ကို နွားနို့နှင့်ကျို၍ သောက်ပေးရသည်။

အနာကြီးရောဂါအတွက် ကတွတ် ခေါက်၊ ကတွတ်သီးကျိုကာ ဖန်ရည် ဆေးပေးရသည်ဟု ဖော်ပြထား သည်။

## ရဲယို

ထမင်းစားပြီးသောအခါ ရဲယိုသီး မှည့်ကို သကြား၊ ထန်းလျက် အနည်း ငယ်ဖြင့် စားပေးလျှင် အစာကြေ၍ လေပူဆန်ခြင်း ပျောက်ကင်း၏။ အရွက်ကိုလည်း တို့မြှုပ် ချက်ပြုတ်စား နိုင်သည် ဆိုလေသည်။

**ခွန်စိုင်းဝမ်း**

မည်သူမဆို ကျွဲဝင် ရေးသားနိုင်ပါသည်...

စာမူပို့ရန်

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၃၃၊ (၂၉)လမ်း၊
ပန်းဘဲတန်းစာတိုက်၊
ရန်ကုန်မြို့။
ဖုန်း-၀၁ ၂၄၂၂၈၄



www.burmeseclassic.com

www.burmeseclassic.com

( ကြော်ငြာဆောင်းပါး )



# သွေးတိုးရောဂါရှင်များ . .

# စကြာမင်း

အမှတ်တံဆိပ်

# သွေးတိုးကျဆေး ကိုဆောင်ထား ကိုရဲ



"အတော်ပဲ မြတ်တို့ညီမ အသည်းသာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်နော်" "အော် မမမြင့် လာ တစ်ခါထဲဝင်စားလိုက်လေ" "ဘာဟင်းချက်ထဲဟင်" "မမမြင့်ရေ မနေ့က စင်ကာပူက အစ်ကိုကြီးပို့တာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲ စားချင်တယ်ဆိုလို့ ထမင်းလွှတ် ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ၊ တော်ပါပြီအေမစားရဲပါဘူး" "မမမြင့်ကလဲ ရောဂါရှိရင် ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ၊ သွေးတိုးရှိလို့ ဟိုဟာမစားရဲ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား၊ အခုတော့ စားချင်တာစားလို့ရပြီ မမမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအံ့သြနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့သြဘနန်းပဲ" "ဟုတ်တယ် မမမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားများတာနဲ့ သွေးကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက် ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမမြင့်ရဲ့" "ဟင် ဟုတ်လား၊ တစ်ယောက်ထဲ ကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မမကိုလဲ ပြောအုံးလေ" "လာပါ မမမြင့်ရယ် ဆေးကို နောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်းသလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမမြင့်ကို ဘေးဖြစ်အောင်တော့ မလုပ်ပါဘူး" "စိတ်ချလက်ချသာစားပါ မမမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီးတာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ လင်ရောမယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီပေါ့၊ များများသာထည့်" "ဟား ဟား။ ဟင်း ဟင်း ဟင်း"

"မြတ်တို့ဇနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြဲစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ပေးပါ့မယ်မမမြင့်ရယ်၊ ရော့ ရော့ ၅ ပြားသောက်လိုက်" "မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေး**ကိုး"

"ဟုတ်တယ်မမမြင့်ရေ သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထား သင့်တဲ့ ဆေးကတော့ **ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် သွေးတို[း] ကျဆေး**ပဲ ဖြစ်ပါသတဲ့ရှင်" "သမားတော် **ဆရာမြင့်**[ရဲ့] **စကြာမင်း သွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်၊ ဒါနဲ့အခြ[ား] ဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့သွေးတိုးရောဂါဖြစ်ခြင်း[း] သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေခြ[င်း] နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါ[င်း] အုံခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်[း] အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါ[ဖြစ်] ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်းနည[်း] စားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြ[င်း] စတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတော[င်] ကျော်ပါပေါ့လား၊ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲ မမမြ[င့်]" "အေးဗျာ ဘယ်လိုမှမခံစားရဘူး၊ အရင်ကဆိုရင် ဒီလိုသွေးတ[ိုး] စာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ" "ဒါကြေ[ာင့်] သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "ဟုတ[်] တော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲအတွက်လဲ အုန်[းနို့] ခေါက်ဆွဲ ယူသွားအုန်းမှပဲ" "ဒီမှာ မမမြင့်ရေ၊ အဆင်သင့်ထ[ည့်] ထားပြီးပြီ၊ ရော့၊ ဒါက **စကြာမင်းသွေးတိုးကျဆေး**၊ ကိုရဲကို[ ] ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့လ[ို့]"

"အေးအေး၊ ပြောရုံမဟုတ်ဖူး လက်တွေ့ပြလိုက်မယ်"

"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသ[ူ] ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်း ... ကို့ရဲ့ စေတ[နာ] မေတ္တာကြောင့် အခု ကျွန်... နတဲ့ သွေး[တိုး] ရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်က[င်း] ချမ်းသာရာရခဲ့ပါပြီ၊ ဒါကြောင့် တဖတ်ပရိသတ်ကြီးရေ ကျွန်[ုပ်] ခြင်း ဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင်[... ] ဒါပေမဲ့...**စကြာမင်းသွေးတိုးကျဆေး**တော့ ဆောင်ထားဖို့[... ] လိုလိမ့်မယ်..."

---

ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း - ၆၉၁၀၉၁၊ ၄၂၂၅၄၁

---



www.burmeseclassic.com

www.burmeseclassic.com

ပွင့်လန်းအောင်မြင်

# သူရဿတီဂါထာစွမ်းအင်

ရွှေဦး (မြိတ်)



သူရဿတီမယ်တော်ကို ယုံကြည်၍ပုံတော်ကို ကိုးကွယ်ကြသော်လည်း တွင် ပြဿနာ အခက်အခဲနှင့် စီးပွားရေးရာများ၊ အန္တရာယ်များ စသည်တို့ ကြုံတွေ့သည့်အခါ ပင့်ဖိတ်ရန် လိုအပ်ပေသည်။

ထိုသို့ ပင့်ဖိတ်ရန် ဂါထာတစ်ပုဒ်ကို စာရေးသူ **၁၉၉၉ ခုနှစ်၊ ဇွန်လထုတ်၊ နဂ္ဂတ္တရောင်ခြည်မဂ္ဂဇင်း စာမျက်နှာ (၂၄)ပါ "လက်တွေ့ သက်တန့်ချေဖျက်နည်းနှင့်ဂါထာ"** ဆောင်းပါးပါ **ဆရာ အဘဦးကျော်**ကပင် (၁၂-၈-၇၉)တွင် ချီးမြှင့်ခဲ့သဖြင့် ယနေ့တိုင် နိုင်အားသမျှ ကျင့်ဆောင်ခဲ့ရာ သူရဿတီမယ်တော်၏ ဂါထာစွမ်းအင်ကို အောက်ဖော်ပြပါအတိုင်း ရရှိခံစားနေပါသည်။

- ★ ပြောရေးဆိုရေး အောင်မြင်ခြင်း။
- ★ လူချစ်လူခင် ပေါများခြင်း။
- ★ ရောဂါဘယ ကင်းဝေးခြင်း။
- ★ စီးပွား ပွင့်လန်းအောင်မြင်ခြင်း။
- ★ အန္တရာယ်ဘေးမှ လွတ်ကင်းရှောင်ရှားနိုင်ခြင်း။
- ★ သိဒ္ဓိအမျိုးမျိုး ရရှိခြင်း။

သူရဿတီမယ်တော်၏ ဂါထာကို ယုံကြည်လိုက်နာမည့် သူတိုင်းသည် နေ့စဉ်နေ့တိုင်း အောက်ပါ ကျင့်စဉ်များကို ကျင့်ကြံအားထုတ်ရပေမည် ဖြစ်သည်။

၁။ ငါးပါးသီလကို စောင့်ထိန်းခြင်း၊

၂။ မယ်တော်၏ ရုပ်တု (သို့မဟုတ်) ပုံတော်အား ရေချမ်း၊ ဆီမီးနှင့် တကွ နှင်းဆီပန်း သို့မဟုတ် စံပယ်ပန်းကို ပူဇော်ခြင်း၊

၃။ ညအိပ်ရာဝင်လျှင် (၉)ခေါက် ရွတ်ဆိုခြင်း၊

၄။ နံနက်အိပ်ရာထလျှင် မျက်နှာသစ်ရေကို (၃)ခေါက်ရွတ်ဆို၍ မျက်နှာသစ်ခြင်း၊

၅။ ရောင်း,ဝယ်လိုသော ဥစ္စာပစ္စည်း အပေါ် နှံ့သာရေမွှေးကို (၃)ခေါက် ရွတ်၍ ပက်ဖျန်းခြင်း၊

၆။ အမှုအခင်း ဖြေရှင်းချိန်တွင် ကွမ်းယာကို (၅)ခေါက် ရွတ်ဆို၍ ဖြေရှင်းချိန်ပြီးသည့်အထိ မထွေး မထုတ်ဘဲ ဝါးမျိုနေရန်၊

၇။ ဘေးအန္တရာယ်ကြုံတွေ့လျှင် (၇) ခေါက် ရွတ်ဆိုခြင်း သို့မဟုတ် အစဉ်မပြတ် ရွတ်ဆိုခြင်း၊

ခက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| **သူရဿတီ** | = | သူရတ်သတီ |
| **အနုကမ္ပံ** | = | အနုကမ်ပံ |
| **ပညာ** | = | ပင်ညာ |
| **သိရိ** | = | သိရိန် |
| **အန္တရာယ** | = | အန်တရာယ |
| **သဗ္ဗသိဒ္ဓိ** | = | သပ်ဗသိတ်ဓိန် |
| **ဖပ္ပနံ** | = | ဖပ်ပနံ |
| **ဥံ** | = | အုံ |
| **ဇိဝှေ့** | = | ဇိတ်ဝှက်ဂေ |

**သူရဿတီဂါထာတော်**

သူရဿတီ စ မေ မာတာ၊ မာတာစ မေ သူရဿတီ။
သူရဿတီဒေဝီ အနုကမ္ပံ ဥပါဒါယ၊ ပညာ ဒေဟိမေ။
သူရဿတီဒေဝီ၊ ဓနံ ဒေဟိ မေ။
သူရဿတီဒေဝီ၊ လာဘံ ဒေဟိ မေ။
သူရဿတီဒေဝီ၊ ဘောဂံ ဒေဟိ မေ။
သူရဿတီဒေဝီ၊ ဝီယံ ဒေဟိ မေ။
သူရဿတီဒေဝီ၊ သိရိံ ဒေဟိ မေ။
သူရဿတီဒေဝီ၊ အန္တရာယဝိသောဓနံ ဒေဟိ မေ။
သူရဿတီဒေဝီ၊ သဗ္ဗသိဒ္ဓိံ ဒေဟိ မေ။
သူရဿတီဒေဝီ၊ ဖပ္ပနံ ဒေဟိ မေ။
ဥံ သူရဿတီ မမ၊ ဇိဝှေ့ ပြောက္ကမန္တို၊
ဗုဒ္ဓသာသနေန မယုံ တိဋ္ဌာတု တိဋ္ဌာတု။



www.burmeseclassic.com

www.burmeseclassic.com

ဩဘက္ကမန္တ = အောက်ကမန်တဲ့
ဗုဒ္ဓ = ဗုတ်ဓ
မယုံ = မယ်ရုံ
တိဋ္ဌာတု = တိတ်ထာတု

**အနက်**

**သူရဿတီစ၊** သူရဿတီ နတ်သမီးသည်ကား။ **မေ၊** အကျွန်ုပ်၏။ **မာတာ၊** အမိဖြစ်ပါပေ၏။ **မေ၊** အကျွန်ုပ်၏။ **မာတာစ၊** အမိသည်လည်း။ **သူရဿတီ၊** သူရဿတီ နတ်သမီး ဖြစ်ပါပေ၏။

**သူရဿတီ၊** သူရဿတီမည်သော။ **ဒေဝီ၊** နတ်သမီးသည်။ **မေ၊** အကျွန်ုပ်အား။ **အနုကမ္ပံ၊** အစဉ်သနားခြင်းကို။ **ဥပါဒါယ၊** စွဲ၍။ **ပညာ၊** ပညာကို။ **ဒေဟိ၊** ပေးပါလော့။

**သူရဿတီ၊** သူရဿတီမည်သော။ **ဒေဝီ၊** နတ်သမီးသည်။ **မေ၊** အကျွန်ုပ်အား။ **ဓနံ၊** ဥစ္စာကို။ **ဒေဟိ၊** ပေးပါလော့။

**သူရဿတီ၊** သူရဿတီမည်သော။ **ဒေဝီ၊** နတ်သမီးသည်။ **မေ၊** အကျွန်ုပ်အား။ **လာဘံ၊** ရသင့်စရာအဖြာဖြာကို ရရှိခြင်းဟူသော လာဘ်လာဘကို။ **ဒေဟိ၊** ပေးပါလော့။

**သူရဿတီ၊** သူရဿတီမည်သော။ **ဒေဝီ၊** နတ်သမီးသည်။ **မေ၊** အကျွန်ုပ်အား။ **ဘောဂံ၊** စည်းစိမ်ကို။ **ဒေဟိ၊** ပေးပါလော့။

**သူရဿတီ၊** သူရဿတီမည်သော။ **ဒေဝီ၊** နတ်သမီးသည်။ **မေ၊** အကျွန်ုပ်အား။ **ပီယံ၊** ချစ်ခင်ခြင်းကို။ **ဒေဟိ၊** ပေးပါလော့။

**သူရဿတီ၊** သူရဿတီမည်သော။ **ဒေဝီ၊** နတ်သမီးသည်။ **မေ၊** အကျွန်ုပ်အား။ **သီရိ၊** ကျက်သရေကို။ **ဒေဟိ၊** ပေးပါလော့။

**သူရဿတီ၊** သူရဿတီမည်သော။ **ဒေဝီ၊** နတ်သမီးသည်။ **မေ၊** အကျွန်ုပ်အား။ **သုခံ၊** ချမ်းသာကို။ **ဒေဟိ၊** ပေးပါလော့။

**သူရဿတီ၊** သူရဿတီမည်သော။ **ဒေဝီ၊** နတ်သမီးသည်။ **မေ၊** အကျွန်ုပ်အား။ **အန္တရာယဝိသောဓနံ** အန္တရာယ်ကင်းရှင်းခြင်းကို။ **ဒေဟိ၊** ပေးပါလော့။

**သူရဿတီ၊** သူရဿတီမည်သော။ **ဒေဝီ၊** နတ်သမီးသည်။ **မေ၊** အကျွန်ုပ်အား။ **သမ္ပတ္တိံ၊** အလုံးစုံသော အကျိုးပြီးစီးခြင်းကို။ **ဒေဟိ၊** ပေးပါလော့။

**သူရဿတီ၊** သူရဿတီမည်သော။ **ဒေဝီ၊** နတ်သမီးသည်။ **မေ၊** အကျွန်ုပ်အား။ **ဗျတ္တံ၊** မန်းမှုတ်ခြင်းကို။ **ဒေဟိ၊** ပေးပါလော့။

**ဉုံ သူရဿတီ၊** အို သူရဿတီ နတ်ဒေဝီ။ **မမ၊** အကျွန်ုပ်၏။ **ဇိဝှဂ္ဂေ၊** လျှာဖျား၌။ **ဩဘက္ကမန္တ၊** သက်ရောက်ပါလော့။ **မယုံ၊** အကျွန်ုပ်အား။ **ဗုဒ္ဓသာသနေန၊** ဘုရားသာသနာတော်ဖြင့်။ **တိဋ္ဌာတု – တိဋ္ဌာတု၊** တည်ပါစေလော့ တည်စေလော့။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ ဓမ္မာစရိယ(မဟာဝဂ္ဂါဒီမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။]*

ထိုဂါထာ စွမ်းအင်ဖြစ်အောင် ကိုယ်ကျင့်သီလ စောင့်ထိန်းကြပြီး လောကီအကျိုး တိုးပွားစေလိုပါ၏။

**နွေဦး(မြိတ်)**



# ငါးပိရည်ကျို

**အနံ့ကောင်းစေရန်**

ငါး,ငါးပိရည်ကျို စားမကုန်သဖြင့် ...
နွေးဖန်များသည့်အခါ ငေါ်(မနှစ်သက် ...
ဖွယ် အနံ့အရာတစ်မျိုး) ရှိလာတတ် ...
သည်။

ထိုအခါ မရန်းပြားတစ်ပြားမျှ ထည့်၍ ...
(နွှေး)ပေးပါက နှစ်သက်ဖွယ် ဖြစ်လာပါ ...
မည်။

(မွန်တနင်္သာရီဒေသများတွင် မရန်း...
သီးမှည့်ကို ထက်ခြမ်းခွဲ နေလှန်းကာ ...
မရန်းပြားအဖြစ် သိမ်းဆည်းလျက် ...
စားဖိုဆောင်၌ မန်ကျည်းသီးမှည့်ကဲ့သို့ ...
အချဉ်အရသာအတွက် အသုံးပြု ...
ရှိကြသည်။ မရန်းပြားက ပို၍ အချဉ် ...
စူးရှပါသည်။)

**နန်းခင်ဖြူဝင်း**





www.burmeseclassic.com

www.burmeseclassic.com

# ရန်ကင်းဝေးစေရန်

## အစီအရင် ယတြာ

ဂါမဏိဇော
(စစ်ကိုင်း၊ ဝေဒပိဋကာဓရ)

ကျွန်ုပ်တို့၏ လူ့ပတ်ဝန်းကျင်၌ ဇရိုက်မျိုးစုံ သွင်ပြင်အဖုံဖုံတို့နှင့် မတူကွဲပြားမှုတွေ များစွာရှိကြလေ၏။

ထိုစရိုက်မျိုးစုံတို့တွင် မိမိအား မလိုမုန်းထားသော ရန်သူ့ရန်ဘက်မျိုး မိမိပတ်ဝန်းကျင်တွင် မရှိပါဟု တထစ်ချဆိုနိုင်ပါ။

ထိုရန်သူမျိုးတို့သည် စီးပွားရေး၌ သူ့ထက်ငါ သာလွန်အောင် ကွက်ကျော်ရိုက်ခြင်း၊ သူတစ်ပါး စီးပွားပျက်အောင် ဖျက်ဆီးခြင်း စသည်ပြုလေ၏။

ပညာရေး၌ ကိုယ့်ထက်သာ မနာလို၍ ဖျက်ဆီးတတ်ကြခြင်းမျိုး ရှိလေ၏။ လူမှုရေး၌ သူတစ်ပါး ပြေလည်မှုကို ချေဆိတ်ခြင်း၊ ကြည့်ရှုစောင်မသော မိတ်ဆွေတို့နှင့် ကွဲပြားစေလိုခြင်းစသော လုပ်ရပ်များကို လုပ်ကြပေလိမ့်မည်။

လူတစ်ဦးတွင် ရန်သူရန်ဘက် ဆိုသည်မှာ အနည်းနှင့်အများ ရှိကြပါလိမ့်မည်။ ထိုသို့ရှိရာတွင် စီးပွား၊ ပညာ၊ လူမှုရေး စသည်တို့၌ အတိအလင်း မိန်ခေါ် ရင်ဆိုင်ယှဉ်ပြိုင်လာသော ရန်သူမျိုးကို ကြောက်ရွံ့စရာ မလိုပါ။ မိမိ၏ ကံ,ဉာဏ်,ဝီရိယတို့ဖြင့် ပြန်လည်ယှဉ်ပြိုင်လျှင် နိုင်ရပေလိမ့်မည်။

အလွန် ကြောက်စရာကောင်းသည်မှာ **မိမိ ပတ်ဝန်းကျင်အတွင်း၌ရှိ၍ အတိအလင်း ပြောဆိုခြင်း မပြုပါဘဲ နောက်ကျောမှ ဓားနှင့် ထိုးသကဲ့သို့ မိမိ၏ ပျက်စီးရာ ပျက်စီးကြောင်းကို ချို့ဝှက်ကြံစည်၍ လုပ်ကြံတတ်သူများပင် ဖြစ်လေ၏။**

ထို့ကြောင့် **"သစ်ပင်ကောက်တာမြင်ရ လူကောက်တာ မမြင်ရ"**ဟု ဆိုရိုးပင်ထားရှိခဲ့ကြလေသည်။

မိမိနှင့် အတိအလင်း ပြိုင်ဆိုင်ခြင်းလည်းမဟုတ်ဘဲ တွေ့လျှင်ချို၊ ကွယ်လျှင်မဲ့၍ စိတ်အတွင်းမှ အငြိုးထားကာ အခွင့်ရလျှင် မိမိအား တိုက်ခိုက် နှောင့်ယှက်ပေလိမ့်မည်။

ဤသို့သော ရန်သူတို့အား ပြန်လည် ရင်ဆိုင်ရန် အလွန်ခက်ပါလိမ့်မည်။

သို့အတွက် ရန်များ ပြေပျောက်စေ၍ စီးပွားရေး၊ ပညာရေး၊ လူမှုရေးတို့ အဆင်ပြေချောမွေ့စေနိုင်သော ယတြာ အစီအရင်ကောင်းတစ်ခုကို ရေးသားဖော်ပြလိုက်ပါသည်။

မိမိအား တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်တို့မှ ရန်မူနေသော်လည်းကောင်း၊ နှိမ့်ကျအောင် ဖိနှိပ်၍နေသော် လည်းကောင်း အနှောင့်အယှက်များ ပေးနေသော်လည်းကောင်း၊ ထိုရန်များ ပြေပျောက်စေရန်အတွက် မိမိတို့၏ နေ့နံအလိုက် အောက်ဖော်ပြမည့် ယတြာ အစီအရင်၌ ပါသည့်အတိုင်း **မိမိ အဝတ်စတစ်ခုကို သစ်ပင်မှာ ချည်၍ သစ်ကိုင်းနှင့် အသက်အောင့်၍ (၉)ချက်ရိုက်ပါ။**



စိတ်မှလည်း မိမိအား ရန်ပြုသူကို ရည်မှန်း၍ မေတ္တာပို့ခြင်း၊ လိုရာဆန္ဒ ပြောဆိုခြင်း စသည် ပြုပေးပါ။

တစ်လအတွင်း ဘေးရန်များသည် မိမိဘက်မှလွဲ၍ အခြားသို့ ရောက်သွားပါလိမ့်မည်။ အကူအညီကောင်းများ ရရှိ၍ နောက်ဆုံး၌ ရန်သူသည် မိတ်ဆွေကောင်း ဖြစ်လာပါလိမ့်မည်။

### ရန်များ ပြေပျောက်စေရန် ယတြာ

**တနင်္ဂနွေသားသမီးဖြစ်မူ...**

မိမိ၏ အဝတ်စတစ်ခုကို အုန်းပင်မှာ ချည်၍ **ညောင်ကိုင်းတစ်ခု**နှင့် အသက်အောင့်၍ ကိုးချက်ရိုက်ပါ။ အနည်းဆုံး (၃)ခါ လုပ်ပါ။

ဆက်လုပ်လျှင် ပို၍ကောင်းပါသည်။ အထူးပင် သိသာ၍ အောင်မြင်ပါလိမ့်မည်။

**တနင်္လာသားသမီးဖြစ်မူ...**

မိမိ၏ အဝတ်စတစ်ခုကို **ကံ့ကော်ပင်မှာ ချည်၍ ငှက်ပျောရွက်တစ်ခု**နှင့် အသက်အောင့်၍ ကိုးချက်ရိုက်ပါ။

www.burmeseclassic.com

(၃)ခါ ပြုလုပ်ပေးပါ။ အထူး သိသာ၍ အောင်မြင်ပါလိမ့်မည်။

**အင်္ဂါသားသမီးဖြစ်မှု...**

မိမိ၏ အဝတ်စတစ်ခုကို ဆီးပင်မှာ ချည်၍ **မန်ကျည်းကိုင်းတစ်ခုနှင့်** အသက်အောင့်၍ ကိုးချက်ရိုက်ပါ။ အနည်းဆုံး (၃)ခါ ပြုလုပ်ပါ။ အထူး သိသာ၍ အောင်မြင်ပါလိမ့်မည်။

**ဗုဒ္ဓဟူးသားသမီးဖြစ်မှု...**

မိမိ၏ အဝတ်စတစ်ခုကို **မဲဇလီပင်မှာ ချည်၍ ဒန့်ညွန့်နှင့် အသက်အောင့်၍** ကိုးချက်ရိုက်ပါ။ အနည်းဆုံး (၃)ခါ ပြုလုပ်ပါ။ အထူး သိသာ၍ အောင်မြင်ပါလိမ့်မည်။

**ကြာသပတေးသားသမီးဖြစ်မှု...**

မိမိ၏အဝတ်စတစ်ခုကို **ငှက်ပျောပင်မှာ ချည်၍ တမာကိုင်းနှင့်** အသက်အောင့်၍ ကိုးချက်ရိုက်ပါ။ အနည်းဆုံး (၃)ခါ ပြုလုပ်ပါ။ အထူး သိသာ၍ အောင်မြင်ပါလိမ့်မည်။

**သောကြာသားသမီးဖြစ်မှု...**

မိမိ၏ အဝတ်စတစ်ခုကို **သီဟိုဠ်မှာ ချည်၍ ကံ့ကော်ကိုင်းနှင့်** အသက်အောင့်၍ ကိုးချက်ရိုက်ပါ။ အနည်းဆုံး (၃)ခါ ပြုလုပ်ပါ။ အထူး သိသာ၍ အောင်မြင်ပါလိမ့်မည်။

**စနေသားသမီးဖြစ်မှု...**

မိမိ၏ အဝတ်စတစ်ခုကို **တမာပင်မှာချည်၍ ငှက်ပျောရွက်နှင့် အသက်အောင့်၍** ကိုးချက် ရိုက်ပါ။ အနည်းဆုံး (၃)ခါ ပြုလုပ်ပါ။ ဆက်လုပ်လျှင် ပို၍ကောင်းပါသည်။ အထူး သိသာ၍ အောင်မြင်ပါလိမ့်မည်။

***ရန်သူဘေးမှ ကင်းဝေးကြပါစေ။***

*ဂါမဏီဇော်*

*(စစ်ကိုင်း၊ ဝေဒဝိဇ္ဇာဓရ)*

ကျွဲ၊ နွား

# ဝမ်းလျှောဝမ်းပျက်

ဆေးမခက်ပါ



မိုးရာသီကာလတစ်ခုတွင် ကျွန်ုပ်သည် **နတ်မောက်မြို့နယ်၏ အနောက်မြောက်ဘက် ဝမ်းတောရွာသို့** ရောက်ရှိသွားရာ **နွားဆေးသမား ဦးလေးဦးသန်းထံသို့** ဝင်ရောက်ဖြစ်သည်။

ဦးလေးဦးသန်းသည် နီးစပ်ရာရွာလေး၊ ငါးရွာအတွက် မြန်မာ့ရိုးရာ နွားဆေးသမားတစ်ဦးအဖြစ် လူတိုင်း သိပါသည်။

ဦးလေးသန်းထံ ရောက်တိုင်းလည်း လက်တွေ့အသုံးပြုနေသော ဆေးကျမ်းများတွင်မပါသော နွားဆေးနည်း တစ်ခုမဟုတ်တစ်ခု ရတတ်ပါသည်။

ယခု ကျွန်တော် ရောက်ရှိသွားစဉ်တွင်...

'ဦးလေးသန်း မီးဖိုထဲမှာ ဘာလုပ်နေတာလဲ'

'ဩော်... မောင်နေ လာရောကွ၊ ဘယ်က လှည့်လာလဲ၊ ထိုင်ဦး'

'ရပါတယ် ဦးလေးရ... ဘာလုပ်နေတာလဲ'

'လက်ဖက်ခြောက် လှော်နေတာပါကွာ ပြီးပါပြီ'

'ရေနွေးကြမ်းသောက်ရင် မွှေးအောင်လို့လား'

'ခုဟာက လူအတွက် မဟုတ်ဘူးကွ။ ဦးလေးနွားအတွက်။ မနေ့က **တောပန်းငရုတ်တွေ စားမိတယ် ထင်ပါတယ်ကွာ။ ဝမ်းလျှော ချေးပန်းနေလို့ကွ'**

'အဲဒါကို ဘယ်လို လုပ်မှာလဲ'

'ကြည့်ထားပေါ့ကွာ'

ထို့နောက် ဦးလေးဦးသန်း လုပ်[...]

သည်မှာ...

*လှော်ထားသော လက်[...] ခြောက်အကောင်းစား နို့ဆီတစ်[...] ကို ညက်စွာ အမှုန့်ထောင်းပြီး [...] မျော်ကာ ဝမ်းလျှောနေသော နွား[...] တိုက်ကျွေးပါသည်။*

*ထို့နောက် ထယ်ငါးမိနစ်ခန့် [...] သောအခါ နမ်းဆီ ဟင်းသောက်[...] ငါးဇွန်း၊ သံပရာသီးနှစ်လုံး အရည်[...] သကြားဟင်းသောက်ဇွန်း တစ်[...] ထားလက်ဖက်စားတစ်ဇွန်း ရောမျှ[...] တိုက်ကျွေးလိုက်သည်ကိုတွေ့မြင်ရ[...]*

ထို့နောက်မှ...

'ကဲ မြင်ပြီလား မောင်နေ...ကျွဲ[...] ဝမ်းလျှောဝမ်းပျက်ဖြစ်ရင် အဲသ[...] လုပ်ပြီး တိုက်ကျွေးပေးလိုက်။ ဝမ်းလျှော[...] တာ ချက်ချင်းရပ်သွားပြီး ကုန်ခန်း[...] တဲ့အားလဲ ပြန်ပြည့်သွားစေတ[...] နောက်နေ့မှာ လုပ်ခွင်မပျက် နိုင်[...] သုံးလို့ ရတယ်'

ဦးလေးဦးသန်းထံမှ လက်[...] သိမြင်ခဲ့ရသည်ကို ရေးသားတ[...] အပ်ပါသည်။

နေမဝင်(နတ်မောက်)



www.burmeseclassic.com

www.burmeseclassic.com

အမျိုးသမီးများ

# မီးယပ်ချမ်းရောဂါအတွက်

ဆေးတစ်လက်နှင့် ပတ်သက်၍

တိုင်းရင်းဆေးပညာ သဘောတရားအမြင်ဖြင့် ထပ်ဆင့်ဖြည့်စွက် ဖြေကြားချက်

ဦးမင်းဇင်
(ရွှေနဝင်း)

အမျိုးသမီးများတွင် အဖြစ်များသော မီးယပ်ချမ်းရောဂါနှင့် ပတ်သက်၍ ၂၀၁၃ ခုနှစ်၊ ဖွန်လထုတ်၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ စာမျက်နှာ (၂၀၀) တွင် ဦးလှကြည်(အောင်လံမြို့) ရေးသား တင်ပြထားသော ''မီးယပ်ချမ်းရောဂါအတွက် ဆေးတစ်လက်'' ဆောင်းပါး၏ အောက်ခြေ မှတ်ချက်တွင် စာတည်းချုပ် ဆရာဦးကျော်မိုးသိန်းမှ စာရှုသူ သုတေသီတို့မှ သိလျှင် ဖြေကြားပေးကြပါရန် မှတ်ချက်ပါရှိသည့်...အတိုင်း ဆောင်းပါးရှင် ''နတ်မောက် လှမြင့်သစ်''မှ သူလေ့လာ စုံစမ်းမေးမြန်း ရရှိခဲ့သမျှကို စာဖတ်သူများ ဗဟုသုတပွားစေရန် ဖြန့်ဝေရေးသား ဖြေကြား တင်ပြခဲ့ပါသည်။

သို့သော်လည်း ဆေးပညာ အမြင်အရ လိုအပ်ချက်လေးများကို ပြည့်စုံသည်ထက်ပိုပြီး ပြည့်စုံအောင် ဖြည့်ဆည်းပေးချင်သည့် စေတနာတရားဖြင့် စာဖတ်သူ ပရိသတ်များ ပိုမိုပြီး ဆေးပညာ ဗဟုသုတရစေခြင်းငှာ စုံလင်စွာ ရေးသားဖြေကြားပြီး ထပ်ဆင့်၍ တင်ပြလိုက်ပါသည်။

ထိုမီးယပ်ချမ်းရောဂါသည် အမျိုးသမီးတိုင်း တစ်ချိန်မဟုတ် တစ်ချိန်တွင် တွေ့ကြုံခံစားရမည့် ရှောင်လွှဲ၍ မရနိုင်သော ရောဂါဝေဒနာတစ်မျိုး ဖြစ်ပါသည်။

မီးယပ်ချမ်း ထလာပြီဆိုလျှင် စောင် (၁၀)ထပ် ခြုံပါသော်လည်း ဝမ်းတွင်းမှ လှိုက်လှိုက်ပြီး တုန်၍ ချမ်းနေသည်ကို နွေးထွေး သက်သာမှု မရနိုင်ပါ။

ထို မီးယပ်ချမ်းရောဂါသည် လက်တွေ့ခံစားနေရသောသူမှ လွဲပြီး တခြား တစ်ပါးသူက ဤမျှလောက် အခံရခက်ပြီး ဆိုးဝါးသည့်ဝေဒနာဟု သိကြမည်မဟုတ်ပေ။



ယင်းရောဂါသည် ခန္ဓာကိုယ်မှ သွေးသား ပြောင်းလဲမှုကြောင့် အပူအအေး ဝိရောဓိဓာတ် ဖြစ်ပေါ်လာပြီး အမျိုးသမီးများသာ ဖြစ်တတ်သည်ကို တွေ့ရပါသည်။

များသောအားဖြင့် မီးယပ်သွေးဆုံးပိုင်းအရွယ် အမျိုးသမီးများတွင် တွေ့ရများပါသည်။ မီးယပ်ချမ်း ထချင်လာလျှင် အချိန်အခါမရွေး ဖြစ်ပေါ်လာတတ်ပါသည်။

အများတကာ ပူအိုက်၍ ချွေးတပြိုက်ပြိုက် ထွက်နေချိန်တွင် ကိုယ်က မီးယပ်ချမ်း ထချင်ထနေတတ်ပါသည်။ သို့ပါ၍ ဘေးလူမှ ကိုယ်ချင်းစာ မသိနိုင်သည့်ရောဂါမျိုးဖြစ်ပါသည်။

မီးယပ်ချမ်းရောဂါသည် ဆေးပညာသဘောတရားအရ **တေဇော–အာကာသဓာတ်ငုပ်ပြီး ဝါယောဓာတ်အကျဉ်းမိကာ ကိုယ်ခန္ဓာအတွင်းတွင် အပူစိုက်၍ ဗဟိဒ္ဓမှ အာပေါ–အာဗန္ဓန ပတ်ဖွဲ့မှု အားကြီးခြင်းကြောင့်** ဖြစ်ပေါ်လာသည့် ရောဂါဖြစ်ပါသည်။

တစ်နည်းဆိုရသော် ခန္ဓာကိုယ်တွင်းမှာ ရှိသော အပူအအေးကို ထိန်းညှိပေးရသည့် (Thermostatcenter) ''သာမိုစတက်စင်တာ'' ခေါ်သည့် ဦးနှောက်အတွင်းမှာရှိသည့် အာရုံခံဆဲလ်လေးများ လုပ်ဆောင်ချက် ချို့ယွင်းမှုကြောင့် ဖြစ်ပေါ်လာခြင်းပင် ဖြစ်ပါသည်။

**ထို့ကြောင့် မီးယပ်ချမ်းရောဂါရှင်များသည် အပူလွန် အအေးလွန်သည့် နေရာဒေသများခြင်း၊ အဲယားကွန်းခန်းတွင် အနေများခြင်း၊ စသည် ပြုမူနေထိုင်မှုများနှင့် ပူလွန်း အေးလွန်းသော အစာအာဟာရတို့ကို သတိပြု ရှောင်ကြဉ်ပါ။**

ညသွာ ကိုယ်ငွေ့ကို အားကောင်းစေသည့် ဆေးမျိုး အစာအာဟာရမျိုးတို့ကို ရွေးချယ်သုံးဆောင် မှီဝဲသင့်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

လတ်တလော ဖြစ်ပေါ်နေသည့် မီးယပ်ချမ်းရောဂါကို ဝါးမီးလှုံခြင်းဖြင့် ဖြေရှင်းနိုင်ပါသော်လည်း ရေရှည် နောင်မဖြစ်ပေါ်ရေးအတွက် အတွင်း ဆေး အစာအာဟာရတို့ဖြင့် ပြုပြင် ပေးသွားရပါမည်။

ဝါးမီးလှုံရာတွင်လည်း တွေ့ကရာ ဝါးမီးထင်းဖြင့် မီးလှုံခြင်းထက် စနစ် တကျ ဝါးမီးလှုံရန် လိုအပ်ပါသည်။ ဝါးအမျိုးအစား များစွာရှိကြသော် လည်း မီးယပ်ချမ်းအတွက် အကောင်း ဆုံး ဝါးမီးအမျိုးအစားမှာ **ကြသောင်း ဝါး၊ ဝါးမီးပင်** ဖြစ်ပါသည်။

ကြသောင်းဝါးဆိုသည့် ဝါးကို စာဖတ်သူ မြို့ပေါ်နေသူများ သိချင်မှ သိကြပေမည်။

ထိုကြသောင်းဝါးသည် ရန်ကုန်– ပဲခူးတစ်ပိုက်တွင် ထရံရက် ဝါးကပ် လုပ်၊ ဝင်းခြံကာရာတွင် အသုံးဝင် အသုံးပြုနေကြသည့် ဝါးအမျိုးအစား ပင် ဖြစ်ပါသည်။

ကြသောင်းဝါးသည် ဝါးပိုးဝါးကဲ့သို့ ဝါးအလုံးကြီးကြီးနှင့် တစ်ဖြောင့်တည်း ပေ(၂၀/၃၀)ခန့် မြင့်မားစွာ ပေါက်ထွက် ပြီး ဝါးအဆစ်ကြဲ၍ ဝါးဝမ်းခေါင်းကျယ် ကာ ဝါးပိုးဝါးထက် ဝါးသားအနေမှာ ပါးပါသည်။

ကြသောင်းဝါးတွင် **အဆီဓာတ် တစ်မျိုး** ရှိပါသည်။ ယင်းအဆီဓာတ် သည် **ဝါယော–အာကာသဓာတ်ကို ပွင့်စေသည့် သတ္တိရှိပါသည်။** တော တောင်ထဲတွင် ဝါးခြမ်းပြား(၂)ခုကို ပွတ်၍ မီးကူး မီးပွားရာတွင် ထို ကြသောင်းဝါးကို အသုံးပြုကြပါသည်။

အလျဉ်းသင့်၍ ဤနေရာတွင် ကြသောင်းဝါး၏ ထူးခြားသည့် ဂုဏ် သတ္တိကို တင်ပြပေးချင်ပါသည်။



မြန်မာ့ရိုးရာ တိုင်းရင်းဆေးဝါးများ တွင် အထူးပြု သုံးစွဲနေသည့် **အားအင် ပြည့်ဖြိုး၍ ရသာယနဂုဏ်ကို ပေးစွမ်း စေနိုင်သည့် ဝါးစိန်(ဝါးပုလဲ) ခေါ် သည့် ဆေးပစ္စည်းကို ထိုကြသောင်း ဝါး အဆစ်များထဲတွင်သာ အများ ဆုံး ကိန်းအောင်း ရရှိနိုင်ပါသည်။** အခြားဝါးများတွင် အတွေ့ရ နည်းပါး ပါသည်။

နောက် ဂုဏ်သတ္တိတစ်မျိုးမှာ ဝါးမှ ထွက်ရှိသော မျှစ်အမျိုးအစားများစွာ ထဲတွင် ကြသောင်းဝါးအဖူးမှ ထွက်ရှိ သော **"အော်ရောချဉ်"** ခေါ်သည့် **မျှစ်နတစ်မျိုးသည်** မျှစ်တကာ မျှစ်ထဲ တွင် အကောင်းဆုံး မျှစ်အမျိုးအစား ဖြစ်ပါသည်။

လူတိုင်း မျှစ်စားဖူးကြသော်လည်း ထိုအော်ရောချဉ်မျှစ်ကို စားဖူးကြသူ လွန်စွာ နည်းပါးပါသည်။

အကြောင်းမှာ ထိုကြသောင်းဝါးမှ ဖြစ်သော အော်ရောချဉ်မျှစ်မှာ ရှီးမ တောကြီးထဲသို့ ဝါးသွားခုတ်ယူကြ သော ဝါးခုတ်သမားများသာ မိမိတို့ ခင်မင်ရာ ခင်မင်ကြောင်း မိသားစုများ စားသုံးကြစေရန်အတွက် တောပြန် လက်ဆောင်အနေဖြင့်သာ တကူး တက အချိန်ပေး၍ လုပ်ဆောင်ပြီး ယူလာကြသောကြောင့် ဖြစ်ပါသည်။

အော်ရောချဉ်လုပ်ရာတွင် လက်ဝင် လှသောကြောင့် များများ မလုပ်နိုင် ကြပါ။

ကြသောင်းဝါး မျှစ်စို့ထွက်ခါစ အဖူး နုနုထွတ်ထွတ်ကလေးများကို စု ဆောင်းပြီး ဝါးခုတ်ဓားမ အသွားထက် ထက်ဖြင့် ပါးပါးရိတ်ရိတ်ကလေးလှီး၍ နေတစ်နေ ပြပြီး ဆန်ကွဲကို ဒယ်အိုးမှာ မကျက်တကျက်ကလေးလှော်၍ ထို မျှစ်ဖူး ပါးပါးရိတ်ရိတ်ကလေးများနှင့် ရောနှော၍ မွှေပြီး ကြသောင်းဝါး အဆစ်ကြီးကြီးထဲသို့ တစ်ဖက်မှ အဆစ်ပိတ်ခံ၍ ဖြတ်ယူပြီး ယင်း အော်ရောချဉ်နုနုလေးများကို သိပ် ထည့်၍ ယင်းကြသောင်းဝါးရွက်ဖြင့် ဝါးဆစ်ဘူးအဝကို ပြန်ဆို့ပိတ်ကာ ဝါး မီးဖြင့် ဝါးဆစ်ဘူးကို ဖြည်းညင်းစွာ မီးသင့်ရုံကင်ပြီး အချဉ်ထည့်ရသည့် မျှစ်ဖြစ်သောကြောင့် လုပ်ဆောင်ရ သည်မှာ လွန်စွာ လက်ဝင် အလုပ်ရှုပ် သောကြောင့် များများစားစား မရရှိနိုင် ခြင်း ဖြစ်ပါသည်။

ထို အော်ရောချဉ် မျှစ်နုနုလေးများ ကို ဝက်သားဖြင့် ကြော်စားလိုက်လျှင် မည်သည့် ဟိုတယ်ဟင်းပွဲမှ လိုက်မမီ သည့် အရသာထူးကို လျှာပေါ်တွင် ခံစားရနိုင်သည့် သတ္တိထူး ရှိပေသည်။

**[မစားရ အညှော်ခံ ပြောနေခြင်း မဟုတ်ပါ။ စာဖတ်သူများ ဗဟုသုတ ဖြစ်စေရန် တင်ပြခြင်းဖြစ်ပါသည်။]**

စာရေးသူတို့ ငယ်စဉ်က ထို အော်ရောချဉ်မျှစ်သည် ဝက်သား(၁) ပိဿာဈေးနှင့် အော်ရောချဉ်(၁) ပိဿာဈေး ဈေးတူပေး၍ ဝယ်စားခဲ့ ရပါသည်။

တောတောင်များ ပြုန်းတီးသွား သည့် ယခုအချိန်အခါတွင် အော်ရော ချဉ်မျှစ်ကို မတွေ့ရသလောက် ဖြစ်သွား ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

ထိုအော်ရောချဉ်မှုန့်သည် မှုန့်တကာ မှုန့်ထဲတွင် အဆိပ်အတောက်ကင်းပြီး လူတိုင်းနှင့် သင့်တော်သည့် မှုန့်ဖြစ်ပါသည်။

ခံတွင်းပျက် ခံတွင်းမတွေ့သော လူနာများ ထိုအော်ရောချဉ်ဖြင့် ခံတွင်းလိုက်လာစေပါသည်။

ကြသောင်းဝါးမှ ရသော အော်ရောချဉ်မှုန့်သည် ကြေညက်လွယ်ပြီး တက်စေသည့် အဆိပ်အတောက်ကင်း၍ နှုတ်ခံတွင်းကို မြိန်စေသည့် ဂုဏ်သတ္တိနှင့် ပြည့်စုံသည့် ဆေးဖက်ဝင် မှုန့်အမျိုးအစား ဖြစ်ပါသည်။

ထိုကြသောင်းဝါးကို အသုံးပြု၍ မီးယပ်ချမ်းထနေသော ရောဂါရှင်ကို မီးလှုံပေးမည်ဆိုလျှင် **ကြသောင်းဝါး မီးလှုံရန် စနစ်ရှိပေသည်။**

၁။ ပမာဏ

ကြသောင်းဝါးခြမ်းပြား ခြောက်ခြောက်သွေ့သွေ့ **လက်တစ်ဝေ့ခန့်**သည် မီးလှုံရန်အတွက် သင့်တော်သော ပမာဏပင်ဖြစ်သည်။

၂။ မီးတောက်အား အရှိန်နှင့် အတိုင်းအရှည်

ယင်း ကြသောင်းဝါးခြမ်းပြားအရွယ် လက်(၂.၃)လုံးခန့်အနေ (၄.၅)ချောင်းကို မီးစွဲတောက်လောင်စေသည့် အနေမှ ထွက်ပေါ်လာသည့် မီးအရှိန် အပူအင်အားသည် မီးယပ်ချမ်း ထနေသည့် ဝေဒနာရှင်အတွက် အနေတော် အပူငွေ့ကို ရစေနိုင်ပါသည်။

၃။ ဝါးမီးလှုံရမည့် အချိန်အတိုင်းအရှည်

မီးယပ်ချမ်း ထနေသည့် ဝေဒနာရှင်သည် ဝမ်းတွင်းမှ ချမ်းတုန်နေသည်ကို သက်သာလာပြီး ကိုယ်ငွေ့ပြန်အားကောင်းလာပြီး ချွေးကလေး အနည်းငယ် စို့တက်လာပြီး ခြေဖျား ပူနွေးလာသည့် အချိန်တွင် မီးလှုံခြင်းကို ရပ်နားထားရမည်။

မီးလှုံခြင်းကို ရပ်တန့်၍ ရေနွေးပူပူကို ပူကန်ပွင့်ကြွေစေသည့် သတ္တိရှိသော ဆေး(၁)မျိုးမျိုးနှင့် တွဲ၍ သောက်စေရမည်။

ဤသို့ ဝါးမီးလှုံရမည့် အတိုင်းအရှည်၊ မီးအား ပမာဏကို ချင့်တွက်ပြနေရခြင်းသည် ထိုမီးယပ်ချမ်းရောဂါဝေဒနာရှင်များသည် မီးလှုံတာ လွန်၍ ဗဟိဒ္ဓတေဇောဓာတ်အား လွန်သွားလျှင် ယင်းလူနာ၏ ခန္ဓာကိုယ်တွင်းမှာ အာပေါဓာတ် ခန်းခြောက်သွားပြီး လူနာသည်...

- ❖ အသားအရည် ခြောက်သွေ့၍ အသားယပ် အသားအက်လာခြင်း။
- ❖ ခြေဖနောင့်များ ကွဲ၍ အသားစ လန်စေခြင်း။
- ❖ လျှာကွဲ၊ နှုတ်ခမ်း ကျိုးကန်းပါးစပ် ဖြစ်၍ နာကျင်စေခြင်း စသည်တို့ကို နောက်ဆက်တွဲ(Side effect)အနေနှင့် တွေ့ကြုံရနိုင်သောကြောင့် ဖြစ်ပါသည်။

ထို့အပြင် ဗဟိဒ္ဓ တေဇောဓာတ်ပေးမှု လွန်ကဲပြီး **နှလုံး၊ သည်းခြေတွင် အပူဓာတ်ငုပ်စွဲသွားပါက စိတ်ကယောင်ချောက်ချား စိတ်ကယောက်ကယက် ဖြစ်သွားနိုင်သည်။** သို့ဖြစ်၍ အထူးသတိပြု၍ ချင့်ချိန်ရန် လိုအပ်ပါသည်။

ထို့ကြောင့် မီးယပ်ချမ်းထတတ်သော ရောဂါဝေဒနာရှင်များကို ကုသရာတွင် လတ်တလော ကုထုံးအနေဖြင့် ဝါးမီးလှုံစေသော်လည်း နောင်တစ်ဖန်ပြန်၍ မဖြစ်ပေါ်စေရန် အတွင်းဆေးဓာတ်စာတို့ဖြင့် သေချာစွာ ကုသပေးရန် လွန်စွာ လိုအပ်ပါသည်။

အတွင်းစားဆေးအနေဖြင့်...

၁။ နနွင်းမှုန့် + တိုင်းရင်းဆေးအမှတ် (၁၇)ဆေးကို ဆတူစပ်၍ တစ်နေ့(၂)ကြိမ်၊ ကော်ဖီဇွန်း(၁)ဇွန်း ရေနွေးဖြင့် သောက်နိုင်သည်။

၂။ မြင်းခွာရွက်ခြောက်မှုန့် (၁၀)ကျပ်သား + ငရုတ်ကောင်း(၂)ကျပ်သား + ပျားရည်စစ်စစ် (၂၀)ကျပ်သားနှင့် ရောဖျော်၍ တစ်နေ့(၂)ကြိမ် **စားပွဲဇွန်းကြီး(၁)ဇွန်း** ရေနွေးဖြင့် သောက်နိုင်ပါသည်။

၃။ သကြားကဲ အစာကြေဆေး (သို့မဟုတ်) ကျောက်ဖရုံသီးချက်ဆေးကို နံနက်,ည ထမင်းစားပြီး သောက်ပေးပါ။

**[ဝမ်းမီး ကောင်းစွာချက်၍ ဥသ္မာကိုယ်ငွေ့ အားကောင်းလာစေမည်။]**

ဓာတ်စာအနေဖြင့်...

နွားနို့(၂၅)ကျပ်သားကို ကျက်ကျက်ဆူအောင်ကျိုပြီး နနွင်းမှုန့် ကော်ဖီဇွန်း(၁)ဇွန်းမောက်မောက် ခပ်၍ ပြန်ကျိုပြီး တစ်နေ့တာအတွင်း ယင်းနွားနို့ကို ကုန်အောင်သောက်ပေးပါ။ အချိုနှစ်သက်လျှင် သကြား သင့်ရုံထည့်ပြီး သောက်ပါ။

အထက်ဖော်ပြပါ တင်ပြချက်များသည် မီးယပ်ချမ်းရောဂါ ဝေဒနာရှင်များအတွက် အမှန်တကယ် ထိရောက်ပြီး ရောဂါကို အရှင်းပျောက်ကင်းစေမည့် ကုထုံးဆေးချက်များကို ဆရာစားမချန် စေတနာတရားအမှန်ဖြင့် စာဖတ်ပရိသတ်ကြီး အကျိုးများစေရန် တင်ပြလိုက်ခြင်းဖြစ်ပါသည်။

***မိခင်ကိုယ်စားပြု အမျိုးသမီးအပေါင်းတို့ အနာရောဂါ ကင်းဝေး၍ ကျန်းမာရွှင်လန်းပြီး၊ မိသားစုတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်နိုင်ကြပါစေ။***

**ဦးမင်းဖင်(ရွှေနဝင်း)**




www.burmeseclassic.com

www.burmeseclassic.com

# ဆီးချိုရောဂါအတွက်

ဆေးနည်းတစ်ခွက်



ယနေ့ကမ္ဘာပေါ်တွင်တံဆိပ်မျိုးစုံနှင့် အချိုရည်ဘူးနှင့်ပုလင်းများ ထွက်ရှိနေသလောက် ဆီးချိုဝေဒနာရှင်များကလည်း တစ်နေ့တခြား တိုးပွားလာလျက်ရှိသည်။

ထို့ပြင် အချိုမှုန့်နှင့် ကြက်သားမှုန့် မျိုးစုံတို့ကလည်း ထပ်ဆင့် အားဖြည့်ပေးနေကြပြန်သည်။

ဆီးချိုဆေးများကလည်း အင်္ဂလိပ်ဆေး၊ မြန်မာဆေး တော်တော်စုံလင်လှသည်။ မြန်မာ့ဆေးမြီးတိုတို့ကလည်း ကာလဒေသအလိုက် အမျိုးအမည် များစွာရှိနေကြပြန်သည်။

တစ်နေ့ မြို့သစ်နေ ရတနာကုန်သည် ဦးတင်ဝင်းတစ်ယောက် ကျန်းမာရေးမကောင်းသဖြင့် လူမမာ သတင်းမေးသွားခဲ့သည်။ ဦးတင်ဝင်း၏ရုပ်မှာ ကျသွားသည်ကို တွေ့ရသည်။

'ဘယ်လိုဖြစ်တာလဲ ဆရာရယ် ပြောစမ်းပါဦး'

'ဆီးချိုပေါ့ဗျာ ထင်မထားဘူး။ စစ်လိုက်တော့ သုံးရာရှိတယ်။ များတယ်လို့ ဆရာဝန်က ပြောတယ်။ အခု ခင်ဗျားမြင်တဲ့အတိုင်းပဲ'

လူမမာကို အားပေးပြီး ပြန်လာခဲ့သည်။ ''တော်တော် ကြောက်စရာကောင်းတဲ့ ဆီးချိုပါလား''ဟု ကြက်သီးထမိသည်။

တစ်လခန့်အကြာ ဦးတင်ဝင်းနှင့် လက်ဖက်ရည်ဆိုင်တွင် ဆုံဖြစ်သည်။

'ဟာ... ဘယ်လိုလဲ ဆရာသမား စိုပြည်စွာ အိုကေလို့ပါလား။ အသားအရေတွေဖြူပြီး ဝ,လာတယ်'

'ဒီလိုဗျ...အင်္ဂလိပ်ဆေးလဲ သောက်တာပေါ့ဗျ။ အခုဟာက မြန်မာ့ဆေးမြီးတိုနဲ့ အိုကေသွားတာ'

'ဒါဆိုလဲ လုပ်စမ်းပါဦးဗျာ... ဆီးချိုဝေဒနာသည်တွေအတွက် သတင်းကောင်း၊ ဆေးကောင်းလေး ဖြန့်ဝေရတာပေါ့ဗျာ'

'ကဲ ဒါဆိုလဲ မှတ်ပါဗျာ။ ပထမဆုံး အရွယ်တော် သင်္ဘောသီးတစ်လုံးကို အဝလှပ်(လှီး)ပြီး အထဲက အစေ့တွေအားလုံး ထုတ်ရမယ်။ ပြီးရင် အဲဒီသင်္ဘောသီးထဲကို လက်ဖက်ခြောက်(အခါးခြောက်) အပြည့်ထည့်ပြီး အဝလှပ်ထားတဲ့အဖုံးကို အုပ်ပြီး သွားကြားထိုးတံနဲ့ စိုက်ပြီး ပိတ်ထားမယ်။

ပြီးတော့မှ မြေအိုးသန့်သန့်ထဲကို သင်္ဘောသီးထည့်၊ ရေကိုတော့ သင်္ဘောသီးမြုပ်အောင်ထည့်ပြီး ပြုတ်ပေတော့။ သုံးခွက်တစ်ခွက်တင် ပြုတ်ရည်ရရင် အအေးခံပြီး သောက်ရတယ်။

အဲဒီအရည်ကို တစ်နေ့လုံး ကုန်အောင်သောက်ပေါ့တော့။ တစ်ပတ်တစ်ကြိမ်နှုန်း တစ်လ လေးကြိမ် သောက်ပြီးတော့ သိသာလာလိမ့်မယ်။

ကျွန်တော့်ကိုလဲ ကြည့်ဦးဗျာ စိုပြည်နေတယ်မဟုတ်လား။ အခု ကျွန်တော် သောက်တာ တစ်လရှိသွားပြီ။ ဆက်သောက်ဦးမှာပါ ... ကောင်းလေဆိုပဲဗျ။ အဲဒါကတော့ ကျွန်တော့်ကို ကိုယ်တွေ့ပါပဲဗျာ'

ဦးတင်ဝင်းက သူ့ကျန်းမာရေးနှင့် ဆေးနည်းကို ရှည်လျားစွာ ရှင်းပြသည်။

'အေးဗျာ... ဒါဆိုကောင်းတာပေါ့။ အခု ခင်ဗျား ဆေးညွှန်းအတိုင်း ဖော်ပြသည်ချလိုက်ဦးမယ်။ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်တွေ ဆီးချိုရောဂါ ဝေဒနာတွေ ကင်းဝေးနိုင်ကြပါစေပေါ့ဗျာ'

**မှတ်ချက်** ။ ။ **ဆေးနည်းပြောပြသော ဦးတင်ဝင်းအား ကျေးဇူးတင်ပါသည်။**

ရဲရဲထွန်း(ဟသ်ာတ)



www.burmeseclassic.com

www.burmeseclassic.com



▲ ရွှေတောင်ဦးမော်စေတီတော်မှ ရှေးဟောင်းရုပ်ပွားတော်

အောင်ရွှေမြတ်
(စစ်ကိုင်းတောင်)

# စစ်ကိုင်းတောင်ခွင် သမိုင်းဝင်စေတီများ

## ၏ အောင်မြေနှင့် ရှိခိုးပူဇော်ဂါထာတော်များ (၁၄)

ရွှေတောင်ဦးမော်စေတီ

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

*[၃-ကြိမ်ရွတ်ပါ။]*

ကာရိတံ ဓမ္မာသောကေန၊
လောကဂ္ဂ ဓာတု သံယုတံ။
ရွှေတောင်ဦးမော် သုစေတီယံ၊
အဟံ ဝန္ဒာမိ အာဒရံ။

ခက်ခဲသော ပါဠိအသံထွက်

**ဓမ္မာ** = ဓမ္မာ
**လောကဂ္ဂ** = လောကက်ဂ
**ဝန္ဒာမိ** = ဝန်ဒါမိ

မြန်မာပြန်

**ဓမ္မာသောကေန၊** သာသနာ့ဒါယကာ သီရိဓမ္မာသောကမင်းကြီးသည်။

**ကာရိတံ၊** ထင်ရှားစွာ ကိုးကွယ်အပ်ပါသော။

**လောကဂ္ဂဓာတု သံယုတံ၊** လောကဥက္ကဋ္ဌ ဘုရားမြတ်၏ ဓာတ်တော်နှင့် ယှဉ်သော (ဝါ) လောကသုံးပါး၏ဥက္ကဋ္ဌ ဘုရားမြတ်ကြီး၏ ဓာတ်တော်များနှင့် ပြည့်စုံသော။

**ရွှေတောင်ဦးမော် စေတီယံ၊** ရွှေတော်ဦးမော် စေတီတော်မြတ်ကြီးကို။

**အဟံ၊** ''......''ဟု နာမသမုတ်အကျွန်ုပ်သည်။
**[မှတ်ချက်။ ။''......''နေရာတွင် ရှိခိုးသူ၏အမည် ထည့်သွင်းပါ။]**

**အာဒရံ၊** လေးစားကြည်ညို ရိုသေစွာဖြင့်။

**ဝန္ဒာမိ၊** ရှိခိုးပူးမြော် မာန်လျှော့ကန်တော့ပါ၏ ဘုရား။

ဘုရားတည်နှစ်

သက္ကရာဇ် ၂၂၄ ခုနှစ်။



www.burmeseclassic.com

www.burmeseclassic.com



◆ ရွှေတောင်ဦးမော်တောင်ထိပ်၌ မြတ်စွာဘုရားရောက်ရှိစဉ်
ချိုး(၇)ကောင်အား တွေ့မြင်၍ ဗျာဒိတ်စကား ကြားတော်မူဟန်



◆ ရွှေတောင်ဦးမော်စေတီတော်



◆ ရွှေတောင်ဦးမော်အာရုံခံအတွင်းမှ ကြည်ညိုဖွယ် ရုပ်ပွားတော်

◆ ရွှေတောင်ဦးမော်ဘုရား အာရုံခံ




◆ ရွှေတောင်ဦးမော် တောင်ထိပ်တွင်
ဆောက်လုပ်ဆဲ ကာမာကျော
ရုပ်ပွားတော်ကြီးကို
ဖူးတွေ့ရစဉ်






www.burmeseclassic.com

www.burmeseclassic.com





▲ ရွှေတောင်ဦးမော်စေတီအောက်မြေရှိ ဗောဓိပင်ကြီး

ရွှေတောင်ဦးမော်စေတီ၏ အရံစေတီဖြစ်သော ခေတ်တော်လိုက်ဂူစေတီတော်အား ဖူးမြော်ရစဉ် ▶

▼ ရွှေတောင်ဦးမော်ကုန်းတော်မှ ရှုမြော်ရသော သိမ်ဦးစေတီတော် အဝေးမြင်ကွင်း



...ဒါယကာ

...ရှိမွှာသောကမင်းကြီး။

...ည်နေရာ

...ည်ရပ်ကွက်အနီး ရောဝတီမြစ်

...အထက် ရွှေတောင်ဦးတောင်။

...ကျက်

...ဆိုင် ကဆုန်လဆန်း (၉)ရက်မှ

...ကျော်နေ့အထိ မဟာပဋ္ဌာန်း ရွတ်

...မှုနှင့် ညောင်ရေသွန်းပွဲတော်။

အောင်မြေနေရာ

စေတီတော်၏ အဂ္ဂိထောင့် ဗောဓိပင်နေရာ။

အစောင့်အရှောက်

ရွှေတောင်ဦးမော်ဘိုးဘိုးကြီး။

ထူးခြားချက်

မြတ်စွာဘုရားရှင်သည် သုနာပရန္တတိုင်း(စစ်ကိုင်း)သို့ ဒေသစာရီ ကြွလာတော်မူသောအခါ ရွှေတောင်ဦးမော်တောင်ထိပ်ဝယ် ရွှေရောင်တောက်ပနေသော ကျောက်တုံးထက်မှ ကြည့်ရှုတော်မူသောအခါ စကြံချောင်းနှင့် ရောဝတီမြစ်ဆုံရာ ကမ်းနဖူးထက်တွင် ကိုင်းလျက်ပေါက်နေသော စစ်ပင်ကြီးထက်၌ ရွှေရောင်ဗျိုင်း (၇)ကောင်အား မြင်တော်မူလေ၏။

**ဤအရပ်တွင် မင်း(၇)ဆက် အုပ်စိုးသည့် ဇေယျာပူရပြည်ကြီး ဖြစ်လတ္တံ့**ဟု ဗျာဒိတ်ထားတော်မူလေသည်။

ဗျာဒိတ်ရ တောင်တော်ဖြစ်၍ ထူးခြားလှပေ၏။

ဤတောင်တော်သည် ရောဝတီမြစ်ကြီး၏ အထက်တွင် တည်ရှိလေရာ မြတ်စွာဘုရားရှင်သည် ကမ်းစပ်မှ ဦးခေါင်းတော် မော်၍ကြည့်ရာ တောင်ဖြစ်သောကြောင့် ရှေးအခါက **"ရွှေခေါင်းဦးမော်တောင်"**ဟု အမည်တွင်ခဲ့ဖူးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



● ရွှေတောင်ဦးမော်စေတီ၏ အရံစေတီ ဂံသာဦးစေတီ



● ရွှေတောင်ဦးမော်စေတီ၏ အရံစေတီဖြစ်သော ကောလင်းစေတီ

ပဋ္ဌမံ ရွှေခေါင်းဦးမော်တိ၊
အဘိတာန် ပဇာယတိ။
ရွှေတောင်ဦးမော်တိ ကာလေန၊
သမညာ သမဇာယတိ။

**အနက်**

**ပဌမံ၊** ရှေးဦးစွာ။ **ရွှေခေါင်းဦးမော်တိ၊** ရွှေခေါင်းဦးမော်ဟူ၍။ **အဘိဓာန်၊** အမည်တော်သည်။ **ပဇာယတိ၊** အထင်ရှားဖြစ်ရှိ၏။ **ကာလေန၊** အချိန်အခါ ကြာညောင်းလာသဖြင့်။ **ရွှေတောင်ဦးမော်တိ၊** ရွှေတောင်ဦးမော်ဟူသော။ **သမညာ၊** အများခေါ်ဝေါ် အမည်တော်သည်။ **သမဇာယိ၊** ကောင်းစွာထင်ပေါ် ဖြစ်ပေါ်လာပါပေ၏။

*[ဤဂါထာတော် ပါဠိအနက်ကို နဂွတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်း တို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်း အောင်ရွှေ မှော်စရိယ(မဟာဝဂ္ဂါဒီမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။ ]*

ဟု ပါဠိစကား ရှိခဲ့ပါသည်။

စစ်ကိုင်း မြို့တော်ကြီးအား အသခ်ယာစောယွမ်းမင်းက သက္ကရာဇ် ၆၇၇ ခုနှစ်တွင် စတင် ထူထောင်သော အခါ...

၁။ မုဋ္ဌောကိုးဆူ
၂။ တောင်ကိုးတောင်
၃။ မော်ကိုးမော်

တို့ ပါရှိလေရာ ယင်းတို့မှာ...

---

**မုဋ္ဌောကိုးဆူ**

---

၁။ ရွှေတောင်ဦးမုဋ္ဌော၊
၂။ နံကိုင်းမုဋ္ဌော၊
၃။ စကြိုမုဋ္ဌော၊
၄။ လမ်းဦးမုဋ္ဌော၊
၅။ တောင်ငယ်မုဋ္ဌော၊
၆။ ဆည်လဲမုဋ္ဌော၊
၇။ သစ္စာမုဋ္ဌော၊
၈။ ဆယ်တောင်မုဋ္ဌော၊
၉။ ဂူနီမုဋ္ဌော

ဟူ၍ (၉)ဆူတွင် (၁)ဆူအပါအဝင ဖြစ်လေသည်။

---

**တောင်ကိုးတောင်**


---

၁။ ရွှေတောင်ဦးတောင်၊
၂။ ပုညရှင်တောင်၊
၃။ ဝတ်ရုံတောင်၊
၄။ နံကိုင်းတောင်၊
၅။ တောင်ဗီလာတောင်၊
၆။ ပတ္တမြားတောင်၊
၇။ ဒိဝဲတောင်၊
၈။ တောင်ဘီလူးတောင်၊
၉။ မင်းဝံတောင်



www.burmeseclassic.com

www.burmeseclassic.com





▲ ရွှေတောင်ဦးမော်မှ လောကချမ်းသာ စေတီတော်

ရွှေတောင်ဦးမော်မှ နံ့တော်ရှစ်ပါးစေတီတော် ▶

▼ ရွှေတောင်ဦးမော်စေတီ မူလဒါယကာ ဖြစ်သော သီရိဓမ္မာသောကမင်းကြီးနှင့်
အတူ ဆရာအောင်ရွှေမြတ်နှင့် ဆရာဆောင်းတို့ အမှတ်တရ




ဟူ၍ တောင်ကိုးတောင် သမိုင်းဝင် ဖြစ်လေသည်။

## မော်ကိုးမော်

၁။ ရွှေတောင်ဦးမော်၊
၂။ ဆင်ရဲမော်၊
၃။ ပြသာဒ်လှမော်၊
၄။ နံ့ကိုင်းမော်၊
၅။ ကင်းမော်၊
၆။ စကုမော်၊
၇။ ငါးစင်စားမော်၊
၈။ မဟာမော်
၉။ တံခွန်တိုင်မော်

ဟူ၍ မော်ကိုးမော် သမိုင်းဝင် ဖြစ်လေသည်။

စစ်ကိုင်းမြို့တော်ကြီးအား ပွေ့ပိုက်၍ ညင်သာစွာ စီးဆင်းနေသော ဧရာဝတီမြစ်ကြီး၏ အကွေ့အမော် နေရာ ကိုးခု ရှိလေရာ ယနေ့ယခုတိုင်အောင် ကင်းမော်၊ ရွှေတောင်ဦးမော်၊ စကုမော် ဟူ၍ တွင်နေဆဲ ဖြစ်လေသည်။

ရွှေတောင်ဦးမော်နှင့် စကုမော်တို့၏ အလယ်တွင် ရတနာပုံ တံတားသစ်ကြီးက ဝင့်ထည်နေလေပြီ။

မုဒ္ဒောကိုးဆူသည်ကား ရွှေလမင်းကြီးအား အသူရိန် ဖမ်းမျိုသောအခါ သမယတွင် အပြီးအစီး တည်သော စေတီများကို ရည်ညွှန်းပါသည်။

## အခြံအရံစေတီများ

၁။ တာတ်ဇော်လိုဏ်ဂူစေတီ၊
၂။ ရွှေတုန်းရောင်စေတီ၊
၃။ သိင်္ဂီဦးစေတီ၊
၄။ ကံသာဦးစေတီ၊
၅။ နံ့တော်ရှစ်ပါးစေတီ၊
၆။ နှစ်ကျိပ်ရှစ်ဆူစေတီ၊
၇။ ကောလင်းစေတီ၊
၈။ လောကချမ်းသာ ရုပ်ပွားတော်ကြီး
၉။ ကာမာကျူရာ ရုပ်ပွားတော်ကြီး


ဟူ၍ နဝင်းကျေ တည်ရှိပါသည်။




www.burmeseclassic.com

www.burmeseclassic.com





ရွှေတောင်ဦးမော်စေတီ သမိုင်းကျောက်စာ

ရွှေတောင်ဦးမော်စေတီမှ နဂါး(၃)ကောင်နှင့် နဂါးရုံဘုရား


အထက်ပါ အခြံအရံစေတီ (၉)ဠာန၌ ပါရမီရှင်များသည် မိမိတို့ အာရုံအတိုင်း သင့်ရာစေတီတွင် အမိဋ္ဌာန်တင် အားထုတ်ပါက ထူးခြားမှုများ ရရှိနိုင်ကြလေသည်။

နှစ်ကျိပ်ရှစ်ဆူစေတီနှင့် ရွှေတောင်ဦးမော်စေတီ၏ အနီးရှိ ဖူးပွင့်ဝေဆာနေသော လုမ္ဗိနီအင်ကြင်းပင်ကြီးကလည်း နှစ်ပတ်လည်ပွင့်ခြင်းဖြင့် မြတ်စွာဘုရားရှင်အား ဦးခိုက်နေဟန် ရှိနေလေသည်။

စစ်ကိုင်းတစ်မြို့နယ်လုံးက လေးစားယုံကြည်ခြင်း ခံယူရသော **ရွှေတောင်ဦးမော်ဘိုးဘိုးကြီး၊ ငါးဆူကုံရှင်ဘိုးဘိုးနှင့် မြို့တော်ရှင်ဘိုးဘိုးကြီးတို့၏** ဗိမာန်တော်တွင် လူမှုရေး၊ စီးပွားရေးနှင့် သာသနာ့ကိစ္စများအတွက်

ရွှေတောင်ဦးမော်ဘိုးဘိုးကြီး၊ မြို့တော်ရှင် ဘိုးဘိုးနှင့် ငါးဆူကုံရှင် ဘိုးဘိုးကြီးတို့အား တွေ့မြင်ရစဉ်

www.burmeseclassic.com



◆ ရွှေတောင်ဦးမယ် သိုက်နန်းရှင် တောနန်းကလျာ





◆ ရွှေတောင်ဦးမယ်တောင်ထိပ်မှ ဧရာဝတီမြစ်စောင့်နတ်သမီး ရမ္မာဝတီ

◆ ရွှေတောင်ဦးမယ်နေရာအား တောင်တော်ထက်မှ မြင်တွေ့ရစဉ်



◆ စကုဆယ် နေရာသိပ်ကမ်း



ဆုပန်ခြင်း၊ မေတ္တာပို့ခြင်း၊ ပွဲစုံဖြင့် လှူဒါန်းခြင်းဖြင့် လောကီကိစ္စများ အောင်မြင်လေ့ ရှိပါသည်။ တစ်မြို့လုံး၏ အားထားရာ ဖြစ်လေသည်။

စစ်ကိုင်းမြို့တော်ကြီးအား အေးချမ်းစွာ ထွေးပိုက်ထားသော မိခင် ဧရာဝတီမြစ်ကြီး၏ **မြစ်စောင့်နတ်သမီး ရမ္မာဝတီ၏ ရေနန်းဗိမာန်တွင်လည်း** ရေယာဉ်များ အတွက်သော် လည်းကောင်း၊ ရေနှင့် လုပ်ကိုင်ရသော ကိစ္စများအတွက်သော် လည်းကောင်း၊ ဆက်စပ်ရာ အခြားသော လူမှုရေး ကိစ္စများအတွက် သော်လည်းကောင်း အားထားနိုင်ကြလေသည်။

သိုက်နန်းရှင်များ၏ ဗိမာန်တွင်လည်း ဆွေတော်မျိုးတော်များသည် မိမိတို့ လိုရာကိစ္စများကို ဗိမာန်တော်



www.burmeseclassic.com

www.burmeseclassic.com



◆ ရွှေတောင်ဦးမော်တောင်ခြေမှ ကနောင်မင်းကြီး၏ သံချက်စက်ရုံ

◆ ရွှေတောင်ဦးမော်တောင်ထိပ်မှ ဧရာဝတီ တစ်ဖက်ကမ်းရှိ ရွှေကြက်ယက်၊ ရွှေကြက်ကျဘုရား များကို မှုမြင်ရစဉ်

အထိန်းတော်များနှင့် ဆိုင်ရာကိစ္စများကို ဆောင်ရွက်နိုင်ကြလေ၏။

ရွှေတောင်ဦးမော် တောင်တော်ကြီး၏ ခြေတော်ရင်းရှိ ကနောင်မင်းကြီး၏ သံချက်ဖိုကြီးကိုလည်း အံ့မခန်း လေ့လာနိုင်ကြလေသည်။

ရွှေတောင်ဦးမော် စေတီတော်သည်ကား **ဗုဒ္ဓစည်၊ ဒေဝါစည်းလည်း ဖြစ်၍** ဆွေတော်မျိုးတော်များ၊ ပါ ဆက်များ၊ ဂန္ဓာရီပုဂ္ဂိုလ်များအ မရောက်မနေ လာရောက်အားထုတ် သင့်သော အောင်မြေ ဖြစ်လေသည်။

သရဏဂုံသုံးပါးနှင့်တကွ ကံငါးပါးကို အထူးလုံခြုံစွာ စောင့်စည်း၍ အဓိဋ္ဌာန်ယူ အားထုတ်ကြရသည့် **ဗျာဒိတ်တော်ရ အောင်မြေထူး** ဖြစ်ပါသည်။

အောင်ရွှေမြတ်
(စစ်ကိုင်းတောင်)



◆ ရွှေတောင်ဦးမော်တောင် ရေးဟောင်းသိမ်ဦးစေတီ နံရံထက်မှ ဘုရားပုံမြှကြီး





www.burmeseclassic.com

www.burmeseclassic.com

# မဟာဘုတ်ချိန်ခွင်

## နှင့် ကျေးဇူးရှင် ဆရာတော်ကြီးများ



◆ ရွှေဟင်္သာဝံသ သာသနပါလ
မဟာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
မဟာစရိယ မိုးကုတ်ဝိပဿနာ
ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက
ကံလှ အရှင်သောဘိတာဝံသ

---

အိမ်မဲမြို့၊ အိမ်မဲကြီးရပ်ကွက်
ကံလှပရိယတ္တိစာသင်တိုက်
ဓမ္မရိပ်သာ ဆရာတော်
ရွှေဟင်္သာဝံသ သာသနပါလ
ဓမ္မစရိယ အဂ္ဂမဟာသဒ္ဓမ္မဇော
ဓမ္မာစရိယ မိုးကုတ်ဝိပဿနာ
ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက
ကံလှ အရှင်သောဘိတာဝံသထေရ်
အား ဂါရဝပြု ပူဇော်ခြင်း

ဆရာတော်သည် **၁၃၂၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၉)ရက် သောကြာနေ့**တွင် ဖွားမြင်တော်မူရာ (၄)ကြွင်း မဟာဘုတ်ပိုင်ရှင် ဖြစ်ပါတယ်။

* * *

| | | |
|---|---|---|
| | ၁ | |
| ၃ | ၆ | ၂ |
| ၀ | ၄ | ၅ |

၄-ကြွင်း မဟာဘုတ်

မဟာဘုတ်အရ သိုက်ဖွား ဖြစ်ပါတယ်။ သို့ပါ၍...

★ ထယ်စဉ်မှာ အနာရောဂါ ကင်းစင်ခြင်း။
★ နှုတ်ချိုတတ်ခြင်း။
★ ဂုဏ်သတင်း ကျော်စောခြင်း။
★ စိတ်အပြောင်းအလဲမြန်ခြင်း။
★ ကြောက်လန့်တတ်ခြင်း။
★ မဟုတ်မမှန်သည်များကို မလုပ်တတ်ခြင်း...

တို့ ရှိပါမယ်။ သို့သော်...

သောကြာဂြိုဟ်(သိုက်)နဲ့ တနင်္လာဂြိုဟ်(ရာဇ)တို့သည် ပက္ခမိသဖြင့် သောက မကင်းနိုင်ပါ။

**တနင်္လာဂြိုဟ်သည် ရာဇအိမ်၌ ရပ်တည်နေတဲ့အတွက်...**

✪ စန်းအားကောင်းခြင်း။
✪ ကြည်ညိုသူ ခြွေရံပရိသတ် များပြားစေခြင်း။
✪ ငွေကြေး ကံကောင်းခြင်း။
✪ ယာဉ်ကား ပိုင်ဆိုင်ရတတ်ခြင်း...

တို့ ဖြစ်တတ်ပါတယ်။

အင်္ဂါဂြိုဟ်သည် အထွန်းဂြိုဟ်ဖြစ်တဲ့အတွက် ကောင်းကျိုးအပြုနိုင်ဆုံးဂြိုဟ်လဲ ဖြစ်ပါတယ်။ ဒါကြောင့်...

* မိတ်ကောင်းဆွေကောင်းများ တွေ့ရခြင်း။
* ဆရာသမားကောင်းများ ကြုံရခြင်း။
* စာပေ ရေးသားဟောပြောမှုများ အောင်မြင်မှုရခြင်း။
* အကြီးအကဲ ဖြစ်ရခြင်း...

တို့ပါပဲ။

စနေဂြိုဟ်သည် မရဏဂြိုဟ်ဖြစ်တဲ့အတွက် ဆိုးအားအကောင်းဆုံးလဲ ဖြစ်ပါတယ်။ ဒါကြောင့် **စနေဂြိုဟ်သည် အထက်မှာ ထီး၊ အောက်မှာ မီး**ဟု ဆိုထားလေရာ...

★ ပူပင်သောက ကြုံရခြင်း။
★ အခက်အခဲအကျပ်အတည်း ကြုံရခြင်း။
★ မင်းစိုးရာဇာများနဲ့ အကျိုးမရခြင်း။
★ လက်အောက်ငယ်သား ကံမကောင်းခြင်း။
★ ရပ်ဝေးဒေသများနဲ့ အကျိုးမပေးတတ်ခြင်း...

တို့ပါပဲ။ ထို့ပြင်...

စနေဂြိုဟ်(မရဏ)နဲ့ တနင်္ဂနွေဂြိုဟ်(အဓိပတိ)ကို ပက္ခမိသောကြောင့်...

✾ လုပ်ငန်းအောင်မြင်မှုများ ရည်မှန်းထားသလောက် မရတတ်ခြင်း။
✾ လုပ်ငန်းတွင်း ပဋိပက္ခအသွင် ဆောင်တတ်ခြင်း။
✾ လုပ်ငန်းတွင်းအခက်အခဲ အကျပ်အတည်း နှောင့်နှေးကြန့်ကြာမှုများ ရင်ဆိုင်ရခြင်း...

ဖြစ်စေတတ်ပါတယ်။

***အေးပါစေ၊ အောင်ပါစေ။***

**သန်းပညာ**

www.burmeseclassic.com

ဘဝတစ်သက်တာ

# ရွှေယတြာ

ဗေဒနန္ဒ
(ကျိုက်လတ်)

မဟာဘုတ်ဗေဒင်ပညာကို အထင်မကြီး စိတ်မဝင်စားခဲ့သော ကျွန်ုပ်သည် အဘဆရာနှင့်တွေ့မှ မဟာဘုတ်ပညာရပ်၏ ကျယ်ဝန်းပုံ ထိရောက်ပုံ အရေးပါ အရာရောက်ပုံတို့ကို မျက်ဝါး ထင်ထင် လယ်ပြင်တွင် ဆင်သွားသလို ကွက်ကွက်ကွင်းကွင်း ထင်ထင်ရှားရှား အံ့သြဘနန်းများစွာ ကြုံတွေ့ခဲ့ရပါသည်။

အဘဆရာ ဆိုသည်မှာ **ဦးဝင်း (နာမက္ခရပညာရှင်)**ဖြစ်ပြီး ဟိုးယခင်က ဓနမဂ္ဂဇင်းတွင် စီးပွားရေး ဟောစာတမ်းများကို လစဉ်လစဉ် နှစ်များစွာ ရေးသားလာခဲ့သော ဆရာကြီး ဖြစ်ပါသည်။

အဘသည် ကျွန်ုပ်နှင့် ဆွေမျိုးမကင်းသူဖြစ်ပြီး အသက်(၈၅)နှစ်ကျော် လာပြီဖြစ်ကာ ယခုအချိန်တွင် မန္တလေးမြို့၌ နေထိုင်လျက် ရှိပါသည်။

မြန်မာကျောင်းတွင် မနေဘူး။ တရုတ်ကျောင်းသာ တက်ခဲ့ရဖူးသည့် တရုတ်လူမျိုးဖြစ်သော အဘသည် ရွှေရင်မှော် ဆရာတော်ကြီး၏ တပည့်အရင်းဖြစ်ပြီး ဆရာတော်ကြီးက အဘအား ပေါက်ဖော်လေးဟု အမည်ခေါ်ဝေါ်လေ့ ရှိပါသည်။

လွန်ခဲ့သော (၁၀)နှစ်ကျော်က အဘသည် ကျွန်ုပ်တို့အား ကျိုက်လတ်မြို့တွင် လာရောက်၍ ဆန်းဗေဒင်ပညာကို သင်တန်းပေးရင်း မဟာဘုတ်ပညာရပ်များကိုပါ အသားပေး၊ ဖောင်းပေးကာ လက်တွေ့များစွာနှင့်ယှဉ်၍ စိတ်ရှည်လက်ရှည် သင်ကြားပေးခဲ့ပါသည်။

ကျွန်ုပ်တို့ သင်တန်းသား(၇)ဦးသည် အဘဆီမှ မဟာဘုတ်ပညာရပ်ဆိုင်ရာ အဟောများ၊ ယတြာများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်



ပညာရရှိခဲ့ပါသည်။

ထိုရရှိခဲ့သော မဟာဘုတ်ပညာရပ်များမှ နှစ်အလိုက် ပြုလုပ်ရသော အလွန် ထိရောက်လွန်းလှသည့် ယတြာခန်းများကို ရေးသားတင်ပြပေးပါမည်။

ထိုယတြာခန်းများကို ယုံယုံကြည်ကြည် ဆောင်ရွက်ခြင်းဖြင့် **စီးပွားဖြစ်ထွန်းခြင်း၊ နာမည်ကောင်းရရှိခြင်း၊ အောင်မြင်ခြင်း၊ တိုးတက်ခြင်း၊ ဘုန်းတန်ခိုးကြီးခြင်း၊ မြင့်မြတ်ခြင်း၊ လာဘ်လာဘ ရွှင်လန်းခြင်း၊ မင်းစိုးရာဇာတို့၏ အကူအညီ မစခံရခြင်း** အစရှိသော ကောင်းကျိုးများကို ခံစားရရှိမည့်အပြင်...

**ကျန်းမာရေးကောင်းခြင်း၊ ဘေးဥပဒ်ကင်းခြင်း၊ အန္တရာယ်ကင်းခြင်း၊ ရန်အတိုက်အခံ အနှောင့်အယှက်ကင်းခြင်း၊ အစွပ်အစွဲ၊ အတိုင်အတောကင်းခြင်း၊ အမှုကိစ္စ၊ ပြဿနာအပေါင်းမှ ကင်းဝေးခြင်း** အစရှိသော မကောင်းကျိုး အနိဋ္ဌာရုံများမှ ကင်းလွတ်ဝေးမည် ဖြစ်ပါသည်။

ယုံယုံကြည်ကြည်ဖြင့် လေးလေးနက်နက်ထား၍ ထိထိမိမိ ဆောင်ရွက်ကြပါလေ။

ရောက်ရှိနေသော ကောဇာသက္ကရာဇ်ကိုတည် (၇)ဖြင့်စားလျှင်...

---

(၁)ကြွင်းသော (၁၃၇၃ ခုနှစ်၊
၁၃၈၀ ပြည့်နှစ်)နှစ်များ၌...

---

ယတြာ(၁)

**အင်္ဂါနေ့၊ သောကြာနေ့၊ စနေနေ့** တစ်နေ့နေ့၏ နံနက်ပိုင်း [မွန်းတည့် (၁၂)နာရီအတွင်း]တွင် အိမ်ဘုရား (သို့မဟုတ်) တန်ခိုးကြီး ဘုရားတစ်ဆူဆူကို **နှင်းဆီ(အဝါ) (၄)ပွင့်၊ စံပယ် (၃)ကုံး၊ သပြေ(၂)ညွန့်**တို့ကို ဆက်ကပ်လှူဒါန်းပါ။

ဆွမ်းအနေဖြင့် **ထန်းလျက်(၄)လုံး၊ ဆီးသီး(၃)လုံး၊ သဘော်သီး (၂)စိတ်**တို့ကို ဆက်ကပ်လှူဒါန်းပါ။

ပြုခဲ့သောကုသိုလ်တို့ကိုတိုင်တည်





www.burmeseclassic.com

www.burmeseclassic.com

သစ္စာဆို၍ ကောင်းကျိုးများနှင့် သက်ဆိုင်သော အလိုရှိရာဆုကို (၃) ကြိမ်တောင်းပါ။

ယတြာ(၂)

**တနင်္ဂနွေနေ့၊ တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့** တစ်နေ့နေ့၏ ညနေစောင်း အချိန်တွင် **လိမ္မော်သီး(၄)လုံး၊ အာလူးကြော်(၃)ထုပ်၊ ကိတ်မုန့်(၂)ခု**တို့ကို စုပေါင်း၍ အိတ်တစ်ခုထဲ စုထည့်ကာ ဆင်းရဲနွမ်းပါးသူအား ပေးလှူပါ။

ပြုခဲ့သောကုသိုလ်တို့ကို တိုင်တည် သစ္စာဆို၍ မကောင်းကျိုးများမှ ကင်းဝေးရပါလိုကြောင်း အလိုရှိရာ ဆုကို (၃)ကြိမ်တောင်းပါ။

မှတ်ချက်

❖ **အင်္ဂါ၊ ကြာသပတေး၊ သောကြာ၊ စနေ သားသမီး**တို့သည် ယတြာ(၁)ကို အရင်ပြုလုပ်ပါ။ ပြီးမှ ယတြာ(၂)ကို ပြုလုပ်ပါ။

❖ **တနင်္ဂနွေ၊ တနင်္လာ၊ ဗုဒ္ဓဟူးသားသမီး**တို့သည် ယတြာ(၂)ကို အရင် ပြုလုပ်ပါ။ ပြီးမှ ယတြာ(၁)ကို ပြုလုပ်ပါ။

❖ **ထို(၁)ကြွင်းသော ကောဇာမဟာဘုတ်နှစ်တွင်** (၇)ရက်သားသမီး အားလုံးတို့သည် **"ဒိဝါတပတိ"** အစရှိဂါထာကို နေ့စဉ် သက်စေ့ ရွတ်ဖတ် ပူဇော်ရပါမည်။

### (၂)ကြွင်းသော (၁၃၇၄ ခုနှစ်၊ ၁၃၈၁ ခုနှစ်)နှစ်များ၌...

ယတြာ(၁)

**တနင်္ဂနွေနေ့၊ ဗုဒ္ဓဟူးနေ့၊ စနေနေ့** တစ်နေ့နေ့၏ နံနက်ပိုင်း [မွန်းတည့် (၁၂)နာရီအတွင်း]တွင် အိမ်ဘုရား (သို့မဟုတ်) တန်ခိုးကြီး ဘုရားတစ်ဆူဆူကို **အုန်း(၄)ညွန့်၊ ရွက်လှ(၃)ညွန့်၊**



**နှင်းဆီ(အနီ)(၂)ပွင့်**တို့ကို ဆက်ကပ်လှူဒါန်းပါ။

ဆွမ်းအနေဖြင့် **အာလူးကြော် (၄) ထုပ်၊ လိမ္မော်သီး(၃)လုံး၊ ထန်းလျက်(၂)လုံး**တို့ကို ဆက်ကပ်လှူဒါန်းပါ။

ပြုခဲ့သောကုသိုလ်တို့ကို တိုင်တည် သစ္စာဆို၍ ကောင်းကျိုးများနှင့် သက်ဆိုင်သော အလိုရှိရာဆုကို (၃)ကြိမ်တောင်းပါ။

BURMESE CLASSIC

ယတြာ(၂)

**တနင်္လာနေ့၊ အင်္ဂါနေ့၊ ကြာသပတေးနေ့** တစ်နေ့နေ့၏ ညနေစောင်း အချိန်တွင် **ပန်းသီး(၄)လုံး၊ ကိတ်မုန့်(၃)ခု၊ စမူဆာ(၂)ခု**တို့ကို စုပေါင်း၍ အိတ်တစ်ခုထဲ စုထည့်ကာ ဆင်းရဲနွမ်းပါးသူအား ပေးလှူပါ။

ပြုခဲ့သောကုသိုလ်တို့ကို တိုင်တည် သစ္စာဆို၍ မကောင်းကျိုးများမှ ကင်းဝေးရပါလိုကြောင်း အလိုရှိရာဆုကို (၃)ကြိမ်တောင်းပါ။

မှတ်ချက်

❖ **တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စနေသားသမီး**တို့သည် ယတြာ(၁)ကို အရင်ပြုလုပ်ပါ။ ပြီးမှ ယတြာ(၂)ကို ပြုလုပ်ပါ။

❖ **တနင်္လာ၊ အင်္ဂါ၊ ကြာသပတေးသားသမီး**တို့သည် ယတြာ(၂)ကို အရင် ပြုလုပ်ပါ။ ပြီးမှ ယတြာ(၁)ကို ပြု လုပ်ပါ။

❖ **ထို(၂)ကြွင်းသော ကောဇာမဟာဘုတ်နှစ်တွင်** (၇)ရက်သားသမီး အားလုံးတို့သည် **"အောင်စကြာ"** မန္တန်ကို နေ့စဉ် သက်စေ့ ရွတ်ဖတ် ပူဇော်ရပါမည်။

### (၃)ကြွင်းသော (၁၃၇၅ ခုနှစ်၊ ၁၃၈၂ ခုနှစ်)နှစ်များ၌...

ယတြာ(၁)

**တနင်္ဂနွေနေ့၊ တနင်္လာနေ့၊ ကြာသပတေးနေ့** တစ်နေ့နေ့၏ နံနက်ပိုင်း [မွန်းတည့် (၁၂)နာရီ အတွင်း]တွင် အိမ်ဘုရား (သို့မဟုတ်) တန်ခိုးကြီး ဘုရားတစ်ဆူဆူကို **ကိတ်မုန့်(၄)ခု၊ ပန်းသီး(၃)လုံး၊ အာလူးကြော်(၂)ထုပ်**တို့ကို ဆက်ကပ်လှူဒါန်းပါ။

ပန်းအနေဖြင့် **ကံ့ကော်(၄)ညွန့်၊ မေမြို့(၃)ပွင့်၊ အုန်း(၂)ညွန့်**တို့ကို ဆက်ကပ်လှူဒါန်းပါ။

ပြုခဲ့သော ကုသိုလ်တို့ကို တိုင်တည် သစ္စာဆို၍ ကောင်းကျိုးများနှင့် သက်ဆိုင်သော အလိုရှိရာ ဆုကို (၃)ကြိမ်တောင်းပါ။

ယတြာ(၂)

**အင်္ဂါနေ့၊ ဗုဒ္ဓဟူးနေ့၊ သောကြာနေ့ တစ်နေ့နေ့**၏ ညနေစောင်း အချိန်တွင် **သရက်သီး(၄)လုံး၊ ဆီးသီး(၃)လုံး၊ လိမ္မော်သီး(၂)လုံး**တို့ကို စုပေါင်း၍ အိတ်တစ်ခုထဲ စုထည့်ကာ ဆင်းရဲနွမ်းပါးသူအား ပေးလှူပါ။

ပြုခဲ့သောကုသိုလ်တို့ကို တိုင်တည်



www.burmeseclassic.com

www.burmeseclassic.com

သစ္စာဆို၍ မကောင်းကျိုးများမှ ကင်းဝေးရပါလိုကြောင်း အလိုရှိရာဆုကို (၃)ကြိမ်တောင်းပါ။

မှတ်ချက်

❖ **တနင်္ဂနွေ၊ တနင်္လာ၊ ကြာသပတေး၊ စနေသားသမီး**တို့သည် ယတြာ(၁)ကို အရင်ပြုလုပ်ပါ။ ပြီးမှ ယတြာ(၂)ကို ပြုလုပ်ပါ။

❖ **အင်္ဂါ၊ ဗုဒ္ဓဟူး၊ သောကြာသားသမီး**တို့သည် ယတြာ(၂)ကို အရင်ပြုလုပ်ပါ။ ပြီးမှ ယတြာ(၁)ကို ပြုလုပ်ပါ။

❖ **ထို(၃)ကြွင်းသော ကောဇာမဟာဘုတ်နှစ်တွင်** (၇)ရက်သားသမီးအားလုံးတို့သည်"**ဘုရားဂုဏ်တော်ကိုးပါး**"ကို နေ့စဉ် သက်စေ့ ရွတ်ဖတ် ပူဇော်ရပါမည်။

(၄)ကြွင်းသော (၁၃၇၆ ခုနှစ်၊ ၁၃၈၃ ခုနှစ်)နှစ်များ၌...

ယတြာ(၁)

**တနင်္လာနေ့၊ အင်္ဂါနေ့၊ သောကြာနေ့** တစ်နေ့နေ့၏ နံနက်ပိုင်း [မွန်းတည့် (၁၂)နာရီအတွင်း]တွင် အိမ်ဘုရား (သို့မဟုတ်) တန်ခိုးကြီး ဘုရားတစ်ဆူဆူကို **ဆီးသီး(၄)လုံး၊ သရက်သီး(၃)လုံး၊ ကိတ်မုန့်(၂)ခု**တို့ကို ဆက်ကပ်လှူဒါန်းပါ။

ပန်းအနေဖြင့် **စံပယ်(၄)ကုံး၊ သပြေ(၃)ညွန့်၊ ကံ့ကော်(၂)ညွန့်**တို့ကို ဆက်ကပ်လှူဒါန်းပါ။

ပြုခဲ့သောကုသိုလ်တို့ကို တိုင်တည်သစ္စာဆို၍ ကောင်းကျိုးများနှင့် သက်ဆိုင်သော အလိုရှိရာဆုကို (၃)ကြိမ်တောင်းပါ။

ယတြာ(၂)



**ဗုဒ္ဓဟူးနေ့၊ ကြာသပတေးနေ့၊ စနေနေ့** တစ်နေ့နေ့၏ ညနေစောင်းအချိန်တွင် **နွားနို့(၄)ခွက်၊ လိမ္မော်သီး(၃)လုံး၊ ပန်းသီး(၂)လုံး**တို့ကို စုပေါင်း၍ အိတ်တစ်ခုထဲ စုထည့်ကာ ဆင်းရဲနွမ်းပါးသူအား ပေးလှူပါ။

ပြုခဲ့သော ကုသိုလ်တို့ကို တိုင်တည်သစ္စာဆို၍ မကောင်းကျိုးများမှ ကင်းဝေးရပါလိုကြောင်း အလိုရှိရာဆုကို (၃)ကြိမ်တောင်းပါ။

မှတ်ချက်

❖ **တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ သောကြာသားသမီး** တို့သည် ယတြာ(၁)ကို အရင်ပြုလုပ်ပါ။ ပြီးမှ ယတြာ(၂)ကို ပြုလုပ်ပါ။

❖ **ဗုဒ္ဓဟူး၊ ကြာသပတေး၊ စနေသားသမီး**တို့သည် ယတြာ(၂)ကို အရင်ပြုလုပ်ပါ။ ပြီးမှ ယတြာ(၁)ကို ပြုလုပ်ပါ။

❖ **ထို(၄)ကြွင်းသော ကောဇာမဟာဘုတ်နှစ်တွင်** (၇)ရက်သားသမီးအားလုံးတို့သည် **"ဗိဇ္ဇာမဏိ"** မန္တန်ကို နေ့စဉ် သက်စေ့ ရွတ်ဖတ် ပူဇော်ရပါမည်။

(၅)ကြွင်းသော (၁၃၇၇ ခုနှစ်၊ ၁၃၈၄ ခုနှစ်)နှစ်များ၌...

ယတြာ(၁)

**အင်္ဂါနေ့၊ ဗုဒ္ဓဟူးနေ့၊ စနေနေ့** တစ်နေ့နေ့၏ နံနက်ပိုင်း [မွန်းတည့် (၁၂)နာရီအတွင်း]တွင် အိမ်ဘုရား (သို့မဟုတ်) တန်ခိုးကြီးဘုရားတစ်ဆူဆူကို **ရွက်လှ(၄)ညွန့်၊ နှင်းဆီ(အဖြူ)(၃)ညွန့်၊ စံပယ်(၂)ကုံး**တို့ကို ဆက်ကပ်လှူဒါန်းပါ။

ဆွမ်းအနေဖြင့် **လိမ္မော်သီး(၄)လုံး၊ ထန်းလျက်(၃)လုံး၊ စမူဆာ(၂)ခု**တို့ကို ဆက်ကပ်လှူဒါန်းပါ။

ပြုခဲ့သော ကုသိုလ်တို့ကို တိုင်တည်သစ္စာဆို၍ ကောင်းကျိုးများနှင့် သက်ဆိုင်သော အလိုရှိရာဆုကို (၃)ကြိမ်တောင်းပါ။

ယတြာ(၂)

**တနင်္ဂနွေနေ့၊ ကြာသပတေးနေ့၊ သောကြာနေ့** တစ်နေ့နေ့၏ ညနေစောင်းအချိန်တွင် **အာလူးကြော်(၄)ထုပ်၊ ပန်းသီး(၃)လုံး၊ သရက်သီး(၂)လုံး**တို့ကို စုပေါင်း၍ အိတ်တစ်ခုထဲ စုထည့်ကာ ဆင်းရဲနွမ်းပါးသူအား ပေးလှူပါ။

ပြုခဲ့သောကုသိုလ်တို့ကို တိုင်တည်သစ္စာဆို၍ မကောင်းကျိုးများမှ ကင်းဝေးရပါလိုကြောင်း အလိုရှိရာဆုကို (၃)ကြိမ်တောင်းပါ။

မှတ်ချက်

❖ **တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ စနေသားသမီး**တို့သည် ယတြာ(၁)ကို အရင်ပြုလုပ်ပါ။ ပြီးမှ ယတြာ(၂)ကို ပြုလုပ်ပါ။

❖ **တနင်္ဂနွေ၊ ကြာသပတေး၊ သောကြာသားသမီး** တို့သည် ယတြာ(၂)ကို အရင်ပြုလုပ်ပါ။ ပြီးမှ ယတြာ(၁)ကို ပြုလုပ်ပါ။

❖ **ထို(၅)ကြွင်းသော ကောဇာမဟာဘုတ်နှစ်တွင်** (၇)ရက်သားသမီးအားလုံးတို့သည် **"ပ,စကြာ"** မန္တန်ကို နေ့စဉ် သက်စေ့ ရွတ်ဖတ်



www.burmeseclassic.com

www.burmeseclassic.com

ပူဇော်ရပါမည်။

(၆)ကြွင်းသော (၁၃၇၈ ခုနှစ်၊ ၁၃၈၅ ခုနှစ်)နှစ်များ၌...

ယတြာ(၁)

**တနင်္ဂနွေနေ့၊ ဗုဒ္ဓဟူးနေ့၊ ကြာသပတေးနေ့** တစ်နေ့နေ့၏ နံနက်ပိုင်း [မွန်းတည့် (၁၂)နာရီအတွင်း]တွင် အိမ်ဘုရား (သို့မဟုတ်) တန်ခိုးကြီးဘုရားတစ်ဆူဆူကို **မေမြို့(၄)ညွန့်၊ အုန်း(အဖြူ)(၃)ညွန့်၊ ရွက်လှ(၂)ညွန့်**တို့ကို ဆက်ကပ်လှူဒါန်းပါ။

ဆွမ်းအနေဖြင့် **ပန်းသီး(၄)လုံး၊ အာလူးကြော်(၃)ထုပ်၊ လိမ္မော်သီး(၂)လုံး**တို့ကို ဆက်ကပ်လှူဒါန်းပါ။

ပြုခဲ့သော ကုသိုလ်တို့ကို တိုင်တည်သစ္စာဆို၍ ကောင်းကျိုးများနှင့် သက်ဆိုင်သော အလိုရှိရာဆုကို (၃)ကြိမ်တောင်းပါ။

ယတြာ(၂)

**တနင်္လာနေ့၊ သောကြာနေ့၊ စနေနေ့** တစ်နေ့နေ့၏ ညနေစောင်းအချိန်တွင် **ကိတ်မုန့်(၄)ခု၊ သရက်သီး(၃)လုံး၊ နွားနို့(၂)ခွက်**တို့ကို စုပေါင်း၍ အိတ်တစ်ခုထဲ စုထည့်ကာ ဆင်းရဲနွမ်းပါးသူအား ပေးလှူပါ။

ပြုခဲ့သောကုသိုလ်တို့ကို တိုင်တည်သစ္စာဆို၍ မကောင်းကျိုးများမှ ကင်းဝေးရပါလိုကြောင်း အလိုရှိရာဆုကို (၃)ကြိမ်တောင်းပါ။

မှတ်ချက်

❖ **တနင်္ဂနွေ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးသားသမီး**တို့သည် ယတြာ(၁)ကို အရင်ပြုလုပ်ပါ။ ပြီးမှ ယတြာ(၂)ကို ပြုလုပ်ပါ။

❖ **တနင်္လာ၊ သောကြာ၊ စနေသားသမီး**တို့သည် ယတြာ(၂)ကို အရင်ပြုလုပ်ပါ။ ပြီးမှ ယတြာ(၁)ကို ပြုလုပ်ပါ။

❖ **ထို(၆)ကြွင်းသော ကောဇာမဟာဘုတ်နှစ်တွင်** (၇)ရက်သားသမီးအားလုံးတို့သည် **"ပဋ္ဌာန်း"** အကျဉ်းကို နေ့စဉ် သက်စေ့ ရွတ်ဖတ်ပူဇော်ရပါမည်။

(၀)ကြွင်းသော (၁၃၇၉ ခုနှစ်၊ ၁၃၈၆ ခုနှစ်)နှစ်များ၌

ယတြာ(၁)

**တနင်္လာနေ့၊ ကြာသပတေးနေ့၊ သောကြာနေ့** တစ်နေ့နေ့၏ နံနက်ပိုင်း [မွန်းတည့် (၁၂)နာရီအတွင်း]တွင် အိမ်ဘုရား (သို့မဟုတ်) တန်ခိုးကြီးဘုရားတစ်ဆူဆူကို **သပြေ(၄)ညွန့်၊ ကံ့ကော်(၃)ညွန့်၊ မေမြို့(၂)ပွင့်**တို့ကို ဆက်ကပ်လှူဒါန်းပါ။

ဆွမ်းအနေဖြင့် **သရက်သီး(၄)လုံး၊ ကိတ်မုန့်(၃)ခု၊ ပန်းသီး(၂)ခု**တို့ကို ဆက်ကပ်လှူဒါန်းပါ။

ပြုခဲ့သော ကုသိုလ်တို့ကို တိုင်တည်သစ္စာဆို၍ ကောင်းကျိုးများနှင့် သက်ဆိုင်သော အလိုရှိရာဆုကို (၃)ကြိမ်တောင်းပါ။

ယတြာ(၂)

**တနင်္ဂနွေနေ့၊ အင်္ဂါနေ့၊ စနေနေ့** တစ်နေ့နေ့၏ ညနေစောင်းအချိန်တွင် **စမူဆာ(၄)ခု၊ ထန်းလျက်(၃)လုံး၊ အာလူးကြော်(၂)ထုပ်**တို့ကို စုပေါင်း၍ အိတ်တစ်ခုထဲ စုထည့်ကာ ဆင်းရဲနွမ်းပါးသူအား ပေးလှူပါ။

ပြုခဲ့သောကုသိုလ်တို့ကို တိုင်တည်သစ္စာဆို၍ မကောင်းကျိုးများမှ ကင်းဝေးရပါလိုကြောင်း အလိုရှိရာဆုကို (၃)ကြိမ်တောင်းပါ။

မှတ်ချက်

❖ **တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာသားသမီး**တို့သည် ယတြာ(၁)ကို အရင်ပြုလုပ်ပါ။ ပြီးမှ ယတြာ(၂)ကို ပြုလုပ်ပါ။

❖ **တနင်္ဂနွေ၊ အင်္ဂါ၊ စနေသားသမီး**တို့သည် ယတြာ(၂)ကို အရင်ပြုလုပ်ပါ။ ပြီးမှ ယတြာ(၁)ကို ပြုလုပ်ပါ။

❖ **ထို(၀)ကြွင်းသော ကောဇာမဟာဘုတ်နှစ်တွင်** (၇)ရက်သားသမီးအားလုံးတို့သည် **"သမ္ဗုဒ္ဓေ"** မန္တန်ကို နေ့စဉ် သက်စေ့ ရွတ်ဖတ်ပူဇော်ရပါမည်။

✦ ယတြာများကို တစ်လလျှင် (၁)ကြိမ် အနည်းဆုံးထား၍ ဆောင်ရွက်သွားရပါမည်။

✦ ယတြာ(၁)ပါ ဘုရားလှူရသော ပန်းများကို ဈေးဆိုင်များတွင် ကောင်တာခုံ၊ ငွေသိမ်းစားပွဲပေါ်၌ အလှထိုးထားခြင်း၊ ဆိုင်ဘုရားရှင်ကို အမြဲလှူဒါန်းထားခြင်းဖြင့် လာဘ်ပွင့်ခြင်း၊ ဈေးရောင်းကောင်းခြင်းတို့ကို မျက်ဝါးထင်ထင် တွေ့ကြုံရမည်ဖြစ်ပါသည်။

✦ ရွတ်ဖတ်ရမည့် ဂါထာ၊ မန္တန်တို့သည် ဂါထာ၊ မန္တန် ပေါင်းချုပ်စာအုပ်များတွင် ပါ,ပါသည်။

*ဘဝ အစစ လှကြပါစေ*

**အောင်နန္ဒစံ(ကျိုက်လတ်)**

**မှတ်ချက် ။ ။ အောင်စကြာမန္တန်ကို စာရေးသူမှ ဆက်လက် ဖော်ပြပေးပါရန် မေတ္တာရပ်ခံပါသည်။**

**ဦးကျော်မိုးသိန်း**

**စာတည်းချုပ်**

**နက္ခတ္တရောင်ခြည်ဂျာနယ်**

**နက္ခတ္တရောင်ခြည်ဂျာနယ် အဖွဲ့**

www.burmeseclassic.com

www.burmeseclassic.com

# မေတ္တာဝါဒီဆရာတော်ကြီး



◆ မေတ္တာဝါဒီ ဆရာတော်ကြီး
ပြည်ပ သာသနာပြုကြွစဉ်က

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စန္ဒောဘာသ ချီးမြှင့်တော်မူသော

# ကျင့်စဉ်ထူး

## နှင့် ကိုယ်တွေ့ အောင်မြင်မှုများ

တင်လွန်းမြား
(အဝေးသင်တက္ကသိုလ်)

'ဂါထာရွတ်ပါ၊ မေတ္တာပွားပါ၊ သစ္စာပြုပါ၊ အမျှပေးဝေပါ။ ချမ်းသာချင်ရင် ဒိဝါတပတိ ဂါထာတော်ကို အကြိမ်(၁၀၀၀) ရွတ်ပွားပါ။ ဘေးအန္တရာယ်ကင်းချင်ရင် ခန္ဓသုတ်ပရိတ်ကို ရွတ်ဆိုကြည်ညိုကြပါ။ လူတွေ၊ နတ်တွေ ချစ်ခင်စေလိုရင် မဟာသမယသုတ်ကို အထပ်ထပ်အခါခါ ရွတ်ပါ။ ဘုန်းကြီးက အဲဒါတွေကို နေ့စဉ် ရွတ်ပွားပူဇော်ရုံသာမက ကျင့်စဉ်ထူးတစ်ခုကိုလဲ အားထုတ်နေပါတယ်'

တစ်နေ့တွင် မေတ္တာဝါဒီဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒောဘာသ မပျံလွန်မီ မရောက်တာကြာပြီ ဖြစ်သော မေတ္တာဝါဒီ ပရဟိတဂေဟာနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတိုက်ဆီသို့ တစ်ခေါက် ရောက်ရှိခဲ့ရပြန်သည်။

ရောက်ရှိသွားရခြင်း၏ အကြောင်းမှာ ဆင်းရဲနွမ်းပါးသော ကလေးငယ်တစ်ယောက်ကို ပရဟိတဂေဟာသို့ ကျောင်းအိပ်၊ ကျောင်းစား နေထိုင်ရန်အတွက် သွားရောက် ပို့ဆောင်ခြင်းဖြစ်သည်။ ကျောင်းတိုက်တွင်းသို့ ဝင်လိုက်သည်နှင့် ဆောက်လုပ်ဆဲ ကားပါကင်နှင့် ဓာတ်လှေကားပါ မဟာသိမ်တော်(၉)ထပ်ကျောင်းဆောင်ကြီးကို ခံ့ညားထည်ဝါစွာ တွေ့မြင်လိုက်ရသည်။

ပါလာသော ကလေးငယ်ကို လက်ဆွဲ၍ တိုက်ကျောင်း၏ အပေါ်ထပ်ဆီသို့ တက်ရောက်သွားသောအခါ တိုက်အုပ် ဆရာတော် အရှင်ကောဝိဒအား စာသင်သား ရှင်သာမဏေလေးများကို ဆိုဆုံးမလျက် တွေ့ရှိရသည်။ ထို့ကြောင့် ကလေးအား တိုက်အုပ် ဆရာတော်ထံသို့ အပ်နှံရပေသည်။

ထိုအခါ ဆရာတော်က ကလေးထံမှ လိုအပ်သော မှတ်တမ်းများကို ရယူကာ ပစ္စည်းများကို လိုအပ်သလောက် ထုတ်ပေးပြီးနောက် ကလေးကို နေရာချပေးလိုက်သည်။ ပြီးမှ...

'ဒကာရေ စိတ်သာချ၊ ဒီဂေဟာကို ရောက်လာလို့ကတော့ သူ့ရဲ့ဘဝဟာ စိတ်ချသွားရပြီ။ စည်းကမ်းတကျ တိုးတက်မှုတွေရရှိဖို့ သေချာသွားပြီ။ ဒကာလဲ ကုသိုလ်တွေ တော်တော်ရနေပြီ။ အဆင်မပြေကြတဲ့ ကလေးတွေကို ပရဟိတကျောင်းတွေလိုက်ပို့ရ၊ နေရာအတည်အကျ မရှိကြသေးတဲ့ ရှင်သာမဏေတွေကို စာဝါတွေ အေးဆေးစွာ သင်ယူနိုင်စေဖို့ စာသင်တိုက်တွေကို ပို့ပေးရ၊ တရားအားထုတ်လိုကြတဲ့ ယောဂီတွေ၊ ရဟန်းတွေကို ရိပ်သာတွေမှာ ကမ္မဋ္ဌာနာစရိယ ဆရာတော်တွေနဲ့ လိုက်အပ်ပေးရနဲ့ ကုသိုလ်ကောင်းကျိုးတွေက မနည်းတော့ဘူး။

ဟဲ ဟဲ မေတ္တာဝါဒီဆရာတော်ကြီးကို အပေါ်ထပ်မှာ သွားဖူးမြော်လိုက်ဦး။ ခုနက စကြံလျှောက်ရင်း ပုတီးစိပ်နေတာ ဖူးတွေ့လိုက်ရတယ်။ သွား သွား ဒကာကိုလဲ တွေ့ချင်လို့တဲ့'

ဟု အရှင်ကောဝိဒမှ မိန့်ကြားတော်မူပေသည်။

ထို့ကြောင့် မေတ္တာဝါဒီ ဆရာတော်ကြီးအား သွားရောက် ဦးခိုက်ကြည်ညိုဖြစ်ခဲ့ပါသည်။ ထိုအခါ ဆရာတော်ကြီး ဘဒ္ဒန္တစန္ဒောဘာသမှ...

'အတော်ပဲ ဒကာရေ ဒကာ့ကို ကျင့်စဉ်ထူးတစ်ခုပေးချင်နေတာကြာလှပြီ။ ဟိုတစ်ခေါက်တုန်းကလဲ စကားပြောကောင်းတုန်း အလှူရှင်တွေ ရောက်လာတာနဲ့ စကားစ ပြတ်သွားရတယ်။ နောက်တစ်ခေါက်ကျပြန်တော့လဲ ဘုန်းကြီးက ကိုရီးယားနိုင်ငံ (သာသနာပြု)ကို ကြွရောက်သွားတာကြောင့် မပြောဖြစ်ပြန်ဘူး။ ဒီတစ်ခါတော့ မဖြစ်မနေ ပြောရတော့မယ်။



www.burmeseclassic.com

www.burmeseclassic.com

ဘာလို့လဲဆိုတော့ ဘုန်းကြီးအတွက် မဟုတ်ပါဘူး။ လူတွေ ကျင့်ကြံပြီးတော့ ကောင်းကျိုးတွေကို ရရှိစေလိုတဲ့ စေတနာကို အဓိက ပြဋ္ဌာန်းထားတာကြောင့်ပါ။

ဘုန်းကြီးရဲ့ကျောင်းတိုက် မီးလောင်ပြီးနောက်၊ မီးလောင်တဲ့ မာလာမြိုင်မီးထဲ ပါသွားပြီးနောက် အခုလို ရန်ကုန်မြို့ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ဗဟိုလမ်းမကြီးဘေး မာလာမြိုင်(၁၀)လမ်းထိပ်မှာ ခမ်းနားကြီးကျယ်အောင်မြင်စွာ ပြန်လည် တည်ထောင်နိုင်ခဲ့တာဟာ ဒီကျင့်စဉ်ထူးရဲ့စွမ်းရည် သက်ရောက်မှုကြောင့်လဲ ပါဝင်မှု အားကောင်းခဲ့ပါတယ်။ ကဲ အသံဖမ်းယူပြီး မှတ်တမ်းတင်ပေတော့'

ဟု မိန့်ဆိုလေတော့သည်။ ထို့နောက် ဆရာတော်ကြီးမှ တိုက်အုပ်ဆရာတော်အား ကျောင်းတိုက် အုပ်ချုပ်ရေးကိစ္စအချို့ကို တာဝန်ပေးမိန့်မှာပေသည်။ ပြီးသောအခါ ကျင့်စဉ်ရေးထားကို ဤကဲ့သို့ မိန့်ကြားပါသည်။

'ဘုန်းကြီးရဲ့ ကျင့်စဉ်ထူးက "**ဋ**" ကျင့်စဉ်ပါပဲ။ အရှည်ကတော့ **တ–သ–ဉ (ည)–က** ကျင့်စဉ်လို့ ဆိုပါတယ်။ အဲဒီ တ၊ သ၊ ဉ (ည)၊ က ဆိုတဲ့ အက္ခရာ(၄)လုံးဟာ ထူးခြားတဲ့ အက္ခရာများ ဖြစ်ကြပါတယ်။ ဘယ်လို ထူးခြားတာလဲဆိုရင် သူတို့ဟာ အက္ခရာအရဖြစ်စေ၊ အက္ခရာတို့၏ ဂြိုဟ်သက်များအရဖြစ်စေ အားလုံး ပေါင်းလိုက်ရင် ကိုးနဝင်းဖြစ်နေတာကြောင့်ပါ။

* * * ————————→

တို့ ဖြစ်တာကြောင့် ပေါင်းလိုက်တော့ အက္ခရာအရ(၁၈)၊ ဂြိုဟ်သက် အရ (၆၄)၊ ဂဏန်းနှစ်လုံးကို ထပ်ပေါင်းလိုက်တော့ အက္ခရာအရ (၉)၊ ဂြိုဟ်သက်အရ (၉)ဖြစ်ပြီး နဝင်းမိနေတယ်။

ဒါကြောင့်မို့ ဘုန်းကြီးက အဲဒီ အထူး ကျင့်စဉ်ဂါထာလေးကို ဘာလုပ်လုပ် ဘယ်ကြွကြွ ရွတ်ပွားပြီးတော့ "ဋ" ပုံစံ ပစ္စည်းတစ်ခုခုကို လက်ထဲမှာ ဆောင်ထားလေ့ရှိပါတယ်။ ဘာပစ္စည်းမှ မရှိတဲ့ အခဲ့ကျရင် တုတ်ချောင်းလေး တစ်ခုကို "ဋ"ပုံစံချိုးပြီးတော့ ကိုင်ဆောင်ထားတာပါပဲ။ အဲဒီလို ဆောင်ထားတာကြောင့် ကိုယ်တွေ့ အောင်မြင်မှုတွေကို ဘုန်းကြီးကြုံတွေ့ခဲ့ရတာများပါပြီ။ အထူးကျင့်စဉ်ဂါထာတော်ကတော့...

ဋကီတဗ္ဗေ စ ဋက်ဋ္ဌော (ဋ)
သဗ္ဗေ သုပါလကော ဇိနော (သ)
ဉာဏိကော ဍေ ယျ ဝမ္မေသု (ဉ)
ကာမံ ကရောတု မေ ဝရံ (က)

အဲဒီဂါထာတော်ဟာ **တ၊ သ၊ ဉ၊ က အက္ခရာ နဝင်းကျေ**တွေကို စီစဉ်ထားတာကြောင့် တ၊ သ၊ ဉ၊ က(ဋ) ဂါထာလို့လဲ ဆိုပါတယ်။ ဂါထာကို ရွတ်ပွားပြီး ပစ္စည်းတစ်ခုခုကို "ဋ" ပုံဖော်ကာ ဆောင်ထားတဲ့အခါ ဂါထာတော်ရဲ့ အဓိပ္ပာယ်ကို သတိဖြစ်လာရင် ဖြစ်သလို နှလုံးသွင်း ရွတ်ပွားနေဖို့လဲ အရေးကြီးပါတယ်။ အဓိပ္ပာယ်တွေက ဒီလိုပါ။

**ဋကီတဗ္ဗေ စ၊** ပယ်ရှားသုတ်သင် ဖျက်ဆီးထိုက်သော ကိလေသာတို့ကို သည်။

**ဋက်ဋ္ဌော၊** အရဟတ္တမဂ် ဓား သန်လျက်ဖြင့် ပယ်ရှား သုတ်သင်တော်မူပြီးထသော။

**သဗ္ဗေ၊** သတ္တဝါတို့ကို။

**သုပါလကော၊** ကောင်းစွာ စောင့်ရှောက်တော်မူပေထသော။

**ဍေ ယျဝမ္မေသု၊** ဍေ ယျဓံတရား တို့၌။

**ဉာဏိကော၊** ပိုင်ပိုင်မိမိမြင်သိသည့် သဗ္ဗညုတဉာဏ် ရှိတော်မူပေထသော။

**ဇိနော၊** မြတ်စွာဘုရားရှင်သည်။

**မေ၊** တပည့်တော်အား။

**ကာမံ၊** အလိုရှိအပ်သော။

**ဝရံ၊** ဆုမြတ်ကို။

**ကရောတု၊** ပြီးစီး အောင်မြင်မှုရရှိအောင် ရွက်ဆောင်ပြု ပေးတော်မူပါ အရှင်မြတ်ဘုရား။

ဂါထာကို ရွတ်ဆိုတဲ့အခါ ဋ၊ သ၊ ဉ၊ က နဝင်းမိအက္ခရာတွေကို ပထမစာကြောင်း(ဋ)၊ ဒုတိယစာကြောင်းရှေ့၌(သ)၊ တတိယစာကြောင်းရှေ့၌ (ဉ)၊ စတုတ္ထစာကြောင်းရှေ့၌ (က)တို့ကို ထည့်သွင်းရွတ်ဆိုရတယ်။ ဂါထာတော်ကို ရွတ်ဆိုမှုပြီးဆုံးတဲ့အခါ ဂါထာတော်ရဲ့ အစောင့်အရှောက်တွေကို မေတ္တာပို့ အမျှဝေပေးရတယ်။

အဲဒီအခါမှ သက်ဆိုင်ရာ နတ်ဒေဝါတွေဟာ မေတ္တာစာတ်ကို ရရှိပြီး "ဋ" အက္ခရာမှ ဖြစ်ပေါ်လာတဲ့ တ၊ သ၊ ဉ၊ က အထူးကျင့်စဉ်ကို အားထုတ်တဲ့အခါ အောင်စာတ်ဟိတ်တွေကို ရရှိလာမှာ ဖြစ်ပါတယ်။ ဂါထာရွတ်တဲ့အခါ (ဋ)ကို "တ" ဟူ၍ (ဉ)ကို "ည" ဟူ၍

| | | | | |
|---|---|---|---|---|
| တ အက္ခရာအရ | စနေ | ၇၊ | ဂြိုဟ်သက်အရ | (၁၀)နှစ်၊ |
| သ အက္ခရာအရ | သောကြာ | ၆၊ | ဂြိုဟ်သက်အရ | (၂၁)နှစ်၊ |
| ဉ (ည) အက္ခရာအရ | အင်္ဂါ | ၃၊ | ဂြိုဟ်သက်အရ | (၈)နှစ်၊ |
| က အက္ခရာအရ | တနင်္လာ | ၂၊ | ဂြိုဟ်သက်အရ | (၁၅)နှစ်၊ |

ရွတ်ပွားရပါတယ်။

တကယ်လို့ **အသက်ရှည်လိုတဲ့အခါ** မိမိတို့ရဲ့ အာယုအရပ်ကို မျက်နှာမူပြီး နံနက်စောစောထလို့ (၉)ခေါက်

www.burmeseclassic.com

တိတိ ဂါထာကို ရွတ်ရတယ်။

အာယုအရပ် ဆိုတာကတော့ မိမိတို့ရဲ့ မွေးနံဂြိုဟ်အရပ်မှ လက်ယာရစ်ပတ်၍ ဒုတိယမြောက်အရပ်ပဲပေါ့။

တကယ်လို့ **ဘုန်းတန်ခိုးတေဇော်အာနုဘော်ကြီးချင်လို့ရှိရင်** ကိုယ်ရဲ့ **တေဇအရပ်**သို့ မျက်နှာမူကာ ဂါထာတော်ကို (၉)ခေါက်တိတိ မနက်စောစောထပြီး ရွတ်ရပါတယ်။

**တေဇအရပ်**ဆိုတာကတော့ ကိုယ့်ရဲ့ မွေးနံဂြိုဟ်အရပ်က လက်ယာရစ်ပတ်၍ (၆)ခွင်မြောက်အရပ် ဖြစ်ပါသည်။

တကယ်လို့ ကျက်သရေမင်္ဂလာအပေါင်းနဲ့ ခညောင်းစေလိုရင်တော့ မိမိတို့ရဲ့ သိရီအရပ်ဘက်ကို မျက်နှာမူပြီး ဂါထာတော်ကို (၉)ခေါက်တိတိ မနက်စောစောထကာ ရွတ်ရတယ်။

**သိရီအရပ်မှာ** မိမိတို့ရဲ့မွေးနံဂြိုဟ်ရဲ့ လက်ယာရစ်ပတ်ပြီး (၇)ရစ်ခွင်မြောက်အရပ်ပဲပေါ့။ ကဲ... ရေးချပေတော့ ဒကာရေ။

ကိုယ်တိုင်လဲ ရွတ်ကြည့်၊ ဘုန်းကြီးမှာ ပွဲတွေ့တွေ များစွာရှိတယ်။ ကိုယ်တွေ့ အောင်မြင်မှုတွေကတော့ ဘုန်းကြီး နိုင်ငံခြားသာသနာပြုကို ကြွရောက်ပြီဆိုရင် အဲဒီဂါထာတော်ကို ရွတ်ပြီး လေယာဉ်ပျံပေါ်မှာ၊ သာသနာပြုလမ်းကြောင်း တစ်လျှောက်မှာ"ဋ" ကို အမြဲဆောင်ထားဖြစ်တဲ့အခါ ခရီးလမ်းပန်းမှာ အန္တရာယ်ဆိုတွေ၊ အခက်အခဲ အကျပ်အတည်းတွေကို အလွယ်တကူ လွန်မြောက်နိုင်ကြောင်း တွေ့ရတယ်။

အဲဒီဂါထာတော်ရဲ့ စွမ်းအင် ဘုန်းကြီးရဲ့ သာသနာပြု စိတ်ဓာတ်၊ တပည့် ဒါယကာ၊ ဒါယိကာမများရဲ့ ကူညီမှုတွေဟာ ဟန်ချက်ညီညွတ်မျှတနေတာကြောင့် နိုင်ငံရပ်ခြားသာသနာပြုလုပ်ငန်းတွေဟာ ထင်တာထက်တောင် ပိုပြီး အောင်မြင်ခဲ့ရတယ်။

နောက်ပြီး ဘုန်းကြီးက လူမှုဝန်ထမ်း ပရဟိတလုပ်ငန်း၊ သာသနာ့ဝန်ထမ်း ပရိယတ္တိစာချ ဂန္ထဓုရလုပ်ငန်းတွေကိုသာမက အခုလို အရွယ်လေးရလာတော့ ဝိပဿနာဓုရ မဟာသတိပဋ္ဌာန်တရားပွားများ အားထုတ်ခြင်းလုပ်ငန်းတွေကိုပါ ဆောင်ရွက်ချင်လာတာကြောင့် "ဋ" ဂါထာကို ရွတ်ပြီး အဓိဋ္ဌာန်ဝင်ဖြစ်ခဲ့တယ်။

နေ့စဉ် ပုတီးတစ်ပတ်စိပ်ပြီး ဂါထာတော်ကို နေ့တိုင်း(၁၀၈)ခေါက် ရွတ်ပွားပူဇော်လိုက်တာ အခုတော့ ဘုန်းကြီးရဲ့ မွေးနေ့တိုင်းမှာ ဝိပဿနာတရားစခန်းတွေကို ကျောင်းတိုက်မှာ ဖွင့်လှစ်ကာ တရားဟော၊ တရားပြနိုင်ခဲ့ပါတယ်။ ဒါနပြုတဲ့ အလှူအဖြစ်လဲ အနယ်နယ်ရပ်ရပ်မှာ ဒါနပေါင်း အမျိုးမျိုးကို ပုဗ္ဗ၊ မုဉ္စ၊ ပရစေတနာ သုံးတန်ပြဋ္ဌာန်းပြီး လှူဒါန်းမှုပြုခဲ့တာဟာ အခုဆိုရင် ငွေကျပ်ပေါင်း သိန်း(၆၀၀) လောက်ရှိပါတော့မယ်။

အထူးသဖြင့် နေ့စဉ် ဘုန်းကြီးကျောင်းမှာ ရှိကြတဲ့ တပည့်တွေရော၊ မြင်အပ် မမြင်အပ်တဲ့ ပုဂ္ဂိုလ်တွေရော ကောင်းကျိုးချမ်းသာရာကို ရရှိနေကြစေဖို့အတွက် မိမိတို့ခန္ဓာဝန်ကို ကြည်ကြည်ဖြူဖြူနဲ့ စိတ်ချမ်းသာစွာနဲ့ ရွက်ဆောင်နိုင်ကြစေဖို့ ရည်ရွယ်ချက်ထားပြီး **မနက်အရုဏ်မတက်ခင်မှာ အရပ်(၁၀)မျက်နှာကို လှည့်ပြီး အဲဒီဂါထာတော်ကို (၉)ခေါက်စီ ရွတ်ပွား ပူဇော်လေ့ရှိပါတယ်။**

ဒါကြောင့်မို့ အားလုံးသော အခက်အခဲတွေကို ဖြတ်ကျော် လွန်မြောက်ပြီးတော့ မီးလောင်ပြင်ဖြစ်နေရတဲ့ ကျောင်းတိုက်ကြီးကနေ အခုလို (၅) ထပ်တိုက်ကျောင်းကြီးတွေ၊ (၉)ထပ် တိုက်ကျောင်းကြီးတွေ ဖြစ်ပေါ် တိုးတက်လာတာကလဲ ကိုယ်တွေ့ အောင်မြင်မှုတစ်ခုဆိုရင် မှားမယ် မထင်ပါဘူး'

'မှတ်သားဖွယ်ရာ ဝိပဿနာတရား ဆိုင်ရာ လမ်းညွှန်သြဝါဒများကို ချီးမြှင့် ပေးတော်မူပါဦးဘုရား'

'ကိလေသာအပူမီးရဲ့ ကျွမ်းလောင် ပျက်စီးတတ်ပုံကို မှတ်သားဖွယ်ရာ ဆောင်ပုဒ်များနဲ့ လမ်းညွှန်သြဝါဒ ပေး လိုက်ပါရစေ။

❖ မျက်စိတံခါး ပိတ်ထားပါလျှင်၊ လိုချင်တပ်မ
စွဲချက်မဝင်၊ ကိုယ်အေးစိတ်အေး၊ ရှုပ်ထွေ
မထင်၊ အာသဝေါ်ခွာလျော့ နိဗ္ဗာန်ဝ
ယောဂီများ မှတ်သား ဉာဏ်နဲ့ယှဉ်။

❖ ကာမမှောင်ကြီး လောင်မီးပူလျှံ့၊ ပိုးဖလံရို
ပုံခိုင်းနှိုင်းစံ၊ မီးကိုဝင်တိုး ကိုယ်ကျိုးနည်းဟ
လောင်ကာကျွမ်း စွဲလမ်းဥပါဒါန်။

❖ မြွေပွေးမြွေဟောက် ထိရောက်လုံကန် အ
ချက်ထန်ပြင်း မာန်သွင်းသည့်ဟန်၊ ဖု
သောက ဒေါသပြင်းထန်၊ ဆယ်တစ်
လောင်မီး ပူမြိုက်လျှံ။

❖ မောဟမှောင်ကြီး ပိတ်ဆီးလေပြန်၊ ည
မှောင်ချောက်ကြား ရောက်သွားသည့်ဟ
ပညာမံသ နှစ်ဝစက္ခု၊ မမြင်ပြား ထင်ရှား
သဏ္ဌာန်။

❖ မူလပုဗ္ဗ အရိယ တစ်သွယ်၊ မဂ္ဂင်သုံး
ကြိုးစားသင့်တယ်။ ကိလေဆယ်ရပ် ပ
ဖြတ်စင်ကြယ်၊ နိဗ္ဗာန်လမ်း၊ ဖြောင့်တ
ဝင်နိုင်တယ်။

❖ အိုခြင်း၊ နာခြင်း၊ ပျက်ခြင်း၊ တိုင်းပြ
အစာမှတ်တော် ကွဲလတ်မထေရ်၊ ဤငါ
တွေ့ကြကုန်ပြီ၊ မြတ်တရား မှတ်ပွားမ

**တင်ထွန်းအေး**
***(အဝေးသင်တက္ကသိုလ်)***



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ တိုင်းရင်းမြန်မာဆေးခန်း

# ဆရာ ဦးစိုးငွေ

(တဆ-၀၁၁၈၉)နှင့် တွေ့ဆုံဆွေးနွေးခဲ့သော

# နှလုံးသွေးကြောကျဉ်းရောဂါ

ကာကွယ်စောင့်ရှောက်နည်းများ

မြောင်းမြ မောင်ယဉ်တင့်



ဆရာ ဦးစိုးငွေ(တဆ-၀၁၁၈၉)

နှလုံးသွေးကြောကျဉ်း ရောဂါဟာ စိတ္တသမုဋ္ဌာန်နဲ့ အာဟာရသမုဋ္ဌာန် လွန်ယုတ်လွဲမှား ပြုဖန်များတဲ့အတွက် ဖြစ်ရတဲ့ရောဂါ ဖြစ်သလို ကြိုတင်ကာကွယ်နိုင်တဲ့ ရောဂါလဲ ဖြစ်ပါတယ်။

အဲဒီ နှလုံးသွေးကြောကျဉ်းရောဂါကို ကြိုတင်ကာကွယ်နိုင်ဖို့နဲ့ ရောဂါဖြစ်လာရင်လဲ သက်သာပျောက်ကင်းအောင် ကုသနိုင်ဖို့အတွက် ဒဂုံမြို့သစ် (ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်)သို့ ရောက်တဲ့အခါ ဦးစိုးငွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

ဆရာဦးစိုးငွေက သဘာဝဓမ္မဆရာကြီး ဦးထွန်းရည်ရဲ့ တပည့်ရင်းဖြစ်ပါတယ်။ **ဆေးကုသက်နှစ် (၃၀) ခန့်** ရှိနေပြီဖြစ်တဲ့ ဆရာဦးစိုးငွေနဲ့ တွေ့ဆုံဆွေးနွေး မေးမြန်းခဲ့သမျှ ပြန်လည် တင်ပြလိုက်ပါတယ်။

▲ **'ဆရာနဲ့ တွေ့ဆုံဆွေးနွေးခြင်းဟာ ပထမဦးဆုံးအကြိမ်ပဲ ဖြစ်ပါတယ် ဆရာ။ ဆရာနဲ့ ဆွေးနွေးချင်တဲ့ ရောဂါကတော့ နှလုံးသွေးကြောကျဉ်းရောဂါ ကာကွယ် စောင့်ရှောက်နည်းများနဲ့ ကုထုံးအကျဉ်းကို ဆွေးနွေးမှာ ဖြစ်ပါတယ်။ နှလုံးသွေးကြောကျဉ်းရောဂါ ဖြစ်စေတဲ့ အကြောင်းရင်းများကို ပထမ ပြောကြားပေးပါ ဆရာ'**

○ 'နှလုံးသွေးကြောကျဉ်း ရောဂါကို အာယုဗ္ဗေဒ ဆေးကျမ်းမှာ ဟဒယနာဠိသင်္ခေပရောဂါလို့ ခေါ်ပါတယ်။ နှလုံးသွေးကြောကျဉ်းရောဂါ ဖြစ်စေတဲ့ အကြောင်းရင်းများကတော့ သီတတေဇောဆိုတဲ့ အအေးဓာတ် လွန်ကဲပွားများတဲ့ အချို၊ အဆိမ့်၊ အဆီ၊ အစေးများသော အစားအစာများကို လွန်ကဲစွာ စားသောက်ခြင်း...

ဥပမာ–ဝမ်းတွင်းကလီစာ၊ ငါးမြင်း၊ ငါးတန်၊ ဝက်သား စတဲ့ အဆီများသော အစားအစာ၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥ၊ နွားနို့၊ ထောပတ် စတဲ့ အဆီအစေးများသော အစားအစာများကို လွန်ကဲစွာ စားသောက်ခြင်း၊ အရက်၊ ဆေးလိပ်၊ စီးကရက်တို့ကို သောက်သုံးမှု များခြင်း...

စိုးရိမ်သောက ပူပန်မှုများဖြင်း၊ ဖိမ်ခံမှုများခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း၊ နေပူမိုးပူခံခြင်း၊ ရေချိုးခြင်း၊ ပန်ကာလေ၊ လေအေးစက်တို့တွင် နေထိုင်မှုများခြင်း စတဲ့ နှလုံးသွေးကြောကျဉ်းရောဂါ ဖြစ်စေတဲ့ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန် (၄)ပါးအနက် အာဟာရသမုဋ္ဌာန်နဲ့ စိတ္တသမုဋ္ဌာန်တို့ကို လွန်ယုတ် လွဲမှား ပြုဖန်များတဲ့အတွက် နှလုံးသွေးကြောကျဉ်းရောဂါ ဖြစ်ရတာပါ။

အဲဒီလို စိတ္တသမုဋ္ဌာန်နဲ့ အာဟာရသမုဋ္ဌာန် လွန်ယုတ်လွဲမှား ပြုဖန်များခြင်းကြောင့် သီတ+ပထဝီ+အာပေါဓာတ် (သို့မဟုတ်) သလိပ်ဒေါသတွေ လွန်ကဲပွားများလာပြီး သမဝမ်းမီးကနေ မန္ဒဝမ်းမီးအဖြစ် ပြောင်းလဲသွားတဲ့အခါ စားသောက်သမျှ အစာအာဟာရတွေ ကောင်းစွာ မကြေကျက်မှုကြောင့် ဖြစ်ပေါ်လာတဲ့ ရသရည်ဟာလဲ မကြေကျက်ဘဲ အဆီအစေးများတဲ့ ရသရည်အဖြစ် ပြောင်းလဲ ဖြစ်ပေါ်လာပါတယ်။

အဲဒီ ရသရည် ဖြစ်ပေါ်လာတဲ့ သွေးကလဲ ပထဝီ၊ အာပေါဓာတ်တွေ ပါဝင်မှု များပြားတဲ့အတွက် အဆီအစေးများတဲ့ သွေးများ ဖြစ်သွားကြပါတယ်။

အဲဒီလို အဆီအစေးများတဲ့ သွေးတွေကို နှလုံးသွေးကြောက တစ်ဆင့် ခန္ဓာကိုယ်တစ်ခုလုံး ပို့လွှတ်ပေးနေခြင်းကြောင့် နှလုံးနဲ့အတူ သွေးကြောနံရံတွေမှာ အဆီအစေးဓာတ်တွေ ခိုအောင်း ကပ်ငြိစေပါတယ်။

အဲဒီလို အဆီအစေးဓာတ်တွေ ကပ်ငြိဖန်များလာတဲ့အတွက် နှလုံးသွေးကြောကျဉ်းရောဂါ ဖြစ်လာခြင်းပဲ ဖြစ်ပါတယ်'

▲ **'နှလုံးသွေးကြောကျဉ်းရောဂါရဲ့ လက္ခဏာများကို ဆက်ပြီး ပြောပြပေးပါဦး ဆရာ'**

○ 'နှလုံးသွေးကြောကျဉ်း လက္ခဏာများကတော့...

၁။ အသက်ရှူမဝခြင်း (အသက်ရှူ



www.burmeseclassic.com

www.burmeseclassic.com

ကျပ်ခြင်း)၊

၂။ နှလုံးရှိရာ ဝဲဘက် သားမြတ်တစ်ဖိုက် စူးအောင့်နာကျင်ခြင်း၊

၃။ စိုးရိမ်ထိတ်လန့်တတ်ခြင်း၊

၄။ ကိုယ်စိတ်နှလုံး ပင်ပန်းနွမ်းနယ်ခြင်း၊

၅။ ထိတ်လန့်မှု တစ်စုံတစ်ခု တွေ့ကြုံတဲ့အခါ ခြေဖျားလက်ဖျား အေးလာခြင်း၊

၆။ ခေါင်းအုံ့, ခေါင်းခဲ, ဖက်လေးခြင်း၊

၇။ လက်ကောက်ဝတ် သွေးကြောကို စမ်းကြည့်တဲ့အခါ ညှစ်၍လည်းကောင်း၊ ဆောင့်၍လည်းကောင်း လေးလေးဖြည်းဖြည်း တိုးနေခြင်း၊

၈။ ခန္ဓာကိုယ်တစ်ခုလုံး အကြောတက် ကိုက်ခဲခြင်း၊

၉။ စိတ်ပိုင်းနဲ့ ရုပ်ပိုင်းဆိုင်ရာ လေးလံထိုင်းမှိုင်းခြင်း၊

၁၀။ အသက်ရှူမမှန်ဘဲ မောကျပ်ခြင်း, နှလုံးခုန်မြန်ခြင်း၊

၁၁။ ဆီးကျန်, ဝမ်းကျန်ဖြစ်ခြင်း၊ ဆီးအနည်ပါခြင်း၊

၁၂။ ဝမ်းချုပ်, လေချုပ်ခြင်း၊

၁၃။ အိပ်မပျော်ခြင်း၊

၁၄။ စိတ်တိုလွယ်ခြင်း၊

၁၅။ အမျိုးသမီးများ သွေးကျန်ခြင်း, နည်းခြင်း, အရောင်ညစ်ခြင်း, အနံ့မကောင်းခြင်း, ခန္ဓာကိုယ်တစ်ခုလုံး လေးလံထိုင်းမှိုင်းပြီး သတိမေ့လျော့တတ်ခြင်း...

စတဲ့ အကြောင်းအချက်များဟာ နှလုံးသွေးကြောကျဉ်း လက္ခဏာများ ဖြစ်ပါတယ်'

▲ **'နှလုံးသွေးကြောကျဉ်း ရောဂါ ကုထုံးအကျဉ်းကိုလဲ သိပါရစေ ဆရာ'**

○ 'နှလုံးသွေးကြောကျဉ်း ရောဂါ ကုထုံးအကျဉ်းကတော့ မနက်(၆)နာရီနဲ့ ညနေ(၅)နာရီ အချိန်တွေမှာ **တိုင်းရင်းဆေးအမှတ် (၁၇) သွေးဆေးနီကြီး** လက်ဖက်ရည်တစ်ဇွန်းခန့်ကို ရေနွေးပူပူနဲ့ တိုက်ရပါမယ်။

မနက်(၁၀)နာရီနဲ့ နေ့လယ်(၂)နာရီ အချိန်မှာ **တိုင်းရင်းဆေးအမှတ်(၂၃) ဆေးပုလဲကလာဝ်**ကို ရှောက်ရည်နဲ့ ရောစပ်ပြီး တိုက်ရပါမယ်။

ညအိပ်ရာဝင်ချိန်မှာ **တိုင်းရင်းဆေး အမှတ်(၁၂) စက္ကူပါလဆေး (သို့မဟုတ်) ရှားစောင်းလက်ပပ်ချက်ဆေးကို** လက်ဖက်ရည်တစ်ဇွန်းမှ နှစ်ဇွန်းထိ ဝမ်းအခြေအနေကို ကြည့်ပြီး တိုက်ရပါမယ်။ ကိုယ်လက် အဆစ်အမျက် ကိုက်ခဲနေရင် **တိုင်းရင်းဆေး အမှတ်(၂၉) သဗ္ဗဖေယျဆေးစပ်ကြီး**ကို ချင်းစိမ်းရည်၊ ရှောက်ရည်တို့နဲ့ ရောစပ်ပြီး လိမ်းပေးရပါမယ်။

လည်ချောင်းနာ၊ ချွဲထပြီး ချောင်းဆိုးနေရင် **တိုင်းရင်းဆေး အမှတ်(၁) မက်လင်ချဉ်နဲ့ တိုင်းရင်းဆေးအမှတ်(၃၃) အစာကြေဆေး** နှစ်မျိုး ဆတူရောစပ်ပြီး လက်ဖက်ရည်တစ်ဇွန်းခန့် အစားအစာ စားပြီးတိုင်း သောက်ရပါမယ်။

အဲဒီလို အလှည့်ကျ တိုက်ကျွေးကုသသွားရင် နှလုံးသွေးကြောကျဉ်း ရောဂါဟာ တဖြည်းဖြည်း သက်သာပျောက်ကင်းသွားမှာ ဖြစ်ပါတယ်'

▲ **'နှလုံးသွေးကြောကျဉ်း ရောဂါ ကာကွယ် စောင့်ရှောက်နည်းများ ကို သိပါရစေဆရာ'**

○ 'နှလုံးသွေးကြောကျဉ်း ရောဂါကို မဖြစ်အောင် ကြိုတင် ကာကွယ်ချင်တယ်ဆိုရင် အထက်မှာ ပြောခဲ့တဲ့ နှလုံးသွေးကြောကျဉ်းရောဂါ ဖြစ်စေတဲ့ အကြောင်းရင်းများကို သိရှိပြီး ရှောင်ကြဉ်ရမယ့် အစားအစာကို လုံးဝ ရှောင်ကြဉ်ပြီး လိုက်နာဆောင်ရွက်ရမယ့် အချက်တွေကို လိုက်နာရင် နှလုံးသွေးကြောကျဉ်းရောဂါကို ကာကွယ်ပြီးသား ဖြစ်ပါလိမ့်မယ်။

ဥပမာ အစားအစာ တစ်မျိုးတည်းကို လွန်ကဲစွာ စားသောက်ခြင်း၊ အနေအထိုင် မဆင်ခြင်ခြင်းမျိုးကို သတိထားရပါမယ်။

နှလုံးသွေးကြောကျဉ်း ရောဂါဟာ အာဟာရသမုဋ္ဌာန်နဲ့ စိတ္တသမုဋ္ဌာန်တို့ကို လွန်ယုတ်လွဲမှား ပြုဖန်မများဖို့ လိုပါတယ်။ ရသာ(၆)ပါး မျှတအောင် စားရပါမယ်။

နေပူထဲကလာပြီး ရုတ်တရက် လေအေးစက်, ပန်ကာလေမခံဖို့၊ နေပူမီးပူခံပြီး ရေမချိုးဖို့၊ အဆီ, အဆိမ့်, အဖန် စတဲ့ အစာတွေကို လွန်ကဲအောင် မစားဖို့ စတဲ့ အကြောင်းအချက်တွေကို သတိပြု နေထိုင်ရပါမယ်။ ကြိုတင် ကာကွယ်ခြင်းဟာ ကုသခြင်းထက် ပိုမိုကောင်းမွန်တဲ့ အချက်ပဲ ဖြစ်ပါတယ်။

နောက်ဆုံးပြောချင်တဲ့ အချက်ကတော့ မြန်မာ့တိုင်းရင်းဆေးပညာ ဒေသနာနည်းအရ ကံ, စိတ်, ဥတု, အာဟာရဆိုတဲ့ သမုဋ္ဌာန်(၄)ပါးကို လွန်ယုတ်လွဲမှား ပြုဖန်မများဖို့ လိုအပ်တဲ့အကြောင်း ပြောပါရစေ'

▲ **'ခုလို နှလုံးသွေးကြောကျဉ်းရောဂါ အကြောင်းကို လိုရင်းတိုရှင်း ပြောပြတဲ့အတွက် ကျေးဇူးတင်ပါတယ် ဆရာ'**

**ဆရာဦးစိုးငွေနဲ့ ဆက်သွယ်နိုင်တဲ့ လိပ်စာကတော့...**

ဆရာ ဦးစိုးငွေ
**တိုင်းရင်းမြန်မာဆေးခန်း**
အမှတ်(၁၅)၊ ကုန်းဘောင်လမ်းနှင့် အနော်ရထာလမ်းထောင့်
အုံ့မြို့သစ်(အရှေ့အုံ့မြို့နယ်)၊ ရန်ကုန်မြို့။
ဖုန်း-၀၁.၅၈၃၄၉၁
(နံနက်၈-နာရီမှ ညနေ ၄-နာရီထိ ဖွင့်သည်)
(ဥပုသ်နေ့တိုင်း ပိတ်သည်)

**မြောင်းမြ မောင်ယဉ်ငို**

F.20B, April, 2014.



www.burmeseclassic.com

www.burmeseclassic.com

( 风 琴 ) Fēng Qín

ဖူန်းချင်

**လေစန္ဒရား၊ လေစောင်း** စသည် ... တိုက်ရိုက် အဓိပ္ပာယ်ရှိသော်လည်း **"အော်ဂင်"**ကို ဆိုလို၍ ပါးစပ်မှုတ် အော်ဂင်(ဘာဂျာ)၊ အကော်ဒီယံ (...က်ဆွဲဘာဂျာ) အားလုံး အကျုံးဝင် ...သည်။

◉ အော်ဂင်ကို မြင်မက်ခြင်းသည် ကောင်းသော နိမိတ်ဖြစ်သည်။

✤ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

အေးချမ်းသာယာ၍ လာဘ်လာဘ ...များမည်။

✤ **အိမ်ရှင်မက မြင်မက်လျှင်...**

သာယာချမ်းမြေ့သော မိသားစုဘဝ ...ပိုင်ဆိုင်ရမည်။

✤ **လူပျိုက မြင်မက်လျှင်...**

ဝင်ငွေပုံမှန်ရှိသောလုပ်ငန်း လုပ်ကိုင် ...ည်။

✤ **အပျိုက မြင်မက်လျှင်...**

လူကုံထံ မိသားစုဝင်ဖြစ်မည့် နိမိတ် ...သည်။

✤ **ကုန်သည်က မြင်မက်ပါက...**

အရောင်းအဝယ် သွက်လက် မြတ် ...မည်။

✤ **တောင်သူလယ်သမားက မြင်မက်ပါက...**

သီးနှံအထွက်ကောင်းမည်။

✤ **ကျောင်းသူကျောင်းသားက မြင်မက်ပါက...**

စာမေးပွဲ၌ အခက်အခဲမရှိ၊ အောင် ...မည်။


✤ **နာမကျန်းဖြစ်နေစဉ် မြင်မက်ပါက...**

ဆေးပါးသမားကောင်းတွေ့၍ ပြန် ...ည် ကျန်းမာလာမည်။

လူတိုင်းအတွက် တရုတ်ရိုးရာ

# အိပ်မက်ရှင်းကျမ်း (၅၉)

ထက်မြင့်ကျော်စွာ





✤ **အကျဉ်းအကျပ် ဒုက္ခကြုံရစဉ် မြင်မက်ပါက...**

စိတ်အေးချမ်းသာ ပြေလည်သွားမည်။

✤ **အချုပ်အကျဉ်းကျနေသူ မြင်မက်လျှင်...**

မကြာမီ လွတ်မြောက်တော့မည်။

✤ **ရပ်ဝေးမြေခြား ရောက်နေသူက မြင်မက်လျှင်...**

ပြည်တော်ပြန် မျက်နှာပန်း လှမည်။

✤ **ကိုယ်ဝန်ဆောင်မိခင်က မြင်မက်လျှင်...**

ကျန်းမာဝဖြိုးသည့်ရင်သွေး မွေးမည်။

✤ **ပစ္စည်းပျောက်ရှာစဉ် မြင်မက်လျှင်...**

အထားမှားခြင်းဖြစ်သည်။ ပြန်တွေ့မည်။

✤ **လူပျောက်ရှာစဉ် မြင်မက်လျှင်...**

သူ့အလိုအလျောက် ပြန်ရောက်လာမည်။

✤ **ထိမ်းမြားလက်ထပ်ရန် စီစဉ်နေစဉ် မြင်မက်ပါက...**

အခက်အခဲမရှိ အောင်မြင်မည်။

◉ အသုံးမပြုဘဲ ပစ်ထားသော အော်ဂင်ကို မြင်မက်လျှင်ကား ပျော်ရွှင်ဖွယ်နိမိတ် မဟုတ်ပါ။

✤ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

စိတ်မချမ်းမြေ့ဖွယ် သတင်းစကား ကြားသိရမည်။

✤ **အိမ်ရှင်မက မြင်မက်လျှင်...**

ဆွေမျိုးမိတ်သင်္ဂဟ ရင်းချာသူများ၏ သောကအပူမီး ကူးစက်ခြင်း ခံရမည်။

✤ **လူပျိုက မြင်မက်လျှင်...**

မျှော်လင့်နေသူထံမှ ငြင်းပယ်သော စကား ကြားရမည်။

✤ **အပျိုက မြင်မက်လျှင်...**

မကောင်းသတင်း ကျော်စောတတ်သည်။

✤ **ကုန်သည်က မြင်မက်လျှင်...**

ရောင်းဝယ်ဖောက်ကားမှု [illegible] ထိုင်းမှိုင်းနေမည်။



www.burmeseclassic.com

www.burmeseclassic.com

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

ရာသီဥတု ဖောက်ပြန်၍ စိတ်လက်မရွှင် ဖြစ်ရလိမ့်မည်။

✤ **ကျောင်းသူကျောင်းသားက မြင်မက်လျှင်...**

ဖြေဆိုထားသော စာမေးပွဲအတွက် စိတ်ပူရတတ်သည်။

✤ **နာမကျန်းဖြစ်စဉ် မြင်မက်ပါက...**

ဆေးဝါး ပြတ်လပ်နေလိမ့်မည်။

✤ **ခရီးသွားစဉ် မြင်မက်ပါက...**

ကိုယ်စိတ် ပင်ပန်းလိမ့်မည်။

✤ **ပစ္စည်းပျောက်စဉ် မြင်မက်ပါက...**

ပျောက်သောပစ္စည်း ပုံစံပြောင်းသွားပြီး ပြန်ရရန် မလွယ်တော့ပါ။

✤ **ကိုယ်ဝန်ဆောင်မိခင် မြင်မက်ပါက...**

လိုချင်သည့် ကလေးမရနိုင်ပါ။(သားလိုချင်ပါက သမီး၊ သမီးလိုချင်ပါက သား ဖြစ်နေတတ်သည်။)

✤ **လူပျောက်ရှာစဉ် မြင်မက်လျှင်...**

မတွေ့မဆုံလိုသဖြင့် ရှောင်ပုန်းနေခြင်း ဖြစ်မည်။

✤ **ဆရာဝန်ဆေးသမားက မြင်မက်လျှင်...**

ဒေသတွင်း ရောဂါဝေဒနာ ထူပြောမည်။

✤ **အချုပ်အကျဉ်းကျစဉ် မြင်မက်ပါက...**

လွတ်ရက် အလှမ်းဝေးနေမည်။

✤ **လက်ထပ်ထိမ်းမြားရန် စီစဉ်နေစဉ် မြင်မက်ပါလျှင်...**

အကျဉ်းရုံး၍ ကျင်းပရတတ်သည်။

✪ ခင်မင်သိကျွမ်းမှု မရှိသည့် တစ်ပါးသူတစ်ဦး အော်ဂင်ကို ကိုင်ထားသည်ဟု မြင်မက်ပါက



မင်္ဂလာနိမိတ် ဖြစ်သည်။

✤ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

နေအိမ်တွင် ထိမ်းမြားမင်္ဂလာပွဲ ကျင်းပဖြစ်မည်။

✤ **အိမ်ရှင်မက မြင်မက်လျှင်...**

မိတ်ရင်းဆွေရင်းတစ်ဦး၏ မင်္ဂလာပွဲအတွက် အားသုံးပါး(ကိုယ်အား၊ စိတ်အား၊ ငွေအား)ဖြင့် ကူညီပေးရကိန်းရှိသည်။

**[တရုတ်ဝေါဟာရတွင် (协助) (Xiè Zhù) "ယဲ့ကျူ"ဟူသည် ရှိင်းပင်းကူညီခြင်း ဖြစ်သည်။ ထိုစာလုံးတွင် ( 協 )(Xiè Zhù)ယဲ့သည် "တက်ညီလက်ညီရှိသည်"ဟု ညွှန်း၏။ ယင်း၌ ( 力 )(Lì)"လီ" ဟူသော "အား" စာလုံး သုံးလုံးပါဝင်သည်။ ကိုယ်အား၊ စိတ်အားနှင့် ငွေအားကို ဆိုလိုခြင်းဖြစ်သည်။]**

✤ **အိမ်ထောင်မဲ့အမျိုးသားက မြင်မက်လျှင်...**

ဖခင်၏ ညီအစ်ကိုမိသားစုအတွင်း ထိမ်းမြားမင်္ဂလာကိစ္စ ပေါ်ပေါက်မည်။ **(တရုတ်ဓလေ့ ဆွေမျိုးတော်စပ်ပုံတွင် ဖခင်၏ ညီ,အစ်ကိုမှ မွေးသည့် သားသမီးများသည် "ထန်း"Táng မျိုးရိုးတူ ဝမ်းကွဲညီအစ်ကို မောင်နှမများဟု ခေါ်၍ ဖခင်၏ အစ်မ,နှမနှင့် မိခင်၏ အစ်ကို, မောင်, ညီအစ်မ တို့မှ မွေးလျှင် "ပြောင်"Biǎo အပြင်ဘက် သို့မဟုတ် အပေါ်... ကြော ဝမ်းကွဲ ညီအစ်ကိုမောင်နှ... များဟု သတ်မှတ်သည်။ ထို့ကြောင့် အထက်ပါအတိုင်း "ဖခင်... ညီအစ်ကိုမိသားစု"ဟူ၍ ဝိသေသ... ပြုရခြင်း ဖြစ်သည်။)**

✤ **အိမ်ထောင်မဲ့အမျိုးသမီးက မြင်... မက်ပါက...**

ရင်းနှီးသူများအတွက် သတို့သမီး အဖော်(အပျိုရံ)အဖြစ် ပါဝင်ရတတ်သည်။

✪ အော်ဂင်ကိုင်ထားစဉ် ပျက်စီးသည့်(တီး... နေစဉ် ချို့ယွင်းသည်)ဟု မြင်မက်ပါ... နိမိတ်ဆိုးဖြစ်သည်။

✤ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

စီးပွားပျက်ပြား ဆုတ်ယုတ်နိုင်သည်။

✤ **အိမ်ရှင်မက မြင်မက်လျှင်...**

အိမ်တွင်းရေး အခက်အခဲ ကြုံ... တတ်သည်။

✤ **လူပျိုက မြင်မက်လျှင်...**

ဆင်းရဲဒုက္ခ ကြုံတွေ့မည်။

✤ **အပျိုက မြင်မက်လျှင်...**

ကာယိန္ဒြေ ထိခိုက်စေလိမ့်မည်။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

လယ်ယာမြေ ဆုံးရှုံးလျော့ပါးမည်။

✤ **ကုန်သည်က မြင်မက်လျှင်...**

အကုန်ရှုံးနိုင်သည်။

✤ **ကျောင်းသူကျောင်းသားက မြင်မက်လျှင်...**

စာမေးပွဲကျတတ်သည်။

✤ **ခရီးသွားစဉ် မြင်မက်လျှင်...**

လိုရာပန်းတိုင်သို့ မရောက်နိုင်...

✤ **နာမကျန်းဖြစ်စဉ် မြင်မက်ပါက...**

ဝေဒနာ တိုးပွားမည်။



www.burmeseclassic.com

www.burmeseclassic.com

✤ **ပစ္စည်းပျောက်စဉ် မြင်မက်လျှင်...**

လုံးဝ မရနိုင်တော့ပါ။

✤ **ကိုယ်ဝန်ဆောင်မိခင်က မြင်မက်ပါက...**

သားလျှောတတ်သည်။

❂ ထိုကိုယ်တိုင် အော်ဂင် ကိုဝ်ဆောင်(တီးမှုတ်) ရသည်ဟု မြင်မက်လျှင်...

✤ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

မိသားစုအတွက် ပျော်ရွှင်မှုသုခများ ဆောင်ကြဉ်းပေးနိုင်မည်။

✤ **အိမ်ရှင်မ၊ ဇနီးသည်က မြင်မက်လျှင်...**

နေအိမ်တွင် ပျော်ပွဲရွှင်ပွဲ ကျင်းပဖြစ်မည်။

✤ **လူပျိုက မြင်မက်လျှင်...**

ဝတ်ကောင်းစားလှ ဝတ်စား၍ ပွဲလမ်းသဘင် သွားရောက်ဖြစ်မည်။

✤ **အပျိုက မြင်မက်လျှင်...**

စိတ်သဘောထားတူညီသူ သူငယ်ချင်းနှင့် လျှောက်လည်ဖြစ်မည်။

✤ **ကုန်သည်က မြင်မက်လျှင်...**

အရောင်းအဝယ် သွက်လက်မည်။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

ကောက်ပဲသီးနှံ အဖျက်၊ အလျော့နည်းပါးမည်။

✤ **ကျောင်းသူကျောင်းသားက မြင်မက်လျှင်...**

စာမေးပွဲ၌ ထူးချွန်စွာ အောင်နိုင်သည်။

✤ **ခရီးသွားစဉ် မြင်မက်ပါက...**

ခရီးဖော် ရရှိမည်။

✤ **ပစ္စည်းပျောက်စဉ် မြင်မက်ပါက...**

ပြန်တွေ့နိုင်သည်။



✤ **နာမကျန်းဖြစ်စဉ် မြင်မက်ပါလျှင်...**

ဆေးဝါးကောင်းတွေ့မည်။

✤ **အချုပ်အကျဉ်းကျနေသူက မြင်မက်လျှင်...**

ပြစ်ဒဏ်လျော့ပါးခြင်း ခံစားရမည်။

✤ **ကိုယ်ဝန်ဆောင်စဉ် မြင်မက်လျှင်...**

မိခင်ကော ကလေးပါ ကျန်းမာမည်။

✤ **ကွဲကွာနေကြသူများ မြင်မက်ပါက...**

ပြန်လည် ပေါင်းဆုံနိုင်ကြသည်။

**(မြန်မာမှုတွင် ဂေဟာပေမ ချစ်ခြင်းဖြင့် နှောင့်ဖွဲ့ကြသော မောင်နှမ၊ သားအမိ၊ ကီလေသာ တဏှာပေမ ကင်းသောသူများကို ဆိုလိုသည်။ တစ်မိ၊ တစ်ဖတည်းမှ ဆင်းသက်မှု မရှိသော်လည်း သစ္စာဆို၍ တော်စပ်သော သွေးသောက် ညီအစ်ကိုမောင်နှမများလည်း အကျုံးဝင်ပါသည်။)**

✤ **စိတ်သဘောချင်း မတိုက်ဆိုင်သောကြောင့် လမ်းခွဲခဲ့ကြသည့် ဇနီးမောင်နှံ၊ သမီးရည်းစားက မြင်မက်ပါက...**

ကြင်ဖက်ကိုယ်စီ တွေ့ပြီဖြစ်၍ မိမိလမ်းကို မိမိဘာသာ လျှောက်ကြရန် အကြံပေးခြင်းဖြစ်၏။

✤ **ဆွေးနွေးပြောဆို ညှိနှိုင်းမှုများ (အိမ်ထောင်ရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး စသည် လောကီမျက်နှာစာ အားလုံးအတွက်) သောင်မတင် ရေမကျ ဖြစ်နေစဉ် မြင်မက်ပါက...**

ညှိနှိုင်းနားလည်မှု ရရှိမည်။

✤ **နာတာရှည် ဝေဒနာရှင်များက မြင်မက်လျှင်...**

အနောက်ဘက်ကောင်းကင်သို့ ဝင်ခွင့်ရခြင်းဖြစ်သည်။ (ခံစားနေရသော ဝေဒနာများ ပျောက်ကွယ်၍ တမလွန်ခရီး စတင်ရန်ဖြစ်သည်။)

❂ အိပ်မက်တွင် မိန်းမတစ်ယောက်က အော်ဂင်ကို ယူလာကာ မိမိ၏ နေအိမ်၌ ထား၍ ထွက်ခွာသွားသည်ဟု မြင်မက်လျှင် ရသင့်ရထိုက်သည့် အခွင့်အရေးများ ခံစားရရှိမည့် နိမိတ်ဖြစ်သည်။

✤ **အိမ်ထောင်ရှင်များက မြင်မက်လျှင်...**

အမွေအနှစ် ရတတ်သည်။

✤ **အပျိုလူပျိုက မြင်မက်လျှင်...**

ကြေးရတတ် မိသားစုဝင် ဖြစ်လိမ့်မည်။

✤ **ကုန်သည်က မြင်မက်လျှင်...**

ဆုံးရှုံးမှုများ အစားပြန်ရနိုင်သည်။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

သိမ်းပိုက်ခံ လယ်ယာမြေများ ပြန်ရမည်။

✤ **စာမေးပွဲ၊ အရည်အချင်းစစ်မေးပွဲ၌ ကျရှုံးသူက မြင်မက်လျှင်...**

နောက်ဆက်တွဲ စာမေးပွဲဖြေဆို၍ အောင်မြင်နိုင်သည်။

✤ **ရွေးကောက်ပွဲ၌ ရှုံးနိမ့်သော အမတ်က မြင်မက်လျှင်...**

ကြားဖြတ် ရွေးချယ်ပွဲဖြင့် အနိုင်ရမည်။ လစ်လပ်နေရာများတွင် အစားဝင်ရနိုင်သည်။

**ထက်မင်းကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com

# လေဖြတ်လေငန်း

## ရောဂါအတွက် ရှေးမွန်ပုရပိုက်ပါ ကုထုံးအစီအစဉ်

ဇာတိမြေသို့ အပြန်တွင် ကျွန်ုပ်စီးနင်းလိုက်ပါလာသော အဝေးပြေး အထူးယာဉ်သည် ကျိုက်ထိုမြို့နယ်၊ ဘိုကြားကျေးရွာအနီးရှိ စားသောက်ဆိုင်တစ်ဆိုင်ရှေ့တွင် နာရီဝက်ခန့် ရပ်နားသည်။

စွန့်ခြင်း၊ ဆောင်ခြင်း အမှုကိစ္စများပြုပြီးသောအခါ ဆိုင်မျက်နှာစာသို့ ပြန်ထွက်ခဲ့ရာ မွန်တိုင်းရင်းသူ ရိုးရာဝတ်စုံနှင့် ကလေးမက သူထိုင်နေသည့် ကုလားထိုင်မှ ထကာ ''ထိုင်ပါဦးလေး'' ဟု အဓိပ္ပါယ်ရသည့် ပိုးကရင်ဘာသာဖြင့် ခွန်းဆက်၍ နေရာပေး၏။

သို့ဖြင့် အိတ်ဆောင် ကွမ်းဘူးကို ထုတ်၍ ကွမ်းယာတစ်ယာ မြှုံ့ဝါးနေခိုက် အသက်(၅၀)ကျော် (၆၀)နီးပါး မွန်တိုင်းရင်းသားတစ်ဦးက ပြုံးပြနှုတ်ဆက်ကာ ''ဒီမှာ ကွမ်းယာဆိုင် မရှိဘူးနော်'' ဟု စကားလမ်းကြောင်း၏။ သို့ဖြင့် အလိုက်သိစွာ ကွမ်းဘူးကို ကမ်းပေးရာ ကွမ်းယာတစ်ယာ ယာ၍ မြို့၏။

'အစ်ကိုကို ကျွန်တော် တွေ့ဖူးပါတယ်။ ပေါင်မြို့မ မီးမလောင်ခင်က အစ်ကိုတို့အိမ် ဘေးလမ်းထဲမှာ နေခဲ့တယ်လေ'

အတိတ်အကြောင်း ပြန်ပြောင်းပြောပြလေမှ ၁၉၇၉ ခုနှစ်၊ နိုဝင်ဘာလ (၂၉)ရက်တွင် ပေါင်မြို့မ လူနေအိမ်ခြေများ မီးဘေးသင့်၍ ပြာကျခဲ့သည်ကို သတိရမိတော့သည်။

'အခု အိမ်ပြန်မှာလား'

'မဟုတ်ဘူး အစ်ကို၊ ကျွန်တော် တွံတေးမှာနေတာ နှစ်ပေါင်း(၃၀)ကျော်ပြီ။ ပေါင်မြို့၊ ထန်းတောရပ်မှာ ညီမတစ်ယောက် ကျန်တယ်။ အသက်(၅၀)ကျော်ပါ။ လေဖြတ်သွားတယ်ဆိုလို့ ဆေးနည်းလဲပေးရင်း မရောက်တာကြာပြီဖြစ်တဲ့ ဇာတိမြို့ကိုလဲ သတိရတာမို့ ပြန်လာတာပါ'

'ဆေးနည်းက အစွမ်းထက်သလား'

'ရှေးမွန်ဘုရင်တွေခေတ် လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၅၀၀)ကျော် ကတည်းက သုံးခဲ့တဲ့ဆေးပါ။ ဝါခရူ(ဂေါတမဘုရားရှင် ပွင့်တော်မူစဉ်ကာလ အလွန်ပင်စည်ကား၍ မုဆိုးမပင်လျှင် ရွှေသားအစစ်ယောက်မ သုံးနိုင်သည့် ရှေးမွန်နေပြည်တော်) ပုရပိုက်မှာလဲ ပါတယ် (ရေးမှတ်ထားသည်)လေ'

'ဝါခရူပုရပိုက်မှာ အနိစ္စတုံးပုံစံရသေ့ အံ့ကျောက်အကြောင်းပဲ ပါတာမဟုတ်လား'

'ဝါခရူပုရပိုက်မှာ (၁၈)အင်္ဂါရှိတယ်။ (၁၂)အင်္ဂါက ရသေ့အံ့အကြောင်း ရေးထားပြီး ကျန်တဲ့ (၆)အင်္ဂါမှာ တခြားကုထုံး ဆေးဖက်ဝင်ပစ္စည်းတွေအကြောင်း မှတ်တမ်းပြုထားတယ်'

'ကျွန်တော်က (၁၂)အင်္ဂါပဲ လေ့လာဖူးတယ်။ မုဒ္ဒါဒီအထက်ကျောင်းဆရာတော် ဦးပညာက (၆)အင်္ဂါ ကျန်သေးတယ်လို့တော့ မိန့်ဖူးပါတယ်။ ခင်ဗျားက အသက်ငယ်တယ် ဆိုပေမယ့် ကျွန်တော့်ထက် ' ပညာမြင့်သွားပြီ။ ပြောပြပါဦး လေဖြတ်နာ ကုသနည်း ဆေးကုထုံးကို မှတ်သားပြီး လူအများ အကျိုးရှိအောင်ပါ'

'ကုသနည်း မဟုတ်ဘူးအစ်ကို၊ ဖြစ်ပြီးတဲ့သူ မဖြစ်သေးတဲ့သူ ဘယ်သူမဆို ကာကွယ်လို့ရတယ်။ ကွင်းဘဲဥ *(စက်ဖြင့် အပူပေး* *ကာ အကောင်ဖောက်ထားသော မွေးမြူရေးဘဲ၏ ဥ မဟုတ်ပါ။ လယ်ကွင်းပြင်တွင် တစ်နိုင်မွေးထားသော ဘဲများ၏ဥသည် သဘာဝဘဲဥဖြစ်သည်။)* တစ်လုံးယူ၊ သင်္ဘောသီးတစ်လုံးကို ဘဲဥဝင်သာ[...] အညှာဘက်က အပေါက်ဖောက် ဘဲဥထည့်[...] ပြီး မီးအားကောင်းတဲ့ မီးဖိုမှာ ထည့်ဖုတ်[...]

သင်္ဘောသီး မီးကျွမ်းသွားရင် မီးဖိုကနေ[...] ထုတ်ပြီး အအေးခံ ပူပူနွေးနွေး စားနိုင်တဲ့[...] အခြေအနေမှာ ဘဲဥအခွံခွာပြီး တစ်လုံးလုံး[...] ကုန်အောင် စားပါ။

နောက် သုံးလအကြာမှာ တစ်ခါ ဒီလို[...] လုပ်ပြီးစားပါ။ (၉)လအကြာ သုံးခါစားပြီးတဲ့[...] အချိန်မှာ လေဖြတ်၊ လေဖြန်း၊ လေငန်း[...] အကြောတုံ့ဆိုင်းတဲ့ သွက်ချာပါဒဖြစ်တာတွေ[...] မကြုံရတော့ဘူး။ တခြားရောဂါတွေလဲ ခံနိုင်[...] ရည်ရှိတယ်တဲ့'

'ကောင်းလှချည့်လား၊ ဘာကြောင့်ဆိုတာ ပြောပြနိုင်မလား'

'ကျွန်တော့်အဘိုး ပြောတာက **သင်္ဘောသီးဆိုတာ ပြဒါးစုတဲ့အိမ်တဲ့။ သင်္ဘောသီးထဲက ပြဒါးတွေကိုဘဲဥထဲ ထည့်ပေးလိုက်တာ။ ရသာယနဓာတ်ဖြစ်သွားသတဲ့။ ဒါကြောင့် လေငန်း၊ လေဖြတ်ရောဂါ အပါအဝင် (၉၆)ပါးသော ရောဂါဒဏ်ကနေ ကာကွယ်ပေးပြီး အတိတ်ကံရှိသလောက် နေနိုင်တဲ့သက်ရှည်ဆေးလို့ ပြောပါတယ်'**

မကြာမီတွင် ခရီးသည်များ စုံလင်စွာ ပြန်ရောက်ကြပြီဖြစ်၍ မော်တော်ယာဉ်ပေါ်သို့ နေရာယူပေးကြပါရန် ကြေညာ[...] သဖြင့် ကားပေါ်ပြန်တက်၍ ခရီးဆက်ခဲ့လေသည်။

**စောသိင်းဟ**



www.burmeseclassic.com

www.burmeseclassic.com

# ဘေးရန်ကင်းရှင်း

### သရဏဂုံအင်း

ထိလာ မောင်လှဝေ



ရေဘေး၊ လေဘေး၊ မီးဘေး စသော ဘေးအမျိုးမျိုး၊ ရန်အမျိုးမျိုးတို့မှ လွတ်ကင်းနိုင်၍ လာဘ်လာဘရွှင်ခြင်း၊ အရောင်းအဝယ်ကောင်းခြင်း၊ စာမေးပွဲ ပြေဆိုအောင်မြင်နိုင်ခြင်း၊ ချစ်သူခင်သူ ပေါများခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်သော သရဏဂုံအင်းချနည်းကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ တစ်ဆင့် တင်ပြလိုက်ပါသည်။

သရဏဂုံအင်းချနည်း လွယ်ကူစေရန် အောက်ပါလင်္ကာကို ရှေးဦးစွာ ကျက်မှတ်ထားရပါမည်။

လင်္ကာ

ဂြိုဟ်ဇီဝပေါ်၊ ဘုန်းတော်ဆ,ပွား၊ ခွေးစားလာဘ၊ ပါယ်လေးဝနုတ်၊ ဗုဒ္ဓကောဏ၊ တစ်စီနှောပေ၊ ချလေအင်းကွက် ဗိုလ်တက်ဗိုလ်ဆင်း၊ အတွင်းအင်းဆန်၊ ဂုဏ်(၉)တန်နှင့်၊ စားရန်မယွင်း၊ အကြွင်းသရဏဂုံ၊ ရှစ်မျိုးစုံသည်၊ နည်းမှန်မြူမျှ မသန်းတည်း။

**လင်္ကာ၏ အဓိပ္ပာယ်ကို ရှင်းပြရသော် "ဂြိုဟ်ဇီဝပေါ် ဘုန်းတော်ဆ,ပွား"** အရ မိမိတို့၏ မွေးနံဂြိုဟ်သက်ကို တည်။ ဂြိုဟ်သက်ကို ဘုန်းတော်(၆)ပါးနှင့် မြှောက်ရမည်။

**"ခွေးစားလာဘ ပါယ်လေးဝနုတ်"** အရ အထက်ကမြှောက် ရလဒ်ကို (၂)နှင့်စား၊ (အကြွင်းမလို) စားလဒ်မှ အပါယ်(၄)ပါး နုတ်ရမည်။

**"ဗုဒ္ဓကောဏ တစ်စီနှောပေ"** အရ အထက်က နုတ်လဒ်တွင် ဘုရား(၁)ဆူဟူသော (၁)နှင့်ပေါင်းလျှင် ပထမအင်းဆန် ရမည်။

ပထမအင်းဆန်ကို (၁)နှင့် နောက်တစ်ကြိမ် ထပ်ပေါင်းလျှင် ဒုတိယအင်းဆန်ကိုရမည်။ ဤနည်းဖြင့် (၉)ကြိမ်တိတိ ဆက်ပေါင်းသွားလျှင် အင်းဆန် (၉)ခု ရပေမည်။

**"ချလေအင်းကွက် ဗိုလ်တက်ဗိုလ်ဆင်း"** အရ အင်းကွက် (၉)ကွက်ရေး၍ အထက်ကရခဲ့သော အင်းဆန် (၉)ခုကို ဇယား(၁)တွင် ပြထားသည့်အတိုင်း နံပါတ်အစဉ်မလွဲစေရန် ဗိုလ်တက်ဗိုလ်ဆင်း ချပါလေ။

| | | |
|---|---|---|
| ၂ | ၉ | ၄ |
| ၇ | ၅ | ၃ |
| ၆ | ၁ | ၈ |

ဇယား(၁)
(နံပါတ်စဉ် မလွဲစေရန် သတိပြု)

**"အတွင်းအင်းဆန် ဂုဏ်(၉)တန်နှင့် စားရန်မယွင်း အကြွင်းသရဏဂုံ ရှစ်မျိုးစုံသည်"** လင်္ကာအရ အင်းကွက်အတွင်း ချထားသော အင်းဆန်များကို အလျားလိုက်ဖြစ်စေ၊ အထက်အောက် ထောင်လိုက်ဖြစ်စေ၊ ကြက်ခြေခတ် ထောင့်တန်းဖြစ်စေ ပေါင်းလျှင် ဂဏန်းတူရမည်။

ယင်းပေါင်းလဒ်ဂဏန်းကို ဗုဒ္ဓဂုဏ်တော်(၉)ပါးနှင့် စားလျှင် အကြွင်း(၃) ဂဏန်းရမည်။ ယင်း (၃)ဂဏန်းသည် သရဏဂုံ(၃)ပါး ဖြစ်ပါသည်။ (၃)ဂဏန်းရမှ အင်းကွက်ချ မှန်ပါသည်။ မရလျှင် မမှန်ပါ။

နမူနာချပုံ

**ဗုဒ္ဓဟူးသားအတွက်** ချပြပါမည်။

ဗုဒ္ဓဟူးဂြိုဟ်သက် (၁၇)ကိုတည်၊ ဘုန်းတော်(၆)ပါးနှင့်မြှောက် (၁၀၂)ရပါသည်။

ယင်း(၁၀၂)ကို (၂)နှင့်စား၊ စားလဒ် (၅၁)ရပါသည်။ (၅၁)မှ (၄)နုတ် (၄၇) ရသည်။ ယင်း(၄၇)ကို (၁)နှင့် ပထမတစ်ကြိမ်ပေါင်း (၄၈) ရပါသည်။***ပထမအင်းဆန်ဖြစ်သည်။***

နောက်ထပ် (၁)နှင့်ပေါင်း၊ ဒုတိယအင်းဆန်(၄၉)ရသည်။ ယင်းသို့ (၁)နှင့် ဆက်ပေါင်းသွားပါက **၅၀၊ ၅၁၊ ၅၂၊ ၅၃၊ ၅၄၊ ၅၅၊ ၅၆** အင်းဆန် (၉)ခု ရပါမည်။

*ယင်းအင်းဆန်များကို ဇယား(၁)* တွင် ပြထားသည့် နံပါတ်စဉ်အတိုင်း သွင်းသော် (ဇယား-၂) ဗုဒ္ဓဟူးသား အတွက် သရဏဂုံအင်းကို ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| ၄၉ | ၅၆ | ၅၁ |
| ၅၄ | ၅၂ | ၅၀ |
| ၅၃ | ၄၈ | ၅၅ |

ဇယား(၂)
**(ဗုဒ္ဓဟူးသားတွက် သရဏဂုံအင်း)**

အထက်ပါ အင်းကွက်မှ အင်းဆန်များကို အလျားလိုက်ဖြစ်စေ၊ ထောင်လိုက်ဖြစ်စေ၊ ထောင့်တန်းဖြစ်စေ ပေါင်းကြည့်ပါက (၁၅၆)ရမည်။ ယင်းကို ဂုဏ်တော်(၉)ပါးနှင့် စားလျှင် အကြွင်းဂဏန်း(၃) (သရဏဂုံ-၃ပါး) ကြွင်းပါသည်။

ကျန်နေ့သားများကိုလည်း ဤနည်းအတိုင်း တွက်ချက်၍ လက်ဖွဲ့ထိုး၍ ဖြစ်စေ၊ ရွှေ၊ ငွေ့ကြေးနှင့် မိုင်းကိုင်စက္ကူ သိမ်ဝင်သပိတ်ကွဲ စသည်၌ဖြစ်စေ အင်းကွက်ချပြီး ဆောင်ထားပါ။

အင်းကွက်ချစဉ် သရဏဂုံ(၃)ပါးကို မပြတ်ရွတ်၍ ချပါက ဆောင်းပါးအစတွင် ဖော်ပြခဲ့သည့် အကျိုးကျေးဇူးများ ရရှိနိုင်ပါကြောင်း တင်ပြလိုက်ရပါသည်။

ဝန်ခံချက်

**သရဏဂုံအင်းချနည်းကို ပေး တော်မူသော မိတ္ထီလာမြို့ အသော ကာရုံ ရေလယ်စာသင်တိုက်မှ စာရေး ဆရာတော် အရှင်မဏ္ဍလသိဒ္ဓိ အရှင်မြတ်အား ရှိခိုး ကန်တော့ပါ သည်။**

**ထီလာ မောင်လှဝေ**

# ဆီးရောဂါအတွက် မြို့ပျက်ခရမ်း



ခရမ်း ကစော့သည် အမှိုက်ပုံများ၊ အိမ်ကုန်း၊ ယာပျက်များတွင် အလေ့ကျ ပေါက်ရောက်လေ့ရှိသဖြင့် မြို့ပျက် ခရမ်းဟုလည်း ခေါ်ကြသည်။

ခရမ်းရွက်နှင့် ဆင်တူ၍ အရွက်ပတ်လည် ခွေးသွားစိတ်များ ပါရှိသည်။ အရွက်ပေါ်တွင် အမွေးနုများ ပါရှိသည်။ အကိုင်းအခက်များတွင် ကောက်၍ မာသောဆူးများ ရှိကြသည်။

လက်မ၊ လက်ညှိုးထိပ်ခန့် အသီးလေးများ အပြွတ်လိုက် သီးကြသည်။ မီးအုံး၍ လည်းကောင်း၊ မဲဇလီဟင်းခါးစသည်တွင် ရောနှောထည့်ခြင်းဖြင့် လည်းကောင်း စားကြသည်။

ယင်း၏ အံ့မခန်းသော ဆေးစွမ်းတစ်ခုမှာ **ဣန္ဒြိယာပုတ်မမျှသဖြင့် ဆီးများတွင် အဖြူရောင်အနှစ်များကျကာ ဆီးဖြူ၊ ဆီးနောက်သော ဝေဒနာအတွက်** ပဥ္စငါးပါး (၁၅)ကျပ်သားအစုအား ရေ သုံးခွက်တစ်ခွက်တင် ကျို၍ နေ့စဉ် သောက်သုံးပေးပါက မကြာမီ ချမ်းသာရာရလေသည်။

**ဆေးသုတေသီတစ်ဦး**

**ဆီးနောက်ဝေဒနာအတွက် အစွမ်းထက်သည့်**

**ခရမ်းကစော့သီး မြို့ပျက်ခရမ်း**



www.burmeseclassic.com

www.burmeseclassic.com

မောင်မောင်လွင် (မုံရွာ)

မိုးကုတ်ဝိပဿနာ မြေပြင်သာရိပ်သာမှ နာယကဆရာတော်ဖြစ်သည့် ဦးသုမနက စာရေးသူအား မိုးကုတ်ဝိပဿနာ မြေပြင်သာရိပ်သာတွင် ဆင်မြဲပြုလုပ်မည့် (၂၆)ကြိမ်မြောက် (၇)ရက်တရားစခန်းပွဲအတွက် တိုင်ပင်ဆွေးနွေးရန် မှာကြားပါသည်။

ထို့ကြောင့် စာရေးသူလည်း ချင်းတွင်းမြစ်၏ အနောက်ဘက်ကမ်း ဆက်ပံတောင်းတောင်၏ မြောက်ဘက်တွင် တည်ရှိသော မိုးကုတ်ဝိပဿနာ မြေပြင်သာရိပ်သာသို့ သွားရောက်ခဲ့ပါသည်။

မိုးကုတ်ဝိပဿနာ မြေပြင်သာရိပ်သာသို့ ရောက်သောအခါ ဆရာတော်များနှင့် ဂေါပကလူကြီးများ (၂၆)ကြိမ်မြောက် ပြုလုပ်မည့် (၇)ရက်တရားစခန်းပွဲအတွက် တိုင်ပင်ဆွေးနွေးကြပါသည်။

တရားစခန်းပွဲအတွက် တိုင်ပင်ဆွေးနွေးပြီးသောအခါ စာရေးသူလည်း နာယကဆရာတော် ဦးသုမနအား မုံရွာသို့ ပြန်တော့မည့်အကြောင်း လျှောက်ထားသည်။

ဆရာတော်က မနက်ဖြန်နံနက်တွင် ကျောင်းဆောင်အသစ် တစ်ဆောင်ကို ဆောက်ချပြီး လှူဒါန်းမည့်ပွဲ ရှိသောကြောင့် လိုအပ်သော မှတ်တမ်းတင် ဓာတ်ပုံများ ရိုက်ကူးပေးရန်အတွက် နေခဲ့ရန် ပြောသောကြောင့် စာရေးသူလည်း မုံရွာသို့ မပြန်တော့ဘဲ မိုးကုတ်ဝိပဿနာ မြေပြင်သာရိပ်သာမှာပင် ညအိပ်လိုက်ရတော့သည်။

နောက်နေ့နံနက်သို့ ရောက်သော



ရှေ့တည့်တည့်မှ မြင်ရသော နှယ်ကြွင်းရိုး

ဂမ္ဘီရနွယ်ဝင်

# ကျောက်ခဲသား နှယ်ကြွင်းရိုး

အခါ ရုံးပင်ရိုးထန်းတောကြီးကျေးရွာမှ (ချင်းတွင်းမြစ်၏ အနောက်ဘက်ကမ်းတွင် ထန်းတောကြီးကျေးရွာ သုံးရွာရှိသောကြောင့် ရုံးပင်ရိုးကျေးရွာအနီးမှ ထန်းတောကြီးကျေးရွာကို ရုံးပင်ရိုးကျေးရွာနှင့်တွဲ၍ ရုံးပင်ရိုးထန်းတောကြီးရွာဟု ခေါ်ခြင်းဖြစ်သည်။)

ကျောင်းဒါယကာ ဦးတင်အုန်း ဇနီး ဒေါ်အောင်မေတို့ မိသားစုများ

နဂါးရွာရောင်ခြည်မဂ္ဂဇင်း

www.burmeseclassic.com



▲ ညာဘက်အောက်မှ မြင်ရသော နွယ်ကွင်းထိုး

▼ ဘယ်ဘက်အောက်မှ မြင်ရသော နွယ်ကွင်းထိုး



ရောက်ရှိလာကြပြီး ကျောင်းဆောင် အသစ် ရေစက်ချလှူဒါန်းမည့်ပွဲ အတွက် ကန်တော့ပွဲများကို ပြင်ဆင် ကြလေသည်။

ထိုပြင်ဆင်ထားသော ကန်တော့ပွဲ များထဲမှ ကန်တော့ပွဲ တစ်ပွဲထဲတွင် ထူးခြားသည့် ပစ္စည်းတစ်ခုကို စာရေး သူ တွေ့မြင်လိုက်ရပေသည်။

**ထိုသည်မှာ မြွေတစ်ကောင် ခွေ နေပြီး ပါးပျဉ်းထောင်နေသည့်အလား နွယ်ဝင်ကွင်းထိုးတစ်ခုကို တွေ့မြင် လိုက်ရခြင်းဖြစ်ပေသည်။**

စာရေးသူလည်း ထိုနွယ်ဝင်ကွင်းထိုး ကို စိတ်ဝင်စားသော်လည်း ယခု လောလောဆယ်တွင် မမေးဖြစ်သေး ဘဲ ကျောင်းရေစက်ချပွဲပြီးသည်အထိ စောင့်နေလိုက်ပြီး ကျောင်းရေစက်ချပွဲ ပြီးသောအခါမှ မေးမြန်းဖြစ်ပေတော့ သည်။

ကျောင်းဒါယကာ ဦးတင်အုန်းအား ဒီနွယ်ဝင်ကွင်းထိုးကို မည်သည့်အရပ် ဒေသမှ ရရှိပြီး မည်သို့သော နွယ် ဖြစ်ကြောင်း မေးမြန်းသည့်အခါ ဦးတင် အုန်းက အလုပ်အကိုင်ဖြင့် အထက် အရပ်သို့ သွားရောက်စဉ် သစ်ခက်ရှင်း

www.burmeseclassic.com



ကျောင်းတကာ ဦးတင်အုန်းနှင့် နွယ်ကွင်းထိုး

နိန်ရွာမှ ရရှိလာခဲ့ပြီး အသားမှာ ရေကျင်းရဲသားဖြစ်ကြောင်း ပြောပါသည်။

ဦးတင်အုန်းအနေနှင့် ယခုအခါ ညီသည့်အလုပ်ကိုင် လုပ်ကိုင်နေပြီး နွယ်ဝင်ကွင်းထိုး ရရှိပြီးသောအခါ ညီသို့သော ထူးခြားမှုမျိုးများ ရှိပါသလဲဟု မေးမြန်းကြည့်ပါသည်။

ထိုအခါ ဦးတင်အုန်းမှ ယခုအချိန်တွင် မုံရွာနှင့် ရုံးပင်ရိုးထန်တောကြီးရွာကို ချင်းတွင်းမြစ်အား ဖြတ်ကူးပို့ဆောင်ပေးနေသော ကူးတို့လုပ်ငန်းကို တန်ထရိုက်ခွဲထားကြောင်း၊ နွယ်ကွင်းထိုးသည့် ဂမ္ဘီရနွယ်ဝင် ပစ္စည်းတစ်ခုဖြစ်သည့်အတွက် လာဘ်လာဘ ပေါများသောကြောင့် နွယ်ကွင်းထိုး ရရှိပြီးသည့်နောက် အလုပ်အကိုင်များ ပိုမိုထိုးတက်ကောင်းမွန်လာကြောင်း...

ယခု မိုးကုတ်ဝိပဿနာ မြေပြင်သာနိုင်သာတွင် သံဃာတစ်ပါးနေ ကျောင်းဆောင်အသစ်တစ်ဆောင် ဆောက်လုပ်ပြီး ဦးကေဝလအား ကျောင်းအပ်ကာ ရေစက်ချလှူဒါန်းနိုင်ခဲ့ပြီဖြစ်ကြောင်း ပြောပါသည်။

စာရေးသူလည်း ထိုဂမ္ဘီရနွယ်ဝင် ရေကျင်းရဲသားနွယ်ကွင်းထိုး အကြောင်းကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းထဲတွင် ရေးသားဖော်ပြလိုကြောင်း ခွင့်တောင်းသောအခါ ခွင့်ပြုသဖြင့် ဓာတ်ပုံများနှင့်တကွ ရေးသားဖော်ပြလိုက်ပါသည်။

**[ရေးသား ဖော်ပြခွင့်ပြုသော ကျောင်းဒါယကာ ဦးတင်အုန်း(ရုံးပင်ရိုးထန်းတောကြီးရွာ)အား ကျေးဇူးအထူးတင် ရှိပါကြောင်း...]**

***အလှူရေစက် လက်နှင့်မကွာ လှူဒါန်းနိုင်ပါစေ။***

**မောင်မောင်ထွန်း(မုံရွာ)**


စာမူရှင်များသို့...

ပေးပို့သော စာမူများကို မူပွား ထားကြပါရန်နှင့် မရွေးချယ်ပါက ပြန်လည်ပေးပို့မည် မဟုတ်ပါကြောင်း အသိ ပေးအပ်ပါသည်။

စာနယ်ဇင်းချစ်မိတ်...

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း

www.burmeseclassic.com



# မြင်နိုင် ကြားနိုင် ကြုံပါစေ

အောင်မြင့်ကျော်
(နေလဝိဇ္ဇာဂိုဏ်းဓောက်ကြီး)

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ် အတွင်းရှိ စန္ဒာမုနိ ဘုရားတွင် မဟာပဋ္ဌာန်း အနုလုံပဋိလုံ အဓိဋ္ဌာန် ပုတီးစိပ် နေစဉ်က ဖြစ်သည်။

ထိုဘုရားသည် **မန္တလေး–စစ်ကိုင်း ကားလမ်းမ၏ အရှေ့ဘက်၊ အမရပူရ ကျုံးမြောက်၏ မြောက်ဘက်တွင် ရှိသည်။**

ဘုရားပရိဝုဏ်မှာ ကျယ်ဝန်းပြီး အေးချမ်း တိတ်ဆိတ်သောကြောင့် အဓိဋ္ဌာန်ဝင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ အဓိဋ္ဌာန်ကာလမှ (၇)ရက်ဖြစ်ပြီး ယနေ့(၇)ရက်ပြည့်နေ့ ဖြစ်သည်။

အဓိဋ္ဌာန်ပုတီးမစိပ်မီ ရှေးဦးစွာ ဘုရားအား သောက်တော်ရေချမ်း ကပ်လှူခြင်း၊ ဖယောင်းတိုင်၊ အမွှေးတိုင်များ ထွန်းညှိပူဇော်ခြင်း ပြုလုပ်ပြီး ဘုရားပလ္လင်ပေါ် သန့်ရှင်းရေးလုပ်ခြင်း၊ ဂန္ဓကုဋိအတွင်း တံမြက်စည်းလှည်းခြင်းတို့ကို နေ့စဉ် ပြုလုပ်လေ့ရှိရာ ယနေ့တွင်မှ ပလ္လင်ပေါ်တွင် ဘုရားဆင်းတုတော်၏ နောက်ကျောအောက်ဘက်တွင် အထုပ်တစ်ထုပ်ကို တွေ့ရှိခဲ့ရသည်။

ထိုအထုပ်မှာ သက်နုံးစ အဟောင်းနှင့် ပတ်ထားသောကြောင့် ဖြေကြည့်ရာ အထဲတွင် အလျား(၁)ပေနီးပါးခန့် အနံ(၄)လက်မကျော်ခန့်ရှိ ဟောင်းနွမ်းဆွေးမြည့်ပြီး ပိုးထိုးရာများနှင့် ပြည့်နေသော ယွန်းသေတ္တာလေးကို တွေ့လိုက်ရသည်။

စာရေးသူ စဉ်းစားမိသည်မှာ ဤဘုရားသည် လူသူ အရောက်အပေါက်နည်းသော ရှေးဟောင်းဘုရားတစ်ဆူဖြစ်သည်။ အရင်ရက်များက ဘုရားပလ္လင်ပေါ်တွင် သန့်ရှင်းရေး လုပ်စဉ်တုန်းက မည်သည့်အရာမျှ မတွေ့ရဘဲ ယနေ့တွင်မှ ဤအထုပ်ကို တွေ့ရာ အခြားသူတစ်ဦးဦးမှ လာရောက် ထားသွားခြင်း(ဝါ) စွန့်သွားခြင်းသာ ဖြစ်ရမည်။

ထို့ကြောင့် ဤအထုပ်သည် ပိုင်ရှင်မရှိဟု ယူဆကာ ဖြေကြည့်မိခြင်းဖြစ်သည်။ ထိုသို့ ဖြေကြည့်ရာ ယွန်းသေတ္တာအဟောင်းလေးကို တွေ့ပြီး စိတ်ဝင်စားသွားကာ ဆက်လက် ဖွင့်ကြည့်မိတော့သည်။ အထဲတွင် တွေ့လိုက်ရသည်ကား ကြေးပြားလိပ်ကလေးဖြစ်သည်။

ထိုကြေးပြားလိပ်ကို ချည်ကြိုးဖြင့် စည်းနှောင်းထားပြီး ယွန်းသေတ္တာအဖုံးအတွင်းဘက်တွင်"**ဉာဏ်ခြင်းတူလျှင်ယူပေတော့**"ဟူသော စာကို တွေ့ရသောကြောင့် စာရေးသူမှာ များစွာ စိတ်ဝင်စားသွားမိသည်။

ထို့နောက် စာရေးသူလည်း ထို ကြေးပြားလိပ်လေးကို ဖြေကြည့်လို[က်] မိသည်။ ကြေးပြားလိပ်မှာ တစ်ရှ[...] တည်း မဟုတ်ဘဲ (၁၃)ချပ်တိ[...] ရှိလေသည်။ ကြေးပြားမှာ အလွန်[...] ပါးလျပြီး ကိုင်တွယ်ရာတ[...] တကြွပ်ကြွပ် အသံများပင် ထွက်[...] လျက်ရှိသည်။

ကြေးပြားတစ်ပြား၏ ပမာဏာ[...] အလျား(၁၀)လက်မခန့်နှင့် အနံ[...] လက်မခွဲခန့်ရှိသည်။ ကြေးပြားမျာ[း...] အပေါ်ထိပ်အလယ်တွင် က၊ ခ၊ [...] ဟူသော အက္ခရာများဖြင့် အရှက်[...] အမှတ်အသား ပြုလုပ်ထားပြီး မြန်[...] ဘာသာဖြင့် စာများ ရေးသားထာ[...] သည်ကို တွေ့လိုက်ရပေသည်။

ထိုရေးထားသော စာမျာ[း...] တိမ်မြုပ်ပျောက်ကွယ်မတတ် ဖြစ်[...] သော ဝိဇ္ဇာမယပညာရပ်များဖြစ်သော[...] ကြောင့် စာရေးသူမှာ ရေငတ်တ[...] ရေတွင်းထဲကျ ဆိုသလိုပင် အထူ[း...] ဝမ်းသာအားရ ဖြစ်မိတော့သည်[...] သော် ကြေးပြားများမှာ ရှေးအထ[...] ထပ် လိုက်တက်နေသောကြောင့် [...]



www.burmeseclassic.com

www.burmeseclassic.com

များ အကုန်စင် မဖတ်နိုင်တော့ဘဲ ရှိလေသည်။

စာရေးသူလည်း အိမ်ပြန်ရောက်သောအခါ မန်ကျည်းမှည့်အရည်ဖျော်ပြီး ကြေးပြားများကို ပွတ်တိုက်ကြည့်ရာ ဝင်းဝါပြီး အရောင်ထွက်ပေါ်လာသည်။ ထိုအခါမှ ကြေးပြားများမှ စာကို အသေးစိတ် ဖတ်ရှုကြည့်မိတော့သည်။

ထိုကြေးပြားများတွင် ရေးသားထားသည့် စာများမှာ မြန်မာစာဖြစ်သော်လည်း ယခုခေတ် စာပေအရေးအသားမဟုတ်ဘဲ အင်္ဂလိပ်ခေတ်လောက်က စာပေအရေးအသားမျိုး ဖြစ်သည်။ ထို့ကြောင့် ဤကြေးပြားများမှာ ရှေးဟောင်းပေ၊ ပုရပိုက် တစ်ခုခုမှ ပြန်လည် ကူးယူထားသော စာများဖြစ်သည်။ ရေးသားထားသော အကြောင်းများမှာလည်း ဝိဇ္ဇာမယ ပညာရပ်များဖြစ်သည်။

ရေးသားသည့် အချိန်ကာလမှာလည်း အင်္ဂလိပ် ခေတ်လောက်ကပင်ဖြစ်မည်။ တစ်စုံတစ်ဦးက ဆက်လက်ထိန်းသိမ်းထားလိုခြင်း မရှိတော့၍လည်းကောင်း၊ ပညာပြန့်ပွားစေလိုသော သဘောဖြင့် ထိုက်သူယူစတမ်းဟူသော သဘောဖြင့် လည်းကောင်း သို့မဟုတ် အခြားသော အကြောင်းကြောင်းကြောင့် ဘုရားတွင် စွန့်ပစ်ခဲ့ခြင်း ဖြစ်ရမည်ဟူ၍ စာရေးသူလည်း ကောက်ချက်ချလိုက်တော့သည်။

စာရေးသူလည်း ဂမ္ဘီရပညာရပ်များကို စိတ်ဝင်စားပြီး ဆည်းပူးလေ့လာလျက်ရှိရာ ထိုကြေးပြားများတွင် ပါရှိသော ပညာရပ်များကို စမ်းသပ်ကြည့်ရာတွင် အထူးပင် အစွမ်းထက်ကြောင်း တွေ့ရပေသည်။

ပါရှိသော ပညာရပ်များမှာ အကြမ်းအားဖြင့် ဂါထာမန္တန်ကဏ္ဍ၊ အင်းအိုင်ကဏ္ဍ၊ ဆေးကဏ္ဍ၊ ကျင့်စဉ်ကဏ္ဍဟူ၍ ခွဲခြားနိုင်ပြီး ကောင်းသည့်ပညာဟူ၍ နှစ်ပိုင်းခွဲနိုင်ပေသည်။

မကောင်းသည့်ပညာ ဆိုသည်မှာ သူတစ်ပါးအား နစ်နာစေနိုင်သော ပညာရပ်များဖြစ်သည်။ ထိုအထဲမှ အများအတွက် အကျိုးရှိမည့် ကျင့်စဉ်တစ်ခုကို စာရေးသူကိုယ်တိုင် ရွေးချယ်စမ်းသပ်ကျင့်ကြံခဲ့ရာ ခရီးအတော်ပင် ပေါက်မြောက်လျက်ရှိသည်။

ထိုနည်းကား အကြားဓာတ်အမြင်ဓာတ်ရစေသောနည်းပင် ဖြစ်သည်။ သို့သော် အခြားသူများ သိထားသည့် အကြားဓာတ် အမြင်ဓာတ်မျိုးမဟုတ်ဘဲ မိမိသိရှိလိုသော အကြောင်းအရာကို အိပ်မက်တွင် မြင်ရခြင်း၊ ဘေးမှ တစ်ဦးဦးက နားနားကပ်ပြီး ပြောသကဲ့သို့ ကြားစေတတ်သောနည်း ဖြစ်သည်။

ထိုကျင့်စဉ်ကို တစ်ကြိမ်တည်း ကျင့်ကြံရုံဖြင့် မထူးခြားသေးက နောက်တစ်ကြိမ် ဆက်ကျင့်ပါ။ စာရေးသူကိုယ်တိုင်လည်း နှစ်ကြိမ်မြောက် ကျင့်ပြီးမှ ထူးခြားမှု ရှိလာပါသည်။ မိမိ၏ ပါရမီနှင့် ဆိုင်လိမ့်မည်ထင်ပါသည်။

စာရေးသူ၏ ထူးခြားမှုကတော့ ကချင်ပြည်နယ် အနောက်မြောက်ဘက်ရှိ ရွာလေးတစ်ရွာတွင် ခေတ္တရောက်နေစဉ်က ဖြစ်သည်။ မိတ်ဆွေဖြစ်သူနှင့်အတူ တောထဲသို့ ဆေးပင်ဆေးမြစ် ရှာထွက်ခဲ့ရာ အပင်ကြီးတစ်ပင်အောက်တွင် ထိုင်ပြီး နားနေစဉ်ဖြစ်သည်။ တစ်စုံတစ်ဦးက နားနားကပ် ပြောသလိုပင် ပီပီသသကြီး ကြားလိုက်ရ၏။

'ရှေ့မှာ ဆင်ရိုင်းအုပ်လာနေပြီ ပြန်လှည့်သွားကြတော့'

စာရေးသူလည်း မယုံတစ်ဝက် ယုံတစ်ဝက်နှင့် မိတ်ဆွေဖြစ်သူကို ပြောပြရာသူက...

'မဟုတ်လောက်ပါဘူးကွာ။ ဒီဒေသမှာ ကုမ္ပဏီကြီးတစ်ခုက တောတွေကို အပြောင်ရှင်းနေတာ။ ဘယ်က ဆင်ရိုင်းတွေ နေနိုင်မှာလဲ'

ထိုသို့ သူက ပြောပေမယ့် စာရေးသူစိတ်ထဲမှာ လေးသွားသောကြောင့် ပြန်လှည့်ကြရန် ပြောပြီး ပြန်လာကြတော့သည်။

ဒီလိုနှင့် တောစပ်ရောက်ပြီး စာရေးသူတို့ထားခဲ့သော ဆိုင်ကယ်ကို ယူကာ မောင်းထွက်ခါစတွင်ပင် နောက်ကျောဘက် တောဘက်ဆီမှ ဆင်အုပ်ကြီး ဘွားခနဲ ထွက်လာသည်ကို တွေ့လိုက်ရသည်။

ဆင်အုပ်မှာ တောစပ်အပြင်သို့ ထွက်မလိုက်ဘဲ စာရေးသူတို့ ဆိုင်ကယ်ကိုသာ စိုက်ကြည့်နေကြသည်။ စာရေးသူတို့မှာလည်း တစ်ချိုးတည်း ဆိုင်ကယ်ကို စက်ကုန်ဖွင့်ပြီး မောင်းပြေးကြလေသည်။

ဆင်အုပ်မှာ လမ်းပေါ်ထိ လိုက်မလာတာကိုပဲ ကျေးဇူးတင်ရမလို ဖြစ်ရသည်။ နောက်ကြောင်း ပြန်မလှည့်ဘဲ ရှေ့ဆက်သွားရင်း ဆင်အုပ်နှင့် ထိပ်တိုက်တိုးမှာ အသေအချာပင် ဖြစ်သည်။ ထိုသို့ တောထဲမှာသာ ဆင်အုပ်နှင့် ထိပ်တိုက်တိုးမိပါက စာရေးသူတို့မှာ မတွေးဝံ့စရာပင်။

နောက်ဆုံး အတွေ့အကြုံကတော့ သိပ်မကြာသေးမီကပင် ဖြစ်သည်။ ကိစ္စတစ်ခုဖြင့် မန္တလေးမှ ကလေးဝ သွားစရာရှိရာ နံနက်စောစော ကားကွင်းထဲ ရောက်လာပြီး ကားဂိတ်နှင့် မနီးမဝေးရှိ လက်ဖက်ရည်ဆိုင်[illegible]

www.burmeseclassic.com

ညက မက်ခဲ့သော အိပ်မက်ကို ပြန်စဉ်းစားနေမိသည်။

ထိုအိပ်မက်မှာ ယခု စာရေးသူကြိုတင် လက်မှတ်ဝယ်ပြီး လိုက်မည့်ကားသည် မန်ကျည်းပင်ကြီး တစ်ပင်ကို ဝင်တိုက်ပြီး လဲနေသည့်ပုံပင် ဖြစ်သည်။ ခရီးသည် တော်တော်များများ သေကျေ ထိခိုက်ကုန်သည်။ ဒဏ်ရာရသူတို့၏ အော်ဟစ် ညည်းညူနေသည်မှာ သွေးပျက်မတတ်ပင် ဖြစ်သည်။

ထိုမြင်ကွင်းကို မိမိရှေ့တွင်ပင် ဖြစ်နေသလို ရှင်းရှင်းလင်းလင်း ပီပီသသပင် အိပ်မက်ထဲတွင် တွေ့လိုက်ရသည်။ ထို့ကြောင့် စာရေးသူမှာ လက်မှတ်ခ အဆုံးခံပြီး ထိုကားနှင့် မလိုက်တော့ဘဲ နောက်ကားနှင့် လိုက်ရန် ဆုံးဖြတ်လိုက်တော့သည်။

အခြားခရီးသည်များကို စိတ်ပူသော်လည်း ကိုယ်သွားပြောလျှင် ယုံကြည်လျှင်ကိစ္စမရှိ၊ မယုံကြည်ပါက ငကြောင်ဟုလည်း အထင်ခံရမှာ ရှိသေးသည်။ နောက်ဆုံးတော့ သဗ္ဗေ သတ္တာ ကမ္မသကာပဲလေဟု သဘောထားလိုက်ရတော့သည်။

ထိုကားမှာလည်း စာရေးသူတို့ ကားရှေ့က ထွက်သွားရာ နာရီဝက်နေမှ နောက်ကားလဲ ထွက်ခဲ့တော့သည်။ စစ်ကိုင်းအလွန် ညောင်ပင်ဝန်းရွာ မရောက်မီမှာပင် ရှေ့ကားကို တွေ့လိုက်ရတော့သည်။

တွေ့လိုက်ရပုံက ညက မက်ခဲ့သော အိပ်မက်ထဲကအတိုင်းပင် မြင်ကွင်းအားလုံးက အိပ်မက်ထဲက အတိုင်းပင် အတိအကျ ဖြစ်နေရာ စာရေးသူမှာ အံ့သြမိရသည်။

ထိုကားနှင့်ပင် လိုက်ဖြစ်ခဲ့ပါက စာရေးသူမှာလည်း သေဆုံးသူတွေ၊ ဒဏ်ရာရသူတွေထဲ ပါဝင်သွားမှာ



အသေအချာပင် ဖြစ်သည်။ ဤကား အိပ်မက်ဖြင့် သတိပေး ကယ်ဆယ်ခြင်း ဖြစ်သည်။

ဤကျင့်စဉ်ကို စတင်ကျင့်ကြံတော့မည်ဆိုပါက မှန်လေးမှန်ရှိသော ဘုရားမှာ အဓိဋ္ဌာန်ပုတီး (၇)ရက် စိပ်ရမှာ ဖြစ်သည်။

'အဟံ ဘန္တေ ဝက ပုဂ္ဂလိ နာမံ ပါရိသုဒ္ဓိယာ သဗ္ဗာအာပတ္တိယော အာရော စယာမိ'

**အရှေ့မှန်တွင်** အထက်ပါ ဂါထာကို ပုတီး(၄)ပတ်စိပ်၊ ပြီးလျှင် **တောင်မှန်**တွင် အောက်ပါဂါထာကို ပုတီး(၄)ပတ်စိပ်...

'အတီတံဟိ ဗုဒ္ဓဂုဏံ အနာဂတံ ဓာမိ ဉာဏံ ပစ္စုပ္ပန်နံ အတိမေတ္တံ အရဟန္တာနံ အရိယာသု ပြဟ္မာအဝ မနုဿာနံ အတိမေတ္တံ အတိဝိ ယံ ကေပုတ္တံပေမံ ယောတု နိဗ္ဗာနံ ပတ္တံ စ ဝိဝိတံဟိကပ္ပိတံ'

ထို့နောက် **အနောက်မှန်**တွင်...

'ဉ ပထမံ ဝိဇ္ဇာဝရာ စရိယေနု ဓာမိသတ္တံ ခမတိ စတုပိ တတုပိ၊ ပြသိဒ္ဓ သဗ္ဗပိဋ္ဌ နမောဗုဒ္ဓါယ။ ပြသိဒ္ဓေ သဗ္ဗန္တရာယ သမဏော၊ ဝေရီပလာယကော သဗ္ဗပန္နန ဆိဋ္ဌော ဝိဇ္ဇာယောဂ ဣသွာသု ဣဟုဏ္ဍ ဣဟုဏ္ဍ'

ဟူသော ဂါထာကို ပုတီးလေးပတ်စိပ် ထိုသို့ပြီးလျှင် **မြောက်ဘက်မှန်**တွင်...

'သိဒ္ဓိဗုဒ္ဓါ သိဒ္ဓိဓမ္မာ သိဒ္ဓိသံဃာ၊ ဥတ္တမာစ သိဒ္ဓိသဗ္ဗ အရိယာနံ သဗ္ဗသိဒ္ဓိ ဘဝန္တုမေ'

ဟူသော ဂါထာကို ပုတီး(၄)ပတ်စိပ်။ ထိုသို့ (၇)ရက်တိတိ နေ့စဉ်အချိန်မှန် အဓိဋ္ဌာန်ပြုရပါမည်။

အဓိဋ္ဌာန်ကာလ မပြည့်မီအတွင်း အဓိဋ္ဌာန်ပျက်စရာ အဖျက်အဆီးများ လွန်စွာ တွေ့ရတတ်သည်။ မည်သည့်နေ့ရက်မဆို စတင်နိုင်ပါသည်။

ဘုရားရှင်အား မိမိတတ်နိုင်သလောက် ဝတ္ထုများ လှူဒါန်းပူဇော်ရပါသည်။ အဓိဋ္ဌာန်ကာလအတွင်း သားကြီးငါးကြီးများ မစားဘဲ သက်သတ်လွတ်သာ စားသောက်ပါက ပိုမိုကောင်းမွန်သည်။ စိပ်ရမည့် ပုတီးမှာ (၁၀၈)လုံးပုတီး ဖြစ်သည်။

အဓိဋ္ဌာန် အောင်မြင်ခဲ့ပါက မိမိ၏ ပါရမီအလျောက် ထူးခြားသော အစွမ်းများ ပေါ်ပေါက်လာတတ်ပါသည်။ တစ်ကြိမ် အဓိဋ္ဌာန်ဝင်ရောက်ပြီး မထူးခြားသေးပါက နောက်တစ်ကြိမ် ထပ်မံ အဓိဋ္ဌာန်ပြုပါ။ မုချ သေချာ ထူးခြားလာမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

နောင် အလျဉ်းသင့်က စာရေးသူ ရရှိခဲ့သော ကြေးပြားလိပ်ထဲမှ ကိုယ်တိုင် စမ်းသပ်လေ့လာပြီး အများအတွက် အကျိုးရှိမည့် ပညာရပ်များကို ရေးသားဖော်ပြပေးသွားမည် ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**အောင်မင်းကျော်**
**(နေလဝိဇ္ဇာဂိုဏ်းတော်ကြီး)**



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် အင်္ဂရတ်လုပ်ကွက်များနှင့် ပတ်သက်၍ ယခင်ကလည်း **"သွပ်သချိုင်း ဟင်းရိုင်း"** ဟူသည့် လမ်းစဉ်တစ်ခုကို အမှတ် (၂၀၉)၊ ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ရေးသားတင်ပြခဲ့ဖူးပါသည်။


သို့ရာတွင် အင်္ဂရတ်လုပ်ကွက်များသည် အတန်ပင်ကျယ်ပြန့်ပြီး နည်းစနစ်က အမြောက်အမြား ရှိသည်ဖြစ်ရာ ပြည့်စုံသည်ဟူ၍ မရှိချေ။

**ဥပမာ** မြစ်တစ်စင်းအား အများကူးခပ်နေရသကဲ့သို့ ရှိလိမ့်မည်ဟု ခံစားရသည်။

ယခု တင်ပြမည့် **"သွပ်သချိုင်း ဟင်းရိုင်း"**လမ်းစဉ်မှာ ယခင်လုပ်ကွက်၌ မပြည့်စုံသည်ကို ပြန်လည်ဖြည့်စွက်ချက်တစ်ခု ဖြစ်သည်ဟုယူကရတန်ကောင်း၏။

အထူးသဖြင့် အင်္ဂရတ်ဟူသည့် ဝေါဟာရစကားလုံးများမှာ မူလပင်ကို ဂုဏ်ဒြပ်အား ဝိပြိုဟ်ပြုရလျက် မီးကို အခြေခံထားခြင်းကြောင့် မီးအား နိုင်နင်းရမည်ဖြစ်ကြောင်း အာစရိယဝါဒ အဆိုအမိန့်ကဖြစ်စေ၊ တစ်နည်း မိမိကိုယ်တိုင် လုပ်ကိုင်နေသည့် အပေါ်တွင် မှတ်သည်လျက် တွေ့ရှိချက်အရ မငြင်းနိုင်သည့် အမှန်တရားဖြစ်ကြောင်း ဝန်ခံရပေလိမ့်မည်။

သို့ဖြင့် ယခု လမ်းစဉ်မှာ အင်္ဂရတ်ဝါသနာရှင်အပေါင်းအား **"သွပ်သချိုင်း ဟင်းရိုင်းလမ်းစဉ်"** အတွက် လုပ်ကွက်ဆေးဝါးတို့ကို အကျဉ်းမျှ



# သွပ်သချိုင်း ဟင်းရိုင်း

လမ်းစဉ်

နာရဏီ (နိုးပဒေါ်)

ဖော်ပြပါမည်။

## ချော်ချက်နည်း

**ဖဝက်သာလက်ဟောင်း တစ်ဆယ်ကျပ်သား၊ ယမ်း တစ်ဆယ်ကျပ်သား၊ အိပ်သုံးဆား တစ်ဆယ်ကျပ်သား၊ မဖောက်ထုံး တစ်ဝိသာ တစ်နည်း ထုံးရည်ကြည် တစ်ဝိသာ ခန့် ယူပါ။**

ရှေးဦးစွာ ထုံးရည်ကြည် တစ်ဝိသာကို စဉ့်ခွက် (သို့မဟုတ်) ကြွေဇလုံဖြင့် မီးမှူးမှူးနှင့်ချက်ပါ။ ဖော်ပြသည့် ဆေးအမည်သုံးပါး တဖြည်းဖြည်းထည့်ပါ။

မတူးမကပ်ရန် သတိပြု၍ နာနာမွှေချက်ပါ။ အရည်ခန်းခြောက်စပြုပြီး ပျစ်ချွဲလာစဉ်မှာ အသားချိန် နှစ်ဆယ်သားခန့် ရရှိအောင် ကြိုးဆောင်ပါ။

ယင်းနောက် ရရှိသည့် ဆေးအသားချိန်ခွင် ညီမျှသော သံပရာရည် ဖြည့်စွက်၍ ကြိမ်ဖန်များစွာ ပြန်လည်ချက်ပါ။

ထို့နောက် သွပ်တစ်ကျပ်သားကို ဖဝက်သာအရည်ဖြင့် ရေထုပ်ချ၍ အညွှန့်လောင်းပါ။

ရှင်းဦးအံ့... **ရေထုပ်ချ တစ်နည်း ရေတာဘက်လောင်း ဆိုသည်မှာ** စဉ့်ခွက်ကြွေဇလုံထဲ၌ အဝတ်ခင်း၍ ဖဝက်သာ အရည်ဖျော်ထားပါ။ ထိုဖျော်ရည်ထဲသို့ သွပ်အား ခံရည်လောင်းသကဲ့သို့ ပြုလုပ်စဉ် အဝတ်စခင်းထားခြင်းကြောင့် အလွတ်ခံရည်လောင်းသလို မဟုတ်မူဘဲ အဝတ်စဖြင့် ထုပ်ထားသကဲ့သို့ ရေထုပ်ချ တစ်နည်း ရေတာဘက်လောင်း ကြိမ်ဖန်များစွာ ခံရည်လောင်းခြင်းကို ဆိုလိုသည်။

ထိုသို့ အညွှန့်လောင်းစဉ်တွင် ခံရည်တစ်ခါလောင်းတိုင်း သွပ်ထဲတွင်ရှိသော အညစ်အကြေး လွင့်စဉ်လာရပြီး ကြိမ်ဖန်များစွာ ခံရည် တစ်နည်း ရေတာဘက်လောင်းလျှင် ဖြူစင်သည့် သွပ်အစင် ရရှိမည်။

ဆက်လက်၍ အညွှန့်လောင်းထားသည့် သွပ်အစင် တစ်ကျပ်သားခန့်ကို ဖြတ်တောက်ယူပါ။

ချော်ချက်ထားသည့် ချော်နှစ်ကျပ်သားနှင့် ဆံ့မည့် လုံတစ်လုံ နံပါတ်(၅) လုံ တစ်လုံးထဲသို့ သွပ်တစ်ကျပ် ချော်နှစ်ကျပ် ထက်အောက်နှီး၍ မီးရှိန်မှူးမှူးဖြင့် မီးရှည် တစ်နေ့တာ ထိုးပါ။ တစ်နေ့တစ်လုံ ခုနစ်လုံ ခုနစ်ရက် ထိုးပါ။

ယင်းနောက် လုံအသစ်လဲ၍ အလင်းကျိုပြီး **ရေနံ့တွင် ခုနစ်မီး၊ မြင်းဆီတွင် ခုနစ်မီး၊ ဆိတ်ဆီတွင် ခုနစ်မီးစီရည်**

www.burmeseclassic.com

လောင်းပါ။

### သွပ်သတ်ဆေး

**ပန်းသေဟင်းရှိုင်း** (၂)ကျပ် (၈)ပဲသား(အနီ)၊ **ဆေးဒန်းရွှေဝါ(ရွှေဝါပုရပိုက်အခေါက်)** (၁)ကျပ်သား၊ ဆီးဖြူကာန့်(၁)ကျပ်သား သုံးပါး ဆေးအား အမှုန့်စု၍ **ကြက်ဟင်းခါးရွက်နှစ်ဆယ်ကျပ်သား**နှင့်ကြိတ် အခြောက်လှန်း၊ ယင်းနောက် **ဆေးရွက်ကြီးအရည်နှင့်ကြိတ် နေလှန်း**။ တစ်ဖန်ကွမ်းရွက်သတ္တုရည်ကြိတ် နေလှန်း သံပရာရည်နှင့် ဆက်ကြိတ်ပြီး **ဆီးကင်းခန့် အလုံး,လုံး၍** ထားပါ။

ထို့နောက် သွပ်ဖမ်းခဲ့သော ပထမချော်ဖြင့် နံပါတ်(၆)ရှိ လုံတစ်လုံးနှင့်ချော်ချက်ပါ။ ချော်အရည်လင်လာလျှင်လုံးထားသော ဆေးလုံးအား တစ်လုံးချင်း ပေါက်ထိုးပါ။ မီးပျော့တစ်လှည့်၊ မီးပြင်းတစ်လှည့်ထိုးပါ။ ယင်းချော်ဖြင့် မီးခံအောင် မီးမှုတ်ထိုးပေးပါ။

မီးထိုးခံသည့် ပြဒါးလုံး ရရှိလျှင် အလွန်သန့်စင်ပြီး ထိပ်မောက်လာပါလိမ့်မည်။

သို့ရာတွင် အဖမ်းခက်လှ၏။ မီးနေမီးထား နားလည်သူတစ်ဦးအဖို့မှာ ပိုမိုခရီးရောက်နိုင်သည်။

### ချိတ်ဖွဲ့နည်း

ပထမ ဖမ်းထားသော **သွပ်(၅)မူးသားခန့် ဖြတ်တောက်၍ (၄)ပဲသား (တစ်မတ်သား)စီ အပြားခတ်ထားပါ။**

လုံပက်တစ်လုံးထဲတွင် ပထမ သွပ်အပြားခင်း၊ အလယ်၌ ပြဒါးအလုံးထား၊ ဒုတိယ သွပ်အပြားစ ထပ်မံအုပ်မီးအပူပေးပါ။ မီးအပူရှိန်ကြောင့် ပြဒါးနှင့်သွပ် တွဲလျက်ရှိပြီး သွပ်ပြဒါးဆတ်ကို ရမည်။

ယင်းသွပ်ပြဒါးဆတ် တစ်မတ်၊ အခေါက်ရွှေ တစ်မတ်၊ နှစ်ပါးစပ်ထိုးကောလီဖြစ်၍ လုံခွဲက ချိတ်သား ရရှိလာမည်။


ယင်းချိတ် တစ်ရွေးသားကို ကြေးနီစင်တစ်ကျပ်သားတွင်ပစ် ဖေ့စစ် ရရှိလာမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

***ဆရာ ပြည့်ဝကြပါစေ။***

**နာရထီ(နီးပဒေါ်)**

အကြောတင်၊ အကြောထုံး၊ အကြောကပ်၊

## လေငန်း၊လေဖြတ် လိမ်းဆေး



အကြောတင်၊ အကြောထုံး၊ အကြောကပ်၊ လေငန်း,လေဖြတ်သည် လူတိုင်းကြုံတွေ့တတ်သော ဝေဒနာရောဂါ ဖြစ်ပါသည်။

ထို အကြောနှင့် ပတ်သက်သမျှကြုံတင်ကာကွယ်ရန်မှာ လမ်းလျှောက်ခြင်း၊ သင့်တင့်သော အားကစားပြုလုပ်ခြင်း၊ ဥပမာ ရေကူးခြင်း၊ ကြက်တောင်ရိုက်ခြင်း၊ စက်ဘီးစီးနင်းခြင်း စသောကိုယ်လက်လှုပ်ရှားမှု ပြုခြင်း၊ အလွန်အအေးခံခြင်းများ မပြုပါနှင့်။ ပန်ကာလေခံခြင်း၊ ရေချိုး မှန်ကန်မှုများ ပြုဖို့လိုပါသည်။

နံနက်စော အိပ်ရာထတိုင်း ရေသန့်တစ်ဘူး ကုန်အောင် သောက်ပေးပါ။ အဆီအအိမ့် လျှော့စားပါ။ အစာကြေနိုင်သလောက်သာ စားပြီး လွန်အောင်မစားပါနှင့်။

အထက်ပါ အကြောနှင့်ပတ်သက်သမျှအတွက် အစွမ်းထက် မြန်မာ့ရိုးရာလိမ်းဆေးတစ်လက် ဖော်ပြရသော်...

* လေညှင်းပွင့် — ဆယ်ပွင့်ခန့် ] အမှုန့်ပြု
* ရှုတ်ကောင်းစေ့ — ဆယ်စေ့ခန့် ]
* ဆေးပုရွက် — (၃)ကျပ်သား
* ဖုံမသိန် — (၃)ကျပ်သား
* တသီးအဆန် — (၃)လုံးအမှုန့်
* မင်းသော် — (၈)ပဲသား
* ရှောက်သီးအရည် — (၂၀) ကျပ်သား
* တောရှောက်မြစ်အမှုန့် — (၁၅) ကျပ်သား
* ချက်အရက်မီးတောက် — (၁)ပုလင်း

အထက်ပါ ဆေးအမည်များကို ရောမွှေစိမ်ထားပြီး အရည်ပျော်သွားလျှင် ဆေးဖြစ်ပြီ ဖြစ်ပါသည်။

ဆေးလိမ်းသည့်အခါတိုင်း သင့်တော်သလို၊ လိုဒပ်သလို ဖိနှိပ် ပွတ်ဆွဲ၍ လိမ်းပါ။ အကြောရောဂါမှန်သမျှ ဘေးထွက်ဆိုးကျိုးမရှိစေဘဲ သက်သာပျောက်ကင်းစေပါသည်။

**နတ်မောက်မြို့နယ်၊ စည်သာရွာမှ မြန်မာဆေးဆရာကြီး အဘဦးပေါက်စ**မှ ကျေးဇူးပြု ပြောပြသည်ကို အသံဖမ်းယူခဲ့ပြီး ရေးသား တင်ပြပါသည်။

**မြေမိုးချစ် (နတ်မော...)**



www.burmeseclassic.com

www.burmeseclassic.com

### ဗုဒ္ဓဟူးသားသမီးများအတွက်

ဗုဒ္ဓဟူး သားသမီးများအတွက် အောင်ပွင့်ချမ်းသာ ကံကောင်းစေဖို့ ရာ ဇွယ်ကောင်းယတြာ ဖြစ်ပါတယ်။

ဗုဒ္ဓဟူးသားသမီးများသည် ဗုဒ္ဓဟူး နေ့တိုင်း ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဗုဒ္ဓဟူးသားသမီးများ အားလုံးသည် (မဟာဘုတ်ဖွား ခွဲခြားမထားဘဲ) **အောင်တော်မူ ရုပ်ပွားတော်ရှေ့တွင် ရွှေရောင် သုတ်ထားသော ရွှေအိုး ငယ်တွင် ရေကြည်ကြည်သန့်သန့်ကို ထည့်ပြီး** ယပ်တစ်ချောင်းနဲ့အတူ ဆက်တော်ထင်ရှား မြတ်ဘုရားကို အထူးအာရုံထားပြီး ဦးစွာ လှူရပါမယ်။

ပြီးမှ ဗုဒ္ဓဟူးသားသမီးများ မဟာဘုတ်ဆိုင်ရာဖွားအလိုက် သီးသန့် လှူရမည့် ယတြာပစ္စည်းများကို ဇယား ကို ကြည့်ပြီး လှူရပါမယ်။

ပြီးလျှင်…

ဗုဒ္ဓဟူး သားသမီးများအားလုံး (မဟာဘုတ်အဖွား ခွဲခြားမထားပါ) သည် **ဝ,လေးလုံးဂါထာ**ဖြင့် ရှိခိုး ကန်တော့ပါ။ ပြီးရင် **"ဝိပါက ပစ္စယော"**ကို ပုတီး (၃)ပတ်စိပ်ရ ပါမယ်။ ရင်းတိုက် သားပုတီးဖြင့် စိပ်ရပါမယ်။

**ဝ,လေးလုံး ဂါထာတော်**

ဝ,ကာရော စတုတ္ထာယံ၊
ဝ,ကာရော သန္ဒိဋ္ဌာပနံ။
ဝ,ကာရော သုခကာရီတိ၊
ဝ,ကာရော နိဗ္ဗာနပစ္စော။



ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် မယ်လမုဘုရားစေတီတန်းအတွင်းရှိ အောင်တော်မူရုပ်ပွားတော်

မဟာဘုတ်ချိန်ခွင်နှင့်

# လှယ်ကောင်းယတြာ

ခက်ခဲသော ပါဠိအသံထွက်

**စတုတ္ထာ** =စတုတ်ထာ
**သန္ဒိဋ္ဌာပနံ** =သန်နိတ်ထာပနံ
**နိဗ္ဗာနပစ္စော** =နိပ်ဗာနပတ်စော

**ဝ,ကာရော စတုတ္ထာယံ၊** ဂါတမ မြတ်စွာ၏စတုတ္ထ"ဝ"အက္ခရာသည်။

**သန္ဒိဋ္ဌာပနံ၊** ဆုံးဖြတ်ခြင်းအနက် ကိုဟော၏။

**အယံ ဝ,ကာရော၊** ဂါတမမြတ်စွာ ၏ စတုတ္ထ "ဝ" အက္ခရာသည်။

**သုခကာရီ၊** လူနတ် နိဗ္ဗာန်ချမ်းသာ ကို ပေးတတ်၏။

**အယံ ဝ,ကာရော၊** ဂါတမမြတ်စွာ ၏ စတုတ္ထ "ဝ" အက္ခရာသည်။

**နိဗ္ဗာန ပစ္စော၊** နိဗ္ဗာန်သို့ ရောက် စေတတ်၏။

**ဣတိ၊** ဤသို့ နှလုံးသွင်း၍။

**ဝန္ဒာမိ၊** ရှိသေစွာ ရှိခိုးပါ၏ အရှင် ဘုရား။

ပုတီးစိပ်ရမည့်ဂါထာ
ဝိပါကပစ္စယော (ပုတီးတစ်လုံးချ) ***(၁)ပတ်***

***အေးပါစေ၊ အောင်ပါစေ။***

သန်းပညာ

ဗုဒ္ဓဟူးသားသမီးများအတွက် မဟာဘုတ်ဖွားဆိုင်ရာ လှူရမည့် ဝတ္ထုပစ္စည်းပြဇယား

| အထွန်း | သိုက် | ရာဇ | အဓိပတိ | ဘင်္ဂ | မရဏ | ပုတိ |
|---|---|---|---|---|---|---|
| ရွက်လှ<br>သပြေ | ရွက်လှ<br>စွယ်တော် | ရွက်လှ<br>အုန်းညွန့် | ရွက်လှ<br>ပိတောက် | ရွက်လှ | ရွက်လှ<br>ပန်းမ | ရွက်လှ<br>ကံ့ကော် |

www.burmeseclassic.com

သရက်ကုန်း ဆရာတော်ထံမှ

# ကျောက်အမြုတေ

သိုမင်းထက် (မြန်မာစာ) မော်လူး

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းရဲ့ ထူးခြားပစ္စည်းရောင်ခြည်ကဏ္ဍမှ အမြုတေအကြောင်းတွေ တော်တော်များများဖတ်ရပါတယ်။ ဝါးထဲက ရတဲ့ အမြုတေ၊ ငါးကရတဲ့ အမြုတေ၊ ချိုး၊ စာ၊ ငှံး၊ ကြက်၊ ဝက်၊ နွား၊ သစ်ပင်ကအစ ရေသတ္တဝါ၊ ကုန်းသတ္တဝါမကျန် ထူးထူးခြားခြား တွေ့ရှိခဲ့တဲ့ အမြုတေတွေ မနည်းဘူး။

အမြုတေတွေက ကာယသိဒ္ဓိ၊ လာဘသိဒ္ဓိ၊ ပီယသိဒ္ဓိ အစရှိသဖြင့် အစွမ်းထက်တာတွေကို ဖော်ပြရေးသားထားတာတွေ ရှိသလို မတွေ့ကြုံဖူးသူတွေကလဲ တတ်သိနားလည်သူများ လေ့လာနိုင်စရာအဖြစ် တင်ပြ ရေးသားထားတာတွေလဲ ဖတ်ရှုရပါတယ်။


ဘယ်သို့ပင်ဖြစ်စေ အမြုတေဆိုတဲ့ စကားသုံးလုံးက စာရေးသူရဲ့စိတ်ကို ဆွဲငင်ဘိသို့။ ဇန်းမောက်မြို့နယ်၊ သရက်ကုန်း ဆရာတော်ကျောင်းကို စာရေးသူ ဒုတိယအကြိမ် ရောက်သွားတော့ ဆရာတော်ကို...

'အရှင်ဘုရား၊ အရှင်ဘုရားထံမှာ ဂမ္ဘီရဆန်တဲ့ ပစ္စည်း ထူးထူးဆန်းဆန်း ပေါ့ဘုရား တပည့်တော် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ စာရေးချင်လို့ ရှိရင် ပြပေးပါဦး ဘုရား'

လို့ လျှောက်တင်တော့...

'ဒကာကြီး လျှောက်တင်ချက်အရ စာရေးမယ်ဆိုရင်လဲ ဘုန်းကြီးဆီမှာ ကျောက် အမြုတေလေးတစ်လုံးတော့ ရှိတယ်။ ခဏစောင့်ဦး'

ဆိုပြီး အဆောင်ထဲဝင် ခဏနေတော့ ပြန်ထွက်လာပါတယ်။ ဘူးအဖြူကို အဖုံးဖွင့်၊ ဂွမ်းနုနုလေးထဲ ထည့်ထားတဲ့ ကျောက်အမြုတေလုံးလေးကို ထုတ်ကာ စာရေးသူနဲ့ နီတိုးတို့ကို ပြခဲ့ပါတယ်။



သရက်ကုန်းဆရာတော်ထံမှ ကျောက်အမြုတေ

အရောင်က ကျောက်ဂေါ်လီလုံး သဏ္ဌာန်ပဲ လုံးလုံး လက်မလုံးလောက်။ ဖြူဖြူဖွေးဖွေး မဟုတ်ပေမယ့် အဝါရောင်သန်းနေတယ်။ စာရေးသူနဲ့ နီတိုး ဒီကျောက်အမြုတေကို စိတ်ဝင်တစား ကြည့်နေမိပါတယ်။

ဆရာတော်က...

'ဒီကျောက်အမြုတေဟာ အသေမဟုတ်ဘူး အသက်ရှိတယ်။ ကျောက်အမြုတေ အရှင်၊ မယုံရင် ဆရာတော် ပြမယ်'

ဆိုပြီး တိုက်ပန်းကန်ပြားတစ်ချပ် ကျောင်းသားတစ်ယောက်ကို ယူခိုင်းပြီး ပန်းကန်ပြားပေါ် ကျောက်အမြုတေကို ချလိုက်တယ်ဆိုရင်ပဲ ပန်းကန်ပြား ထဲမှာ ကျောက်အမြုတေ အလုံးလေး ဟိုပြေးဒီပြေး ပတ်ချာပတ်ချာ ရွေ့လျား နေတယ်။ ခြေကုပ်မရသေးသရွေ့ သွား လာ လှုပ်ရှားနေတယ်။

ခြေကုပ်ရပြီဆိုမှ တစ်နေရာတည်း ငြိမ်ပြီး မလှုပ်မယှက်နေတာကို တွေ့ တယ်။ ဒါကြောင့် ဆရာတော်က ကျောက်အမြုတေဟာ အရှင် ဘုန်းကြီး သတ်မှတ်ကြောင်း မိန် ပါတယ်။

'ဆရာတော် ဒီကျောက်အမြုတေ



 စာမျက်နှာ (၁၇၁) သို့

www.burmeseclassic.com


ဆေးစွမ်းထက်၍ ဝေဒနာ သက်သာပျောက်ကင်းစေသည့်

# ဖြစ်စဉ်တော် အင်း



ခွေးရုပ်အထက်ရွာခေါ် လေသာရွာမှ **ဓနုဆေးဆရာကြီး ဦးချစ်တင်** ပါနပြုခြင်းဖြစ်သည်။ မိုင်းကိုင်စက္ကူတွင် (၂၅)ကွက်အင်းချ၍ လက်ဝဲဘက်ထိပ်မှစကာ ဘုရားအလောင်းတော် ဘေးရန်ကင်းခဲ့သည့် (၁၆)ဘဝကို လက်ယာရစ်အတိုင်း တစ်ပတ်ပြည့်အောင် ရေးရသည်။

* * *



အတွင်းတွင် **'ရှားနုစ်သံချောင်း မြစ်စောင်းအလား'** ဟူ၍ နံကောက်ကာ **'ဈ၊ ရ၊ ဓ၊ ၂၊ ၅၊ ၃၊ ၁၊ ၄'** ဟူ၍ အင်းသချာ ဖြည့်ရသည်။

အလယ်တွင် လူနာ၏ နံကိုထည့်ပါ။ မြေခွက်တွင်ထည့်၊ ဆီဖြည့်ကာကျိုးခြေမီးစာဖြင့် မီးထွန်းရသည်။

ဖြစ်စဉ်တော် ဘုရားရှိခိုးလင်္ကာ

'အစအကြိုးကြာ(၁၆)ခါတည်း၊ ဟသ်ာ(၉)ဖြစ်၊ (၆)ဖြစ်ကားနို၊ ကျေးညို(၃)ခါ၊ သံသာကျူးမိန့် ကရဝိက်(၅)၊ (၄)ကိန္နရာ၊ စာမရီ(၁၅)၊ မျောက်ကား(၁၀)၊ ဆင်ဝယ်(၁၁)၊ နွားဖြစ်(၁၄)၊ ကောသစ်သိန္ဓဝ၊ ကျွဲအငှနှင့် သံသာမြည်ောင်း ဥဒေါင်း(၂)ခါ၊ သာလိကာသတ္တ၊ ဒွိအသကြက်၊ ဝက်မှာ(၁၃)

ပေါင်းစုရုံးကာ သံသရာဝယ် အွန့်ရာယ်မငြိ ဘေးမရှိသည့် မုနိထွတ်ထား မြတ်ဘုရား၊ အှပုံ အကျွန်ုပ်သည် ဝန္ဒေဝန္ဒာမိ ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပါ၏ဘုရား'

အထက်ပါ ဘုရားရှိခိုးလင်္ကာဖြင့် ရောဂါဝေဒနာ ပြင်းထန်ခြင်း၊ အနာတာရှည်ခြင်းတို့အတွက် ဆီမီးထွန်း၍ ဘုရားမီးပူဇော် လိုရာဆုတောင်းပါ။ ဂြိုဟ်စီးဂြိုဟ်နင်းညှံ့ခြင်း၊ မကောင်းသော အတိတ်နိမိတ် ကြုံတွေ့ရခြင်းတို့အတွက်လည်း ပူဇော်နိုင်ကြောင်း သိရှိရပေသည်။

**ငြိမ်းသော်တာ**

---

စာမျက်နှာ (၁၇၀)မှ အဆက်

ကို ဘယ်က စရခဲ့တယ်ဆိုတာလေး ဆက်ပြီး မိန့်ကြားပါဦးဘုရား'

လို့ စာရေးသူ လျှောက်တယ်ဆိုရင်ပဲ...

'ဘုန်းကြီးရဲ့ ညီတော် ဦးတင်အုန်းဆိုသူက အနောက်ဘက် တုံးပုံနန့်စရိတ်ရွာဘက်မှ ရရှိခဲ့ကြောင်း၊ သူတို့က မှန့်လေးကို သွားရောက်ရောင်းချရာမှာ စျေးမကိုက်လို့ မရောင်းခဲ့ရကြောင်း၊ ဘုန်းကြီးထံရောက်လာတော့ အမြန့်စရိတ်မရှိဘူးဆိုပြီး ဘုန်းကြီးကိုရောင်းတော့ ဘုန်းကြီးက ဂမ္ဘီရဆန်တဲ့ ကျောက်အမြုတေကို ကိုင်တွယ်ပြီး အဓောက ပြသလို ပန်းကန်ပြားထဲ ထည့်စမ်းကြည့်လိုက်တယ်။

ပန်းကန်ပြားမျက်နှာပြင်မှာ ပတ်ပတ်လည် လှုပ်ရှားသွားလာနေတာကို တွေ့ရတော့ ကျောက်အမြုတေ အစစ်မှန်း သိတာနဲ့ ဆရာတော် ငွေ(၅၀၀၀)ကျပ်ပေးပြီး ဝယ်လိုက်ကြောင်း နှစ်အားဖြင့် ဆိုရင်တော့ ၁၃၄၅ ခုနှစ်ကပေါ့။ နှစ်ပေါင်း (၃၀) နီးပါးရှိပြီ'

လို့ စာရေးသူအား မိန့်ကြားပါတယ်။

'ဒီဂမ္ဘီရ ကျောက်အမြုတေဟာ ဘယ်လို အစွမ်းတွေနဲ့ ပြည့်စုံပါသလဲဘုရား။ ဆရာတော်စမ်းသပ်ကြည့်ပြီးတာလေး မိန့်ကြားပါဦးဘုရား'

'ဆရာတော်ရဲ့ ကျောက်အမြုတေကို လေ့လာစမ်းသပ်ကြည့်တဲ့အခါ အကွယ်အကာအတွက်ကောင်းမယ်ထင်တယ်'

'တပည့်တော်အနေနဲ့ အခုလို ရှားပါးပြီး ဂမ္ဘီရဆန်တဲ့ ကျောက်အမြုတေအရှင်ကို ကိုယ်တိုင်မြင်တွေ့ရတော့ အံ့လဲအံ့ဩမိပါတယ်။ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာလဲ ကျောက်အမြုတေ အရှင်အကြောင်းကိုအများသိရှိနိုင်အောင် ဆောင်းပါးတစ်ပုဒ် ရေးပို့လိုက်ပါမယ်ဘုရား။ တပည့်တော်တို့ကို တလုပ်ဘုန်းတော်ကြီးကျောင်း သွားခွင့်ပြုပါဦး ဘုရား'


ဆရာတော်အား ရှိခိုးကန်တော့ပြီး ကျောင်းပေါ်မှထွက်ခွာခဲ့ပါတယ်။

**ညိုမင်းထက် (မြန်မာစာ)**
**မော်လူး**


www.burmeseclassic.com

www.burmeseclassic.com

# ကျေးဇူးတင်ပါသည် နက္ခတ္တရောင်ခြည်



[ပညာရေးနှင့် စာမေးပွဲအတွက် အာဝေဏိကဂုဏ်တော် ဆီမီးပူဇော်နည်း]

ညွန့်ဝင်း (နတ်တလင်း)

စာရေးသူသည် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းကို လစဉ်ဖတ်ရှုသကဲ့သို့ စာမူများလည်း အမြဲပေးပို့လျက် ရှိပါသည်။ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ အစွမ်းထက် ဂါထာတော်များ၊ ဗေဒင်ပညာရပ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ စသည်တို့ကို ဖတ်ရှုရ၍ အကျိုးရှိလှပါသည်။

လက်တွေ့အားဖြင့် ဆောင်းပါးရှင် **သန်းပညာ၏ "ပညာရေးနှင့် စာမေးပွဲအတွက် အာဝေဏိက ဂုဏ်တော် ဆီမီး၊ ပူဇော်နည်း၊" အကြောင်း (မည်သည့်လထုတ်မှန်း သတိမရတော့ပါ။ ခွင့်လွှတ်စေချင်ပါသည်။)** ဖတ်ရှုပြီး ကိုယ်တိုင် အသုံးချကြည့်ကာ အကျိုးထူးရခဲ့သည်။

စာရေးသူ၏ သားသည် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း(ဒသမတန်း)ကို တက်ရောက်ခဲ့သည်။ သားတော်မောင်၏ ဉာဏ်ရည်ဉာဏ်သွေးသည် အတော်ကြီးလည်း မဝင်၊ အညံ့တွင်လည်း မဟုတ်၊ အလယ် အလတ် အဆင့်သာရှိကြောင်း စာရေးသူ သိထားပါသည်။

သို့ရာတွင် မိဘတိုင်း၏ သားသမီးအပေါ်ထားရှိသည့် မျှော်လင့်ချက်နှင့် မေတ္တာတရားအရ တက္ကသိုလ်ဝင်တန်းကို ထူးထူးချွန်ချွန် အောင်မြင်စေလိုသည်။ တက္ကသိုလ်ဝင်တန်းစာမေးပွဲသည် ကျောင်းသားကျောင်းသူတို့၏ ဘဝအတွက် အဆုံးအဖြတ် သတ်မှတ်ပေးသည့် စာမေးပွဲဖြစ်ရာ အလေးထား ကြိုးစားထိုက်ပေသည်။

ထိုသို့ကြိုးစားရာတွင် ကျောင်းသား၏ ဉာဏ်ရည်ဉာဏ်သွေးများ ထက်မြက်ပြီး အမှန်တကယ် ရရှိနိုင်သည့် အမြင့်ဆုံးရလဒ်ကို ရရှိရန် အရေးကြီးပါသည်။ မြင်းကောင်းခွာလိပ် ဆိုသကဲ့သို့ အမှတ်မထင် ခြေချော်လက်ချော် ဆုံးရှုံးမှုများ မဖြစ်ရလေအောင် ပညာသတိဖြင့် လုပ်ဆောင်ကြရန် လိုအပ်သည်။

စာရေးသူ၏သားသည် ပညာသင်နှစ်အတွင်း လပတ်စာမေးပွဲများတွင် အောင်မြင်သည့်လ ရှိသလို မအောင်မြင်ဘဲ တစ်ဘာသာ၊ နှစ်ဘာသာ ကျရှုံးသည့်လလည်း ရှိပါသည်။ ထို့ကြောင့် သူ ရရှိသည့် လပတ်စာမေးပွဲ ရမှတ်ပေါင်းမှာလည်း သိပ်မများလှပေ။

စာရေးသူသည် ဆရာတစ်ယောက်ဖြစ်၍ ကျောင်းသားများ၏ ပညာအရည်အချင်းအဆင့် (Education Quality Level)ကို မှန်းဆတတ်နေပါသည်။ လပတ်စာမေးပွဲများတွင် ရရှိသည့်အမှတ်ပေါင်းနှင့် နောက်ဆုံးစာမေးပွဲကြီးတွင် ရရှိသည့် အမှတ်ပေါင်းတို့သည် အလွန်အမင်း ကွာဟ မရှိတတ်ကြောင်း အတွေ့အကြုံအ သိနေပါသည်။

သို့ဖြစ်ရာ သား၏ ပညာရေ အတွက် စိတ်ပူမိပြီး ဆောင်းပါးရှ "သန်းပညာ"၏ အာဝေဏိကဂုဏ် တော် ဆီမီးပူဇော်နည်းအတိုင် သားတော်မောင်အား လိုက်နာဆောင် ရွက်စေခဲ့သည်။

သားဖြစ်သူကလည်း စိတ်ပါလက်ပ ရှိရှိသေသေ ပူဇော်၍ စာကိုလည် ပုံမှန် ဆက်လက် ကြိုးစားလေ့လာခဲ့ သည်။

တက္ကသိုလ်ဝင်တန်း စာမေးပွဲကြီ ဖြေရက်သို့ ရောက်သော် သားဖြစ်သူ သည် မိမိကိုယ်ကို ယုံယုံကြည်ကြည် နှင့် ရဲရဲဝံ့ဝံ့ ဖြေဆိုနိုင်ခဲ့သည်။ အောင် စာရင်းများ ထွက်သောအခါ သားဖြ သူသည် ဂုဏ်ထူးတစ်ဘာသာနှင့်အတူ ရမှတ်ပေါင်း (၃၈၄)မှတ် ရရှိခဲ့သ နည်းပညာတက္ကသိုလ် (မြစ်ကြီး ချောချောမောမော ဝင်ရောက်နိုင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com

သည်။

ဤသည်မှာ ဘုရားရှင်၏ အာဝေဏိကဂုဏ်တော်များကို ဆီမီးပူဇော်၍ လိုရာဆုကို တောင်းခဲ့သည့်အတိုင်း အောင်မြင်မှုရရှိခြင်း ဖြစ်သည်ဟု အသေအချာ ယုံကြည်မိပါသည်။

ပညာရှင်များ၏ ဆောင်းပါးကောင်းများကို ထည့်သွင်းဖော်ပြပေးသော နက္ခတ်ရောင်ခြည် မဂ္ဂဇင်းကိုလည်း ကျေးဇူး အထူးတင်ရပါသည်။

စာရေးသူ၏ သားကိုယ်တိုင် လက်တွေ့အသုံးပြု၍ ထူးခြားစွာ အောင်မြင်မှုရခဲ့သော အာဝေဏိကဂုဏ်တော် ဆီမီးပူဇော်နည်းမှာ အောက်ပါအတိုင်း ဖြစ်သည်။ စာရှုသူတို့ လက်တွေ့အသုံးချ အကျိုးထူးနိုင်ကြစေရန် ပြန်လည် ဖော်ပြပေးလိုက်ပါသည်။

ဗုဒ္ဓါနံ ဇိဝိတဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ။

ဗုဒ္ဓါနံ သဗ္ဗညုတဉာဏဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ။

ဗုဒ္ဓါနံ အသီတိယာနုဗျဉ္ဇနာနံ ဗျာမပ္ပဘာယ ဝါ န သက္ကာ ကေနစိ အန္တရာယော ကာတုံ။

ဗုဒ္ဓါနံ အဘိဟဋာနံ စတုန္နံ ပစ္စယာနံ န သက္ကာ ကေနစိ အန္တရာယော ကာတုံ။

ဣမေသံ စတုန္နံ န သက္ကာ ကေနစိ အန္တရာယော ကာတုံ တထာမေ ဟောတု။

၁။ အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံဉာဏံ။

၂။ အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။

၃။ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။

၄။ ဣမေဟိ တီဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။

၅။ သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။

၆။ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။

ဣမေဟိ ဆဟိ ဓမ္မေဟိ သမန္နာ ဂတဿ ဗုဒ္ဓဿ ဘဂဝတော။

၇။ နတ္ထိ ဆန္ဒဿ ဟာနိ။

၈။ နတ္ထိ ဝီရိယဿ ဟာနိ။

၉။ နတ္ထိ ဓမ္မဒေသနာယ ဟာနိ။

၁၀။ နတ္ထိ သမာဓိဿ ဟာနိ။

၁၁။ နတ္ထိ ပညာယ ဟာနိ။

၁၂။ နတ္ထိ ဝိမုတ္တိယာ ဟာနိ။

ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ သမ္မန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော။

၁၃။ နတ္ထိ ဒဝါ။

၁၄။ နတ္ထိ ရဝါ။

၁၅။ နတ္ထိ အပ္ဖုဋံ။

၁၆။ နတ္ထိ ဝေဂါယိတတ္တံ။

၁၇။ နတ္ထိ အဗျာဝဋမနော။

၁၈။ နတ္ထိ အပ္ပဋိသင်္ခါနုပေက္ခာ။

ဣမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ သမ္မန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **ဗုဒ္ဓါနံ** | =ဗုတ်ဓာနံ |
| **ဇီဝိတဿ** | =ဇီဝိတတ်သ |
| **နသက္ကာ** | =နသက်ကာ |
| **အန္တရာ** | =အန်တရာ |
| **သဗ္ဗညုတ** | =သပ်ဗင်ညုတ |
| **ဉာဏဿ** | =ညာနတ်သ |
| **အဘိဟဋာနံ** | =အဘိဟတာနံ |
| **စတုန္နံ** | =စတုန်နံ |
| **ပစ္စယာနံ** | =ပစ်စယာနံ |
| **အနုဗျဉ္ဇနာနံ** | =အနုဗျင်ဇနာနံ |
| **ဗျာမပ္ပ** | =ဗျာမပ်ပ |
| **ဣမေသံ** | =အိမေသံ |
| **ဗုဒ္ဓဿ** | =ဗုတ်ဓတ်သ |
| **အပ္ပဋိဟတံ** | =အပ်ပတိဟတံ |
| **ပစ္စုပ္ပန္နံသေ** | =ပစ်စုပ်ပန်နံသေ |
| **ဓမ္မေဟိ** | =ဓမ်မေဟိ |
| **သမန္နာဂတဿ** | =သမန်နာဂတတ်သ |
| **သဗ္ဗံ** | =သပ်ဗံ |
| **ကမ္မံ** | =ကမ်မံ |
| **ပုဗ္ဗင်္ဂမံ** | =ပုပ်ဗင်ဂမံ |
| **ဝတ္တံ** | =ဝတ်တံ |
| **နတ္ထိ** | =နတ်ထိ |
| **ဆန္ဒဿ** | =ဆန်ဒတ်သ |
| **ဝီရိယဿ** | =ဝီရိယတ်သ |
| **သမာဓိဿ** | =သမာဓိတ်သ |
| **ပညာယ** | =ပင်ညာယ |
| **ဝိမုတ္တိယာ** | =ဝိမုတ်တိယာ |
| **အပ္ဖုဋံ** | =အပ်ဖုတံ |
| **တတ္တံ** | =တတ်တံ |
| **အဗျာဝဋမနော** | =အဗျာဝတမနော |
| **အပ္ပဋိသင်္ခါနုပေက္ခာ** | =အပ်ပတိ သင်ခါ နုပစ်ခါ |
| **အဋ္ဌာရသဟိ** | =အတ်ထာရသဟိ |
| **နမောသတ္တန္နံ** | =နမောသတ်တန်နံ |
| **သမ္မာသမ္ဗုဒ္ဓါနံ** | =သမ်မာ သမ်ဗုတ်ဓာနံ |

အနက်

**ဗုဒ္ဓါနံ၊** မြတ်စွာဘုရားတို့၏။ **ဇီဝိတဿ၊** အသက်တော်အား။ **ကေနစိ၊** တစ်စုံတစ်ယောက်သော သူသည်။ **အန္တရာယော၊** အန္တရာယ်ကို။ **ကာတုံ၊** ပြုခြင်းငှာ။ **န သက္ကာ၊** မတတ်နိုင်။

**ဗုဒ္ဓါနံ၊** မြတ်စွာဘုရားတို့၏။ **သဗ္ဗညုတဉာဏဿ၊** သဗ္ဗညုတဉာဏ်တော်အား။ **ကေနစိ၊** တစ်စုံတစ်ယောက်သောသူသည်။ **အန္တရာယော၊** အန္တရာယ်ကို။ **ကာတုံ၊** ပြုခြင်းငှာ။ **န သက္ကာ၊** မတတ်နိုင်။

**ဗုဒ္ဓါနံ၊** မြတ်စွာဘုရားတို့အဖို့။ **အဘိဟဋာနံ၊** ရှေးရှုဆောင်လာအပ်ကုန်သော။ **စတုန္နံပစ္စယာနံ၊** ပစ္စည်းလေးပါးတို့အား။ **ကေနစိ၊** တစ်စုံ



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်သောသူသည်။ **အန္တရာယော၊** အန္တရာယ်ကို။ **ကာတုံ၊** ပြုခြင်းငှာ။ **န သက္ကာ၊** မတတ်နိုင်။

**ဗုဒ္ဓါနံ၊** မြတ်စွာဘုရားတို့၏။ **အသီတိယာနုဗျဉ္ဇနာနံ၊** ရှစ်ဆယ်သော လက္ခဏာတော်ငယ် အသွယ်သွယ်တို့အားလည်းကောင်း။ **ဗျာမပဘာယဝါ၊** မြတ်စွာဘုရား အလံတော်အမျှ ထွန်းလင်းပသည့် ဗျာပဘာမည်သော ရောင်ခြည်တော်အား လည်းကောင်း။ **ကောစိ၊** တစ်စုံတစ်ယောက်သောသူသည်။ **အန္တရာယော၊** အန္တရာယ်ကို။ **ကာတုံ၊** ပြုခြင်းငှာ။ **နသက္ကာ၊** မတတ်နိုင်။

**ဣမေသံ စတုန္နံ၊** သက်တော် ဉာဏ်မြတ် လာဘ်ပပ်သကာ ကိုယ်ရောင်ဝါဟု လေးခုသော အရာဌာနတို့ကို။ **ကောစိ၊** တစ်စုံတစ်ယောက်သောသူသည်။ **အန္တရာယော၊** အန္တရာယ်ကို။ **ကာတုံ၊** ပြုခြင်းငှာ။ **နသက္ကာ၊** မတတ်နိုင်။ **မေ၊** အကျွန်ုပ်အား။ **တထာ၊** ထို့အတူ တစ်စုံတစ်ယောက်ကမျှ အန္တရာယ်မပြုနိုင်ခြင်းသည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။

၁။**ဘဂဝတော၊** ဘုန်းတော်ကြီးမားတော်မူသော။ **ဗုဒ္ဓဿ၊** မြတ်စွာဘုရားအား။ **အတီတံသေ၊** အတိတ်အဖို့၌။ **ဉာဏံ၊** သိတော်မူသောဉာဏ်တော်သည်။ **အပ္ပဋိဟတံ၊** အပိတ်အပင် အဆီးအတားမရှိ။

၂။**ဘဂဝတော၊** ဘုန်းတော်ကြီးမားတော်မူသော။ **ဗုဒ္ဓဿ၊** မြတ်စွာဘုရားအား။ **အနာဂတံသေ၊** အနာဂတ်အဖို့၌။ **ဉာဏံ၊** သိတော်မူသော ဉာဏ်တော်သည်။ **အပ္ပဋိဟတံ၊** အပိတ်အပင် အဆီးအတားမရှိ။

၃။**ဘဂဝတော၊** ဘုန်းတော်ကြီးမားတော်မူသော။ **ဗုဒ္ဓဿ၊** မြတ်စွာဘုရားအား။ **ပစ္စုပ္ပန္နံသေ၊** ပစ္စုပ္ပန်အဖို့၌။ **ဉာဏံ၊** သိတော်မူသော ဉာဏ်တော်သည်။ **အပ္ပဋိဟတံ၊** အပိတ်အပင် အဆီးအတားမရှိ။

**ဣမေဟိ တီဟိ ဓမ္မေဟိ၊** ဤ တရား သုံးပါးတို့နှင့်။ **သမန္နာဂတဿ၊** ပြည့်စုံတော်မူသော။ **ဘဂဝတော၊** ဘုန်းတော်ကြီးမားတော်မူသော။ **ဗုဒ္ဓဿ၊** မြတ်စွာဘုရားအား။

၄။**သဗ္ဗံ၊** အလုံးစုံသော။ **ကာယကမ္မံ၊** ကာယကံသည်။ **ဉာဏပုဗ္ဗင်္ဂမံ၊** ဉာဏ်လျှင် ရှေ့သွားရှိ၏။ **ဉာဏာနုပရိဝတ္တံ၊** ဉာဏ်သို့ အစဉ်လိုက်၏။

၅။**သဗ္ဗံ၊** အလုံးစုံသော။ **ဝစီကမ္မံ၊** ဝစီကံသည်။ **ဉာဏပုဗ္ဗင်္ဂမံ၊** ဉာဏ်လျှင် ရှေ့သွားရှိ၏။ **ဉာဏာနုပရိဝတ္တံ၊** ဉာဏ်သို့ အစဉ်လိုက်၏။

၆။**သဗ္ဗံ၊** အလုံးစုံသော။ **မနောကမ္မံ၊** မနောကံသည်။ **ဉာဏပုဗ္ဗင်္ဂမံ၊** ဉာဏ်လျှင် ရှေ့သွားရှိ၏။ **ဉာဏာနုပရိဝတ္တံ၊** ဉာဏ်သို့ အစဉ်လိုက်၏။

**ဆဟိ၊** (၆)ပါးကုန်သော။ **ဣမေဟိဓမ္မေဟိ၊** ဤတရားတို့နှင့်။ **သမန္နာဂတဿ၊** ပြည့်စုံတော်မူသော။ **ဘဂဝတော၊** ဘုန်းတော်ကြီးမားတော်မူသော။

၇။**ဗုဒ္ဓဿ၊** မြတ်စွာဘုရားအား။ **ဆန္ဒဿဟာနိ၊** ကောင်းမြတ်သော ဆန္ဒ၏ ယုတ်လျော့ခြင်းသည်။ **နတ္ထိ၊** မရှိ။

၈။**ဝီရိယဿ၊** လုံ့လဝီရိယ၏။ **ဟာနိ၊** ယုတ်လျော့ခြင်းသည်။ **နတ္ထိ၊** မရှိ။

၉။**ဓမ္မဒေသနာယ၊** တရားတော်ကို ဟောကြားခြင်း၏။ **ဟာနိ၊** ယုတ်လျော့ခြင်းသည်။ **နတ္ထိ၊** မရှိ။

၁၀။**သမာဓိဿ၊** သမာဓိ၏။ **ဟာနိ၊** ယုတ်လျော့ခြင်းသည်။ **နတ္ထိ၊** မရှိ။

၁၁။**ပညာယ၊** ပညာ၏။ **ဟာနိ၊** ယုတ်လျော့ခြင်းသည်။ **နတ္ထိ၊** မရှိ။

၁၂။**ဝိမုတ္တိယာ၊** ငြိမ်းအေးသော လွတ်မြောက်မှု ဝိမုတ္တိ၏။ **ဟာနိ၊** ယုတ်လျော့ခြင်းသည်။ **နတ္ထိ၊** မရှိ။

**ဒွါဒသဟိ၊** (၁၂)ပါးကုန်သော။ **ဣမေဟိဓမ္မေဟိ၊** ဤ တရားတော်တို့နှင့်။ **သမန္နာဂတဿ၊** ပြည့်စုံတော်မူသော။ **ဘဂဝတော၊** ဘုန်းတော်ကြီးမားတော်မူသော။ **ဗုဒ္ဓဿ၊** မြတ်စွာဘုရားအား။

၁၃။**ဒဝါ၊** မြူးထူးလို၍ ပြုခြင်းသည်။ **နတ္ထိ၊** မရှိ။

၁၄။**ရဝါ၊** အဆောတလျင် ပြုခြင်းသည်။ **နတ္ထိ၊** မရှိ။

၁၅။**အဖုတံ၊** ဉာဏ်တော်ဖြင့် မတွေ့ မထိအပ်သော အဖြစ်သည်။ **နတ္ထိ၊** မရှိ။ (**အဖုတံ၊** ချို့ယွင်းခြင်းသည်။ **နတ္ထိ၊** မရှိဟုလည်း အနက်ပြန်ဆိုကြသေး၏။)

၁၆။**ဝေဂါယိတတ္တံ၊** ရှိန်ဟုန်ကြီးစွာ ကပျာကယာ ပျာပျာသလဲ ပြုမူသည်။ **နတ္ထိ၊** မရှိ။

၁၇။**အဗျာဝဋမနော၊** လုံ့လကြောင့်ကြမရှိသော နှလုံးတော်သည်။ **နတ္ထိ၊** မရှိ။

၁၈။**အပ္ပဋိသင်္ခါနုပေက္ခာ၊** မစူးစမ်းမဆင်ခြင်ခြင်းသည်။ **နတ္ထိ၊** မရှိ။

**အဋ္ဌာရသဟိ၊** (၁၈)ပါးကုန်သော။ **ဣမေဟိဓမ္မေဟိ၊** ဤဂုဏ်တော် တရားတို့နှင့်။ **သမန္နာဂတဿ၊** ပြည့်စုံတော်မူသော။ **ဘဂဝတော၊**



www.burmeseclassic.com


www.burmeseclassic.com

ဘုန်းတော် ကြီးမားတော်မူသော။
**ဗုဒ္ဓသာ၊** မြတ်စွာဘုရားအား။
**နမော၊** ရှိခိုးပါ၏။ **သတ္တန္နံ၊** (၇)
ဆူကုန်သော။ **သမ္မာသမ္ဗုဒ္ဓါနံ၊**
ဘုရားရှင်တို့အားလည်း။ **နမော၊**
ရှိခိုးပါ၏။

***[ဤဂါထာတော်များ ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ ဓမ္မာစရိယ(မဟာဝဂ္ဂါဒီမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။ ]***

ပူဇော်ရမည့် ပုံစံ

* * * ——→




ဂုဏ်တော်များကို နံပါတ်စဉ်အတိုင်း ရွတ်ဖတ်ပူဇော်ရန်ဖြစ်ပြီး ဆီမီး မငြိမ်းမချင်း ဂုဏ်တော်များ ပွားများနိုင်ပါက နေရာကောင်းရလိုခြင်း၊ ရာထူးတိုးလိုခြင်းကိစ္စများတွင်လည်း ပူဇော်ဆုတောင်းနိုင်ပါသည်။

ပူဇော်နည်း

မြတ်စွာဘုရားရှင်၏ အာဝေဏိက ဂုဏ်တော်များကို ဆီမီးခွက် နံပါတ်စဉ်အတိုင်း ဖယောင်းတိုင်(၁၈)တိုင်နှင့် ထွန်းညှိပူဇော်ပါ။

ပိုမိုအကျိုးထိရောက်ပါသည်။ ဤနည်းအတိုင်း (၁၈)ရက် ပူဇော်ရမည်။

ကျောင်းစာမေးပွဲ ကိစ္စများအပြင် အခြား လုပ်ငန်းခွင် စာမေးပွဲများ ဖြေဆိုခြင်း၊ နိုင်ငံခြားခရီးသွားလိုခြင်း၊ အလုပ်

***မေတ္တာဖြင့် ထပ်ဆင့် ဝေငှပါသည်။***

**ညွှန့်ဝင်း (နတ်တလင်း)**

စာမျက်နှာ (၁၇၆)မှ အဆက်

များ သတိပြု ကာကွယ်ကုသသင့်သည်။



✣ ကြက်နှစ်ဖွားများ

ကတိစကား မှန်ကန်မှုကြောင့် ငွေကြေးနှင့် လူမှုရေးအကျိုးအမြတ်များ ခံစားရဖွယ် ရှိသည်။ လွင်တီးခေါင်ပြင် အရပ်ဒေသများသို့ အလည်အပတ် သွားရတတ်သည်။ လွမ်းမော ကရုဏာသက်ဖွယ် မြင်ကွင်း၊ အဖြစ်အပျက်များ ကြုံတွေ့ရလိမ့်မည်။ ကြွေထည်မြေထည် ပစ္စည်းများ အကျိုးပေးသည့်ကာလ ဖြစ်သည်။



✣ ခွေးနှစ်ဖွားများ

လာဘ်လာဘ ရွှင်လန်း၍ ငွေကြေး အစုအပုံလိုက် ခံစားရနိုင်ကြသည်။ ယာဉ်ရထားဝင်ကိန်းရှိသည်။ အဖော်မဲ့သူတို့ စိတ်သဘောချင်း တိုက်ဆိုင်သည့် ဘဝလက်တွဲဖော် ရနိုင်ကြသည်။

ကြေး,သံ,စတီး,သတ္တု ပစ္စည်းများ အကျိုးပေးကောင်းသည့်ကာလ ဖြစ်သည်။ စီးပွားရေး ဈေးကွက်အသစ်များတွင် နေရာရလာမည်။



✣ ဝက်နှစ်ဖွားများ

ကျန်းမာရေး အထူးဂရုစိုက်သင့်သည်။ ရောဂါဝေဒနာဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရတတ်သည်။ မွေးချင်း၊ မိတ်ဆွေရင်းချာများအတွင်း ဒုမင်္ဂလာ နာရေးကိစ္စ ပေါ်ပေါက်၍ ငွေကုန်လူပန်း ဖြစ်ရဖွယ်ရှိသည်။

မီးနှင့် လျှပ်စစ်အန္တရာယ် သတိပြု ကာကွယ်ပါ။ မိတ်ဆွေအတုများကို သတိပြုရှောင်ရှားပါ။

ဤလတွင် ကံဇာတာ နိမ့်ပါးနေသူတို့သည် ရေသန့်(၈)ဘူးကို နေ့စဉ် တစ်ဘူးကျ လှူဒါန်းပါ။ မိမိမွေးနေ့တွင် စတင်ကာ ထိုနေ့တွင်ပင် အဆုံးသတ် လှူဒါန်းရမည် ဖြစ်သည်။ ဘုရားစေတီတွင် သွားရောက်ကပ်လှူခြင်း သို့မဟုတ် လိုအပ်နေသူအား လှူဒါန်းခြင်း ပြုနိုင်ကြပါသည်။

***ကြိုဆောင်သမျှ အောင်မြင်ကြပါစေ။***

**ဟူဂျင်းဖီ**



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၄ ခုနှစ်၊ ဧပြီလအတွင်း ပုံရိပ်ရှင်တို့၏

# ကံကြမ္မာ

ဟူကျင်ဇီ (Hu Jin Zhi)





✣ ကြွက်နှစ်ဖွား

ငွေကြေး ချောင်လည်၍ သောက နည်းပါးသောလဖြစ်သည်။ ဇာတိမြေသို့ အလည်အပတ် သွားရတတ်သည်။ မိတ်ဆွေဟောင်းများနှင့် ပြန်လည် ဆုံတွေ့နိုင်သည်။

ရပ်ဝေးမြေခြား ရောက်ရှိနေပါက မကြာမီ ရပ်ရွာဒေသသို့ ပြန်ရကိန်းရှိသည်။ ယာဉ်ရထား မတော်တဆဖြစ်မှု ဂရုစိုက်ပါ။ ပြင်းထန်စွာ ဒဏ်ရာရနိုင်ခြေ မရှိပါ။



✣ နွားနှစ်ဖွား

နေထိုင်မှု အဆင့်အတန်း မြင့်မားလာနိုင်သည်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတိုးတက်ရန် အလားအလာကောင်းများ ကြုံတွေ့ရမည်။ စီးပွားရေးလုပ်ငန်းများ ပုံမှန် လည်ပတ်နေလိမ့်မည်။

ကံတိုက်လုပ်ငန်းများ အကျိုးပေးသောလဖြစ်သည်။ နှာခေါင်းနှင့် အသက်ရှုလမ်းဆိုင်ရာ ရောဂါဝေဒနာများ သတိထားပါ။



✣ ကျားနှစ်ဖွား

မရောက်ဘူးသေးသည့် နေရာဒေသများသို့ သွားရောက်ရတတ်သည်။ အသိပညာဗဟုသုတ တိုးပွားမည်။ ငွေကြေးအခက်အခဲ ကြီးမားစွာ ကြုံတွေ့ရကိန်း မရှိပါ။

စီးပွားရေးလုပ်ငန်းများတွင် ကူညီထောက်ပံ့ပေးသူ ပေါ်ပေါက်မည်။ စမ်းသပ်တီထွင် သုတေသနပြုမှုများ အောင်မြင်ဖြစ်ထွန်းနိုင်သည်။ သုခပြည့်စုံသော ကာလဖြစ်သည်။



✣ ယုန်နှစ်ဖွား

လေ့လာမှတ်သားထားသော အသိပညာ အတတ်ပညာများကြောင့် ငွေကြေး အတန်အသင့် ရရှိနိုင်ကြသည်။ ပတ်ဝန်းကျင်တွင် မိမိ၏ အတတ်ပညာဖြင့် ကူညီပံ့ပိုးပေးနိုင်သဖြင့် မျက်နှာပွင့်လန်းသော ကာလဖြစ်ပါသည်။

ခါးအောက်ပိုင်း ကြွက်သားများ နာကျင်ကိုက်ခဲခြင်း ခံစားရဖွယ်ရှိသည်။



✣ နဂါးနှစ်ဖွား

စည်းစိမ် တိုးပွားသော ကာလဖြစ်သည်။ ဖိမ်ခံပစ္စည်းများ ဝင်နိုင်သည်။ ကြွက်၊ ကြမ်းပိုး၊ ခြ၊ ခြင် စသည့် ပိုးမွှားတိရစ္ဆာန် ရန်ဘေး နည်းပါးသွား လိမ့်မည်။ နေအိမ်ခြံမြေ မွမ်းမံပြုပြင် ရကိန်းရှိသည်။ ကြွေးမြီစာရင်းဟောင်း အချို့ ပြန်လည်ရရှိမည်။ အရေပြားတွင် ဖြစ်ပွားတတ်သော အနာရောဂါ သတိပြုပါ။



✣ မြွေနှစ်ဖွား

သြဇာတိက္ကမ ကျဆင်းတတ်သည်။ ပြောစကား ဆိုစကားများ အရာမထင် မအောင်မမြင် ဖြစ်တတ်သဖြင့် မိမိနှင့် သက်ဆိုင်မှု မရှိသော ကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်း မပြုသင့်ပါ။

မြစ်ကူးချောင်းခြားခရီး ရေလမ်းခရီးများ ဒုက္ခပေးနိုင်သည်။ အိမ်ထောင်ရှင် အမျိုးသမီးများမှာ ခင်ပွန်းနှင့် ကတောက်ကဆတ် ဖြစ်ရဖွယ်ရှိသည်။



✣ မြင်းနှစ်ဖွား

ရာထူးအလုပ်အကိုင် တိုးတက်အောင်မြင်မည့်ကာလ ဖြစ်သည်။ ငွေကြေးပြဿနာ ကြီးမားခြင်း မရှိပါ။ ဝမ်းမြောက်ဖွယ် သတင်းစကားများ ကြားသိရတတ်သည်။

နေအိမ်သို့ ဂုဏ်သရေရှိ ဧည့်သည် ရောက်နိုင်သည်။ အမွေအနှစ်များ လက်ခံရကိန်းရှိသည်။ နားနှင့် ပတ်သက်သော ဝေဒနာများ သတိပြုပါ။



✣ ဆိတ်နှစ်ဖွား

ငွေကြေးဥစ္စာ တိုးပွားနိုင်သည်။ ငွေအမြောက်အမြား ကိုင်တွယ်လုပ်ဆောင်ရတတ်သည်။ စီမံခန့်ခွဲမှုတွင် အောင်မြင်နိုင်သည်။

ဆွေမျိုးမိတ်သင်္ဂဟများ၏ အရေးကိစ္စများတွင် ဦးဆောင်ပါဝင်ကူညီပေးရဖွယ်ရှိသည်။ အိမ်ထောင်မဲ့ အမျိုးသားများ မိန်းမရကိန်းရှိသည်။



✣ မျောက်နှစ်ဖွား

အိမ်ခြံမြေကိစ္စနှင့် ပတ်သက်၍ သောကကြုံရတတ်သည်။ နေအိမ်ဂေဟာကို သူခိုး၊ ဓားပြများ အန္တရာယ်မှ ကြိုတင်ကာကွယ်ထားပါ။

သံယောဇဉ်ရှိသူ တစ်ဦးတစ်ယောက်နှင့် ကွဲကွာရကိန်း ရှိသည်။ အစာအိမ်နှင့် ပတ်သက်သော ဝေဒနာ

(စာမျက်နှာ (၁၇၅) သို့)



www.burmeseclassic.com

www.burmeseclassic.com

# ဒွေဝါစိကာသရဏာမုဒြာ

ရုပ်ပွားတော်နှင့် လျှို့ဝှက်ဝမ္မိရကျင့်စဉ်

ကဝိသိရေမကာ

ဒွေဝါစိကာသရဏာမုဒြာ ရုပ်ပွားတော်ကို မဇ္ဈိမပဋိပဒါမုဒြာရုပ်ပွားတော်လို့လဲ ခေါ်ကြပါတယ်။ လက်ယာလက်တွင် လက်ညှိုးနဲ့လက်မ လက်ခလယ် နှစ်ချောင်းထောင်ထားတဲ့ အသွင်သဏ္ဌာန်ကို ထူးခြားစွာ တွေ့ရပါတယ်။

**လက်ညှိုးသည်** သင်္ခါရက္ခန္ဓာကိုသော် လည်းကောင်း၊ သမာဓိကိုသော်လည်းကောင်း၊ ဝီရိယပါရမီကိုသော်လည်းကောင်း၊ ဝါယောဓာတ်ကိုသော်လည်းကောင်း အသီးသီး ရည်ညွှန်းထားပါတယ်။

**လက်ခလယ်သည်** သညာက္ခန္ဓာကိုသော်လည်းကောင်း၊ သတိကိုသော်လည်းကောင်း၊ ခန္တီပါရမီကိုသော်လည်းကောင်း၊ တေဇောဓာတ်ကိုသော်လည်းကောင်း အသီးသီး ရည်ညွှန်းပါတယ်။


တစ်ဖန်…

ဘုရားရှင်က ကုန်သည်ညီနောင်နှစ်ဦးအား သရဏဂုံ(၂)ပါး ချီးမြှင့်ဟန်ကို ညွှန်းကြောင်း ဖွဲ့ဆိုထားဟန်ဖြစ်ပါတယ်။

တချို့ကတော့…

ဓမ္မစကြာတရားဦး ဟောကြားရာ၌ မဇ္ဈိမပဋိပဒါ အလယ်အလတ်လမ်းစဉ်ကို ဖော်ဆောင်ကြောင်း ဆိုပါတယ်။ အစွန်းနှစ်ပါးကို ပယ်စွန့်ရန် လမ်းပြထားတဲ့သဏ္ဌာန်လို့လဲ ဆိုပါတယ်။

အချုပ်အားဖြင့် ဆိုရသော် ဤရုပ်ပွားတော်ကို ဆည်းကပ်ကိုးကွယ်ခြင်းဖြင့်…



◆ ဒွေဝါစိကာသရဏာမုဒြာရုပ်ပွားတော်

✤ ဉာဏ်ပညာ ပွင့်လင်းခြင်း။
✤ မှတ်ဉာဏ်ကောင်းမွန်ခြင်း။
✤ အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်ခြင်း။
✤ ရာထူးဌာနန္တရ တိုးတက်စေခြင်း။
✤ ကိုယ်အားဉာဏ်အား ကြီးမားစေခြင်း။
✤ ချစ်သူခင်သူ ကြည်ဖြူစွာ တိုးပွားစေခြင်း။
✤ လာဘ်လာဘ ပွင့်လန်းစေခြင်း။
✤ လုပ်ငန်းစီးပွား အဆင်ပြေစေခြင်း။
✤ သံယောဇဉ်ကြိုး ခိုင်မြဲစေခြင်း

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အမှတ်



www.burmeseclassic.com

www.burmeseclassic.com

စတဲ့ အကျိုးတရားများကို ရစေနိုင်ပါတယ်။

လောက၌ အကြောင်းနဲ့ အကျိုးယှဉ်တွဲလျက်ရှိတဲ့ သဘာဝအမှန်တရားအရ ကြောင်းကျိုးဆက်စပ် ဆည်းကပ်ကိုးကွယ်နိုင်မယ့် နည်းစဉ်ကောင်းတစ်ခုကို တင်ပြပါ့မယ်။

ကြည့်ပါဦး...

လက်နှစ်ချောင်း ထောင်ထားခြင်းကပင်လျှင် (၂)ဂဏန်းကို ပေါ်လွင်စေပါမယ်။ လောက၌ အဖြူနဲ့အမည်း၊ အလင်းနဲ့အမှောင်၊ အပူနဲ့အအေး၊ အဆိုးနဲ့အကောင်း၊ ဆင်းရဲနဲ့ချမ်းသာ၊ ကဲ့ရဲ့ခြင်းနဲ့ချီးမွမ်းခြင်း၊ လာဘ်ပွင့်ခြင်းနဲ့လာဘ်ပိတ်ခြင်း၊ ခြွေရံပေါခြင်းနဲ့ အထီးကျန်အဖော်မဲ့ခြင်း စတဲ့ လောကဆန့်ကျင်ဘက်တရားတွေ၊ လောကဓံတရားရှစ်ပါး စတဲ့ အကြောင်းတရားတွေ ကြုံမယ်လို့ ဆိုထားတယ်လို့ ပြောလိုက ပြောနိုင်ပါတယ်။

ဒီတော့...

လောကဓံတရား ရှစ်ပါးကြောင့် စိတ်ဒုက္ခ ရောက်ရသူတွေအတွက် ခိုနားရာတစ်ခုလို့ ယုံကြည်မိပါတယ်။

ထို့ကြောင့်...

လောကဓံတရားက မွှေနှောက်လို့ ဆင်းရဲဒုက္ခရောက်ရသူများကို လက်နှစ်ချောင်းထောင်ကာ လမ်းညွှန်ထားသလို၊ ဆင်းရဲမှုက လွတ်မြောက်ပြီး ချမ်းသာသုခ ရစေသောငှာ လောကီနဲ့ လောကုတ္တရာ၊ သမထနဲ့ ဝိပဿနာ နှစ်သက်ရာလမ်းကို ချဉ်းကပ်ကြဖို့ပါပဲ။

ဘယ်လမ်းကို ချဉ်းကပ်ချဉ်းကပ် သုံးလောကထွတ်ထား ဘုရားရှင်ရဲ့ ဘုန်းတော်ရိပ်ကို ခိုလှုံပြီ ဆိုကတည်းက ဘုရားရှင်က လက်နှစ်ချောင်း ထောင်ပြထားသလို အသိနဲ့အကျင့် ထပ်တူကျဖို့ပါပဲ။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ အသိနဲ့အကျင့် ညီမျှမှုပြ ဂုဏ်ကျေးဇူးတော်ဖြစ်တဲ့ **"ဝိဇ္ဇာစရဏသမ္ပန္န"** ဂုဏ် ထင်ရှားလာဖို့က လိုရင်းပါပဲ။

ဒါကြောင့်...

**အသိနဲ့အကျင့် (ဝိဇ္ဇာနဲ့စရဏ)** ထပ်တူကျအောင် ကြည့်ညိုကြပါစို့။

အနှစ်ချုပ်အားဖြင့် ကုသိုလ်နဲ့ အကုသိုလ် နှစ်ပါး ထင်ရှားရှိနေတယ်။ ပုထုဇဉ်မှန်သမျှ လောကဓံတရားရှစ်ပါးနဲ့ကြုံရင် တုန်လှုပ်တာပါပဲ။ အကယ်၍များ လောကဓံရှစ်ပါးနဲ့ကြုံရင် ကုသိုလ်လမ်း လိုက်မှာလား၊ အကုသိုလ်လမ်းကို လိုက်မှာလား စဉ်းစားလို့ မေးထားသလိုပါပဲ။

အကုသိုလ်လမ်းကတော့ လောဘ၊ ဒေါသ၊ မောဟ တရားတွေကြောင့် ကောင်းကျိုးမရနိုင်ဘူး။ ကုသိုလ်လမ်းကတော့ အလောဘ၊ အဒေါသ၊ အမောဟတရားတွေကြောင့် ကောင်းကျိုးရမှာပါ။ ဒီတော့ ကုသိုလ်လမ်းက ချမ်းသာသုခကို ဖြစ်စေတယ်။ အကုသိုလ်လမ်းက ဆင်းရဲဒုက္ခ ဖြစ်စေတယ်။

ရှေ့မှောက်၌ ကုသိုလ်ပြုပြီး ကြည်ညိုကြမယ်ဆိုရင် အလောဘဖြစ်အောင် ဒါနကုသိုလ်ပြုပါ။ အဒေါသဖြစ်အောင် သီလကုသိုလ်ပြုပါ။ အမောဟဖြစ်အောင် ဘာဝနာကုသိုလ်ပြုပါ။ ဤသို့ ဒါန၊ သီလ၊ ဘာဝနာ သုံးဖြာသော ကုသိုလ်ကြောင့် အသိနဲ့အကျင့် ညီမျှပြီး ကောင်းကျိုးချမ်းသာ မလွဲမသွေ ရရှိကြပါလိမ့်မယ်။

**ဒါနကုသိုလ်ပြုပါဆိုတော့ လှူပေါ့။**

သက်တော်ထင်ရှား မြတ်ဘုရားကို ရည်မှန်းပြီး...

✤ အလင်းတိုင် (၃)တိုင်
✤ အမွှေးတိုင် (၃)တိုင်
✤ သပြေပန်း (၁၁)ညွန့်

ကို လှူပါ။

**သီလကုသိုလ် ပြုပါဆိုတော့ ငါးပါးသီလယူပေါ့။** ငါးပါးသီလခံယူပြီးလျှင် အဒေါသဖြစ်အောင် မေတ္တာပွားပါ။ ပို့ပါ။ မေတ္တာသုတ်ကို ရွတ်ပါ။

**ဘာဝနာကုသိုလ် ပြုပါဆိုတော့ ပုတီးစိပ် အဓိဋ္ဌာန်ပြုပေါ့။**

ဦးစွာ...

**သရဏဂုံ တည်လိုက်ပါ။**

| | |
|---|---|
| ဗုဒ္ဓေါ မေ သရဏံ အညံနတ္ထိ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ | (၉-ခေါက်) |
| ဓမ္မော မေ သရဏံ အညံနတ္ထိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ။ | |
| သံဃော မေ သရဏံ အညံနတ္ထိ၊ သံဃံ သရဏံ ဂစ္ဆာမိ။ | |

ဒီတော့ ကုသိုလ်နဲ့ အကုသိုလ်၊ ချမ်းသာနဲ့ဆင်းရဲ ဘယ်လမ်းကို ရွေးရမှာလဲ။ လမ်းမှန်ရွေးနိုင်ဖို့ဆိုရင် အသိနဲ့အကျင့်၊ ဝိဇ္ဇာနဲ့စရဏ ညီမျှဖို့ ဟန်ချက်ညီအောင် ကြိုးစားကြပါလို့ တိုက်တွန်းထားတယ်လို့ ယုံကြည်မိပါတယ်။

သို့အတွက်ကြောင့် ဤရုပ်ပွားတော်

ပြီးလျှင်...

ဘုရားရှိခိုးပါ။

✤ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏ သာဂရော။ ဝိဇ္ဇာတနေကော၊ ဝိဇ္ဇာ စ မာရဝိဇ္ဇယော။ ဝိဇ္ဇာစရဏသမ္ပန္နော၊ တိသောဝိဇ္ဇာ ပကာသိတာ။

အနုတ္တရာ ပဇ္ဇုပ္ပန္နော၊ ဝိဇ္ဇာစရဏ တေနယော။





စာမျက်နှာ (၁၈၄) သို့

www.burmeseclassic.com

www.burmeseclassic.com



# ပြန်မှုအင်းပညာ (၃)

သရာတော (အင်းတစ်ထောင်)

အရင်တစ်ပတ်က (၉)ကွက် **စတုရန်းအင်းနဲ့၊ (၁၂)ကွက်နန်းချိုး အင်းတွေမှာ မြင်းသွားနဲ့ အင်းဆန် သွင်းနည်းတွေကို** ပြောပြခဲ့တယ်။ ပြီးတော့ (၁၆)ကွက် စတုရန်းအင်းမှာ မြင်းသွားနဲ့ အင်းဆန်သွားလို့ မရ ကြောင်းကိုလဲ ပြောပြခဲ့တယ်။

ဒီတစ်ပတ်တော့ အဲဒီ (၁၆)ကွက် စတုရန်းအင်းတွေမှာ မြင်းသွားမဟုတ်တဲ့ အခြားအသွားတွေနဲ့ အင်းဆန် သွင်းနည်းကို ပြောပြမယ်။

ပထမဆုံး ပြောပြမယ့်နည်းက **ရထားသွားနဲ့ အင်းဆန်သွင်းနည်း** ဖြစ်တယ်။ ကဲ လိုက်မှတ်မယ်။

(က)ရထားသွား

* * *

အသွားပုံ

| | | | | |
|---|---|---|---|---|
| ၁ | *<br>စ ⟶ | ⟶ | ⟶ | ⟶ |
| ၂ | * ⟶ | ⟶ | ⟶ | ⟶ |
| ၃ | * ⟶ | ⟶ | ⟶ | ⟶ |
| ၄ | * ⟶ | ⟶ | ⟶ | ⟶ ဆုံး |

အင်းဆန်သွင်းပြီးပုံ

| | | | |
|---|---|---|---|
| စ | ဓ | ဗ | ဝ |
| စ | ဓ | ဗ | ဝ |
| စ | ဓ | ဗ | ဝ |
| စ | ဓ | ဗ | ဝ |

**ခရေပွင့်(*)** နေရာလေးတွေကနေ အင်းဆန်ကို စတင် ရေးသွင်းရတယ်။

**၁၊ ၂၊ ၃၊ ၄** ဆိုပြီး အစဉ်အတိုင်း လမ်းကြောင်း(၄)ကြောင်း ရှိနေမယ်။

လမ်းကြောင်း တစ်ကြောင်းစီမှာ **စ၊ ဓ၊ ဗ၊ ဝ အင်းဆန်(၄)လုံးစီ** ရှိတယ်။

မြားပြထားတဲ့ လမ်းကြောင်းအတိုင်း အင်းဆန်တွေ ရေးသွင်းတာ ဘာမှ မခက်ဘူး။

**ဒီအင်းကွက်မှာ သိစရာက...**

အမှတ်(၄)လမ်းကြောင်း အဆုံးကနေ အမှတ်(၁)လမ်းကြောင်း အစကို ရထားသွား ပြန်ပြီး မရဘူးဆိုတာပဲ။ အဆုံးကနေ အစကို ပြန်မသွားနိုင်တဲ့ အတွက်...

အင်းကောင်းတစ်ကွက်ရဲ့ ဂုဏ်အင်္ဂါ တစ်ရပ်ဖြစ်တဲ့ "**ရှင်သန်ခြင်း**"ဆိုတဲ့ ဂုဏ်အရည်အချင်းဟာ ဒီအင်းကွက်မှာ ရှိမနေဘူး။

အဲဒီလို အသွားမျိုးက...

လမ်းကြောင်းတစ်ခုစီမှာ **ဥပါဒ်၊ ဌီ၊ ဘင်** ဆိုတဲ့ သက်တမ်း တစ်ခုစာစီပဲရှိတော့...

**"အင်းကြီး"တွေအဖြစ် အသုံး မပြုနိုင်ဘူး။**

**"တစ်ပွဲတိုး"** အင်းကလေးတွေ အဖြစ်ပဲ သုံးကြတယ်။

တစ်ပွဲတိုးဆိုတာကို သိလား။ တစ်ခါပဲ သုံး၊ သုံးပြီးရင် လွှင့်ပစ်လိုက်၊ နောက်တစ်ခါ မသုံးနဲ့ မရတော့ဘူး။ သုံးချင်ရင် နောက်တစ်ခါ အစကနေပြန်စ ပြန်ပြီးစီရင်၊ အဲဒါမျိုးကို တစ်ပွဲတိုးလို့ ခေါ်တယ်၊ ကာလရှည် အဆောင်အဖြစ် မရဘူး။

ဒီအင်းမှာ အသွားက အားနည်းတော့...

အင်းဆန်သွင်းတဲ့ အလှည့်အစီ အစဉ်ကို တစ်မျိုးပြင်ပြီး အားကောင်းအောင် ဆောင်ရွက်ကြတယ်။

ဘယ်လိုလဲဆိုတော့...

**ပထမလမ်းကြောင်း** (၁)မှာ စ.ဓ.ဗ.ဝ ဆိုရင်...

**ဒုတိယလမ်းကြောင်း** (၂)မှာ ဓ.ဗ.ဝ.စဆိုပြီး **ဓ**နဲ့ စတယ်။

**တတိယလမ်းကြောင်း** (၃)မှာ ဗ.ဝ.စ.ဓဆိုပြီး **ဗ**နဲ့ စတယ်။

**စတုတ္ထလမ်းကြောင်း** (၄)မှာ ဝ.စ.ဓ.ဗ ဆိုပြီး **ဝ**နဲ့ စတယ်။

နောက်တစ်ဆင့် စနဲ့ စရင် မူလ လမ်းကြောင်း(၁)ကို ပြန်ရောက်မယ်။

ဒီလိုနည်းနဲ့ အဆုံးမှ အစသို့ တစ်ပတ် လည်သွားစေတယ်။

**တစ်ပတ်လည်ရင် ရှင်သန်ခြင်း ဖြစ်လာတယ်။**

ဒါ့အပြင်...

ဒီလို အင်းဆန်အစလေးတွေ ပြောင်းပေးတော့ အဝန်းအဝိုင်းကြော



www.burmeseclassic.com

www.burmeseclassic.com

**သဘာဝလေးတွေလဲ** ရလာတယ်။ အဲဒီ သဘာဝလေးတွေ သဘောတရားလေးတွေကို ပေါပေါ့သေးသေးလို့ ထင်မထားနဲ့...

အသေးငယ်ဆုံး အက်တမ်(Atom) လေးတွေကနေ အကြီးဆုံး စကြဝဠာ (Universe)အထိ ဒီအဝန်းအဝိုင်း သဘောတရားတွေ လှုပ်ရှားမှုတွေ ရှိနေတယ်။

အဲဒီလို အင်းဆန်အစလေးတွေကို တစ်လှည့်စီ ပြောင်းပေးတော့ အင်းကွက်က ဒီလို ဖြစ်လာတယ်။

* * *

အင်းဆန်သွင်းပြီးပုံ

| | | | |
|---|---|---|---|
| ၈ | ၆ | ၅ | ၀ |
| ၆ | ၅ | ၀ | ၈ |
| ၅ | ၀ | ၈ | ၆ |
| ၀ | ၈ | ၆ | ၅ |

အင်းဆန် ရေးသွင်းရတဲ့ အသွားက စောစောက ပြခဲ့တဲ့ ရထားသွားအတိုင်း ပါပဲ။ ဒါပေမယ့် အင်းကွက်က မတူတော့ဘူး။

ပထမ ပြခဲ့တဲ့ အင်းကွက်မှာထက် ဒီအင်းကွက်မှာက ပိုပြီး "**ပညာအား**" ပါလာတယ်။ နောက် **စကြာသဘောတရားလဲ** ပါလာတယ်။

ဒါ **(၁၆)ကွက်စတုရန်းအင်း**မှာ **ရထားသွားနဲ့ အင်းဆန်သွင်းပုံ**ပဲ။ ဆက်ပြီး **ခရုပတ်အသွားနဲ့ အင်းဆန်** သွင်းပုံဆီ သွားကြမယ်။

(ခ) ခရုပတ်အသွား(စကြာပုံဆောင်အသွား)

* * * ——→






**အင်းဆန်က ၈.၆.၅.၀** လေးကြိမ်လေးခါပဲ။ အားလုံး (၁၆)လုံး။

အသွားပုံကိုကြည့်။ **ခရုတစ်ကောင်ကို ဖင်ဘက်ကနေကြည့်**ရင် မြင်ရတဲ့ အရစ်အပတ်အတိုင်းရှိလို့ ခရုပတ်လို့ ခေါ်တာ။

အဲဒီ ခရုပတ်လမ်းကြောင်းအတိုင်း အင်းဆန်ရေးသွင်းရင် ပုံမှာပြတဲ့ အတိုင်းရလာမယ်။

အဲဒီအသွားပုံကိုပဲ **စကြာအမြင်နဲ့** ကြည့်လိုက်။ အရွက်(၁)ရွက်သာပါတဲ့ စကြာပုံကို ဆောင်နေတာ တွေ့ရမယ်။

(၁)ရွက်ပဲပါပါ၊ (၂)ရွက်ပဲပါပါ စကြာဟာ စကြာပဲ။

ဒါကြောင့် ခရုတ်ပတ်အသွား မှန်သမျှကို "**စကြာပုံဆောင်အသွား**" လို့ မှတ်ထား။ စကြာပုံဆောင်တာဟာ အင်းကောင်းတစ်ကွက်ရဲ့ ဂုဏ်အင်္ဂါရပ်တွေထဲက တစ်ခုပဲဖြစ်တယ်။ သူလဲ **တစ်ခါသုံးအင်းပဲ** ဘာလို့လဲဆိုတော့ **အဆုံးကနေ အစကို တစ်ပတ်မလည် ရှင်သန်ခြင်း မရှိလို့။**

(၁၆)ကွက် စတုရန်းအင်းမှာ အင်းဆန်သွင်းပုံ ခုထိ (၂)နည်း ရှိသွားပြီ။

**ရထားသွားနဲ့** သွင်းတာရယ် **ခရုပတ်အသွားနဲ့** သွင်းတာရယ်။ ဟုတ်တယ်နော်။

ဆက်ပြီး နောက်တစ်မျိုးဆီ သွားမယ်။

အမှန်က ရထားသွားပဲ။

ဒါပေမယ့် သူ့မှာ ထူးခြားတဲ့ ဝိသေသတွေ ရှိနေလို့ နည်းတစ်နည်းအဖြစ် ခွဲထုတ်ပြီး မင်းကို ပြောပြမှာ။ "**အဘယာဇာတကအင်း**"လို့ ခေါ်တယ်။ အသွားနာမည် မဟုတ်ဘူး။ **အင်းနာမည်**။


(ဂ) အဘယာဇာတကအင်း

ဒီအင်းကို မသင်မီ...

ဆရာကြီး ဒေါက်တာချစ်ဆွေက "**အံ့ဖွယ်စတုရန်းများ**"လို့ ဘာသာပြန်ခဲ့တဲ့ အနောက်တိုင်းက Magic Squares များ အကြောင်းကို နည်းနည်းလောက် အရင်ဆုံး ပြောပြမယ်။

ဆရာကြီးက Magic Squares ကို "**အင်း**"လို့ ဘာသာမပြန်ခဲ့ဘူး။ အင်းစာရင်းမှာ မသွင်းဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့ရဲ့ Magic Squares တွေမှာက ကိန်းဂဏန်းတွေရဲ့ ထူးခြား

အသွားပုံ




အင်းဆန်သွင်းပြီးပုံ

| | | | |
|---|---|---|---|
| ၈ | ၆ | ၅ | ၀ |
| ၀ | ၈ | ၆ | ၈ |
| ၅ | ၀ | ၅ | ၆ |
| ၆ | ၈ | ၀ | [illegible] |



www.burmeseclassic.com

www.burmeseclassic.com



မှုပဲ ရှိတယ်။ အခြား ဘာမှ မရှိဘူး။

တို့ မြန်မာအင်းများမှာကျတော့ ပရိက်ကအစ စီရင်ပုံအလယ်၊ အသုံးပြုပုံအဆုံး ကျယ်ကျယ်ပြန့်ပြန့် နက်နက်ရှိုင်းရှိုင်း ရှိတယ်။ ရလာမယ့် အကျိုးရလဒ်မှာလဲ ဆီနဲ့ရေလို ကွာတယ်။

ဘာမှ မဆိုင်ဘူး။

အဲဒီ အံ့ဖွယ်စတုရန်းတွေကို အနောက်တိုင်း သင်္ချာဂျာနယ်များမှ ထုတ်နုတ်ပြီး ဇောတိသဝေဒမဂ္ဂဇင်းကြီးမှာ ဆရာကြီးက တော်တော်များများ ဖော်ပြပေးခဲ့တယ်။ ၁၉၈၃–၈၄ ခုနှစ် ဝန်းကျင်လောက်က ထင်တယ်။ ကြာပြီ။ ဇောတိသဝေဒမဂ္ဂဇင်း စပြီး ပေါ်ပေါက်လာပြီး သိပ်မကြာခင်မှာ ရေးခဲ့တာ။

အဲဒီအထဲက သင်္ချာလိုခေါ်ရင် Magic Squares of order 4၊ မြန်မာလိုတော့ အဆင့်(၄)ရှိသော အံ့ဖွယ်စတုရန်း၊ တစ်နည်းပြောရင် **(၁၆)ကွက်အံ့ဖွယ်စတုရန်း**ပေ့ါ။ အဲဒါ မင်းကို အရင်ဆုံး ပြမယ်။

* * *


Magic Square of order 4

| | | | |
|---|---|---|---|
| ၁၆ | ၂ | ၃ | ၁၃ |
| ၅ | ၁၁ | ၁၀ | ၈ |
| ၉ | ၇ | ၆ | ၁၂ |
| ၄ | ၁၄ | ၁၅ | ၁ |

အဲဒီ အံ့ဖွယ်စတုရန်းမှာ ဘာတွေက အံ့ဖွယ် ဖြစ်နေသလဲဆိုတော့...


နေဦး အခေါ်အဝေါ်လေးတွေ အရင်ဆုံး ပြောပြမယ်။

* * *




အဲဒီမျဉ်း(၂)ကြောင်းကို **"ထောင့်ဖြတ်"**တွေလို့ ခေါ်တယ်။ ထောင့်ဖြတ်တစ်ကြောင်းစီမှာ ကိန်း(၄)လုံးစီပါတယ်။

* * *



အဲဒီ (၄)ကြောင်းကိုတော့ **"အတန်း"**တွေလို့ ခေါ်တယ်။ တစ်ကြောင်းစီမှာ ကိန်း(၄)လုံးစီ ပါတယ်။

* * *



ဒီ(၄)ကြောင်းကျတော့ **"အတိုင်"** တွေလို့ ခေါ်တာပေ့ါ။ သူ့မှာလဲ ကိန်း(၄)လုံးစီပဲ ပါတယ်။ ဟုတ်ပြီနော်။

**(အင်းပညာကို စိတ်ဝင်စားကြသဖြင့် လေ့လာနေကြသူများထဲတွင် သင်္ချာအသုံးအနှုန်းများဖြင့် စိမ်းနေကြသူများ များစွာ ရှိနေနိုင်ပါသည်။ ထိုသူများအတွက်ပါ ရည်ရွယ်ပြီး ယခုကဲ့သို့ စာမျက်နှာများကို အားမနာတမ်း အကုန်ခံပြီး ရှင်းပြရခြင်း ဖြစ်ပါသည်။ မိမိ ပေးလိုသော အရာ' Themeတစ်ခုကို စာဖတ်သူ ပရိသတ်ထံသို့ အဖိတ်အစဉ်မရှိ ရောက်ရှိစေလိုသော စေတနာကြောင့် ဖြစ်ပါ၏။)**

ကဲ ဘာတွေက အံ့ဖွယ်ဖြစ်နေသလဲ ဆိုတော့...

(က) ထောင့်ဖြတ်နှစ်ခု ရှိတဲ့အနက် ထောင့်ဖြတ်တစ်ခုချင်းစီမှာ ရှိနေတဲ့ ကိန်း(၄)လုံး ပေါင်းလဒ်ဟာ (၃၄)စီ ရတယ်။

(ခ) အတန်းလေးခု ရှိတဲ့အနက် အတန်းတစ်ခုချင်းစီမှာ ရှိနေတဲ့ ကိန်း(၄)လုံး ပေါင်းလဒ်ဟာ (၃၄)စီရတယ်။

(ဂ) အတိုင်လေးခု ရှိတဲ့အနက် အတိုင်တစ်ခုချင်းစီမှာ ရှိနေတဲ့ ကိန်း(၄)လုံး ပေါင်းလဒ်ဟာလဲ (၃၄)စီပဲ ရတယ်။

ပြီးတော့ ဒီလိုကြည့်...

* * *

(၁၆) ၂ ၃ (၁၃)

၅ ၁၁ ၁၀ ၈

၉ ၇ ၆ ၁၂

(၄) ၁၄ ၁၅ (၁)

(ဃ) ထောင့်စွန်း(၄)လုံးပေါင်းရင် ၃၄၊ (ဝိုင်းပြထားသည်)

(င) ဗဟို(၄)လုံးပေါင်းရင် ၃၄၊



www.burmeseclassic.com

www.burmeseclassic.com

*(ပေါင်ခတ်ပြထားသည်။)*

ကျန်တဲ့ ကိန်းတွေထဲက...

* * *

| | | | |
|---|---|---|---|
| ၁၆ | ၂ | ၃ | ၁၃ |
| ၅ | ၁၁ | ၁၀ | ၈ |
| ၉ | ၇ | ၆ | ၁၂ |
| ၄ | ၁၄ | ၁၅ | ၁ |

**(စ)** အထက်(၂)လုံးနဲ့ အောက်(၂) လုံး ပေါင်းရင် ၃၄။

**(ဆ)** ဘယ်ဘက်က (၂)လုံးနဲ့ ညာဘက်က (၂)လုံး ပေါင်းရင် ၃၄။

ပြီးတော့ ကြည့်လိုက်ဦး...

* * *

| | | | |
|---|---|---|---|
| ၁၆ | ၂ | ၃ | ၁၃ |
| ၅ | ၁၁ | ၁၀ | ၈ |
| ၉ | ၇ | ၆ | ၁၂ |
| ၄ | ၁၄ | ၁၅ | ၁ |

အဲဒီလိုလေးပိုင်း ပိုင်းလိုက်ရင်...

**(ဇ) တစ်ပိုင်းဆီမှာရှိတဲ့ ကိန်း(၄) လုံး ပေါင်းလဒ်တွေဟာလဲ ၃၄။**

ဒီအချက်(၈)ချက်ဟာ အဲဒီ အံ့ဖွယ်စတုရန်းရဲ့ အံ့ဖွယ်တွေပဲ။

ကိန်းလေးလုံးပေါင်းတဲ့ နေရာမှာ ယူချင်တဲ့နေရာက ယူချင်သလို ယူပြီး ပေါင်းနေတာ မဟုတ်ဘူးနော်။ မင်းယူလိုက်တဲ့ ကိန်းလေးလုံးဟာ စည်းကမ်းတစ်ခုနဲ့ ကိုက်ညီနေအောင် ယူနေတာ။ အဲဒါက **"အချိုးညီခြင်း"** ဆိုတဲ့ စည်းကမ်းပဲ။ **အဲဒီ အချိုးညီခြင်းဆိုတာ စကြာ သဘောတရားတစ်ခုဖြစ်တယ်။** နောက်တော့ မင်းသိလာလိမ့်မယ်။

ဆရာကြီး ဒေါက်တာချစ်ဆွေက အဲဒီ အံ့ဖွယ်စတုရန်းကို ဖော်ပြပေးပြီးနောက် လအနည်းငယ် အကြာမှာ အဲဒီ အံ့ဖွယ်စတုရန်းထက် ပိုပြီး အံ့ဖွယ်ကောင်းတဲ့ အခု မင်းကို သင်ပေးမယ့် **"အဘယာဇာတကအင်း"** ကို ဆောင်းပါးရှင်တစ်ယောက်က ဖော်ပြခဲ့တယ်။ ဆောင်းပါးခေါင်းစဉ်က **"ကမ္ဘာမှာတောင် မရှိတဲ့ မြန်မာ့ အံ့ဖွယ်စတုရန်း"**တဲ့။

စကားလုံး နည်းနည်းပါးပါး လွဲချင်လွဲမယ်။ အဓိပ္ပာယ်ကတော့ အဲဒီအတိုင်းပဲ။ ကဲ...အဲဒီအဘယာဇာတကအင်းကို ကြည့်ရအောင်။

* * *

အဘယာဇာတကအင်း

| | | | |
|---|---|---|---|
| ၁၆ | ၉ | ၆ | ၃ |
| ၅ | ၄ | ၁၅ | ၁၀ |
| ၁၁ | ၁၄ | ၁ | ၈ |
| ၂ | ၇ | ၁၂ | ၁၃ |

ဒီအင်းမှာ စောစောက အံ့ဖွယ်စတုရန်းအတိုင်းပဲ။ အင်းဆန် (၁) ကနေ (၁၆)အထိ ပါတယ်။ ဒါပေမယ့် ရှိနေတဲ့ အံ့ဖွယ်တွေကျတော့ မတူတော့ဘူး။

အနောက်နိုင်ငံက အံ့ဖွယ်စတုရန်းမှာ ရှိနေတဲ့ အံ့ဖွယ်တွေထက် တို့မြန်မာ "အဘယာဇာတကအင်း"မှာ ရှိနေတဲ့ အံ့ဖွယ်တွေက ပိုများတယ်။

သူတို့မှာ ရှိနေတဲ့ အံ့ဖွယ်(၈)ချက်စလုံး တို့မှာ ရှိနေတဲ့အပြင် သူတို့မှာ မရှိသေးတဲ့ နောက်ထပ် အံ့ဖွယ်တွေ တို့မှာ ရှိတယ်။ အံ့ဩပြီးရင်း အံ့ဩရတယ်။ ကြည့်...သူတို့မှာ မရှိဘဲ တို့မှာသာရှိတဲ့ အံ့ဖွယ်တွေကို...

* * *

| | | | |
|---|---|---|---|
| ၁၆ | ၉ | ၆ | ၃ |
| ၅ | ၄ | ၁၅ | ၁၀ |
| ၁၁ | ၁၄ | ၁ | ၈ |
| ၂ | ၇ | ၁၂ | ၁၃ |

**(ဈ) ဘောင်ခတ်ပြထားတဲ့ ကိန်း(၄)လုံးတိုင်းပေါင်းရင် ၃၄။** *(သူတို့မှာ ဒီလို မရဘူး။)*

ဆက်ပြီး ကြည့်ဦး...

* * *

| | | | |
|---|---|---|---|
| ၁၆ | ၉ | ၆ | ၃ |
| ၅ | ၄ | ၁၅ | ၁၀ |
| ၁၁ | ၁၄ | ၁ | ၈ |
| ၂ | ၇ | ၁၂ | ၁၃ |

**(ည) ဘောင်ခတ်တွဲပြထားတဲ့ အတွဲတိုင်းမှာ ကိန်း(၄)လုံးပေါင်းရင် ၃၄။** *(ဒါလဲ သူတို့မှာ မရှိဘူး)*

ဒါပဲလားတဲ့။ ဘယ်ကမလဲ ရှိသေးတယ်။

* * *

| | | | |
|---|---|---|---|
| ၁၆ | ၉ | ၆ | ၃ |
| ၅ | ၄ | ၁၅ | ၁၀ |
| ၁၁ | ၁၄ | ၁ | ၈ |
| ၂ | ၇ | ၁၂ | ၁၃ |

**(ဋ) ဘောင်ခတ်တွဲပြထားတဲ့ အတွဲတိုင်းမှာ ကိန်း(၄)လုံးပေါင်းရင် ၃၄။** *(ဒါလဲ သူတို့မှာ မရှိ)*

ကဲ... ကိန်း(၄)လုံးစီ တွဲတာကို **"အချိုးညီ"**အောင်သာတွဲ၊ အဲဒီ (၁၁)

www.burmeseclassic.com

မျိုးအပြင် မရှိတော့ဘူး။ တွဲလို့ရတဲ့ (၁၁)မျိုး စလုံးမှာလဲ ပေါင်းခြင်းရလဒ်တွေက (၃၄)ချည်းပဲ။ ဘယ်လောက် အံ့ဖွယ်ကောင်းလဲ။

အနောက်တိုင်းက Magic Square of order 4နဲ့ တို့ရဲ့ အဘယာဇာတက (၁၆)ကွက် စတုရန်းအင်းကို နှိုင်းယှဉ်ကြည့်လိုက်။ တို့ရဲ့ အင်းက နှာတစ်ဖျားမကဘူး။ နှာ(၃)ဖျားလောက် သာတယ်။

ဒါ ကိန်းဂဏန်းအပိုင်းပဲ ရှိသေးတာ။ ပရိက်အပိုင်းတွေ အစီအရင်အပိုင်းတွေ မပါသေးဘူး။ သူတို့မှာလဲ ပရိက်အပိုင်းတွေ၊ အစီအရင်အပိုင်းတွေ၊ အသုံးချအပိုင်းတွေ ရှိတယ်ဆိုရင်တောင် တို့ကို ဘယ်လိုမှ မမီနိုင်ဘူး။

ဘာကြောင့်လဲဆိုတော့ တို့တွေက ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးတို့ရဲ့ ဂုဏ်တော်စက်ဝန်းများအောက် ခိုလှုံပြီး ဆောင်ရွက်မှာဆိုတော့...*(လိုသေးလား ပြောပြဖို့။)*

ဒီလောက်ဆိုရင် မင်းကို အခုသင်ပေးမယ့် အဘယာဇာတကအင်းရဲ့ အံ့ဖွယ်တွေကို တအံ့တဩ မင်း မြင်သွားလောက်ရောပေါ့။ ဒါပေမယ့် မင်းစိတ်ထဲမှာ တွေးချင်တွေးနေမယ်။ ပေါင်းလဒ် (၃၄) ဖြစ်နေတာနဲ့ ဒီအင်းက ဘာများ ထူးခြားနိုင်မှာလဲလို့။

ထူးခြားတယ်။ **အပြင်ပန်းအမြင်နဲ့ ကြည့်ရင် ပေါင်းလဒ်(၃၄)တွေ ဖြစ်နေတာကိုပဲ တွေ့ရမယ်။ ဒါက အကာလောက်ပဲ ရှိတယ်။ အနှစ်သာရက အဲဒီ (၃၄)မဟုတ်ဘူး။ ပေါင်းလဒ်တွေ တူနေခြင်းက အနှစ်သာရပဲ။**

ကိန်း(၄)လုံးစီကို အချိုးညီအောင် တွဲတာ အားလုံး(၁၁)တွဲ ရတယ်။ ရတဲ့ အတွဲအားလုံးဟာ ပေါင်းခြင်း၌ တူနေကြတယ်။ အားလုံး တူနေကြတယ်။ **(လုံးဝဥသုံ တူနေကြတယ်။)** ဒါမျိုးကို **ဥသုံအချိုးညီလို့ခေါ်တယ်။**






ဥသုံညီအချိုး ရှိနေရင် **စကြာသဘောတရား** ရှိနေပြီ။

အင်းကွက်မှာ အင်းဆန်အသွားက ရထားသွားမို့ စကြာအသွား မဟုတ်ပေမယ့် အင်းဆန်တွေရဲ့ တည်နေပုံမှာတော့ **စကြာသဘောတရား အပြည့်အဝ** ရှိနေပြီ။

အဲဒီလို စကြာသဘောတရား ရှိနေလို့လဲ...

ဒီ အဘယာဇာတကအင်းကို **အင်းကွက်ပေါင်း (၅၂၀)**အထိ ပါတဲ့ အင်းသိုက်တစ်ခုအဖြစ် တည်ဆောက်နိုင်တယ်။

အင်းဆန် တည်နေရာများသာ ပြောင်းသွားပြီး ဥသုံညီအချိုး ရှိနေတဲ့ အင်းကွက်ပေါင်း (၅၂၀)ကွက်ပေါ့။ အဝန်းအဝိုင်း လည်ပတ်နေတဲ့ သဘောတရားတွေ၊ စကြာသဘောတရားတွေ အပြည့်နဲ့ပေါ့ကွာ။

အဲဒီအင်းသိုက်က အခုနေတော့ မင်းအတွက် စောနေတယ်။

မူလ အဘယာဇာတကအင်းကိုပဲ အရင်ဆုံး သင်ယူလေ့ကျင့်ထား။ ဆက်ပြီးတော့ အင်းဆန်အကြောင်းတွေ ပြောပြမယ်။

တို့ရဲ့ ဗုဒ္ဓဘုရားရှင်ဟာ ဟိုး နုစဉ်ဘဝတွေမှာ အဟိတ်တိရစ္ဆာန်ဘဝတွေနဲ့ ဘဝပေါင်းများစွာ ကျင်လည်ခဲ့ဖူးတယ်။ အဲဒီဘဝတွေထဲမှာ ဘေးဘယာ တစ်စုံတစ်ရာမရှိ ဘေးကင်းတဲ့ ဘဝတွေလဲ ဖြစ်ခဲ့ဖူးတယ်။ အဲဒီ ဘေးဘယာကင်းဝေးတဲ့ ဘဝ ဘဝတွေကို တို့က ကိန်းဂဏန်းတွေသုံးပြီး အင်းအဖြစ် ပူဇော်တာ။

ဘယ်တိရစ္ဆာန်မျိုးနွယ်မှာ ဘဝပေါင်း ဘယ်နှဘဝ ဘေးကင်းတယ်ဆိုတာကို ဖော်ပြတဲ့ အထောက်အထားတွေ ရှိပါတယ်လို့ ဦးတော့ ရေးထားတာလဲ မဖတ်ဖူးဘူး။ ပြောတာလဲ မကြားဖူးဘူး။ **(ကျမ်းဂန် အထောက်အထားများဖြင့် ဖော်ပြ ပေးနိုင်သူများရှိပါက အလွန် အကျိုးများပါတယ်။)** ဦးဘက်က မနှံ့စပ်တာလဲ ဖြစ်ချင်ဖြစ်မယ်။

ဦးတို့ကတော့ တို့ဗုဒ္ဓဘုရားရှင်ဟာ နုစဉ် အဟိတ်တိရစ္ဆာန်ဘဝတွေမှာတောင် ဘေးဘယာ တစ်စုံတစ်ရာ ဘာမှ မရှိတဲ့ ဘဝတွေ ရှိကို ရှိခဲ့တယ်လို့ ယုံကြည်မှု၊ ကြည်ညိုမှု သဒ္ဓါတွေနဲ့ အင်းကို တည်ဆောက်တယ်။

ဘယ်အမျိုးအနွယ်မှာ ဘဝ ဘယ်လောက်ရှိတယ်ဆိုတာက တို့ရဲ့အင်းမှာ ရှိနေတဲ့ ကိန်းဂဏန်းတွေကို ကိုယ်စားပြုထားတဲ့ အမျိုးအနွယ်အမည်နဲ့ ဘဝ အရေအတွက်ပဲ။ ဆိုလိုတာက...

ဘယ်အမျိုးအနွယ်မှာ ဘဝ ဘယ်လောက် ဘေးကင်းတယ်ဆိုတာ အဓိက မထားဘူး။ တို့ရဲ့ ဗုဒ္ဓဘုရားရှင်ဟာ နုစဉ် အဟိတ်တိရစ္ဆာန်ဘဝမှာတောင် ဘေးကင်းတဲ့ ဘဝတွေ ရှိပါလားဆိုတဲ့ ယုံကြည်မှု၊ ကြည်ညိုမှု သဒ္ဓါတရားတွေကိုပဲ အဓိက ထားတယ်။ အဲဒီ သဒ္ဓါတရားနဲ့ အင်းကို



www.burmeseclassic.com

www.burmeseclassic.com

တည့်ဆောက်တယ်။ ရှင်းရဲ့လား…

ကဲ အင်းဆန်သွင်းဖို့ ဘယာကင်းတဲ့ ဘဝတွေကို ကြည့်ညိုဖို့ လင်္ကာလေးကို ကြည့်ပေတော့။

အစကြိုးကြာ
ဆယ့်ခြောက်ခါတည့်
ဟင်္သာကိုးဖြစ်
ခြောက်ဖြစ်ကားနို
ကျေးညိုသုံးခါ
သံသာကျူးဟိတ်
ကရဝိက်ငါး
လေးပါးကိန္နရီ
စာမရီဆယ့်ငါး
မျောက်ကားတစ်ဆယ်
ဆင်ဝယ်ဆယ့်တစ်
နွားဖြစ်ဆယ့်လေး
ဖားကောသိန္ဓဝ(မြင်း)
ကျွဲအဌနှင့်
သံပြဲသာညောင်း
ဥဒေါင်းနှစ်ခါ
သာလိကာသတ္တ
ဒွါဒသကြက်
ဝက်ကားဆယ့်သုံး
ပေါင်းရုံးများစွာ
တစ်ရာ့သုံးဆယ်
ခြောက်ဖြစ်ဝယ်၌
အန္တရာယ်တစ်စိ
ဘေးမရှိသည့်
မုန့်မြတ်လောင်း
ဖြစ်တော်ပေါင်းအား
ညွှတ်ပျောင်းသာယာ
ကြည်သဒ္ဓါဖြင့်
ဆယ်ဖြာလက်မိုး
ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား။

ဒါ တို့ဘိုးဘွားတွေ လက်ဆင့်ကမ်းပြီး ဘုရားရှိခိုးကြတဲ့ ဘုရားရှိခိုးလင်္ကာ တစ်ပုဒ်ပဲ။

အင်းဆန်သွင်းတဲ့ အခါကျတော့ ဗုဒ္ဓဘုရားရှင်ရဲ့ နှစ်ဉ် အဟိတ်တိရစ္ဆာန်ဘဝတွေမှာတောင် အန္တရာယ် တစ်စုံတစ်ရာမရှိ ဘေးဘယာကင်းတဲ့ ဘဝတွေ ရှိနေပါလားဆိုတဲ့ ကြည်ညိုမှုသဒ္ဓါကို နှလုံးသွင်းပြီး အင်းဆန်တွေ ရေးသွင်းရမယ်။

ကဲ မောင်အောင်မျိုး…

(၁၆)ကွက် စတုရန်းအင်းမှာ မြင်းသွား မရှိတာကိုလဲ မင်း သိသွားပြီ။ မြင်းသွား မရှိတော့ ဘယ်အသွားတွေ ရှိလဲ ဆိုတာကိုလဲ စပြီး သိလာပြီ။ ဒါ့အပြင်…

တို့ရဲ့ "**အဘယာဇာတကအင်း**" ဟာ အနောက်တိုင်း Magic Square of order 4တွေထက် ဘယ်လို သာတယ်ဆိုတာကိုလဲ ကျွဲကူးရေပါ ဆိုသလို မင်း သိသွားပြီ။ ဟုတ်တယ်နော်… ပြောဖို့ တစ်ခုကျန်သေးတယ်။

ဒီအင်းမြတ်ကို…

**အချုပ်အနှောင်၊ ဘယ်အသေး၊ အ… အခင်း ကြုံတွေ့နေကြသူတွေအတွက် သုံးနိုင်တယ်။ ကိုယ့်ဘက်က မှန်နေရင် အမှန်တကယ် အစွမ်းထက်တယ်။**

ဒါ့အပြင်…

**သွားရေး၊ လာရေး၊ နေရေး၊ ထိုင်ရေး၊ လူမှုရေး၊ စီးပွားရေး၊ အစရှိတဲ့ အရေးအရာ မှန်သမျှမှာ ဘေးအန္တရာယ် ကင်းဖို့ အထောက်အကူအဖြစ် သုံးနိုင်တယ်။**

ဒီထက်ပိုပြီး ဉာဏ်ရှိသလို အသုံးပြုနိုင်တယ် ဆိုတာပဲ။ တော်ပြီ… နောက်တစ်ပတ်မှ ဆက်ကြရအောင်။

**ဆရာစော(အင်းတစ်ထောင်)**

စာမျက်နှာ (၁၇၈)မှ အဆက်

**အနက်**

**ယော၊** အကြင် မြတ်စွာဘုရားရှင်သည်။ **ဝိဇ္ဇာစရဏသာဂရော၊** ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏတစ်ဆယ့်ငါးပါးဟု ဆိုအပ်သော သမုဒ္ဒရာကို။ **တိဏ္ဏော၊** ကူးမြောက်ပြီးသည် အဖြစ်ကြောင့်။ **ဝိဇ္ဇာစရဏသမ္ပန္နော၊** ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူပေ၏။

**သဗ္ဗညူ၊** သင်္ခါရ ဝိကာရ လက္ခဏာ နိဗ္ဗာန်ပညတ်တည်းဟူသော ငါး ယျေ့တရား ငါးပါးတို့ကို ပိုင်းခြားကုန်စင် သိမြင်တော်မူသော မြတ်စွာဘုရားရှင်သည်။ **ဝိဇ္ဇာတနေကော၊** ပညာဖြင့်ချဲ့ထွင်တတ်၏။ **ဝိဇ္ဇာစ၊** ပညာကြောင့်လည်း။ **မာရဝိဇ္ဇယော၊** မာရ်ငါးပါးကို အောင်မြင်တော်မူပါပေ၏။

**ဝိဇ္ဇာစရဏသမ္ပန္နော၊** ဝိဇ္ဇာစရဏဂုဏ်ကြီးရှင် ဝိဇ္ဇာမိုရ်ရှိ ဘုရင်ထွတ်ထား မြတ်ဘုရားသည်။ **ဝိဓေသာဝိဇ္ဇာ၊** ပုဗ္ဗေနိဝါသဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယဉာဏ် တည်းဟူသော ဝိဇ္ဇာသုံးပါးကို။ **အနာဂတပစ္စုပ္ပန္နံ၊** အနာဂတ်ပစ္စုပ္ပန်၌။ **ပကာသိ၊** ထင်ရှားစွာ ပြတော်မူပါပေ၏။

**ဝိဇ္ဇာစရဏသမ္ပန္နော၊** ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူသော။ **တေ၊** ရှင်တော်မြတ်ဘုရားအား။ **နမော၊** မြတ်နိုးသဒ္ဓါ ရှိခိုးပါ၏။

ပြီးလျှင်…

"ဝိဇ္ဇာစရဏသမ္ပန္နော"
ဂုဏ်တော်အား ပုတီးသုံးပတ် စိပ်ရပါမယ်။ ဤသို့ စိပ်စေလိုပါတယ်။

✦ ဝိဇ္ဇာသမ္ပန္နော(ပုတီးတစ်လုံးချ) ၁-ပတ်
✦ စရဏသမ္ပန္နော(ပုတီးတစ်လုံးချ) ၁-ပတ်
✦ ဝိဇ္ဇာစရဏသမ္ပန္နော(ပုတီးတစ်လုံးချ) ၁-ပတ်
၃-ပတ်

ထို့ပြင်…

အိမ်ထောင်သည် ဇနီးမောင်နှံများ ချစ်သူစုံတွဲများလဲ အိမ်ထောင်သောက ချစ်သောက ကင်းဝေးကြစေလိုလျှင်ဖြင့် အတူတကွ ဆောင်ရွက် ကုသိုလ်ယူနိုင်ကြရန် ဖြစ်ပါကြောင်းဖြင့်…

***သင့်တင့်အောင် နှလုံးသွင်း အရှုံးကာပါစေ။***

**ကဝိသိရောမ**



www.burmeseclassic.com

www.burmeseclassic.com



# စေတီငါးဆူ

## အောင်လံထူ

ရွှေတည် မြစင်ပြော



သူ့အမည်က မကြည်ကြည်သိန်း၊ အသက်(၆၀)ကျော်လာပြီ။ သွယ်သွယ်လျလျ ခန္ဓာကိုယ်နှင့် တည်ငြိမ်အေးဆေးစွာ နေတတ်သူ၊ စကားပြောလျှင် ဒေါသမိုပ် မကင်းသောအသံ တစ်ခါမှ မသုံးသဉ်ကျေးစွာ ချိုချိုသာသာ ဆက်ဆံတတ်သည်။ လူချစ်လူခင် ပေါသည်။

အိမ်ထောင်မပြုဘဲ အရွယ်ကောင်းဆဲ့ အခါတုန်းကတော့ မိခင်ကိုလုပ်ကျွေးခဲ့သည်။ ဆေးလိပ် လိပ်ခဆေးလိပ်တစ်ရာလျှင် လေးဆယ့်ငါးပြားရသည့်ခေတ်ကစ၍ လုပ်ကျွေးခဲ့သည်။ မိခင်ကို လိုလေသေးမရှိ ပြုစုခဲ့သည်။ အခင် မရှိတော့။

ယခုတော့ အပျိုကြီးဘဝဖြင့် ဘွမ်းယာ ရောင်းစားသည်။ ကားလမ်းဘေး၊ ကားလမ်းနှင့် ခပ်ဝေးဝေးတွင် ဘွမ်းယာဆိုင်ကလေး ဆောက်၍ ရောင်းသည်။ နေအိမ်နှင့် ခပ်လှမ်းလှမ်းဖြစ်၍ နံနက် ထမင်းချိုင့် ထည့်လာပြီး ဆိုင်ဖွင့်ရောင်းသည်။ ညနေ ငါးနာရီဆိုင်ပိတ်ပြန်သည်။

မကြည်ကြည်သိန်း၏ ဘာသာရေးအလုပ်က နံနက်စောစောထ အရုဏ်ဆွမ်း သို့မဟုတ် မုန့်ဆွမ်းကို ဘုရားအား ကပ်လှူသည်။ ငါးပါးသီလယူ၊ ဘုရားဂုဏ်တော်ပုတီးစိပ်၊ ပဋ္ဌာန်းတရားတော် ရွတ်ဖတ်ပူဇော်ပြီး တရားထိုင်သည်။

တရားထိုင်ပြီး မေတ္တာပို့ အမျှဝေသည်။ ညဘက်တွင်လည်း ယင်းကျင့်စဉ်အတိုင်း ပြုလုပ်သည်။ မကြည်ကြည်သိန်း၏ နေ့စဉ်အလုပ်ဖြစ်သည်။

နံနက်စာစားရန် ယူဆောင်လာသည့် ထမင်းဟင်းများကိုလည်း နေ့စဉ်ဆွမ်းခံကြွလာသော ကိုရင်လေးတစ်ပါးကိုလည်း အမြဲစွဲလှူသည်။ တစ်ခါတစ်ရံ ကိုရင်လေး သပိတ်ထဲမှာဆွမ်းဟင်း အရနည်းနေလျှင် သူစားဖို့နည်းနည်းချန်ပြီး အကုန်လှူပစ်လိုက်သည်။ သူ၏ အပြောမှာ...

'ဦးလေးရယ် ကျွန်မက လူဝတ်ကြောင်ဆိုတော့ ထမင်းဆာလာရင် ဘယ်အချိန်မဆို တစ်ခုခုစားလို့ရတယ်။ ကိုရင်လေးက မွန်းတည့်သွားရင် စားလို့မရတော့ဘူးလေ။ ကိုယ်ချင်းစာပါတယ်။ ကိုရင်လေး မဝမှာစိုးလို့ ပိုလှူလိုက်တာပါ'

ဟု ပြောပါသည်။

ကျွန်တော်သည် သူ၏ စေတနာကိုလေးစားသွားသလို သူ၏ မေတ္တာတရားနှင့် ကျင့်စဉ်များကို အသိအမှတ်ပြုလိုက်ပြီး ဘဝတွင် ပိုပြီး အကျိုးထူးမည့် ကျင့်စဉ်နည်းကိုလည်း မျှဝေပေးလိုသဖြင့်...

'မကြည်ကြည်သိန်း ဦးခေါင်းထက်မှာ စေတီငါးဆူ တည်နည်းသိလား'

'မသိဘူး ဦးလေးရယ် ဘယ်လို စေတီငါးဆူ တည်နည်းလဲ ပြောပါဦး'

'ဘယ်အချိန် ဘယ်ခါမဆို ဘုရား၊ တရား၊ သံဃာကို ဦးချရင် မိဘနဲ့ ဆရာသမားများပါ ထည့်ပြီး ငါးကြိမ်ဦးချရမယ်။ ဒါကို မမေ့နဲ့။ ငါးကြိမ်မှ ပြည့်စုံတယ်။ ဦးလေးကို ရွှေကွန်းစင်တောင်ဆရာတော်ကြီး ခိုင်းတဲ့နည်းပဲ။

ပြီးတော့ အဲဒီ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားတို့ရဲ့ ဂုဏ်တော်တွေကို စိတ်ထဲက စေတီအဖြစ် ငါးဆူ စုစည်းပြီး ဦးခေါင်းထက်မှာ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ ဆိုပြီး စေတီငါးဆူကို အစဉ်အလိုက် တည်ထားရမယ်။

စိတ်ထဲက အာရုံနဲ့ မှန်းပြီး နေ့စဉ် ကြည့်ဖန်များရင် ဦးခေါင်းပေါ်မှာ ဂုဏ်တော်စေတီတွေငါးဆူတန်းနေတာ ရေးရေး မြင်လာလိမ့်မယ်။ အဖြူရောင်ကြိုက်ရင် အဖြူပေါ့။ ရွှေရောင်ကြိုက်ရင် ရွှေရောင်ပေါ့။

လေ့ကျင့်ဖန်များရင် အာရုံပြုလိုက်တာနဲ့ ပေါ်လာတာပဲ။ အဲဒီငါးဆူကို [illegible]

နဂျွဂျွရောင်ခြည် [illegible]

www.burmeseclassic.com

မယ်။ မပြတ် အာရုံပြုပါ။ ကောင်းကျိုးတွေ ပေးပါလိမ့်မယ်။ ကောင်းကျိုးပေးသူတွေလဲ များပြီး ငါလဲ ကိုယ်တွေ့ပဲ'

ကျွန်တော်က သဘောပေါက်အောင် ရှင်းပြလိုက်ပါသည်။

'ဦးလေး စိတ်ချ ကျွန်မ အခုချိန်က စပြီး ဦးခေါင်းထက်မှာ စေတီငါးဆူ တည်ပါမယ်။ ကတိပေးပါတယ်။ ယုံကြည်စွာ ဂုဏ်တော်စေတီငါးဆူ ကိုးကွယ်ပါ့မယ်'

* * *

ဒီလိုနှင့် လပေါင်း အတော်ကြာသွားပါသည်။ မကြည်ကြည်သိန်းနှင့် တွေ့သည့်အခါလည်း သူ ဈေးအရောင်း အဝယ်ကောင်းကြောင်း၊ လာဘ်လာဘ ကောင်းကြောင်း ပြောပါသည်။

တစ်နေ့တွင် မကြည်ကြည်သိန်း ညနေ ငါးနာရီမှ ပြန်နေကျ ဖြစ်သော်လည်း ညနေ သုံးနာရီခန့်တွင် ဆိုင်ပိတ်လိုက်ပါသည်။ ဘေးမှ လူများက...

'ဟဲ့ မကြည်ကြည်သိန်း ဘာလို့ အစောကြီး ဆိုင်ပိတ်ပြန်ရတာလဲ'

ဟု မေးသည့်အခါ မကြည်ကြည် သိန်းက...

'ဒီနေ့ စောစော ပြန်ချင်စိတ် ပေါ်လာလို့ ပြန်တာပါ။ ဒီအပြင် အကြောင်း တော့ ဘာမှ မရှိပါဘူး'

ဟု ပြန်ဖြေပြီး ထမင်းချိုင့်ဆွဲ၍ ပြန်သွားပါသည်။

ဒီအချိန်တွင် ရန်ကုန်–ပြည်လမ်း အတိုင်း ထော်လာဂျီတစ်စီး အရှေ့မှ အနောက်သို့ ခပ်ပြင်းပြင်းကလေး မောင်းလာပါသည်။ ထော်လာဂျီက အရှိန်များလာသဖြင့် မည်သို့ဖြစ်သွား လိုက်သည်မသိ။ လမ်းဘေးသို့ဆွဲချ သွားပြီး အရှိန်ပြင်းပြင်းနှင့် မကြည် ကြည်သိန်း ကွမ်းယာဆိုင်ကို တိုက်ပစ် လိုက်ပါသည်။



ပြင်းထန်သော အရှိန်ကြောင့် ကွမ်းယာဆိုင်မှာ တော်တော်ဝေးဝေးသို့ လွင့်သွားပြီး ကျိုးပဲ့ကုန်ပါသည်။ ဘေးမှ လူများက ဆိုင်ထဲတွင် မကြည်ကြည် သိန်း ရှိသည်ထင်၍ ဝိုင်းအုံလာကြ သည်။

သို့သော် မကြည်ကြည်သိန်းက ဆိုင်ထဲမှာ မရှိပေ။ အိမ်ပြန်ထမ်းပေါ် ရောက်နေပေပြီ။ အကယ်၍သာ ကွမ်းယာဆိုင်ပေါ်တွင် မကြည်ကြည် သိန်းရှိလျှင် အသက်နှင့် ခန္ဓာ အိုးစား ကွဲပြီး မရှုမလှ ခန္ဓာကိုယ်တစ်ခုလုံး မြင်မကောင်းအောင် ကျိုးကြေကုန်မည် ဖြစ်ပါသည်။

ဒါတင် မကသေး။ ထော်လာဂျီ မောင်းသူလည်း ထောင်ကျဦးမည်။ ပတ်ဝန်းကျင်မှ လူများလည်း စိတ် ဆင်းရဲဦးမည်။ ယခုတော့ ဒါတွေ အားလုံး လွတ်ကင်းသွားသည်။ မကြည်ကြည်သိန်း၏ ကျင့်စဉ်များက အဖြစ်ဆိုးကြီးများ မဖြစ်ပွားရအောင် ကယ်တင်ပေးလိုက်သည်။

ထော်လာဂျီ မောင်းသူကလည်း သူမှားကြောင်း၊ သူ့ကြောင့် ဖြစ်ရသည့် အတွက် အလွန် စိတ်မကောင်း ကြောင်း၊ ကုန်ကျစရိတ်များအားလုံး တာဝန်ယူမည်ဖြစ်ကြောင်း ဝန်ခံပြောပြ ပါသည်။

ဒီအဖြစ်အပျက်ကို မကြည်ကြည် သိန်းက ကျွန်တော့်အား ပြောပြသည် မှာ...

'ဦးလေးဦးမြလှိုင်ရေ... ကျွန်မကတော့ အလွန်အမင်းကို ယုံကြည်သွားပြီ။ ဒီနေ့ကစ ပြီး ဘာသာရေး သာသနာရေးတွေလဲ တိုးလုပ်မယ်။ စိတ်ထားကိုလဲ အမြဲတမ်း ဖြူဖြူထားမယ်။

အနန္တငါးပါးရဲ့ဂုဏ်တော်တွေကိုလဲ ဦးခေါင်း ထက်မှာ အမြဲ စေတီတည်ပြီး ကိုးကွယ်သွား မယ်။ သေတဲ့အထိ ပြုလုပ်သွားပါ့မယ်။ ကျွန်မ ကတိပေးပါတယ်'

ဟု ရှင်းလင်းပြတ်သားစွာ ပြောဆို ကတိပြုလိုက်ပါသည်။

**ဦးခေါင်းထက် စေတီတည်ရင်း ပြောဆိုရန်...**

'တပည့်တော် ဦးခေါင်းထက်တွင် ဘုရား ဂုဏ်တော်များကို စေတီအဖြစ် တည်ထား ပြီး အမြဲကိုးကွယ်ပါ၏။ တပည့်တော်၏ ဦးခေါင်းထက်တွင် တရားဂုဏ်တော်များကို စေတီအဖြစ် တည်ထားပြီး အမြဲကိုးကွယ် ပါ၏။

တပည့်တော်၏ ဦးခေါင်းထက်တွင် သံဃာ ဂုဏ်တော်များကို စေတီအဖြစ် တည်ထားပြီး အမြဲကိုးကွယ်ပါ၏။ တပည့်တော်၏ ဦးခေါင်း ထက်တွင် မိဘဂုဏ်တော်များကို စေတီ အဖြစ် တည်ထားပြီး အမြဲကိုးကွယ်ပါ၏။ တပည့်တော်၏ ဦးခေါင်းထက်တွင် ဆရာ ဂုဏ်တော်များကို စေတီအဖြစ် တည်ထားပြီး အမြဲ ကိုးကွယ်ပါ၏'

**အနန္တငါးပါး ဦးထိပ်ထားပြီး**
**ကိုယ်မှာစေတီ ဂုဏ်တော်တည်က**
**မသိတောရန် ကင်းလွတ်ငြိမ်း၍**
**ငြိမ်းချမ်းစွာ လာဘ်ရိုရွှင်မည်**
**မကွာစေရည မှတ်ကြ။**

*[အဖြစ်မှန်ဇာတ်လမ်း ဖြစ်ပါသည်။]*

ရွှေတည် မြင့်ဆွေ





www.burmeseclassic.com

www.burmeseclassic.com

၁၃၅၆ ခုနှစ်

# ပက္ခအဟောနှင့် ယတြာ



အောင်နန္ဒ (ကျိုက်လတ်)

မဟာဘုတ်ဗေဒင်ပညာတွင် **ပက္ခ** အယူအဆ ရှိပါသည်။ **အထွန်းနှင့်ပုတိ၊ သိုက်နှင့်ရာဇ၊ အဓိပတိနှင့်မရဏ၊ ဘင်္ဂနှင့်ဘင်္ဂဟူ၍** ပက္ခအတွဲ (၄)တွဲ ရှိပါသည်။ ပုတိမှ အထွန်းသို့ တက်သော အတွဲသည် အကောင်းပက္ခ ဖြစ်ပြီး အထွန်းမှ ပုတိသို့ဆင်းသော အတွဲသည် အဆိုးပက္ခ ဖြစ်ပါသည်။

မရဏမှ အဓိပတိသို့ တက်သော အတွဲသည် အကောင်းပက္ခဖြစ်ပြီး အဓိပတိမှ မရဏသို့ ဆင်းသော အတွဲသည် အဆိုးပက္ခ ဖြစ်ပါသည်။

သိုက်မှ ရာဇသို့ သွားသောအတွဲသည် အကောင်းပက္ခဖြစ်ပြီး ရာဇမှ သိုက်သို့ သွားသော အတွဲသည် အဆိုးပက္ခ ဖြစ်ပါသည်။

ဘင်္ဂနှင့်ဘင်္ဂအတွဲသည် အဆိုးပက္ခ ဖြစ်ပါသည်။ ထို့ကြောင့် အကောင်းပက္ခ (၃)တွဲနှင့် အဆိုးပက္ခ(၄)တွဲဟူ၍ အတွဲ (၇)တွဲ ဖြစ်သွားပါသည်။

* * *[ဇယား-၁]

(၇)ရက်သားသမီး အားလုံးတို့သည် မြန်မာနှစ် တစ်နှစ်တွင် ပက္ခတစ်လုံးလုံးနှင့် မိမိနေတတ်ပါသည်။ အကောင်းပက္ခမိခြင်းနှင့် အဆိုးပက္ခမိခြင်းဟူ၍သာ ကွာခြားကြမည် ဖြစ်ပါသည်။ ယခုလာမည့် **၁၃၅၆ ခုနှစ်သည် (၄)ကြွင်းသော မဟာဘုတ်နှစ် ဖြစ်ပါသည်။**

* * *[ဇယား-၂]

**(၁)ကြွင်း မဟာဘုတ်သမား (မြန်မာနှစ် ၁၃၁၀၊ ၁၃၁၇၊ ၁၃၂၄၊ ၁၃၃၁၊ ၁၃၃၈၊ ၁၃၄၅၊ ၁၃၅၂၊ ၁၃၅၉၊ ၁၃၆၆၊ ၁၃၇၃ ခုနှစ်မွေး)** အားလုံးတို့သည် (၄)ကြွင်းမဟာဘုတ်နှစ်တွင် သောကြာ အဆိုးပက္ခ မိပါသည်။

ထို့ကြောင့် ခရီးသွားလာရာတွင် အခက်အခဲ တွေ့ရတတ်သည်။ ဇနီးနှင့် မကြာခဏ စကားများပြီး စိတ်ညစ်ရတတ်သည်။

သွေးထွက်သံယို ဖြစ်တတ်သည်။ ဆွေမျိုးများနှင့် အဆင်မပြေဖြစ်မည်။ အသံထွက်ပစ္စည်းများ မကြာခဏ ပျက်မည်။ သွေးမသန့်သည့်ရောဂါ၊ မီးယပ်ရောဂါ၊ သွေးအားနှင့်ဆိုင်သော ဝေဒနာ၊ သွား,သွားဖုံးတွင် ဝေဒနာ ပေါ်တတ်သည်။ သောကြာသား...


ဇယား-၂

၁-ကြွင်း မဟာဘုတ်

| | | |
|---|---|---|
| | ၅ | |
| ၀ | ၃ | ⑥ |
| ၄ | ၁ | ၂ |


၄-ကြွင်း မဟာဘုတ်

| | | |
|---|---|---|
| | ၁ | |
| ၃ | ⑥ | ၂ |
| ၀ | ၄ | ၅ |





ဇယား-၁

* အကောင်းပက္ခ *




* အဆိုးပက္ခ *






www.burmeseclassic.com

www.burmeseclassic.com

များ ဖြစ်ပါက ကျန်းမာရေးညံ့တတ်သည်။

ယတြာ

သောကြာနေ့ နံနက်(၈)နာရီမှ (၁၀)နာရီအတွင်း သိမ်တွင် တံမြက်စည်းလှည်း သန့်ရှင်းရေး ဆောက်ရွက်ခြင်း မကြာမကြာ ပြုလုပ်ပေးပါ။

*  *  *

ပါ။ အင်္ဂါသားသမီးများ ဆိုးနေသည့်ကြားမှ စိတ်ချမ်းသာစရာ၊ ပျော်ရွှင်စရာများကြုံမည်။

ယတြာ

အင်္ဂါနေ့ နံနက်(၆)နာရီမှ (၈)နာရီအတွင်းတွင် ဘုရားရှင်ကို ဆီးယို(၃)ပန်းကန် ကပ်လှူပါ။ "စ၊ ဆ၊ ဇ၊ ဝ စမလေးလုံး" ဂါထာကို နေ့စဉ် သက်စေ့ ရွတ်ဖတ်ပူဇော်ပါ။

*  *  *



မိပါသည်။

ထို့ကြောင့် မီးလောင်ခံခြင်း၊ အ... လောင်၊ ဓာတ်လိုက်တတ်ခြင်း၊ နတ်... တိုက်ခံရခြင်း၊ အမျိုးသမီးများ ကိုယ်ဝ... ထိခိုက်တတ်ခြင်း၊ အမှုဖြစ်တတ်ခြင်း... ဖြစ်လျှင် ရှုံးတတ်ခြင်း၊ ထောင်ကျတတ်... ခြင်း၊ ပြဿနာများစွာနှင့် အပူသောက... များစွာ ကြုံတွေ့ရတတ်ပါသည်။ စနေ... သားသမီးများ ပို၍ ဆိုးတတ်ပါသည်။

* * *[ဇယား-၃]


၂-ကြွင်း မဟာဘုတ်

| | | |
|---|---|---|
| | ၆ | |
| ၁ | ၄ | ၀ |
| ၅ | ၂ | (၃) |

၄-ကြွင်း မဟာဘုတ်

| | | |
|---|---|---|
| | ၁ | |
| (၃) | ၆ | ၂ |
| ၀ | ၄ | ၅ |

ဇယား-၃




**(၂)ကြွင်း မဟာဘုတ်သမား (မြန်မာနှစ် ၁၃၀၄၊ ၁၃၁၁၊ ၁၃၁၈၊ ၁၃၂၅၊ ၁၃၃၂၊ ၁၃၃၉၊ ၁၃၄၆၊ ၁၃၅၃၊ ၁၃၆၀၊ ၁၃၆၇၊ ၁၃၇၄ ခုနှစ်မွေး)** အားလုံးတို့သည် (၄)ကြွင်း မဟာဘုတ်နှစ်တွင် အင်္ဂါ အကောင်း ပက္ခ မိပါသည်။

ထို့ကြောင့် လူအများ၏ ဝေဖန်ပြစ်တင်ခံနေရာမှ နောက်ဆုံး ချီးကျူးခြင်း ခံရမည်။ အပြိုင်အဆိုင်၊ အစွပ်အစွဲခံရခြင်းမှ ကျော်လွှားအနိုင်ရမည်။ အောက်လက်ငယ်သားကောင်း ရမည်။ ခင်ပွန်းသည် မထင်မှတ်ဘဲ အဆင်ပြေမည်။ စိတ်ညစ်စရာတွေကြားမှ စိတ်ချမ်းသာစရာများ ကြုံမည်။ စိတ်ထဲမှာ အလိုလိုနေရင်း ပျော်နေတတ်သည်။

သူတစ်ပါးကို ဝေဖန်ပြစ်တင်တတ်ခြင်း၊ စိတ်ဓာတ်တက်ကြွပြီး အမှားလုပ်မိတတ်ခြင်း၊ ထင်ရာ ဖွတ်လုပ်တတ်ခြင်းတို့ကို သတိထား ရှောင်ကြဉ်

* * *[ဇယား-၄]

၃-ကြွင်း မဟာဘုတ်

| | | |
|---|---|---|
| | (၀) | |
| ၂ | ၅ | ၁ |
| ၆ | ၃ | ၄ |

၄-ကြွင်း မဟာဘုတ်

| | | |
|---|---|---|
| | ၁ | |
| ၃ | ၆ | ၂ |
| (၀) | ၄ | ၅ |

ဇယား-၄




**(၃)ကြွင်း မဟာဘုတ်သမား (မြန်မာနှစ် ၁၃၀၅၊ ၁၃၁၂၊ ၁၃၁၉၊ ၁၃၂၆၊ ၁၃၃၃၊ ၁၃၄၀၊ ၁၃၄၇၊ ၁၃၅၄၊ ၁၃၆၁၊ ၁၃၆၈၊ ၁၃၇၅ ခုနှစ်မွေး)** အားလုံးတို့သည် (၄)ကြွင်း မဟာဘုတ်နှစ်တွင် စနေအဆိုး ပက္ခ

ယတြာ

စနေနေ့ ညနေ(၄)နာရီမှ (၆)နာရီအတွင်းတွင် ဆင်းရဲနွမ်းပါးသူ ဒုက္ခိတတို့အား နွား... ထန်းလျက်တို့ကို လှူဒါန်းပါ။

*  *  *

* * *[ဇယား-၅]


၄-ကြွင်း မဟာဘုတ်

| | | |
|---|---|---|
| | ၁ | |
| ၃ | ၆ | ၂ |
| ၀ | (၄) | ၅ |

၄-ကြွင်း မဟာဘုတ်

| | | |
|---|---|---|
| | ၁ | |
| ၃ | ၆ | ၂ |
| ၀ | (၄) | ၅ |

ဇယား-၅






www.burmeseclassic.com

www.burmeseclassic.com

**(၄)ကြွင်း မဟာဘုတ်သမားများ (မြန်မာနှစ် ၁၃၀၆၊ ၁၃၁၃၊ ၁၃၂၀၊ ၁၃၂၇၊ ၁၃၃၄၊ ၁၃၄၁၊ ၁၃၄၈၊ ၁၃၅၅၊ ၁၃၆၂၊ ၁၃၆၉၊ ၁၃၇၆ ခုနှစ်မွေး)**အားလုံးတို့သည် (၄)ကြွင်း မဟာဘုတ်နှစ်တွင် ဗုဒ္ဓဟူးအဆိုး ပက္ခ မိပါသည်။

ထို့ကြောင့် သားသမီး၊ ညီအစ်ကို မောင်နှမတို့ ကျန်းမာရေးညံ့တတ်၊ မိမိနှင့်အဆင်မပြေ ဖြစ်တတ်၊ လူငယ်များ ဒုက္ခပေးတတ်၊ ရွေ့ထွက်တတ်၊ လူပြုစားခံရတတ်၊ ရိုးရာပျက်တတ်သည်။ ဝမ်းဗိုက်ဒုက္ခပေးတတ်၊ ရောဂါအကြီးအကျယ်ဖြစ်တတ်၊ ဝက်ရူးပြန်တတ်၊ ရေနစ်တတ်သည်။

ဗုဒ္ဓဟူးသားသမီးများ လုပ်သမျှ အဆင်မပြေ၊ ကျန်းမာရေးညံ့တတ် အခက်အခဲများ တွေ့ရတတ်၊ အရက်သမား စိတ်ရောဂါသည်များ၏ စိတ်အနှောင့်အယှက်ပေးခြင်း ခံရတတ်သည်။

ယတြာ

ဗုဒ္ဓဟူးနေ့ မွန်းလွဲ(၂)နာရီမှ (၄)နာရီ အတွင်းတွင် နွမ်းပါးသူကလေးသူငယ်များအား လိမ္မော်သီး ရှောက်ချိုသီးတို့ကို ကျွေးလှူဒါန်းပါ။

* * *

**(၅)ကြွင်း မဟာဘုတ်သမား (မြန်မာနှစ် ၁၃၀၇၊ ၁၃၁၄၊ ၁၃၂၁၊ ၁၃၂၈၊ ၁၃၃၅၊ ၁၃၄၂၊ ၁၃၄၉၊ ၁၃၅၆၊ ၁၃၆၃၊ ၁၃၇၀ ခုနှစ်မွေး)** အားလုံးတို့သည် (၄)ကြွင်း မဟာဘုတ်နှစ်တွင် တနင်္ဂနွေ အကောင်းပက္ခ မိပါသည်။

* * *[ဇယား-၇]


ဇယား-၇

၆-ကြွင်း မဟာဘုတ်

| | | |
|---|---|---|
| | ၃ | |
| (၅) | ၁ | ၄ |
| ၂ | ၆ | ၀ |

၄-ကြွင်း မဟာဘုတ်

| | | |
|---|---|---|
| | ၁ | |
| ၃ | ၆ | ၂ |
| ၀ | ၄ | (၅) |




ထို့ကြောင့် အခက်အခဲ တွေ့နေသော အလုပ်အကိုင်များ အဆင်ပြေလာမည်။ ဖခင် ကျန်းမာရေး ကောင်းလာမည်။

အထက်လူကြီးတို့၏ မြှင့်တင်မှု ခံရပြီး ရာထူးတိုးခြင်း၊ နေရာကောင်းရခြင်း ကြုံမည်။ အင်းပညာကို စိတ်ဝင်စားတတ်သည်။ အစွမ်းထက်သော အင်းများ ဝင်လာတတ်သည်။

အိမ်ပြင် အိမ်ဆောက် လုပ်လာနိုင်မည်။ တနင်္ဂနွေသားသမီးများ အလုပ်တွင် စိတ်မဝင်စားသည့်ကြားမှ အဆင်ပြေနေမည်။ ထွက်မည့်အလုပ် မထွက်ဖြစ်ဘဲ ဆက်လုပ်ရတတ်သည်။

ယတြာ

တနင်္ဂနွေနေ့ နံနက် (၁၁)နာရီမှ (၁)နာရီ အတွင်းတွင် ဖခင် (သို့မဟုတ်) ကြီးကဲသူ တစ်ဦးကို အုန်းနို့ခေါက်ဆွဲ (သို့မဟုတ်) အာလူးကြော် ဒိန်နှပ်ပြီး "အတ္တိပုဒ္ဓေ" အစရှိဂါထာကို နေ့စဉ် သက်စေ့ ရွတ်ဖတ် ပူဇော်ပါ။

* * *

* * *[ဇယား-၆]


ဇယား-၆

၅-ကြွင်း မဟာဘုတ်

| | | |
|---|---|---|
| | ၂ | |
| ၄ | ၀ | ၃ |
| (၁) | ၅ | ၆ |

၄-ကြွင်း မဟာဘုတ်

| | | |
|---|---|---|
| | (၁) | |
| ၃ | ၆ | ၂ |
| ၀ | ၄ | ၅ |




**(၆)ကြွင်း မဟာဘုတ်သမား (မြန်မာနှစ် ၁၃၀၈၊ ၁၃၁၅၊ ၁၃၂၂၊ ၁၃၂၉၊ ၁၃၃၆၊ ၁၃၄၃၊ ၁၃၅၀၊ ၁၃၅၇၊ ၁၃၆၄၊ ၁၃၇၁ ခုနှစ်မွေး)** အားလုံးတို့သည် (၄)ကြွင်း မဟာဘုတ်နှစ်တွင် ကြာသပတေး အဆိုးပက္ခ မိပါသည်။

ထို့ကြောင့် အတွေးအခေါ်များ လွဲချော်တတ်သည်။ မိတ်ဆွေတို့အတွက် စိုးရိမ်ရတတ်သည်။ ပညာရေး မကောင်း ပညာဖြင့် အတိုက်ခံရတတ်သည်။ ဆရာတု ဆရာယောင်၊ ဘိုးတော်တု ဘိုးတော်ယောင်နှင့် တွေ့ရတတ်သည်။

မြေ့အမှုကိစ္စ ပြဿနာတက်တတ်သည်။ မိန်းမကိစ္စ အရှက်တကွဲ ဖြစ်တတ်သည်။ ကြာသပတေးသားသမီးများ ဘာပဲလုပ်လုပ် မပြတ်သားဘဲ တွေဝေနေတတ်သည်။ အယူအဆများ၍ လုပ်သမျှ လွဲမှားတတ်သည်။ ဘာမှ မလုပ်ချင် မကိုင်ချင် ဖြစ်နေတတ်သည်။

ယတြာ

ကြာသပတေးနေ့ မွန်းတည့် (၁၂)နာရီမှ (၂)နာရီအတွင်းတွင် သူ့စိမ်းကလေးနှင့်



www.burmeseclassic.com

www.burmeseclassic.com

အား မြေပဲ( သို့မဟုတ် )ပန်းသီးများ ကျွေးမွေးပါ။

*   *   *

* * *[ဇယား-၈]

မင်္ဂလာကိစ္စများ အခက်အခဲ တွေ့ကြုံပြီးမှ အဆင်ပြေ အောင်မြင်မည်။ တွေ့ကြုံနေရသည့် ငွေကြေးအခက်အခဲများ ပြေလည်လာမည်။

ဝ-ကြွင်း မဟာဘုတ်

| | | |
|---|---|---|
| | ၄ | |
| ၆ | (၂) | ၅ |
| ၃ | ဝ | ၁ |

၄-ကြွင်း မဟာဘုတ်

| | | |
|---|---|---|
| | ၁ | |
| ၃ | ၆ | (၂) |
| ဝ | ၄ | ၅ |

ဇယား-၈

| | | |
|---|---|---|
| | | |
| | သိုက် | ရာဇ |
| | | |

**(ဝ)ကြွင်း မဟာဘုတ်သမား (မြန်မာနှစ် ၁၃ဝ၂၊ ၁၃ဝ၉၊ ၁၃၁၆၊ ၁၃၂၃၊ ၁၃၃ဝ၊ ၁၃၃၇၊ ၁၃၄၄၊ ၁၃၅၁၊ ၁၃၅၈၊ ၁၃၆၅၊ ၁၃၇၂ ခုနှစ်မွေး)** အားလုံးတို့သည် (၄)ကြွင်း မဟာဘုတ်နှစ်တွင် တနင်္လာ အကောင်း ပက္ခမိနေပါသည်။

ထို့ကြောင့် ကျန်းမာရေး ညံ့နေသော မိခင် ပြန်ကောင်းလာမည်။ အလှူ

အချစ်ရေး အစပိုင်း အခက်အခဲများ တွေ့ရပြီးနောက်ပိုင်း ပြေလည်သွားမည်။ တနင်္လာသားသမီးများ ငွေအခက်အခဲကြောင့် စိတ်ညစ်ရတတ်ပြီး သူ့နည်းနှင့်သူ အဆင်ပြေသွားမည်။ ချစ်သူနှင့် အဆင်မပြေဖြစ်ပြီးမှ နောက်ပိုင်း ပြေလည်သွားမည်။

ယတြာ

တနင်္လာနေ့ နံနက်(၁ဝ)နာရီမှ (၁၂)နာရီအတွင်းတွင် ကိုရင်ကို ကိတ်မုန့်(၂)ခု ကပ်လှူပါ။ ဘုရားဂုဏ်တော်ကိုးပါးကို နေ့စဉ် သက်စေ့ ရွတ်ဖတ်ပူဇော်ပါ။

ယတြာများကို တစ်လလျှင် (၁) ကြိမ်ခန့် လစဉ် ဆောင်ရွက်သွားရပါမည်။ ပက္ခ ယတြာများကို ဆောင်ရွက်ခြင်းဖြင့် အဆိုးပက္ခသမားများအနေဖြင့် အဆိုးများ လျော့နည်းပျောက်ကွယ်စေ ကာ အကောင်းပက္ခ သမားများအနေဖြင့် ကောင်းကျိုးများကို အတိုက်အခံ အနှောင့်အယှက် ကင်းရှင်းစွာဖြင့် ရရှိ ခံစားကြရမည် ဖြစ်ပါသည်။

**(စကားချပ် ။ ။ အကောင်းပက္ခ သမားများသည် ကောင်းကျိုးများကို ရရှိမည် ဖြစ်သော်လည်း ပက္ခ၏ သဘော သဘာဝအရ အတိုက်အခံ အနှောင့်အယှက် ရန်များနှင့် မကင်း တတ်ပါ။)**

*ဘဝအေးဝေ လှကြပါစေ။*

**အောင်နရွစ်(ကျိုက်လတ်)**


စာမျက်နှာ (၁၉၁)မှ အဆက်

**လက္ခဏာပဒေသာ၌ အခြေပြများ**

**၁။ အိမ်ထောင်ရေး သာယာပျော်ရွှင်နိုင်မြဲနိုင်ခြင်း၊ ရှိပါသည်။**

အဘယ်ကြောင့်ဆိုသော် နှလုံး လမ်းကြောင်း အဖျားမှာ ခက်ရင်းသုံးခွ သဏ္ဍာန် လုပထင်ရှားနေခြင်းကြောင့် ဖြစ်သည်။ "ခ"အကွက်ရာ


* * *




**၂။ ကိုယ်ပိုင်တိုက်တာ ခြံမြေယာဉ် ကားတွေ ပြည့်စုံနိုင်ခြင်း ရှိသည်။**

အသက်လမ်းကြောင်းမှ ထောင်တက်သော ဘိုးတက်မှုလမ်းနှင့် နှလုံး လမ်း၊ ဦးခေါင်းလမ်းတို့မှ လမ်းခွဲများ ပေါင်းစပ်ကာ ဗိမာန်သင်္ကေတ ထင်ရှားနေခြင်းကြောင့် ဖြစ်သည်။ "ဂ" အကွက်ရာ


* * *




**၃။ သွေးတွက်သံယို ထိခိုက်ဒဏ်ရာ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းခြင်း မရှိပါ။**

အသက်လမ်းကြောင်းကို ထိဖြတ်နေသော ဥပဒ်လမ်းက အသက်လမ်း၏ အတက်၊ အဆင်းလမ်းတို့နှင့် ထိတွေ့နေခြင်းကြောင့် ဖြစ်သည်။ "င" အကွက်ရာ


* * *




**၄။ မြို့ကြီးပြကြီးမှာ အခြေချ နေထိုင်ရခြင်း ရှိမည်။**

အဘယ်ကြောင့်ဆိုသော် အသက် လမ်းကြောင်းအောက်ခြေမှာ ငါးကြင်းမြီးသင်္ကေတ ထင်ရှားရှိခြင်းကြောင့် ဖြစ်သည်။ "ဃ"အကွက်ရာ

* * *




စာမျက်နှာ (၁၉၂) သို့

www.burmeseclassic.com

သရက်ကြီးဦးအောင်မြင့်
(ဉပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

# လက္ခဏာပဟေဠိ

ယခုလအတွက် ဖော်ပြပေးလိုက်သော ညာလက်ဖဝါးပုံစံ ပိုင်ရှင်မှာ **အသက်ခြောက်ဆယ်ကျော် အမျိုးသားတစ်ဦး** ဖြစ်ပါသည်။ လက္ခဏာပညာရှုထောင့်မှ သေချာစွာ ကြည့်ရှုစစ်ဆေးပြီး အောက်ပါ မေးခွန်းများကို ဖြေကြည့်ပါ။

၁။ အိမ်ထောင်ရေး သာယာပျော်ရွှင် ခိုင်မြဲနိုင်ခြင်း ရှိ/မရှိ။

၂။ ကိုယ်ပိုင်တိုက်တာ ခြံမြေယာဉ်ကားတွေ ပြည့်စုံနိုင်ခြင်း ရှိ/မရှိ။


၃။ သွေးထွက်သံယို ထိခိုက်ဒဏ်ရာ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းခြင်း ရှိ/မရှိ။

၄။ မြို့ကြီးပြကြီးမှာ အခြေချ နေထိုင်ရခြင်း ရှိ/မရှိ။

၅။ အလုပ်အကိုင်မှာ ဩဇာအာဏာရှိသော မင်းစိုးရာဇာ ဖြစ်နိုင်ခြင်း ရှိ/မရှိ။

မိမိတို့၏ အဖြေများကို အကြောင်းပြချက်နှင့်တကွ သီးခြားစာရွက်လွတ်တွင် ရေးမှတ်ပြီးမှ လက္ခဏာ ပဟေဠိအဖြေများနှင့် တိုက်ဆိုင်စစ်ဆေးပါရန် အကြံပေးအပ်ပါသည်။

အဖြေသို့ကြစို့





ပဟေဠိ အဖြေများကို
စာမျက်နှာ( ၁၉၀ )တွင်
ကြည့်ရှုပါရန်။



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၄ ခုနှစ်
ဧပြီလအတွက်

# ငွေကြေး လာဘ်လာဘ

ဧပြီလ အတာသင်္ကြန်ကာလတွင် အေးချမ်းပျော်ရွှင်စွာ လျှိုနိုင်တန်းနိုင်စေရန် ငွေကြေးလာဘ်လာဘများ အနေနှင့် အယှက် အဟန့်အတား ကင်းရှင်းစွာ ဝင်ရောက်စေရေးအတွက် မိမိတို့ မွေးနှစ်အရ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်။

ရွှင်လန်းစေဖို့

* * *

| မွေးနှစ် | ခုရေ | အရပ်မျက်နှာ | ကူညီမည့်ပုဂ္ဂိုလ် | လှူရန်နေ့ |
|---|---|---|---|---|
| ကြွက် | ၉ | တောင် | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ |
| နွား ကျား | ၇ | အနောက် | ကြာသပတေးသားသမီး | သောကြာနေ့ |
| ယုန် | ၂ | အနောက်တောင် | စနေသားသမီး | တနင်္လာနေ့ |
| နဂါး မြွေ | ၃ | အရှေ့ | သောကြာသားသမီး | ကြာသပတေးနေ့ |
| မြင်း | ၈ | အရှေ့မြောက် | တနင်္လာသားသမီး | စနေနေ့ |
| ဆိတ်၊ မျောက် | ၁ | မြောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |
| ကြက် | ၆ | အနောက်မြောက် | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |
| ခွေး ဝက် | ၄ | အရှေ့တောင် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ |

**ဥပမာ။ ။** ခွေးပုံရိုပ်နှစ်တွင် မွေးဖွားသူသည် နိမိတ် ပညတ် ကောင်းမွန်သည့် အောင်သပြေ၊ ကံ့ကော်၊ သြဇာ၊ စံပယ် တစ်မျိုးမျိုး၏ ပန်းပွင့် သို့မဟုတ် အညွန့်အခက်(၄)ခုကို လူအများ ကိုးကွယ်ပူဇော်သည့် ဘုရားစေတီတစ်ဆူသို့ ကြာသပတေးနေ့တွင် သွားရောက်ကာ အရှေ့တောင်ထောင့် အင်္ဂါဂြိုဟ်တိုင်အနီးမှ ကပ်လှူလျှက် ငွေကြေးလာဘ်လာဘ ရွှင်လန်းဝေဆာစေကြောင်း ဆုတောင်းရန်ဖြစ်သည်။

စက္ကူ၊ ပလတ်စတစ်တို့ဖြင့် ဖန်တီးပြုလုပ်သော ပန်းအတုကို မသုံးပါနှင့်။ တနင်္ဂနွေသားသမီးတစ်ဦးကို အဖော်ခေါ်သွားခြင်းဖြင့် ပိုမို ထူးခြားနိုင်ပါသည်။

*လာဘ်လာဘ ရွှင်လန်းကြပါစေ။*


**ထက်မင်းကျော်စွာ**

စာမျက်နှာ (၁၉၀)မှ အဆက်

**၅။ အလုပ်အကိုင်မှာ ပြဿ အာဏာရှိသော မင်းစိုးရာဇာ ဖြစ်နိုင်ခြင်း ရှိမည်။**

အဘယ်ကြောင့်ဆိုသော် လက်မရင်းတွင် သန်လျက်သင်္ကေတ ရှိခြင်းကြောင့်ဖြစ်သည်။"က" အက္ခရာ

* * *




မှတ်ချက်

ယင်းလက္ခဏာရှင်မှာ ယခုအချိန်ထိ အိမ်ထောင်ရေး သာယာပျော်ရွှင်နိုင်မြဲနေသည်။ ကိုယ်ပိုင်တိုက်တာ ခြံမြေယာဥ်ကား၊ ပိုင်ဆိုင်သည်။ စစ်မြေပြင်တွင် ထိုနိုက်ဒဏ်ရာရ၍ လက်ချောင်းတစ်ချောင်း ပြတ်သွားသည်။ ရန်ကုန်မြို့တွင် အခြေချနေထိုင်လျက်ရှိသည်။ စစ်ဘက်မှာရော၊ နယ်ဘက်မှာပါ အရာရှိအဆင့် တာဝန်ထမ်းဆောင်ခဲ့ရသည်။ ယခု အငြိမ်းစားယူထားပြီ။

*အောင်မြင်ကျော်ကြား၊ ချမ်းသာကြွယ်ဝကြပါစေ...*

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဓေဒွါ)*
လက္ခဏာဗေဒင်ပညာရှင်တသီ



www.burmeseclassic.com

www.burmeseclassic.com



မောင်ဖယ်ဝိုင်း
(အင်းတော်)

# ကျန်းမာရေးအတွက်

## ဆန်းဖေဒင်၏ ယတြာတစ်ကွက်

ကျွန်တော်သည် ခန္တီလုံပုတီးစိပ်စဉ်က ဖြစ်ပါသည်။ ခန္တီလုံပုတီးစိပ်နည်းနှင့်ပတ်သက်ပြီး စာရေးသူသည် ၂၀၁၃ ခုနှစ်၊ ဇွန်လထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ခန္တီလုံပုတီးစိပ်နည်းနှင့် ထူးဆန်းသည့် အိပ်မက်များနှင့် ၂၀၁၃ ခုနှစ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း (ပါရမီ) မဂ္ဂဇင်းမှာပဲ ခန္တီလုံပုတီးစိပ်နည်း နက်နက်ရှိုင်းရှိုင်း လေ့လာခြင်းတို့ ရေးသားဖော်ပြခဲ့ပါသည်။

ပုတီးစိပ်နည်းအရ စေတီ(၁၀၈)ဆူ တည်ပြီးသည့်အခါ ထူးဆန်းသော အိပ်မက်များ၊ ထွက်ရစ်ပေါက်ပုဂ္ဂိုလ်များနှင့် တွေ့ရခြင်း၊ အပြင်၌ တွေ့ရခြင်း၊ အိပ်မက်၌ တွေ့ရခြင်း စသဖြင့် ရေးသားဖော်ပြထားပါသည် ဆိုသည့်အတိုင်းလည်း တွေ့ခဲ့ရပါသည်။

ပုတီးစိပ်နည်းဖြင့် (၁၀၈)ဆူကျော်သည့်အခါ ကျွန်တော်သည် အတော်ကလေး နေမကောင်းဖြစ်နေခဲ့ပါသည်။ မိမိကိုယ် မိမိ ဆန်းစစ်သည့်အခါတွင်လည်း အညံ့ပိုင်းများ ကြုံနေသော ကာလ ဖြစ်ပါသည်။

မကျန်းမာသော်လည်း ခန္တီစေတီပုတီးစိပ်နည်းကို ဆက်စိပ်ခဲ့ပါသည်။ တစ်ညဉ့်တွင် ကျွန်တော်နေသော ရပ်ကွက်မှ သေဆုံးပြီးသော အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးကို မြင်မက်ပါသည်။

ပထမတစ်ဦးမှာ စာရေးသူကျွန်တော် အိမ်မရောင်းမီက အိမ်ချင်းကပ်လျက်အိမ်က ဖြစ်သည်။ သူက အသက်ကြီးပြီး သူ့မိန်းမက လွန်စွာငယ်သူဖြစ်သည်။ ပါတီကလာပ်စည်းများနှင့် ရပ်ရွာ၏ သာရေးနာရေးတို့တွင် တွဲဖက်လုပ်ကိုင်ခဲ့သူ ဖြစ်သည်။

ဒုတိယတစ်ဦးမှာ ကျွန်တော်၏အိမ်နှင့် မျက်နှာချင်းဆိုင်ဖြစ်သည်။ ဗလတောင့်တောင့် အရပ်(၆)ပေကျော် ထောင်ထောင်မောင်းမောင်း ဖြစ်သည်။ ပထမလူက အရင်ကွယ်လွန်ခဲ့သည်။ ဒုတိယလူကမူ (၃)နှစ်ခန့်လွန်မှ ကွယ်လွန်သည်။

အမျိုးသမီးတစ်ဦးကမူ အဆိုပါ အမျိုးသားနှစ်ဦးထက် အရင်ဦးစွာ ကွယ်လွန်သူဖြစ်သည်။ အမျိုးသားနှစ်ဦးမှာ ရပ်ရွာ၏ သာမှုနာမှု ကိစ္စရပ်များတွင် ရှက်ဆောင်သူဖြစ်ရာ ငွေကြေးလိုက်ကောက်ရသူများလည်း ဖြစ်သည်။

အိပ်မက်ထဲတွင် စာရေးသူ ကျွန်တော်၏ နေအိမ်ရှေ့တွင် (၃)ဦးစလုံး ရောက်လာပါသည်။ သူတို့(၃)ဦးစလုံး သေဆုံးသွားမှန်း စိတ်ထဲမှ သိသော်လည်း မသေသေးဟု ထင်နေပါသည်။

သူတို့(၃)ဦးစလုံး ငွေကောက်လာလေသလား၊ မည်သည့်အကြောင်းကြောင့် လာလေသလား ကျွန်တော် မသိ။

ကျွန်တော်သည် အိမ်ဝင်းအပြင်ဘက်ထွက်ပြီး ငွေ(၂၅)ကျပ် အလှူငွေ ထည့်လိုက်ပါသည်။ ငွေထည့်ပြီး အိမ်ထဲသို့ ကျွန်တော် ပြန်ဝင်လာခဲ့ပါသည်။

ကျွန်တော် ငွေထည့်လိုက်ပြီး သူတို့(၃)ဦးစလုံး လှည့်ပြန်သွားပါသည်။ နောက် ဘယ်သောအခါမျှ သူတို့(၃)ဦးကို ထပ်မံ၍ အိပ်မက် မမက်တော့ပါ။

ကျွန်တော်လည်း နောက်တစ်နေ့မှစပြီး ကျန်းမာလာပါတော့သည်။ စကားစပ်မိ၍ စာရေးသူ နားနောင်ဆရာတော် ဦးကလျာဏထံ ရောက်သည့်အခါ အိပ်မက်အကြောင်း အခြင်းအရာနှင့်ပတ်သက်ပြီး လျှောက်ထားပြောဆို မေးမြန်းပါသည်။

ဆရာတော်က ပြန်လည်ဖြေကြားသည်မှာ...

F.25A. April, 2014.



စာမျက်နှာ ([illegible]) သို့
www.burmeseclassic.com

www.burmeseclassic.com

# လက္ခဏာပညာက ပြောပြသော

## ကံကြမ္မာအခြေအနေ


ဆရာကြီးဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ




အသက်လေးဆယ်ကျော် အမျိုးသမီးတစ်ဦးရဲ့ ဘယ်လက်ဖဝါးပြင်ပုံစံကိုကြည့်ပါ။

**"က" အက္ခရာနဲ့** ညွှန်ပြထားတာဟာ လက်ညှိုးရင်း အောက်ဆုံးအဆစ်ပိုင်းက တခြားသော လက်ချောင်းရင်း အောက်ဆုံး အဆစ်ပိုင်းတွေလို ပိန်သေးသေး မဟုတ်ဘဲ ထူးထူးခြားခြား ပိုပြီး ဖောင်းကား နေတာကို တွေ့ရမယ်။


* * *




အဲဒီလိုမျိုး လက္ခဏာရှင်ဟာ စီးပွားရေး ထူးချွန်တတ်ကြတယ်။ စီးပွားရေးမှာ အလွန်အကွက်မြင်သူလဲဖြစ်တယ်။ အရောင်းအဝယ် ကုန်သည်လုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်း ပြုတတ်တယ်။

**"ခ" အက္ခရာနဲ့** ညွှန်ပြထားတာဟာ လက်ညှိုးနဲ့ လက်ခလယ်ကြားမှ နှလုံးလမ်းကြောင်း အဖျားဟာ **ကြာဖူးပုံ၊ ညှောင်ရွက်ပုံ** ဖြစ်ပေါ်နေတယ်။


* * *




ဒါဟာ ကြင်နာတရားရှိခြင်း မှုတသော စိတ်နေစိတ်ထားရှိခြင်း၊ မတော်တရား လောဘမျိုး မထားခြင်းဆိုတဲ့ နှလုံးသားလှ သူလို့ သိနိုင်ပါတယ်။

**"ဂ" အက္ခရာနဲ့** ညွှန်ပြထားတာဟာ လက်သူကြွယ်လက်ရင်း ကပ်လျက်မှာ ကြာဖူးပုံ မင်္ဂလာအခြံအရံ သင်္ကေတရှိခြင်း ဖြစ်ပါတယ်။

* * *






www.burmeseclassic.com

www.burmeseclassic.com

ဘာလုပ်လုပ် အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားဖြစ်နိုင်ပြီး စီးပွားရေးမှာ ထိပ်ဆုံးရောက်တတ်တဲ့ သင်္ကေတ ဖြစ်ပါတယ်။

**"ယ"အက္ခရာနဲ့** ညွှန်ပြထားတာဟာ **လက်သန်းအောက် ဗုဒ္ဓဟူးဂြိုဟ်ခုံမှာ ဗုဒ္ဓဟူးတောင်ရေးများရှိခြင်း** ဖြစ်ပါတယ်။


* * *




စကားပြောကောင်းခြင်း၊ ဆက်ဆံရေးဖော်ရွေခြင်း၊ သင်္ချာအတွက်အချက် လျင်မြန်ခြင်း၊ ဉာဏ်ရည်ထက်မြက် တက်ကြွလှုပ်ရှားပင်ကိုဗီဇရှိခြင်းတွေနဲ့ ပြည့်စုံမယ်။

**"င"အက္ခရာနဲ့** ညွှန်ပြထားတာဟာ တနင်္လာဂြိုဟ်ခုံမှ ကံကြမ္မာလမ်းကြောင်း ထင်ရှားအားကောင်းစွာ ထောင်တက်နေခြင်း ဖြစ်ပါတယ်။

* * *




ပြည်ပနိုင်ငံခြား လူမျိုးခြားတို့နဲ့ ဆက်သွယ်သွားလာ ရောင်းဝယ်လုပ်ကိုင်ခြင်းတွေ အထူးအကျိုးပေးနိုင်တဲ့ ကံလမ်းကြောင်းမျိုး ဖြစ်ပါတယ်။

**"စ"အက္ခရာနဲ့** ညွှန်ပြထားတာဟာ အသက်လမ်းကြောင်းအရင်းမှာ **ငါးကြင်းမြီးသင်္ကေတရှိပြီး သောကြာဂြိုဟ်ခုံထဲ ကွေးဝင်ခြင်း၊ ထိုငါးကြင်းမြီးသင်္ကေတမှ နိုင်ငံခြားလမ်းများ ထွက်ပေါ်နေခြင်း** ဖြစ်တယ်။

အဲဒီသင်္ကေတ သဘောက ပြည်ပနိုင်ငံခြားကို ခဏခဏ သွားလာ ရောင်းဝယ်လုပ်ကိုင်ရမယ်။

ဒါပေမယ့် ပြည်ပမှာ အခြေချ နေထိုင်ရခြင်း မရှိဘဲ ပြည်တွင်းမှသာ အခြေချနေထိုင်ရလိမ့်မယ်။ ပြည်တွင်းမှာ လူနေစည်ကားတဲ့ မြို့ကြီးပြကြီးမှာ အခြေချ နေထိုင်ရမယ်။ အိုဇာတာကောင်းမယ်။

ဒီဘဝမှာ အလုပ်အကိုင် စီးပွားရေး အခြေအနေ အဆင့်အတန်း မြင့်မားမယ့်သူလို့ လက္ခဏာပညာက ပြောပြပါတယ်။

အရောင်းအဝယ် ကုန်သည်လုပ်ငန်းနဲ့ အကျိုးပေးစီးပွားဖြစ်နိုင်တဲ့သူလို့လဲ ပြောပြတယ်။ ပြည်တွင်းနဲ့ပြည်ပ သွားလာရောင်းဝယ် ဆက်သွယ်လုပ်ကိုင်ခြင်း အကျိုးပေးမယ့်သူလို့လဲ ပြောပြနေတယ်။

သွင်းကုန်၊ ထုတ်ကုန် လုပ်ငန်းရှင်လဲ ဖြစ်နိုင်တယ်။ သူဌေးလို့ အခေါ်ခံရမယ့် ကံကြမ္မာမျိုး ရှိသူပေါ့။

*လက္ခဏာပညာသုတ တိုးပွားကြပါစေ။*

*အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...*

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဒေဘွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေသီ**

**စာမျက်နှာ (၁၉၃)မှ အဆက်**

'အကာလဲ ဗေဒင် လေ့လာနေတာပဲ မြို့မှာရှိရာ လက်ဆန်းနည်း ဗေဒင်တွေမှာပဲဖြစ်ဖြစ် ဆန်းဗေဒင်မှာပဲဖြစ်ဖြစ် မကျန်မာနေတဲ့အခါ ကိုယ့်ရုပ်ကွက်ထဲမှာ၊ ကိုယ်နေရပ်ထဲမှာ ကွယ်လွန်သူ ရှိနေတယ်၊ ပုပ္ပသဂြိုဟ်လဲ မလုပ်ရသေးဘူးဆိုရင် သူ့ရဲ့ အသက်အရ ငွေသွားကူရတယ်။

ဘုန်းကြီးတို့ ခေတ်ကဆိုရင် တစ်ကျပ်ဟာလဲ အသုံးဝင်တဲ့ငွေ ဒီကိစ္စရှိကာ အသက် (၆၉)နှစ်ဆိုရင် (၆၉)ကျပ် ကူတာပေါ့။ ကူတဲ့အခါမှာလဲ "ဟဲ့ နင်သွားနှင့် ငါမလိုက်သေးဘူး။ ကူငွေယူသွား"လို့ ပြောရတယ်။ စိတ်ထဲက ပြောရတယ်။

ဒါလဲ ဆန်းဗေဒင်ရဲ့ အကောင်းဆုံး ယတြာတစ်ကွက်ပဲ။ ဒီတော့ အကာက နေလဲမကောင်းချိန်မှာ ကွယ်လွန်ပြီးသူ ပေါ်လာတော့ ဖိုက်ဆံပြန်ကူလိုက်တယ်။ ဆန်းဗေဒင်ယတြာနဲ့ ကိုက်တာပဲ။

ဒါကြောင့် အကာလဲ နေပြန်ကောင်းလာတယ်။ အိပ်မက်ထဲမှာ ပေးလိုက်သလို အပြင်မှာတော့ သူတို့ကို ပေးလိုက်တဲ့ ငွေအတိုင်းရဟန်းသံဃာများကို ဖွေကပ်လိုက်ရင် ပိုကောင်းတာပေါ့။ နောက်ပြီး အမျှလဲဝေသာဓုလဲ ခေါ်ပေါ့'

'တင်ပါ့ဘုရား တပည့်တော်နားလည်သဘောပေါက်ပါပြီ ဘုရား'

ကျွန်တော်၏ အိပ်မက်အရ ဆရာတော်ဦးကလျာဏ၏ ပြန်လည်ဖြေကြားချက်မှ **ဆန်းဗေဒင်ယတြာတစ်ကွက်ကား** ကျွန်တော့်အဖို့ တန်ဖိုးမဖြတ်နိုင်တော့ပါ။

**စကားချပ် ။ ။ ဖြစ်ရပ်မှန် အိပ်မက်ဖြစ်ပါသည်။ တစ်ရပ်ကွက်တည်းဖြစ်၍ အမည်ချန်လှပ်ခြင်းကို ခွင့်လွှတ်နားလည်မည်ဟု ယူဆပါသည်။**

**မောင်ဗဟိန်း** *(အင်းတော်)*



www.burmeseclassic.com

www.burmeseclassic.com



# ကြေးမုံကြီးသွား မင်းလေးပါး (၃)

ရွှေတောင် ခင်မောင်ကြည်

ထသင်လမှ အဆက်

'မီးနေတဲ့ တတ်သား၊ ကြေးပြဒါး မိအောင်ချုပ်၊ မီးနေအောင် လုပ်ရမယ်၊ ကနေ့ ဆက်ပြီး မီးကစားမယ်၊ စာသင်ကြားမှု မပျက်စေနဲ့၊ စိတ်စနောင့်စနင်း မရှိနဲ့'

ဆရာတော် ရေချွေး ဘုဦးပေးရင်း မိန့်ကြားတယ်။

ဖိုးဟန် စိတ်ထဲမှာ စနိုးစနောင့် မရှိပါဘူး။ ဆရာတော်ရဲ့ အဂ္ဂိရတ်မီးပညာကို မောင်ဖိုးဟန် အသေအချာ သိတာပေါ့။

ကိုရင်ဝတ် သာမဏေဘဝကတည်းက ရွှေဖြစ်တဲ့ ဆရာတော်။ ဖိုးဟန် မှတ်မိသမျှ ရွှေမြင်တင်စေတီတော်ကြီးကို (၄)ကြိမ်တိုင် လုံးတော်ပြည့်ရွှေချ၊ ရွှေသက်န်းကပ်လှူ၊ လူမရှာ၊ သင့်ရာသင့်ရာ ဒကာ, ဒကာမတွေနဲ့။ (၁၀)နှစ်တာ တစ်ကြိမ် တစ်ကြိမ်ခြား။

ဖိုးဟန် ဆယ်နှစ်သားမှာ တစ်ကြိမ် အသက်(၂၀)မှာ တစ်ကြိမ်၊ အသက် (၃၀)မှာတစ်ကြိမ် နောက်ဆုံး ဆရာတော် ပျံလွန်တော်မူခါနီး မောင်ဖိုးဟန် အသက်(၄၀)ကျော် ပြူစလေးမှာ တစ်ကြိမ်၊ (၄)ကြိမ်။

ဆရာတော်က ကိစ္စပြီးခါနီး ပြဒါးလုံးကို ကာယသိဒ္ဓိ စမ်းခဲ့မိလို့ ပြဒါးလုံးထွက်သွားခဲ့တယ်။ ဒီလိုသာ မစမ်းခဲ့ရင် ရဟန်းပျို ဘဝကတည်းက ထွက်ရပ်မြန်းပြီး မင်းတို့တောင် ဖူးတွေ့လိုက်ရမှာ မဟုတ်ဘူးလို့ ဆရာရသေ့ ဦးအောင်နက် မိန့်မြွက်စကား ဖိုးဟန်ကို ပြောကြားခဲ့ဖူးတယ်။

အဲဒီအကြောင်း ဆရာတော့်ကို မေးလျှောက်ကြည့်တော့ ဟုတ်နေတယ်။ အမှန်ပဲ။

'ထွက်သွားပေမယ့် တော်သေးတာပေါ့ ကွာ။ မတော်တဆ လက်ချော်ခြေချော်ဖြစ်လာရင်ဆိုတဲ့ အသိကလဲရှိ လမ်းစဉ်ကိုလဲ သိနေတော့ တတ်တူ ပြဒါးလုံးတစ်လုံးကို တွဲခေါ်ထားတယ်။ ပြဒါးတတ်လုံး ညီနောင်ပေါ့။

အစ်ကိုကြီး ထွက်သွားတော့ ညီလေး ရှိသေးတယ်လေ။ ညီလေးကလဲ အစ်ကိုကြီးလိုပဲ ခရီးရောက်လို့ ပြီးမြောက်တော့မယ့် အဆင့်။

ဒါပေမယ့်ကွာ မကြားသင့်တဲ့ ကြားတာပေါ့။ ဆတ်ဆော့တဲ့ မကောင်းစိတ်ဆိုတာ အဖျက်အဆီးတစ်ခုပဲ။ ကြီးစွာသော ဆုံးရှုံးခြင်းနဲ့ ရင်ဆိုင်ရတယ်'

ဆရာတော်ရဲ့ မျက်နှာတော်က ရုတ်ခြည်း မှိုင်းကျသွားတယ်။ အတိတ်ကို ပြန်တွေးပြီး မျက်စိထဲမှာ ရေးရေး



www.burmeseclassic.com

www.burmeseclassic.com

မြင်နေသလိုပဲ။ ဘယ့်နှယ်ရှိစ။

မေးမိတဲ့မောင်ဖိုးဟန် စိတ်မကောင်းဖြစ်ရပြီ။ မေးဦးလေ။

ဆရာတော်တစ်သက် ဖိုးဟန်တစ်သက် ဒီတစ်ခါပဲ မေးလျှောက်ခဲ့ဖူးပါတယ်။

နောက်တစ်ပတ် စနေနေ့မနက်မှာ လုံကိုခွဲတယ်။ လုံမခွဲခင် ဖိုးဟန် ကြည့်လိုက်တော့ လုံနှုတ်ခမ်းက ပါးနေပြီ။ လက်နဲ့ စမ်းကြည့်တော့ စောင်းထနေတယ်။ ဓားသွားလို မြလို့၊ လုံပတ်လည်ကတော့ စင်းလုံးချော။ ချော်ပတ်နေတယ်။

မီးသွေးမှာ ကပ်ပါတဲ့ သဲက ဖြစ်တဲ့ချော်၊ လုံသားကျက်လို့ ဖြစ်လာတဲ့ချော်။ လုံပေါက်လို့ ယိုဖောက်ထွက်လာတဲ့ချော်မဟုတ်ဘူး။

ကြေးမိုးကြိုးသွားကို အုပ်နေတဲ့လုံထဲက ချော်ကတော့ ခွက်ယောင်ယောင်နဲ့ နောက်တောက်တောက်။ အမှောင်ရိပ်သန်းတဲ့ မီးခိုးရောင်။

လုံထဲက ထွက်လာတဲ့ ကြေးမိုးကြိုးသွားက နှုတ်ခမ်းလုံးပြီး မောက်ယောင်ယောင်လေး။ ဘေးနဲ့ အောက်ခြေမှာ အခွက်ရာလေးတွေနဲ့။ ဓာတ်ပြုပြီးပြီ။ ပထဝီဆောင်ပြီ၊ ဓာတ်ထိုင်ပြီ။

ဖောက်လုံနံပါတ်(၂) အသစ်တစ်လုံထဲကို ကြေးမိုးကြိုးသွား ဓာတ်လုံးကို ထည့်တယ်။

မင်းလေးပါးကို ဓာတ်လုံးအောက်က တစ်မတ်သား။ အပေါ်က သုံးမတ်သား ဖိုခွင် စ,ဝင်တဲ့နေ့ကအတိုင်း ထည့်တယ်။ ဖော်မံ အဖုံးဖုံး။ အန္တာပိတ် မီးလျှံက စ,ထိုးတယ်။

ဓာတ်မထွက်ဖို့ ယုတ်စွအဆုံး အနံ့တောင် မထွက်အောင် ထိုးတာပဲ။

မီးကို ချော့ထိုးလိုက်၊ လုံလှည့်လိုက်၊ မီးသွေးအကျမှာ ဂေါက်ချလိုက်၊



ကျပ်ပေးလိုက် ဆက်တိုက် မီးကစားတယ်။

လုံကို ဆွဲတင်တယ်။ ဖိုခွင်ထဲမှာ ခဏထားတယ်၊ နောက် မီးဆက်ကစားတယ်။ ဓာတ်အခြေအနေကို ကြည့်တယ်။ မီးမြှင့်တယ်။ မီးဆင့်တယ်။ အဲဒီလိုနဲ့…

ရက်သတ္တလေးပတ် မီးကစားပြီးတဲ့အခါ မင်းလေးပါး ချော်ဟောင်းတွေကိုစု၊ မကောင်းတဲ့ လုံသားကပ်ချော်ဟောင်းတွေ ဘေးကိုဖယ်၊ ချော်သန့်သန့်လေးတွေကိုယူ၊ ချော်သန့်တာ မှန်သမျှ အကုန်ပေါင်း သံဆုံနဲ့ထောင်း။ မှုန့်ညက်ညက်ကြေ။

ကြေးမိုးကြိုးသွား ဓာတ်သားကို ဖောက်လုံနံပါတ်(၂)ထဲ မထည့်ခင် ဆရာတော်က ဖိုးဟန်ကိုပြတယ်။

ဓာတ်လုံးအပေါ်ဘက်က နိုပြာရောင်အဆင်း ခပ်ရင့်ရင့်။ ဘေးပတ်ပတ်လည်က အနက်ရောင်မှိုင်းမှိုင်း။ ဓာတ်လုံးအောက်ခြေက အနက်ရင့်။ ခပ်ပြောင်ပြောင် ခွက်ရာသေးသေးလေးတွေနဲ့။

နေရောင်မှာ အရောင်က တဖိတ်ဖိတ်။ ဟိတ်ထွက်နေတာက သက်တံရောင်။

ဓာတ်လုံးကို နေရောင်မှာ လှည့်လှည့်ကြည့်လိုက်တော့ အရောင်တချို့က ဝင်းခနဲ ဝင်းခနဲ။ အမှောင်တချို့ကလဲ လင်းခနဲ လင်းခနဲ မျက်စိကျိန်းစရာ။

ပြူးတူးပြတဲ မနည်းကြည့်မှ မြင်ရတဲ့ ရောင်စဉ်တန်း တချို့ကလဲ ရှိသေး။ ဖိုးဟန် ငယ်ငယ်က သရီးဒီ ကြည့်သလို ကြည့်မှမြင်ရတဲ့ ရောင်ပြန်မျိုး။ အဖိုးတန်လိုက်လေ။ တေဇောမီးနေ။

ဖိုးဟန် သေသေချာချာ ကြည့်ပြီးတော့ ကြေးမိုးကြိုးသွား ဓာတ်လုံးကို ဆရာတော်က ပြန်ယူတယ်။ ဖောက်လုံနံပါတ်(၂)ထဲကို ဓာတ်လုံးထည့်၊ အပေါ်က မင်းလေးပါး ချော်ဟောင်းထောင်းထားတာတွေ သိပ်သိပ်ထည့်။ ချော်ဟောင်းအမှုန့်တွေ ကျပ်,ကျပ်ပြီး ညပ်သွားအောင် လုံကို မ,ယူ လုံဖင်ကို ဆောင့်,ဆောင့်ပေး။

ဖိုနှာပေါက် အောက်နှုတ်ခမ်းရဲ့အောက် စပါးလုံးတစ်ထောက်လောက် အကွာမှာ လုံကိုထား။ လုံငှားဖုံးကိုဖုံး။ ဖိုခွင်မှာ မီးတင်ပြီး ဓာတ်ကစားတော့တယ်။

မီးညီပြီဆိုတော့ ဖိုးဟန်ကို ဖိုခွင်အပ်။ ဆရာတော်က မတ်တတ်ရပ်ကြည့်နေပြီ။ လက်ထဲမှာ ညှပ်ရှည်တစ်ချောင်းကို လဲကိုင်လို့။

ဖိုးဟန် တွေးတယ်။ ဆရာတော် အဂ္ဂိရတ်စာမေးပွဲ စစ်နေပြီ။ မှန်လဲမှန်တယ်။

မီးတစ်အုပ်က လုံငှားဖုံးနဲ့ အညီမကျသေးခင် မီးသွေးများ ထပ်အုပ်လိုက်မိရင် ဆရာတော် အော်ပြီ။

လုံနဲ့ မီးသွေးအကြားမှာ လေအဟာ ဖိုးဟန်သာ မသိရင် ဆရာတော်က



www.burmeseclassic.com

www.burmeseclassic.com

အော်ပြန်ပါပြီ။

လေက အဟာ၊ မီးသွေးက အကျ။ ဂေါက်ကို အချ မထိန်းနိုင် မသိမ်းနိုင် လုံသာ ယိုင်သွားလို့ကတော့ လက်ထဲမှာ ကိုင်ထားတဲ့ ညှပ်ရှည်နဲ့ ဖိုးဟန့် ထိပ်နားထင် ချို(ဂျို)စောင်းကို ဆော်ပြီ။ ခွပ်ခနဲ ခွပ်ခနဲ။ မနာပါဘူး။ ပူတူတူ ရှိန်းတိန်းတိန်းလေး။

မီးကလဲ မမှန်၊ ဖိုဆွဲချက်ကလဲ မကျ၊ ဓာတ်ကလဲ မငြိမ် ဖြစ်နေရင် မျက်စိလျင်တဲ့ ဆရာတော်က အော်ပြန်ပါပြီ။

ပညာပေးနေတာ၊ ပညာပေးနေတာ လက်ပူးလက်ကြပ်။ လက်ထပ်။

တကယ်သာရိုက်ရင် ထိပ်ပေါက် ခေါင်းကွဲ။ ဆရာတော် ဘယ်လုပ်ရက်ပါ့မလဲ။ တပည့်အရင်းလေး မောင်ဖိုးဟန်ကို။

ဒီနေ့တော့ မနက်ပိုင်းတွင် မကတော့ဘူး။ နေ့ဆွမ်း ဘုဉ်းပေးပြီးတဲ့ အချိန် မီးဆက်ကစားတယ်။ ညနေ (၄)နာရီခွဲမှ ပြီးတယ်။

နောက်နေ့ တနင်္ဂနွေမှာ စနေနေ့က အတိုင်း။ မောင်ဖိုးဟန်က ဖိုဆရာ၊ မီးဆရာ။

ဒီတစ်ခါတော့ လုံထဲက ဓာတ်လုံး အပေါ်မှာ လက်ချားမီးပေါက် စပါးလုံး တစ်ထောက်လောက် တင်တယ်။ လက်ချားမီးပေါက် အပေါ်ကမှ မနေ့က ချော်ဟောင်း ထောင်းထားတာ ထည့်တယ်။

'ဓာတ်လုံးထဲမှာရှိတဲ့ အညစ်အကြေးကို လက်ချားမီးပေါက်က စုပ်ယူမယ်။ ဓာတ်မထွက်အောင် ချော်ဟောင်းက ဖိထားမယ်'

ဆရာတော့်မိန့်စကား ဖိုးဟန်တို့များ ခေါင်းတညိတ်ညိတ်။

'ပထမဆုံး လက်ငြိမ်ငြိမ်နဲ့ မီးမှန်ကစား။



ဓာတ်ခိုးဓာတ်ငွေ့ ထွက်,မထွက်ကြည့်။ မီးစုံကို လုံပြောက်,ပြောက်ပြီးနား။ ပြီးမှ ဆက်ကစား'

လို့ ဆရာတော်က အမိန့်ရှိတယ်။ ဒီနေ့လဲ မျက်နှာလွှဲတော်မူပြန်တယ်။

ဘယ်လိုလဲ အဂ္ဂိရတ်ဆရာကြီး မောင်ဖိုးဟန်။

ဒီနေ့အဖို့ မသက်သာဘူး။ ဖတ်ဖတ်ကို မောလို့။ တစ်ကိုယ်တော် ကြဲရတဲ့ပွဲ။ နည်းတဲ့ အချိန်လား။

ဆရာတော်က လုပ်ကိုင်ဆောင်ရွက်ဖွယ် ကိစ္စကြီးငယ် အသွယ်သွယ်ကို ဘုန်းကြီးကျောင်းသားတွေကို ညွှန်ကြားနေတယ်။ အလုပ်တွေလဲ နိုင်းတယ်။

ကျောင်းမကြီးပေါ် တက်လိုက်၊ ပြန်ဆင်းလိုက်၊ ဆွမ်းစားကျောင်းကို သွားလိုက်၊ ဖိုရုံထဲကို ဝင်လာလိုက်၊ ဖိုးဟန် ဖိုဆွဲနေတာကို ကဲ့,ကဲ့ကြည့်လိုက်။

ဖိုခွင်နဲ့ ဖိုရုံကို ဖိုးဟန်ကိုအပ် ပစ်ထားလိုက်ပြီ။ ယုံမှတ်လိုက်ပြီ။

ဆရာတော် နေ့ဆွမ်းဘုဉ်းပေးပြီးတော့ ဖိုးဟန်က ထမင်းစား၊ ရေချိုးလေး နည်းနည်းပါးပါးသောက်။ ဖိုခွင်ပြန်ဝင်။ မီးတင်ဖို့ ဆက်ထိုး။ ညနေ (၆)နာရီကျော်ကျော် မိုးကြီးချုပ်တဲ့အထိ တစ်နေ့လုံး။

တနင်္လာနေ့မှာတော့ မနေ့က တစ်နေ့လုံး ဖိုခွင်မှာ မီးတင်လို့ ထိုးထားတဲ့လုံကို ဆရာတော်က ဖိုးဟန်ကို ပေးတယ်။ လုံကို ကြည့်လိုက်တော့

ချော်က စုပ်ချော်ဖြစ်ဖို့ အရိပ်အကဲ ပြနေပြီ။ ဆရာတော်က...

'ကိစ္စပြီးခါနီးနေပြီ။ သိပ်မလိုတော့ဘူး။ အလွန်ဆုံး နောက်ထပ် (၁၀)လုံပဲ'

လို့ ပြောတယ်။

'ကိစ္စပြီးမပြီး ဘယ်လိုလုပ် သိသလဲဘုရား'

'ဆရာတော်ကြီး တစ်ပါးပါး ပွဲလွှန်တော်မူတယ်လို့ အိမ်မက် မက်ပြီဆိုရင် ကိစ္စပြီးပြီ။ ကာယသိဒ္ဓိ ပြီးမြောက်ပြီ။ ဆက်မထိုးနဲ့တော့ မီးရပ်တော့'

တစ်သက်တာ မှတ်သားစရာ စကားတစ်ခွန်း ဖိုးဟန် သိလိုက်ရပြီ။

ကာယသိဒ္ဓိအဆောင် ပြောင်မြောက်လေပြီကော။

ဖိုးဟန် ကျောင်းတက်တဲ့ရက်မှာ ဆရာတော် ကြေးမိုးကြိုးသွားကို မီးကစားတယ်။ ဖိုးဟန်ကတော့ (၅)ရက်လုံးလုံးနား။ မအားရတာက စနေ တနင်္ဂနွေ။

တစ်ခါတလေကျတော့လဲ မောင်ဖိုးဟန် ဘယ်လိုအားသော်လဲ ဆရာတော်က မအားမလပ်။ ကျောင်းဧရပ်သိမ် ကိစ္စတစ်ခုခု ရှိနေမယ်။ အလှူအတန်းတွေ ကြွရမယ်။

ဆောင်းအကုန် နွေအကူး အလှူမြူးတဲ့လ။ ရဟန်းခံရှင်ပြု တစ်ခုခု။

အရုဏ်ဆွမ်း၊ နေ့ဆွမ်း ဆွမ်းစားပင့်ပြီ။ ကြွရပြီ။ ပရိတ်တရား ချီးမြှင့်ရပြီ။ ရေစက်ချတရား ဟောရပြီ။ ကျောင်းတကာ၊ အိမ်တကာ ကြွရပြီ။ မြန်းရပြီ။

ကျောင်းတကာ့ကျောင်း ကျောင်းပေါင်းစုံ အလှူတွေ ကြွရတာ တစ်ရက်ပဲ။ အလွန်ဆုံး (၂)ရက်။

ဆရာတော်ရဲ့ ဥသျှစ်ပင်ကျောင်း



www.burmeseclassic.com

www.burmeseclassic.com

သာမဏောဘောင်အတွင်း သွတ်သွင်းချီးမြှင့်မယ့် သားရှင်ပြုအလှူ။ အနည်းဆုံး (၃)ရက် ဖိုခွင်မှာ မီးပျက်။ ဖိုခွင်အားလို့ နားတဲ့ရက်။

ဆရာတော်ကိုသာ သိက္ခာထပ်ရဟန်းခံလို့ကတော့ အနည်းဆုံး (၅)ရက်။

တစ်ရက်ရွှေ၊ နှစ်ရက်ရွှေနဲ့ ရက်တွေ ရွှေ့ရွှေ့လာလိုက်တာ။ မီးနဲ့ကြေးမိုးကြိုးသွား ဝေးကွာသွားပြီ။ (၂)လကျော်ကျော် (၃)လနီးနီး။ ခရီးကနီးမလိုလိုနဲ့ ဝေးဝေးသွား။

ဖိုးဟန်မှာ အားမလိုအားမရ။ တားမရတဲ့ အလိုရမ္မက်က ထိပ်တက်လာတယ်။ ဩော်… လောဘ… လောဘဒေါသပါ ဆက်နွယ်တော့မယ်။

ဩချရတော့မယ့်အချိန် ကံကောင်းမှုတစ်ကွက် ပေါ်ထွက်လို့လာပြီ။ ဖိုးဟန်သင်တန်းတစ်ခု တက်ရတော့မယ်။ သဲကုန်း ဆရာအတတ်သင်ကျောင်း (ယခုတော့ မရှိပြီ။) မူလတန်းပြသင်တန်း (၁၀)လ။

အိုးပစ်အိမ်ပစ် ရပ်ပစ်ရွာပစ် တစ်နှစ်နီးနီး။

မီးနဲ့ ကြေးမိုးကြိုးသွား နှစ်ပါးဂဟေဆက်ဖို့ မောင်ဖိုးဟန် ရှေ့မျက်နှာနောက်ထား ကြောက်အားတပိုပိုနဲ့ဆရာတော့်ကို လျှောက်ထားတယ်။

သင်တန်း မသွားခင် ကြေးမိုးကြိုးသွား အဆောင်လေး ရချင်တယ်။

တပည့်ရဲ့ လိုအင်ကို ဖြည့်ပေးဖို့ဆရာတော် ဖိုခွင်ဝင်တယ်။ နေ့ဘက်မှာမအား။ အလှူအတန်းတွေကများ။

အားမယ့်ရက်ကလေးရှာ။ နေ့ရောညပါ ဖိုခွင် ဆင်းတော်မူရတာ။

၁၉၇၃ ခုနှစ်၊ မေလ သင်တန်းကိုသွားရတော့မယ်။ ဖွန်ဆိုရင် သင်တန်းတစပြီ။



ဖိုးဟန်မှာတော့ မရသေး ကာယသိဒ္ဓိအဆောင်လေး။

မေလ(၂၁)ရက်။ မောင်ဖိုးဟန် ရက်မပျက်တဲ့ ဆရာတော့် ဝေယျာဝစ္စဆောင်ရွက်နေကျ။ ကေသီလျှော်၊ သင်းပိုင်လျှော်၊ တန်းထိုးလှန်း၊ မနားတမ်း အလုပ်အပြီး။

ကျောင်းမကြီးပေါ်က ဆင်းလာတဲ့ဆရာတော် ဆွမ်းစားကျောင်းပေါ်ကိုကြွသွားတယ်။ မောင်ဖိုးဟန် အသာလေး လိုက်သွားတယ်။ ရွှေ့ရွှေ့ ရွှေ့ရွှေ့။

ဆရာတော်ကို မောင်ဖိုးဟန် ရှိခိုးဦးချကန်တော့အပြီးမှာ ဆရာတော်က…

'မင့်ပစ္စည်း ကိစ္စပြီးပြီ'

လို့ အမိန့်ရှိတယ်။ ဖိုးဟန် ဝမ်းသာလိုက်တာ။ ရေးပြလို့ မရနိုင်အောင်။

'ရော့ လာယူ'

ဆိုပြီး ဆရာတော်က ပေးတယ်။ ဖိုးဟန် ကြည့်လိုက်တော့ ဘေးပတ်လည် အပေါ်,အောက် နီရောင်။ အောက်ဘက်က ပြားပြီး မနည်းကြည့်မှ မြင်ရမယ့် ခွက်ရာကလေးတွေရှိတယ်။

လက်ဖက်ရည်အကြမ်း ပန်းကန်လုံးကို မှောက်ထားသလိုပဲ။ ထိပ်ပိုင်းကနည်းနည်းလေး ပြားတယ်။ ငရုတ်ကောင်းစေ့ တစ်ခြမ်းစာလောက်။

နှာတံပေါက်တဲ့ စုပ်ချော်။ စုပ်ချော်မှာ နှာတံပေါက်သွားဟန် တူတယ်။

ကြေးမိုးကြိုးသွား ခါတ်လုံးက ဆရာတော် ဦးကလျာဏရဲ့ အဂ္ဂိရတ်သမ္ဘာကို ပြတော်မူတယ်။ မီးအတတ်နိုင်နှင်းမှုက လက်တွေ့နဲ့ မျက်မြင်။ ဖိုးဟန်ရဲ့ တစ်သက်နဲ့တစ်ကိုယ်။ ပထမဆုံးအကြိမ်မြင်ကွင်း။ သင်တန်းလဲဆင်းပြီ။

မောင်ဖိုးဟန် ဖိုဆွဲကြမ်းလွန်းလို့ဆရာတော်က ချီးကျူးခန်း ဖွင့်တော်မူတယ်။

'ဖိုးဟန်တို့ အုန်းရွှေတို့ ဖိုဆွဲတာက သံကြမ်းချဖို့ကောင်းတယ်'

တဲ့။

ဘာပဲပြောပြော ဖိုးဟန်က ဆရာတော့်ဖိုဆွဲ။ ဖိုဆွဲနဲ့ မီးပညာ သင်ပါများတော့ တတ်တာပေါ့။ အနွံအတာ ခံတဲ့တပည့်ရင်း။

လက်စွပ် ကွင်းခိုင်းတယ်။ ငွေဒင်္ဂါးရှိသလားလို့လဲ မေးတယ်။ ငွေဒင်္ဂါးငါးမူးပြား ရှိပါတယ် ဘုရားလို့ လျှောက်တော့ အကုန်ကွင်းလိုက်ကွာ။ ထူထူထဲထဲလေးတဲ့။

ဖိုးဟန်က ရက်ကြာကြာ မဆိုင်းဘူး။ နောက်တစ်နေ့မနက် ရွှေပန်းထိမ်ဆရာဦးအေးကြိုင်ဆီကိုသွား၊ ချက်ချင်းလုပ်ခိုင်းတယ်။ နားပူနားဆာ လောတော့တယ်။

အိမ်ကိုမပြန်ဘူး။ လက်စွပ်ပြီးတဲ့အထိ ထိုင်စောင့်တာ။ ဦးအေးကြိုင်ဆိုတာ စိတ်တွေညစ်လို့။ မင်းကွာ… မင်းကွာနဲ့ သူ့ခမျာ တစ်မနက်နဲ့ အပြီးလုပ်ပေးရှာတယ်။

လက်စွပ်ပြီးတော့ မွန်းလွဲပြီ။ (၁၂)နာရီခွဲပြီ။ နှစ်ယောက်စလုံး မနက်စာထမင်းစားနောက်ကျ။ စောင့်စားရတဲ့ဒုက္ခ။ လွတ်ပြီ။ သုခ ချမ်းသာခြင်း။

ခါတ်လုံးလက်စွပ်ကလေးကို လက်မှာ စွပ်ကြည့်လိုက်တော့ ဖစ်ဆိုက်အံကိုက်။

www.burmeseclassic.com

အိမ်ကို ပြန်ရောက်တော့ အဖေ့ကိုပြ၊ အမေ့ကိုပြ၊ ဖိုးဟန် ဒကာမကြီး ဒေါ်ရွှေမြကိုလဲပြ။ သူနိုးရွှေရ တပြုပြုလို့။

နောက်တစ်နေ့ မနက် မိုးလင်းတာနဲ့ ဆရာတော် အရုဏ်ဆွမ်း ဘုဉ်းပေးချိန် ဥသျှစ်ပင်ကျောင်းကို ဖိုးဟန်သွားတယ်။

ဆရာတော်ကို ရှိခိုးဦးချ။ လက်စွပ်ကိုလဲ ပြတယ်။ ဘယ်ဘက် လက်သူကြွယ်ကချွတ်ပြီး ဆရာတော်ကို ကပ်လိုက်တော့ ဓာတ်လုံးက အရောင်တစ်မျိုး ပြောင်းနေတယ်။

မနေ့က နေ့ခင်းဘက်အရောင်နဲ့ မတူဘူး။ တစ်မူကွဲလို့။

ဓာတ်လုံးပေါ်မှာ ဟိတ်တက်နေတဲ့ အရောင်က ဘယ်လိုအရောင်လဲ ဖိုးဟန် မသိဘူး။ မသိတော့ မပြောတတ်ဘူး။

ဆရာတော်က ဖိုးဟန်ကပ်တဲ့ လက်စွပ်ကို ဘယ်လက်တော်နဲ့ ယူပြီး ကြည့်တယ်။ ကပ်ကြည့်တယ်။ ခွာကြည့်တယ်။ ဘယ်လက် တစ်ဆန့်ထားပြီး ကြည့်တယ်။ ပြီးတော့ မေးတယ်။

'မင်း မနေ့တုန်းက ညနေဘက် လက်စွပ်ကို ကြည့်မိသေးလား'

'မကြည့်မိဘူး ဘုရား'

'ရက်တစ်ရက်ကို အချိန် (၃)ပိုင်း ပိုင်း'

'ဘယ်လိုပိုင်းရမလဲ ဘုရား'

'မနက်စောစော နေထွက်တပြူ တစ်ချိန်၊ နေ့လယ်ပိုင်း မွန်းတည့်နေတစ်ချိန်၊ ညနေ နေဝင်ခါနီး တစ်ချိန်'

'အဲဒီအချိန်တွေမှာ'

'မင့်လက်မှာ ဝတ်ထားတဲ့ ဓာတ်လုံးကိုကြည့်'

'ကြည့်လိုက်တော့'

'မင်း သိလိမ့်မယ်'

ပြောပြောဆိုဆို ဆရာတော်က ဖိုးဟန်ကို လက်စွပ်ပြန်ပေးတယ်။

ကြေးမိုးကြိုးသွား မင်းလေးပါး ဓာတ်လုံးကို ဘယ်ဘက်လက်သူကြွယ်မှာ ဝတ်လိုက်တဲ့အထိ ဖိုးဟန်က လက်စွပ်ကို သေသေချာချာ မကြည့်မိဘူး။ အကဲမခတ်မိဘူး။ လိုတာ ရပြီ ကိုး။

နောက်နေ့မှာတော့ ဆရာတော် အမိန့်ရှိလိုက်တဲ့ ကာလ(၃)ပါးကို ပိုင်းခြားလို့ မောင်ဖိုးဟန် ဓာတ်လုံးကို ကြည့်တယ်။

အချိန်ယူပြီးတော့ကို ကြည့်တာ။ ကျကျနန။ ဂဃနဏ။ ကြပ်ကြပ်မမ။

မနက်ဝေလီဝေလင်း။ နေမင်းကြီး မပြူ့တပြူအချိန် ငွေလက်စွပ်ကို ချွတ်ပြီး ကြည့်လိုက်တော့ ကြေးမိုးကြိုးသွား မင်းလေးပါး ဓာတ်လုံးက **သက်တံဖုံးတဲ့ ငှက်ခါးရောင်။**

မွန်းတည့်ချိန် နေပြင်းပြင်း နေ့လယ် နေ့ခင်းကြီးမှာတော့ **နီပြာရောင်။**

ညနေဘက် နေညိုညို ဆည်းဆာချိန် တိမ်အတောက်မှာတော့ ဖိတ်ဖိတ်တောက် **ပိတုန်းရောင် မည်းနက်လို့** မှောင်။

မောင်ဖိုးဟန်ကို တရုတ်မှော်ရှာ ဥသျှစ်ပင်ကျောင်း ဆရာတော် ဦးကလျာဏ ဖိုခွင်ဝင် မီးကစားလို့ ကြိုးစားပမ်းစား နှေးညမရွေ့ ထိုးပေးသွားတဲ့ အရောင်(၃)မျိုး သိဒ္ဓိတန်ခိုး ကြေးမိုးကြိုးသွား မင်းလေးပါး အဆောင်။

ကာယသိဒ္ဓိမှာတော့......ခေါင်။

**ရွှေတောင် ခင်မောင်ကြည်**

စာ မူ ပို့ သို့ ဘ...

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၃၃၊ (၂၉)လမ်း၊
ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း-၀၁ ၂၄၂၁၁၄

www.burmeseclassic.com

ဘုန်းပြည့်ဝေစာပိန်း
(ဂမ္ဘီရနယ်မြေ)



# သိဒ္ဓိဝင် သတ္တဌာနကျင့်စဉ်

နမောတဿစွမ်းအင် (၃)

နမောတဿ၏ စွမ်းအင်ကို အတတ်နိုင်ဆုံး ပြည့်စုံအောင် ရှင်းပြခဲ့ပြီး ဖြစ်သည်။ ယခုလမှ သိဒ္ဓိဝင်သတ္တဌာနကျင့်စဉ်ကို ရေးသားဖော်ပြပါတော့မည်။

ရေးသားမဖော်ပြမီ ဦးစွာ ပြောကြားလိုသည်မှာ ဤကျင့်စဉ်သည် အနည်းငယ် ပြင်ပြင်းထန်ထန်ကျင့်ရပြီး ရလာသော အကျိုးတရားကလည်း ထူးခြားပါသည်။ လူတိုင်းတော့ ကျင့်ဖြစ်ကြမည်၊ ကျင့်နိုင်ကြမည် မထင်ပါ။

ပါရမီအကျင့်စခန်းကို ဒုက္ခ အဆင်းရဲခံ၍ လျှောက်လှမ်း ကျင့်ကြံသူတို့ကမူ ကျင့်နိုင်ကြပေလိမ့်မည်။

နောက်မှ လူတိုင်း ကျင့်ကြံနိုင်မည့် နမောတဿကျင့်စဉ်ငယ်နှင့် အသုံးချပုံကို ရေးသားတင်ပြပါမည်။ မြန်မာ့ဂမ္ဘီရသမားများမှာ ကိုယ်ပိုင် လျှို့ဝှက်ကျင့်စဉ်များ ရှိကြပါသည်။

အချို့က အောင်မြင်ပြီးသော ဆရာသခင်က ချပေးသည့် ကျင့်စဉ်များကို ကျင့်ကြံပါသည်။ ယင်း ကျင့်စဉ်ခွင်တို့မှာ ကြီးမြတ်လွန်း၍ မည်သူမျှ စာတစ်စောင်၊ ပေတစ်ဖွဲ့ ရေးသားကြခြင်းမရှိပါ။ ကျင့်ဆောင်ရာ၌ အချိန်ပေးရခြင်း၊ ခက်ခဲပင်ပန်းခြင်းတို့ကြောင့် ဖြစ်ပါသည်။

## ကျင့်ဆောင်ပုံ အစီအစဉ်

မိမိကျင့်ဆောင်သော နေရာသည် အိမ်၊ ကျောင်း၊ သိမ်၊ ဘုရား၊ ဂူ တောတောင်စခန်းတစ်ခုခု နှစ်သက်ရာမှာ ကျင့်ဆောင်နိုင်ပါသည်။

အဓိက အေးချမ်းဆိတ်ငြိမ်၍ အခြားအပူအပင် သံယောဇဉ်ကင်းကင်းဖြင့် ကျင့်နိုင်သောနေရာဖြစ်ဖို့ လိုပါသည်။ လူဖြစ်ပါက အဝတ်ဖြူ သို့မဟုတ် ယောဂီဝတ်နှင့် ကျင့်ရပါမည်။

ကျင့်ဆောင်ရမည့် ရက်အပိုင်းအခြားမှာ သတ္တဌာနကို ရည်စူး၍ တစ်ဌာနမှာ (၇)ရက် စုစုပေါင်း (၄၉)ရက် ဖြစ်ပါသည်။

### အစီအစဉ်(၁)

ဦးစွာ မိမိလိပ်ပြာသန့်မည့်နေရာဌာနကို ရွေးချယ်ပြီး ထိုနေရာဌာန၌ သာသနာပွဲ တစ်ပွဲကို ပြင်ပါ။ အပို မည်သည့်ပွဲမျှ မပြင်ပါနှင့်။

### အစီအစဉ်(၂)

ယနေ့မှစ၍ (၄၉)ရက်တိုင်တိုင် သိဒ္ဓိဝင်သတ္တဌာနကျင့်စဉ်အား ကျင့်ဆောင်မည်ဖြစ်၍ သာသနာစောင့် နတ်မင်းကြီးများ၊ စတုလောကပါလ နတ်မင်းကြီးများ၊ သိဒ္ဓိမဟိဒ္ဓိရှင်များမှစ၍ ရက္ခစိုး၊ ဘုမ္မစိုး၊ တောပိုင်၊ တောင်ပိုင်၊ နယ်ပိုင်ရပ်ပိုင် အသီးသီးတို့မှ ကျင့်စဉ်တော် အောင်မြင်ရေးအတွက် အကူအညီပေးကြပါရန် မေတ္တာရပ်ခံပါ။

### အစီအစဉ်(၃)

ဆီမီး၊ ရေချမ်း၊ ပန်း၊ နံ့သာတို့ဖြင့် ဘုရားရှင်အား ပူဇော်၍ အနန္တငါးပါးအား ရှိခိုး၍ အဓိဋ္ဌာန်တင်ပါ။

ထိုသို့ အဓိဋ္ဌာန်တင်ရာ၌ (နဝင်)ကိုးပါးသီလဖြင့် အဓိဋ္ဌာန်တင်ပါ။ အသားငါးမစားရပါ။ သက်လွတ် သို့မဟုတ် သစ်သီးဆွမ်းဖြင့် အဓိဋ္ဌာန်တင်ပါ။

## အဓိဋ္ဌာန်ကာလအတွင်း ပြုဖွယ်များ

အဓိဋ္ဌာန်ကာလ (၄၉)ရက်အတွင်း သိဒ္ဓိဝင်သတ္တဌာနကျင့်စဉ်ကို တစ်ရက်လျှင် လေးကြိမ် ကျင့်ဆောင်ရပါမည်။ ကျင့်ဆောင်ရမည့် အချိန်ဇယားမှာ အောက်ပါအတိုင်း ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com

ပဌမအကြိမ်

| | | |
|---|---|---|
| နံနက်(၄)နာရီမှ(၅)နာရီအတွင်း | → | ဘုရားရှိခိုးမေတ္တာပို့ |
| နံနက်(၅)နာရီမှ(၆)နာရီအတွင်း | → | ကျင့်စဉ်ဂါထာရွတ် |
| နံနက်(၆)နာရီမှ(၇)နာရီအတွင်း | → | နမောတဿစမကိုရေး၍ မီးရှို့ပြာချသောက်။ |

ဒုတိယအကြိမ်

| | | |
|---|---|---|
| နံနက်(၈)နာရီမှ(၉)နာရီအတွင်း | → | မေတ္တာပို့ (မေတ္တသုတ်ရွတ်)၊ |
| နံနက်(၉)နာရီမှ(၁၀)နာရီအတွင်း | → | ကျင့်စဉ်ဂါထာရွတ်၊ |
| နံနက်(၁၀)နာရီမှ(၁၁)နာရီအတွင်း | → | စမသောက်။ |

တတိယအကြိမ်

| | | |
|---|---|---|
| မွန်းလွဲ(၁)နာရီမှ(၂)နာရီအတွင်း | → | မေတ္တာပို့ |
| မွန်းလွဲ(၂)နာရီမှ(၃)နာရီအတွင်း | → | ကျင့်စဉ်ဂါထာရွတ်၊ |
| မွန်းလွဲ(၃)နာရီမှ(၄)နာရီအတွင်း | → | စမသောက်။ |

စတုတ္ထအကြိမ်

| | | |
|---|---|---|
| ညနေ(၅)နာရီမှ(၆)နာရီအတွင်း | → | မေတ္တာပို့ |
| ညနေ(၆)နာရီမှ(၇)နာရီအတွင်း | → | ကျင့်စဉ်ဂါထာရွတ်၊ |
| ညနေ(၇)နာရီမှ(၈)နာရီအတွင်း | → | စမသောက်။ |

တစ်နေ့တာ ကျင့်ဆောင်မှု ပြီးဆုံးတိုင်း အမျှဝေပါ။ အမျှဝေခြင်းကို ဘယ်သောအခါမျှ မမေ့ပါနှင့်။

### သိဒ္ဓိဝင်သုတ္တဗ္ဗာနကျင့်စဉ်၌ နားချိန်များ

* * *

ပဌမနားချိန် (၁)နာရီအတွင်း၌ အစာတစ်ခုခု အနည်းငယ်ဖြည့်ခြင်း၊ ရေချိုးထားခြင်း ပြုနိုင်ပါသည်။

ဒုတိယနားချိန် (၂)နာရီအတွင်း၌ အစာစားခြင်း၊ နားနားနေနေ အပန်းဖြေခြင်း ပြုနိုင်ပါသည်။

တတိယနားချိန် (၁)နာရီ၌ ရေချိုးနိုင်ပါသည်။

### မေတ္တာပို့ခြင်း၊ မေတ္တာသုတ်ရွတ်ခြင်း

မေတ္တာပို့ခြင်းနှင့် မေတ္တသုတ်ရွတ်ပွားခြင်းအပိုင်း၌ မိမိတို့သန်သလို မေတ္တာပို့ပါ။ အထူးသဖြင့် မိမိတို့ ကျင့်ဆောင်နေသော နေရာဌာနရှိ

| | | |
|---|---|---|
| နံနက်(၇)နာရီမှ(၈)နာရီအတွင်း | → | **ပဌမအကြိမ်နား။** |
| နံနက်(၁၁)နာရီမှ မွန်းလွဲ(၁)နာရီအတွင်း | → | **ဒုတိယနားချိန်၊** |
| ညနေ(၄)နာရီမှ(၅)နာရီတွင်း | → | **တတိယနားချိန်၊** |
| ညနေ(၈)နာရီမှ နံနက်(၄)နာရီထိ | → | **အိပ်ချိန်။** |

မြင်အပ်၊ မမြင်အပ်သောပုဂ္ဂိုလ်၊ လူ၊ နတ်၊ သတ္တဝါ၊ ရဟန်းသံဃာ၊ ရက္ခစိုး၊ ဘုမ္မစိုး၊ တောပိုင်တောင်ပိုင် ဝေမာနိက များကို မေတ္တာပို့ရန် လိုပါသည်။

* * *

| | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| န | မော | တ | ဿ | ဘ | ဂ | ဝ | တော | အ | ရ | ဟ | တော | သ | မ္မာ | သ | မ္ဗု | ဒ္ဓ | ဿ |
| ဝ | မ္မာ | တ | ရ | ဒ္ဓ | ဂ | သ | မော | အ | မ္ဗု | ဘ | တော | န | တော | သ | ဿ | ဟ | ဿ |
| သ | တော | တ | မ္ဗု | ဟ | ဂ | န | မ္မာ | အ | သ | ဒ္ဓ | တော | ဝ | မော | သ | ရ | ဘ | ဿ |
| န | မော | တ | ဿ | ဘ | ဂ | ဝ | တော | အ | ရ | ဟ | တော | သ | မ္မာ | သ | မ္ဗု | ဒ္ဓ | ဿ |

ထိုသို့ မိမိတို့သန်သလို မေတ္တာတော်ကို ပုံ့နှံ့စေပြီးနောက် မေတ္တာပို့ အချိန်ကုန်အောင် မေတ္တသုတ်တော်ကို အခေါက်ခေါက်အခါခါ ရွတ်ပွားရပါမည်။

### ကျင့်စဉ်ဂါထာရွတ်ခြင်း

ကျင့်စဉ်ဂါထာရွတ်ရမည့် အချိန်၌...

'နမောတဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။
ဝမ္မာတ ရဒ္ဓဂသမော အမ္ဗုဘတော
နတောသဿဟဿ။
သတောတမ္ဗု ဟဂနမ္မာ အသဒ္ဓတော
ဝမောသရဘဿ။
နမောတဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။
စတုတ၊ စတုဂ၊ စတုအ၊ စတုတော၊
စတုသ၊ စတုဿ'

ဟူ၍ ရွတ်ပွားပါ။

### နမောတဿ စမသောက်ခြင်း

နမောတဿ ဂါထာလေးပိုဒ်ကို စာတစ်လုံးလျှင် လေးထောင့် စတုရန်းကွက်တစ်ခုအတွင်းသွင်း၍ မီးရှို့ပြာချပြီး သောက်ခြင်း ဖြစ်ပါသည်။

**စိတ်အကြံပေါက်သလို လိုအင်ဆန္ဒ ပြီးမြောက် အောင်မြင်ကြပါစေ။**

***သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ အားလုံးကို ဂါရဝပြုပါသည်။***

**ဘုန်းပြည့်တေဇပယ်ဒ်**
**(ဂမ္ဘီရနယ်မြေ)**






www.burmeseclassic.com

www.burmeseclassic.com

ပိရမစ်



# သင်္ကေတများ၏

ဟုဂွင်းစီ

ဘာသာစကား(၃၃)

လေးထောင့်စတုရန်းပုံ အောက်ခြေတွင် အထက်သို့ သုံးမြှောင့်ပုံ ရှူးတက်ကာ ထိပ်တွင် စုစည်းဆုံတွေ့ကြသော ရှေးဟောင်းအီဂျစ်လူမျိုးများ ဆောက်လုပ်လေ့ ရှိကြသော ပိရမစ်ပုံသဏ္ဌာန် ဖြစ်သည်။

ပိရမစ်များသည် တည်ဆောက်သူ၏ အဓိက ဖော်ပြလိုသော အမှတ်တရ ညွှန်းဆိုမှုများအရ ပုံသဏ္ဌာန်များ ထင်ရှားစွာ ကွဲပြားခြားနားနေတတ်သည်။

ပုံသဏ္ဌာန်ချင်း ကွဲပြားခြားနားကြသည် ဆိုသော်လည်း တန်ဆာဆင်မှုသာလျှင် ကွဲပြားခြင်းဖြစ်၍ သုံးမြှောင့်တြိဂံပုံထုချွန်၊ လေးခု စပ်ထားသည့် ယေဘုယျပုံသဏ္ဌာန်ကား တူညီကြသည်သာဖြစ်သည်။

ပိရမစ်သင်္ကေတသည် အမိမြေပြင်ကို ကိုယ်စားပြုသောသင်္ကေတ ဖြစ်သည်။ အခြေခံ စတုရန်း ပုံသဏ္ဌာန်သည် မြေ၏အမှတ်အသား ဖြစ်သည်။ အထက်တွင် သုံးမြှောင့်ပုံသဏ္ဌာန်၏ ထိပ်ထောင့်များက ဆုံမှတ်တစ်ခုတည်း၌ ဆုံစည်းနေကြသည်။

**ဤသို့သော ချွန်ထက်သည့် ပုံသဏ္ဌာန်က မီးကို ကိုယ်စားပြုသော သင်္ကေတ ဖြစ်သည်ဟု အရှေ့ဖျား ဒေသက ယူဆကြသည်။ အထက်သို့ လားရာပြု၍ တလူလူ တက်နေသော မီးညွှန့်ပုံသဏ္ဌာန် ဖြစ်သည်။**

ထို့ကြောင့် ပိရမစ်သည် သက်တမ်းရှည်ကြာစွာ တည်တံ့ခြင်း၊ မြင့်မားသော ဘဝအခြေအနေ နိုင်ခံ့မြဲမြံခြင်း၊ အင်အားကြီးမားခြင်း စသည်တို့ကို ညွှန်းဆိုသည်။

ပိရမစ်ကို ခရစ်စမတ်ပွဲလမ်းဆိုင်ရာ သင်္ကေတများ ဖြစ်ကြသော မီးဆိုင်းများ၊ သစ်ပင်များ စသည်တို့နှင့် ယှဉ်တွဲဖော်ပြပါက သေခြင်းတရား မရဏနှင့် ထာဝရရှင်သန်ခြင်း(ရှေးဂရိ အီဂျစ်လူမျိုးတို့၏ နတ်ဘုရားများ)ကို ပေါင်းစည်းဖော်ပြလိုခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် မေတ္တာကရုဏာ ကြီးလှစွာသော မဟာမိခင်ကြီးဟုလည်း ညွှန်းဆိုတတ်ကြသေးသည်။

ထိုသို့သော ယူဆချက်များအပြင် ပိရမစ်၏ မီးနှင့်မြေ အဓိက အားပြုသော ပုံသဏ္ဌာန်ကြောင့် အဆိုပါ မီးညွှန့် မီးနွယ်၏ အလျှံတညီးညီး တောက်လောင်လှုပ်ရှားမှုသဘော၊ မြေကြီး၏ တည်တံ့ခိုင်မြဲရှည်ကြာမှု သဘောများ ပေါင်းစပ်ကာ ပိရမစ်များအတွင်း သင်္ဂြိုဟ်ထားသည့် ရှေးဘုရင်တို့၏ ဘုန်းသမ္ဘာသည် ကမ္ဘာတည်သရွေ့ ဩဇာအာဏာ တည်ရှိနေကြသည်ဟု ယုံကြည်ကြသည်။

ရှေးဘုရင်များ၏ ဂူသင်္ချိုင်းအဖြစ် သာမက ရှေးဦး ဘိုးဘွားတို့၏ နေအိမ်သို့မဟုတ် အထိမ်းအမှတ် အဆောက်အအုံအဖြစ်လည်း တင်စားကြသည်။

**ပိရမစ်တို့သည် နာမည်ကျော် ထုထည်များ၊ မဟာတံကြဲတဲ့ အတွင်း၌ လိုက်အာဏီး ပါဝင်ဖွဲ့စည်းလေ့ ရှိလေရာ ရှေးဦးလူသား ဘိုးဘေးတို့၏ ဝိညာဉ်များ ကျွန်ရှိနေရာ ဗိမာန် အဖြစ် ယူဆတတ်ကြသည်။ ကိုးကွယ်ပသမှု ဆိုင်ရာ ပုံသဏ္ဌာန်အဖြစ် အသုံးပြုကြသည်။**

အရှေ့တိုင်းဒေသ အထူးသဖြင့် တရုတ်ဓလေ့တွင်လည်း ပိရမစ်နှင့် ဆင်တူသည့် သုံးမြှောင့်ပုံသဏ္ဌာန်ကို လယ်သမားပြက္ခဒိန် ခုနစ်လခွဲ**(တရုတ်ပြက္ခဒိန် သတ္တမလ၏ (၁၅)ရက်နေ့)** တွင် ကျင်းပလေ့ရှိသော ကောက်ညှင်းပွဲတော်တွင် တွေ့မြင်နိုင်သည်။

သုံးနားညီတြိဂံလေးခု (အခြေတစ်ခုနှင့် ပတ်လည်သုံးခု)ဖြင့် ဖွဲ့စည်းထားသည့် ကောက်ညှင်းထုပ်များ ဖြစ်သည်။

ဒူးရင်းသီးခွံကို ပြာချ အရည်ဖျော်ထားသည့် ပြာရည်ကို ကောက်ညှင်းတွင် ရောနယ်ကာ ဝါးရွက်ဖြင့် သုံးထောင့်ချွန် ထုပ်ပိုးလျက် ပြုတ်ထားသော ကောက်ညှင်းထုပ်ဖြစ်သည်။

ထိုကောက်ညှင်းထုပ်ကို အဓိက ပါဝင်စေကာ အခြား ပူဇော်ဖွယ်ပစ္စည်းများနှင့် ဘိုးဘွားမိဘတို့အား ပူဇော်ပသလေ့ရှိကြသည်။

သုံးမြှောင့်ပုံ မျက်နှာပြင်များ စုစည်းထားလေရာ သုံးနှင့်သုံး ပေါင်းလျှင် မဝေးတော့ပြီဟူသည့် တရုတ်ဂဏိတဗေဒ ဆိုရိုးအရ မိမိတို့ ဂါရဝပြု ပူဇော်ပသမှုများကို တမလွန်ရှိ မိဘဘိုးဘွားတို့ထံ ဆိုက်မြိုက်စွာ ရောက်ရှိသည်ဟု ယုံကြည်ကြသည်။

အီဂျစ်တို့၏ ပိရမစ်များသည် ဂိုဇာမြေတြိဂံဆိုင်ရာ စနစ်ဖယားကျသော ပုံသဏ္ဌာန်ရှိသည့် ကျောက်တုံးများဖြင့် ပေါင်းစပ် တည်ဆောက်ထားခြင်း

**နှစ္ဆာရောင်ခြည်မဂ္ဂဇင်း ၂၀၀၃**

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။


ပိရမစ်ထိပ်အစွန်းကို စတည်မှတ် သို့မဟုတ် ပေါင်းဆုံခြင်းဟု အဓိပ္ပာယ် ဖွင့်လျက် ဖနီးမောင်နှံအချင်းချင်း၊ မိသားစုအချင်းချင်း သို့မဟုတ် အဖွဲ့ အစည်း တစ်ခုခုတွင် ပါဝင်သူများ အားလုံးတို့ တစ်စိတ်တစ်ဝမ်းတည်း ညီညွတ်စွာ ပေါင်းဆုံခြင်း၊ ကိုယ်စား သင်္ကေတအဖြစ်လည်း သုံးလေ့ရှိကြ သည်။

ကျောက်တုံးမှာ မြေဓာတ်သဘော ပင် ဆောင်သည်ဖြစ်ရာ ထာဝရ မကွဲ မကွာ အတူအမျှ ရှိခြင်းဟု ယူဆခြင်း ဖြစ်သည်။

အပေါ်ထိပ်ဆုံးမှတ်မှ အောက်ခြေ မြေပြင်သို့ စနစ်တကျ ပြန့်ကားလျက် ခိုင်မာသည့် အုတ်မြစ်သို့ ရောက်သည့် သဘောကိုလည်း ဆောင်ယူကာ သားစဉ်မြေးဆက်တိုင်အောင် စည်ကား ရှင်သန်ခြင်း သင်္ကေတအဖြစ်လည်း သုံးကြပေသည်။

လက်တွေ့သုံးနယ်ပယ်တွင် ကတ် ထူစက္ကူဖြင့် ပိရမစ် ပြုလုပ်၍ အလယ် ၌ ဘရိတ်ဓားကို ထားရာ သံချေးတက် ပျက်စီးခြင်းမရှိဘဲ ကြာရှည်ခံသည်ဆို၏။

## ကွင်နာရီ(Quinary)



ငါးခုပါအစု ဖြစ်သည်။ ပုံသဏ္ဌာန် အားဖြင့် ပဥ္စဂံ ငါးမြှောင့်ကြယ် စသည် တို့ဖြင့် ဖော်ပြလေ့ရှိကြသည်။ အလယ် ဗဟိုချက် အမှတ်ပါသော စတုရန်းပုံ ဖြင့်လည်း ဖော်ပြတတ်သည်။

ထို့အပြင် ခြေငါးချောင်း၊ လက်ငါး ချောင်း စသည်ဖြင့်လည်း အလျဉ်းသင့် သလို အသုံးပြု ဖော်ပြ၏။ ငါးခုရှိမှ ပြည့်စုံသော တစ်ခုခုကို သင်္ကေတထား ခြင်းဖြစ်သည်။ သဘာဝငါးမျိုး ပါဝင် သောအုပ်စုဖြစ်သည်။ **(Quinary = This is a group of five elements.)**

ရှေးယခင် ကာလများကပင် သုံးစွဲ ခဲ့ကြသော သင်္ကေတဖြစ်ကာ အင်္ဂလန်၊ ဥရောပမှ အစပြုလျက် အရှေ့ဖျားသို့ တိုင် ကျယ်ပြန့်စွာ ပျံ့နှံ့ရောက်ရှိခဲ့သည်။

ဘီစီ (၁၂)ရာစုမှ (၃)ရာစုအထိ ထွန်းကားခဲ့သော ရှိမန်လူမျိုးတို့၏ စစ်အင်အားချဲ့ထွင်မှုဆိုင်ရာ မြို့ပြ ယဉ်ကျေးမှုကာလတွင် **ပင်တာဂွန် (pentagon)** ပဥ္စဂံပုံကို လူသား၏ လက်နှစ်ဖက်၊ ခြေနှစ်ဖက်နှင့် ခန္ဓာ ကိုယ် စသည်ဖြင့် အင်္ဂါအစိတ်အပိုင်း ငါးခု ကိုယ်စားပြုသည်ဟု သတ်မှတ် ခဲ့ကြသည်။

ဤသည်ကား ရှေးခေတ်ကာလက ပင် ကွင်နာရီ(Quinary)ကို သင်္ကေတ အဖြစ်အသုံးပြုကြခြင်းပြယုဂ်ဖြစ်သည်။

**(Quinary ဝေါဟာရအတွက် မြန်မာပြန်ဆိုထားခြင်း မရှိသဖြင့် ကွင်နာရီ ဟူ၍ တိုက်ရိုက်မွေးစား ဝေါဟာရအဖြစ် သုံးနှုန်းပါသည်။)**

ကိုယ်ခန္ဓာ၊ လက်နှစ်ဖက်၊ ခြေနှစ်ဖက် ပြည့်စုံမှ လူသားဟူ၍ တည်ရှိသည် ဖြစ်ရာ စိတ်ပိုင်းဆိုင်ရာ ခံစားချက်ဖြစ် သော ချစ်ခြင်းမေတ္တာနှင့် ကျန်းမာ သန်စွမ်းခြင်း ဟူသည့် လူသားအတွက် အရေးပါသော လောကီမျက်နှာစာတို့ ကိုလည်း ကွင်နာရီအဖြစ် အမှတ် အသား ပြုကြလေသည်။

ကိုးကွယ်ယုံကြည်မှု ဘာသာရေး တွင်လည်း ကွင်နာရီ ပါဝင်လေ့ရှိ၏။ ဥပမာ မဟာမေဒင်ဘာသာဝင်တို့ အတွက် ဘာသာရေးဆိုင်ရာ ကျင့်ဝတ် ငါးရပ်၊ လျှို့ဝှက်နက်နဲသော ဂမ္ဘီရပညာ များအတွက် အဓိက သော့ချက်(၅)ခု ဘုရားသခင်အား နေ့စဉ် ဝတ်ပြုဆု တောင်းသူ(၅)ဦးနှင့် နေ့စဉ် ဝတ်ပြု ဆုတောင်းသင့်သည့် အကြိမ်(၅)ကြိမ် စသဖြင့် ရှိကြသည်။

အရှေ့ဖျားဒေသ တရုတ်ယဉ်ကျေးမှု နယ်ပယ်တွင်ကား ကွင်နာရီကို အထူး ပင် အလေးထားကြသည်။ ဝူယင်း ဓာတ်(၅)ပါး၊ ကမ္ဘာတည်ဓာတ်ကြီး ငါးပါး ဖြစ်လေသည်။ သစ်သားဓာတ်၊ မီးဓာတ်၊ မြေဓာတ်၊ သတ္တုဓာတ်နှင့် ရေဓာတ် ဟူ၍ ငါးမျိုးပါဝင်သည်။

ထိုဝူယင်းဓာတ်ငါးပါးသည် လူသား တို့၏ ဘဝနေမှုစိစစ်စဉ် အားလုံးသည် သဘာဝအတိုင်း စည်းဝါးနရီကိုက် ပြောင်းလဲ ဖြစ်တည်နေကြသည်။ အချင်းချင်း ပေါင်းစည်းဆက်စပ်ကာ အားပြိုင်နေကြသည်။ ထောက်ကူမှု လည်း ပေးကြသည်။

အချိန်ကာလအနေဖြင့် နှစ်၊ လ၊ ရက်၊ နာရီ အသီးသီးကို ထိုဓာတ် ငါးပါးက ခွဲဝေပိုင်ဆိုင်ထားကြသည်။ တရုတ်တို့၏ အချိန်ကာလညွှန်း သင်္ကေတဖြစ်သော **ထျဲန်းကန်း** (Tiān Gāng) ကောင်းကင်ပင်စည်နှင့် **တီကျိုးရှ်**(Dì Zhí) မြေလွှာခက်ဖြာများ ကိုလည်း ထိုဓာတ်ငါးပါးကပင် ခွဲဝေ ပိုင်စိုးသည်။

ဝူယင်းဓာတ်တစ်ခုစီတွင် ထိုက်ကျိ (Tài Jí)ဟုခေါ်သော အင်အားကြီး နှစ်ရပ်(ယင်းနှင့်ယန်း)လည်း ပါဝင်ဖွဲ့ စည်းထားသဖြင့် စုစုပေါင်း ဝူယင်း ဓာတ်(၁၀)ပါး (ယင်း(၅)ပါးနှင့် ယန်း (၅)ပါးတို့ဖြစ်၏။) ပါဝင်ကြပေသည်။

ထို့အပြင် ခန္ဓာကိုယ်တွင် အသည်း၊ အဆုတ်၊ နှလုံး၊ ကျောက်ကပ်နှင့် သရက်ရွက် ဟူသော ဝမ်းတွင်းအင်္ဂါ (၅)ပါးနှင့် သည်းခြေ၊ အူသိမ်၊ အစာ



www.burmeseclassic.com

www.burmeseclassic.com

အိမ်၊ အူမ၊ ဆီးအိမ် ဟူသည့် ဝမ်းမီး အင်္ဂါ(၅)ပါး။

**ကောင်းကင်ဂြိုဟ်(၅)လုံး** (ပဥ္စတာဂြိုဟ်ဟုခေါ်၏။) ကြာသပတေးဂြိုဟ်၊ အင်္ဂါဂြိုဟ်၊ ဗုဒ္ဓဟူးဂြိုဟ်၊ သောကြာဂြိုဟ်နှင့် စနေဂြိုဟ်။

ဂီတသံစဉ်ငါးမျိုးအဖြစ် ခြောက်သွယ်ညွှန့်၊ အောက်ပြန်၊ ပုလဲ၊ ညှင်းလုံး၊ ပြည်တော်ပြန် (မြန်မာ့စောင်းသံစဉ်ဖြင့် တိုက်ဆိုင်ပြန်ဆိုထားပါသည်။)

**ရောင်စဉ်ငါးမျိုး** = အစိမ်း၊ အနီ၊ အဝါ၊ အဖြူ၊ အနက်။

**အရပ်ညွှန်းနတ်မင်း (ဒိသာကာရက)ငါးပါး** = "ဆန်းလုံ"နဂါးစိမ်း၊ "ဖူနှံ့ဟွမ်း"ဖိုလ်ဝင်မီးငှက်၊ "ဟွမ်းလုံ"နဂါးဝါ၊ "ပိုင်းဟူ"ကျားဖြူ၊ "ရွှမ်းဂူ"စစ်သည်ညို။

**ပြောင်းလဲမှုဖြစ်စဉ်ငါးရပ်** = မွေးဖွားခြင်း၊ ကြီးပြင်းခြင်း၊ ပြောင်းလဲခြင်း(သေဆုံးခြင်း)၊ ရိတ်သိမ်းခြင်း၊ သိုလှောင်ခြင်း။

ထို့အပြင် **အနံ့ပြင်း ဟင်းခတ်အမွှေးပင်(၅)မျိုး**=ဝူဟွင်း(Wǔ Hūn)၊ **ပဥ္စသီလ**=ဝူကျဲ့(Wǔ Jiè)၊ **ဂန္ထဝင်ကျမ်းငါးစောင်** = ဝူကျင်း၊ **နီတိငါးရပ်**=ဝူလွန်း (**မင်းဘုရင်နှင့်မှူးမတ်ကြား၊ အဖေနှင့်သားအကြား၊ ညီအစ်ကိုကြား၊ လင်မယားကြား၊ မိတ်ဆွေများကြား လိုက်နာသင့်သည့် နီတိငါးရပ်။**)

ကောက်ပဲသီးနှံ(၅)မျိုး၊ အသား(၅)မျိုး၊ အဆိပ်ပြင်းသတ္တဝါ(၅)မျိုး စသည်များစွာသတ်မှတ်ထားကြလေသည်။


## မိုး

အခြေခံကျခြင်း၊ ပင်ကိုမူလကျခြင်းနှင့် ထင်သာမြင်သာရှိခြင်းတို့၏ သင်္ကေတဖြစ်သည်။ အရေးပါခြင်း၊ မြင့်မြတ်ခြင်းအနက်ဖြင့်လည်းသုံးကြသည်။

မိုးရေတွင် ကမ္ဘာမြေလောကအတွက် အရေးပါသည့် ရေပါဝင်ခြင်းကြောင့် လည်းကောင်း၊ ဝေဟင်အမြင့်မှ ကျဆင်းလာခြင်းကြောင့် လည်းကောင်း ထိုသို့ အနက်ဆောင် သုံးစွဲခြင်းဖြစ်သည်ဆို၏။

အင်္ဂလိပ်စာပေတွင်မူ အဆက်မပြတ် ကျဆင်း သက်ရောက်ခြင်းကို နိုင်းနှိုင်းသုံးနှုန်းသည်။ (The brave soldiers defied a rain of bullets.) ရဲရင့်သော စစ်သားများသည် အဆက်မပြတ် ကျဆင်းနေသည့် ကျည်ဆန်များကို ပမာမထားဘဲ ရင်ဆိုင်ခဲ့ကြသည်။(**ကျည်ဆန်မိုး ရွာနေသည်ဟူသောမြန်မာစကားနှင့်တူညီပါသည်။**)

## ထောင့်မှန်စတုဂံ



**တြာပီဇီယမ်(ဇလားပုံ)**

အိမ်ခန်းလွတ်၊ စားပွဲ၊ ခုတင် စသည် တစ်ခုခုဖြင့် ဖော်ပြတတ်ကြသည်။ ထောင့်မှန်စတုဂံပုံသည် "**အချိန်တိုင်း၊ နေရာတိုင်း**"ဟူသော အနက်ဆောင် သင်္ကေတဖြစ်သည်။

နှလုံးသားရေးမျက်နှာစာ၌ "အချိန်တိုင်းမှာ မင်းကို သတိရနေတယ်။ နေရာတိုင်းမှာ မင်း ရှိနေသယောင် ခံစားရတယ်" စသည်ဖြင့် ညွှန်းဆိုနိုင်သည်။

အကယ်၍ ထောင့်မှန်မကျဘဲ **တြာပီဇီယမ်(ဇလားပုံ)** ဖြစ်နေလျှင်ကား ဝမ်းနည်းကြေကွဲခြင်း အထိမ်းအမှတ်ဖြစ်၍ စိတ်အစဉ်၌ နက်ရှိုင်းစွာသောကပရိဒေဝမီး လောင်မြိုက်နေကြောင်း ဖော်ပြလေသည်။

## ဟူရျင်းဖီ

နယ်မှ စာဖတ်ပရိသတ်များသို့...

မိမိတို့ဒေသတွင်
အစိုးရ စာပို့တိုက်များနှင့်
ဆက်သွယ်၍ ရပါက
နကျွတ္တရောင်ခြည်မဂ္ဂဇင်းအား
မှာယူ နိုင်ပါသည်။
တန်ဖိုးပေးချေးယူစနစ်ဖြင့်
မှာကြားနိုင်ပါသည်။
နကျွတ္တရောင်ခြည် မဂ္ဂဇင်း
တစ်အုပ်လျှင် ၂၃၀၀ိ/ကျပ်
(နှစ်ထောင့်သုံးရာကျပ်နှုန်းဖြင့်)
မိမိတို့
လက်ဝယ် အရောက်
ပို့ဆောင်ပေးပါမည်။
(၃)လ၊ (၆)လ၊ (၉)လ
(၁၂)လ စသည့်
မိမိလိုသော လကို
ရေးသား၍
မှာကြားနိုင် ပါသည်။

မှာကြားရန် လိပ်စာ. . .
နကျွတ္တရောင်ခြည်မဂ္ဂဇင်းတိုက်
အမှတ် ၂၃၃၊ (၂၉)လမ်း၊
ပန်းဘဲတန်းစာတိုက်၊
ရန်ကုန်မြို့၊
ဖုန်း-၀၁ ၂၄၂၂၈၄



www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ ဧပြီလ (၁)ရက်မှ (၃၀)ရက်နေ့အထိ
ခုနှစ်ရက်သားသမီးများအတွက်

# ဟောစာတမ်း

ဆရာရောင်ခြည်

## တနင်္ဂနွေ

**စီးပွားရေး။** ။ အသင့်ချုပ်ပြီး အဝတ်အစားများ၊ အမျိုးသမီး အသုံးအဆောင်များ၊ အနုပညာလုပ်ငန်းများ၊ ခရီးသွားလာခြင်း လုပ်ငန်းများ၊ ယာဉ်ကားလုပ်ငန်းများ အဆင်ပြေ တိုးတက်အောင်မြင်မည်။ ကြီးမားသော အထည်ချုပ်လုပ်ငန်းကြီးများ အမြတ်နည်းမည်။

**ဝန်ထမ်းရေးရာ။** ။စက်ရုံ အလုပ်ရုံဆိုင်ရာ ဝန်ထမ်းများ အလုပ်တွင် အကြီးအကဲ၊ အုပ်စုခေါင်းဆောင်များနှင့် အဆင်မပြေ ဖြစ်ရတတ်သည်။

**အိမ်တွင်းရေး။** ။ အိမ်တွင်းရေးတွင် ငွေကြေးကိစ္စကြောင့် အဆင်မပြေမှု အနည်းငယ် ရှိနိုင်သည်။ မိသားတစ်စု မေတ္တာတရား ရှေ့ထား၍ ဆွေးနွေးညှိနှိုင်းလျှင် ပြီးပြောက်သွားပါလိမ့်မည်။

**အချစ်ရေး။** ။ အချစ်ရေးကတော့ အထွတ်အထိပ် အောင်မြင်နေသည်။ အချစ်နယ်ထက်လွန်၍ အိမ်ထောင်ရေးနယ်ထဲသို့ မဝင်ရောက်ပါနှင့်ဦး။

**ပညာရေး။** ။ ပညာရေးတွင် ကြိုးစားရပါမည်။ နိုင်ငံခြား ပညာသင်သွားရန် စီစဉ်ထားလျှင် အောင်မြင်မည်။

**ကျန်းမာရေး။** ။ ဦးခေါင်းမူးဝေခြင်း၊ ခေါင်းကိုက်ခြင်းဝေဒနာ ခံစားရတတ်သည်။ စိတ်ရောကိုယ်ပါ အနားယူပေးပါ။

**ဆောင်ရန်ရက်များ။** ။ ၃၊ ၅၊ ၈၊ ၁၁၊ ၁၃၊ ၁၆၊ ၁၉၊ ၂၁၊ ၂၄၊ ၂၇၊ ၂၉။

**ရှောင်ရန်ရက်များ။** ။ ၄၊ ၆၊ ၉၊ ၁၂၊ ၁၄၊ ၁၇၊ ၂၀၊ ၂၂၊ ၂၅၊ ၂၈၊ ၃၀။

**ထီထိုးရန်ရက်များ။** ။ ၂၊ ၅၊ ၇၊ ၁၀၊ ၁၃၊ ၁၅၊ ၁၈၊ ၂၁၊ ၂၃၊ ၂၆၊ ၂၉။

**ထီထိုးရန်ဂဏန်းများ။** ။ ၃၊ ၅၊ ၈၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ ။ ဘုန်းတော်ကြီးအား မုန့်ဟင်းခါးဖတ်လုပ် ဆက်ကပ်လှူဒါန်းပါ။

## တနင်္လာ

**စီးပွားရေး။** ။ ရွှေလုပ်ငန်း၊ ရွှေထည်ပစ္စည်းရောင်းဝယ်ရေး အကျိုးအမြတ်များမည်။ အိမ်အရောင်းအဝယ်လုပ်ငန်း၊ အကျိုးဆောင်လုပ်ငန်း၊ ရှေ့နေလုပ်ငန်းများ လုပ်ငန်းကောင်းမည်။ ပညာရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ အောင်မြင်မည်။

**ဝန်ထမ်းရေးရာ။** ။ မိမိလုပ်ငန်း၊ အလုပ်များကို နိုင်နိုင်နင်းနင်း လုပ်ကိုင်နိုင်မည်။ သက်ဆိုင်ရာလူကြီးများ၏ ကူညီအားပေးမှုကို ရရှိမည်။

**အိမ်တွင်းရေး။** ။ အိမ်တွင်းရေး အဆင်ပြေ သာယာမည်။ သားသမီးများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး ကောင်းမွန်မည်။

**အချစ်ရေး။** ။ အချစ်ရေးတွင် စိတ်ညစ်စရာ၊ စိတ်ပျက်စရာ ကြုံရလျှင် စိတ်ပျက်အားငယ်မနေပါနှင့်။ လူကြီးမိဘများကြောင့် ပြန်လည် အဆင်ပြေသွားမည်။

**ပညာရေး။** ။ ပညာရေး ကံဇာတာတက်နေသောကာလ ဖြစ်ပါသည်။ ချစ်သူရှိသူများ အချစ်ရေး အဆင်မပြေ၍ ပညာရေးကို ထိခိုက်နိုင်ပါသည်။

**ကျန်းမာရေး။** ။ သည်းခြေနာ ဖြစ်တတ်သည်။ ထိတ်လန့်ခြင်း၊ သတိမေ့ခြင်း၊ တက်ခြင်း ဖြစ်တတ်၍ သည်းခြေဆေးများကို (သမားတော်နှင့်ပြသ၍) ကြိုတင်ကုသပါ။ ဆေးစားပါ။

**ဆောင်ရန်ရက်များ။** ။ ၂၊ ၅၊ ၈၊ ၁၀၊ ၁၃၊ ၁၆၊ ၁၈၊ ၂၁၊ ၂၄၊ ၂၆၊ ၂၈၊ ၂၉။

**ရှောင်ရန်ရက်များ။** ။ ၃၊ ၆၊ ၉၊ ၁၁၊ ၁၄၊ ၁၇၊ ၁၉၊ ၂၂၊ ၂၅၊ ၂၇၊ ၃၀။

**ထီထိုးရန်ရက်များ။** ။ ၄၊ ၇၊ ၁၀၊ ၁၂၊ ၁၅၊ ၁၈၊ ၂၀၊ ၂၃၊ ၂၆၊ ၂၈၊ ၃၁။

**ထီထိုးရန်ဂဏန်းများ။** ။ ၂၊ ၅၊ ၈၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ ဆောင်ရွက်ရန်၊ ပြောဆို... ကိစ္စရှိလျှင် သဘော်သီးမှည့်ကို စားသွားပါ။



## အင်္ဂါ

**စီးပွားရေး။** ။ငွေထည်လုပ်ငန်းများ၊ ငွေကြေး ရောင်းဝယ်ရေးလုပ်ငန်းများ အကျိုးအမြတ်များမည်။ ယာဉ်ကား လုပ်ငန်းများ အရောင်းအဝယ် ကောင်းမည်။ ဆန်စပါး လုပ်ငန်းများ၊ စားသုံးဆီ၊ စက်သုံးဆီများ လုပ်ငန်းကောင်းမည်။

**ဝန်ထမ်းရေးရာ။** ။ဝန်ထမ်းများ လုပ်ငန်းအတွင်း အဆင်ပြေမည်။

**အိမ်တွင်းရေး။** ။ သားသမီးကိစ္စကြောင့် သို့မဟုတ် သားသမီး၏ ကျန်းမာရေးကြောင့် စိတ်ပူပန်ရမည်။

**အချစ်ရေး။** ။ ချစ်သူ မရှိသေးသူများ ချစ်သူရရှိလိမ့်မည်။ ရုပ်ချောပြီး ငွေကြေးဥစ္စာ ပြည့်စုံသူဖြစ်မည်။ ချစ်ခင်ရင်းနှီးသော သူငယ်ချင်းထဲမှ ဖြစ်မည်။

**ပညာရေး။** ။ခင်မင်ရင်းနှီးသော မိတ်ဆွေများ၏ ကူညီအားပေးမှုကြောင့် ပညာရေးတွင် အောင်မြင်မှုရရှိမည်။

**ကျန်းမာရေး။** ။ လေထိုးလေအောင့်ရောဂါ ဖြစ်တတ်သည်။ လေမ... အောင် သတိထား စားသောက်ပါ။

**ဆောင်ရန်ရက်များ။** ။ ၃၊ ၆၊ ၈၊ ၁၁၊ ၁၄၊ ၁၆၊ ၁၉၊ ၂၂၊ ၂၄၊ ၂၇၊ ၃...

**ရှောင်ရန်ရက်များ။** ။ ၄၊ ၇၊ ၉၊ ၁၂၊ ၁၅၊ ၁၇၊ ၂၀၊ ၂၃၊ ၂၅၊ ၂၈၊ ၂...

**ထီထိုးရန်ရက်များ။** ။ ၂၊ ၅၊ ၈၊ ၁၀၊ ၁၃၊ ၁၆၊ ၁၈၊ ၂၁၊ ၂၄၊ ၂၆၊ ၃...

**ထီထိုးရန်ဂဏန်းများ။** ။ ၃၊ ၆၊ ၈၊ ၀ ဂဏန်းများများပါအော... ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ လုပ်ဆောင်ရန်၊ ပြောဆိုရန်၊ ယှဉ်ပြိုင်ရန် ကိစ္စ... နွားနို့တစ်ခွက်ကို သကြားထည့်သောက်သွားပါ။

## ဗုဒ္ဓဟူး

**စီးပွားရေး။** ။ လျှပ်စစ်ဆိုင်ရာ လုပ်ငန်းများ၊ လျှပ်စစ်ပစ္စည်း... ပလတ်စတစ်ပစ္စည်းများ ရောင်းဝယ်ရေး အမြတ်များမည်။ ထီလုပ်... အကျိုးဖြစ်ထွန်းမည်။ အိမ်၊ အိမ်ခန်း၊ တိုက်ခန်း အရောင်းအဝ... ကောင်းမည်။ အမြတ်ရမည်။

**ဝန်ထမ်းရေးရာ။** ။ မိမိထမ်းဆောင်နေရသော တာဝန်များ၊ လုပ်... များ၊ အလုပ်များ အောင်မြင်၍ သက်ဆိုင်ရာ လူကြီးများ၏ ချီးကျူး... ခံရမည်။

**အိမ်တွင်းရေး။** ။ အိမ်တွင်းရေး အဆင်ပြေ သာယာမည်။ စီးပွား... လုပ်သော သားသမီးများ စီးပွားရေးလုပ်ငန်းများ အောင်မြင်...

www.burmeseclassic.com







**အချစ်ရေး**။ ။ ချစ်သူ၏ အထင်မြင်လွဲခြင်းကို ခံရတတ်သည်။ မင်္ဂလာပွဲ ကျင်းပရန် မကြံစည်ပါနှင့်ဦး။
**ပညာရေး**။ ။ ပညာရပ်ဆိုင်ရာ သင်တန်းများ တက်လိုက တက်နိုင်ပါသည်။ အခြေအနေ ကောင်းပါသည်။
**ကျန်းမာရေး**။ ။ အကြောတက်ခြင်း၊ အကြောနာကျင်ခြင်းတို့ ဖြစ်တတ်သည်။
**ဆောင်ရန်ရက်များ**။ ။ ၂၊ ၄၊ ၇၊ ၉၊ ၁၁၊ ၁၄၊ ၁၆၊ ၁၈၊ ၂၁၊ ၂၃၊ ၂၅၊ ၂၈၊ ၃၀။
**ရှောင်ရန်ရက်များ**။ ။ ၃၊ ၅၊ ၈၊ ၁၀၊ ၁၂၊ ၁၅၊ ၁၇၊ ၁၉၊ ၂၂၊ ၂၄၊ ၂၆၊ ၂၉။
**ထီထိုးရန်ရက်များ**။ ။ ၄၊ ၆၊ ၉၊ ၁၃၊ ၁၆၊ ၂၀၊ ၂၃၊ ၂၅၊ ၂၇၊ ၃၀။
**ထီထိုးရန်ဂဏန်းများ**။ ။ ၂၊ ၄၊ ၇၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။
**အဆောင်သတြော**။ ။ ဆောင်ရွက်ရန်၊ ပြောဆိုရန် ကိစ္စတစ်ခုခုရှိလျှင် "အောင်" ကပ်တော်ပါသော ဘုရားတစ်ဆူဆူတွင် ရေသပ္ပာယ်ပေးပါ။

## ကြာသပတေး

**စီးပွားရေး**။ ။ ပညာရေး ဝန်ဆောင်မှုလုပ်ငန်းများ၊ မြေယာ ရောင်းဝယ်ရေးလုပ်ငန်းများ၊ ပညာရေးဆိုင်ရာ သင်တန်းများ၊ အတတ်ပညာဆိုင်ရာသင်တန်းများ အောင်မြင်မည်။ အမျိုးသမီး အသုံးအဆောင်ပစ္စည်းများ အမြတ်များမည်။
**ဝန်ထမ်းရေးရာ**။ ။ ဝန်ထမ်းများ ခရီးထွက်ရမည်။ ဂုဏ်သိက္ခာကျမည့် အလုပ် မလုပ်မိဖို့ သတိထားပါ။
**အိမ်တွင်းရေး**။ ။ အိမ်တွင်းရေး ပုံမှန်ဖြစ်နေပါသည်။ သားသမီးများ ပညာရေးတွင် ကောင်းပါသည်။
**အချစ်ရေး**။ ။ ချစ်သူ မရှိသေးသူများ ချစ်သူတွေ့မည်။ မင်္ဂလာပွဲ ပြုလုပ်လိုက ပြုလုပ်နိုင်သောကာလ ဖြစ်ပါသည်။
**ပညာရေး**။ ။ ပညာရေးကံဇာတာ တက်နေသောကာလဖြစ်သည်။ စာမေးပွဲများရှိလျှင် ဖြေဆိုပါ။ အောင်မြင်မည်။
**ကျန်းမာရေး**။ ။ ဒူးနာခါးနာ ဖြစ်တတ်သည်။ အလေးအပင်များ မ,မပါနှင့်။
**ဆောင်ရန်ရက်များ**။ ။ ၂၊ ၅၊ ၇၊ ၉၊ ၁၂၊ ၁၄၊ ၁၆၊ ၁၉၊ ၂၁၊ ၂၃၊ ၂၆၊ ၂၈။
**ရှောင်ရန်ရက်များ**။ ။ ၃၊ ၆၊ ၈၊ ၁၀၊ ၁၃၊ ၁၅၊ ၁၇၊ ၂၀၊ ၂၂၊ ၂၄၊ ၂၇၊ ၂၉။
**ထီထိုးရန်ရက်များ**။ ။ ၄၊ ၇၊ ၁၁၊ ၁၄၊ ၁၈၊ ၂၁၊ ၂၅၊ ၂၈၊ ၃၀။
**ထီထိုးရန်ဂဏန်းများ**။ ။ ၂၊ ၅၊ ၇၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။
**အဆောင်သတြော**။ ။ ကိစ္စရှိလျှင်၊ ပြောရန်ဆိုရန်ရှိလျှင်၊ အပြိုင်အဆိုင်ရှိလျှင် ဆိတ်သားကင် (သို့မဟုတ်) ဆိတ်သားကြော် စားသွားပါ။

## သောကြာ

**စီးပွားရေး**။ ။ ဆေးဝါးထုတ်လုပ်ရေး၊ ဆေးဝါးရောင်းဝယ်ရေး၊ ဆန်စပါး ရောင်းဝယ်ရေးလုပ်ငန်းများ အကျိုးအမြတ်များမည်။ ရွှေလုပ်ငန်း၊ စိန်ရွှေရတနာလုပ်ငန်းများ အရောင်းအဝယ်ကောင်းမည်။ ထင်တာထက် ပို၍ အမြတ်ငွေများမည်။
**ဝန်ထမ်းရေးရာ**။ ။ ဌာနတွင်း လုပ်ငန်းထက် ပြင်ပလုပ်ငန်း ပိုလုပ်ရမည်။
**အိမ်တွင်းရေး**။ ။ သားသမီးများ၏ အလုပ်အကိုင်၊ လုပ်ငန်းအတွက် ဆောင်ရွက်ပေးရလိမ့်မည်။ မိသားတစ်စု ပျော်ရွှင်ရပါမည်။
**အချစ်ရေး**။ ။ ချစ်နေရုံနှင့် မပြီးပါ။ ချစ်လည်းချစ်ပါ။ ဘဝရေးရေးကိုလည်း ထည့်သွင်းစဉ်းစားပါ။
**ပညာရေး**။ ။ ပညာရေးကို အာရုံစိုက်၍ ကြိုးစားပါ။ အချစ်ရေးကြောင့် ပညာရေးကို မထိခိုက်ပါစေနှင့်။
**ကျန်းမာရေး**။ ။ ဖျားနာတတ်သည်။ အအေးမမိပါစေနှင့်။ နေပူထဲမှ ပြန်လာလာချင်း ရေမချိုးပါနှင့်။
**ဆောင်ရန်ရက်များ**။ ။ ၃၊ ၅၊ ၇၊ ၁၀၊ ၁၂၊ ၁၄၊ ၁၇၊ ၁၉၊ ၂၁၊ ၂၄၊ ၂၆၊ ၂၈၊ ၃၀။
**ရှောင်ရန်ရက်များ**။ ။ ၄၊ ၆၊ ၈၊ ၁၁၊ ၁၃၊ ၁၅၊ ၁၈၊ ၂၀၊ ၂၂၊ ၂၅၊ ၂၇၊ ၂၉။
**ထီထိုးရန်ရက်များ**။ ။ ၅၊ ၉၊ ၁၄၊ ၁၆၊ ၁၉၊ ၂၃၊ ၂၆၊ ၃၀။
**ထီထိုးရန်ဂဏန်းများ**။ ။ ၃၊ ၅၊ ၇၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။
**အဆောင်သတြော**။ ။ ဆောင်ရွက်ရန် ကိစ္စတစ်ခုခုရှိလျှင်၊ ပြောဆိုရန် ကိစ္စရှိလျှင် ဆီးချိုသီး(၃)လုံး စားသွားပါ။

## စနေ

**စီးပွားရေး**။ ။ အလုပ်အကိုင်များ ကောင်းမွန်မည်။ အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းများ၊ အိမ်ခန်းများ ရောင်းဝယ်ရေးလုပ်ငန်းများ အရောင်းအဝယ်ကောင်းမည်။ ငွေကြေး ရောင်းဝယ်လဲလှယ်ရေးလုပ်ငန်းများ အမြတ်များများရမည်။
**ဝန်ထမ်းရေးရာ**။ ။ လုပ်ငန်းများ အောင်မြင်ပြီးစီးမည်။ အထက်အရာရှိများ၊ လူကြီးများနှင့် ဆက်ဆံရေးကောင်းမွန်မည်။
**အိမ်တွင်းရေး**။ ။ အိမ်တွင်းရေး သာယာမည်။ ငွေကြေးလည်း ပြည့်စုံ၍ ဆန္ဒရှိသမျှ ဆောင်ရွက်နိုင်လိမ့်မည်။ သားသမီး နိုင်ငံခြားခရီး အဆင်ပြေမည်။
**အချစ်ရေး**။ ။ ငွေကြေးလည်း အဆင်ပြေမည်။ လူကြီးမိဘများကလည်း သဘောတူမည်။ ချစ်လျက်သာ နေပါဦး။ အိမ်ထောင်ရေး မစဉ်းစားသင့်သေးပါ။
**ပညာရေး**။ ။ ပညာရေး ကံဇာတာတက်ချိန် ဖြစ်သည်။ စာမေးပွဲများရှိလျှင် ရဲရဲဝံ့ဝံ့ ဖြေဆိုပါ။ သင်တန်းများ တက်လိုလျှင်တက်ပါ။
**ကျန်းမာရေး**။ ။ စိတ်ရှုပ်စရာလေးများ ပေါ်လာလျှင် စိတ်အပန်းဖြေပေးပါ။
**ဆောင်ရန်ရက်များ**။ ။ ၂၊ ၅၊ ၉၊ ၁၁၊ ၁၄၊ ၁၈၊ ၂၀၊ ၂၃၊ ၂၇၊ ၃၀။
**ရှောင်ရန်ရက်များ**။ ။ ၃၊ ၆၊ ၁၀၊ ၁၂၊ ၁၅၊ ၁၉၊ ၂၁၊ ၂၄၊ ၂၈၊ ၂၉။
**ထီထိုးရန်ရက်များ**။ ။ ၄၊ ၇၊ ၈၊ ၁၃၊ ၁၆၊ ၁၇၊ ၂၂၊ ၂၅၊ ၂၆၊ ၃၀။
**ထီထိုးရန်ဂဏန်းများ**။ ။ ၂၊ ၄၊ ၅၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။
**အဆောင်သတြော**။ ။ ဆောင်ရွက်၊ ပြောဆို၊ ယှဉ်ပြိုင်ရန်ကိစ္စရှိလျှင် "ဆေဗာ" (သို့မဟုတ်) "မြေပဲဆေဗာ"ကို (၄)ချောင်းကုန်အောင် စားပြီးမှ ဆောင်ရွက်ပါ။

*ကျန်းမာ ချမ်းသာပါစေ*

**ဆရာ ရောင်ခြည်**




www.burmeseclassic.com

www.burmeseclassic.com

ရင်ကျပ်ပန်းနာ

# လေဖြတ်တာ

ပျောက်မှာ ဤဆေးနည်း



၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ (၃)ရက်၊ နေ့ခင်းအချိန်။

'ပျားရည်ပါတယ်၊ ပျားရည်ပါတယ်'

'ဆရာမကြီး အခု ပျားရည်က တန်ဆောင်မုန်းလမှာရတဲ့ ပျားရည်ဆို တော့ တောထဲမှာ ပန်းပေါင်းစုံ ပွင့်နေကြလို့ ဆေးဖက်ဝင်တယ်။ ဆေးဖော်ရင် ကောင်းတယ်ဗျ'

စာရေးသူ၏ ဇနီးဖြစ်သူနှင့် အညာသား မြေးအဘိုးနှစ်ယောက်တို့ အပြန်အလှန် အချီအချ ပြောနေကြခြင်း ဖြစ်ပါသည်။

ယခု ပျားရည်လာရောင်းသည့် နေ့ရက်သည် တန်ဆောင်မုန်းလ လွန်မြောက်လို့ နတ်တော်လပင် ဆန်းနေပါပြီ။ ဤနေ့၊ ဤရက်၊ ဤအခါမျိုးတွင် ရရှိသော ပျားရည်မှာ ကောင်းမှန်း သိပါသည်။

ငယ်စဉ်က မိမိတို့ ညီအစ်ကိုနှစ်ယောက်မှာ မိုးနံ့ချုံများအတွင်းမှ ပျားအုံများကို ရှာဖွေဖွပ်ယူပြီး စားခဲ့ဖူးကြသဖြင့် ပျားရည်အစစ်၏ အနံ့အရသာကို ကောင်းစွာ သိခဲ့ကြသည်။

ရင်းနှီးနေပြီဖြစ်သော ဈေးသည်မှ ဆက်လက်၍ မိမိအား...

'ဆရာကြီး ပျားရည်ရဲ့ ဆေးဖက်ဝင်အသုံးကို ပြောပြရဦးမယ် ကိုယ်တွေ့ပါ။ ဒီဆေးနည်းကို ပေးခဲ့လို့ ဝေဒနာ သက်သာ ပျောက်ကင်းခဲ့ရသူတွေ မနည်းတော့ဘူး။ ရင်ကျပ်ပန်းနာ ကောင်းတဲ့ ဆေးနည်းပါ။ ဆေးနည်းကတော့...

(၁) တောရှောက်သီး (ရှောက်ခါးသီး / ရှောက်နူသီး) (၅)လုံး ပါးပါးလှီးထည့်။

(၂) ဇာတိပ္ပိုလ်သီး (၁)လုံးကို ပီးပြ (အနည်းငယ်လှော်) အမှုန့်ထောင်းထည့်။

(၃) စမုန်ပျိုးပါးပါးကို (၅)ကျပ်သား ထောင်းထည့်။

(၄) ဆား (၁)ကျပ်သားကို လှော်၍ထည့်။

(၅) ပျားရည်စစ်စစ် (၁)ပုလင်း လောင်းထည့်။

ဖော်ပြပါ ဆေးအမည် (၅)မျိုးကို လေးထောင့်ဖန်ပုလင်းတွင်ထည့်၊ အဖုံးပိတ်ပြီး နေပြင်းပြင်းတွင် (၇)ရက်ထား။ တစ်နေ့ကို လက်ဖက်ရည်ဇွန်းနဲ့ တစ်ဇွန်းကျစီ၊ နံနက် တစ်ကြိမ်၊ ည တစ်ကြိမ် ရေအေးနဲ့ သောက်ပေတော့၊

ပန်းနာရင်ကျပ်အတွက် အလွန်ကောင်းတဲ့ ဆေးတစ်လက်ပါ။ နှလုံးသွေးတိုးအတွက်လဲ ကောင်းတယ်၊ လေဖြတ်တာကိုတော့ အထူးကောင်းတဲ့ဆေးပါ။ ကျုပ် လက်တွေ့ ကိုယ်တွေ့မို့ ပြောတာပါ။

နောက်ထပ် ကိုယ်တွေ့ဆေးတစ်ခု ပြောပြမယ်၊ ကျုပ်အမေ အခု အသက် (၉၂)နှစ်ရှိပြီ။ အရင်က ဆီးချိုရောဂါ စွဲကပ်နေလို့ သံပရာရည်ထဲ ပျားရည်သင့်သလောက်ထည့်ပြီး နံနက် စတီး (၁)ဇွန်း၊ ည လက်ဖက်ရည်(၁)ဇွန်း မှန်မှန် သောက်ပေးတာ ဆီးချိုရောဂါ သက်သာပျောက်ကင်းသွားလို့ အခု အသက် (၉၂)နှစ်မှာ ကျန်းကျန်းမာမာ ရှိနေတယ်။ **ပျားရည်ကိုတော့ အချိုလွန်အောင် မထည့်မိအောင် လျှော့ထည့်ပေါ့ ဆရာကြီးရယ်'**

ဤတွင် မိမိမှ...

'ဒါဆို နာမည်လေးလဲ ပြောပါဦး။ ဘယ်အရပ် ဘယ်ဒေသကလဲ ဆိုတာကို သိချင်ပါတယ်၊ ပြီးရင် ဒီဆေးနည်းနဲ့ တစ်နိုင်ငံလုံးမှာရှိကြသူ ဝေဒနာရှင်တွေ ပျောက်ကင်းချမ်းသာစေကြဖို့ ကျွန်တော် ရေးပို့နေကျဖြစ်တဲ့ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်ကို ဆေးနည်း ပို့ခွင့်ပြုပါ'

'ရေးပို့နိုင်ပါတယ်။ ကျုပ်နာမည်က **ဦးမြသိန်း၊ ကြာသသပတေးသား။ နေရပ်က ကျောက် ပန်းတောင်းမြို့နယ်အပိုင် ကျောက်တံခါးမြောက်ရွာကပါ။** ရွာကြီးပါ'

ဈေးသည်မှာ ပြောပြရတာ အားခြောက်သွားသဖြင့် ရေအေးတစ်ခွက်တောင်းသောက်ပြီး၊ နှုတ်ဆက်လျက် အိမ်ထဲမှ ထွက်ခွာသွားပါတော့သည်။

သို့ဖြစ်၍ ဆေးနည်းဒါနတစ်ခုအား မေတ္တာ စေတနာ ရှေ့ထား၍ ရေးသား တင်ပြလိုက်ရပါသည်။

***သဗ္ဗေသတ္တာ အရောဂါ ဟောန္တု***

***ထွန်းငွေ (အမတ၊ ၂၄၁၄ တံတားဦး၊ သန်လျင်)***



www.burmeseclassic.com

www.burmeseclassic.com

# အချစ်ရေး

## ကံကောင်းပါ့မလား




ကြည့်ပါ။

**(A.A)အရ...**

ကံတရားက မျက်နှာသာပေးထားကြောင်း သိနိုင်ပါတယ်။ တနင်္လာထီးရိုးဖြစ်တဲ့အတွက်...

ကံကောင်းခြင်း၊ စန်းပွင့်ခြင်း၊ လူချစ်လူခင် ပေါခြင်း၊ ကူညီမစသူများခြင်း၊ ကောင်းသတင်းကျော်ခြင်းကို ဖြစ်စေပါတယ်။

**(B.B)အရ...**

ဂုဏ်သိက္ခာမကျခြင်း၊ ဘဝအခြေအနေ တိုးတက်မြင့်မားနိုင်ခြင်း၊ အခွင့်အရေးကောင်းများ ကြုံရခြင်းတို့ ဖြစ်စေပါတယ်။ ကြာသပတေးဂြိုဟ်ခုံပေါ်က မှည့်မတ်လေးက ကောင်းစားခြင်း၊ အလိုဆန္ဒပြည့်ဝစေခြင်းများကို ဖြစ်စေပါတယ်။

**(C.C)အရ...**

လက်ညှိုးဖြောင့်တန်းပြီး အားကောင်းတဲ့အတွက် ရိုးသားဖြူစင်တဲ့ စရိုက်ကို သိစေပါတယ်။

**(D.D)အရ...**

လက်သန်းစုံမိတဲ့အတွက် ဆင်ခြင်တုံအားကောင်းခြင်း၊ အကင်းပါးခြင်း ဖြူစင်တဲ့စိတ် ထားရှိခြင်းတို့ကို ဖြစ်စေပါတယ်။

ဒါတွေကို ခြုံငုံသုံးသပ်ရင်တော့ သိနိုင်လောက်ပါပြီ။

***အေးပါစေ၊ အောင်ပါစေ။***

**သန်းပညာ**



www.burmeseclassic.com

www.burmeseclassic.com

ကောင်းမြတ်ထွန်း
(ယာသိဘ)

မြန်မာ့

# သက်ခတ်တတ်တ



[ ၁ ]

'ဦးလေး ဦးလှရှိန်'

'ဟဲ့ ဘယ်သူလဲ'

'မြမေ... မြမေပါ ဦးလေးရဲ့ သပြုဆိပ်ကလေ'

'ဩော်... ဘယ်သူများလဲလို့၊ နေ့ခင်းကြောင်တောင် နေကပူသနဲ့ အဖော်ကော မပါဘူးလား။ လာ... လာ... အိမ်ပေါ်တက်၊ မကြည်သိန်း နေရာပေးလိုက်ပါကွာ'

ဦးလှရှိန်၏ ပြောစကားကြောင့် မကြည်သိန်းက မမြမေအား ဖျာခင်းပေးပြီး...

''မမြမေ ရေနွေးသောက်''ဟု ဆိုကာ ရေနွေးအိုးအား တိုး၍ ပေးလိုက်ပါသည်။

မမြမေက ခင်းပေးသော ဖျာပေါ်တွင် ကျုံ့ကျုံ့ထိုင်လိုက်ကာ ချွေးများကို မျက်နှာသုတ်ပဝါဖြင့် သုတ်ပြီး...

'ဦးလေးနဲ့ တွေ့မှ တွေ့ပါ့မလားလို့ စိတ်ပူလာတာ တွေ့လို့ တော်ပါသေးတယ်'

'ဟဲ့... ဘာတွေ အရေးကြီးနေလို့လဲ ဟဲ့'

'မေမေ နေမကောင်းတာ တစ်လခွဲလောက်ကြာပြီ။ အဲဒါ ဦးလေး ဓာတ်စာတွက်ပေးပါဦး ဦးလေးရဲ့'

'တခြားမှာ မပြဘူးလား'

'ပြပါတယ်... ဒါပေမယ့် မရဘူး'

'ကဲ...ကဲ ထားပါတော့၊ ရေနွေးသောက်ဦး။ မကြည်သိန်းရေ... ငါ့စာအုပ်နဲ့ မင်ချောင်းပေးပါဦး'

ဟု ဦးလှရှိန်က ပြောသဖြင့် မကြည်သိန်းက စာအုပ်,ဘောလ်ပင်တို့ကို ယူ၍ ဦးလှရှိန်အား ပေးပါသည်။

'အသက် ဘယ်လောက်ရှိပြီလဲ'

'အသက်...'

ထိုအချိန်တွင် မလှမေ ရောက်လာပါသည်။

'ဩော်... မလှမေလဲ ပါလာတာကိုး'

'ဟုတ်ကဲ့ ဦးလေး၊ မေမေ့အသက်က (၆၆)နှစ်ရှိပြီ'

မလှမေက တစ်ဆက်တည်း အသက်ကို ပြောပါသည်။

'ဩော်... အေး...အေး ရေနွေးသောက်ကြ။ ငါ တွက်ကြည့်လိုက်ဦးမယ်။ ဒီနေ့ပဲ ပြန်ကြမှာလား'

'ဟုတ်ကဲ့ ဦးလေး'

သပြုဆိပ်ရွာနှင့် သစ်ဖြူကွင်းကျေးရွာမှာ သိပ်ပြီး မဝေးလှပါ။ (၅)မိုင်၊ (၆)မိုင်ခန့်သာ ဝေးပါသည်။ ထို့ကြောင့် (၁)နာရီခွဲ၊ (၂)နာရီလောက် သွားလျှင် ရောက်ပါသည်။

မမြမေ၊ မလှမေတို့မှာ မကြည်သိန်း၏ တူမဝမ်းကွဲများ ဖြစ်ကြပါသည်။

ဦးလှရှိန်မှာ ဓာတ်စာအတွက် တွက်ချက်ပြီး...

'ရောဂါအခြေအနေကို ငါ စစ်ကြည့်မယ်၊ ငါမေးတာကို အမှန်အမှား ဖြေရမယ်'

'ဟုတ်ကဲ့ ဦးလေး'

'သူ့ရဲ့ ဝမ်းမှာ လေပွသလား'

မမြမေက စဉ်းစားပြီးနေစဉ် မလှမေက...

'ဟုတ်တယ် ဦးလေး၊ လေပွပါတယ်'

'အင်း...ဒီလိုဆိုရင် အပူကော အားကြီးမှာပေါ့'

မမြမေရော မလှမေပါ မပြောတတ်သလို ဖြစ်နေပါသည်။

'ကဲ...ကဲ ဒီလိုဆိုရင် အာပုပ်ရမယ်၊ မျက်စိနီရမယ်။ ဘယ်နှယ့်လဲ ဟုတ်လား'

'အဲဒါတော့ ဟုတ်ပါတယ် ဦးလေး'

မမြမေက ဖြေပါသည်။ မမြမေက ပင် ဆက်လက်၍...

'ခြေသလိပ်တွေလဲ ထတယ်။ အမြဲလိုလို မူးနေတယ်။ အခုလဲ မူးပြီး ကျန်ရစ်ခဲ့တယ်။ သတိတောင် မေ့ တစ်ချက်၊ ရတစ်ချက်မျိုး ဖြစ်ပြီး မူး နေတယ်'

ဟု ပြောပါသည်။

'အေး...အဲဒါ သွေးသည်းခြေချုပ်





www.burmeseclassic.com

www.burmeseclassic.com

ပြီး ငန်းအေးဖြစ်နေတာ၊ သွေးငန်းလို့လဲ ခေါ်တယ်။

သူက (၃)ကြွင်းတော့ တေဇောအပူကလဲ အားကြီးတာပေါ့။ ကဲ...ဒီလိုဆိုရင် သမီးတို့ရွာကို အချိန်မီပြန်ကြ။ ဒီက ဦးလေး ဓာတ်စာရေးပေးလိုက်မယ် ဟုတ်လား။ ဦးလေးတို့ မနက်ဖြန်ဆက်ဆက်လာခဲ့မယ်'

'ဟုတ်ကဲ့'

'ဓာတ်စာက သမီးတို့ အိမ်ကိုရောက်ရောက်ချင်း ကောက်ညှင်းငချိပ်၊ ကောက်ညှင်းအဖြူ မပါစေရဘူး၊ ဆန်လဲ မရောရဘူး။ ကောက်ညှင်းငချိပ်သီးသန့် မုန့်ဆီကြော်ကြော်ပြီး တဝကျွေးရမယ် ဟုတ်လား။

ကျန်တဲ့ သင့်လျော်တဲ့ ဓာတ်စာနဲ့မသင့်လျော်တဲ့ဓာတ်စာကို ဦးလေးလာမှ ပြောပြမယ် ဟုတ်လား။

အခုပဲ ပြန်ကြ၊ ဒီက သားကိုရွာထိအောင် လှည်းနဲ့ လိုက်ပို့ခိုင်းလိုက်မယ်'

ဟု ဦးလှရှိန်က ပြောပါသည်။

'နေပါစေ ဦးလေး၊ ကျွန်မတို့ လှည်းကြုံရှိပါတယ်။ အခုပဲ ပြန်ပါ့မယ်။ မနက်ဖြန် ဦးလေးရော ဒေါ်လေးပါ လာမယ် မဟုတ်လား'

'လာမယ် လာမယ်'

ဟု မကြည်သိန်းက ပြောပါသည်။

ထိုအချိန်မှာပင်လျှင် သူမတို့စီးရန်လှည်းကြုံသည် အိမ်ရှေ့သို့ ရောက်လာလေသည်။

မမြမေက ဦးလှရှိန်အား ငွေ(၃၀၀၀) ကျပ်လှူပြီး ညီအစ်မနှစ်ယောက်လှည်းရှိရာသို့ အပြေးကလေး ဆင်းသွားကြလေသည်။

'မနက်ဖြန် စောစောလာခဲ့မယ်။ မုန့်ဆီကြော်ကို ကြော်ပြီး တဝကျွေး



ဟုတ်လား'

'ဟုတ်ကဲ့ ဦးလေး'

ဟု ဆိုကာ လှည်းပေါ်သို့ တက်လိုက်ပါသည်။ လှည်းမောင်းသူက နွားကို ကြိမ်တို့လိုက်ပါသည်။ နွားလှည်းသည် ချက်ချင်းပင် ထွက်ခွာသွားပါတော့သည်။

[ ၂ ]

ဦးလှရှိန်နှင့် မကြည်သိန်းတို့သည် သပြုဆိပ် မမြမေတို့၏အိမ်သို့ (၇)နာရီခန့်တွင် ရောက်ပါသည်။ လှမမာမှာ အစန့်သား ရှိနေပါသည်။

'ဟဲ့...မုန့်ဆီကြော် ကျွေးသေးလား'

'အဒေါ်မတင်ပုက မကျွေးရဘူးဆိုလို့ မကျွေးဘူး ဦးလေး'

'ဟေ... မတင်ပုက ဆရာလား၊ ငါက ဆရာလား၊ နင်တို့ တော်တော်ခက်ပါလား။ အခု ကြော်ကျွေးရမယ်။ အားလုံး အဆင်သင့်ရှိလား'

'မနေ့ကတည်းက အဆင်သင့်ရှိပြီးသားပါ၊ မကျွေးရဲလို့'

'တော်...တော်ကြစမ်း အခုပြင်၊ အခုကျွေး။ ဒီဓာတ်စာကျွေးလို့ တစ်ခုခုဖြစ်ရင် ငါတာဝန်ယူတယ်။ ကဲ... မကြည်သိန်းလဲ ကူလုပ်ပေးလိုက်စမ်းပါ'

ဦးလှရှိန်က ပြောပြောဆိုဆို လှမမာအနားသို့ သွား၍ ခြေ,လက်,နဖူးစသည်တို့ကို စမ်းသပ်နေပါသည်။

မကြည်သိန်း၊ မလှမေ၊ မမြမေတို့က မုန့်ဆီကြော်,ကြော်ရန် ပြင်ဆင်နေကြ၏။

'ဦးလေး ညော်လို့ ဖြစ်ပါ့မလား'

မမြမေက မီးမွှေးရင်း မေးလိုက်ပါသည်။

'ဖြစ်တယ်... ညော်လေကောင်းလေ ကြော်သာကြော်ပါ'

ဟု ပြောလိုက်ပါသည်။

ဤသို့ဖြင့် ကောက်ညှင်းငချိပ်မုန့်ဆီကြော်ကို ထန်းလျက်ဖြင့် ရောကြော်ပြီး လှမမာကို ကျွေးပါသည်။

အခြားဓာတ်စာများ ကျွေးရန်ကိုလည်း ညွှန်ကြား စီမံပေးလိုက်ပါသည်။ နေ့(၂)ချက်ခွဲလောက်တွင် လှမမာမှာ ထိုင်နိုင်လေတော့သည်။

ဦးလှရှိန်သည် မုန့်ဆီကြော်(၃)နပ်ကျွေးစေသည်။ စားသင့်သော ဓာတ်စာများကို လည်းကောင်း၊ မစားအပ်သော အစာအာဟာရများကို လည်းကောင်း ရေးပေးပြီး (၂)ရက်အကြာတွင် လှမမာ ပျောက်ကင်းတော့မည်ဟု စိတ်ချရသဖြင့် ရွာသို့ ပြန်ခဲ့ကြလေသည်။

[ ၃ ]

'အဲဒါ လက်တွေ့ဖြစ်ရပ်တစ်ခုပဲကွ'

'ဩော်...အသက်မှန်ရင် ဓာတ်စာ



www.burmeseclassic.com

www.burmeseclassic.com



မုန့်ပြီး ရောဂါ သေချာပျောက်တယ်ပေါ့နော်'

'အေး...သေချာတာပေါ့ကွာ။ တို့ဆရာကလဲ အသက်နဲ့ရောဂါ ဖြစ်ရပ်ထပ်တူနေရမယ်။ အဲဒါဆိုရင် ဓာတ်စာကို စိတ်ချပြီး ရဲရဲကြီးပေးလိုက်လို့ မှာခဲ့တယ်။ ဒီပညာက မြန်မာ့ရှေးရိုးစဉ်လာ ဓာတ်စာပေးနည်းပဲ။

ဆရာက မှာသေးတယ်။ ပညာကို အလကားမလုပ်ပါနဲ့တဲ့၊ တန်ဖိုးမရှိ ဖြစ်နေလိမ့်မယ်တဲ့။ လာဘ်တင်မှ ဓာတ်စာကို ပေးရမယ်လို့ ကတိခံခိုင်းတယ်။ ဒီဓာတ်စာပေးနည်းကို သူ့တပည့်နှစ်ယောက်ဖြစ်တဲ့ တို့ကလွဲလို့ ဘယ်သူ့ကို မပေးခဲ့ဘူး'

'သြော်...သြော် အခု ကျွန်တော့်ကို လက်ဆောင်ကမ်းပေးတာ အထူး ကျေးဇူးတင်ပါတယ်'

'အေး... ငါက ဒီပညာတွေ ငါတစ်ယောက်တည်း တတ်သိနေတာ အကျိုးသိပ်မများဘူး။ အများသိနေရင် အကျိုးများမယ်လို့ စိတ်ကူးမြော်မြင်မိတဲ့အတွက် အခုလို လက်ဆောင်ကမ်းပေးလိုက်တာပါပဲကွာ'

'ဟုတ်ကဲ့ ပညာဒါနကုသိုလ်ပေါ့နော'

'အေး...ဟုတ်တယ်။ မင်းက မဂ္ဂဇင်းတွေမှာ စာရေးတော့ ပိုပြီး ပြန့်ပွား၊ ပိုပြီး ကောင်းကျိုးတွေ ရတာပေါ့ကွာ မဟုတ်လား'

'ဟုတ်ကဲ့...ဟုတ်ပါတယ်။ အခုလို ခွင့်ပြုချက်ရတဲ့အတွက် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ ကျွန်တော် ရေးထည့်လိုက်ပါ့မယ်။ အများသိရှိ အသုံးပြုနိုင်ရန်အတွက်ပေါ့'

'အေး...ကောင်းတယ်၊ ရေး...ရေး'

ဤသို့ဖြင့် ကျွန်တော်သည် ဦးလှရှိန်ထံမှ ကူးယူရရှိခဲ့သော မြန်မာ့ရိုးရာဓာတ်စာကို အောက်ဖော်ပြပါအတိုင်း ဦးလှရှိန်၏ မူမပျက်ရေး၍ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းသို့ ပို့လိုက်ပါတော့သည်။

[ ၄ ]

## ဓာတ်တွက်နည်း

လူမမာ၏ ရောက်သက်ကို တည်၍ (၇)ဖြင့် စားရပါသည်။ အကြွင်းကို မဟာဘုတ်၏ အထွန်းအိမ်မှ စချရပါသည်။

ချပြီး **အထွန်း၊ သိုက်၊ ရာဇ၊ အဓိပတိ**အိမ်တို့မှ ဂဏန်းနံသင့်များကို တစ်ခုချင်း သော်လည်းကောင်း၊ (၂) အိမ်တွဲ၍ သော်လည်းကောင်း ကျွေးရပါသည်။

အောက်(၃)လုံးဖြစ်သော **ပုတိ၊ ဘင်္ဂ၊ မရဏ** အိမ်ဌာန နံသင့်အစာတို့ကို ရှောင်ရသည် ဖြစ်ပါသည်။ မသင့်သောအစာဟု သတ်မှတ်ပါသည်။

ဥပမာပုံစံမှာ...

အသက်(၅၀)နှစ်ရှိသူ ဖြစ်လျှင်...

၇ | ၅၀ | ၇
၄၉
၁ ကြွင်းပါသည်။

ထို့ကြောင့် ယင်းအကြွင်း(၁)ကို မဟာဘုတ်၏ အထွန်းအိမ်ဌာနမှ စ၍ ချရပါသည်။

* * *

လင်္ကာမှာ...

အောင်၊ လံ၊ ထူ၊ စစ်၊ သူ၊ ကြီး ပွဲ ဖြစ်ပါသည်။

| | | |
|---|---|---|
| | ၅ | |
| အစ ၁ | ၂ | ၃ |
| ၇ | ၆ | ၄ |

ချပုံ အစဉ်

ပုံစံ

| | | |
|---|---|---|
| | အဓိပတိ | |
| စ၍ချ အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

| | | |
|---|---|---|
| | ၆ | |
| အထွန်း ၁ | ၄ | ၀ |
| ၅ | ၂ | ၃ |

(၁)ကြွင်း ပုံစံ



www.burmeseclassic.com

www.burmeseclassic.com

အကြွင်း (၁)ပုံစံတွင်...
အထွန်း (၁) တနင်္ဂနွေ၊
သိုက် (၄) ဗုဒ္ဓဟူး၊
ရာဇ (၀,၇) စနေ၊
အဓိပတိ (၆) သောကြာတို့ ဖြစ်ပါသည်။

ယင်းတို့ကို တစ်အိမ်ချင်း သော်လည်းကောင်း၊ (၂)အိမ်တွဲ၍ သော်လည်းကောင်း ဓာတ်စာအဖြစ် ပေးပါသည်။

**ပုတိ** (၃) အင်္ဂါ၊
**ဘင်္ဂ** (၂) တနင်္လာ၊
**မရဏ** (၅) ကြာသပတေးတို့ ဖြစ်ပါသည်။

ယင်းတို့ကို တစ်အိမ်ချင်းဖြစ်စေ၊ နှစ်အိမ်တွဲဖြစ်စေ မသင့်သော အစာဟု သတ်မှတ်၍ မစားမသောက် ရှောင်ရပါသည်။

ဤနည်းကို မှီး၍ အခြားအကြွင်းများကိုလည်း သိ၍ သဘောပေါက်ကြမည် ဖြစ်ပါသည်။

ထိုအကြွင်းများအလိုက် ရောဂါလက္ခဏာများကို ပြဆိုထားပြီး ယင်းအကြွင်းများအလိုက် သင့်စာ,မသင့်စာများကို အောက်ဖော်ပြပါအတိုင်း ဆက်လက် ကြည့်ရှုလေ့လာနိုင်ပါသည်။

## [ ၁ ]ကြွင်း

### (၁)ကြွင်း မဟာဘုတ်တည်နေပုံ

| | | | |
|---|---|---|---|
| | | ၆ | |
| စချ | ၁ | ၄ | ၀ |
| | ၅ | ၂ | ၃ |

အထွန်းအိမ်မှ စ၍ **အောင်,လံ,ထု,စစ်,သူ,ကြီး,ပွဲ** ဟူ၍ မဟာဘုတ်သွားနည်းအတိုင်း ချသွားရပါသည်။

### (၁)ကြွင်းရောဂါခွဲ လက္ခဏာ

သည်းခြေပျက်၏။ အစာပုပ်ပြန်၏။ အစာမကြေဖြစ်၏။ အသားအရောင် ဖွေးရောင်အဆင်းရှိ၏။ အံကြိတ်၏။ မျက်စိမှိတ်တတ်၏။ တွန့်လိမ်နေ၏။ စိတ်ထဲတွင် ဂနာမငြိမ် စိတ်ပွေရှုပ်၏။ စိတ်ညစ်,စိတ်နောက်နေ၏။ စိတ်အတွင်း မှန်တိုင်းကျနေသည်ဟု ဆိုပါသည်။

### (၁)ကြွင်းသင့်သော ဓာတ်စာ

အရည်သောက်၊ အုန်းရေသောက်ပါ။ ဖရုံ,ဖရဲ ရဲယို စားပါ။ ဝက်သား၊ ငါးထွေ၊ ငါးသလောက် ချက်စားပါ။ ရှောက်သီးကို ကြက်သွန်နီဥကြီး များများနှင့် သုပ်စားပါ။ ဒန့်သလွန် အသီး,အရွက်တို့ကို စားပါ။

### (၁)ကြွင်း မသင့်သောအစာ

ကောက်ညှင်းငချိပ် မုန့်ဆီကြော် (ကောက်ညှင်းအဖြူကိုလဲ မစားအပ်) ဆီထမင်း၊ ပုစွန်၊ ဆီးသီး၊ ဆီးယို၊ ကန်စွန်း၊ ကင်ပွန်းချဉ်၊ ကြံ၊ ကြံသကာ၊ ကြက်သား၊ သခွား၊ ငါးချဉ်၊ ငှက်ပျောသီး၊ ဘူး၊ ပဲ၊ ပြောင်းတို့ကို မစားအပ် ရှောင်ရမည် ဖြစ်ပါသည်။

## [ ၂ ]ကြွင်း

### (၂)ကြွင်း မဟာဘုတ်တည်နေပုံ

| | | |
|---|---|---|
| | ၀ | |
| ၂ | ၅ | ၁ |
| ၆ | ၃ | ၄ |

အထွန်းအိမ်မှ စ၍ **ကြီး,ပွဲ,အောင်,လံ,ထု,စစ်,သူ** ဟူ၍ မဟာဘုတ်သွား နည်းအတိုင်း ချသွားရပါသည်။

### (၂)ကြွင်း ရောဂါခွဲ လက္ခဏာ

သည်းခြေလွန်၏။ (မေ့တတ်၏။) သည်းခြေကို လေထိုးတတ်၏။ ဆီးချုပ်၏။ ဝမ်းချုပ်၏။ မပြတ် လေထ၏။ အိပ်၍မပျော်၊ မျက်စိဖြူ၏။ အံကြိတ်၏။ မအိပ်မနေ ရှိတတ်၏။

### (၂)ကြွင်း သင့်သောဓာတ်စာ

ငှက်ပျောသီး ဖီးကြမ်းတစ်ကိုက်၊ ထန်းလျက်တစ်ကိုက် အဝစား။ (ရှေးဦးစွာ စားရမည့် ဓာတ်စာဖြစ်ပါသည်။) (၃) နပ်စားပါ။

ကြံ၊ ကြက်၊ သခွား၊ ခရမ်း၊ မရန်း၊ မန်ကျည်း၊ ကင်ပွန်းချဉ်၊ ချဉ်ခါးသီး၊ ချင်း၊ ဘဲသား၊ သဘော်သီးမှည့်၊ ဘူး၊ ပဲအမျိုးမျိုး၊ ပြောင်းဖူး၊ ငါးမျိုးစုံတို့ သင့်သဖြင့် စားရပါမည်။

### (၂)ကြွင်း မသင့်သောအစာ

ဝက်သား၊ ကောက်ညှင်း၊ ကောက်ညှင်းဖြင့်ပြုလုပ်သော မုန့်များ၊ ပုစွန်၊ ရှောက်သီး၊ ဖရုံ၊ ဖရဲ၊ ရဲယို၊ သံပရာသီး၊ ဒန့်သလွန်အသီး,အရွက်၊ လက်သုပ်၊ လက်လုပ်ချဉ်၊ ငါးချဉ်၊ ငါးထွေ၊ ငါးသလောက်တို့သည် မသင့်သော ဓာတ်အစာများဖြစ်သဖြင့် မစားမသောက် ရှောင်ရမည် ဖြစ်ပါသည်။

## [ ၃ ]ကြွင်း

### (၃)ကြွင်း မဟာဘုတ်တည်နေပုံ

| | | |
|---|---|---|
| | ၁ | |
| ၃ | ၆ | ၂ |
| ၀ | ၄ | ၅ |

အထွန်းအိမ်မှ စ၍ **စစ်,သူ,ကြီး,ပွဲ,အောင်,လံ,ထု**ဟူ၍ မဟာဘုတ်သွားနည်းအတိုင်း ချသွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com





(၃)ကြွင်း ရောဂါစွဲ လက္ခဏာ

လေပွ၏။ တေဇော အပူအားကြီး၏။ အာပုပ်၏။ မျက်စိနီ၏။ သွေးချုပ်၏။ သည်းခြေချုပ်၏။ ငန်းအေးရိုက်၏။ ခွဲသလိပ်ထ၏။ မူးဝေတတ်၏။ **(မပြတ်မူးဝေတတ်၏။)**သွေးငန်းဟူ၍လည်း ဆိုပါသည်။

(၃)ကြွင်း သင့်သောဓာတ်စာ

*ကောက်ညှင်းငချိပ်(ဆန်မပါ) မုန့်ဆီကြော် ရှေးဦးစွာ (၃)နပ်ကျွေးရပါသည်။* ***(အဝကျွေးရပါသည်။)*** (ယင်းမုန့်ဆီကြော် ညော်ခံလျှင် ကောင်း၏။)

ဆီထမင်းထိုး၍ (၃)နပ်စားပါ။ လက်သုပ်များ၊ လက်လုပ်ချဉ်များ စားပါ။

ခံတက်ချဉ်၊ မန်ကျည်းမှည့်၊ ကင်ပွန်းချဉ်၊ ကြံ၊ ကြက်သား၊ သကြား၊ သခွား၊ ခရမ်း၊ ချဉ်ခါးတို့ကို စားပါ။ ဆီးသီးကို သကြားဖြူး၍ မကြာမကြာ စားပါ။

(၃)ကြွင်း မသင့်သောအစာ

ဘူး၊ ပဲအမျိုးမျိုး၊ ပြောင်း၊ ချဉ်ပေါင်၊ ရဲယို၊ ဝက်သား၊ ရှောက်သီး၊ သံပရာသီး၊ ဒန့်သလွန်အသီး,အရွက်၊ နွားသား၊ နွားနို့၊ နှမ်းဆီ၊ နှမ်းပျစ်၊ မုန့်ဟင်းခါး၊ ခေါက်ဆွဲ၊ ကြာဆံ၊ ငါးထွေ၊ ငါးသလောက်၊ **(ထန်းလျက် အစိမ်းလိုက် မစားအပ်၊ ကြော်၍ သော်လည်းကောင်း၊ ရေနွေးနှင့်ဖျော်၍ သော် လည်းကောင်း သုံးစွဲနိုင်ပါသည်။)**

[ ၄ ]ကြွင်း

(၄)ကြွင်း မဟာဘုတ်တည်နေပုံ

| | | |
|---|---|---|
| | ၂ | |
| ၄ | ၀ | ၃ |
| ၁ | ၅ | ၆ |

အထွန်းအိမ်မှ စ၍ **လံ,ထူ,စစ်,သူ, ကြီး,ပွဲ,အောင်**ဟူ၍ မဟာဘုတ်သွားနည်းအတိုင်း ချသွားရပါသည်။

(၄)ကြွင်း ရောဂါစွဲလက္ခဏာ

အော့အန်တတ်၏။ သည်းခြေနာ၊ သွေးငန်းနာ ဖြစ်တတ်၏။ မူးဝေ၏။ (မီးလာကျောက်ဖိ အပူအုပ်နေ၏။ အပူအုံးနေ၏။ အပူမပွင့်)ပယောဂဆန်ဆန် ကယောင်ကတမ်း ပြောဆို၏။ ပြူးတူးပြဲတဲ လုပ်နေတတ်၏။

(၄)ကြွင်း သင့်သောအစာ

(ရှောက်သီးတစ်ကိုက်၊ ထန်းလျက်တစ်ကိုက်(၃)ရက် စားနိုင်သလောက်စားပါ။ သို့မဟုတ် (၃)နပ်စားပါ။) ဖရုံဖရဲ ရဲယို စားပါ။ ဝက်သား၊ နွားသား၊ မုန့်ဟင်းခါး(မုန့်တီဟု ခေါ်၏။) ဒန့်သလွန်အသီး,အရွက်၊ ငါးမျိုးစုံ စားပါ။ နွားနို့ ထန်းလျက် စားနိုင်ပါသည်။

(၄)ကြွင်း မသင့်သောအစာ

လက်သုပ်၊ လက်လုပ်ချဉ်၊ ဥ(အု)အုန်း၊ ဘူး၊ ပြောင်း၊ ပဲအမျိုးမျိုး ချဉ်ပေါင်၊ ငှက်ပျောသီး၊ သဘော်သီး၊ ဘဲသား၊ သင်ဥ၊ ကန်စွန်းဥ၊ ဘဲဥတို့ မစားအပ်ပါ။

[ ၅ ]ကြွင်း

(၅)ကြွင်း မဟာဘုတ်တည်နေပုံ

| | | |
|---|---|---|
| | ၃ | |
| ၅ | ၁ | ၄ |
| ၂ | ၆ | ၀ |

**အထွန်းအိမ်မှ စ၍** ပွဲ,အောင်,လံ ထူ,စစ်,သူ,ကြီး ဟူ၍ မဟာဘုတ်သွား နည်းအတိုင်း ချသွားရပါသည်။

(၅)ကြွင်း ရောဂါစွဲ လက္ခဏာ

''နဂါးဂျုန်း ကြွက်သူပုန်ကော မီးဟုန်းဟုန်း တောက်လောင်၏'' ဟု ဆိုပါသည်၊ တေဇောဓာတ် အားကော ၏။ မျက်စိမှိန်း၊ မှိတ်နေတတ် မျက်စိပူ၏။ မူးဝေတတ်၏။

တေဇောစနေ အလွန်မွှေ၏။ ဝ လျှောတတ်၏။ အော့အန်မည်။ ခဏခဏ သောက်သည်။ ဆီးနည် သည်။ သည်းခြေနာဖြစ်၏။ သွေး ဟု ဆိုပါသည်။

(၅)ကြွင်း သင့်သောဓာတ်စာ

(ရှေးဦးစွာ ဘဲကပ်ကို ဆီပြန်ချက် အုန်းထမင်းနှင့် (၃)နပ်ကျွေး ဥ(အု)၊ အုန်း၊ အုန်းနို့၊ ငါးမျိုးစုံ၊ ဘူ ပြောင်း၊ ပဲအမျိုးမျိုး၊ ချဉ်ပေါ ငှက်ပျောသီး၊ ပဲကြော်၊ ဗယာကြေ သဘော်သီး၊ မဲဇလီ အဖူး,အရွက် သည် စားသင့်သော ဓာတ်စာ ဖြစ်ပါသည်။

(၅)ကြွင်း မသင့်သောအစာ

အမဲသား၊ နွားနို့၊ ထန်းလျက်၊ ကြ ကြံသကာ၊ သကြား၊ ကြက်သာ ထန်းလျက်၊ ကင်ပွန်းချဉ်၊ ခရမ်း မရန်းသီး၊ မန်ကျည်းသီး၊ ချဉ် သခွားသီး၊ သရက်၊ သင်ဥ၊ လက်



www.burmeseclassic.com

www.burmeseclassic.com

ချဉ်များ မစားအပ်ပါ။

## [ ၆ ]ကြွင်း

(၆)ကြွင်း မဟာဘုတ်တည်နေပုံ

| | | |
|---|---|---|
| | ၄ | |
| ၆ | ၂ | ၅ |
| ၃ | ၀ | ၁ |

**အထွန်းအိမ်မှ စ၍ "သူ,ကြီး,ပွဲ, အောင်,လံ,ထူ,စစ်"** ဟူ၍ မဟာဘုတ်သွားနည်းအတိုင်း ချရပါသည်။

(၆)ကြွင်း ရောဂါစွဲ လက္ခဏာ

ပထဝီဓာတ် ပျက်၏။ အာပေါဓာတ်အထက်လှန်၏။ ငန်း,လေအပုပ်၊ သည်းခြေချုပ်၏။ တစ်ကိုယ်လုံး အပူလွှန်တတ်၏။ တစ်ခါတစ်ရံ အလွန်အေး၏။ သွေးငုပ်သည်။ အအေးချုပ်၍ အပူလွှန်၏။ ရေငတ်တတ်သည်။ အိပ်ပျော် ရှိနေတတ်ပါသည်။

(၆)ကြွင်း သင့်သောဓာတ်စာ

ကြံ၊ သကြား၊ ကြက်သား၊ သခွားသီး သရက်သီး၊ ဝက်သား၊ ဖရုံ၊ ဖရဲ၊ ရဲယိုသီး၊ ငါးထွေ၊ ငါးသလောက်နှင့် ငါးမျိုးစုံ စားသင့်ပါသည်။

(၆)ကြွင်း မသင့်သောအစာ

(မုန့်ဟင်းခါး)မုန့်တီ၊ အမဲသား၊ နွားနို့၊ ဆိတ်သား၊ ဆီးသီး၊ နှမ်းဆီ၊ နှမ်းပျစ်၊ ထန်းလျက်၊ ကောက်ညှင်း မုန့်ဆီကြော်၊ ပုစွန်၊ ကန်စွန်းဥ(အာလူး)၊ အုန်းသီးတို့ ရှောင်သင့်ပါသည်။

## [ ၇ ]ကြွင်း

(၇)ကြွင်း မဟာဘုတ်တည်နေပုံ

| | | |
|---|---|---|
| | ၅ | |
| ၀ | ၃ | ၆ |
| ၄ | ၁ | ၂ |

**အထွန်းအိမ်မှ စ၍ ထူ,စစ်,သူ, ကြီး,ပွဲ,အောင်,လံ** ဟူ၍ မဟာဘုတ်သွားနည်းအတိုင်း ချရပါသည်။

(၇)ကြွင်း ရောဂါစွဲလက္ခဏာ

ရင်မှာအပုပ်၊ သည်းခြေငုပ်လျက်၊ မဟုတ်စကား၊ ပြောကြား ကြမ်းရမ်း၊ ကယောင်ကတမ်း၊ အပူငန်းနှင့်၊ ပျက်ခန်းအာကာသ၊ ခြေလက်ကစ ကိုက်ခဲရ၏။ ပူရှိုးပူတုံရှိ၏။ အခိုးပျက်၏။ ချွေးငုပ်၏။ အာကာသပျက်၏။

(၇)ကြွင်း သင့်သော ဓာတ်စာ

(ကောက်ညှင်းငချိပ် မုန့်ဆီကြော်၊ ၃–နပ် အဝစား)၊ (ယင်းပြော်ခံအပ်၏။) နွားသား၊ နွားနို့ နှမ်း၊ နှမ်းပျစ်၊ နှမ်းဆီ စားအပ်၏။ ထန်းလျက်၊ ဆီးသီး၊ နာနတ်၊ ပိန္နဲသီး၊ ဆီကြော်၊ ဆီချက်၊ ဆိတ်သား စားအပ်၏။ ကန်စွန်းသင့်လျော်၏။

(၇)ကြွင်း မသင့်သောအစာ

ကြံ၊ ကြက်သား၊ သကြား၊ သခွား၊ ဖရုံ၊ ဖရဲ၊ ရဲယို၊ ဝက်သား၊ သရက်၊ ကင်ပွန်းချဉ်၊ ချဉ်ခါးသီး၊ ခရမ်းချဉ်၊ မရန်းသီး၊ ရှောက်သီး၊ သံပရာသီး၊ ဒန့်သလွန်အသီး,အရွက်၊ ဘဲသား၊ ဘဲဥ၊ ကြက်ဥ၊ မြေပဲ၊ အာလူး။

မာလကာသီး၊ ပန်းသီးတို့ စားရန်မသင့်ပါ။ (အအေးအပတ်မခံရ) ရေမတည့်ပါ။ သို့သော် ရေကို အခါအချိန်ကြည့်၍ ချိုးပါ။ (ရေမတည့်ပါ။)

## [ ၅ ]

ဓာတ်စာတွက်နည်းနှင့် ရောဂါအစွဲ သင့်သောဓာတ်စာ၊ မသင့်သော အစာ (ရှောင်ရန်)တို့သည် ထိုမျှ ဖြစ်ပါသည်။

ဦးလှရှိန်က ပြောပြသည်မှာ...

မသင့်သောအစာ (ရှောင်ရန်) အာဟာရတို့ကို ရောဂါ ပြင်းထန်နေလျှင် လုံးဝ မစားအပ်ပါ။ ရောဂါစွဲများ မထင်ရှားလျှင် တစ်ခါတစ်ရံ စားနိုင်ပါသည်ဟု ပြောပါသည်။

ထို့အပြင် မသင့်သောအစာ (ရှောင်ရန်)ကို (၃)နပ် သို့မဟုတ် (၃)ရက်ဆက်၍ စားခြင်း၊ မသင့်စာများကို (၃၊ ၄)မျိုးတွဲ၍ သော်လည်းကောင်း၊ အလွန်အကျွံ စားမိ၍ သော်လည်းကောင်း ကြုံကြိုက်လျှင် အကြွင်းမှ ဆိုင်ရာရောဂါများသည် ဖြစ်ပေါ်လာသည်ဟု ဆိုပါသည်။

ဓာတ်စာကျွေးရာ၌ မွေးလ၏ မတိုင်မီ(၁၅)ရက်နှင့် မွေးလ၏ အလွန် (၁၅) ရက်တို့တွင် စားသုံးလျှင် ဓာတ်စာသင့်(မသင့်) အာနိသင်သည် မစွဲ မထက်ဟု ပြောပါသည်။

**ဥပမာ** တန်ခူးမွေးသူသည် တန်ခူးလမတိုင်မီ တပေါင်းလ လပြည့်ကျော် (၁)ရက်မှ လကွယ်ထိ လည်းကောင်း၊ တန်ခူးလအလွန် ကဆုန်လဆန်း (၁) ရက်မှ လပြည့်နေ့အထိ လည်းကောင်း ဓာတ်စာသင့်မသင့်တို့သည် အာနိသင် မထက်ဟု ဆိုလိုပါသည်။ ဤကာလကို **နိယတုံကာလ**ဟု ဆိုပါသည်။

ဤရွေ့ ဤမျှဖြင့် အကြွင်းအလိုက် ရောဂါစွဲလက္ခဏာ အကြွင်းအလိုက် စားသုံးသင့်သော ဓာတ်စာ၊ မသင့်သောအစာတို့ တင်ပြပြီးပါပြီ။ လိုအပ်သောပုဂ္ဂိုလ်များ အသုံးပြုနိုင်ကြပါစေဟူ၍ မေတ္တာစေတနာဖြင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ တစ်ဆင့် တင်ပြလိုက်ပါသည်။

**နည်းပေးသော ဦးလှရှိန်အား အထူး ကျေးဇူးတင်ပါသည်။**

***အားလုံးကျန်းမာ၍ ချမ်းသာကြပါစေ၊***

***အဆင်ပြေ၍ ရွှင်လန်းကြပါစေ၊***

**ကောင်းမြတ်ထွန်း**

*(ဟသ်ာတ)*

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း-၁၅**

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ ဧပြီလ

# ကျန်းမာရေး အတွက် အကြံပေးချက်များ

| ပုံရိပ် | ဝမ်းတွင်း အင်္ဂါ | အရောင် | ဂဏန်း | စားဖွယ် | အရသာ | အရပ် | မိတ်ဖက် | ကူညီသူ | ကံပွင့်နေ့ |
|---|---|---|---|---|---|---|---|---|---|
| ကြွက် | နှလုံး | အနီ | ၉ | ပြောင်း | အခါး | တောင် | ကျား၊ မြင်း၊ ခွေး | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ |
| နွား | အူမ | ရွှေဝါ | ၇ | ဆန် | အစပ် | အနောက် | နွား၊ မြွေ၊ ကြက် | ကြာသပတေးသားသမီး | သောကြာနေ့ |
| ကျား | အူမ | ရွှေဝါ | ၇ | ဆန် | အစပ် | အနောက် | နွား၊ မြွေ၊ ကြက် | ကြာသပတေးသားသမီး | သောကြာနေ့ |
| ယုန် | သရက်ရွက် | မြေဝါ | ၂ | ကောက်ညှင်း | အချို | အနောက်တောင် | ယုန်၊ ဆိတ်၊ ဝက် | စနေသားသမီး | တနင်္လာနေ့ |
| နဂါး | အသည်း | အစိမ်းနု | ၃ | ဂျုံ | အချဉ် | အရှေ့ | ယုန်၊ ဆိတ်၊ ဝက် | သောကြာသားသမီး | ကြာသပတေးနေ့ |
| မြွေ | အသည်း | အစိမ်းနု | ၃ | ဂျုံ | အချဉ် | အရှေ့ | ယုန်၊ ဆိတ်၊ ဝက် | သောကြာသားသမီး | ကြာသပတေးနေ့ |
| မြင်း | အစာအိမ် | အညို | ၈ | ကောက်ညှင်း | အချို | အရှေ့မြောက် | မြင်း၊ ခွေး၊ ကျား | တနင်္လာသားသမီး | စနေနေ့ |
| ဆိတ် | ဆီးအိမ် | အပြာ | ၁ | ပဲအမျိုးမျိုး | အငန် | မြောက် | ကြွက်၊ နဂါး၊ မျောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |
| မျောက် | ကျောက်ကပ် | အပြာ | ၁ | ပဲအမျိုးမျိုး | အငန် | မြောက် | ကြွက်၊ နဂါး၊ မျောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |
| ကြက် | အဆုတ် | အဖြူ | ၆ | ဆန် | အစပ် | အနောက်မြောက် | ယုန်၊ ဆိတ်၊ ဝက် | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |
| ခွေး | သည်းခြေ | အစိမ်းရင့် | ၄ | ဂျုံ | အချဉ် | အရှေ့တောင် | နဂါး၊ မျောက်၊ ကြက် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ |
| ဝက် | သည်းခြေ | အစိမ်းရင့် | ၄ | ဂျုံ | အချဉ် | အရှေ့တောင် | မြွေ၊ ကြက်၊ နွား | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ |

* * *

၂၀၁၄ ခုနှစ်၊ ဧပြီလတွင် ဝက်နှစ်ဖွား၊ မျောက်နှစ်ဖွား၊ မြွေနှစ်ဖွားတို့မှာ ကျန်းမာရေး ညှို့ဖျင်းနိုင်ကြသည်။ ဤလတွင် ဝက်နှစ်ဖွားတို့ကို နမူနာပြု၍ ဇယားကို ရှင်းပြပေးပါမည်။

ဝက်နှစ်ဖွားတို့သည် သည်းခြေနှင့် ပတ်သက်သော ရောဂါဝေဒနာများ ဂရုစိုက် ကာကွယ်ကုသပါ။ အစိမ်းရင့်ရောင်နှင့် (၄) ဂဏန်းတို့က ကံလာဘ်ပွင့်စေလိမ့်မည်။ ဂျုံနှင့် ပြုလုပ်သော စားစရာ၊ ချဉ်သောအရသာတို့နှင့် သင့်သည်။

အရှေ့တောင်ထောင့်အရပ်သို့ သွားရောက်၍ အနားယူခြင်း၊ ထိုအရပ်တွင် ဆေးဝါးကောင်းသမားကောင်း တွေ့ရှိခြင်းတို့ကြောင့် ခံစားနေရသော ရောဂါဝေဒနာများ သက်သာ ပျောက်ကင်းနိုင်ကြသည်။



မြွေနှစ်ဖွား၊ ကြက်နှစ်ဖွား၊ နွားနှစ်ဖွားတို့သည် သင်တို့၏ မိတ်ဖက်များဖြစ်ကြသည်။ အရေးအကြောင်း ကြုံ ဆုံရလျှင် တနင်္ဂနွေသားသမီးက ကူညီပေးနိုင်လိမ့်မည်။ ကြာသပတေးနေ့မှာ နေ့ကောင်းနေ့မြတ် ဖြစ်သည်။

ကျန်နှစ်ဖွားများ ဤကဲ့သို့ ကောက်ချက်ချကြပါ။

**အာရောဂျ ဆုလာဘ်နှင့် ပြည့်စုံကြပါ စေ။**

**ဟူဂျင်းဇီ** *(Hu Jin Zhi)*



www.burmeseclassic.com

www.burmeseclassic.com




▲ ရန်အောင်ဒေယျရှိ သျှစ်သောင်းပုထိုးတော်ကြီး

[သက္ကရာဇ် ၈၉၇ မှ အေဒီ-၁၅၃၅ ခုတွင် ဘုရင်မင်းဗာကြီးနှင့် မိဖုရားမွှားမင်းစောတို့ တည်ထားကိုးကွယ်ခဲ့သည်]

# သျှစ်သောင်းပုထိုးတော်ကြီးမှ

## ရှေးခေတ် ရခိုင်ရိုးရာ ဝတ်ဆင်ထုံးဖွဲ့မှုနှင့် အခြားဒီဇိုင်းလက်ရာများ (၁)

ပန်းချီထူးဂျ
(ရှေးဟောင်းသုတေသန)

ရခိုင်ဒေသတွင် ရှေးဟောင်း စေတီပုထိုးအဆောက်အအုံများ လက်ညှိုးထိုးတိုင်းမလွတ် တည်ရှိနေသော မြောက်ဦးမြို့ဟောင်း၌ ရန်အောင်ဒေယျ (ခေါ်) သျှစ်သောင်းပုထိုးတော်ကြီး တစ်ဆူလည်း တည်ရှိပါသည်။

မြောက်ဦးနန်းတော်ကုန်း၏ မြောက်ဘက် မိုင်ဝက်ခန့်အကွာ ဖိုးခေါင်တောင် အနောက်ဘက်ခြမ်း ပေ(၄၀)ခန့်အမြင့်တွင် တည်ဆောက်ထားပါသည်။

ထုက္ကန့်သိမ် ပုထိုးတော်ကြီး၏ အရှေ့တောင်ထောင့်၊ အံတော်သိမ် ပုထိုးတော်ကြီး၏ အနောက်တောင်ထောင့်တွင် ကျရောက်ပါသည်။

ပုထိုးတော်ကြီးကို **"အပြည်ပြည်ကို ရှင်ငယ်ရစ်ဝန်း အေးမှုထမ်း"** ဆိုသော ဥဒါန်းဖြင့် သျှင်ငယ်ဆရာဦးမြဝါ ကြီးမှူးလျက် ကြပ်ငြိမ်ကျမ်းနှင့်အညီ **ဘုရင်မင်းဗာကြီး(အေဒီ ၁၅၃၁-၁၅၅၃)**သည် ရခိုင်သက္ကရာဇ် ၈၉၇ ခုနှစ်(အေဒီ-၁၅၃၆ ခုနှစ်)၊ တန်ဆောင်မုန်းလပြည့် စနေနေ့တွင် တည်ထားကိုးကွယ်ခဲ့ပါသည်။

ဘုရင် မင်းဗာကြီးသည် အနောက်မဇ္ဈိမဒေသမှ ပင့်ဆောင်လာသော ဓာတ်တော်မွေတော်ပေါင်း သျှစ်သောင်း၊ ကျောက်, ကြေး, သံ, ရွှေ, ငွေ,ရတနာတို့ဖြင့် ထုလုပ်သော ဆင်းတုတော်ပေါင်း သျှစ်သောင်းတို့ကို ဌာပနာထည့်သို တည်ထားကိုးကွယ်ခဲ့သော ပုထိုးတော်ကြီးဖြစ်၍ သျှစ်သောင်းဟူ၍ ခေါ်တွင်လေသည်။

နောင်လာလတ္တံ့သော ဘုရားရှင်ပေါင်း ရှစ်သောင်းတို့၏ ရုပ်တုများကို ထုလုပ် ကိုးကွယ်ခဲ့သောကြောင့်လည်း

www.burmeseclassic.com

သျှစ်သောင်းဟု ခေါ်တွင်ကြောင်း တချို့က ယူဆကြပါသည်။

အနောက်ဘက်ရှိ တစ်ဆယ့်နှစ်တိုင်းနှင့် ပေါ်တူဂီရေတပ်မတော်ကြီးကို အောင်နိုင်သော အထိမ်းအမှတ်အဖြစ် တည်ထား ကိုးကွယ်ခဲ့၍လည်း **ရန်အောင်ဇေယျပုထိုးတော်ကြီး** ဟူ၍လည်း ခေါ်တွင်ပါသေးသည်။

သျှစ်သောင်း ပုထိုးတော်ကြီး၏ တောင်ဘက် စောင်းတန်းလှေကား၏ ယာဘက်တွင် **ဂူမှာန်(ဒွါရပါလ) နတ်ရုပ်တစ်ရုပ်** ရှိပါသည်။ ထိုနတ်ရုပ်ကို ယခု မုခ်ဦးတွင် ထည့်ထားပါသည်။


ဝတ်ဆင်ထုံးဖွဲ့မှု အပြည့်ဖြင့် တွေ့ရှိနိုင်ပါသေးသည်။ မူလ ရှေးဟောင်းလက်ရာမှန်း မသိရှိနိုင်အောင် ရွှေဆေးများ သုတ်လိမ်းထားသည်ကို တွေ့ရှိရပါသည်။

ကျောက်လှေကားအတိုင်း တက်သွားပါက လက်ဝဲဘက်တွင် အာနန္ဒစန္ဒြားကျောက်စာ (ခေါ်) သျှစ်သောင်းဘုရားကျောက်စာတိုင်ကို တွေ့ရှိရပါသည်။

ဤ အာနန္ဒစန္ဒြား ကျောက်စာတိုင်ကို ဘုရင် မင်းဗာကြီးသည် မြောက်ဦးမြို့မြောက်ဘက် ခြောက်မိုင်ခန့်အကွာ ဝေသာလီမြို့တော်ဟောင်း အနန္ဒြောဒယျ ကျောင်းတော်ရာဟောင်းမှ ပြောင်းရွှေ့စိုက်ထူခဲ့သော ကျောက်စာတိုင်တစ်တိုင် ဖြစ်သည်ဟု သိရှိရပါသည်။


ကျောက်စာတိုင်မှာ မြေပြင်မှ အမြင့်(၉)ပေ (၇)လက်မခန့်ရှိပြီး လေးမျက်နှာကျောက်စာတိုင်ပင် ဖြစ်ပါသည်။ တစ်မျက်နှာ (၂)ပေ (၄)လက်မခန့် ကျယ်ပါသည်။

ဤ ကျောက်စာတိုင်တွင် ရေးထိုးထားသော ကျောက်စာများမှာ နှစ်



◆ သျှစ်သောင်း ပန္နက်ပုံဆွဲ

◆ သျှစ်သောင်း ဖြတ်ပိုင်းပုံဆွဲ



ပေါင်း နှစ်ရာခန့်စီ ခြား၍ ပြောင်းလဲလာသော အိန္ဒိယနိုင်ငံ မြောက်ပိုင်းသုံး ဖြုဟ္မီပွား အက္ခရာသုံးမျိုးကို သက္ကဋဘာသာဖြင့် ရေးထိုးထားသည်ကို တွေ့ရှိရပါသည်။

ခရစ်တော် မပေါ်မီ နှစ်ပေါင်းများစွာမှစ၍ အေဒီ(၁၀)ရာစုအထိ ရခိုင်မင်းဆက်များအကြောင်းကို ကျောက်စာတိုင် တစ်တိုင်တည်းတွင် ရေးထိုးထားသဖြင့် ဤကျောက်စာတိုင်ကြီးကို ရခိုင်သမိုင်းကြီးတစ်စောင်ဟုပင် ဆိုနိုင် သည်။

ဤကျောက်စာတိုင်မျိုးမှာ ကမ္ဘာ တွင် အလွန်ရှားပါးသဖြင့် ရခိုင်သ တွင် တန်ဖိုးမဖြတ်နိုင်သော ကျောက် တိုင် တစ်တိုင်ပင် ဖြစ်ပါသည်။


အာနန္ဒစန္ဒြား ကျောက်စာ မြောက်ဘက်တွင် ကျောက်ပြ ကြီးတစ်ချပ်ရှိသည်။ ကျောက်ပြ ကြီးပေါ်တွင် လက်ယာရစ် ခရုသင်





www.burmeseclassic.com

www.burmeseclassic.com





◄ သျှစ်သောင်း အနောက်ဘက်မြင် ပုံဆွဲ



သျှစ်သောင်း ပုထိုးတော်ကြီး တောင်ဘက်စောင်းတန်းလှေကားရင်း ယာဘက်မှ (ဒွါရပါလသိုင်း) ►

တစ်ပုံရှိ၍ ခရုသင်းမှာ တောင်ပံများ တပ်ထားပါသည်။

ခရုသင်းထိပ်တွင် ကြာပွင့် ပွင့်နေပြီး ကြာပွင့်၏ အဖျားသည် ဓမ္မစကြာစက်ဝိုင်းကို ထိထားပါသည်။ ကြာပွင့်ဖတ်များ၊ ရွှဲလုံးများဖြင့် အလှဆင်ဖန်တီးထားသော ဓမ္မစကြာ အဝန်းမှာ လက်ရှိအခြေအနေ၌ တချို့ ကြာဖတ်များ ပျက်စီးနေသည်ကို တွေ့ရှိရပါသည်။

၎င်းခရုသင်းနှင့် ဓမ္မစကြာစက်ဝိုင်း ရှေးခေတ်ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းကို ပညာရှင်များက ခရုသင်းမှာ ပြဟ္မဏအယူဝါဒကို ကိုယ်စားပြုသော သင်္ကေတဖြစ်ပြီး ဓမ္မစကြာအဝန်းမှာ ဗုဒ္ဓဝါဒကို ကိုယ်စားပြုသော သင်္ကေတ ဖြစ်သည်ဟု သိရှိရပါသည်။

ထို့ကြောင့် ၎င်းဒီဇိုင်းလက်ရာမှာ ရခိုင်လူမျိုးများသည် ပြဟ္မဏဝါဒမှ ဗုဒ္ဓဝါဒသို့ ကူးပြောင်းလာသော အမှတ်သင်္ကေတ လက်ရာတစ်ခုပင် ဖြစ်ပါသည်။

၎င်းသင်္ကေတလက်ရာမှာ ရခိုင်လူမျိုးများအတွက် အရေးပါသော ဘာသာရေး အယူအဆဆိုင်ရာ ရှေးခေတ်ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာ ဒီဇိုင်းတစ်ခုပင် ဖြစ်ပါသည်။ အာနန္ဒစန္ဒြား ကျောက်စာတိုင်နှင့် တစ်ခေတ်တည်းလက်ရာဟု တချို့ ပညာ ရှင်များက ယူဆကြပါသည်။

သျှစ်သောင်းဘုရား ကုန်းမြေ ဒုတိယဆင့် တောင်ဘက်မျက်နှာစာ၌ **နေထွက်ဘုရားနှင့် နေဝင်ဘုရား** ခေါ် ကျောက်စေတီငယ်နှစ်ဆူ တွေ့ရှိရပါသည်။

**နေထွက်ဘုရားစေတီ၏ မှုခ်ပေါက်သည် အရှေ့ဘက်သို့ မျက်နှာလှည့် ထားပြီး နေဝင်ဘုရားစေတီ၏ မှုခ်ပေါက် သည် အနောက်ဘက်သို့ လှည့်လျက် တွေ့ရှိရပါသည်။**

၎င်းစေတီငယ်များမှာ နေထွက်၊ နေဝင် တစ်ရိုးပိုင်စိုးခဲ့သော မင်းဟူ၍ မင်းတာကြီး၏ အာဏာစက်ကို ဖော်ညွှန်းသောစေတီငယ်များ ဖြစ်သည်ဟု သိရှိရပါသည်။

ယင်းစေတီငယ်နှစ်ဆူ ပတ်ဝန်းကျင်တွင်လည်း ကျောက်စေတီငယ်များစွာ တွေ့ရှိရပါသေးသည်။ တချို့ စေတီငယ်များ အရာသာ တွေ့ရှိရပါသည်။

၎င်းစေတီငယ်များ မြောက်ဘက် အပေါ်ဆင့်တွင် သျှစ်သောင်းပုထိုးတော်ကြီးကို တည်ဆောက်ထားပါသည်။ သျှစ်သောင်းပုထိုးတော်ကြီး အလျား (၁၆၀)ပေခန့်၊ အနံ (၁၂၄)ပေခန့်ရှိပြီး ပုထိုးတော်ကြီးနှင့် တစ်ဆက်တည်း အရှေ့ဘက် အာရုံခံ သိမ်တော်ကြီး အလျား(၇၀)ပေခန့်၊ အနံ(၄၆)ပေခန့်ရှိပါသည်။


ပုထိုးတော်ကြီးအမြင့်မှာ အောက်မဟာရံမှ ဗဟိုစေတီတော်ကြီးအဖျားထိ အမြင့်(၈၆)ပေခန့် ရှိပါသည်။

သျှစ်သောင်း ပုထိုးတော်ကြီးကို ဝင်္ကပါသဖွယ် လိုဏ်ဂူတော်(၅)ထပ်ဖြင့် တည်ဆောက်ထားပါသည်။ လိုဏ်ဂူတော်များ၏ ခေါင်မိုးပေါ်တွင် ...



www.burmeseclassic.com

www.burmeseclassic.com



မြို့ဟောင်း အပေါ်စီးမှ ရှုထောင့်အပေါ်စီးသို့ ကူးပြောင်းသော ရခိုင်တိုင်းရင်းသားတို့၏ ဘာသာရေးသင်္ကေတဒီဇိုင်းလက်ရာ

စေတီတော်ကြီးတစ်ဆူနှင့် စေတီရံ ပေါင်း (၂၆)ဆူ တည်ရှိပါသည်။

သတ္တဗိသနက္ခတ် (၂၇)လုံးကို ရည်ရွယ်၍ တည်ထားခဲ့ကြောင်း သိရှိရပါသည်။ စေတီတော်အားလုံးမှာ ခေါင်းလောင်းမှောက် စတုပါစေတီငယ်ပုံစံမျိုးပင် တွေ့ရှိရပါသည်။

ပုထိုးတော်ကြီး၏ အလယ်တည့်တည့် လိုဏ်ဂူတော်မှာ ဂန္ဓကုဋိတိုက်ခန်း ဖြစ်ပါသည်။ ဂန္ဓကုဋိတိုက်ခန်းထဲတွင် သျှစ်သောင်း ဆင်းတုတော်ကြီး စံပယ်လျက် ရှိပါသည်။ ဘူမိဖဿမုဒြာပုံစံမျိုး ထုလုပ်ပူဇော်ထားပါသည်။

ဆင်းတုတော်ကြီးမှာ ဉာဏ်တော်အမြင့် (၉)ပေကျော်ခန့် ရှိပါသည်။ ဂန္ဓကုဋိတိုက်ခန်းကို စတုရန်းကျကျ ပတ်ထားသော လိုဏ်ထပ်မှာ ဒုတိယလိုဏ်ထပ် ဖြစ်သည်။

ဤ လိုဏ်ထပ်တွင် သမ္ဗုဒ္ဓေ ဂါထာတော်ကို ရည်ညွှန်း၍ တည်ထားသော ဆင်းတုတော်(၂၈)ဆူ ရှိပါသည်။ ဤလိုဏ်ထပ်တစ်ခုကိုသာ အုတ်ဖြင့် တည်ဆောက်ထားသဖြင့် အုတ်များမှာ လက်ရှိ အခြေအနေ၌ ရွံ့စေးသဖွယ် နူးညံ့ပျော့ပျောင်း နေပြီ ဖြစ်ပါသည်။

ဒုတိယ လိုဏ်ထပ်ကို ပတ်ထားသော တတိယ လိုဏ်ထပ် အတွင်းတွင် ဆင်းတုတော် ကြီး,ငယ် များ ပြည့်ကျပ်နေပါသည်။ ဤ တတိယ လိုဏ်ထပ် အဆုံးနှင့် ဒုတိယ လိုဏ်ထပ်ဝင်ဝ အနီးတွင် ခြေတော်ရာတစ်ဆူ ပူဇော်ထားပါသည်။

ဤခြေတော်ရာမှာ မင်းဗာဘုရင်သည် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂါယာစေတီတော်မှ ပင့်ဆောင်ယူလာသော ခြေတော်ရာတစ်ဆူ ဖြစ်သည်ဟု သိရှိရပါသည်။

လိုဏ်ဂူတော် ဒုတိယထပ်နှင့် တတိယထပ်တို့၏ အဝင်ပေါက်မှာ သျှစ်သောင်းဘုရား သိမ်တော်ကြီး၏ အနောက်တောင်ထောင့် စနေထောင့်တွင် တစ်ပေါက်တည်းသာ ရှိသည်။

လိုဏ်ဂူတော်များ၏ ဝင်ပေါက်တိုင်းတွင် တံခါးဆုံလည်များ တပ်ဆင်ခဲ့သော သံကို ကြေးကွပ်ထားသည့် ကွင်းကြီးများ ကျောက်နံရံ တစ်ဖက်တစ်ချက်တွင် တပ်ဆင်ထားပါသည်။

တတိယလိုဏ်ထပ်ကို ပတ်ထား သော စတုတ္ထလိုဏ်ထပ်၏ နံရံများတွင် အဆင့်(၇)ဆင့်ခွဲပြီး ကျောက်ဆစ်ရုပ်ကြွများ အပြည့်ထုဆစ်ထားပါသည်။

အရှေ့ဘက် မျက်နှာတစ်ခုတွင်သာ အဆင့် နှစ်ဆင့်,သုံးဆင့် ထုဆစ်ထား သည်ကို တွေ့ရှိရပါသည်။ အရှေ့ဘက် မျက်နှာ ဆိုသော်လည်း အရှေ့မြောက် ထောင့်အနီးနှင့် အရှေ့တောင်ထောင့် အနီးတွင်သာ တွေ့ရှိရပါသည်။

သျှစ်သောင်း ပုထိုးတော်ကြီး အနောက်ဘက်တွင် ဘုရင် ဥပု ဆောင်နှင့် ဘိသိက်ဆောင်ကိုလည်း တွေ့ရှိရပါသည်။ ပုထိုးတော်ကြီး တောင်မြောက် အပြင်အောက်ခြေ တွင် အရံစေတီငယ်များလည်း တည် ဆောက်ထားပါသည်။

အရံစေတီငယ်များ ကြားတွင်လည်း ရုပ်ကြွများ ထုဆစ်ထားပါသည်။ သိမ် တော်ကြီး အပြင်ဘက်တွင် မင်းဗာကြီး ကျောက်ရုပ်တုနှင့် ဘုရင် မင်းဖလောင်း ရုပ်တုပါ ကျောက်စာတစ်ချပ်ကိုလည်း တွေ့ရှိရပါသည်။

သိမ်တော်ကြီးထဲ နံရံအဆင့်များ တွင်လည်း ဆင်းတုတော်ပေါင်း မြောက်မြားစွာကို ပူဇော်ထားပါသည်။

သျှစ်သောင်းပုထိုးတော်ကြီး စတုတ္ထ လိုဏ်ထပ် အရှေ့တောင်ထောင့် အရှေ့ ဘက်ခြမ်းမှ စ၍ တွေ့ရှိသည်။ ရုပ်ကြွ များကို စ၍ တစ်ရုပ်ချင်း ကောင်းနိုး ရာရာ လက်ရာများကို ရေးသား ဖော်ပြ သွားပါမည်။

ရှေ့လ ဆက်ဖတ်ပါရန်

**ပန်းချီထူးလှ**
**(ရွှေပေါင်းသုတေသန)**



www.burmeseclassic.com

www.burmeseclassic.com

# ဆရာကြီး မင်းယက္ခ

## ၏ ဘဝအတွေ့အကြုံများ ( ၂၆ )



ဆရာကြီးမင်းယက္ခ
(တိုက်ပွဲဝင်)

### ယခင်လမှ အဆက်

စာရေးသူ(ကျွန်တော် မင်းယက္ခ)မှာလည်း ဆရာတော်ဦးကောဓ၏ ဖိတ်ကြားချက်အရ မော်လမြိုင်ကျွန်း ကန္နားကျောင်းတွင် ဆရာကြီး ဓားတစ်လက် ဦးနေဝင်း၏ ဓားတစ်လက်သိုင်း ဗိုင်းထွက်ပညာ၊ ဆရာကြီး ဦးပြည့်သိမ်း၏ ဓားတစ်လက်သိုင်း၊ ဓားနှစ်လက်သိုင်း၊ တုတ်ရှည်သိုင်း၊ လှံရှည်သိုင်းနှင့် ဗန်တိုပညာရပ်တို့ကို သင်ကြားပေးခဲ့ရသည့်အပြင်...

ဆရာကြီး ဦးလှမောင်(ရန်တိုင်းအောင်ပင်မသိုင်းအဖွဲ့၊ ပင်မဦးသျှောင်ဆရာကြီး)၏ လှံရှည်သိုင်း၊ လှံတို(လှံယဉ်)နှင့် လေးဖက်လှံသိုင်း ပညာရပ်များ...

ဆရာကြီး ပေါင်းတည် ဦးသန်းတင်(မြန်မာ့ရိုးရာ ပင်မသိုင်းအဖွဲ့ကြီး၏ ပင်မဦးသျှောင်ဆရာကြီး)၏ တောင်ပိုင်းရှမ်းသိုင်း၊ မြောက်ပိုင်းရှမ်းသိုင်း ပညာရပ်များ...

ဆရာကြီး စိုင်းခင်သောင်းနိုင်(ပလောင်ရိုးရာ ပင်မသိုင်းအဖွဲ့ကြီး၏ ပင်မဆရာကြီး)၏ ပလောင်ရိုးရာ ကြိုးဆက်တုတ်သိုင်းခေါ် (ခွမ့်ပော့ကပ်)နှင့် ပလောင်တိုင်းရင်းသား ရိုးရာသိုင်းပညာရပ်တို့ကို လနှင့်ချီ၍ သင်ကြားပေးခဲ့ရပါသည်။

ကျွန်တော့်အနေဖြင့် မော်လမြိုင်ကျွန်းကန္နားကျောင်းတွင် နှစ်စဉ်နှစ်တိုင်း သိုင်းသင်တန်းများ ဖွင့်လှစ် သင်ကြားပေးသည့်အပြင် မော်လမြိုင်ကျွန်း မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများသို့လည်းသွားရောက်၍ သိုင်းသင်တန်းများ ဖွင့်လှစ်ခဲ့ပါသည်။

ပုဂံတောင်ဝဲချောင်၊ ကျုံသင်၊ မြင်းကချောင်၊ စိန်ပန်းတို့တွင် သာမကပင်လယ်စပ်ဖြစ်သော မီးပြသို့ပင် ရောက်ခဲ့ပါသည်။ ဆရာတော်၏ မြန်မာ့သိုင်းပညာအပေါ် ထားရှိသော စေတနာနှင့်မြန်မာ့သိုင်းပညာ ပြန့်ပွားတိုးတက်ရေးတို့အတွက် လုပ်ဆောင်ချက်များ၊ ကြိုးပမ်းဆောင်ရွက်ချက်များကို ဖွင့်ဆိုရေးသားမည် ဆိုပါလျှင် ကျမ်းတစ်စောင်တစ်ဖွဲ့ပင် ဖြစ်လောက်ပါသည်။

ဆရာတော် ဦးကောဓလို ပုဂ္ဂိုလ်မျိုးကတော့ တစ်သက်မှာ တစ်ယောက်ဆိုရမလောက်ပင်။ အလွန်တွေ့နိုင်ခဲတွေ့ရခဲသော ရှားမှရှားသည့် ပုဂ္ဂိုလ်ထူးတစ်ယောက်ပင် ဖြစ်ပါသည်။

ရှမ်းမင်းသားနှင့် အဖွဲ့သည် ကန္နားကျောင်းသို့ ဝင်ရောက်၍ ဆရာတော့်အား ဦးတင်ကြသည်။ ဆရာတော်က

www.burmeseclassic.com

လည်း ရှမ်းမင်းသားကိုကြည့်၍ စိတ်ထဲမှ အကဲခတ်နေမိသည်။

'လူပုံကတော့ လူပုံချောပဲ။ အဝတ်အစား ဝတ်တာ သပ်သပ်ရပ်ရပ် ခံ့ခံ့ညားညား ရှိလှတယ်။ ဉပဓိရုပ်ကလဲ ကောင်းတယ်။ နှုတ်ခမ်းမွေးစစနဲ့ ပိုပြီး ရင့်ကျက်သွားတယ်။ လိုအပ်တာထက် ပိုပြီးတော့ ကြွားချင်ဝါချင်တဲ့ စိတ်ဓာတ်တော့ရှိတယ်။ ရှိတာထက် ပိုပြီး သူတစ်ပါးက အထင်ကြီးစေချင်တဲ့ စိတ်သဘော ရှိတယ်။ အဆောင်အယောင်ကတော့ အထင်ကြီးစရာပေပဲ။ သိုင်းပညာအရာမှာတော့ ဘယ်လောက်တတ်မယ် မသိပေဘူး'

ဟု သုံးသပ်နေမိသည်။ ဆရာတော်က စုံစမ်းမေးမြန်းလိုက်သည်။

'ဒကာလေးက ဘယ်လိုကိစ္စနဲ့ ဆရာတော့်ကျောင်းကို ရောက်လာတာပဲ။ ဒကာလေးက ဘယ်သူလဲ ဆိုတာကို ရော ပြောပြစမ်းပါဦး'

'တပည့်တော်က တောင်ပိုင်းရှမ်းပြည်နယ်က စော်ဘွားကြီးတစ်ဦးရဲ့ သားတော်အငယ်ဆုံးပါပဲ။ ဖခမည်းတော်ရဲ့ နာမည်နဲ့ ဂုဏ်သတင်း ထိခိုက်မှာစိုးတဲ့အတွက် ခမည်းတော် စော်ဘွားကြီးရဲ့ အမည်နာမကိုတော့ မပြောပါရစေနဲ့ဘုရား။

တပည့်တော်တို့ရဲ့ ရှမ်းစော်ဘွားတွေက ရှမ်းပဒေသရာဇ် အာဏာတွေကို စွန့်ခဲ့ရပေမယ့် တပည့်တော်ရဲ့ စိတ်ထဲမှာတော့ ဒီနေ့အထိ ရှမ်းစော်ဘွားတွေရဲ့ မျိုးရိုးအစဉ်အလာ နေထိုင်မှုကို မဖျက်ပါဘူး။

တပည့်တော်တို့ရဲ့ ရိုးရာမပျောက်ရအောင် မျိုးရိုးဂုဏ်ကို ဖော်ပြတဲ့ အဆင့်အတန်းကို ဖော်ပြတဲ့ အဆောင်အယောင်နဲ့နေပါတယ်။ စော်ဘွားသားတော်တွေရဲ့ ပုံဟန်အတိုင်း နေပါတယ်။ ဝတ်စားဆင်ယင်ပါတယ်။



တပည့်တော်အနေနဲ့ ဆရာတော့်ကျောင်းကို လာရတဲ့ အကြောင်းရင်းကတော့ သိုင်းပညာ သင်ကြားပေးချင်လို့ပါပဲ။ ဆရာတော်က ဆရာတော်ရဲ့ တပည့်တွေကို ကိုယ်တိုင် သိုင်းပညာတွေ သင်ပေးတဲ့အပြင် အခြားအခြားသော သိုင်းဆရာတွေကို ပင့်ဖိတ်ပြီး သိုင်းပညာကောင်းတွေကို သင်ပေးစေတယ်လို့ ကြားသိရပါတယ်။

နောက်ပြီး ပညာသင်ကြေးကိုလဲ ထိုက်ထိုက်တန်တန် ချီးမြှင့်တယ်လို့ သိထားပါတယ်။ ဒါကြောင့် ဆရာတော့်ကျောင်းကို မဖိတ်ခေါ်ဘဲ ရောက်ရှိလာတာပါဘုရား'

ဟု ပြည့်ပြည့်စုံစုံ ရှင်းလင်းပြောလိုက်သောကြောင့် ဆရာတော်ကလည်း...

'ကျုပ်ဆီမှာ သိုင်းလာသင်တာတော့ ဟုတ်ပါပြီ။ ကျုပ်တပည့်တွေကလဲ သိုင်းပညာရပ်အမျိုးမျိုးကို သင်ယူတတ်မြောက်ထားတာဖြစ်လို့ တော်ရုံတန်ရုံ သမားရိုးကျ သိုင်းပညာလောက်နဲ့တော့ ဖြစ်မယ်မထင်ဘူး'

ဟု ရှင်းရှင်းနှင့် ဘွင်းဘွင်း ပြောချလိုက်ရာ ရှမ်းမင်းသားလေးက....

'ဒါတွေကလဲ စုံစမ်းသိရှိပြီးသား ဖြစ်ပါတယ်။ ဆရာတော်ဘုရား သိဖူးတတ်ဖူးတဲ့ သိုင်းပညာမျိုး မဟုတ်ပါဘူး။ ဆရာတော်တို့

အနေနဲ့ ထတ်ဖို့ မဆိုထားနဲ့ အဲဒီသိုင်းပညာရဲ့ အမည်ကိုတောင် ကြားဖူးမှာ မဟုတ်ပါ ဘူး'

သူ့စကားအရ ဆရာတော်မှာ အတော်ကလေး စိတ်ဝင်စားသွားသည်။ ကြားတောင် မကြားဘူးသေးသည့် သိုင်းပညာ ဘယ်လိုသိုင်းပညာမျိုးလဲ ဆိုသည်ကို ဆရာတော်က သိချင်လာသည်။ ထို့ကြောင့်ပင် ရှမ်းမင်းသားအား...

'ဩော် ဟုတ်လား ဒီလောက်တောင်လား။ ဘယ်လို သိုင်းပညာမျိုးလဲဆိုတာ ပြောပြစမ်းပါဦး ဒကာလေး'

'တပည့်တော် အခုပြောတဲ့ သိုင်းပညာကတော့ ဟော်နန်းသုံး ရှေးဆရာကြီးတွေ အစဉ်အဆက် ထိန်းသိမ်းသင်ကြားပေးလာတဲ့ ပညာပါပဲ။ ဒီမြေပြင် သိုင်းလောကမှာတော့ ဒီလိုပညာမျိုးက ရှိမယ်မထင်ပါဘူး'

ဟော်နန်းသုံး သိုင်းပညာဆို၍ ဆရာတော်မှာ ပို၍ စိတ်ဝင်စားသွားသည်။ ထို့ကြောင့် ထိုပညာရပ်အကြောင်းကို တိတိကျကျ သိချင်၍ အမောတကော မေးမြန်းမိသည်။

'ဘယ်လို ဟော်နန်းသုံး သိုင်းပညာလဲ၊ ဘယ်လိုထက်မြက်တယ်ဆိုတာလဲ ရှင်းပြစမ်းပါဦး'

ရှမ်းမင်းသားကတော့ ခေါ် တညိတ်ညိတ်ဖြင့် မိန့်မိန့်ကြီးပြုံးကာ...

'တပည့်တော်တို့ ဟော်နန်းထဲမှာ ရှေးအဆက်ကတည်းက လျှို့ဝှက်သိုင်းပညာရပ်တွေ ရှိပါတယ်။ အစဉ်အလာအားဖြင့် စော်ဘွားမျိုးနွယ်တွေသာ အဆင့်ဆင့် သင်ကြားလာရတာပါ။

လျှို့ဝှက်သိုင်းပညာရပ်တွေ အမြောက်အမြား ရှိတဲ့အထဲက "ကိုးတွင်းအောင်း သိုင်းပညာ" ဆိုတာကို သင်ပေးချင်တာပါ'

**"ကိုးတွင်းအောင်းသိုင်းပညာ"**



www.burmeseclassic.com

www.burmeseclassic.com

ဆို၍ နာမည်ဟိတ်အရ တော်တော်လေး အထင်ကြီးသွားသည်။

**'ကိုးတွင်းအောင်း သိုင်းပညာ** ဟုတ်လား'

ဟူ၍ ဆရာတော်မှာ နှုတ်မှပင် ပွင့်အန်ထွက်သွားသည်။ ရှမ်းမင်းသားက ခေါင်းညိတ်လိုက်ကာ...

'ဟုတ်ပါတယ် ကိုးတွင်းအောင်းသိုင်းပညာပါ။ အဲဒီပညာကတော့ ဟော်နန်းသုံးပညာရပ်တွေထဲက အဆင့်မြင့်သိုင်းပညာတစ်ခုပါ။

ဒီပညာကို တတ်မြောက်သွားရင် ခန္ဓာကိုယ်ပေါ့ပါးပြီး လူသာမန်တွေထက် ခုန်နိုင်ကျော်လွှားနိုင်တယ်။ အားမာန်ထည့်ပြီး ခုန်လွှားလိုက်ရင် အလျားလိုက်ဆိုရင် ဆယ့်ငါးပေ၊ ပေနှစ်ဆယ်လောက် ရောက်အောင် ခုန်နိုင်တယ်။ ခုတ်ချက်ရိုက်ချက် ရန်ပြုချက်တွေကို ခုန်ပျံပြီး ရှောင်နိုင်တယ်။

သာမန်သိုင်းဆရာတွေ မစွမ်းဆောင်နိုင်တဲ့ ကာယစွမ်းရည်တွေ ကာယသိဒ္ဓိတွေကို ရရှိမှာဖြစ်တယ်။ ဒါပေမယ့် ဒီပညာကိုတော့ လွယ်လွယ်နဲ့ တတ်မြောက်ဖို့ကတော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ တော်တော်လေး ကြိုးစားသင်ယူပါမှ ဒုက္ခခံမှ ရနိုင်မယ့်ပညာ ဖြစ်ပါတယ်'

ဟူ၍ ကျနြွေရရပင် ရှင်းပြလိုက်သည်။ သူ့စကားကို ကြားလိုက်ရသည်နှင့် ဆရာတော့်စိတ်ထဲတွင် "ဒီပညာကိုသာ တပည့်တွေ တတ်မြောက်သွားရင် အခြားပညာရပ်တွေကို ထပ်ပြီး အပင်ပန်းခံပြီး သင်နေစရာမလိုတော့ဘူး။ သိုင်းပညာအရာမှာ ပြီးပြည့်စုံတဲ့ အဆင့်မြင့် သိုင်းသမားတွေ ဖြစ်သွားတော့မှာပဲ။

သူ အနှစ်အနှစ်အလလ တောင့်တခဲ့တဲ့ သိုင်းပညာသင်ယူဖြည့်ဆည်းရေးလုပ်ငန်းကြီးလဲ အောင်မြင်ပြီးမြောက်တော့မှာပဲ" ဟု စဉ်းစားတွေးတောရင်းရင်တွင်းမှာ ပီတိဖြာမိသည်။



ဆရာတော်၏ တပည့်များအပေါ်တွင်ထားသော စေတနာသာလျှင် ဖြစ်ပေသည်။ ထို့ကြောင့်ပင် ဆရာတော်က ရှမ်းမင်းသားအား ဝမ်းသာအားရ မေးလိုက်မိသည်။

ဆရာတော့် မျက်နှာပေါ်တွင်မှာတော့ စေတနာမေတ္တာ အပြုံးပန်းများက လန်းဆန်းဖူးပွင့်လျက် ရှိပါသည်။

'ဟုတ်ပါပြီ၊ အဲဒီလို အဆင့်မြင့်ပညာဖြစ်တဲ့ ဘာတဲ့... အဲ... ကိုးတွင်းအောင်းသိုင်းပညာကို သင်ယူမယ်ဆိုရင် ဘယ်လို အစဉ်အလာတွေရှိသလဲ၊ ဘာတွေ လုပ်ဆောင်ရမလဲ၊ ပညာအတွက် ဘယ်လောက်ပူဇော်ရသလဲဆိုတာ ရှင်းပြပါဦး'

ဟု မေးလိုက်ရာ ရှမ်းမင်းသားက...

'ကိုးတွင်းအောင်း သိုင်းပညာကို သင်ယူမယ်ဆိုရင် သူ့ထုံးစံအတိုင်းကတော့ ငှက်ပျော(၅)ဖီး၊ အုန်း(၁)လုံးနဲ့ အနန္တောအနန္တငါးပါးပွဲအတွက် ကန်တော့ပွဲ(၅)ပွဲ ငှက်ပျော(၃)ဖီး၊ အုန်း(၁)လုံးပါတဲ့ ဆိုင်ရာပိုင်ရာ လမိုင်းပွဲက ထောင့်(၄)ထောင့်မှာ (၁)ပွဲစီနဲ့ ပွဲ(၄)ပွဲ၊ ပေါင်း ပွဲ(၉)ပွဲ ထိုးရမယ်။

အမွှေးတိုင်၊ ဖယောင်းတိုင်၊ ကွမ်း၊ ဆေးလက်ဖက်နဲ့ အောင်သပြေပန်းက (၉)ခက်စီ ပိတောက်ခက်က (၁၂)ခက်စီ ထိုးရမယ်။ ပွဲ(၁)ပွဲမှာ ပညာပူဇော်ကြေးအဖြစ် (၁)ပွဲမှာ ကျပ်(၉)ထောင်စီ ထည့်ရမယ်။ ပေါင်း (၈၁၀၀၀)ကျပ် ကန်တော့ရမယ်။

ပညာသင်ယူနေစဉ် ကာလမှာ ကျုပ်တို့ အဖွဲ့ရဲ့ နေရေးထိုင်ရေး စားရေးသောက်ရေး ကွမ်းဆေးလက်ဖက်ကအစ အားလုံးကို သင်တန်း အောင်မြင်ပြီးဆုံးသည့်အထိ တာဝန်ယူရမယ်'

ဟူ၍ ပညာသင်ကြေးနှင့် ကန်တော့ပွဲများအကြောင်းကို ရှင်းပြပြီး ဆက်လက်၍...

'အဲဒီမှာ မပြောရင်မဖြစ်တဲ့ အရေးအကြီးဆုံး လိုက်နာရမယ့်ဟာကတော့ ပညာသင်ယူနေစဉ် ဆရာခိုင်းတာကိုပဲ လုပ်ရမယ်။ ဘာမှ မမေးရဘူး။ ဘာမှ မဝေဖန်ရဘူး။ ဘယ်တော့ပြီးမလဲ၊ ဘယ်တော့ တတ်မလဲ ဆိုတာမမေးရဘူး။ သင်ရင်းနဲ့ ပညာသင်ရိုးကုန်ရင် သူ့အလိုလို တတ်မြောက်လာလိမ့်မယ်'

ဟူ၍ သူ့သင်တန်းစည်းကမ်းကို တင်းတင်းမာမာပင် ရှင်းပြခဲ့သည်။ သူက ဆက်လက်၍...

'ပညာသင်ယူမယ့် သူတွေက ကော်လံပါတဲ့ ရှမ်းတိုက်ပုံ(တိုက်မောင်း) အနက်ရောင်နဲ့ ရှမ်းဘောင်းဘီ အနက်ရောင်ကို ဝတ်ဆင်ရမယ်။ သင်တန်းမှာ လက်တွေ့လေ့ကျင့်တဲ့အခါမှာ မျက်လုံးပေါက်ပါတဲ့ ခေါင်းစွပ်အိတ်အနက်ကို စွပ်ထားရမယ်။ ဆရာ ခိုင်းသမျှကို မညည်းမညူဘဲ လုပ်ရမယ်။


ရှေ့လ ဆက်ဖတ်ပါရန်

**ဆရာကြီး မင်းယက္ခ**
*(တိုက်ပွဲဝင်)*



www.burmeseclassic.com

www.burmeseclassic.com




၂၀၁၄ ခုနှစ်၊ ဧပြီလအတွက်
စာတိကြီးငါးပါး စိုးမိုးမှုနှင့် အောင်ဘာလေ

# ထီ ဆုငွေ

ဧပြီလတွင် ထီဆုကြီးများနှင့် နီးစပ်ကံကောင်းနိုင်ကြစေရန် ရွေးချယ်သင့်သော ဂဏန်းများမှာ **၃၊ ၂၊ ၇၊ ၀** ဖြစ်၍ **ဂ၊ ရ၊ ဗ၊ အ** အက္ခရာများနှင့် တွဲဖက်ကံစမ်းသင့်ပါသည်။

ဂဏန်းတူ ဂဏန်းထိပ် အလိုရှိပါက **၃၊ ၂၊ ၇၊ ၀**တွင်းမှ နှစ်လုံးထက်ပို၍ ပါဝင်သော ထီလက်မှတ်ကို ရွေးပါ။

မွေးနှစ်အရ ကံအခွင့်အလမ်းကို အသုံးချလိုပါက
အောက်တွင် ကြည့်ပါ။



* * *

| မွေးနှစ် | ကံပွင့်ဂဏန်း | လာဘ်ပွင့်အရောင် | ကံပွင့်အရပ် | တွဲဖက်ကံစမ်းသင့်သူ | ကံပွင့်နေ့ |
|---|---|---|---|---|---|
| ကြွက် | ၉ | အနီရောင် | တောင် | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ |
| နွား၊ ကျား | ၇ | ရွှေဝါရောင် | အနောက် | ကြာသပတေးသားသမီး | သောကြာနေ့ |
| ယုန် | ၂ | မြေဝါရောင် | အနောက်တောင် | စနေသားသမီး | တနင်္လာနေ့ |
| နဂါး၊ မြွေ | ၃ | အစိမ်းနုရောင် | အရှေ့ | သောကြာသားသမီး | ကြာသပတေးနေ့ |
| မြင်း | ၈ | အညိုရောင် | အရှေ့မြောက် | တနင်္လာသားသမီး | စနေနေ့ |
| ဆိတ်၊ မျောက် | ၁ | အပြာရောင် | မြောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |
| ကြက် | ၆ | အဖြူရောင် | အရှေ့မြောက် | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |
| ခွေး၊ ဝက် | ၄ | အစိမ်းရင့်ရောင် | အရှေ့တောင် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ |

သင်သည် **ကြွက်နှစ်တွင် မွေးဖွားသူဖြစ်ပါက** ၉–ဂဏန်းက ကံပွင့်စေ၍ အနီရောင်မှာ လာဘ်ပွင့်အရောင်ဖြစ်သည်။

တောင်အရပ်ရှိ ထီလက်မှတ်အရောင်းဆိုင်တွင် ကံစမ်းသင့်သည်။ တွဲဖက်ကံစမ်းလိုပါက ဗုဒ္ဓဟူးသားသမီးနှင့် စပ်တူထိုးပါ။ ကံပွင့်စေသည့် အင်္ဂါနေ့တွင် ထီထိုးကံစမ်းပါ။

ထီလက်မှတ် အရောင်းဆိုင်ဖွင့်လှ[...] ရာနေရာ အခြေအနေအရ ရွေးချ[...] ကံစမ်းလိုပါက ပန်းခြံ၊ လွင်ပြင်ကျ[...] တောင်ကုန်းမြေမြင့်၊ လမ်းဆုံလမ်[...] ထောင့်၊ မြို့တော်ခန်းမ စသည့် အ[...] ကရ အဆောက်အအုံကြီးများ၊ တ[...] ဆောက်လက်စ အဆောက်အအ[...] အုတ်၊ သဲ၊ ကျောက် အိမ်ဆောက်ပစ္စည်း[...] အရောင်းဌာန၊ ကြွေထည်မြေထ[...] စဉ့်ထည် ပစ္စည်းအရောင်းဆိုင်၊ ကွ[...] မြေ စသည်တို့အနီး ဖွင့်လှစ်သ[...] ထီဆိုင်များကို ရွေးချယ်ကံစမ်းပါ။

**ထီကံမြင့်ယတြာ** ပြုလိုပါလျှ[...] စနေနေ့တွင် သက်ငယ်ပိုင်း အမျိုးသ[...] တစ်ဦးအား ကော်ဖီ၊ လက်ဖက်ရည်[...] သစ်သီးရည် စသည့် သောက်သုံးဖွ[...] တစ်မျိုး လှူဒါန်း၍ ထီဆုကြီးများ [...] နိုင်ရန် သမ္မာဒေဝများထံ တိုင်တ[...] ဆုတောင်းပါ။

***ဝှယုင်း စာတိကြီးငါးပါး အကူအ[...] ဖြင့် ထီဆုကြီးများ ဆွတ်ခူးနိုင်ကြ[...] စေ။***

ထက်မင်းကျော်[...]



www.burmeseclassic.com

www.burmeseclassic.com



# စံကားဝါ ရွှေတစ်ပွင့် (၂)

ရွှေတောင် ကြည်မောင်ခြား

**ယခင်လမှ အဆက်**

အဝေးအရပ်က မှိုင်းပျပျ စိမ်းညို့
ောင်ကို လှမ်းမြင်ရတယ်။ ဂူဝကို
က်တော့မယ်။ မဝေးတော့ဘူး။
ြို၊ ခြေတစ်ကမ်းအလို။
ူဝနားကို နီးလာလေ၊ အမြင်က
လာလေ။ ဂူဝက ထွက်တော့ စိမ်းမြို
ောင် တောတောင်တွေရဲ့ အလယ်
က်နေပြီ။ တောင်တန်းနှစ်ခုတို့ရဲ့
ကြား လွင်ပြင်ကျယ်။ တောင်နဲ့
က်က အရှည်ကြီး မျက်စိတစ်ဆုံး
သေး။ တစ်မျှော်တစ်ခေါ်ကြီး။
ဒီနေရာကို ဦးသက်ပန် မသိဘူး။
ခါမှ မရောက်ဖူးဘူး။ ဘယ်နေရာ
ောက်နေပြီလဲလို့ တွေးမိတယ်။

ဂူဝကအထွက် ဆက်လျှောက်လိုက်တော့ မြေသားလမ်းကလေးက မဖုန့်တဖုန့် ဖုန့်တဖုန်။ လူတစ်ယောက်သွားသာရုံလေး၊ ခြေတစ်ဖက်နင်းသာရုံကျယ်တဲ့လမ်းကလေး။ လမ်းဘေးတစ်ဖက်တစ်ချက်မြက်သောသောနဲ့…

တောတစ်ခွင် တောင်အနှံ့ကလဲ မိုးအုံ့လို့ နေသာ။ ဘယ်နေရာကြည့်ကြည့် မျက်စိအေးလို့။ ကျေးငှက်သာရကာတို့ရဲ့ တွန်ကျူးသံသာကလဲ ညံ့စာစာ။ ဦးသက်ပန်ရဲ့ မမောတဲ့ရင်အစုံ မခုန်မယ့်အပြင် ဘဝချမ်းမြေ့ ရွှင်လန်းမွေ့လို့။

ကြည်ကြည်နူးနူးနဲ့ မြင်ဖူးလိုက်ရတဲ့ ဒီနေရာ…

ရှေ့ဆက် လျှောက်လိုက်ကြတော့ မြေစိုက်စေတီတော်လေးတစ်ဆူ ဖူးမြင်ရတယ်။ ရွှေရောင်ဟိတ်က တဖိတ်ဖိတ်တောက်လို့၊ အလျှံညီးလို့။

လုံးတော်ပြည့် ရွှေစေတီတော်လေးနဲ့ ကိုက်(၅၀)လောက်အကွာမှာတော့ ကျောင်းသခ်မ်းလေး တစ်ဆောင် ထီးတည်း။

ရွှေစေတီတော်လေး ဘေးမှာ၊ ကျောင်းဝင်းတစ်ခုလုံးမှာ စံကားဝါပင်တွေပြည့်နေတယ်။ စံကားဝါပန်းရနံ့ သင်းပျံ့လို့ ထုံအီ။

အဘိုးကြီးက ကျောင်းဝင်းထဲကို ဝင်သွားတယ်။ သရက်၊ ပိန္နဲ၊ မရမ်း၊ အုန်း၊ ထန်း၊ ပေပင်တွေနဲ့ စိမ်းစိမ်းကို စိုလို့၊ ကျောင်းကလေးရဲ့ တောင်ဘက်အစပ်မှာ အဆက်မပြတ် တသွင်သွင် ရေစီးတဲ့ ဂီတသံ ငြိမ့်ငြိမ့်ညောင်းတဲ့



www.burmeseclassic.com

www.burmeseclassic.com

စမ်းချောင်းကလေး။

တောင်ကြိုတောင်ကြား၊ ကျောက်ကြိုကျောက်ကြားက ထွက်လာပြီး၊ ချောက်ကြိုချောက်ကြားကို ဖြတ်ပြီး စီးလာလို့ အေးမြလိုက်မယ့် ဖြစ်ခြင်း။ လှမ်းမြင်နေရင်းကကို စိမ့်စိမ့်ပြီး တက်လာတယ်။

ကျောင်းဝင်းတစ်ခုလုံးက ရှင်းပြီး သန့်နေတယ်။ မြက်တစ်ပင်မရှိ အမှိုက်သရိုက်မရှိ၊ မြေခသစ်ရွက် မရှိ။ တလင်းလို ပြောင်လို့ နေချင်စဖွယ်လေး။

တစိုက်စိုက်နဲ့ အဘိုးကြီးက ကျောင်းပေါ်တက်သွားတယ်။ ကျောင်းပေါ်ရောက်တော့ ငှက်ပျောသီးတစ်လုံးကို ထက်ပိုင်း‚ပိုင်းတယ်။ တစ်ပိုင်းကို သူစားတယ်။ တစ်ပိုင်းကိုတော့ ဦးသက်ပန်ကို ကျွေးတယ်။ စားပေ့ါ၊ ဦးသက်ပန်ကလဲ စားတာပေ့ါ။ ရေတစ်ခွက်ခပ်တိုက်ပြန်တော့လဲ သောက်လိုက်ပြန်တာပဲ။

တစ်သက်တာ စားခဲ့သမျှ ငှက်ပျောသီးတွေနဲ့ တစ်လီမတူဘူး။ ထူးကဲလိုက်တဲ့ အရသာ။ အကြောပေါင်းစုံ စိမ့်ထွက်သွားတယ်။

ကျောင်းပေါ်မှာ ထိုင်တောင် မထိုင်ကြဘူး။ အဘိုးကြီးက ဦးသက်ပန်ကို မြေစိုက်ရွှေစေတီလေးဆီ ခေါ်သွားတယ်။ ဝတ်ပြုကြည်ညိုစေတယ်။

မြေစိုက်ရွှေစေတီတော်လေးက ရွှေရောင်ဝင်း ပြောင်လက်လို့၊ ရွှေသက်န်းကပ်ထားတာနဲ့ မတူဘူး။ ရွှေသားနှစ်အသွင် မြင်နေရတယ်။ စိန်ဖူးတော်မှာက စိန်ဖူးတော်ဆိုတဲ့အတိုင်း စိန်တွေစီထားတယ်။ အလျှံတဖိတ်ဖိတ်နဲ့ ရောင်စုံဝန်းယှက် လက်နေတယ်။

ငှက်မြတ်နားတော်မှာတော့ ပတ္တမြားနဲ့ စိန်တွေစီလို့၊ ထီးတော်ပတ်လည်ကို



လဲ ပတ္တမြားတွေ ရစ်ခွေပန်းလို ကုံးထားတယ်။ ပတ္တမြားတွေကို စွန်ကုပ်နဲ့ ကုတ်ပြီး ထိန်းထားတယ်။ ပတ္တမြားလုံးချောတွေ ကြီးတွေယှက်လို့၊ အရည်တွေ ယိုကျတော့ မလိုလို။ ရွှေစွန်ကုပ်တွေကြားက အောက်ကိုများ ကျသွားလေမလား။

ထီးတော်ကို ငှက်ပျောဖူးမှာ ပိန္နဲတိုင်လေးစွပ်ပြီး ရွှေကြိုးတွေနဲ့ ဆိုင်းထားတယ်။ ကြာလန်ကြာမှောက်နဲ့ ခေါင်းလောင်းပုံ ပလ္လင်ကတော့ မြေမှာစိုက်လို့။ မြေစိုက်စေတီ... ရွှေစေတီ။

လေတိုက်ရင် ဘယ်ညာတိမ်းလို့ ယိမ်းနေတဲ့ ဆည်းလည်းတွေကလဲ အသံသာ။ တစ်လုံးတည်း အသံ၊ နှစ်လုံးတွဲအသံ၊ သုံးလုံး‚ လေးလုံး‚ ငါးလုံး တွဲလုံးတွေရဲ့ အသံစာစာ။ ရင်မှာ စွဲငြိတဲ့ နားဝင်ပီယံ၊ ဘဝင်အထိ ညံ။

မြေစိုက်ရွှေစေတီတော်လေးကို သုံးကြိမ်သုံးခါ ရှိခိုးဦးခိုက် ကန်တော့လိုက်ပြီ။ နမော်တဿ(၃)ကြိမ် ရွတ်ပြီးမှ ဩကာသနဲ့ ငါးပါးသီလခံယူတယ်။

အဲဒီနောက် ဗုဒ္ဓရှင်တော် ဟောဖော်မြွက်ခဲ့တဲ့ ပရိတ်တော်မြတ်ဒေသနာကို ရွတ်ပွားတယ်။ မေတ္တာတွေပို့ အမျှတွေလဲဝေ။ ဘယ်လောက်ကြာလေသလဲ

မသိ။ ကြည်နူးမှုပီတိကတော့ အပြည့်

ဦးသက်ပန်မှာ စိတ်ချမ်းသာ ကိုယ်

ချမ်းသာ တစ်ခဏတာ နိဗ္ဗာန်ရွှေပြည်

မှာ...

* * *

အိမ်မှာကတော့ ပွက်လောရိုက်

ပြီ၊ အချိန်တန်လို့မှ ဦးသက်ပန် အိမ်

ပြန်မလာလေတော့ အိမ်က ဒကာ

သောကတွေ ရောက်ရပြီ။ သား

ခေါ်၊ သမီးတွေကိုခေါ်...

'အချိန်မတော် နေဝင်မိုးချုပ် အ

လုပ်တဲ့ မင်းတို့အဖေ သူငယ်အိမ်ဆီ

ကြက်တောင်တွန်နေပြီ။ အိမ်

မရောက်သေးဘူး။ ယာခင်းဆီ

ကြပါဦး'

ဆိုတော့...

သားတွေနဲ့ သမက်တွေက

တွေခေါ်၊ မိတ်ဆွေတွေခေါ်၊ အိမ်

ချင်းတွေကိုခေါ် တစ်ရွာလုံးလော

မီးတုတ်တွေ လက်ကစွဲလို့ ယာခ

ကို သွားကြပြီ။

ဦးသက်ပန်ရဲ့ ယာခင်းကို မ

မီ ယာ(၃)ကွက်၊ (၄)ကွက်ကျော်

လောက်ကတည်းက တကြော်

အော်ဟစ်လို့ ခေါ်ကြပြီ။

'အဖေရေ... ဦးလေးရေ... ဦး

ပန်ရေ'

ဦးသက်ပန်ရဲ့ ပြန်ထူးသံ မ

ဘယ်ကြားရမလဲ။ ဦးသက်ပန်က

တာ။ ယာတစ်ခင်းလုံး တိတ်

ကလေးကလဲ ဆိတ်လို့။ တိတ်

ငြိမ်သက် အနေအထားမပျက်

သက်ငြိမ် ကန္တာရကအပြည့်။

ခေါ်သံအော်သံတွေက

မီးတုတ်တွေက ထိန်ထိန်ညီး

အလျှံ။

ယာတဲကလေးကို ရော

ကြမ်းပြင်ကို ခင်းထား





www.burmeseclassic.com

www.burmeseclassic.com

မှာ လက်ဖက်ရည် အကြမ်းအိုးလေးရယ်၊ လက်ဖက်ရည်ပန်းကန်တစ်လုံးရယ် တွေ့နေရ၊ ထန်းလျက်ထုပ်ကလေးက တဲအမိုးမှာ ညှပ်လို့။ ဘာသံမကြား၊ ညာသံမကြား။

သားတစ်ယောက်နဲ့ အဖော်တွေက ယာခင်းထဲမှာ လှည့်ပတ်ရှာကြတော့ ခေါင်းထိုးတဲ့ တူးရွင်းကလေးက မြေမှာ စိုက်လျက်၊ လုပ်လျက်ကိုင်လျက်က ထွက်သွားပုံပဲလို့ တွေးကြတယ်။ တူးရွင်းကလေးကို ယူသွားပြီး တဲ ကြမ်းပြင်အောက်မှာ ပစ်ထားလိုက်တယ်။

ရှာလိုက်ကြတာ ညသန်းခေါင်အချိန်နီးပြီ။ အကောက်တောင်ခြေအထိတောင် ရောက်ကြရ။ ယာခင်းတစ်ဝိုက် နေရာတကာ ဘယ်မှာပဲ ရှာရှာ၊ ဘယ်လောက်ပဲ မွှေနှောက်လို့ ရှာရှာ မတွေ့ကြပါလေတော့ အိမ်ပြန်ကြရပြီ။

မျက်စိမလှ၊ မျက်နှာမလှ ဦးသက်ပန်ရဲ့ ဒကာမ ဘယ်လိုပြောရပါ့။

နောက်တစ်နေ့ မနက်မှာတော့ လူတွေခွဲပြီး ဦးသက်ပန်ကို ရှာကြရပြန်ပြီ။ ရောဝတီမြစ်တစ်ဖက်ကမ်း ညောင်စာရေးကိုပဲ သွားလေသလား။ ကျားအို၊ ရေနောက်နဲ့ ကျွဲသော၊ ကျောက်တွင်း ရေငံစမ်းရွာတွေကိုပဲ ရောက်နေလေသလား။ အကောက်တောင်ရဲ့ တောင်ခက်အစပ် ရောဝတီမြစ်အနောက်ဘက်ကမ်း သောကြာဒူးကစ နံ့ဂတ်နဲ့ ဆိပ်သာအဆုံး...

အထက်ဘက်မှာတော့ ထုံးဘိုနဲ့ သူရဲတန်းအနှံ့။ တဲကြီးကုန်းနဲ့ ညောင်ဘယ်ကတော့ အခေါက်ခေါက် အခါခါ အကောက်တောင်ပေါ်မှာများ ရှိလေမလား တက်ကြည့်ရတာက နေ့တိုင်း...



အဆိုင်းလိုက် အဆိုင်းလိုက် လူတွေခွဲပြီး ရှာလိုက်ကြတာ။ ခြေကုန်ပြီး လက်ပန်းကျလို့ ဖတ်ဖတ်ကို မောလို့။ ဦးသက်ပန်ကို တွေ့ကြရလို့ကတော့ဖြင့် တကယ့်ကို မလွယ်။ မလွယ်ရေးချ မလွယ်။ အိမ်ကိုသာ ပြန်ပြန်ရောက်လာကြတယ်။

ဦးသက်ပန် တစ်ယောက်ကတော့ ပါမလာလေဘူး။ သူ့ဒကာမကတော့ ရူးမတတ်ဖြစ်နေပြီ။

သားတွေ၊ သမီးတွေကလဲ စိတ်သက်သာရာမရ၊ သောကကို ရင်မှာပိုက်လို့။ ကိုယ်စီကိုယ်စီ။ အဖေ ဘယ်ဆီများရှိလေမတုံး။ လုံးလုံးကို တွေးလို့မရ၊ လက်မှိုင်ချရတော့မယ့်အခြေ။ သေသာ သေလိုက်ချင်ပါဘိ။

အဖေကိုလဲ တမ်းတ၊ အမေဆိုလဲ နားချ၊ ပြောမရတဲ့အဆုံးမှာတော့ ပျောက်သောသူ ရှာမတွေ့၊ သေဖို့တော့များပြီ။ ဦးသက်ပန်ပျောက်သွားတာလဲ (၇)ရက်လည်တော့မယ်။ မနက်ဖြန်ဆို (၇)ရက်လည်ပြီ။

ကဲ...သပိတ်သွတ်ကြစို့ရဲ့။

ကနေ့က သွားလေသူ ပြန်မလာတဲ့ ဦးသက်ပန်ကို ရည်မှန်းလှူဒါန်းတဲ့ ဆွမ်းသွတ်ပွဲအစ။ လှူဖွယ်ဝတ္ထုပစ္စည်းတွေက အရံသင့်။ ဘုရားအမှူးပြုတဲ့ သံဃာတော်အရှင်မြတ်တို့ကို မန့်ဟင်းခါး ဆွမ်းကပ်မယ်။ အလှူပွဲလာပရိသတ်ကိုလဲ တိုက်မကျွဲ ကျွေးမယ်။ ဝမ်းနည်းပက်လက် ကြေကွဲလျက်က...

မနက်ကတည်းက လုပ်ကြကိုင်ကြ၊ ပြင်ကြဆင်ကြ၊ ချက်ကြပြုတ်ကြ၊ စားကြသောက်ကြ၊ အလုပ်လဲလုပ် စားလဲစားကြ။ သိုက်သိုက်ဝန်းဝန်း မြိုင်မြိုင်ဆိုင်ဆိုင် အလှူအစနေ့မှာကိုက အလှူလေး တစ်လှူ။

ဦးသက်ပန်ရဲ့ ဒကာမကြီးကတော့ အလှူအစနေ့ မိုးမှ မလင်းသေးဘူး။ ကျိတ်ကျိတ်ဆွေးလို့ တိတ်တိတ်ကလေး ကျလာတဲ့ မျက်ရည်ကို သုတ်လိုက်၊ နှပ်ရှုပ်လိုက်။ ဖွင့်ပိုက်မထားနိုင်တဲ့ အထုပ်ကလေးတစ်ထုပ်။ အပူရှုပ်သူ့နှတ်က...

'ဘယ်လိုလုပ်ရပါ့ ကိုသက်ပန်ရေ'

*　*　*

ဦးသက်ပန် မြေစိုက်ရွှေစေတီလေးကို ဖူးမြော်ကြည်ညိုပြီးတော့ ကျောင်းသခ်မ်းလေးဆီ လှမ်းလာတယ်။ ကျောင်းရှေ့မှာ အဘိုးကြီးက တံမြက်လှည်းနေတယ်။ အမှိုက်မရှိတဲ့ မြေပြင်မှာ ပြောင်တလင်းကို ခါလို့။

အဘိုးကြီးအနားကို ဦးသက်ပန် ရောက်လာတော့...

'မောင်ရင်...အဘိုးဆီက လိုချင်တာတောင်း'

လို့ ပြောတယ်။

ဦးသက်ပန် ဘာတောင်းရမှန်း မသိ



www.burmeseclassic.com

www.burmeseclassic.com

ဘူး။ တောင်းလဲ မတောင်းတတ်ဘူး။ တောသားလူရိုးဆိုတော့ တွေးတယ်။ တောတွေတောင်တွေရဲ့ အလယ် အဘိုးကြီးတစ်ယောက်တည်း နေတဲ့ ကျောင်းကလေးမှာ ဘာမှမရှိ၊ တောင်းစရာလဲ မမြင်။ ဒီတော့...

'ဘာမှ မလိုချင်ပါဘူး အဘိုး'

အဘိုးကြီးက ဆက်ပြီး ပြောပြန်တယ်။

'မင်းလိုချင်တာ တစ်ခုခုတောင်းကွာ'

ခက်တာက ဦးသက်ပန် ဘာမှ မလိုချင်ဘူး။ အိမ်ပြန်ချင်တာပဲ ရှိတယ်။ ဦးသက်ပန်က ခေါင်းခါလိုက်တယ်။

'အိမ်ပြန်မယ်'

'အေး...မင်း မတောင်းတတ်ရင် အဘိုးပေးလိုက်မယ်။ ဟောဒီ စံကားဝါပွင့်တွေ ခါးပိုက်ထောင်တစ်လုံး ထည့်သွား'

ဦးသက်ပန် တွေးတယ်။ အဘိုးကြီး နှယ် ပေးစရာရှားလို့၊ စံကားဝါပွင့်တွေ ပေးရတယ်လို့၊ တို့ရွာ ညောင်ဖျားမှာ ပေါလို့... အောတိုက်...ဗျောရိုက်'

'မယူတော့ပါဘူး အဘိုးရယ်'

လို့ ဆိုတော့...

'ခါးပိုက်ထောင်တစ်လုံး နင်းသိပ်ပြီး ထည့်သွားကွာ။ မင်းနှယ်လေ... ဒီကောင်တော့'

လို့ ထပ်ပြီး ပြောပြောပေးပေး ပေးပြန်တယ်။

အဘိုးကြီး ဘယ်လိုပြောပြော၊ ဘယ်လောက်ပဲပေးပေး ဦးသက်ပန်က လိုချင်တဲ့စိတ်ကို မရှိဘူး။ ဒါပေမယ့် အဘိုးကြီး စိတ်ချမ်းသာအောင် အားနာပါးနာနဲ့ စံကားဝါပန်းတစ်ပွင့်ကို ကောက်ယူပြီး အင်္ကျီအိတ်ထဲ ထည့်လိုက်တယ်။

ဦးသက်ပန်ရဲ့ လုပ်ဟန်ကိုင်ဟန်ကို



ကြည့်ပြီး အဘိုးကြီးက စိတ်မကောင်းဖြစ်ပုံတယ်။ ခေါင်းတညိတ်ညိတ်နဲ့... ဘာမှတော့ ဆက်မပြောတော့ဘူး။ နောက်တော့...

အိမ်ပြန်ချင်နေတဲ့ ဦးသက်ပန်ကို အဘိုးကြီးက သူတို့လာခဲ့တဲ့ ဂူအဝကို ခေါ်သွားတယ်။ ဂူအဝအထိ လိုက်ပို့တယ်။ ဂူဝရောက်တော့ ဦးသက်ပန်က အဘိုးကြီးကို ရှိခိုး ဦးချကန်တော့တယ်။

'ကဲ...အိမ်ပြန်ချင်တဲ့မောင်ရင် ပြန်ပေတော့ ကျန်းမာ...ချမ်းသာပါစေ'

လို့ ဆုတွေပေးပြီး ဦးသက်ပန်ရဲ့ နဖူးဆံစပ်ကို အဘိုးကြီးက သူ့ညာလက်ဝါးနဲ့ (၃)ကြိမ် သပ်လိုက်တယ်။ ကြက်သီးဖြန်းဖြန်း ထသွားတာပဲ။ မွေးညင်းတွေက ထောင်၊ တုန်တောင်သွားတယ်။

ဦးသက်ပန်ရဲ့ အပြန်ခရီးက အလာတုန်းကနဲ့ မတူဘူး။ ဂူဝကိုဝင် မြေပြင်ကို ခြေတင်လို့ လျှောက်လိုက်တာ။ ဘာကြာလိုက်မတုံး။ ကြာလှ ကွမ်းတစ်ယာညက်ပေါ့။ ခဏလေးမှ ခဏလေး။ ဟော...

အကောက်တောင် တောင်ထိပ်က ဂူဝကို ထွက်ပြီ။

ဂူဝကနေ လှမ်းမျှော်ကြည့်လိုက်တော့ သူ့ယာခင်းကွက်ကွက်လေးကို နေညိုချိန် ဖြာကျတဲ့ နေရောင်ခြည်အောက်မှာ တွေ့လိုက်ရပြီ။ အားမာန်ကိုကိုး၊ ရှေ့ကို တိုးတိုးပြီး လျှောက်

လိုက်တာ မကြာပါဘူး။ ယာခင်းအစပ်ကို ရောက်ပြီ။

ယာခင်းထဲဝင် ပေါင်းထိုးတဲ့ တူးရွင်းလေးကြည့်လိုက်တော့ မရှိ။ ဘယ်ဆီများ ခြေထောက်ပေါက်ရောက် သွားပါလိမ့်လို့ တွေးပြီး တဲဆီအဝင် အဆင်းအပြင်က သူသွားတုန်းကလို မဟုတ်ရှုတ်တရက်ကြီး ပြောင်းပြန် မြန်ဆန်လိုက်ပုံများ...

ရေနွေးအိုးက မီးဖိုပေါ်မှာ၊ လက်ဖက်ရည်ပန်းကန်လေးက တဲခေါင်းရင်းမှာ မှောက်လို့၊ ပေါင်းထိုးတူးရွင်းလေးက တဲ့ကြမ်းပြင်အောက်မှာ ရောက်လို့

နေကို ကြည့်လိုက်တော့ ကျ အနောက်ရခိုင်ရိုးမကို မေးတင်တော့ မယ်။ ဒီနေ့တော့ အချိန်လဲ မရှိ ဘာမှမလုပ်တော့ပါဘူးလို့ တွေး ဦးသက်ပန်အိမ်ကို ပြန်တယ်။ လမ်း ပဲ နေဝင်ဖျိုးဖျ မှောင်တရိမှာ ရွာနားကပ်နေပြီ။

မိုးကြီးစုပ်စုပ်ချုပ် မီးခွက်ထွန်း ညောင်ဖျားရွာကို ဝင်ပြီ။ ညီအစ် မသိတသိအချိန် ရွာလမ်းတစ်လျှော လူတစ်ယောက်မှ မတွေ့ဘူး။ ရှင် လင်းလို့။

သူ့အိမ်ဆီ မျှော်ကြည့်လိုက် အောက်လင်းဓာတ်မီး တထိန်ထိ အိမ်မှာ ဘာတွေဖြစ်ပါလိမ့်။ ဒီ ဂေါ်ကို ဘာအကျိုးအကြောင်းမှ မ သူ့သဘောနဲ့သူ ဘာတွေလုပ်ပါ ကြိုပြီးလဲ မသိ၊ သူ့အမယ်ကြီး တစ်ခုခု ဖြစ်လေသလား။ ဝေ အတွေးနဲ့ တဖြည်းဖြည်းလျှောက်

အိမ်နားနီးလာလေ ခြေလှ သွက်လေသွက်လေ၊ လှမ်းလေ၊ စိ လေ၊ ဦးသက်ပန်လေ...

အိမ်နဲ့ ခပ်လှမ်းလှမ်း (၇) လောက်ရောက်တော့ အိမ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com

တွေလူတွေ သွားလာလှုပ်ရှား စကားသံတွေ ကြားရတယ်။ ဝင်ချည်ထွက်ချည်၊ ဝင်လိုက်ထွက်လိုက်...

အိမ်ဝလဲရောက်ရော ဦးသက်ပန်က ကမန်းကတန်းအဝင် စမြင်တဲ့ သမီးအကြီးမက...

"အဖေရေ...အမျှ...အမျှ"တဲ့။

'နင့်အမေကလွှား ဘာအမျှလဲ'

ဆိုပြီး ဦးသက်ပန်ရှေ့ကို တိုးလိုက်တော့ အိမ်ရှေ့က လူတွေ အိမ်ထဲကို ပြေးဝင်ကြပြီ။ ရုတ်ရုတ်သဲသဲ ဖြစ်သွားပြီ။ ပြေးကြလွှားကြ၊ ပြောင်းဆန်သွားတာပဲ။

'အဖေရယ်...အဖေရယ်'

လို့ ကတုန်ကယင် ဖြစ်နေတဲ့ သမီးအကြီးမက လက်ညှိုးတထိုးထိုးနဲ့ သူ့အမေကိုအပြော...

ဦးသက်ပန်ဒကာမကြီးက ပူပင်သောက ရင်ကိုမ,ပြီး နေရာက ထကြည့်လိုက်ပါလေတော့...ဟုတ်ပ... ဦးသက်ပန်မှ ဦးသက်ပန်အစစ်၊ ရေမရောဘူး။

ခေါင်းရင်းခန်းမှာ တရားဓမ္မ ဆွေးနွေးနေကြတဲ့ သက်ကြီးရွယ်အို လူကြီးတွေ၊ ချက်ပြုတ်လုပ်ကိုင်နေတဲ့သူတွေ၊ အိမ်ပေါ်မှာရှိတဲ့ ဧည့်ပရိသတ်တွေ၊ ကစားနေကြတဲ့ကလေးတွေ တစ်ခဏတော့ ငေးပြီး မေ့သွားကြတယ်။

'ဘယ်လိုတွေ ဖြစ်နေကြတာတုံး'

ဦးသက်ပန်က အမေး...

'ကိုရင်...မဟုတ်တာတွေ မပြောနဲ့။ ရှင် အိမ်ပြန်မလာတာ (၆)ရက်ရှိပြီတော့... ကျုပ်တို့မှာ စိတ်တွေပူလို့ ရှာလိုက်ရတာ တောတောင်အနှံ့၊ ရွာအနှံ့'

'ဟယ်...ငါ ဘယ်သွားရမလဲဟ... ယာထဲက ပြန်လာတာလေ'

အဲဒီအချိန် ခေါင်းရင်းခန်းက အဘိုးကြီးတွေ ထလာကြပြီ၊ ဦးသက်ပန် အနားကို ရောက်လာကြပြီ။

'မင့်မိန်းမပြောတာအမှန် ဖိုးသက်ပန်'

လို့ ဘကြီးကွမ်းက ဝင်ပြောတယ်။

ဦးသက်ပန်ကလဲ သူ့ဘက်ကအမှန် ပြန်ပြောလိုက်တယ်၊ တကတည်း...

'ကနေ့မနက် ယာခင်းဆင်းတယ်ဗျာ။ နေ ထန်းတစ်ဖျားလောက်မှာ အဘိုးကြီးတစ်ယောက် ရောက်လာတယ်။ ဂျုံးဂျုံးကျကျကို လိုက်ပို့နိုင်းတယ်။ လိုက်ပို့ပြီး အခုပြန်လာတာပဲ။ ဘုရားတောင် ဖူးခဲ့ရသေး'

ဦးသက်ပန်က သူ့သွားခဲ့လာခဲ့ တွေ့ကြုံခဲ့တာတွေကို ပြန်ပြောပြတယ်။ သူ အိမ်ပြန်ရောက်လာတဲ့အထိပဲ။ တစ်ခုမချန် အကျန်မရှိ...

ခက်တာက ဦးသက်ပန် ပြောတာကို ဘယ်သူမှ မယုံကြဘူး။ မယုံကြတော့ စိတ်ထဲမှာ မခံချင့်မခံသာ ဖြစ်လာတယ်။ ဒီတော့ ဦးသက်ပန်က ပြောတယ်။

'မယုံကြဘူးဆိုရင်တော့ ကျုပ် အိတ်ထဲမှာ သက်သေပြစရာ စံကားဝါတစ်ပွင့်တော့ ပါလာတယ်။ ပြရသေးတာပေါ့'

လို့ ပြောပြီး သူ့အိတ်ထဲကိုနှိုက် စံကားဝါတစ်ပွင့်ကိုလဲ ထုတ်လိုက်ရော...

'စံကားဝါပွင့်လေး အသွင်ပြောင်း ရွှေဖက်လိပ် နားတောင်း'

**ရွှေတောင် ကြည်မောင်အေး**

---

စာမျက်နှာ (၂၃၁)မှ အဆက်


အတိုင်း တွေ့ရမည်။

***

အသင်းများ၊ မိတ်ဆွေ၊ ဆရာသမားတို့၏ ပြုပြင်ခံရ မိန်းမကိစ္စရှုပ်ထွေး အစကောင်း

| | အဓိပတိ | |
|---|---|---|
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

(မူလမဟာဘုတ်ခွင်)





(နာမက္ခရတိုင်)

နာမည်မှာ အင်္ဂါ+ကြာသပတေး= ရာဇ+ဘင်္ဂ= က္ကဋ္ဌ +အနိဋ္ဌ **နာမက္ခရတိုင်စဉ်မှား၊ နာမည်ညံ့ ဖြစ်သည်။**

ကျန်းမာရေးညံ့၊ ဘေးဥပဒ်ကြုံ အပေါင်း အနှောင်းပျက် ဖြစ်တတ်သည်။

ဤနာမည်မျိုးတွင် ရာဇဌာနမှ မွေးနံ့အင်္ဂါ **"စန်း"**ကိုသာ လက်မှတ်ရွေးထိုးသင့်ပါသည်။

*** မြန်မာ အင်္ဂလိပ်



လက်မှတ်အောက်က မျဉ်းမသားသင့်ပါ။ ငွေအိတ်သင်္ကေတ တည့်တည့်လှလှ ဆွဲပါ။ အညွန့်မရှည်စေရပါ။

***(ဤတစ်လ ဤမျှသာ)***

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြိုင်**

*(ဥပဒေဘွဲ့)*

လက္ခဏာဗေဒင်ပညာသုတေသီ



www.burmeseclassic.com

www.burmeseclassic.com

စိတ်ဝင်စားဖွယ်ကောင်းသော

# ထိုးမြဲလက်မှတ်များအကြောင်း

ဆရာကြီးဦးအောင်မြင့်
(ဥပဒေအတွဲ)
လက္ခဏာဗေဒင်ပညာသုတေသီ

၁။


* * *




ယခုလအတွက် နံပါတ်(၁) နေရာမှာ ဖော်ပြပေးလိုက်သော ထိုးမြဲ လက်မှတ်ပိုင်ရှင်မှာ အသက်သုံးဆယ်ခန့် အမျိုးသားတစ်ဦး ဖြစ်သည်။ **"နေကျော်"**ဆိုသော် နာမည်နှစ်လုံးတွဲကို လက်မှတ်ထိုးထားခြင်း ဖြစ်သည်။

လက်မှတ်ပုံသဏ္ဌာန်မှာ **ငွေအိတ်သင်္ကေတ ရှိသော်လည်း ခွက်မှောက်သင်္ကေတနှင့် တွဲလျက်ရှိသဖြင့်** ငွေဝင်ကောင်းသော်လည်း ငွေထွက်များပြီး မစုဆောင်းမိ ဖြစ်တတ်သည်။

* * *





လက်မှတ်အောက်ခြေတွင် **တူညီသော သင်္ကေတအပြိုင်** ရှိနေသည်။




ထိုသင်္ကေတကြောင့် အိမ်ထောင်ရေး ကာမဂုဏ်ရေး အရှုပ်အထွေးများပြားပြီး ငွေကုန်ငွေထွက် များခြင်း ဖြစ်နိုင်သည်။


ထိုးမြဲလက်မှတ် **နောက်ဆုံးအညွန့်မှာ ရှည်လျားလွန်းသည်။ ထိုသင်္ကေတကြောင့် ဘာလုပ်လုပ် အစတော့ အဟုတ်ကြီး နောက်ပိုင်း အဖျားရှူး** ဖြစ်တတ်သည်။







ယင်းမှာ **မြန်မာသက္ကရာဇ် ၁၃၄၆ ခုနှစ်၊ ကဆုန်လဖွား (စနေ)သား ဖြစ်၍** မူလမဟာဘုတ်နှင့် **နာမက္ခရ တိုင်စဥ်** ချကြည့်ရင် အောက်ပါအတိုင်း တွေ့ရမည်။

***.



မြန်မာ အင်္ဂလိပ်

* * *




(မူလမဟာဘုတ်ခွင်) (နာမက္ခရတိုင်)


စနေအစ တနင်္လာအဆုံး နာမည်မှာ **ရာဇ + ဘင် = ဣဋ္ဌ + အနိဋ္ဌ** နာမည် နာမက္ခရတိုင်စဥ်များဖြစ်၍ အချစ်ရေးနှင့် ငွေကြေးကိစ္စများ မတည်မမြဲ စိတ်ဆင်းရဲသောက မကြာခဏ ကြုံရတတ်သည်။

ဤနာမည်မျိုးတွင် မူလမဟာဘုတ်၌ ရာဇဌာနလည်း ဖြစ်၊ မွေးနံလည်း ဖြစ်သော **"နေ"တစ်လုံးတည်းကိုသာ** လက်မှတ်ထိုးသင့်သည်။

**လက်မှတ်အောက်က မျဉ်းမသာ သင့်ပါ။ ငွေအိတ်သဏ္ဌာန်သင်္ကေတ တည့်တည့်လှလှ ဆွဲရမည်။ လက် မှတ်၏ အညွန့်လည်း ခပ်တိုတိုသာ ဖြစ်ရမည်။**

၂။

* * *






www.burmeseclassic.com

www.burmeseclassic.com


ယခုလအတွက် **နံပါတ်(၂) နေရာတွင်** ဖော်ပြပေးလိုက်သော ထိုးမြဲလက်မှတ်ပုံစံပိုင်ရှင်မှာ **အသက်နှစ်ဆယ်ကျော် အမျိုးသမီးတစ်ဦး** ဖြစ်ပါသည်။

'ငွေကြေးရင်းနှီးမြှုပ်နှံရတဲ့ စီးပွားရေးလုပ်ငန်းမှာ အယှဉ်အပြိုင်များ၊ အဆုံးအရှုံးများပြီး အဆင်မပြေဖြစ်ရတာ ဘာကြောင့်ပါလဲရှင်' တဲ့...

ထိုးမြဲလက်မှတ်၏ ပုံသဏ္ဌာန်ကို ကြည့်လျှင် အပေါ်မှာ **အပြိုင်သင်္ကေတ** တွေ့ရမည်။  ဒီသင်္ကေတဟာ ဘယ်မှာ နေနေ ဘယ်လုပ်လုပ် အယှဉ်အပြိုင်များတတ်သည်။

ထိုးမြဲလက်မှတ်၏ **အောက်ဘက်ကို ထိုးဆင်းသည့် မျဉ်းရှည်တစ်ကြောင်းရယ်၊** နောက်ဆုံးက **ခွက်မှောက်သင်္ကေတရယ်**ဟာ ငွေကြေးဆုံးရှုံးနစ်နာ၊ အထွက်များခြင်းတို့ ဖြစ်စေတတ်ပါသည်။

***




လက်မှတ်အောက် မျဉ်းပိတ်နှင့် လက်မှတ်က အောက်ဘက်မျဉ်းရှည်တို့ ဖြတ်သန်းမှုဟာ အဆင်မပြေခြင်းတွေ ဖြစ်တတ်သည်။

သူမဟာ **မြန်မာသက္ကရာဇ် ၁၃၅၂ ခုနှစ်၊ ဝါခေါင်လမွေးတဲ့ တနင်္လာသမီးဖြစ်ပြီး "ကေခိုင်စော"**ဆိုတဲ့ နာမည် သုံးလုံးတွဲကို မြန်မာလို လက်မှတ်ထိုးထားတာပါ။ မူလမဟာဘုတ်ခွင်နှင့် နာမက္ခရတိုင်စဉ် ချကြည့်ရင် အောက်ပါအတိုင်း တွေ့ရှိရမည်။

* * *

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

| | | |
|---|---|---|
| | ၅ | |
| ၀ | ၃ | ၆ |
| ၄ | ၁ | ၂* |

**(မူလမဟာဘုတ်ခွင်)**

| | |
|---|---|
| ၀ | |
| ၆ | ၅ |
| ၄ | ၃ |
| *၂ | ၁ |

**(နာမက္ခရတိုင်)**


တနင်္လာ ပုတိဖွားကို တနင်္လာ+တနင်္လာ+အင်္ဂါ= ပုတိ+ပုတိ+သိုက်= အနိဋ္ဌ + အနိဋ္ဌ + ဣဋ္ဌ နာမည်မျိုး ပေးထားတာပါ။ မွေးနံကို အညွှန့်အုပ်နာမည်ဖြစ်ပြီး **နာမက္ခရတိုင်စဉ် မှန်တယ်။**

ဒါပေမယ့် တနင်္လာ(ငွေပြိုဟ်) ပုတိဌာန အက္ခရာစာလုံး(၂)လုံးနဲ့ နာမည်အစပေးထားလို့ ငွေကြေးရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတွေ အဆုံးအရှုံး အကုန်အကျများရခြင်းဖြစ်သည်။

ဒါ့ပြင် အချစ်ရေးအတွက်လည်း စိတ်ညစ်စရာတွေ များတတ်သည်။

ဒီနာမည်မျိုးမှာ နာမည်၏ နောက်ဆုံးစာလုံး မဟာဘုတ်မှာ သိုက်ဌာန မွေးနံ၏ အညွှန့်လည်း ဖြစ်သည့် အင်္ဂါနံ "စော"ကို လက်မှတ်ရွေးထိုးသင့်ပါသည်။

* * *





**မြန်မာ** **အင်္ဂလိပ်**

လက်မှတ်အောက်က မျဉ်းမသားရပါ။ ငွေအိတ်သင်္ကေတ တည့်တည့်လှလှ ဆွဲ၊ လက်မှတ်အညွှန့်နေရာမှာ ပွင့်ဖတ်နှစ်ခုပါတဲ့ ပန်းပွင့်ပုံထည့်။

၃။

* * *



ယခုလအတွက် **နံပါတ်(၃) နေရာမှာ** ဖော်ပြပေးလိုက်သည့် ထိုးမြဲလက်မှတ်ပိုင်ရှင်က အသက်ငါးဆယ်ကျော် အမျိုးသားတစ်ဦး ဖြစ်ပါသည်။ **"စန်းဗိုလ်"**ဆိုသည့် နာမည်နှစ်လုံးတွဲကို လက်မှတ်ရွေးထိုးထားတာပါ။

'စီးပွားရေးအဆင်မပြေ အယှဉ်အပြိုင်များ၊ ငွေမပြည့်တွေဖြစ်တယ်။ ဘာကြောင့်လဲ၊ စီးပွားရေး ထိပ်ဆုံးရောက်နိုင်မလား'

ထိုးမြဲလက်မှတ်ပုံစံက အပေါ်မှာရော အောက်မှာပါ **အပြိုင်သင်္ကေတ** ရှိနေသည်။ **အပေါ်ပြိုင်၊ အောက်ပြိုင်** ဟု ခေါ်သည်။

အလုပ်အကိုင် စီးပွားရေးနှင့် အိမ်ထောင်ရေးမှာပါ အပြိုင်အဆိုင် ရှိနိုင်သည်။ ထို့အပြင်ကာယ် ငွေကြေးဥစ္စာ ရသင့်သလောက် မရခြင်းနှင့် ငွေထွက်များခြင်းတို့ကို ဖြစ်စေတတ်သည်။


ယင်း၏ မြန်မာလို **မွေးသက္ကရာဇ်မှာ ၁၃၂၂ ခုနှစ်၊ ဝါဆိုလ** အင်္ဂါနေ့ဖွားဖြစ်၍ မူလမဟာဘုတ်နှင့် နာမက္ခရတိုင်တို့ ချကြည့်လျှင် အောက်ပါ



www.burmeseclassic.com

www.burmeseclassic.com

# တစ်ချက်ကောင်း ဟောကွက်




ကြည့်ပါ။

(A.A)**သည်** စနေဂြိုဟ်ခုံတွင် ထင်ရှား အားကောင်းတဲ့ မျဉ်းမတ်နှစ်ကြောင်းကို ဖော်ပြထားတာ ဖြစ်ပါတယ်။ ဒါသည် စနေဂြိုဟ်ခုံကို အားကောင်းစေပါတယ်။

ဒါကြောင့်...

- ❖ တစ်ဦးတည်းနေတတ်တယ်။
- ❖ လူများများနဲ့ နေရတာမျိုး မနှစ်ခြိုက်ဘူး။
- ❖ မျက်နှာထား သုန်မှုန်ပြီး တည်တည်ကြီး နေမယ်။
- ❖ စကားနည်းမယ်။
- ❖ ချိတုံချတုံ ဒွိဟစိတ်တွေရှိမယ်။
- ❖ ဘာသာရေးဆိုင်ရာ အစွဲအလမ်းကြီးမယ်။
- ❖ ဘာသာရေးဆိုင်ရာ လုပ်ငန်းတွေမှာ ထူးချွန်မယ်။
- ❖ လောဘကြီးမယ်။
- ❖ ဒုက္ခရောက်သူတွေ ကူညီတတ်မယ်။
- ❖ စိတ်ရှည်မယ်။
- ❖ သတ္တဗေဒကို အလေးထားမယ်
- ❖ အထင်အမြင် လွဲမှားခြင်းကို ခံရတတ်တယ်
- ❖ ဩဇာတိက္ကမကြီးမယ်
- ❖ မင်းစိုးရာဇာများနဲ့ အကျွမ်းဝင်မယ်

စတဲ့ အချက်အလက်များကို ကြည့်ပြီး လက္ခဏာရှင်ရဲ့ အမေးကို ကြည့်ပြီး ဖြေလိုက်ရုံပါပဲ။

**ပရုံ ရက္ခန္တော အတ္တာနုံ ရက္ခတိ**

**ဦးသော်ခင် (ဟသာတ)**

www.burmeseclassic.com

www.burmeseclassic.com



သန်းတင့်ဦး
(သီရိခေတ္တရာ-ပြည်)

# ပီးရိုတေကင့်နှက်

## ပူဇော်ခြင်းနှင့် ကိုယ်တွေ့ဖြစ်ရပ်မှန်

တစ်နေ့သ၌ ကျွန်မသည် စိတ်လေ
လေရှိသည်နှင့် လုပ်ဖော်ကိုင်ဖက်ဖြစ်
သော သူငယ်ချင်း၏အိမ်သို့
လည် ရောက်သွားမိ၏။
သူငယ်ချင်း၏အိမ်တွင်
မိတ်ဆွေ ကိုယ့်အသိများ
ည်း ရောက်ရှိနေသည်ကို
တွေ့ရပေသည်။

သူတို့သည် အပျိုကြီးများပီပီ
ာလိပ်နတ်မေးရန် စီစဉ်နေသည်
ကို တွေ့ရပေသည်။
ာလိပ်နတ်၏ အမည်မှာ
အောင်ဖြူဖြစ်ပြီး ထိုနတ်အား
ခေါ်ရာတွင် သင်ဖြူးကိုလိပ်၍
ပေါ်ပိုင်းကို အမျိုးသမီးဝတ်
ကို ဝတ်ပေးပြီး အောက်ပိုင်းကို
မျိုးသမီး ဝတ်လုံချည် ဝတ်ပေးကာ
င်းနေရာ တွင် ဆံထုံးတုကို တင်၍
ထုံးတွင် ပန်းကို ပန်ပေးပါသည်။

မျက်နှာကို ပုံဖော်၍ သနပ်ခါး လိမ်း
ကာ ပါးစပ်နေရာ၌ နှုတ်ခမ်းဆိုး
ကို ဆိုးပြီး မှန်ကို ထောင်ပြပါ
ည်။ ပြီးလျှင် ဖျာလိပ်ကို သုံးယောက်
ဝိုင်းကိုင်ပြီး ကျန်သည့်သူများက
ပါဝင်စားစွာ ဝိုင်း၍ ကြည့်နေကြ
သည်။

ကြည့်ကြသူများထဲတွင် ကျွန်မ
ည်း ပါပါသည်။ ထိုအခါ ခေါင်း
ောင်လုပ်သူက **"မမအောင်ဖြူ
ျန်မတို့ရှိရာကို ကြွရောက်ပါ"**
ကိုထောင်ပြပြီး **"မှန်ကိုကြည့်ပါ။
အောင်ဖြူက သိပ်လှတာပဲ။ ပျော်
မဟုတ်လား။ ဒါဆိုရင် မမ
ရောက်ကြောင်းနဲ့ ပျော်တယ်ဆို
ခေါင်းညိတ်ပြပါ"**ဟု ပြောပါ
ည်။

အခါ ဖျာလိပ်ကြီးက ခါးကျိုးသွား
သကဲ့သို့ ဖြစ်သွားပါသည်။

ထို့နောက် သူတို့သည် ထင်ရာ
ထင်ရာကို မေးကြပါတော့သည်။ "ဒီ
ကြည့်နေကြသူတွေထဲမှာ ယောကျ်ား
လိုချင်နေတဲ့သူရှိရင် ခေါင်းကို ရိုက်ပြ
ပါ"ဟု ပြောရာ ထိုဖျာလိပ်ကြီးမှာ
ရည်းစားရှိနေသူ၏ ခေါင်းကို ရိုက်ပြ
ပါတော့သည်။

ထိုအခါမှာ သူတို့သည် ဝိုင်း၍ ဟား
တိုက်ရယ်ကြသည်မှာ အလွန်ပင်
ကာကျွန်မြေ့မဲ့လှသည်ဟု ထင်ရလောက်
အောင်ပင် ကျယ်လောင်လှပေသည်။
"မမအောင်ဖြူ ဒီအထဲမှာ ကြွေးထူ
နေတဲ့လူရှိရင် ပုတ်ပြပါဦး"ဟု ပြောပြန်
ရာ ဖျာလိပ်ကြီးမှာ မည်သူ့ကိုမျှ ပုတ်
မပြဘဲ အလယ်တွင် ဟိုယမ်းဒီယိုင်
ဖြစ်နေပါသည်။

အံ့သြစရာကောင်းသည်မှာ ထို
မေးသူကြည့်သူများသည် အတန်ငယ်
ပြည့်စုံသူများ ဖြစ်ကြပြီး ကြွေးရှိသူများ
မဟုတ်ကြပါ။ "ဟင်း သူတို့ဟာက
အကြောင်းသိချင်း လျှောက်လုပ်နေကြ
တာ ဘာမှ ယုံကြည်စရာ မကောင်း
ဘူး" ဟု ကျွန်မ တွေးနေစဉ် နောက်
တစ်မျိုး ပြောင်းမေးကြပြန်သည်။

"မမအောင်ဖြူ ဒီဝိုင်းမှာ ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com

ဘယ်လောက်လိုချင်လိုချင် မရမယ့်သူရဲ့ ခေါင်းကို ပုတ်ပြပါ"ဟု ပြောပါသည်။ ထိုအခါ ဖျာလိပ်ကြီးက ကျွန်မခေါင်းကို လာ၍ ပုတ်ပြပါသည်။

ကျွန်မ အတော်ကလေး ရှက်သွားပါသည်။ သူတို့က မဟုတ်က ဟုတ်က မေးပြီး သူတို့လက်က ကျွန်မရှိရာ တွန်းတာလား၊ တကယ်လားဆိုတာ ခွဲခြားမသိနိုင်ပါ။ သူတို့ပြောသလို အရမ်းယောက်ျား လိုချင်နေတာတော့ မဟုတ်ပါ။ ဒါပေမယ့် ယခုအချိန်အထိတော့ အပျိုကြီးပါပဲ။

သူတို့၏ ဟားတိုက်ရယ်မောလှောင်ပြောင်နေခြင်းမှာ အလွန်ပင် ရှက်ဖို့ကောင်းလှပါသည်။ ဒါပေမယ့်လည်း သူတို့လည်း ဘယ်သူမှ ယောက်ျား မရရှာသေးပါ။ ဘူဘူချင်း လှူလည်လုပ်နေကြခြင်းပင် ဖြစ်ပါသည်။


ထိုသို့ ဟားတိုက်ရယ်မောကြပြီး ဖျာလိပ်နတ်ကို အထပ်ထပ် အခါခါ ပင့်၍ ထင်ရာမြင်ရာများကို လျှောက်မေးနေစဉ် ခေါင်းဆောင်လုပ်သူက သတိလစ်သွားသကဲ့သို့ မျက်လုံးကြီးပြူးလာပြီး လေသံပါ ပြောင်းလာကာ လေသံမာမာနှင့် ယောက်ျားသံကြီးကဲ့သို့ ဩဩကြီးလုပ်ကာ ပြောတော့သည်။

ကျွန်မအတွေးထဲတွင် "လုပ်ပြန်ပြီ နောက်တစ်မျိုး၊ ဘယ်သူ့ကို ဘယ်လိုပုံနဲ့ အရှက်ခွဲဦးမလဲ မသိဘူး" ဟု တွေးနေစဉ် ကျန်သည့်သူများက...

'မမအောင်ဖြူ ဘာဖြစ်လို့လဲ၊ ဘာကို မကျေနပ်လို့လဲ၊ မိတ်ကပ် ထိပ်လိမ်းပေးရမလား၊ ခေါင်းဖြီးပေးရမလား'

ဟု ဝိုင်းမေးနေစဉ်...

'တယ် ဘာမိတ်ကပ်လဲ၊ ဘာခေါင်းဖြီးပေးရမှာလဲ၊ ငါ ယောက်ျား၊ နင်တို့ မဖွယ်မရာ



တွေ လုပ်နေလို့၊ ပြီးတော့ ငါနေတဲ့ နေရာမှာ ညစ်ညစ်ပတ်ပတ်တွေ လုပ်နေကြလို့ ငါမကျေနပ်လို့ နင်တို့မခေါ်ဘဲ ငါ လာတယ်။ ငါ့နေရာကို သန့်သန့်ရှင်းရှင်း မထားရင်၊ ညစ်ပတ်ရင် ငါ မစောင့်ရှောက်တော့ဘူး။ နင်တို့ မှတ်ထားပြင်'

ဟု ပြောရာ အိမ်ရှင် အစ်မမှာ ထိတ်ထိတ်ပျာပျာဖြင့်...

'အခုအမိန့်ရှိတာ ဘယ်သူများပါလဲ၊ ဘာကို မကျေနပ်တာပါလဲ၊ ဘယ်နေရာမှာ ညစ်ပတ်နေလို့လဲ'

ဟု မေးရာ...

'ဟိုနေ့ကတွေတုန်းက နောက်နှစ်လလောက်က ငါနေတဲ့ မီးဖိုချောင်(စားဖိုဆောင်)ထဲမှာ နင်တို့ သင်္ဘောသီးသုပ်တွေ စုစားကြပြီး နပ်တွေညှစ်၊ တံတွေးတွေ ထွေးချနဲ့ ငါ့ကို မလေးမစား လုပ်ကြတယ်။ ငါ ရွံတယ်ဟဲ့'

ဟု ပြောရာ သူတို့သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်၍ အံ့ဩနေကြသည်။

ထိုအချိန်တွင် "ငါ သွားမယ်"ဟု ပြောပြီး မီးဖိုစောင့်နတ် ဝင်ပူးခံရသူသည် ကြောင်တောင်တောင်နှင့် သတိရလာပါသည်။

သတိရလာသူက " **နင်တို့ ငါ့ကို ဘာကြည့်နေတာလဲ**"ဟု မေးရာ...

'ငါတို့က ပျင်းလို့ ပျော်ရမလားလို့ မအောင်ဖြူနတ်မေးပါတယ်။ နင့်ကို မီးဖိုစောင့်နတ် ဝင်လာပြီး ငါတို့ကို ညစ်ပတ်လို့ မစောင့်ရှောက်တော့ဘူးလို့ ပြောသွားတယ်'

ဟု ပြောပါသည်။ ထိုအခါ မီးဖိုစောင့်နတ် အဝင်ခံရသူက...

'ဘာ ငါ့ကို မီးဖိုစောင့်နတ် ဝင်တယ်ဟု... လား။ ငါက လျှောက်ပြောနေတယ် ဟု... လား'

ဟု မေးရာ...

'နင့်ကို လျှောက်ပြောနေတယ်လို့... ပြောတာ မဟုတ်ဘူး။ ငါတို့က... ငါတို့ပဲ နောက်နှစ်လလောက်က ... ဖောင်ကြီးသင်တန်း တက်နေတုန်း... ပေါ့ဟယ် ငါတို့ ငရုတ်သီးစပ်စပ်... သင်္ဘောသီး သုပ်စားကြတယ်။ ... တော့ နပ်ညှစ်မိ၊ တံတွေးထွေးမိ... ကို ယပ်ခတ်မိနဲ့ပေါ့။ နင်မပါဘူး... ဟယ်။ အဲဒါ ငါတို့ကို ပြောသွားတ... ညစ်ပတ်တယ်၊ ရွံတယ်လို့ အဲဒီ... ဘာလုပ်ကြမလဲ'

'ဒါဆို တို့တောင်းပန်ကြရမှာ...

'အေးပါဟယ် ငါ့ကို ကူညီကြ...

ဟု ငိုသံပါကြီးနှင့် ပြောပါသ...

ကျွန်မလည်း ကျွန်မ၏ အ... အကြံကို ပြောပြပါသည်။

'လွန်ခဲ့တဲ့နှစ် နှစ်ဆယ့်... လောက်ကပေါ့ ကျွန်မ ဘာသာ... မဂ္ဂဇင်းတစ်စောင်မှာ မီးဖိုစောင့်... ပူဇော်နည်းနဲ့ ကိုယ်တွေ့ဖြစ်... စာရေးသူက မကြွယ်ကြွယ်တဲ့။ ... ဆရာမ မကြွယ်ကြွယ်ဟာ ... သိရသလောက် သူ ရေးတဲ့စာ... ကြည့်ရင် ဘာသာရေးစာတွေ ... တယ်။ ရတနာသုံးပါးမှ တစ်ပါး ... ဘာကိုမှ ကိုးကွယ်သူ မဟုတ်...


ဒါပေမယ့် မီးဖိုစောင့်နတ် ... နည်းနဲ့ ကိုယ်တွေ့ဖြစ်ရပ်ကို ဖတ်... ရင် သူ(စာရေးဆရာ) ပြောပြတဲ့ ... မှန်ကို မီးဖိုချောင် အုပ်ချုပ်သူ ... တွေ ကောင်းဖို့ ရည်ရွယ်ပြီး... ဖြစ်လိမ့်မယ်။

F.O.B. April ...



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲပြောပြော အဲဒီ မကြွယ်ကြွယ် ရေးတဲ့စာကို ဖတ်ပြီး ကျွန်မလုပ်ကြည့်တယ်'

'အဲဒီတော့ အဆင်ပြေသွားရောလား'

'အဆင်ပြေလား မပြေလား အစ်မ သိတဲ့အတိုင်းပဲလေ၊ မီးဖိုးချောင်သုံး ပစ္စည်းဖြစ်တဲ့ ဆန်ကို ပြည်ကောက် ဝယ်စားနေရတဲ့ ဘဝကနေပြီးဆန်၊ ဆီ၊ ငရုတ်၊ ကြက်သွန်၊ လက်ဖက်ခြောက်၊ သကြား၊ အချိုမှုန့်၊ ငံပြာရည်၊ ဆပ်ပြာအမျိုးမျိုး၊ နှံ့ဆီ၊ နနွင်းမှုန့်ကအစ မကျန် လိုလေသေးမရှိ ပြည့်စုံလာတာပဲ။ ကိုယ့်ဟာကိုယ် ဝယ်တာရော၊ သူများက လက်ဆောင်ပေးတာရော၊ အကန်တော့ခံရတာရောပေ့ါ။

ဆန်ဆိုတာ အိတ်လိုက် တစ်အိတ် တောင်မကဘူး။ နှစ်အိတ်အထိ ဝယ်ထားနိုင်တယ်။ ဒါကြောင့် သီလရှင်တွေကိုလဲ ကြွသလောက် လောင်းလှူနိုင်တယ်။ အိုးခွက်ပန်းကန်တွေလဲဝင်တယ်။ ကိုယ့်ဟာကိုယ် ဝယ်ဝယ် သူတစ်ပါး လက်ဆောင်ပေးလို့ရရ မီးဖိုစောင့်နတ်မင်းကြီးက မစတာလို့ မှာဆရတယ်။

မီးဖိုချောင်ကိုလဲ သန့်သန့်ရှင်းရှင်း ထားရတယ်။ မီးဖိုထဲမှာ တံတွေးမထွေးဘူး။ နှပ်မညှစ်ရဘူး။ အိုးခွက်ပန်းကန်တွေကိုလဲ သန့်သန့်ရှင်းရှင်း ထားရတယ်။ လေလဲ မလည်ရဘူး။ မတော်တဆ ဖြစ်တာဆိုရင်တော့ ဘာမှ မဖြစ်ဘူး။ မလေးမစား မထီမဲ့မြင်နဲ့ မယုံသလိုလို ဘာလိုလိုလုပ်ရင်တော့ သိပ်မကွယ်လှဘူး'

'ဒါဆို ညည်းက ဒါတွေ လုပ်တယ် ဆို ရဝနာသုံးပါးကလွဲရင် ဘာမှ ကိုးကွယ်ဘူးဆို'

'ဟုတ်ပါတယ် ကျွန်မ ကိုးကွယ်တာ မဟုတ်ပါဘူး။ အလေးထားတာပါ။ မရှိမသေ မလုပ်တာပါ။ သူတို့ဖြစ်လိုတဲ့ ဆန္ဒအတိုင်း လိုက်လုပ်ပေးတာပါ။ သက်ကြီးဝါကြီး အဘိုး၊ အဘွားတွေလို ရိုသေသလိုမျိုး လုပ်တာပါ။

မီးဖိုချောင်ကို သန့်သန့်ရှင်းရှင်းထားပြီး စင်ကလေး ပြုလုပ်ပေးပါတယ်။ မွှေးလဲမွှေး လှလဲလှတဲ့ ပန်းကို တစ်ပွင့်ဖြစ်ဖြစ် ထိုးပေးပါတယ်။ လပြည့်လကွယ်နေ့တိုင်း ဖယောင်းတိုင်နဲ့ ကရမက် အမွှေးတိုင်ကို မီးထွန်းညှိပေးပြီး မီးဖိုစောင့်နတ်မင်းကြီးနဲ့ မီးဖိုစောင့်နတ်မင်းကြီးမှ လှူဒါန်းနိုင်ရန် ဆောင်ရွက်ပေးတာပါ ဆိုပြီးတော့ ဒီလို လေးလေးနက်နက် ပြောပါတယ်။

"မီးဖိုစောင့်နတ်မင်းကြီးရှင့် (ဤလပြည့်လကွယ်)နေ့တွင် ဖယောင်းဆီမီး နံ့သာမီးဖြင့် မီးဖိုစောင့်နတ်မင်းကြီးကို ပူဇော်ပါတယ်။ မီးဖိုစောင့်နတ်မင်းကြီးမှ ကြည်ညိုသော မြတ်စွာဘုရားရှင်ကို လှူဒါန်းပူဇော်နိုင်ရန်အတွက် ဆီမီးတိုင်နဲ့ ကရမက်အမွှေးတိုင်ကို မီးပါထွန်းညှိပြီး လက်ဆောင်ပေးပါတယ်။

ဤဆီမီးတိုင်၊ အမွှေးနံ့သာတိုင်များဖြင့် မြတ်စွာဘုရားရှင်ကို ရည်မှန်း၍ ကပ်လှူပူဇော်ကာ ကုသိုလ်ကောင်းမှု ပြုတော်မူပါ။ ကျွန်ုပ် ပြုပြုသမျှသော ကုသိုလ်ကောင်းမှု၏ အဖို့ဘာဂကိုလဲ မီးဖိုစောင့်နတ်မင်းကြီးကို အမျှပေးဝေပါတယ်။ အမျှရ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေ။

မီးဖိုစောင့်နတ်မင်းကြီးရဲ့ ကုသိုလ်ကောင်းမှုများကိုလဲ သာဓုခေါ်ပါတယ်။ သာဓု သာဓု သာဓု မီးဖိုစောင့်နတ်မင်းကြီးရှင့်။

မီးဖိုချောင်၌ လိုအပ်သော အသုံးအဆောင် ပစ္စည်းများကိုလဲ ဖြည့်စွက်ပေးတော်မူပါ။ မီးဖိုစောင့်နတ်မင်းကြီးမှ ဖြည့်ပါလျှင် အချိန်မရွေး ပြည့်မှာပါ။ အခု ရှိသမျှတွေကိုလဲ မီးဖိုစောင့် နတ်မင်းကြီးမှ ဖြည့်စွက်ပေးတယ်လို့ မှတ်ယူပါတယ်။ မီးဘေးအန္တရာယ်ကိုလဲ ကာကွယ်ပေးတော်မူပါ"

လို့ ပြောဆိုပါတယ်။ ကျွန်မ လိုတာ တောင်းနေခြင်းကို ကြားရသူများက ရယ်ကြပါတယ်။ ဒါပေမယ့် တောင်းတဲ့အတိုင်း ရနေတာကိုလဲ သူတို့ သိကြပါတယ်'

မီးဖိုချောင်နှင့် ပတ်သက်၍ ကျွန်မ၏ ပြုလုပ်ပုံကို ပြောပြသောအခါ သူတို့သည်လည်း သူတို့၏ မီးဖိုချောင်ကို ကျွန်မကဲ့သို့ ပြုလုပ်ကြရန် စိုင်းပြင်ကြပါတော့သည်။

ကျွန်မသည် စာရေးဆရာမ မကြွယ်ကြွယ် ရေးထားသကဲ့သို့ ဆောင်ရွက်နိုင်ပါလျှင် ဒီထက်မက ပြည့်စုံပါလိမ့်မည်။ ယခုတော့ မေ့သည့်ဟာမေ့ ဖြစ်နေသောကြောင့် တတ်နိုင်သမျှ ရိုရိုသေသေ လုပ်ဆောင်ရခြင်းသာ ဖြစ်ပါသည်။ မီးဖိုစောင့်နတ်အား မေတ္တာပို့သရန်နှင့် အမျှအတန်းပေးဝေရန်ကိုတော့ မမေ့သင့်ပါ။

**[ကျွန်မ ပြောပြသည့်အတိုင်း မီးဖိုစောင့်နတ်ကို ကိုးကွယ်ခြင်းပြုကြသူတိုင်း အဆင်ပြေကြသည်ဟု သိရပါသည်။]**

**သန်းတင့်ဦး**
*(သီရိခေတ္တရာ–ပြည်)*



www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော်နှင့် ကြုံဆုံခဲ့သော ဖြစ်ရပ်ဆန်း

သိလေးငယ် (လယ်တော်)

လွန်ခဲ့သော (၁၀)နှစ်ကျော်ကာလ ကျွန်တော်တို့ရွာ၌ ရွာဦးဘုန်းတော်ကြီး ကျောင်းနှင့် ဘုရားစေတီ စတင်တည်စက ဖြစ်ပါသည်။

ထိုဘုရားကို **ကလောမြို့မှ ဆရာတော် အရှင်အစ္စုတနန္ဒ(မနောလှ ဆရာတော်)**မှ လာရောက် တည်ထားခြင်းဖြစ်၏။ ဆရာတော်သည် စိတ်နှလုံးဖြူစင်၍ သမာဓိရှိသူ ဖြစ်သည်။ ထို့ပြင် နယ်လှည့်ကာ သာသနာပြုနေခြင်းဖြစ်၏။

ဘုရားတည်ရာတွင် လုပ်အားဒါနဖြင့် ကုသိုလ်ယူနေကြသော ကျွန်တော်တို့ လူငယ်များအဖွဲ့ကို အားလပ်သည့် အချိန်များ၌ ဆုံးမဲ့ ပဲ့ပြင်ခြင်း၊ ဘုရားစာ၊ ဂုဏ်တော်များ သင်ကြားပေးခြင်း၊ တရားအားထုတ်နိုင်းခြင်းတို့ ပြုတတ်ပါသည်။

ဆရာတော် သင်ပေးသော ဘုရားစာများမှာ ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်နည်းများ။ ပရိတ်ကြီး(၁၁)သုတ်များနှင့် ဆရာတော်ကိုယ်တိုင် ရေးစပ်ထားသော ဘုရားဂုဏ်တော်၊ ကဗျာများ စသည်တို့ဖြစ်သည်။

ထိုစဉ်က ကျွန်တော်တို့မှာ (၁၃)နှစ်ဝန်းကျင်များသာ ရှိကြသေးသည့်အတွက် နွေရာသီကျောင်းပိတ်ရက်များ၌ ဆရာတော် ဘုရားတည်ရာ ဘုန်းတော်ကြီးကျောင်း၌သာ ညအိပ်၍ ဘုရားတည်ရာ၌ လုပ်အားဒါနပြုရင်း၊ ဆရာတော်ထံမှ ဘုရားဂုဏ်တော်များ သင်ကြားရင်းဖြင့် ကုသိုလ်ယူကာ နေခဲ့ကြပါသည်။

ဤသို့ဖြင့် နွေရာသီ၏ တစ်ခုသော နေ့တစ်နေ့၌ဖြစ်သည်။ ဆရာတော်
ကျွန်တော်တို့အဖွဲ့အား ဆွမ်းစား
ဆောက်လုပ်မည့် မြေနေရာ
ထိုနေရာသည် တောင်ပို့ဖြစ်နေ
ကြောင့် ထိုတောင်ပို့အား တူ
၏။

ဆရာတော်က သူ၏ အမိဋ္ဌာ
ဘုရားကျောင်းဝင်းတစ်ခုလုံးတွင်
တည်ရန်နေရာ၊ ကျောင်း
ဆောက်လုပ်ရန်နေရာ၊ နဂါးရုံ
တည်ရန်နေရာ စသည်ဖြင့် မြေ
များကို သတ်မှတ်ထား၏။

ထိုမျှသာမက ကံ့ကော်ပင်၊ နံ့
ဂမုန်းပင်၊ သရက်ပင် စသည်
များကိုပါ ကျောင်းဝင်းပတ်လည်
အဓိဋ္ဌာန်၍ သူ့နေရာနှင့်သူ စိုက်
ထားသည်။

ထို့ကြောင့် ဆွမ်းစားဆော
လုပ်မည့်နေရာသည် တောင်ပို့



www.burmeseclassic.com

www.burmeseclassic.com

သော်လည်း တခြားနေရာသို့ ရွှေ့ပြောင်းမဆောက်ဘဲ ထိုတောင်ပို့ကို တူးဖြို၍ ထိုနေရာတည့်တည့်တွင်သာ ဆောက်လုပ်မည် ဖြစ်ပေသည်။

ဆရာတော် တူးဖြိုခိုင်းသော တောင်ပို့မှာ မို့မောက်နေပြီး အတော်ပင် ကြီးသောကြောင့် တူးဖြိုပါက အချိန်အတော်ကြာမည် ဖြစ်ပေသည်။ သို့သော် ဆရာတော်၏ စေခိုင်းချက်ကြောင့် ထိုတောင်ပို့ကို တူးဖြိုရမည်သာ ဖြစ်၏။

ဆရာတော်က ကျွန်တော်တို့အဖွဲ့အား ထိုတောင်ပို့ကိုပြ၍ ထိုနေရာမှာပင် တောင်ပို့ကို တူးဖြိုရန် ပြောခဲ့သည်။ သို့သော် ချက်ချင်း တူးဖြိုခိုင်းခြင်းမဟုတ်ဘဲ ရွာထဲရှိ ဆရာတော်၏ ဒကာတစ်ဦးထံ လုပ်အားဒါနများ အလှူခံပြီး လူအင်အားများမှ တူးဖြိုရန် ပြောခဲ့ပါသည်။

ဤသို့ဖြင့် သုံးရက်လောက်ကြာပြီး ညတစ်ည၌ ဆရာတော်သည် ကျွန်တော်တို့အဖွဲ့ထဲမှ ကျွန်တော်အပါအဝင် ကျောင်းသား(၃)ယောက်ကိုခေါ်၍ တောင်ပို့ဖြိုရန်အတွက် လုပ်အားဒါနအတွက် အလှူခံရန် ရွာထဲမှ ဆရာတော်၏ ဒကာအိမ်သို့ သွားရောက်ခဲ့ကြပါသည်။

ကျွန်တော်တို့ သွားရောက်ချိန်မှာ ည(၈)နာရီကျော်ကျော် အချိန်လောက်ဖြစ်ပြီး လမိုက်ည ဖြစ်သောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး ပိန်းမှောင်နေပါသည်။ ဆရာတော်က ဓာတ်မီးတစ်လက်ဖြင့် ရှေ့မှ လမ်းပြကာ ကျွန်တော်တို့အား ခေါ်ဆောင်သွား၏။ ကျွန်တော်တို့ သွားလိုသော ဆရာတော်၏ဒကာ ဦးဝင်းနိုင်အိမ်မှာ ရွာ၏ တောင်ဘက်အစွန်ဆုံးတွင် ရှိပါသည်။

ဦးဝင်းနိုင်အိမ်သို့ ရောက်ရန်မှာ ရွာ



၏တောင်ဘက်အစွန် တောလမ်းခရီးကို နာရီဝက်နီးပါး ဖြတ်သန်းသွားရ၏။ မှောင်မည်းနေသော ပတ်ဝန်းကျင်ကြီးကို ဆရာတော်အပါအဝင် ကျွန်တော်တို့(၄)ဦးအဖွဲ့မှာ တောလမ်းခရီးဝယ် အန္တရာယ်ကင်းရန် သတိထား သွားနေရသည်။

လမ်းမှာ လူသွားလမ်း ကျဉ်းကျဉ်းလေးသာဖြစ်ပြီး လမ်းဘေးတွင်ရှိသော ရွာ၏ လုပ်ကိုင်စိုက်ပျိုးရာ ရေခြိမ်းများမှ ရေသွင်းထားသောကြောင့် တချို့နေရာများတွင် လမ်းပေါ်သို့ ရေတင်နေသေး၏။

ဤသို့ဖြင့် ကျွန်တော်တို့မှာ တဖြည်းဖြည်း လျှောက်လာရင်း ဦးဝင်းနိုင်အိမ်သို့ ရောက်ရှိလာခဲ့ပါသည်။ အိမ်သို့ရောက်သော် ဦးဝင်းနိုင်တို့ ဇနီးမောင်နှံ၏ ဆီးကြိုမှုဖြင့် အိမ်ပေါ်သို့ တက်ခဲ့ကြသည်။

ဦးဝင်းနိုင်တို့ဇနီးမောင်နှံသည် သားနှစ်ယောက်သာရှိပြီး နှစ်ယောက်စလုံးကို မြို့ပေါ်မှ အဘွားဖြစ်သူထံ ပို့ထား၍ ယခုနေအိမ်တွင် ဦးဝင်းနိုင်တို့ဇနီးမောင်နှံနှစ်ယောက်သာ ရှိပါသည်။

အိမ်ပေါ်သို့ရောက်သော် ဆရာတော်က ဘုရားရှိခိုး၍ ဘုရားစင်ရှေ့တွင် ထိုင်တော်မူပါသည်။ ထို့နောက် ဦးဝင်းနိုင်က ဇနီးဖြစ်သူအား…

'မိန်းမ ဆရာတော်နဲ့ ကျောင်းသားလေးအတွက် ရေနွေးကြမ်းလေး လုပ်ပါဦး'

ဟု ပြောလိုက်ရာ ဇနီးဖြစ်သူ ဒေါ်ရွှေခိုင်မှ အိမ်ဘေးတွင်ရှိသော မီးဖိုဆောင်ထဲသို့ ရေနွေးကြမ်းယူရန် ဆင်းသွားခဲ့၏။

ထို့နောက် ဆရာတော်က ဦးဝင်းနိုင်အား…

'ကဲ ဒကာကြီးရေ အလှူခံချင်လို့ ဦးပဥ္စင်းတို့ လာခဲ့တာဗျို့'

'မှန်ပါ့ဘုရား မိန့်တော်မူပါဘုရား'

'ဒီလိုကွယ့် အခု ဘုရားမှာ ဦးပဥ္စင်းတို့ ဆွမ်းစားဆောင် ဆောက်မယ့် နေရာက တောင်ပို့ဖြစ်နေတယ်။ အဲဒီတောင်ပို့ကို ဖြိုချင်လို့ ကျောင်းမှာရှိတဲ့ ကျောင်းသားလေးတွေနဲ့ ဖြိုဖို့က အင်အားမမှုဘူး ဖြစ်နေတယ်လေ။ အဲဒါ ဒကာကြီးကပဲ ဦးဆောင်ပြီး ရွာက ကာလသား လူငယ်တွေနဲ့ လုပ်အားဒါနကုသိုလ် ယူပေးကြဖို့ လာအလှူခံတာပါ'

ဆရာတော်၏ စကားအဆုံး၌ စောစောက ဒေါ်ရွှေခိုင် ဆင်းသွားပြီး စေ့ထားသော တံခါးမှာ ရုတ်တရက် ကြမ်းတမ်းစွာ တွန်းဖွင့်လာပြီး ဒေါ်ရွှေခိုင်တက်လာသည်။

ဒေါ်ရွှေခိုင်မှာ အရင်ပုံစံ မဟုတ်ဘဲ တစ်ခုခုကို စိတ်တိုနေသည့် ပုံစံဖြစ်နေသောကြောင့် ကျွန်တော်တို့အားလုံး အံ့ဩသွားရသည်။ ဒေါ်ရွှေခိုင်မှာ အိမ်ပေါ်သို့ ခြေသံကြမ်းကြမ်းဖြင့် တက်လာပြီး မတ်တတ်ရပ်လျက် ဆရာတော်အား ကြည့်ကာ…

'ကျုပ် ဒီအကြောင်းကို ပြောချင်နေတာကြာပြီ'

ဟု ဆိုသည်။

ဒေါ်ရွှေခိုင်ထံမှ ထွက်ပေါ်လာသော စကားသံမှာ ဒေါ်ရွှေခိုင်၏ အသံမဟုတ်ဘဲ အသက်ကြီးကြီး အမျိုးသားတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com

၏အသံ ဖြစ်နေ၏။

ကျွန်တော်တို့မှာ လွန်စွာကြောက်လန့်ပြီး ဆရာတော့်ဘေးသို့ ပြေးကပ်လိုက်ကြသည်။ ဆရာတော်နှင့် ဦးဝင်းနိုင်တို့က ဒေါ်ရွှေခိုင်အား တစ်စုံတစ်ယောက်က နှုတ်စီး ဝင်ရောက်ပူးကပ်ပြောဆိုနေသည်ကို ချက်ချင်းသိကြ၏။ ထို့ကြောင့် ဆရာတော်က...

'ကဲ ဒကာကြီး ပြောချင်တာရှိရင် ပြောပါ။ ကလေးတွေ ကြောက်နေကြပြီ။ ကြမ်းတမ်းတဲ့ အမူအရာကို မပြုတဲ့ အေးအေးဆေးဆေးသာစွာ ပြောပါ'

ဆရာတော်၏ စကားအဆုံး၌ ဒေါ်ရွှေခိုင်ထံ ပူးကပ်နေသူမှာ ကြမ်းတမ်းသည့် အမူအရာများကိုပြင်၍ ဆရာတော်အား ကန်တော့၏။ ထို့နောက်မှ ငိုသံစွက်၍ ဆရာတော်အား စကားဆိုပါသည်။

'ဒီလိုပါ ဘုန်းဘုန်း...ဘုန်းဘုန်း အခု တူးဖြိုမယ့်တောင်ပို့ဟာ တပည့်တော်တို့ ဇနီးမောင်နှံတို့ နေထိုင်ရာ နေရာပါ။ ဒီတောင်ပို့မှာ တပည့်တော်တို့ ဇနီးမောင်နှံ စောင့်ရှောက်နေထိုင်ခဲ့တာ လွန်စွာ ကြာမြင့်ခဲ့ပါပြီ။

ဒီတောင်ပို့ကို ဖြိုလိုက်ရင် တပည့်တော်တို့ နေရာမဲ့ စားရမဲ့ ဖြစ်သွားရမှာပါဘုရား။ ဒါကြောင့် ဒီတောင်ပို့ကို မတူးဖြိုဖို့ တောင်းပန်လျှောက်ထားပါတယ် ဘုရား'

ကျွန်တော်တို့မှာ ထူးခြားဆန်းကြယ်သော ဖြစ်ရပ်အတွက် မည်သို့မျှ နားမလည်နိုင်ဘဲ ဆရာတော့်ဘေးတွင်သာ တဆတ်ဆတ်တုန် ကြောက်နေပါတော့သည်။ ဆရာတော်ကတော့ တည်ကြည်သော မျက်နှာတော်ဖြင့်...

'ဟုတ်ပါပြီ ဒကာကြီး ဘုန်းဘုန်း မသိလို့ ဖြိုမလို့ လုပ်ခဲ့တာပါ။ ဒီလိုဆိုတော့ ဒီတောင်ပို့ကို ဘုန်းဘုန်း မဖြိုတော့ပါဘူးကွယ်။ ဆွမ်းစားဆောင်ကိုလဲ တခြားနေရာကို ပြောင်းရွှေ့ဆောက်



လုပ်ပါ့မယ်'

'ကျေးဇူးကြီးလှပါတယ် ဘုရား။ တပည့်တော်တို့ကလဲ တတ်နိုင်သရွေ့ ဆရာတော်ဘုရား တည်ထားတဲ့ ဘုရားကို ကြည့်ရှုစောင့်ရှောက်ပေးပါ့မယ် ဘုရား'

'အင်း သာဓုကွယ်...သာဓု...သာဓု'

ထို့နောက် ဒေါ်ရွှေခိုင်အား နှုတ်စီး၍ ဝင်ရောက်ပူးကပ် ပြောဆိုနေသူမှာ ဆရာတော်အား ရှိခိုးပြီး ဒေါ်ရွှေခိုင်အား ဝင်ရောက်ပူးကပ်နေရာမှ ထွက်ခွာသွား၏။ ထိုအခါ ဒေါ်ရွှေခိုင်မှာ ကြမ်းပြင်တွင် လဲကျသွားပြီး သမ်းဝေကာ ထလာ၍ ဆရာတော်၏ရှေ့တွင် ဖြစ်သောကြောင့် ကမန်းကတန်း အနေအထားဖြင့်သာ ခင်ပွန်းဖြစ်သူအား...

'ကျွန်မ ဘာဖြစ်သွားတာလဲ'

ဟု တအံ့တသြ မေးလေသည်။ ထိုအခါ ဆရာတော်က ဖြစ်ကြောင်းကုန်စင်ကို ပြောပြလိုက်ပြီး...

'အင်း တစ်ခါတလေတော့ လောကကြီးမှာ သဘာဝလွန် ထူးဆန်းတဲ့ ဖြစ်ရပ်တွေ များစွာရှိနေတတ်တာ ဘယ်သူမှ မယုံမကြည် မဖြစ်သင့်ပါဘူး။ အခု အားလုံး မြင်တွေ့ရတဲ့အတိုင်းပဲလေ'

ဟု ငြိမ်းချမ်းစွာ မိန့်တော်မူပါသည်။

ဆရာတော်နှင့် ဦးဝင်းနိုင်က ဒေါ်ရွှေခိုင်အား ဝင်ရောက်ပူးကပ် ပြောဆိုသူ ထိုသူကို ထိုခြံအား စောင့်ရှောက်နေသူ ဥစ္စာစောင့်တစ်ဦးဦး ဖြစ်မည်ဟု သုံးသပ်ကြပါသည်။ သို့သော် ဘုရားဝင်းအတွင်း၌ နေ့စဉ်နှင့်အမျှ အမှုအတန်း ရနေကြသော်လည်း မကျွတ်မလွတ်ကြခြင်းသည်ကား သူတို့၏ ဝဋ်ကြွေးကြောင့်ပင် ဖြစ်ပါလိမ့်မည်။

ထိုသူ ဝင်ရောက်ပူးကပ်သည်ကို ဒေါ်ရွှေခိုင်၏ ပြောပြချက်အရ သူ ရေနွေးကြမ်းယူရန် မီးဖိုဆောင်ထဲ ဆင်းသွားစဉ် တစ်စုံတစ်ခုနှင့် တိုက်မိသလို ခံစားလိုက်ရပြီး ယခု သူ အမှတ် ပြန်ရလာချိန်ထိ ဘာမှ မသိတော့ကြောင်း ပြောပြပါသည်။

ကျွန်တော်တို့ ကျောင်းသား(၃)ဦးမှာ ထူးဆန်းလှသော ဖြစ်ရပ်များကြောင့် ကြက်သီးဖျန်းဖျန်းထကာ ကြောက်ရွံ့သွားရပြီး အပြန်လမ်း၌ ဆရာတော်၏ သင်္ကန်းစများအား ကိုင်စွဲ၍ ပြန်လာခဲ့ကြရပါတော့သည်။

**(၂၀၀၉ ခုနှစ်၊ သက်တော်(၉၈) ဝါတော်(၂၁)ဝါတွင် ပျံလွန်တော်မူသော ကျေးဇူးရှင် မနောလှဆရာတော်အား ဤဆောင်းပါးဖြင့် ဦးခိုက်ကန်တော့ပါ၏။)**

**မှတ်ချက် ။ ။ စာရေးသူကိုယ်တိုင် ကြုံတွေ့ခဲ့သော ဖြစ်ရပ်တစ်ခု ဖြစ်ပါသည်။**

*စာရှုသူများအား အစဉ်လေးစားလျက်...*

**ညီလေးငယ် (လယ်တော်**



www.burmeseclassic.com

www.burmeseclassic.com

# စီးပွားတက်



## စီးပွားအောင်စေသော ငေါ်းချက်

ဦးကိုကိုကြီး
(စစ်ဆေးရေး၊ ကစစ(၁၂)၊ ထုံးဘို)

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အတွဲ(၃၂၈)၊ စာမျက်နှာ(၂၃၂)တွင် အောင်အိုး(နတ်မောက်)ရေးသားထားသော **"နံနက်ဦးမင်္ဂလာ ငေါ်းချက်"**ဂါထာ အကြောင်း ဖော်ပြထားသည်ကို စာရေးသူ ဖတ်ရှုရပါသည်။

ဖတ်ရှုရင်းဖြင့် သူ၏ နောက်ဆုံးစာပိုဒ်တွင် **"ကွဲလွဲချက်ရှိလျှင်၊ ပိုမိုဗဟုသုတရှိလျှင် ဆက်လက် တင်ပြပေးကြပါရန်"**ဟု ဆိုပြီး မေတ္တာရပ်ခံထားသည်ကိုပါ တွေ့ရှိရပါသည်။

သို့ပါ၍ စာရေးသူကိုယ်တိုင် သိရှိထားသည့် အချက်အလက်လေးများကို စာရှုသူများ ပိုမို ပြည့်စုံစွာ ရရှိကြစေရန် ရေးသား တင်ဆက်လိုက်ပါသည်။

ငေါ်းချက်ဂါထာ၏ စွမ်းပကားသည် လာဘ်ပွင့်၊ ကံမြင့်၊ လာဘ်ရွှင်၊ ငွေဝင်၊ စီးပွားခွင်တွေ ကောင်းသည့် ဂါထာဖြစ်ပါသည်။

ထို့ကြောင့် **"ငေါ်းချက် စီးပွားတက်"** ရုံမက **"ငေါ်းချက်ကိုဆောင် စီးပွားအောင်"**ဟုလည်း ဆိုရမှာ ဖြစ်ပါသည်။

လိုရင်းကို မရောက်မည် စိုးပါသဖြင့် ဘယ်လို ဆောင်ရမည်ကို နောက်ပိုင်းတွင် ရေးသားသွားမည် ဖြစ်ပါသည်။

နံနက်ပိုင်းတွင် အောင်အိုး(နတ်မောက်)၏ ရေးသားထားသည့်အတိုင်း တံခါးဖွင့်ခြင်း၊ ဘုရားအား ပူဇော်ကန်တော့ခြင်းတို့ကို ဆောင်ရွက်ပြီးပါက ထပ်ဆင့်လုပ်ရမည့် ဝတ္တရားများမှာ...

ဘုရားရှေ့မှပင် **"မင်္ဂလသုတ်ပရိတ်တော်"**ကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံစေရန် အနည်းဆုံး (၁)ခေါက်မှ အများဆုံး (၃)ခေါက် ရွတ်ပွားရပါမည်။

ဒီနောက် **မေတ္တသုတ်ပရိတ်တော်**အား အနည်းဆုံး(၁)ခေါက်မှ အများဆုံး (၃)ခေါက် ရွတ်ပွားရပါမည်။

ပြီးပါက **"ငေါ်းချက် စီးပွားတက်၊ ငေါ်းချက်ကိုဆောင် စီးပွားအောင် ဂါထာ"**ကို မျက်လွှာကိုချပြီး (၉)ခေါက် တိတိ စိတ်ပါလက်ပါ အားပါပါ ရွတ်ဖတ်ရပါမည်။

ထိုကဲ့သို့ နေ့စဉ်ပုံမှန် ရွတ်လာမှုတို့သည် ရက်မှ လ၊ လမှ နှစ်သို့ ကြာလာပါက ရွတ်ဖတ်သရဇ္ဈာယ်မှုတွေ အားကောင်းလာပြီး ထိုအိမ်တွင် စီးပွားတွေလည်းတက်၊ လုပ်သမျှ စီးပွားရေးတွေလည်း အောင်မှာ မလွဲဟု **စာရေးသူ၏ ငယ်,ဆရာတော် ဦးဥတ္တရ (ဂိုထ်းထောင့်ကျောင်း၊ သရက်မြို့)**မှ မိန့်ကြားခဲ့ပါသည်။

ဆရာတော် ဦးဥတ္တရမှပင် အတိတ်ကံကောင်းခဲ့သူများဆိုလျှင် ထိုသူများ၏ စီးပွားရေး မည်သူမျှပင် လိုက်မမီနိုင်အောင် ကောင်းမှာဖြစ်ပြီး အတိတ်ကံနည်းသူများအဖို့ ဆိုပါလျှင်လည်း ဂါထာ၏ စွမ်းအားကြောင့် ဆင်းရဲတွင်းသို့ မကျရောက်နိုင်ကြောင်းနှင့် သင့်တင့်သော စီးပွားကို ပိုင်ဆိုင်နိုင်သည်ဟု မိန့်မှာပါသည်။

ဆရာတော် အမိန့်ရှိသည်နှင့်အညီ စာရေးသူကိုယ်တိုင်ရော လက်လှမ်းမီရာ စာရေးသူမှ ဓမ္မဒါနပြုထားသူ ဓမ္မမိတ်ဆွေများ လုပ်ဆောင်ကြရာ အားလုံးမှာ အဆင်ပြေကြသည်ကို တွေ့ရှိရပါသည်။

**"ငေါ်းချက်ကိုဆောင် စီးပွားအောင်"** ဆိုသည်ကတော့ အနည်းငယ်မျှ ဝီရိယ စိုက်ထုတ်ရပါမည်။

ကြေးပြားရလျှင် ပိုကောင်းပါသည်။ မရပါက အဖြူရောင် အလျား (၃)လက်မ၊ အနံ (၂)လက်မရှိသော ကတ်ပြားပေါ်တွင် လက်ရေးလှလှ ဝိုင်းဝိုင်းလေးနှင့် ဂါထာကို **"ဣတိပိသော ဘဂဝါ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရောပုရိသဒမ္မသာရထိ၊ သတ္ထာဒေဝမနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ"**ဟု (၉)ခေါက် နှုတ်မှ ရွတ်ဆိုပြီးမှ **"ပေါ်မိတ္တံ"**ကို မင်အနီရောင်ဖြင့် ရေးသွင်းရပါမည်။

ကျန်သော **"ပေါ်(၄)ကွက်"**ကို



www.burmeseclassic.com

www.burmeseclassic.com

လည်း ထိုအတိုင်းပဲ ရေးသွင်းရပါမည်။

အားလုံးရေးသွင်းပြီးပါက ကတ်ပြား လေးကို ဘယ်လက်ဝါးပေါ်သို့ တင် ပြီး...

'မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ဘုရား...တပည့်တော်အား စီးပွားတွေတက်၊ စီးပွားတွေ အောင်နိုင်ရန်အတွက် စွမ်းအား များ ပေးသနားတော်မူပါဘုရား'

ဟု တောင်းဆိုကာ ညာလက်ဝါး နှင့် ထိုကတ်ပြားလေးအား အုပ်ချလိုက် ပါ။

ပြီးလျှင် ကတ်ပြားလေးအား မြတ် ဘုရား၏ရှေ့တွင် (၉)ရက်တိတိ ထားရှိ ရပါမည်။ (၉)ရက်ပြည့်ပါက မိမိ၏ အင်္ကျီအိတ်ကပ်ထဲတွင် ကိုယ်နှင့်မကွာ ဆောင်ထား၍ ကောင်းမြတ်မှန်ကန် သော၊ ဥပဒေနှင့် ကင်းရှင်းသော စီးပွား ရေးဟူသမျှ အကုန်လုပ်ပါ။ မုချ အောင် ပါလိမ့်မည်ဟု ဆရာတော်၏ မိန့်မှာ ချက်အတိုင်း စာရေးသူ ရေးသား တင်ပြအပ်ပါသည်။

**(ဘုရားရှေ့ဟု ဆိုရာ၌ စီးပွားရေး သမားများ ဖြစ်ပါက တန်ခိုးကြီး ဘုရားများရှေ့တွင် စီရင်လျှင် ပို၍ အစွမ်း ရှိပါသည်။)**

**အထူး သတိထားရမည့်အချက် မှာ** စီးပွားရေးဆိုသည်မှာ လူသားများ ပီပီ အပြိုင်အဆိုင် အနိုင်လုပ်ကြသည် ရှိကြရာ တစ်ဖက်လူ စီးပွားပျက်အောင် လုပ်ပြီး မိမိသာ စီးပွားအနိုင်ရတာမျိုး လုံးဝ မလုပ်ရပါ။

**"သူလဲ ကြီးပွားတိုးတက်အောင် လုပ်ပါစေ၊ မိမိလဲ စီးပွား တိုးတက် အောင်လုပ်"**ဆိုသည့် စိတ်စေတနာ မျိုးဖြစ်ဖို့ရန် အထူး လိုပါသည်။ ထိုသို့ သော စိတ်စေတနာမျိုးသည် ပို၍ စီးပွားအကျိုး ဖြစ်ထွန်းစေပါသည်။

ဇငါးချက် စီးပွားတက်၊ ဇငါးချက်ကို

ဆောင် စီးပွားအောင်

ဂါထာတော်မြတ်

- ဇဟိ ပိတ္တံ
- ဇဟိ ဓနံ
- ဇဟိ လာဘံ
- ဇဟိ သုခံ
- ဇဟိ ဇေယျသုခမင်္ဂလံ
- သတ္တဝါတွေ ကျန်းမာ ချမ်းသာကြပါစေ။

ဟု စာတစ်ကြောင်း ထပ်ဖြည့်ရပါ မည်။

ဆရာတော် ဦးဥတ္တရမှ စီးပွားမှု၊ ကြီးပွားမှု၊ လာဘ်လာဘတို့ကို လိုလို လားလား ဖိတ်ခေါ်နေရုံတင် မဟုတ်တဲ့ သတ္တဝါများပါ ကျန်းမာချမ်းသာစေ ကြောင်း မေတ္တာဆုမွန်ကောင်း ပို့မှုကို ပါ မိမိစိတ်ထဲ ထည့်၍ ပို့လိုက်ပါလျှင် မွန်မြတ်သန့်စင်ပြီး အစွမ်း အင်မတန် ထက်သော ဂါထာဖြစ်သွားမည်ဖြစ် ကြောင်း မိန့်ကြားတော်မူခဲ့ပါသည်။

သို့ပါသောကြောင့် စာဖတ်ပရိသတ် အပေါင်း စီးပွားရေးများ တိုးတက် ကောင်းမွန်၍ ကျန်းမာ၊ ချမ်းသာကြပါ စေရန် စိတ်ရည်သန်ကာ စေတနာ ကောင်းတို့ဖြင့် ရေးသား တင်ဆက် လိုက်ရပါသည်။

**[ဆရာတော်ဦးဥတ္တရ (ဂိုထိး တောင့်ကျောင်း၊ သရက်မြို့)အား ဤဆောင်းပါးဖြင့် ရှိခိုးဦးတင် ဂါရဝပြုအပ်ပါသည်ဘုရား...]**

**ဦးကိုကိုကြီး**

***(စစ်ဆေးရေး၊ ကစစ(၁၂)၊ ထုံးဘို)***

# ဝမ်းကိုက်၊ဝမ်းပျက်

## သုံးခွက်သောက်

**ဝမ်းကိုက်,ဝမ်းပျက်ခြင်းသည်** တွဲ လျက်ဖြစ်ပေါ်သော ဝမ်းရောဂါတစ်မျိုး ပင် ဖြစ်ပါသည်။ ဝမ်းထဲမှာ တစစ်စစ် ကိုက်ခဲနာကျင်ပြီး အိမ်သာသွားသော အခါလည်း ဝမ်းမလိုက်၊ တစ်စက်, နှစ်စက်သာ သွားသည်။

အိမ်သာမှ ဆင်းလာသောအခါတွင် ဝမ်းသွားချင်သလိုလို ဖြစ်လာပြန်သည်။ အလွန်ပင် အခံရဆိုးရွားသော ဝေဒနာ ရောဂါတစ်မျိုး ဖြစ်သည်။

ထိုသို့ **ဝမ်းကိုက်,ဝမ်းပျက်ခြင်း အတွက်** သက်သာ ပျောက်ကင်းစေ သည့် ဆေးနည်းတိုကို တင်ပြအပ်ပါ သည်။ မိမိနေအိမ် မီးဖိုခန်းမှာ အလွယ် တကူ ရရှိသော ဆေးဖက်ပစ္စည်းများ ဖြစ်ပါသည်။

ဆားပီးဖုတ် (၁)ကျပ်သား

နနွင်းလျော်တောင်း (၁)ကျပ်သား

အထက်ပါဆေးနှစ်ပါးကို **"ရေနွေး"** နှင့် ဖျော်၍ အမြန်သောက် ပေးပါ။ အချိန် အနည်း ငယ်ခြား၍, ချင့်တွက်၍ သုံးခွက်အထိ ပြုလုပ် သောက်ပေးပါ။



ဝမ်းနာကျင်ခြင်း၊ ကိုက် ခဲခြင်း သက်သာပျောက်ကင်းသွားပြီး တဖြည်းဖြည်း ဝမ်းရပ်တန့် မှန်သွား ပါလိမ့်မည်။

ရောဂါ အကင်းမသေပါက နောက် တစ်နေ့တွင် ဆက်လက် ပြုလုပ် သောက်သုံးနိုင်ပါသည်။ လွန်သည် မှားသည်၊ များသည် မရှိပါ။

မိတ်ဆွေ တော်တော်များများ လက် တွေ့ သုံးစွဲ သက်သာပျောက်ကင်းခဲ့ သော ဆေးနည်းအမှန် ဖြစ်ပါ၍ တင်ပြ လိုက်ပါ သည်။

**နတ်မောက် မျိုးနော်**



www.burmeseclassic.com

www.burmeseclassic.com

ပန်းပေါင်းဘုရား

# ဒက္ခိဏသာခါ

## နှင့် ကိုယ်တွေ့ ဖြစ်ရပ်ဆန်းကြယ်

ထပ်ဟာစ်ရ

အချိန်အားဖြင့် ကြာပြီဖြစ်သည်။ သို့ပါသော်လည်း စာရေးသူ၏ ဘဝစာမျက်နှာတွင် မေ့ပျောက်မရနိုင်သော မှတ်တမ်းတစ်ခုအဖြစ် တည်ရှိနေသည်က ယခု ရေးသားဖော်ပြမည့် ပန်းပေါင်းဘုရား ရုပ်ပွားတော်တစ်ဆူ၏ အကြောင်း ဖြစ်ပါသည်။

မိဘများက ကျွန်မအား ကိုးကွယ်ရန် ဘုရားတစ်ဆူ ပေးခဲ့ပါသည်။ ဒက္ခိဏသာခါရုပ်ပွားတော် ဖြစ်ပါသည်။

ကိုင်ကြည့်လျှင် ခဲသား၊ သစ်သား၊ ဓာတ်သား တစ်မျိုးမျိုးဖြင့် ထုလုပ်ထားခြင်းမဟုတ်ဘဲ ပွစိပွရောင်းနှင့် အနှစ်မပါကြောင်း တွေ့ရသည်။ အနီးကပ်တွင် သင်းပျံ့သော ပန်းရနံ့ကို ရသည်။ ပန်းပေါင်းနံ့နှင့် ဆင်တူ၏။

ဖခင်က **ထုံးဘိုမြို့၊ နန်းကျောင်းဆရာတော်ထံမှ** လျှောက်ထား ပင့်ဆောင်ခဲ့ခြင်းဖြစ်၏။ ထိုဘုရား၏ စမ္ပခဏ်တွင် ကြာဖူးဓာတ်ခုစီကို လက်နှစ်ဖက်တွင် ကိုင်ထားပြီး မျက်လုံးပြူးပြူး အစွယ်ဖွေးဖွေးနှင့် ဘီလူးဦးခေါင်းပုံ ပါရှိ၏။

မေးစေ့အောက်၌ ငါးကြင်း(၂)ကောင်လည်း ပါရှိလေသည်။ ကြာဖူးနှင့် ငါးပုံ ပါ၍ ရေကန်ထဲမှ ခေါင်းဖော်ကြည့်နေသည့် ဘီလူးပုံ ထုလုပ်ထားဟန် ဖြစ်သည်။

ဘုရားနှင့် တစ်ပါတည်း ဘီလူးပုံရှိနေသဖြင့် ဝတ်ဖြည့်သည့်အခါ ဘီလူးကိုပါ ရှိခိုးနေရသည်သို့ စိတ်၌ ထင်ကာ မကြည်မလင် ဖြစ်မိသည်။

စာရေးသူအိမ်၌ ဘုရားကိန်းခဲ့သည့် (၅)နှစ်ကာလ အပိုင်းအခြားအတွင်း မိသားစုတွင် မန်ကျည်းရွက် လက်နှင့်သပ်သည့်အလား ကြုံတွေ့ခဲ့သည့် လောကဓံအဆိုးသည် များလှ၏။

ပစ္စုပ္ပန်နှင့် ပဋ္ဌာန်းဆက် ဆရာသခင်များ၏ ကူညီပံ့ပိုးမှုများကြောင့်သာလျှင် ယနေ့ထိ ရပ်တည်နေနိုင်ခြင်း ဖြစ်၏။

စာရေးသူ မကြာခဏ မက်လေ့ရှိသည့် အိပ်မက်နှင့် ထိုဘုရားသည် ဆက်စပ်မှုရှိပုံရ၏။ အဘယ်ကြောင့်ဆိုသော် အိပ်မက်အတွင်းရှိ ဘုရားကျောင်းဆောင်သည် ဗီရိုတစ်လုံးမျှ ကြီးမားလှ၏။

ထိုဗီရိုအောက်ဘက်မှ ကုလားအဘိုးကြီးတစ်ဦး ဖလားတစ်လုံးကိုင်လျက် ထွက်လာသည်ကို မြင်ရ၏။ နောက် ဖလားကို ဘုရားကျောင်းဆောင်ပေါ်သို့ တင်ပြီး မတ်တတ်ရပ်လျက် အနေအထားဖြင့်ပင် အရိုအသေပြုလျှင် ဗီရိုတွင်းပြန်လည် ဝင်ရောက်သွားသည် ဖလားအတွင်းတွင် ပန်းများကို မြင်ရသည်။

ကုလားအဘိုးကြီးတွင် အကျီမပါဘဲ အောက်ပိုင်း၌ နံ့ငယ်ပိုင်းပါသည်။ ဆံပင်များ ရေစိုနေသကဲ့သို့ ဖြစ်နေပြီး ဖြန့်ချထားသည်။

ထိုကဲ့သို့ ဖြစ်ရပ်သည် စက္ကန့်ပိုင်း၊



မိနစ်ပိုင်းခန့်သာဖြစ်ပြီး မြင်ရသည်မှာ ပီသရှင်းလင်းလှသည်။

အိပ်မက် မြင်မက်တိုင်း ဤမြင်ကွင်းပင်ဖြစ်သည်။ စိတ်စွဲလမ်းခြင်းလည်း မရှိ၊ ဆက်စပ်မှုလည်းမရှိသည့် မကြာခဏမက်သည့် အိပ်မက်ကို နားလည်နိုင်ခြင်း မရှိခဲ့ချေ။

စာရေးသူတို့ ရုံးဘေးတွင် ရွှေကျောင်းကြီးဘုရားနှင့် ဓမ္မာရုံ ရှိပါသည်။ ဌာနအကြီးအကဲနှင့် ရပ်မိရပ်ဖများ ပူးပေါင်းကာ ယင်းဓမ္မာရုံတွင် ဝါတွင်းကာလ ဥပုသ်နေ့တိုင်း သီလပေးပွဲနှင့် ဝါဆိုသင်္ကန်း ကပ်လှူပွဲ ရှိ၏။

ယနေ့ ဥပုသ်နေ့သည် ရုံးဖွင့်ရက်နှင့် ကြုံသည်။ သီလပေးမည့် ပုဂ္ဂိုလ်မှာ ဇောတိကာရုံ ပါဠိတက္ကသိုလ်မှ စာချ ဆရာတော် ဦးသူရဓဇ ဖြစ်သည်။

သီလပေးခြင်းနှင့် သင်္ကန်းကပ်...

ပြီးဆုံးပြီး ဘုန်းတော်ကြီး...



www.burmeseclassic.com

www.burmeseclassic.com

ရမည့် တာဝန်ကျကား ရောက်ရှိမလာသေး၍ ဒုဦးစီးအရာရှိဖြစ်သူ ဒေါ်နုနုဆွေနှင့် စာရေးသူ အပါအဝင် ရုံးသူရုံးသား(၄/၅)ဦးတို့ ဆရာတော်အား ဝတ်ပြုည့် ညှိခံစကား ပြောဆိုနေကြ၏။

စာရေးသူလည်း အခွင့်သာသဖြင့် ဆရာတော်အား ဘုရားအကြောင်း လျှောက်ထားဖြစ်သည်။ လျှောက်ထားချက်ကို နားထောင်အပြီးတွင် ဆရာတော်မှ...

'ဒါယိကာမကြီး လျှောက်တာ ကြားရတော့ ဘုန်းကြီး စာသင်သားဘဝ မန္တလေးမှာရှိစဉ် ကြုံဖူးတဲ့အဖြစ်က ဆင်နေတယ်'

ဟု မိန့်ပြီးဆက်လက် ပြောဆိုပါသည်။

'ဘုန်းကြီးကို ဆွမ်းလှူနေတဲ့အိမ်က ဒါယကာက တစ်နေ့မှာ ဘုရားတစ်ဆူ လှူလိုကြောင်းနဲ့ မလှူမီ ဘုရားရဲ့ အတ္ထုပ္ပတ္တိကို ပြောပြချင်ကြောင်း လျှောက်တယ်။

လျှောက်တာက... လှူတာကတော့ ဟုတ်ပါတယ် ဘုရား၊ တော်ကြာ မကောင်းကျောင်းပို့ ဆိုသလို ဖြစ်မှာစိုးလို့ နားထောင်ပြီးမှ သင့်၊မသင့် ဆုံးဖြတ်ပါလို့ လျှောက်တယ်။

သူပြောခဲ့တာကတော့ ဘုရားကို ဇနီးရဲ့ဖခင်(ရဟန်းကြီး)က အိမ်ထောင်ဦး ကိုးကွယ်ရန်ပေးခဲ့ကြောင်း၊ ပဋ္ဌလောဟာနှင့် သွန်းထုထားကြောင်း၊ နေ့နဲ့ညတွင် အရောင်မတူ ကွဲပြားကြောင်း၊ ရွှေ၊ငွေ၊ပတ္တမြား၊ပုလဲ၊ ကျောက်စိမ်းရောင်များ တစ်လှည့်စီထွက်ကြောင်း...

ကိုးကွယ်လာတဲ့ (၅)နှစ်တာ ကာလအတွင်း စီးပွားရေး တစ်စထက်တစ်စ ယိုယွင်း ပျက်စီးလာသည်မှာ ယခင်က ရွှေပန်းတိမ် နောက် ငွေ



အဆင့်မှ ယခု ကြေးပန်းတိမ် ဖြစ်လာကြောင်း...

အိမ်သူအိမ်သားများလည်း မကြာခဏ ဖျားနာခြင်း၊ စိတ်လက်ကြည်လင်မှု မရှိဘဲ ရန်လိုနေကြကြောင်း...

တစ်နေ့ ဇနီးရဲ့သူငယ်ချင်း ရန်ကုန်မှ ခေတ္တရောက်လာပြီး သူရဲ့ အရေးကြီးကိစ္စတစ်ခုအတွက် ဗေဒင်သွားမေးရာ အဖော်လိုက်တဲ့ ဇနီးဖြစ်သူအား ဗေဒင်ဆရာက မေးမြန်းခြင်း မပြုပါဘဲ လျက် ယခုလိုပြောတယ် ဆိုပါတယ်။

"အစ်မကြီးအိမ်မှာ ထူးခြားတဲ့ဘုရားတို့ ဒါမှမဟုတ် အဆောင်ယတြာတို့ စတဲ့ တစ်ခုခုကြောင့် ထိခိုက်နစ်နာမှု ရှိနေတယ်။ ဒါကြောင့် သူနေရာသူ မဟုတ်လဲ ဘုရားတစ်ဆူဆူမှာ သွားပို့ပါ"

လို့ ဟောပြောတယ်လို့ ပြောပြပါတယ်။

ဒါနဲ့ ကျုပ်လဲ လှူသာ လှူပါ။ စိတ်ရှင်းရှင်းထားပါ။ ကျုပ်က ဘုရားသားတော်ပဲ၊ ပြောပြီး ပင့်လာတယ်ပေါ့ဗျာ။ ကျောင်းရောက်တော့ ကျုပ်ရဲ့ အဝတ်သေတ္တာပေါ် သင်္ကန်းထည်ခေါက်တင်ပြီး ဘုရားအတွက် နေရာထိုင်အဖြစ်နဲ့ ရော ဆွမ်းသပိတ်နဲ့ ရေချမ်းတစ်ခွက်ပါ ကပ်လှူလိုက်တယ်။

စိတ်ထဲမှာလဲ သူတို့က လူဝတ်ကြောင်တွေမို့ အစွဲအတွေးတွေနဲ့ စိုးရိမ်ကြတာ။ ငါက ဘုန်းကြီး၊ ဘာပူရန်ရှိလို့လဲလို့ တွေးမိတယ်။

ဒီလိုနဲ့ ရေတော်ချိန် ရေတော်၊ ဆီမီးချိန်ဆို ဆီမီး၊ ဆွမ်းချိန်ဆို ဆွမ်းနဲ့ ကပ်လှူပြီး နေလာလိုက်တာ တစ်လခွဲလောက်ကြာကရော အခြေအနေထူးတွေ တွေ့လာရတာပဲ။

ဖြစ်တာကတော့ ညဘက်ဆို တဖျပ်ဖျပ်နဲ့ လန့်နိုးတာတို့၊ အနားကနေ တစ်စုံတစ်ယောက် ရှိုးခနဲ ရိပ်ခနဲ ဖြတ်သွားတာတို့၊ သေချာကြည့်ရင် ဘာမှ မမြင်မတွေ့ဘဲ စိတ်လက် နောက်ကျိရတာတွေ များလာတယ်။

ညမှာ အိပ်ရေးမဝ၊ မနက်စောစောလဲ ဘုံလောင်းတိုး၊ နေ့ဆွမ်းလဲခံ၊ စာဝါလဲလိုက်ရဆိုတော့ အအိပ်ပျက် အစားပျက်နဲ့ သွပ်ချောင်ချောင် ဖြစ်လာတယ်ပေါ့။

တစ်နေ့ ဘုန်းကြီးသူငယ်ချင်း ဦးကေတုတစ်ပါး ဦးပဥ္စင်းဆီ ရောက်လာတယ်။ စာဝါအတွက် ရန်ကုန်က လာခဲ့တာ။ တွေ့တယ်ဆိုပဲ "ဟာ... ကိုယ်တော် ပိန်လှချည့်လား၊ ကျန်းမာရေးမကောင်းဘူးနဲ့ တူတယ်"လို့ ဆိုတယ်။

ကျုပ်လဲ အရင်းနှီးဆုံး သူငယ်ချင်းဆိုတော့ ဘုရားရခဲ့တာက အစ အကုန် ပြောပြလိုက်တယ်။ ဒီတော့ သူက "လှူချင်လား"လို့ မေးတယ်။ ကျုပ်ကလဲ သူများဆိုရင် ဘုန်းကြီးဖြစ်ပြီး ဘုရားကို တခြားပို့ရလားလို့ အကဲ့ရဲ့ ခံနေရဦးမယ်။ သူနဲ့က ကိစ္စမရှိဘူးလေ။

ဒါနဲ့ လှူဖို့ကိစ္စ သေချာတော့ ဘုရားကို သင်္ကန်းပိုင်းတစ်ခုနဲ့ ထုပ်ပိုးထားလိုက်တယ်။ မနက်စောစော မ... မြတ်မုနိဘုရားကြီးမှာ ကျုပ် ကိုယ်... သူက လှူပေးမှာဆိုတော့ သူငယ်ချင်း ဘုန်းကြီးနဲ့ အဲဒီညက ... ရှုံးဟောင်း



www.burmeseclassic.com

www.burmeseclassic.com

နှောင်းဖြစ်တွေ ပြောရင်းကျိုန်းကြတယ်။

မနက်လင်းတော့ ဦးကေတု ဘုရားက ပြန်လာတယ်။ သူနဲ့အတူ သတင်းထူးလဲ ပါလာတယ်။ အဲဒါကတော့...

ဘုရားအထုပ်ပိုက်ပြီး မဟာမြတ်မုနိဘုရားဆီအလာ လက်ဖက်ရည်ဆိုင်တစ်ဆိုင် ဝင်ထိုင်စဉ်မှာပင် မိမိကဲ့သို့ ရဟန်းနှစ်ပါး ဆိုင်တွင်းဝင်လာပြီး သူရဲ့စားပွဲမှာ ထိုင်ကြကြောင်း၊ တစ်ပါးနဲ့တစ်ပါး အာလာပသလ္လာပ ပြောကြားရင်း သက်န်းထုပ်နဲ့ ဘုရားအကြောင်းရောက်တော့ ကြည့်ချင်ကြောင်း ပြောတယ်။

ဒါနဲ့ ဦးကေတုက သက်န်းဖြေပြတယ်ပေါ့။ ဒီတွင်ပဲ တစ်ပါးက...

"ဟာ... ဒါကျုပ်တို့ ဂိုဏ်းဘုရားပဲ။ ဆေးဘုရားပါ။ ဆေးလုံးကတော့ လက်မှာ မရှိတော့ဘူး"

လို့ ဆိုတယ်။ လှူမှာဆို သူတို့ကို လှူဖို့ ပြောတယ်။

ဦးကေတုလဲ ရေငတ်တုန်း ရေတွင်းထဲကျ ဆိုသလို သက်န်းစတောင် ပြန်မယူလိုက်ဘူး။ အထုပ်လိုက်ပေးလိုက်တယ်။ ဆေးလုံးက ဘယ်ရှိတော့မလဲ ကျုပ် ယူထားလိုက်တာလေ။ ဓာတ်လုံးလားဆိုပြီး စိတ်ကယူချင်စိတ်ပေါက်လို့ ဒါယိကာမကြီးတို့ရေ။ အဲဒီ ဆေးလုံးလေးကတော့ ဘုန်းကြီးကို ကောင်းကျိုးတော့ ပေးသားဗျ။

ဘာကောင်းကျိုးလဲဆိုတော့ ဆွမ်းကွမ်းမပြတ်ဘူးဗျာ။ ဟိုက ဆွမ်းပင့် ဒီက ဆွမ်းပင့်နဲ့'

ဟု မိန့်၏။

နောက်ဆုံးတွင် စာရေးသူ၏ ဘုရားမှာလည်း ဂိုဏ်းတစ်ခုခုမှ အစီအမံဖြင့် ပန်းပေါင်းဘုရား ထုလုပ်ခြင်း ဖြစ်ဟန်တူကြောင်း၊ ကိုးကွယ်သူတို့နှင့် မအပ်စပ်လျှင် ယခုလို ဆိုးကျိုးများ ဖြစ်ပေါ်တတ်ကြောင်း သို့ကြောင့် ဘုရားတစ်ဆူဆူတွင် လှူရန် ပြောကြားခဲ့ပါသည်။

* * *

စာရေးသူလည်း နေ့တစ်နေ့၏ နံနက်စောစောတွင် ပြည်မြို့လယ်မှ တန်ခိုးကြီးဘုရားတစ်ဆူ ဖြစ်သည့် ရန်အောင်မင်္ဂလာ ကင်းဘုရားကြီးသို့ သွားရောက်ပြီး လမ်းမတော်မုခ်ပေါက်ရှိ မကိုင်္ဂစလွယ်တို့ဖြင့် သပ္ပါယ်လှသည့် ရုပ်ပွားတော်မြတ်ကြီး၏ ဘယ်ဘက်ခြမ်း စလွယ်၏ နောက်ဘက်တွင် ဘုရားအား ထားရှိခဲ့ပါသည်။

နောက်(၃,၄)ရက်အကြာ ထပ်မံသွားရောက်ကြည့်ရှုရာ မတွေ့ရှိရတော့ချေ။ ဂိုဏ်းဂနတစ်ခုခုမှသော် လည်းကောင်း၊ ကိုးကွယ်လိုသူ တစ်ဦးဦးမှလည်းကောင်း ယူဆောင်သွားဟန်ရှိ၏။

မည်သို့ဖြစ်စေ စာရှုသူအပေါင်း သတိချပ်အပ်သည်မှာ မိမိနှင့်ဆိုင်ရာ နေ့သားနာမ်သားများကို တတ်ကျွမ်းနားလည်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် အပ်နှံ ထုလုပ်ကိုးကွယ်ခြင်း မဟုတ်သည့် အခြားသော ကျောင်းကန်ဘုရားများမှ သော်လည်းကောင်း...

စေတီပျက် ပုထိုးပျက်များမှ သော်လည်းကောင်း၊ ဘာသာရေးဆိုင်ရာ ရုပ်တု,ရုပ်ပွား ပစ္စည်းများကို အလွယ်တကူ ယူဆောင်ခြင်း၊ ကိုးကွယ်ခြင်း စသည်တို့အား ပြုလုပ်ခြင်းမှ ရှောင်ကြဉ်နိုင်ကြရန် စာရေးသူ၏ ဖြစ်ရပ်မှန်ကို ရေးသားအပ်ပါသည်။

**ထပ်တစ်ရာ**

**စာမျက်နှာ (၂၄၄)မှ အဆက်**

တစ်နှစ်တစ်ကြိမ် ပင်လယ်ကန်တော့ပြီး ယခုကဲ့သို့ မှောင်စပျိုးချိန်တွင် တစ်ရွာလုံး၊ တစ်နယ်လုံး ဆန်ကောနှင့် ယောက်မကိုင် ထုကြ နှက်ကြ အိုးစည်၊ အုန်းမောင်းများ ရိုက်ခြင်း ဓလေ့သည် အိမ်တွင်း အိမ်ပြင်၊ ရွာတွင်း ရွာပြင်ရှိ မကောင်းသော ပယောဂ အဖျက်အဆီး မိစ္ဆာ၊ သရဲ၊ ဖုတ်၊ တစ္ဆေများအား တောထုတ်ခြင်းဖြစ်သည်။

သို့မှသာ ရွာတွင် အမှောင့်ပယောဂနှင့် အဖျားအနာကင်းပြီး စီးပွားလာဘ်လာဘများ တိုးတက်စေသည်ဟု အယူအဆဖြင့် ယခုကဲ့သို့ ပင်လယ်ကန်တော့ပြီးသည်နှင့် မိစ္ဆာများကို နှင်ထုတ်ရခြင်းပင် ဖြစ်လေသည်။

စာရေးသူတို့ ပင်လယ်ပိုင်းအရပ်တွင် ရေလုပ်ငန်းရှင်များသည် လည်းကောင်း၊ ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြသော ရေလုပ်သားများသည် လည်းကောင်း ဝါဝင်ဝါထွက် ကန်တော့ကြရသည်။

တစ်နှစ် တစ်ကြိမ် ပင်လယ်ကန်တော့ကြခြင်းဖြင့် ပင်လယ်ထွက်သည့်အခါ အန္တရာယ်ကင်း၍ နှစ်စဉ်ဖြစ်လေ့ဖြစ်ထ ရှိကြသော ဝမ်းရောဂါဘေးများ ကင်းလွတ်အောင် ဆုတောင်းသည့် ဓလေ့များ ရှိပါသည်။

မည်ကဲ့သို့ပင် ဆိုစေကာမူ တစ်ကျောင်း၊ တစ်ဂါထာ၊ တစ်ရွာ တစ်ပုဒ်ဆန်း ဆိုသကဲ့သို့ သူ့အရပ်နှင့် သူ့ဓာတ် ဓလေ့ထုံးစံဆိုတာ ရှိကြပါသည်ဖြစ်၍ ပင်လယ်ပိုင်းဒေသနေ ကျေးလက်ပြည်သူများ၏ ဓလေ့ထုံးစံ တစ်ခုဖြစ်သော ပင်လယ်ကန်တော့ခြင်း(ဆွမ်းကန်တော့ခြင်း) ဗဟုသုတအဖြစ် ရေးသား တင်ပြလိုက်ရပါသည်။

**မင်းနန္ဒမိုရ်**



www.burmeseclassic.com

www.burmeseclassic.com

## ပင်လယ်ကန်တော့ခြင်း

ပင်လယ်ကန်တော့ခြင်း ဆိုသည်မှာ ရခိုင်ကမ်းရိုးတန်းဒေသနှင့် ရွာသူရွာသားများနှင့် ရောဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ပင်လယ်ပိုင်းနေ ဒေသခံများ၊ ရေလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းကြသောဒေသ ပင်လယ်နှင့် ထိစပ်ဝန်းကျင်မှ ဒေသခံများတို့၏ နှစ်စဉ်မပျက်မကွက် ပြုလုပ်ရသော ဓလေ့ဖြစ်သည်။

စာရေးသူ လေ့လာသိရှိမိသော ရခိုင်ပြည်နယ်ဒေသကြီး၊ ဂွမြို့နယ် အပိုင်း ကမ်းသာယာနယ်မြေရှိ ကင်းပုံရွာ၊ ရေးက အဘဲကျွန်းခေါ် ဘဲအင်းကျွန်း၊ ဆပ်သွားကျေးရွာ၊ ကျောက်ကြီးကွင်းကျေးရွာ၊ သံခဲချိုင်ရွာ စသည်ဖြင့် ရှိကြသည့် ကျေးရွာများသည် တစ်နှစ်တစ်ခါ ပင်လယ်ကန်တော့ကြရပါသည်။

ပင်လယ် မကန်တော့မီ ရှေးဦးစွာ အဘိုး အဘွားများကို ကန်တော့ရပါသည်။ ဆွမ်းမကန်တော့မီ တစ်ရက်အလိုကပင် ကျေးရွာ ပိုက်သူကြီးများက မိမိတို့ရွာ၏ သက်ကြီးရွယ်အို အဘိုး အဘွားများကို ဦးစွာ ဖိတ်ထားရပါသည်။

ဆွမ်းကန်တော့ပြီးသည်နှင့် အဘိုး အဘွားများကို ကန်တော့ပြီးနောက် လက်ဆောင်ပစ္စည်းများ ဝေငှပါသည်။

အဘိုး၊ အဘွားများကို ကန်တော့ပြီးနောက် ပိုက်သူကြီးများမှ မိမိတို့ အဖွဲ့လိုက် စနစ်တကျ ကလေးသူငယ်များကို ကောက်ညှင်းတစ်ဆုပ်၊ ငှက်ပျောသီးတစ်လုံးစီ ဝေပြီးနောက် ထိုနေရာသို့ ရောက်ရှိလာသည့် ပရိသတ်ကို စနစ်တကျ စီတန်းပြီး စားသောက်ဖွယ်ရာများကို ပေးဝေငှပါသည်။

နောက်နေ့တွင် ဆွမ်းကန်တော့ကြ



မင်းနွှဲရိုင်

# သူ့ဇာရုပ် သူ့ဒေသမှ ဓလေ့ဆန်းများ

ပါသည်။ ဆွမ်းကန်တော့ပြီးနောက် ရေလုပ်သားတို့၏ ဓလေ့အရ ပင်လယ်ကန်တော့ရပါသည်။ တစ်နှစ်တစ်ကြိမ် မဖြစ်မနေ ကန်တော့ရပါသည်။

ဒါမှလည်း တစ်နှစ်တာပတ်လုံး ရေလုပ်ငန်းနှင့် စီးပွားရှာသည့်သူအဖို့ အသက်အန္တရာယ်ကင်းပြီး လုပ်ငန်းကိုင်ငန်း အဆင်ပြေသည်ဟူသော ယုံကြည်မှုနှင့် ပင်လယ်ကန်တော့ကြခြင်း ဖြစ်သည်။

ထိုသို့ ပင်လယ်ကန်တော့(ဆွမ်းကန်တော့)ပြီးနောက် ပိုက်သူကြီးတစ်ဦးက ဦးဆောင်ပြီး မှောင်ရီပျိုးစ ညနေ နေဝင်ရီတရောအချိန်၌ ရွာရှိလူများ အလုပ်အကိုင် အားလုံးသိမ်း၍ ကျွဲ၊နွားများကို ချည်တိုင်တွင် ချည်ပြီးချိန် ပိုက်သူကြီးက ဦးဆောင်၍ ဆန်ကောကို ယောက်မနှင့် ရိုက်ကာ စတင် အချက်ပေးလိုက်ပါသည်။

ပိုက်သူကြီး၏ အချက်ပေးသံ ကြားလိုက်သည်နှင့် ရွာရှိ အိမ်ရှိ လူကုန် ကလေးလူကြီးများမကျန် မိမိတို့၏ အိမ်အတွင်း ရေချိုးခြံတွင်း ခြံပြင် လမ်းမ ထွက်၍ ဆန်ကော ယောက်မနှင့် မွှေပတ်၍ ရိုက်ကြ ထုကြသည်။

ပါးစပ်မှလည်း အိမ်တွင်း အိမ်မကောင်းမိစ္ဆာများ တောထုတ်ပြီဖြစ်၍ ထွက်ကြဟု ပြော၍ ဆန်ကော ထုကြ ရိုက်ကြပါသည်။

ကလေးသူငယ် ဘုန်းကြီးကျောင်းသားများကလည်း အိုးစည်၊ အုန်းမောင်းများကို အဆက်မပြတ် ထုနှက်ရိုက်ကြ အသံများ၊ ခွေးများ အဆက်မပြတ် အူသံများ၊ တစ်ရွာလုံး ကမ်းခြေတလျှောက် ဆူဆူညံညံ အုန်းအုန်း ကျွက်ကျွက် မြည်ဟည်းသွားသည့် အသံများနှင့် တစ်တော တစ်တောင်လုံး ဆူညံသွားလေသည်။

(စာမျက်နှာ (၂၄၃) သို့)



www.burmeseclassic.com

www.burmeseclassic.com



၁၉၆၂ ခုနှစ် လွန်ခဲ့သော နှစ်ပေါင်း လေးဆယ်ကျော် ရောဝတီမြစ်ဝကျွန်းပေါ် ဒေသ၊ ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့ အပိုင်ရွာလေးတွင် ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်မှန် ဇာတ်လမ်း ဖြစ်ပါသည်။

ထိုဖြစ်ရပ်မှန်ဇာတ်လမ်း၏ မူလဖြစ်ပျက်ခဲ့သူမှာလည်း စာရေးသူ၏အမေ၏ အစ်ကိုကြီး ဆွေမျိုးရင်းချာကြီး ကိုယ်တိုင် ဖြစ်ပါသည်။

စာရေးသူနှင့် အဘိုးတော်သူ ရှိစဉ်က တွေ့ကြုံခဲ့ရသော ဖြစ်ရပ်အား ယခုအခါတွင် စာရေးသူ၏ အဘိုးသာမက ခင်လည်း ကွယ်လွန်တိမ်းပါး သွားမှသာ ဤဖြစ်ရပ်မှန်ကို ရေးသားလိုက်ခြင်း ဖြစ်ပါသည်။

ကျော်စင်မြ

လယ်တဲစောင့်ပေးသော

# ရွှေဒိုး

၁၉၆၂ ခုနှစ် ရောဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်ဒေသ ကျိုက်လတ် မြို့နယ်နှင့် ဒေးဒရဲမြို့နယ်အစပ်တွင် ရှိသော ရွာလေးတစ်ရွာတွင် ဖြစ်ပါ သည်။ ထိုရွာလေးတွင် မောင်လှ၊ မောင်မြ မောင်ရ ဆိုသော မောင်နှမသုံးဦး ရှိပါသည်။

မောင်လှသည် အစ်ကိုအကြီးဆုံး ဖြစ်သည်နှင့်အညီ ဖခင်၏ အရိုက်အရာ ဖြစ်သော တောင်သူလယ်သမား ဘဝကို ခုံမင်သည့်အလျောက် မိမိတို့ ပိုင်သော လယ်ဧက(၂၀)ကျော်ကို ဦးစီး လုပ်ကိုင်နေသည်။ မောင်လှသည် ပင်ကိုဗီဇက ရိုးသားပြီး ရတနာသုံးပါး အား ရိုသေဆည်းကပ်သူလည်း ဖြစ် သည်။

နှမဖြစ်သူ မမြက အိမ်မှုကိစ္စများကို ထိန်းသိမ်းစောင့်ရှောက်လျက် မိဘ နှစ်ပါးကို ပြုစုရင်းဖြင့် မောင်အငယ်ဆုံး မောင်ရအတွက်လည်း တာဝန်ကျေ အောင် ဆောင်ရွက် စီမံကွပ်ကဲနေရ လေသည်။

မိဘနှစ်ပါးမှာ အသက်အရွယ် ရလာသည်နှင့် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းအဝဝကို သားကြီး မောင်လှ ကို စီမံကွပ်ကဲ ဦးစီးလုပ်ကိုင်စေခဲ့ပါ သည်။

မောင်လှသည် လယ်ထဲသို့နေ့တ



www.burmeseclassic.com

www.burmeseclassic.com

ပိုင်းတစ်ခေါက်၊ ညနေဘက်တစ်ခေါက် သွားရောက်၍ လယ်မြေများကို သွားရောက်စီမံကွပ်ကဲလေ့ရှိသည်။ သူရင်းငှားများကို လိုအပ်တာများ မှာကြားပြီး လယ်ယာမြေများ အောင်ရေ ရရှိရေး ထွန်ယက်စိုက်ပျိုးထားသော စပါးပင်များ ပိုးမကျစေရန် ဓာတ်မြေသြဇာများ ကျွေးခြင်း၊ ပျိုးကြဲခြင်း၊ ပေါင်းမြက်များ ရှင်းလင်းခြင်း၊ လယ်ကန်သင်းတင်ရခြင်း စသည့် လိုအပ်သော ကိစ္စအဝဝကို ကျွမ်းကျင်စွာ စီမံလုပ်ဆောင်ရလေသည်။

မောင်လှသည် အသက်အားဖြင့် (၃၀)ခန့် အသားဖြူဖြူ မေးရိုးကားကားသူ၏ ဥပမိရုပ်ရည်အရ သူ့ဇာတာက က ဆင်းရဲမည့်လက္ခဏာ မပါသလို ကျန်သော ညီမနှင့် ညီကလည်း မောင်လှကဲ့သို့ ရုပ်ရည်အသွင်အပြင် အဆင်းက မခေလှပါချေ။

အသက်(၃၀)ပင် ရှိသော်လည်း မောင်လှသည် အိမ်ထောင်မရှိ လူပျိုကြီးတစ်ယောက် ဖြစ်သလို ညီမကလည်း အတွယ်အတာမရှိ၊ ညီကတော့ ငယ်ပါသေးသည်။

မောင်လှ၏ ရိုးဂုဏ်နှင့် မိဘများကို အလိုက်သိတတ်မှုကြောင့် ရွှေလမ်းငွေလမ်း ဖောက်ချင်သူ၊ သမက်တော်ချင်သူများက မျက်စိကျစရာ ဖြစ်လာပါသည်။

သို့သော် မောင်လှ၏ ဇာတာတွင် အသက်(၅၀)အတွင်း အိမ်ထောင်ရေးနှင့် ပတ်သက်၍ ကြင်ဖက် မရနိုင်ဟု ဗေဒင်ဆရာများက ဟောထားလေသည်။

မောင်လှသည် အသက်အားဖြင့် လူလတ်ပိုင်း မရှိတရှိ အလှူဒါနတွင် ဝါသနာ အထုံအလေ့ပါသည်။ လှူလည်း လှူလေ့ရှိပါသည်။

ထို့ကြောင့် မောင်လှတို့ မိသားစုသည် လူချမ်းသာစာရင်း မဝင်သော်လည်း စိတ်ချမ်းသာ၏။ စားနိုင်သောက်နိုင်သည့် လူလတ်တန်းစားများဟု ထိုခေတ်အခြေအနေအရ သတ်မှတ်နိုင်ပါလေသည်။

တစ်ခု ထူးခြားသည်မှာ မောင်လှတို့လယ်အား သူ ဦးစီး စီမံလုပ်ကိုင်သည့် အချိန်မှစ၍ စပါးသီးနှံများ အထွက်တိုးသည်မှာ အခါတိုင်းနှင့် မတူအောင်ပင်။ မောင်လှ၏ စိတ်ရင်းစေတနာ ဖြူစင်တာလည်း ပါပါလိမ့်မည်။

သူရင်းငှား အလုပ်သမားများအပေါ်တွင် တန်းတူညီမျှ ဆက်ဆံခြင်း၊ ပေးကမ်းခြင်းတို့ကြောင့် အလုပ်ရှင်နှင့် အလုပ်သမားဟု မခြင်ကြဘဲ မိသားစု စိတ်ဓာတ်နှင့် လက်ရည်တစ်ပြင်တည်း လုပ်ကိုင်ကြရသဖြင့် လယ်ယာမြေများ ဖြစ်ထွန်း အောင်မြင်ခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်၏။

ထို့အပြင် မောင်လှတို့လယ်ထဲတွင် ခရာပင်တစ်ပင် ရှိသလို ထိုခရာပင်အနီးတွင်လည်း သစ်ငုတ်တိုတစ်ခုလည်းရှိသည်။ မောင်လှသည် သူတို့၏ စားဦးစားဖျားများကို သစ်ငုတ်တိုတွင် တင်မြှောက်၍ပြီးမှ စားစေသည့် ဓလေ့တစ်ခုလည်း ရှိသည့်အတွက် မည်သည့်အခါမျှ မပျက်ကွက်စေရ။

စပါးစိုက်တော့မည့်အချိန် စပါးရိတ်သိမ်းတော့မည့်အချိန် ရပ်ရွာဓလေ့အရ ကွင်းမြှောက်ခြင်း၊ ကွင်းအပ်ခြင်းတို့က အစ "နတ်နဲ့နဂါး မလှည့်စားရ" အဆိုအတိုင်း ရှိသေစွာ တင်မြှောက်ခြင်းတို့ကို လစ်ဟာမှု မရှိစေရပါ။

ပိုင်ရာဆိုင်ရာများအားလည်း အပ်ထားသည့်အပြင် အလုပ်သမားများလည်း ပိုးမွှားအန္တရာယ်မှ ကင်းစေရန် ရဟန်းသံဃာများ ပင့်ဖိတ်၍ ပရိတ်

တရားနာခြင်း၊ မြင်အပ်မမြင်အပ် ပုဂ္ဂို
များအားလည်း အမျှအတန်း ပေး
ခြင်းတို့အပြင် လယ်မြေကန်သင်းမျ
အိမ်ထောင့်များတွင် စပါးလင်များ စိ
ခြင်း၊ မြွေပါးကင်းပါး မရှိစေရန် ဆီ
သီးများ ပက်ကြဲခြင်းတို့ကိုလ
မပြတ် ပြုလုပ်သည့်အတွက် သူ
သူရင်းငှားတို့မှာလည်း မြွေက
အဆိပ်ရှိ သတ္တဝါရန်မှလည်း လွတ်က
ကြသည်။

ထူးခြားသည်ကား မောင်လှအ
တစ်ခါတစ်ရံ အိပ်မက်ထဲ
**"သာသနာပြုရမည်၊ အိမ်ထော
မပြုရပါ။ ပြုလျှင်လည်း မမြဲပါ"**
ပုဂ္ဂိုလ်တစ်ဦးမှ မကြာခဏ လာရော
အိပ်မက်ပေး၏။ ထိုပုဂ္ဂိုလ်မှာ လယ်
စောင့်ကြီးဟု သိရ၏။


ထို့ကြောင့်လား မောင်လှ အသ
(၃၀) ရှိလာသော်လည်း အိမ်ထော
မရှိ၊ ရည်းစားမရှိ တစ်ခု ထူးခြားသ
မှာ မောင်လှနှင့် ရွှေလမ်းငွေလ
ဖောက်တော့မည့် အမျိုးသမီးမျ
အနည်းဆုံး သုံး, လေးယောက်ခန့် မ
သည်။

မောင်လှက မိဘများ သဘော
စီစဉ်သည့်အတိုင်း လက်ခံလိုက်
အကြောင်းအမျိုးမျိုးကြောင့် ရေ
ကြောင်းလမ်းထားခြင်း၊ နားအေ
ထားခြင်းကိစ္စတို့မှာ ပျက်ပြယ်
သဖြင့် မောင်လှ၏ မိဘများမှာ သူ
အား အိမ်ရာကို မတိုက်တွန်းတော
သို့သော် မောင်လှက လူရိုးကြီ
မိဘလက်ငုတ်လက်ရင်း လယ်
လုပ်ငန်းအား လုပ်ရင်းဖြင့်သာ အ
ကုန်စေခဲ့သည်။

တစ်ညဲ မောင်လှ ဘုရား
မိဘများကို နိုပ်နယ်ကန်
အိပ်ရာဝင်ပါသည်။ နမ ဖော

www.burmeseclassic.com

www.burmeseclassic.com



သော အိပ်ရာခင်းအဖြူပေါ်တွင် မောင်လှ အိပ်ပျော်၍ သွားသည်။ ကြာမီ အိပ်မက်လိုလို တကယ်လိုလို အလင်းရောင်တန်းကြီးတစ်ခု တွေ့လိုက်ရပြီးနောက် ထိုအလင်းရောင်တန်းသည် မောင်လှ၏ လယ်မြေတစ်နေရာ ရေအိုင်စပ်လေးနားတွင် လှည့်ပတ်ဝဲပျံလျက်ရှိ၏။

အလင်းတန်းနှင့်အတူ လူတစ်ဦးမှ တောင်ဝှေးနှင့် နေရာကို သေသေချာချာ ထောက်ပြပြီး ပျောက်ကွယ်သွားသည်။

ရုတ်တရက် မောင်လှ အိပ်ရာမှ သန့်နိုးလာပြီး အိပ်မက်လိုလို တကယ်လိုလို အဖြစ်ကြောင့် ဆက်၍ အိပ်မရဘဲ မကြာမီ ရွာဦးကျောင်းမှ တုံးမောင်းခေါက်သံ ကြားလိုက်ရပြီးလျှင် နှမယ်မြ အိပ်ရာကထပြီး ဆွမ်းချက်သံ ကြားလိုက်ရသည်။

နံနက်အရုဏ်လာသော် မောင်မြနှင့် သူရင်းငှား ငွေးတို့ လယ်ထဲသို့ လာကြလေ၏။ မောင်လှ စိတ်ထဲတွင် ညက အိပ်မက်ကို မည်သူ့ကိုမှ မပြောမိချေ။

'မောင်ငွေးရေ ဒီမနက် ကန်သင်းတွေ နည်းနည်းပါးပါး လိုက်ကြည့်မယ်။ အပ်ရင် ရေတွေ ဖောက်ထုတ်ရအောင် ဟုတ်လား'

'ဟုတ်ကဲ့ အစ်ကိုလှ ညက လပြည့်ရ တက်ထားတော့ အနိမ့်ပိုင်းမှာ ရပ်မှာ အမြင့်ပိုင်းလယ်တွေက ကိစ္စမရှိဘူး'

'အေး ဟုတ်တယ် ဒါကြောင့် စောစောထပြီးလယ်ထဲ ထွက်လာတာ မင်းထမင်းစားခဲ့လဲ မောင်ငွေး'

'ကျွန်တော် အိမ်က အစ်ကိုညီမ ထမင်းကြမ်း လုပ်ပေးထားတာနဲ့ ငါးခြောက်ဖုတ် ဆီဆမ်းစားခဲ့တယ်'

'အေး အေး ငါ့မှာ မယ်မြ ထည့်ပေးလိုက်တဲ့ ထမင်းထုပ်နဲ့ မုန့်ပဲသရေစာတွေ ပါတယ်။ အဲဒီက ဆာရင်ယူစား။ မစားခင် ခရာပင်နားမှာ ထမင်းဦးပေါင်း သွားတင်လိုက်ဦး ဟုတ်လား'

'ဟုတ်ကဲ့ အစ်ကိုလှ'

မောင်ငွေးက ခရာပင်နားသို့ ထွက်သွားတော့မှ မောင်လှသည် သူ၏ လယ်မြေများကို လှမ်းကြည့်ရင်း **"ဒီနှစ် စပါးအဖျက် မရှိရင်တော့ အလှူအတန်း ထပ်လုပ်နိုင်ဦးမှာ။ ရာသီဥတုနဲ့ မိုးမွှားအဖျက်တွေ မရှိပါစေနဲ့"**ဟု စိတ်ကူးနှင့် တွေးနေမိပါသည်။ လယ်တဲစောင့်ကြီးကိုလည်း မေတ္တာပို့ပေးလိုက်သည်။

'အစ်ကိုလှ ထမင်းဦးပေါင်း တင်ထားခဲ့ပြီးပြီ'

'အေး ဒါဆိုရင် ကန်သင်းတွေ ရေဖောက်သင့် မဖောက်သင့် လိုက်ကြည့်ရအောင်'

ထိုသို့ဖြင့် မောင်လှနှင့် သူရင်းငှား ငွေးတို့ လယ်ကန်သင်းများကို လိုက်ကြည့်ရင်း တစ်နေရာတွင် လယ်ကန်သင်းပြတ်တစ်ခု တွေ့ပြီး ရေများ အခြားလယ်ကွက်များအတွင်း စီးဆင်း နေ၏။

မောင်လှက ထိုလယ်ကန်သင်းပြတ်ကို ဖြတ်ကျော်လိုက်သောအခါ တစ်ဖက်သို့ မရောက်တရောက် ကန်သင်းနှုတ်ခမ်းကိုသာ နင်းမိလိုက်သည်။ ထိုသို့ နင်းလိုက်သော ရေစပ်စပ် ရွှံ့စပ်စပ်တွင် ခြေထောက်က ခပ်မာမာ အရာတစ်ခုကို နင်းလိုက်မိ၍ ကြည့်လိုက်သော် မြေအိုးနှုတ်ခမ်းက အနည်းငယ် အပဲ့လေး ဖြစ်နေသည်ကို တွေ့၍...

'ဟ... ဒီမှာ မြေအိုးလေးပါလား။ ဘယ်သူ လာမြှုပ်ထားတာလဲ မသိဘူး'

မောင်ငွေးဆီမှ ပေါက်ပြားနှင့် အသာတူးယူသော် နောက်ထပ် မြေအိုးလေးနှစ်လုံး ထပ်တွေ့၏။ စုစုပေါင်း(၃) အိုး လယ်ထဲမှ ရေနှင့် ရွှံ့များ စင်ကြယ်အောင်ဆေး၍ အိုးဖုံးထားသော အဖုံးလေးအား ဖွင့်ကြည့်လိုက်သောအခါ...

'ဟာ ရွှေအင်္ဂါတွေ ငါတို့ ထမင်းရည်ရောင်စီးအလှူကြီး လှူလို့ရပြီဟေ့ ရွှေအိုးပိုင်ရှင်ကိုလဲ အမျှအတန်းဝေရမယ်။ သာသနာပြုဖို့ လာပေးတာပဲဖြစ်မှာ'

ဟု ပြော၍ ညက အိပ်မက်ကို ပြန်တွေး၍ တောင်ဝှေးနှင့်ပုဂ္ဂိုလ် ထောက်ပြသွားတာ ဒီနေရာပါလား။ မောင်ငွေးနှင့်အတူ အိုးများကို ဝှက်ယူလာပြီး အိမ်တွင် သိမ်းထားလိုက်၏။

ညဘက်သို့ ရောက်သော် မောင်ငွေးကို အသာ တိတ်တဆိတ်ခေါ်၍...

www.burmeseclassic.com



'မောင်ငွေး ဒီအကြောင်းကို ဘယ်သူ့ကိုမှ မပြောနဲ့'

ဟု သစ္စာရေတိုက်ပြီး ရွှေအိုး(၃)အိုးအနက် တစ်အိုးကို ပေးလိုက်ပြီး…

'ဒီက တစ်လပြည့်ရင် မြို့မှာ အလုပ်သွားလုပ်သလို ပြောင်းသွား၊ လှူလဲလှူ စားလဲစား အိုးပိုင်ရှင်ကို အမျှအတန်းလေးဘာလေး ပေးဝေ အသက်ထက်ဆုံး ရတနာသုံးပါးကို မမေ့နဲ့'

မောင်ငွေးသည် အစ်ကိုလို ချစ်ခင်အားကိုးရသော မောင်လှအား ရှိသေစွာကန်တော့၍ အမှောင်ရိပ်ကို တိုးကာ ပျောက်ကွယ်သွားပါလေသည်။

ထိုအဖြစ်အပျက်တို့ဖြစ်ပြီး တစ်လခန့်အကြာတွင် မောင်လှသည် သူနှင့် မိဘများအား ကျိုက်လတ်မြို့တွင် မြေတစ်ကွက်နှင့် အိမ်တစ်လုံးကို ဝယ်ယူစေပြီး ညီမ မမယ်မြနှင့် ညီ မောင်ရတို့နှင့် အတူနေထိုင်စေခဲ့သည်။

မောင်လှမှာ လုပ်ငန်းများကို အကွက်ကျ စီမံ၍ သူ၏ သူရင်းငှားများကို လယ်မြေများ အညီအမျှဝေခြမ်းပေးပြီးနောက် မြို့သို့ ပြောင်းရွှေ့လာခဲ့သည်။

မြို့သို့ရောက်လျှင် မောင်လှသည် လယ်သမားမိသားစုများမှ ပေါက်ဖွားလာသူဖြစ်၍ ထိုခေတ်က ဆန်စက်တစ်စက်ကို ဝယ်ယူ၍ စပါးများကို အဖိုးနှုန်း ချိုသာစွာ နဝလီ ကြိတ်ခွဲပေးသည်။

တစ်ဖက်မှလည်း လူမှုရေးလုပ်ငန်းများကို လုပ်ဆောင်သည်။ ဘုန်းကြီးကျောင်း ဇရပ်များကို လှူဒါန်းသည်။ ထို့ကြောင့် အသက်အရွယ် ငယ်ငယ်နှင့် ဦးတပ်ခေါ်ရလောက်အောင် လူရာဝင်ဆံ့လာပါသည်။

စီးပွားရေးတွင် ဆန်စက်ကလည်း အကျိုးပေးသဖြင့် **ရတနာသိဒ္ဓိ၊ မြသိဒ္ဓိ** တန်(၅၀၀)ပါ (ဆန်အိတ်တစ်သောင်းကျော် တင်နိုင်သည်။) အညာဆန် သစ်သားခွဲသင်္ဘောကြီးနှစ်စင်းကို ပိုင်ဆိုင်လာသလို အလှူရေစက် လက်နှင့်မကွာစေ ဆိုသည့်အတိုင်း ရဟန်းသံဃာများ နားနေဆောင်နှင့် သံဃာ့ဆေးရုံတစ်ရုံကို လှူဒါန်း၍ (၃၁)ဘုံရှိ ဝေနေယျများနှင့် လယ်တဲစောင့်ကြီးကို အမျှအတန်း ပေးဝေလိုက်၏။

ထိုအချိန်မှစ၍ စက်ပိုင်စက်သူဌေး ဦးလှအဖြစ် မြို့တွင် ထင်ရှားခဲ့ပါသည်။

နောက်ဆုံးတွင် မိဘများက စက်သူဌေးသားဘဝတွင် လိုအပ်နေသော ဘဝကြင်ဖော်အဖြစ် မြို့မှ ဆွေမကင်း မျိုးမကင်း အမျိုးသမီးကောင်း တစ်ယောက်နှင့် လက်ထပ်ထိမ်းမြား ပေးရာ အထမြောက်၍ စက်သူဌေး ဦးလှမှာ လူပျိုကြီးဘဝမှ အမှန်တကယ် ကျွတ်ခဲ့ရရှာလေသည်။

ဤသို့ဖြင့် တောရွာလေးမှ မထင်မရှား မောင်လှဆိုသော လူငယ်တစ်ဦးမှာ မမျှော်လင့်ဘဲ လယ်တဲမှ ကောက်ရခဲ့သော ရွှေအိုးကြောင့် ချမ်းသာ၍ စက်သူဌေး သင်္ဘောပိုင်ရှင် ဆေး… အလှူရှင် မြို့မိမြို့ဖ လူကြီးလူကောင်း အဖြစ် ထင်ရှားခဲ့လေသည်။

စက်သူဌေး ဦးလှသည် သားသမီး… နှစ်ယောက်ရှိပြီး အသက်(၈၀)ကျော် အရွယ် လူကြီးရောဂါဖြင့် ကွယ်လွန်… ပါသည်။

ထို့သော် ဦးလှသည် အလှူကောင်း… မှု စေတနာကောင်းမှု ရတနာသုံးပါး… ကိုင်းရှိုင်းမှုကြောင့် လူသေသော်လည်း… ဦးလှ၏ နာမည်ဂုဏ်ပုဒ်မှာ မသေသေး… ထူးခြားစွာ လယ်တောထဲမှ ရွှေအိုး… ခဲ့သူအဖြစ်လည်း ပြောမယုံ ကြုံမှ… သိသလို လွန်စွာမှ ထူးဆန်းသည့်… ဖြစ်ရပ်မှန် ဖြစ်ပေသည်။

ကျွန်တော် ဖျာပုံမှ မအူပင်… ရေလမ်းဖြင့်သွားတိုင်း ကျိုက်လတ်… တစ်ဖက်ကမ်းရှိ တစ်ချိန်က ဦး… ပိုင်ဆိုင်သည့် ဆန်စက်ကြီးကို မြင်… တစ်ချိန်က အဘိုး၏ ဖြစ်ရပ်ဆန်း… ကို ပြန်တွေး၍ လွမ်းမိသည်။

ကျိုက်လတ်မြို့ထဲမှ ကားဖြင့် သွား… တိုင်းလည်း ကျွန်တော်တို့ နေခဲ့သည့်… အိမ်နှင့် ဆေးရုံကို မြင်တိုင်းလည်း… ယခင်က အဘိုးဖြစ်သူ လှူဒါန်း… သော သံဃာ့ဒါနဆေးရုံဟောင်းကြီး… အဘိုး၏ တစ်ချိန်တုန်းက အလှူ… ပြောပြနေသယောင် ခံစားမိပါ… တော့သည်။

**[ဤစာစုဖြင့် အဘ ဦးလှ… ကန်တော့အပ်ပါသည်။]**

**ကျော်ဇင်ဖြူ**



www.burmeseclassic.com

www.burmeseclassic.com



သေမင်းတမန်တို့ရဲ့

# မရောဂါဆိုင်းသည်

ချစ်ဆိုင်

တကယ်တော့ လူသာမန်တို့၏ မျက်စိဖြင့် မမြင်တွေ့ရနိုင်သော နာနာဘာဝ၊ ဝိနာဘာဝ၊ နတ်ဆိုး၊ နတ်ကြမ်း၊ နတ်ဘီလူး၊ ပြိတ္တာ၊ ပရလောကသားများသည် ရှိ၏။ ရှိခဲ့၍လည်း မြတ်ဗုဒ္ဓက ပေတဝတ္ထုများဖြင့် ဟောကြားထားခဲ့အပ်ပြီးသားပင်ဖြစ်သည်။

အဆိုပါ နတ်ဆိုး နတ်ကြမ်း နတ်ပြိတ္တာများသည် ယင်းတို့၏ ကမ္မဇိဒ္ဓိ တန်ခိုးဖြင့် လူတို့အား လှည့်ဖြားသွေးဆောင်ပြီး ဒုက္ခအမျိုးမျိုးကို ပေးနိုင်၏။ နောက်ဆုံး အသက်အန္တရာယ်ရောက်သည်အထိ ဒုက္ခပေးနိုင်၏။

သို့ဖြစ်၍လည်း ပရိတ်ကြီး(၁၁)သုတ်ထဲက ရတနသုတ်၊ မေတ္တသုတ်၊ အာဋာနာဋိယသုတ်များသည် အဆိုပါ မကောင်းဆိုးဝါး၊ အစိမ်းသရဲ၊ မြေဖုတ် ပြိတ္တာ၊ ကျတ်၊ တစ္ဆေ၊ အစရှိသည်တို့၏ အန္တရာယ်ပြုခြင်းမှ ကင်းလွတ်စေနိုင်ရန် ရွတ်ဖတ်သရဇ္ဈာယ်ရသော သုတ်တော်များပင် ဖြစ်သည်။

ယခု တင်ပြမည့် ဇာတ်လမ်းမှာလည်း အဆိုပါ လောကသားများနှင့် မကင်း။ ထိုမကင်းသော ဇာတ်လမ်းကို တင်ပြရသော်...။

*   *   *

တကယ်တော့ **ဟုမ္မလင်းမြို့နယ် အတွင်းရှိ ရေလဲ(မြင်သာ)ရွာ**ဆိုတာ ကျုပ် ငယ်စဉ်အခါကဆိုရင် ချင်းတွင်းမြစ်ကမ်းဘေးက ရွာတစ်ရွာ မဟုတ်ခဲ့ပါဘူး။ ချင်းတွင်းမြစ်ဆိုတာက ကျုပ်တို့

www.burmeseclassic.com

ရွာရဲ့ မြောက်ဘက် (၆,၇)မိုင်လောက် ဝေးတဲ့ ထုံပေါ်ကျောက်ဘက်ကနေပြီး စီးဆင်းခဲ့တာပါ။

ကျုပ်တို့ရွာက သောက်သုံးခဲ့ရတဲ့ ရေဟာ နွေရာသီမှာ လူ့ခါးလည် လောက်သာနက်တဲ့ ပုရစ်ချောင်း ကလေးပါပဲ။ ချင်းတွင်းမြစ်ထဲကို စီးဝင်တဲ့ ချောင်းတစ်ချောင်းပါပဲ။

ပုရစ်ချောင်းကလဲ ကျုပ်တို့ရွာရဲ့ မြောက်ဘက်မှာပဲ ရှိတာပါ။ ဒါပေမယ့် သူက ရွာနဲ့ကပ်ပြီး စီးဆင်းနေတယ်။ အဲဒီချောင်းရဲ့ တစ်ဖက်ကမ်းမှာတော့ မိုးမခအင်းဆိုတာ ရှိတယ်။ ကျုပ် ငယ်စဉ်အခါက နွေရာသီမှာ လူတစ်ရပ် လောက် နက်ပါတယ်။ အဲဒီအင်းကလဲ အခုတော့ အရာလေးလောက်ပဲ ကျန် ပါတော့သတဲ့။ ကောနေပြီပေါ့။

အဲဒီအင်းရဲ့ ပတ်ပတ်လည်မှာတော့ ကျူပင်နဲ့ မိုးမခပင်တွေက သိပ်သည်း ထူထပ်စွာနဲ့ ပေါက်ရောက်ခဲ့တယ်။ အဲဒီ လို မိုးမခပင်တွေ ဝိုင်းပြီး ပေါက်ရောက် နေတာကို အကြောင်းပြုပြီး မိုးမခအင်း ရယ်လို့ ခေါ်ခဲ့ကြဟန် တူပါရဲ့။

နောင်သောအခါမှ ချင်းတွင်းမြစ်ကြီး က ရေစီးကြောင်းတွေ ပြောင်းလာပြီး ကျုပ်တို့ရွာက သောက်သုံးနေတဲ့ ပုရစ် ချောင်းထဲ စီးဝင်လာတဲ့အခါ ပုရစ် ချောင်း ပျောက်ပြီး ချင်းတွင်းမြစ်ကြီး ဖြစ်ပေါ်ခဲ့ရတော့တာပေါ့။

ဒါကြောင့် ကျုပ်တို့ရွာဟာ ယခင်က ချောင်းကမ်းဘေးက ရွာတစ်ရွာ ဖြစ်ခဲ့ရ ပေမယ့် ခုချိန်မှာတော့ မြစ်ကမ်းဘေး က ရွာတစ်ရွာ ဖြစ်ခဲ့ရပါပြီ။ မတည်မမြဲ ပြောင်းလဲတတ်တဲ့ လောကရဲ့နိယာမ သဘောတွေပါပဲ။

ဒီလိုပါပဲ ကျုပ်တို့ရွာက ဟိုယခင် အခါက **ရေလဲ(မြင်သာ)**လို့ ခေါ်ခဲ့ကြ တာ မဟုတ်ပါဘူး။ **ရေလဲ(ထိန်ကျော်)** ဆိုပြီး ခေါ်ခဲ့ကြတာပါ။ ဘာကြောင့် ရေလဲထိန်ကျော်လို့ ခေါ်ခဲ့ကြရသလဲ လို့ ကျုပ်က လေ့လာကြည့်တော့ ချင်းတွင်းမြစ်ကြီးဟာ မိုးအခါ ရောက် လာပြီဆိုတာနဲ့ ရေတွေက လျှံတက် လာကြပြီ။

ဘယ်လောက်အထိ လျှံတက်လာ သလဲဆိုတော့ ကျုပ်တို့ရွာရဲ့ ဘေးပတ် ဝန်းကျင် အပါအဝင် ကျုပ်တို့ရွာတွေပါ မြုပ်ကုန်သည်အထိ ဆိုပါတော့။

ရေကလဲ အစီးသန်တာပေါ့။ ဒါပေ မယ့် မြစ်ချောင်းတွေရဲ့ သဘာဝအရ ဘယ်လောက်ပဲ ရေအစီးသန်ပါစေ မြစ်တစ်ခု၊ ချောင်းတစ်ခုထဲမှာကိုပဲ တစ်နေရာနဲ့ တစ်နေရာက ရေစီးနှုန်း မတူညီကြဘူးလေ။ ရေစီးကြမ်းတဲ့ နေရာ ရှိသလို ရေစီးမကြမ်းတဲ့ နေရာ လဲ ရှိတတ်တယ်။

အဲဒီလို ဖြစ်နေတဲ့ အခါကျတော့ ချင်းတွင်းမြစ်ကြီးကပဲဖြစ်ဖြစ်၊ မိုးဦးနဲ့ မိုးနှောင်းမှာ တွေ့ရတဲ့ ပုရစ်ချောင်းက ပဲဖြစ်ဖြစ် ကျုပ်တို့ရွာကို ရောက်လာ တဲ့ အခါမှာ အခြားနေရာတွေထက် ထူးပြီး ရေစီးနှုန်းကြမ်းခဲ့တယ်လို့ ဆို တယ်။

ဟိုးဟိုးကျော်အောင် ရေစီးကြမ်း တယ်။ ထိန်ထိန်ကျော်အောင် ရေစီး ကြမ်းတယ်။ အဲဒီလို ရေစီးကြမ်းခဲ့တယ် လို့ဆိုတယ်။ ချင်းတွင်းမြစ်ဖျားကနေပြီး စီးဆင်းလာတဲ့ သစ်ဖောင်၊ ဝါးဖောင်၊ ကြိမ်ဖောင်တွေဟာ ကျုပ်တို့ရွာနားကို ဖြတ်ရပြီဆိုတာနဲ့ အသက်ကို ဖက်နဲ့ ထုပ်ပြီး ဖြတ်ကျော်ရတယ်လို့ ဆိုတယ်။ သစ်ဖောင်ဝါးဖောင်တွေတောင် ပျက် စီးတာတွေ ရှိခဲ့ဖူးတယ်လို့ ဆိုတယ်။ နာမည်ကျော်ပေါ့လေ။

အဲဒီလို တထိန်ထိန် ကျော်ခဲ့တာကို အကြောင်းပြုပြီး ကျုပ်တို့ ရေလဲရွာကို လဲ **ရေလဲ(ထိန်ကျော်)**လို့ နာမည်ပေး ခဲ့ကြတယ်လို့ ဆိုတယ်။ ဒါက ကျုပ် မမွေးခင် ကျုပ်ရဲ့ ဘိုးဘွားဘီဘင်များ လက်ထက်ကတည်းကပါ။ ကျုပ်တို့ အနေနဲ့ကတော့ ပါးစပ်ရာဇဝင်အဖြစ် ကြားခဲ့ရတာပါ။

ပြောခဲ့သလိုပါပဲ... ကျုပ်တို့ရွာက သောက်သုံးနေတဲ့ ပုရစ်ချောင်းဟာ မိုးဦးနဲ့ မိုးနှောင်းပိုင်းတွေမှာ ရေစီးက တအားသန်ပါတယ်။ ရေစီးသန်တော့ ရေဆင်းချိုးတဲ့သူတွေ၊ ရေခပ်တဲ့သူ တွေ၊ ဟိုဘက်ကမ်း ဒီဘက်ကမ်း ကူးတဲ့သူတွေအတွက် အန္တရာယ်များ တာပေါ့။

ကျုပ် ငယ်စဉ်အခါကအထိ အဲဒီ ချောင်းထဲမှာ ရေဆင်းချိုးရင်း ရေနောက် ပါလို့ သေဆုံးခဲ့ရတဲ့သူတွေ ရှိခဲ့ဖူးပါ တယ်။ ကျုပ်ရဲ့ မျက်မြင်ကိုယ်တွေ့ ပါပဲ။

အဲဒီတုန်းက တချို့ရွာသားတွေက ခွေးသေကောင်တွေကို ချောင်းထဲပစ်ချ ကြတာလဲ တွေ့ရဖူးပါရဲ့။ သူတို့အပြော ကတော့ လူ့အစား ခွေးကိုကျွေးတာတဲ့။ ကျုပ်က ငယ်သေးတော့ ဂဃနဏ မသိပါဘူး။

**ဒီနေရာမှာ ထပ်ပြီး ပြောချင်တာက ကျုပ်တို့ရဲ့ ဘိုးဘွားဘီဘင်လက်ထက် တုန်းကဆိုရင် အဲဒီချောင်းထဲမှာ လူ တစ်ယောက် ရေနစ်ပြီး သေတော့မယ် ဆိုတာနဲ့ မိုးမခချောင်းထဲက ဆိုင်းသံ ဗုံသံတွေ ကြားရတော့တာပဲတဲ့။**

**ညကြီးသန်းခေါင် အခါလောက်မှ ကြားရတာပါ။ မိုးသံ၊ လေသံ၊ ဖားဟီး သံတွေရဲ့ ကြားမှာ ကြားရတယ်ဆို ပေမယ့် နည်းနည်းလေးဂရုစိုက်ပြီး နားထောင်ရင် ပီပီပြင်ပြင်ကို ကြားရ တယ်လို့ ဆိုတယ်။**

အဲဒီလို ဆိုင်းသံဗုံသံတွေ ကြားရ ပြီဆိုတာနဲ့ လူကြီးသူမတွေက ကိုယ့် ရဲ့သားသမီးတွေကို သတိပေးထားကြ ရပြီပေါ့။ သတိထားပြီး ရေချိုးရေခပ်

www.burmeseclassic.com



ကြဖို့ပေါ့။

ဒါပေမယ့် ဘယ်လိုပဲ သတိပေးထားထား၊ ဘယ်လို သတိနဲ့ ရေချိုးရေခပ် ကြတာပဲဖြစ်စေ နောက်ဆုံးမှာတော့ ရေနောက်ကိုပါပြီး သေဆုံးကြရတယ်လို့ ဆိုတယ်။

ဆိုင်းတီးသံကတော့ဖြင့် တစ်ခါကြား တစ်ယောက်၊ နှစ်ခါကြား နှစ်ယောက် ဒါမျိုးပါ။ တစ်ခါတစ်ရံမှာ နှစ်တိုင်းလည်း မကြားရတတ်ဘူးလို့ ဆိုတယ်။

အဲဒီလို ကြားရပြီ ဆိုတာနဲ့ လူကြီးသူမတွေက ခွေးအရှင်လတ်လတ်ကို သတ်ပြီး ရေချောင်းထဲ ပစ်ချတာမျိုးတွေလဲ လုပ်ခဲ့ကြတယ်လို့ ဆိုတယ်။

အခု ပြောခဲ့ ရေးခဲ့သမျှတွေဟာ ကျုပ် ကြားရမိသလောက် ရေးခဲ့တာပါ။ ပိုပြီးပြည့်စုံအောင်ဆိုပြီး ကျုပ်ရဲ့ဖခင် ဦးအောင်ချယ်ကို ထပ်မေးပြန်တော့ ကျုပ်ဖခင်က...

'လူကြီးသူမတွေရဲ့ ပြောစကားအရ ဟိုးရှေးယခင်က အခု မိုးမခအင်း ဆိုတာ မရှိခဲ့ပါဘူး။ မြေနိမ့်မြေပြန့် လွင်ပြင် ဆိုတာကတော့ အခု ငါ့သား မြင်ရတဲ့ အတိုင်းပါပဲ။ မိုးတွင်းအခါ ရောက်လာပြီဆိုရင်တော့ ရေတွေက ဖုံးလွှမ်းသွားတာပေါ့။ ရေစီးက ကြမ်းပြီး ရေဝဲကတော့ကြီးတွေကလဲ တင်းကျမ်းပြည့်ခဲ့တယ်လို့ဆိုတယ်။ ရေဝဲကတော့ ဆိုတာမျိုးက စုပ်ဝဲတွေရော မှုတ်ဝဲတွေရောပေါ့။

အဲဒီလို ရေစီး တအားကြမ်းတဲ့ မိုးတွင်းအခါကြီးမှာ အထက်ချင်းတွင်း အရပ်ဒေသကနေပြီး စုန်ဆင်းလာတဲ့ ဆိုင်းဝိုင်းအဖွဲ့တစ်ဖွဲ့က လှေတစ်စင်းနဲ့ ရောက်လာတယ်လို့ ဆိုတယ်။ လှေပေါ်မှာ တီးရင်းမှုတ်ရင်း စုန်ဆင်းလာတယ်လို့ ဆိုတယ်။ ဇာတ်အဖွဲ့ဖြစ်မလား၊ နတ်ကနားအဖွဲ့ ဖြစ်မလားတော့ မသိပါဘူး။

အဲဒီလို တီးရင်းမှုတ်ရင်း စုန်ဆင်းလာကြရင်းက အခု မိုးမခအင်းရဲ့ နေရာကိုလဲ ရောက်ရော စုပ်ဝဲနဲ့ သွားမိတယ် ထင်ပါရဲ့။ လှေကြီးတစ်စင်းလုံးလုံး မြုပ်သွားကြတယ်။ တစ်ယောက်မှ အသက်ရှင်ပြီး မကျန်ခဲ့ကြဘူးလို့ ဆိုတယ်။

ရွာသားတွေကလဲ မြင်တော့မြင်ကြပါရဲ့။ ဒါပေမယ့် ဘယ်လိုလုပ်ပြီး သွားကယ်နိုင်မှာလဲ။ ခဏလေးအတွင်းမှာပဲ ရေအောက်ကို ရောက်သွားတာလေ။

ဒီလိုနဲ့ ရေအပြန်အကျမှာ စုပ်ဝဲမှုတ်ဝဲတွေရဲ့ ဆွဲအားတွန်းအား ပြင်းထန်မှုတွေကြောင့် မြေပြင်မှာ ကြီးမားကျယ်ပြန့်တဲ့ ချိုင့်ခွက်ကြီး တစ်ခု ကျန်ရစ်ခဲ့ရတယ်။ အဲဒါကတော့ အခု မြင်တွေ့ရတဲ့ မိုးမခအင်းကြီးပါပဲ။ မိုးမခအင်းဟာ အဲဒီက စခဲ့တယ်လို့ ဆိုတယ်။

တချို့ကလဲ အဲဒီ ဆိုင်းဝိုင်းတီးပြီး စုန်ဆင်းလာတဲ့ အဖွဲ့ဟာ သိုက်နန်းရှင်တွေ နေရာပြောင်းလာတာ။ ဒီနေရာကို ပြောင်းလာတာ။ ဒါကြောင့် ဒီနေရာကို ရောက်တော့ ပါလာတဲ့ ပစ္စည်းတွေနဲ့ အတူ ရေထဲကို ငုပ်ဆင်းသွားကြတာ ဆိုပြီး ပြောသူတွေကလဲ ပြောကြပါရဲ့။

တချို့ကြတော့လဲ ရိုးရိုးသာမန်လူတွေ စီးလာတဲ့လှေပါပဲ။ ဒီရောက်မှ လှေမှောက်ပြီး သေသွားကြရတာ။ သေပြီးနောက်ပိုင်း အစိမ်းသရဲ နာနာဘာဝအဖြစ်နဲ့ လှေမှောက်ပြီး သေသွားကြရတယ်။

ဒါကြောင့် သူတို့ဆီက လူစားလဲလိုတဲ့ အခါမျိုးမှာ ဆိုင်းသံပေးပြီး ခေါ်လေ့ရှိတယ်။ အဲဒီလို ဆိုင်းသံပေးလိုက်တာနဲ့ အထုံအဆက်ရှိတဲ့ လူတစ်ယောက်က ရေနစ်ပြီး သေပေးရတယ်။ အဲဒီလိုတွေလဲ ဝေဖန်ပြောဆိုနေကြတယ်။

ဟုတ်မဟုတ် ဆိုတာကတော့ နတ်တွေကပဲ သိနိုင်ကြမှာပဲ။ အဖေတို့အနေနဲ့ကတော့ အဲဒီအင်းထဲမှာ ဆိုင်းသံပုံသံတွေ ကြားရပြီဆိုရင် ရင်တမမနဲ့ ဖြစ်နေကြရပြီး သူမိလား


စာမျက်နှာ (၅၄) သို့

www.burmeseclassic.com



# ခန္ဓာကိုယ်ထဲ ဝင်သည်

ပရလောကသားနှင့်
ကိုယ်တွေ့ ဖြစ်ရပ်ဆန်း

ကျော်သန်း
(အကြီးတန်း လက်နှိပ်စက်)

ကျွန်မ၏ ဖြစ်စဉ်ကို သိကြသူတိုင်း အံ့သြသွားကြမည် ဖြစ်ပေမည်။ ၂၀၀၇ ခုနှစ်က ဖြစ်ပျက်ခဲ့သော ပရလောကသားက ခန္ဓာကိုယ်ထဲ ဝင်ရောက်သည့် ကိုယ်တွေ့ဖြစ်ရပ်ဆန်းကို ပြောပြပေးပါမည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ အိုးဘိုတောင်ရပ်ကွက်တွင် နေထိုင်သော ကျွန်မသည် အိမ်ထောင်ကျပြီး ကျွန်မ၏ အိမ်သားရှိရာ ချောင်းဦးမြို့နယ် ခင်မွန်ရွာရှိရာသို့ လိုက်သွားခဲ့ရပါသည်။

ကျွန်မ၏ ခင်ပွန်းမှာ လယ်ယာလုပ်ငန်း လုပ်ကိုင်စားသောက်သူ ဖြစ်သဖြင့် ကျွန်မလည်း လယ်တောထဲသို့ လိုက်ပါကူညီ ဆောင်ရွက်ပေးရပါသည်။ လယ်တောထဲတွင် စပါးများ စိုက်ပျိုးထားပါသည်။

စပါးပင်များ စိုက်ပျိုးပြီး စပါးနှံများ စတင်ထွက်နေစဉ် ကျေးငှက်များ ... ရောက်စားလေ့ရှိသဖြင့် လယ်တော... တွင် တဲလေးတစ်လုံး ဆောက်... ထားပြီး နေ့ခင်းပိုင်းတွင် တစ်နေ့... စောင့်ရပြီး ညပိုင်းတွင် တစ်... အခင်းစောင့် အိပ်လေ့ရှိသည်။

လယ်တောထဲတွင် တောအ...

www.burmeseclassic.com

ခလေ့ထုံးစံအတိုင်း ကောက်ရိုးများကို လူပုံသဏ္ဌာန် ပြုလုပ်ကာ ခေါင်းပိုင်းမှာ အိုးလေးတစ်လုံးအား လူခေါင်းနှင့်တူအောင် မျက်ခုံး၊ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်များကို ထုံးဖြင့် ရေးခြယ်ထားကာ ကိုယ်ပိုင်းတွင် အင်္ကျီဝတ်ဆင်ပေးထားပြီး ဝါးခမောက်ကလေးပါ ဆောင်းပေးထားပါသည်။ ထိုသို့ ပြုလုပ်ထားသည်ကို စာခြောက်ရုပ်ဟု ခေါ်ဆိုကြပါသည်။

စာခြောက်ရုပ် ပြုလုပ်ထားခြင်းဖြင့် ကျေးငှက်များ လာရောက် စားသောက်ဖျက်ဆီးခြင်း အန္တရာယ်မှ ကင်းဝေးအောင် ပြုလုပ်ထားသည်မှာ အခြားသော လယ်တောတိုင်း စပါးခင်းများတွင်လည်း တွေ့မြင်နိုင်ပါသည်။

လယ်တောနှင့် မနီးမဝေး စပါးခင်းတွင် လက်ပံပင်ကြီးတစ်ပင်လည်း ရှိနေသည်ကို သတိထားမိပါသည်။ လယ်တောထဲရှိ တဲကလေးတစ်လုံး ဆောက်လုပ်စေကာ စပါးခင်းစောင့် အိပ်နေစဉ်အတွင်း ကျွန်မသည် မေတ္တာပို့ပေးခြင်းနှင့် ဘုရားမေ့၊ တရားမေ့ မေ့နေခဲ့သည်မှာ ရက်များစွာ ကြာနေမိပါသည်။

လယ်တောထဲရှိ တဲလေးထဲတွင် အိပ်ရသည့်အတွက် ကျန်းမာရေးချို့ယွင်းလာကာ ဗိုက်ထဲမှ မခံမရပ်နိုင်သည့် မအီမလည် ခံစားနေရသည့် ဝေဒနာ ရရှိလာပါသည်။ တဖြည်းဖြည်းနှင့် ကျွန်မ၏ ဗိုက်ထဲမှ ခပ်မာမာအလုံးတစ်လုံး စမ်းမိလာပါသည်။

ထိုခပ်မာမာအလုံးသည် ရက်အနည်းငယ် ရလာသည့်အခါ သခွားသီးအရွယ်မျှ ကြီးလာသည်ကို သတိထားမိပါသည်။ ကျွန်မသည် ခင်မွန်ကျေးရွာမှ အိုးဘိုတောင်သို့ ပြန်လာပြီး ဆွေမျိုးချင်းများနှင့် တိုင်ပင်ကာ မုံရွာရှိ



ဒေါက်တာ ဆန်းလွင်ထံ ပြသကြည့်ရာ မုံရွာဆေးရုံသို့ တက်ရောက်စေရန် ညွှန်ကြားလာပါသည်။

သို့သော်လည်း ကျွန်မသည် မန္တလေး အလုပ်သမားဆေးရုံကြီးသို့သာ တက်ရောက်ခဲ့ပါသည်။ မန္တလေးဆေးရုံကြီးတွင် ဓာတ်မှန်ရိုက်ကြည့်ရာ ဘာမှ မတွေ့သည်ကို သိရှိရသည်။

ကျွန်မ၏ ဗိုက်မှ သခွားသီးအရွယ် ပမာဏရှိသည့် အလုံးကို စမ်းမိသော်လည်း ဓာတ်မှန်တွင် ရိုက်ကြည့်သော်လည်း မည်သည့်ပုံသဏ္ဌာန်မျှ မတွေ့ရသည်မှာ ထူးခြားဆန်းကြယ်နေကြပါသည်။ ဓာတ်မှန်(၅)ကြိမ် ရိုက်ခဲ့ရပါသည်။

ဆေးရုံတွင် ကျွန်မဗိုက်ထဲမှ အလုံးကို ခွဲစိတ်ရမည် ဖြစ်သဖြင့် အစာစားချင်သော်လည်း နေကောင်းခြင်း မနေရ၊ စားကောင်းခြင်း မစားရ၊ တစ်ခါတစ်ရံ စိတ်ဆန္ဒက စားချင်၊ မစားချင် ခံစားနေမိပါသည်။

ပထမအကြိမ် ခွဲစိတ်ခန်းထဲတွင် အဝတ်အစားများ လဲလှယ်ပြီး ခွဲစိတ်ခုတင်ပေါ်တွင် ရောက်ရှိလဲလျောင်းပြီး ဗိုက်ခွဲစိတ်မည်ဟု ပြုလုပ်သော် သွေးတိုင်းကြည့်ရာ ကျွန်မမှာ ရုတ်တရက် သွေးတိုးလာသည့်အတွက် မခွဲစိတ်လိုက်ရပေ။

နောက်တစ်နေ့တွင် ဒုတိယအကြိမ် ဗိုက်ခွဲစိတ်မည်ဟု ပြောထား၍ မည်သည့် အစားအစာမျှ မစားရပါ။ ခွဲစိတ်ခန်းထဲအရောက် ခုတင်ပေါ်တွင် သွေးထပ်မံတိုးလာသဖြင့် ခွဲစိတ်ခြင်းမှ ရပ်နားခဲ့ရပြန်ပါသည်။

နောက်တစ်ရက် တတိယအကြိမ် ခွဲစိတ်ရန် ခွဲစိတ်မှု ပြုလုပ်မည် ပြုနေစဉ် ဆေးရုံမှ လျှပ်စစ်မီးမှာ ရုတ်တရက် ပြတ်တောက်သွားသဖြင့် ခွဲစိတ်ဆရာဝန်ကြီးများ ဘုတ်ထိုင်ကာ နောက်နေ့ရက်မှ ခွဲစိတ်မည်ဟု တိုင်ပင်ပြောကြားပြီးလျှင်ပြီးချင်း လျှပ်စစ်မီးမှ ရုတ်တရက် ပြန်လင်းလာသည်ကို တွေ့ရှိရပြန်ပါသည်။

အတွေ့အကြုံ ရင့်ကျက်သော ခွဲစိတ်ဆရာဝန်ကြီးတစ်ဦးမှ သံသယရှိလာသည်ကို ရိပ်စားမိလာကာ ကျွန်မအား မြန်မာ့နည်း မြန်မာ့ဓလေ့ ထုံးတမ်းစဉ်လာ ပယောဂ စစ်ဆေးမှုများ ယုံကြည်မှု ရှိ/မရှိ မေးမြန်းရာ ယုံကြည်ပါကြောင်း ပြောပြလိုက်ပါသည်။

ထို့နောက် ဆေးရုံတက်နေစဉ် ယခင် သိကျွမ်းသော ဘုန်းတော်ကြီးဆရာတော်တစ်ပါးအား သွားရောက်ပင့်၍ ကျွန်မအား စမ်းသပ်ကြည့်ရာတွင် ကျွန်မ၏ လက်ကို စမ်းသပ်လိုက်သည့်အချိန်တွင် ဘုန်းတော်ကြီးခန္ဓာကိုယ်မှာ ရုတ်တရက် အထက်သို့ ကြွတက်သွားသည်ကို တွေ့ရှိရပါသည်။ ဆရာတော်မှ…

'ဒါ ရိုးရိုးမဟုတ်ဘူး ရေမှန်ပေးထားမယ် ပယောဂဆရာ ခေါ်ကြသပါ'



www.burmeseclassic.com

www.burmeseclassic.com

ဟု မှာကြားခဲ့ပါသည်။ ဆရာတော်၏ ရေမန်းပေးထားသည့် ညတွင် နှစ်နှစ်ကာကာ အိပ်ပျော်ခဲ့ရပါသည်။

နောက်တစ်နေ့တွင် ပယောဂဆရာ ဦးဌေးမောင်ဆိုသူအား သွားရောက်ပင့်ခေါ်ဆောင်က ကျွန်မအား ကုသစေရာ ဆေးစား ဆေးသောက် ကုသနေစဉ်တွင် ကျွန်မအား ဝင်ရောက်ကပ်နေသော ပရလောကသားလည်း မနေနိုင် မထိုင်နိုင် ဖြစ်သွားဟန်တူပြီး ကျွန်မ၏ ကိုယ်ခန္ဓာထဲမှ ထွက်ခွာသွားကာ ကျွန်မ ဆေးရုံတက်စဉ် လိုက်ပါကူညီ ဆောင်ရွက်ပေးနေသော မသန်းဆင့်အား ဝင်ရောက်ပူးကပ်သဖြင့် မသန်းဆင့်မှာ ရုတ်တရက် လဲကျသွားသဖြင့် ပယောဂဆရာမှာလည်း မသန်းဆင့်အား ထပ်မံ ကုသရပြန်ပါသည်။

ထို့နောက် မသန်းဆင့် သတိပြန်လည် ရရှိလာကာ ပရလောကသားလည်း ထွက်ပြေးသွားပါတော့သည်။ ကျွန်မ၏ ခန္ဓာကိုယ် ဗိုက်ထဲတွင် ယခင်က သန္ဓာသီးမှု ကြီးမားသော အလုံးကြီးလည်း မခွဲစိတ်ရဘဲ ပျောက်ချင်းမလှ ပျောက်သွားခဲ့ပါသည်။

ကျွန်မ၏ သွေးခုန်နှုန်းမှာလည်း ယခင်ကလို သွေးတိုးခြင်းလည်း မရှိဘဲ သွေးလည်ပတ်မှုမှာ ပုံမှန်ဖြစ်နေပါတော့သည်။ ဆေးရုံမှ ခွဲစိတ်ဆရာဝန်ကြီးတို့လည်း ဖြစ်ရပ်ဆန်းကြယ်နေသည့်အတွက် အထူး အံ့သြနေကြပါသည်။

အတွေ့အကြုံရှိသော ဆရာဝန်တစ်ဦးမှ ယခင်ကလည်း အမျိုးသမီးငယ်ငယ်တစ်ဦး ဗိုက်အလုံးတွေ့ရှိ၍ ဆေးရုံ လာရောက်ကုသရာတွင် ကြောင်တောင်တောင်ဖြစ်ပြီး ဆေးရုံပေါ်မှ ခုန်ချတာ ဘာမှ မဖြစ်ဘဲ ခြေလက်များ ကျိုးခြင်းမရှိကြောင်း တွေ့ရှိရကြောင်း၊ ထိုအမျိုးသမီးငယ်အား မေ့ဆေးပေး ခွဲစိတ်လိုက်သောအခါ ဗိုက်ထဲမှ ခုံဖိနပ်တိုလိုလို ပစ္စည်းတစ်မျိုး တွေ့ရကြောင်း ပြောကြားခဲ့ပါသည်။

ထိုအမျိုးသမီးလည်း ခွဲစိတ်ကုသရာရောဂါ ပျောက်ကင်းသွားကြောင်း ပြောပြ၍ သိရပါသည်။ ကျွန်မ၏ ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်ခဲ့သော ပရလောကသားသည် အစားအစာ စားချင်လိုသောကြောင့်လော၊ အဘယ်အကြောင်းကြောင့် ဝင်ရောက်ခဲ့သည်ကို ယနေ့တိုင် မတွေးတောတတ်အောင် ဖြစ်နေပါတော့သည်။

ကျွန်မသည် ဆေးရုံတွင် (၁၂)ရက်ကြာပြီး ဗိုက်မခွဲစိတ်ရဘဲ ကျန်းမာစွာဖြင့် ဆေးရုံမှ ပြန်လည် ဆင်းလာသည့်အခါ လာရောက် တွေ့ဆုံမေးမြန်းကြသည့် ဆွေမျိုးသားချင်းများအား ဖြစ်ကြောင်းကုန်စင်ပြောပြရာ ထူးခြားဆန်းကြယ်သည့်ဖြစ်ရပ်ကို ပါးစပ်အဟောင်းသား ဖြစ်နေကြပါသည်။

ကျွန်မ ဆေးရုံမှ ဆင်းလာသည့်အချိန်မှစ၍ ရတနာသုံးပါးနှင့် ဆရာတော်ကြီးများ၏ ဂုဏ်ကျေးဇူးတော်တို့ကို အလေးထား ယုံကြည်ရွတ်ပွားသည်မှာ "**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ**" ရတနာသုံးပါးသာ ပွားများနေသည်မှာ ယနေ့အချိန်တိုင်းပင် ဖြစ်ပါတော့သည်။

**[ကိုတင်သန်း၏အဒေါ် ဒေါ်ဒေါ်အိ ကိုယ်တွေ့ဖြစ်စဉ် အမှတ်တရ...]**

ကျော်သန်း

*(အကြီးတန်း လက်နှိပ်စက်)*

စာမျက်နှာ (၂၅၁)မှ အဆက်

ဒါ ပါမလားပေါ့။

မိုးမခအင်းထဲက ဆိုင်းသံကြား... နဲ့ ချောင်းထဲမှာ ရေနစ်ပြီး သေ... ချောင်းထဲမှာ ရေနစ်ပြီး သေရ... မယ်ဆိုရင် အဲဒီအင်းထဲမှာ ဆိုင်းတီး... ကြားရပြီ။

ဒီတော့ မိုးမခအင်းမှာ ဆိုင်းတီး... နဲ့ ဒီမှာ လူသေပေးရတာနဲ့၊ ဒီမှာ လူ... ပေးရတာနဲ့ မိုးမခအင်းက ဆိုင်းတီး... ဒါတွေဟာ ဘယ်လိုများ ဆက်... ပတ်သက်နေသလဲဆိုတာ ဘယ်သူ... တပ်အပ်သေချာ မပြောနိုင်ပါဘူး။

အဖေတို့အနေနဲ့ကတော့ ... မိုးမခအင်းထဲက ဆိုင်းတီးသံကို မ... ချင်ကြတာ အမှန်ပါပဲ။ ခုတော့ ဒီ... မျိုးက ကျပါးလာခဲ့ပါပြီ။

ဒါပေမယ့် တစ်ခါတစ်ရံမှာ... ပြန်ပြန် ဖြစ်လာတတ်သေးတ... ဥစ္စာစောင့်ဆိုရင်လဲ နေရာမြဲ... မြဲတာပါ။ နာနာဘာဝဆိုလဲ အချိန်... ရင်တော့ ကျွတ်တမ်းဝင်ကြရတာပဲ...

ဘာပဲဖြစ်ဖြစ် ဆိုင်းသံပိုင်... ဆိုတာက လူတွေအတွက် သာယာ... ပျော်ဖွယ် တေးတူရိယာတွေနဲ့ ဖျော်... ပေးနေခြင်းမို့ လူသားအားလုံး... ပျော်ရွှင်စွာနဲ့ ကြိုဆိုရမယ့်ကိစ္စကြီး...

ဒါပေမယ့် ဒီအင်းက ထွက်လာ... ဆိုင်းသံကြီးဟာ အဖေတို့အတွက်... တော့ဖြင့် သေမင်းတမန်တို့ရဲ့ **မရ... ဆိုင်းသံကြီး**ပါပဲ။ နောင်သောအခါ... ဒီဆိုင်းသံတွေ မကြားရပါစေနဲ့... ဆုတောင်းကြရမှာပေါ့

ဟု ရှည်လျားစွာဖြင့်ရှင်းပြခဲ့ပါသည်...

* * *

မည်သို့ပင် ဖြစ်ခဲ့စေကာမူ ယ... အချိန်မှာတော့ **သေမင်းတမန်တို့ရဲ့ မရဏဆိုင်းတီးသံကြီး** ထွက်ပေ... **လာတတ်သည့်** မိုးမခအင်းမှာလည်း... ကောသွားပြီ။ ရေနစ်သေပေးရ... ပုရစ်ချောင်းကလည်း မရှိတော့ပြီဖြစ်... ထိတ်လန့်စိုးရိမ်သောက ရောက်ရ... များ မရှိတော့ပါကြောင်း...။

**ရှင်လန်းချမ်းမြေ့ကြပါစေ**

ချစ်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



စိုးလင်းအောင်
(မြန်အောင်)

ရွှေးဟောင်းပစ္စည်းလော

# သိုက်ပစ္စည်းလော

လွန်ခဲ့သော (၁၀)ရက်ခန့်က ငရုပ်န်းရပ်ကွက်ရှိ ကိုဌေးအောင်၊ မသန်းအေးတို့အိမ်သို့ ရောက်ခဲ့၏။ ကိုဌေးအောင်၏ သမီးကို အအပ်ခံရန် မင်္ဂလာဘား ပြောကြားရင်း သွားရခြင်း ဖြစ်ပါသည်။

လူကလည်း စုံသွားသည်။ ကလေးအပ်ပြီး လူကျဲသွားသောအခါ အောင်ကျော်လှိုင်နှင့် စကားပြောကြ၏။

'ကိုစိုးလင်း ခင်ဗျား ကျွန်တော့်အကြောင်း မရေးဘူးလား'

'အေး အရင်တစ်ခါတော့ မင်းပြောတယ်၊ မေ့တော့တော့ဖြစ်နေလို့ ပြန်ပြောစမ်းပါဦးကွ'

(တစ်ခါက သူ့အကြောင်းကို စာရေးအား ပြောပြဖူးသော်လည်း မေ့နေ၍ မေးမိခြင်းဖြစ်၏)။

'ဒီလိုဗျ ကျွန်တော် မမြင့်ဌေးနဲ့ထောင်ကျပြီး ယောက္ခမအိမ် လိုက်နေတဲ့နှစ်ကပေါ့။ ကျွန်တော့်ယောက်ဖကိုဗလနဲ့ ရွာနားက ခြံမှာ ထယ်ထိုးရင်း တွေ့ခဲ့ရတာ'

'မတွေ့ခင်က ဘာတွေ ထူးထူးခြားခြား ဖြစ်သေးလဲ'

'တစ်ခါက ကိုးမြို့စင် နတ်ပွဲကတော့ ကျွန်တော်လဲ ထန်းသမားပီပီ ကိုကြီးကျော်ကို ထန်းရည် သွားဆက်ဖူးတယ်။ ထန်းတက်တဲ့ လူတိုင်း ကိုကြီးကျော်ကို ထန်းနတ်တင်ရတယ် မဟုတ်လား။ ထန်းလျက်ရအောင်၊ အန္တရာယ်ကင်းရှင်းအောင် ဘာညာညာဘာပေါ့ဗျာ။ ***(အောင်ကျော်လှိုင်မှာ ကိုယ်တိုင် ထန်းတက်ပြီး ထန်းလျက် ချက်ပါသည်။)***

အဲဒါနဲ့ ကိုကြီးကျော်က ပြောတယ်။ ညီဘွား မင်းက သိုက်က လာတာကွ။ မင်းကို မကြာမီမှာ ထိုက်ထိုက်တန်တန် ရွှေတွေ ပေးလိမ့်မယ်။ အဲဒီအခါမှာ ဘယ်သူမှ မခေါ်နဲ့၊ ကိုယ့်ဘာသာကိုယ် တူးယူ။

သူများခေါ်ရင်တော့ မင်းဟာတွေ ရွှေကနေ ကြေးဖြစ်သွားမယ်။ မင်းလဲ ကျန်းမာရေးညံ့ပြီး သေလောက်အောင် ရောဂါ ရလိမ့်မယ်လို့ ပြောထားတာ ရှိတယ်ဗျ။

မိုးတွင်း ပဲတွေနုတ်ချိန် ကျွန်တော်တို့ လင်မယား တဲထဲမှာ စောင့်အိပ်ကြတာပေါ့။

နောက်ဆုံးညကျတော့ ဟို ဆည်မြောင်းဘက်ကို စွန်းထွက်သွားတဲ့ ထောင့်နားမှာ ပျားလိမ္မော်သီးလောက် အရွယ် မီးလုံးလေးတစ်လုံးဟာ တက်လိုက်,ဆင်းလိုက် လုပ်နေလိုက် ဝဲလည်



www.burmeseclassic.com

www.burmeseclassic.com

ဝဲလည် လုပ်နေလိုက်နဲ့ တော်တော်လေး ကြာတယ်။ ကျွန်တော်လဲ သွားမကြည့်ရဲဘူးဗျာ။ ခင်ဗျား သိတဲ့အတိုင်း ဟိုဘက်က ဖက်တောက သရဲခြောက်တယ်လေ။

နောက်နေ့မှာ တဲတွေဖျက် ပဲတွေ အိမ်သယ်ပြီး ပဲခင်းကို ထယ်ထိုးတာ။ အဲဒီမှာ ပစ္စည်းတွေ တွေ့တာပဲ။ အဲဒီ ပဲခင်းတွေ လုပ်လာတာ နှစ်ပေါင်း(၂၅) နှစ်ကျော်ပြီ။ နွားတွေနဲ့လဲ အထပ်ထပ်၊ စက်တွေနဲ့လဲ အကြိမ်ကြိမ် ထယ်ထိုးခဲ့တယ်။

ခြံထဲမှာ ရေနံတွင်းတူးတုန်းကလဲ ဘူဒိုဇာကြီးတွေနဲ့ မြေညှိခဲ့ ထိုးခဲ့ပေမယ့် မတွေ့ခဲ့ကြဘူးဗျာ။ ကိုဗလက ရှေ့က နွားတစ်ရှဉ်းနဲ့ ထိုးတုန်းကလဲ မတွေ့ဘူး။ ကျွန်တော့်ထယ်နဲ့ကျမှ တည့်တည့် သွားထိုးမိတယ်။

ကျီးခနဲ ထယ်နဲ့ထိုးမိတော့ ဓားရိုးပေါ်လာတယ်။ ဝင်းခနဲ မြင်လိုက်ရတော့ ရွှေလို့ထင်ပြီး အားရဝမ်းသာနဲ့ နွားကိုရပ်လို့ ကိုဗလကို လှမ်းခေါ်တာပေါ့။

အဲဒါနဲ့ ဟိုဘက်ခြံက လူရောက်လာ ဒီဘက်ခြံက လူရောက်လာနဲ့ လူပေါင်းစုံသွားတယ်။ တူးရှင်းယူပြီး ဆက်တူးကြည့်တော့ အဲဒီပစ္စည်း တွေ့ရတာပဲ'

ထိုနေရာမှ ရသော ပစ္စည်းများမှာ...

- ဓားရိုး(ကြေး)(၉)လက်မခန့်အရှည်။
- ဇရက်ဆုံ အလေးချိန် (၅၀)သား(ကြေး)၊ အချင်းထိပ်ဝ (၄)လက်မ၊ အပေါ်အောက် အရှည် (၅)လက်မ။
- နွားဆွဲသော ချူလုံးများ(ကြေး) (၃၇)လုံး (၁)လက်မ ပတ်လည်ခန့်။
- သပိတ်တင်သော သပိတ်ခြေ(ကြေး)ထိပ်ဝ (၄)လက်မ၊ အပေါ်၊အောက်(၅)လက်မခန့်။
- ဖလား(၇)လုံး(ကြေး) ၇,၆,၅,၄,၃,၂,၁ လက်မခန့် (အစဉ်လိုက် ထပ်ထားသည်)။



- ရွှေခွက်(၁)ခွက် (ကြေး)၊ ထိပ်ဝ(၃)လက်မ အမြင့်(၃)လက်မ။
- လက်ဖက်ရည်ပန်းကန်(မြေ)(၅)လုံး။
- ပန်းကန်ပြား(မြေ) (၁)ချပ်။
- ပန်းကန်လုံး(မြေ)(၁)လုံး

စသည်တို့ ဖြစ်သည်။

'အဲဒါတွေလဲရရော လူတိုင်းက ရွှေတွေကွ၊ ရွှေတွေကွဆိုလို့ ရွှေဆိုင်ပြကြည့်တော့ ကြေးလို့ ပြောတယ်ဗျ။ အဲဒီအချိန်မှာ ကျွန်တော် နတ်ပွဲတုန်းက ကိုကြီးကျော်ပြောတာ သွားသတိရတယ်ဗျာ။ ဘယ်သူ့မှ မခေါ်နဲ့၊ ခေါ်ရင် ရွှေကနေ ကြေးဖြစ်သွားလိမ့်မယ် ဆိုတာလေ ဟုတ်များ ဟုတ်နေမလားပေါ့ဗျာ'

'အောင်ကျော်လှိုင်ရာ မင်းဟာ နဂိုကတည်းက ကြေးတွေမို့လို့ ကြေးဖြစ်တာပေါ့ကွာ။ ရွှေကနေ ကြေးဖြစ်ရအောင်လို့ ရွှေနဲ့ ကြေးက သိပ်သည်းဆခြင်းမှ မတူတာ ဘယ်လိုလုပ် ပြောင်းလဲသွားမှာလဲ'

'အေး ခင်ဗျား ပြောတော့ ဟုတ်တော့ ဟုတ်တာပေါ့ဗျာ။ နောက် ကိုကြီးကျော်ပြောတာ မှန်တာရှိသေးတယ်ဗျ'

'ဘယ်လိုမှန်တာလဲ ဆက်စမ်းပါဦးဟ'

'ကြေးတွေ ဖြစ်သွားရင်လေ သေ

လောက်အောင် ကျန်းမာရေ ညံ့မယ်ဆိုတာ သိပ်မှန်တာပေါ့ဗျာ'

'မင်းက ကျန်းမာရေ ညံ့သေးလို့လားကွာ'

'ညံ့သမှဗျာ၊ သေပြီတော အောက်မေ့တာ ဗေဒင်သွားမေးတော့ အဲဒီပစ္စည်းရေ လှူပစ်မှ သက်သာမယ်ဆိုလို့ ဘုရား သုံးဆူသာသနာ့နယ်မြေက ဦးစောကြ ဓာတ်နန်းကို သွားလှူလိုက်တယ အဲဒါနဲ့ နေကောင်းသွားတာ'

'ဒီလိုဆို မင်းလှူတဲ့ပစ္စည်းတွေ အ ဓာတ်နန်းမှာ အခု ရှိသေးလား'

'ဓာတ်နန်းက ပြတိုက်မှာ ဒီနေ့အ ပြထားတာရှိတယ်'

စာရေးသူ စဉ်းစားမိသည် အောင်ကျော်လှိုင်ပြောသော ပ များမှာ **"ရွှေပေါင်းပစ္စည်း လား။ သိုက်က ပစ္စည်းတွေလား** ဆိုသည်ကို ဘယ်လို စဉ်းစားရမှ ဖြစ်နေပါသည်။

**(မြန်အောင် ရေနံမြေ ဘက် ဘုရားသုံးဆူ သာသနာ မြေရှိ ဦးစောကြူးဓာတ်နန်း မည်သူမဆို သွားရောက် ကြည့် ပါသည်။)**

**ဝန်ခံချက် ။ ။ ကုန်းတ မြောက်ပိုင်းမှ အောင်ကျော် ပြောပြသလို ရေးသားပါသည်**

*သမ္မာဆန္ဒ ပြည့်ဝကြပါစေ*

**စိုးလင်းအောင်**
***(မြန်အောင်)***



www.burmeseclassic.com

www.burmeseclassic.com



ရောမြေ ကျော်ဝေ

# ရွာမြင့်ဝံအိမ် နှင့်

ရှုကွက်စိုးကြီး ဦးစစ်မြိုင်

နံနက်မိုးသောက် အလင်းရောင်သည်နှင့် ကျေးငှက်သာရကာတို့၏ အသံများသည် ဘာသာဘာဝ အော်မြည်ကြသလို တစ်နေ့တာ အစာရှာဖို့အတွက် အုပ်စုဖွဲ့၍ ပျံသန်းသွားကြသည်။

ကိုဒွေးမောင်တစ်ယောက် မျက်နှာသစ်ပြီး အိမ်ရှေ့တံခါးမကြီးကို ဖွင့်လိုက်သည်နှင့် ပဲပြုတ်သည်ဒေါ်အာကျယ်၏ အသံသည် နံနက်ခြောက်နာရီ အချိန်မှန်ပင်။

'ဟောဒီက ပဲပြုတ်... ယူကြဦးမလား။ ကောက်ညှင်းပေါင်းလဲ ပါတယ်။ ပူပူနွေးနွေးလေး ကောက်ညှင်းပေါင်း... ပဲပြုတ်'

ဒေါ်အာကျယ် အော်ရောင်းသွားသလို ဆင့်ကဲဆင့်ကဲ အကြော်သည်များကလည်း အသံစုံလှသည်။

ကိုဒွေးမောင်၏ အိမ်ရှေ့တည့်တည့်တွင် ညောင်ကြတ်ပင်ကြီးတစ်ပင် ရှိသည်။ ထိုညောင်ကြတ်ပင်



www.burmeseclassic.com

www.burmeseclassic.com

ကြီးအောက်တွင် ကိုဒွေးမောင်၏ဇနီး မပုကြွယ်က မုန့်ဟင်းခါးဆိုင် ထွက်သည်။

မပုကြွယ်၏ မုန့်ဟင်းခါးက ဟင်းရည်ကောင်းသဖြင့် (၈)နာရီထိုးသည်နှင့် အမြဲတမ်း ကုန်နေကျပင်။ မပုကြွယ် ဆိုင်စထွက်ချိန်တွင် ထိုညောင်ပင်ကြီးအောက်တွင် ညောင်ရွက် တစ်ရွက်တလေပင် မတွေ့ရ။ အမြဲတမ်းပြောင်လျက် လှည်းထားသည့်အတိုင်းပင်။

မည်သူက လှဲသနည်း၊ တံမြက်စည်းလှည်းသည့် အသံလည်း မကြားရဘဲနှင့် အမြဲတမ်း ပြောင်နေသော ဤညောင်ပင်အောက်တွင် ရပ်ကွက်ထဲက ကလေးတစ်သိုက် ကစားနေကျ။

ကိုဒွေးမောင်နှင့် မပုကြွယ်တို့တွင် သားသမီးမထွန်းကား။ လင်မယားနှစ်ယောက်တည်း ဖြစ်သဖြင့် စီးပွားရေးအသင့်အတင့်ကောင်းသည်။

ထိုညောင်ပင်တွင် မပုကြွယ်က အမွေးတိုင်နှင့် ပန်းတို့ကို လှူသလို ကိုဒွေးမောင်က ရေချမ်းစင် ဆောက်ပေးထားသည်။

ကိုဒွေးမောင်က မီးရထားဘူတာရုံတွင် ကုန်တင်ကုန်ချ အလုပ်သမား။ ရထား ဝင်ချိန် ထွက်ချိန်တွင် သူ့အလုပ်က ပုံမှန်မအား၊ အချိန်ဆိုတာ မှန်တယ်မရှိ။ နေ့ညတော့ရှိ၏။

တစ်နေ့ ကိုဒွေးမောင် အလုပ်က ပြန်လာသည်မှာ ညဉ့်နက်သန်းခေါင် (၁၂)နာရီကျော် ဆောင်းတွင်းကာလဖြစ်သဖြင့် ချမ်းအေး၏။

ပတ်ဝန်းကျင် နေအိမ်များမှ လူများ တိတ်ဆိတ်စွာဖြင့် အိပ်မောကျနေကြပြီ။ ညောင်ကြတ်ပင်အောက်တွင် ညောင်ရွက်များ တဖြောက်ဖြောက်



ကြွေကျသလို ဗလကောင်းကောင်း အင်္ကျီမပါ ကျောပြောင်ဖြင့် ပုဆိုးကို ခပ်တိုတိုဝတ်ထားသော အသားညိုညို ခေါင်းတုံးပြောင်နှင့် လူတစ်ယောက်သည် ချမ်းအေးမှုကို အလေးမထားဘဲ သစ်ရွက်များကို တစ်ရွက်ချင်းကောက်၍ ဆာလာအိတ်ထဲသို့ ထည့်နေသည်ကို တွေ့ရသည်။

ထိုအခါ ကိုဒွေးမောင်သည် အသံမပေးဘဲ အသာရပ်ကြည့်နေသောအခါ ထိုသူက ပတ်ဝန်းကျင်ကို အရေးမစိုက် သူ့အလုပ်ကိုသာ ဆက်လက်ပြီး လုပ်နေလေသည်။ ''အရှူး အမှိုက်ကောက်ဆိုတာ ဒါပဲဖြစ်ရမယ်''ဟု တွေးပြီး အိမ်သို့ရောက်လျှင် မပုကြွယ်ကို ပြောပြသည်။

မပုကြွယ်က...

'သနားပါတယ်တော် ဆောင်းတွင်းကြီး အင်္ကျီမပါဘဲနဲ့ ကျုပ်တို့ ဆိုင်ရှေ့မှာ အမှိုက်ကောက်ပေးတဲ့ အဲဒီ စိတ်မကောင်းတဲ့သူကို ကျုပ်တို့ ဆိုင်ဖွင့်လို့ တွေ့ရင် ကျုပ် မုန့်ဟင်းခါး အဝ ကျွေးလိုက်ဦးမယ်တော်'

ဟု ပြောသောအခါ ကိုဒွေးမောင်က...

'အေး...မင်းက ကျွေးချင်ပေမယ့် သူက လာဦးမှ ဖြစ်မှာ။ ငါလဲ အင်္ကျီ

တစ်ထည် ပေးမယ်လို့ ရည်ရွယ်ထား တယ်ကွ။ တို့ဆိုင်ဖွင့်တဲ့အချိန် လာ စေကွာ။ ငါတို့လဲ ဒါနမြောက်အောင် သူ့အတွက်လဲ အာဟာရပြည့် အချမ်း လဲ လုံပေါ့ကွာ'

ဟု လင်မယားနှစ်ယောက် အတိုင် အဖောက်ညီစွာဖြင့် ပြောဆိုပြီး မုန့်ဟင်း ချက်ဖို့ ပြင်ဆင်လေတော့သည်။

ထို့နောက်ပိုင်း (၃)ရက်မြောက် သောနေ့တွင် ဒေါ်ဒေဝီဆိုသော သီလရှင်ကြီးတစ်ပါးသည် သူ့ မုန့်ဟင်းခါးဆိုင်သို့ ရောက်လာပြီး

'ကလေးတို့ မုန့်ဟင်းခါးဆိုင် နာမည်ကြီးလို့ အဘွား အားပေး အောင် လာခဲ့တာပါ။ အရုဏ်ဆွမ်း အတွက်ပါ။ ''ရွှေညောင်ပင် ဟသာ မုန့်ဟင်းခါး''ဆိုတဲ့ ဆိုင်းဘုတ်နဲ့ တော့ ပဏာရတာပေါ့'

ဟု ပြောပြီး အဘွားဒေါ်ဒေဝီ ဝင်ထိုင်လေသည်။

မပုကြွယ်က မုန့်ဟင်းခါးတစ်ပွဲ ဟင်းရည်နှင့် လိုက်ပွဲပါ အပိုပေး အလှူမှာ ကျွေးသကဲ့သို့ပင် ကောင်းများ မလာစေရန် ယပ်ခတ် လေသည်။

အဘွားဒေါ်ဒေဝီသည် မုန့် ပန်းကန် ကုန်အောင် ဆွမ်းစား မေတ္တာများပို့၍ ကျသင့်ငွေကို ပေး အခါ မပုကြွယ်က...

'နေပါစေ အဘွား... သမီးတို့ အဘွားကို လှူတာပါ။ ဒီနေ့ ရော လာမယ့် လူတစ်ယောက်ကိုလဲ ဦးမယ်။ အဘွားက သူတော်စင်သီလ ရှင်ဆိုတော့ သမီးတို့ လှူရကျိုး နပ် တယ်'

ဟု မပုကြွယ်က ပြောသော သီလရှင်ကြီး ဒေါ်ဒေဝီက...

'သာဓုပါတော် သာဓု...သာဓု...





www.burmeseclassic.com

www.burmeseclassic.com

ရာသက်ပန် လှူနိုင်တန်းနိုင်ကြပါစေ။ လိုအင်ဆန္ဒတွေလဲ ပြည့်ဝပြီး တရားထူး တရားမြတ်များလဲ ရကြပါစေကွယ်။ နိဗ္ဗာန်ဆိုတာကတော့ ကိုယ်လုပ်နိုင်မှ ကိုယ်ရမှာပါ။ လောလောဆယ် တရားရှာရင်တော့ ကိုယ်မှာ တွေ့နိုင်မှာပါကွယ်။

သမီးတို့ကို ဒီရွှေညောင်ပင်ကြီးက ရုက္ခစိုးကြီးက အမြဲ စောင့်ရှောက်နေပါတယ်။ သမီးတို့က ဗုဒ္ဓဘာသာလဲဖြစ်၊ ဘုရား တရားလဲ မြဲကြတော့ နတ်ကောင်းတွေက စောင့်ရှောက်ကြတာပေါ့ကွယ်'

ဟု ပြောပြီး ထွက်ခွာသွားခဲ့လေတော့သည်။

ထို သီလရှင်ကြီး ထွက်ခွာသွားပြီးနောက် အမှိုက်တောင်းကို ဘယ်ညာထမ်းလျက် ဦးသန်းအေးဆိုသော အရူးတစ်ယောက် ဝင်လာလေသည်။ ဦးသန်းအေးက…

'ဟဲ့…ကလေးမ ငါ့ကို မုန့်တစ်ပွဲလောက် ကျွေးပါလား။ ငါ တစ်မြို့လုံးပြောင်စင်အောင် သန့်ရှင်းရေး ပြုလုပ်နေရတာ ပိုက်ဆံတော့ မရဘူး။ ကုသိုလ်တော့ ရတယ်။ နင်လဲ ကုသိုလ်လိုချင်ရင် ငါ့ကို မုန့်ကျွေး'

ဟု ပြောသောအခါ မပုကြွယ်သည် ငွေဆန်မှု မရှိဘဲ မုန့်တစ်ပွဲကို ပြင်ပေးပြီး…

'ဦးသန်းအေးက ကျွန်မတို့ ညောင်ပင်အောက်က အမှိုက်တွေတော့ မကောက်ပေးဘူး။ တခြားတော့ သွားကောက်တယ်'

ဟု မပုကြွယ်က ပြောသောအခါ ဦးသန်းအေးက…

'ဟဲ့ ကလေးမ ငါက ဘုရားဝန်းကျင်တွေမှာ သွားပြီး ကောက်တာ။ နင်တို့ညောင်ပင်မှာ ငါကောက်လို့ မရဘူး။ ရုက္ခစိုးကြီးက သူ့တပည့် ပေတိုးကြီးကို ကောက်ခိုင်းတာ။ ငါ မကောက်ရဲဘူး။



ပေတိုးကြီး လက်သီးကို ငါ ကြောက်တယ်။

ငါ တစ်ခါက ဒီညောင်ပင်ကို လာပြီး အမှိုက်ကောက်မယ်လုပ်တော့ ပေတိုးကြီးက ဘာမပြော ညာမပြောနဲ့ ငါ့ကို မောင်းထုတ်တယ်။

ငါကလဲ ဘာရမလဲ မင်းလဲ ကောက် ငါလဲ ကောက်ဆိုပြီး ကောက်တာပေါ့။ ဒါပေမယ့် သူက ငါပြောတာကို လက်မခံဘူး။ ငါ့ကုပ်ကိုဆွဲပြီး ကိုင်ပေါက်တယ်။

ငါလဲ ဖင်ထိုင်လဲကျပြီး နောက်မကောက်တော့ပါဘူးဆိုပြီး သူ့ကို ရှိခိုးပြီး ပြေးခဲ့ရတာ အမောပါပဲ။ လက်သီးနဲ့ မထိုးလို့ တော်သေးတာပေါ့'

ဟု ပြောပြီး မုန့်တစ်ပွဲကိုသာ ကုန်အောင်စားပြီး ရေတစ်ခွက်တောင်းသောက်၍ အမှိုက်တောင်းများကို ထမ်းပြီး ဦးတည်ရာသို့ ထွက်ခွာသွားလေတော့သည်။

မပုကြွယ်က အမှိုက်များကို ခြင်းတောင်း(၂)လုံးဖြင့် အပြည့်ထမ်းသွားသော ဦးသန်းအေး၏ ကျောပြင်ကို မျက်စိတစ်ဆုံးကြည့်ပြီး ဦးသန်းအေးတစ်ယောက် ဘဝဟောင်းက ဝဋ်ကြွေးကို ယခုလက်ရှိ အရူးဘဝနှင့် ဆပ်နေရသည်ကို တွေးမိပြီး သနားလေသည်။

မပုကြွယ် မျှော်မှန်းထားသည်က ကိုဒွေးမောင် တွေ့မြင်ခဲ့သည့် အမှိုက်ကောက် ခေါင်းတုံးနှင့်လူကြီး။ ထိုလူကြီးအလာကို မျှော်နေမိသော်လည်း ဦးသန်းအေး ပြောပြမှ သိခဲ့ရသည်။

ကိုဒွေးမောင် တွေ့ခဲ့သည့် ခေါင်းတုံးကြီးနှင့် အင်္ကျီမပါ လူကြီးက လူမဟုတ်မှန်း ညောင်ပင်စောင့်ရုက္ခစိုးကြီး၏ တပည့် ပရလောကသားကြီးတစ်ဦးဖြစ်ကြောင်း သိခဲ့ရသဖြင့် ကိုဒွေးမောင်ကို ပြောပြသောအခါ ကိုဒွေးမောင်က မယုံ။

'မင်းကလဲကွာ ဟိုအရူး ဦးသန်းအေး တောင်ပြော မြောက်ပြော လျှောက်ပြောတာ မင်းမို့လို့ ယုံတယ်။ မဖြစ်နိုင်ပါဘူးကွာ။ ငါ တွေ့ခဲ့တာ လူမှ လူအစစ်ပါ။ သရဲတစ္ဆေဆိုရင် ငါ ရပ်ကြည့်နေကတည်းက ပျောက်သွားမှာပေါ့'

ဟု ပြောသောအခါ မယုံကြည်တတ်သော ကိုဒွေးမောင်ကို မပုကြွယ် စောဒက မတက်တော့ပေ။

မပုကြွယ်သည် ညအိပ်ရာဝင်တိုင်း ဘုရားရှိခိုးပြီး အမျှဝေရာတွင် ရုက္ခစိုးကြီးနှင့် တပည့် ပေတိုးကြီးကိုပါ အမျှဝေပါသည်။ အမျှဝေပြီး ကြေးစည်ကို သုံးကြိမ်ထုပြီးမှ အိပ်လေ့ရှိပါသည်။

ကိုဒွေးမောင် ပေတိုးကြီးကို တွေ့ပြီး (၉)ရက်မြောက်သော ညတွင် ရုက္ခစိုးကြီးနှင့် ပေတိုးကြီးက အိပ်ပျော်နေသော ကိုဒွေးမောင်ကိုနှိုးပြီး ရုက္ခမြိုင်စံအိမ်သို့ ခေါ်သွားလေသည်။

ကိုဒွေးမောင်သည် ရုက္ခစိုးကြီးကို သေချာစွာ ကြည့်ပြီး…

'ခင်ဗျားကို ကျွန်တော် မြင်ဖူးသလိုတော့ ရှိသား'

ဟု ဆိုသောအခါ ရုက္ခစိုးကြီးက…

'မင်း ငါ့ကို မမှတ်မိလို့ပါကွာ။ ငါက မင်းအဖေရဲ့သူငယ်ချင်း ဦးစံမြိုင်လေ။ ငါ လူ့ဘဝက ပြုလုပ်ခဲ့တဲ့ ကုသိုလ်



www.burmeseclassic.com

www.burmeseclassic.com

စေတနာတွေကြောင့် အခုလို ရုက္ခစိုး ဘဝကို ရောက်ခဲ့တာပေါ့။

ငါရဲ့ ရုက္ခမြိုင် စံအိမ်ရှေ့မှာ မင်းတို့က ဆိုင်ဖွင့်ထားလို့ မင်းနဲ့ မင်းမိန်းမ မပုကြွယ်ကို ငါ သိရသလို ပောဒီက ငှါတပည့်ကြီး ပေတိုးကြီးကလဲ သိခဲ့ရတာပဲ့။

ငါနေတဲ့ စံအိမ်ရှေ့မှာ ကလေးတစ်သိုက် နေ့စဉ် လာကစားတာကို တွေ့ရတာ ငါပျော်တယ်ကွာ။ ကလေးချစ်တတ်တဲ့ ပေတိုးကြီးကလဲ သူတို့ ဘယ်လိုပဲ အမိုက်တွေဖွဖွ စိတ်မဆိုးဘဲ အမြဲတမ်း သိမ်းတယ်ကွ။

မင်းမိန်းမ မပုကြွယ်က ဘုရားရှိခိုးတိုင်း ငါတို့ကို အမျှအတန်း ပေးဝေပြီး ကြေးစည်ရိုက်သံ ငါတို့ ကြားရပါတယ်၊ ငါတို့က အမျှဝေသံကြားရတိုင်း သာဓုခေါ်နိုင်ပေမယ့် ရုက္ခစိုးဘဝက မကျွတ်နိုင်သေးပါဘူး။

ဘာဖြစ်လို့လဲသိလား နောင်ပွင့်လာမယ့် အရိမေတ္တေယျဘုရားကို စောင့်ပြီး ဖူးရဦးမယ်လေ။ ငါနေတဲ့ စံအိမ်ကို တစ်ခါတစ်ရံ နို၊ ချိုး၊ ဆက်ရက်ကလေးများ လာနားတာကို လူတွေက လေးခွနဲ့ ပစ်လွှတ်ကြတယ်။

သူတို့ဘာသာဘာဝ ညောင်သီး စားနေကြပေမယ့် လေးသံကိုတော့ နားစွင့်နေကြရတာ အပြစ်မရှိတဲ့ ငှက်ကလေးတွေရဲ့ ဘဝပါကွာ။

ငါတပည့် ပေတိုးကြီးက ငှက်ပစ်တဲ့ လူနဲ့ အရိပ်နေနေ အခက်ချိုးတဲ့ လူတွေဆိုရင် မှတ်လောက်အောင်ကို တီးလွှတ်လိုက်တာပဲ။ ဒါပေမယ့် ပေတိုးကြီးက ဟိုဘဝက ဝဋ်ကြွေးရှိလို့ အခုဘဝမှာ အင်္ကျီမဝတ်နိုင်ဘူး။ အင်္ကျီဝတ်ရင် တစ်ကိုယ်လုံး မီးနဲ့ တို့ထားသလို ဖြစ်လို့ သူက မဝတ်ပါဘူးတဲ့။

လူ့ဘဝက နောက်ခဲ့ပြောင်ခဲ့တဲ့



အကျိုးတွေပေါ့။ ဒါပေမယ့် သူက စိတ်ကောင်း ရှိပါတယ်။ ဘုရား တရား မြဲတဲ့သူဆိုရင် သူက အမြဲတမ်း သန့်ရှင်းရေး ပြုလုပ်ပေးတယ်။

လူ့ဘဝက သန့်ရှင်းရေး အလုပ်သမားပေါ့။ ဆေးရုံဝန်ထမ်းတစ်ယောက်ပါပဲ။ သူများအင်္ကျီကို ဝှက်ပြီး ဆူးချုံပေါ်မှာ တင်ထားခဲ့တာ။ သူ သတိရတော့မှ အင်္ကျီကို သွားကြည့်တော့ အင်္ကျီက ဆူးပုံပေါ်မှာ မရှိတော့ဘူး။

အဲဒီနောက် သူလဲ အင်္ကျီပိုင်ရှင် သူငယ်ချင်းအတွက် စိတ်မကောင်းစွာနဲ့ပဲ သူ ဝှက်တဲ့အကြောင်းကို မပြောရဲတော့ဘူး။ သူသေတော့ အဲဒီစိတ်က အထင်းသား ပြန်ပေါ်လာတယ်။ သူ့မှာ နေစရာမရှိတော့ ဒီရုက္ခမြိုင်စံအိမ်မှာ ကျုပ်တပည့်အဖြစ်နဲ့ ခေါ်ထားတာပါ။

ဒါပေမယ့် သူက မမြဲပါဘူး။ လူ့ဘဝကို ပြန်သွားရမှာပါ။ ကျုပ်ကတော့ ဒီစံအိမ်ကြီး ပြိုပျက်သွားလဲ နောက်စံအိမ်အသစ်မှာ ပြောင်းနေရမှာပါ။

မောင်ရင်က ကျုပ်တို့ကို မယုံဘူးဆိုလို့ ကျုပ်တို့ မောင်ရင်ကိုခေါ်ပြီး ပြောရတာပါ ဘုရားတရားမြဲတဲ့ မောင်ရင်ရဲ့ ဇနီး မပုကြွယ်ကို ဒီဂါထာစာရွက်လေး ပေးလိုက်ပါ။ အမြဲ ရွတ်ပါလို့ မောင်ရင် လဲ သွားသွားလာလာ ဒီဂါထာလေး ရွတ်ပေးပါ။

ကျုပ်တို့ ရုက္ခမြိုင်စံအိမ်က နာ ထောင်နေပါ့မယ်။ ရောက်တုန်းပေါက် တုန်း ကျုပ်စံအိမ်ကြီးထဲကို ဝင်ကြည့် ပါဦး။ ဟောဟိုမှာ ကျောက်ဆင် ဘုရား၊ ဒါက ဒက္ခိဏာသာခါဘုရား ဒီဘက်ဘေးက ကြေးဘုရား၊ ငွေ များများ ရချင်ရင် ဒီကြေးဘုရား ဆုတောင်းပေါ့။ ဆုတောင်းပြည့် လိမ့်မယ်'

ဘုရားသုံးဆူရှေ့တွင် သစ်သီး များ ကပ်ထားပြီး အမွှေး ဖယောင်းတိုင် အလင်းရောင်များ လည်း တောင်ပစ္စာဖြင့် စိတ်ချမ်း ဖွယ်ရာပင်။

'ကျုပ်တို့ ရုက္ခစိုးဆိုတာ သ သတ်လွှတ်ပဲ စားတယ်။ ကျုပ်တ ပေတိုးကြီးကလဲ သက်သတ်လွ စားတယ်။ သူများအသက်ကို မသ စိတ်နဲ့တောင်မပြစ်မှားနဲ့။ ကံငါးပါး လုံရင် ကျုပ်တို့ ရုက္ခစိုးတွေက ရောက်တဲ့သူကို ကူညီဖို့ ဝန်မလေး

မောင်ရင် ချမ်းသာချင်ရင် ယ မှာ ပုတီးများများစိပ် နတ်မင်းကြီး ပါးကိုလဲ မေတ္တာပို့ပါ။ သက်သတ် လဲ စားပေး၊ ရာသက်ပန် စားနိုင် တော့ ကောင်းတာပေါ့။ ကဲ မောင် လဲ ပြန်ဖို့ အချိန်နီးပြီ ဟဲ့ ပေတိုး လိုက်ပို့လိုက်စမ်း'

ဟု ရုက္ခစိုးကြီးက ဆိုသော



www.burmeseclassic.com

www.burmeseclassic.com

ပေတိုးကြီးက "ကောင်းပါပြီအရှင်"ဟု ရိုသေစွာ နာခံပြီး ကိုဒွေးမောင်ကို အိမ်အရောက် ပို့သောအခါ အိပ်ရာထက်တွင် ဂါထာရွတ်လျက်ဖြင့် ရှိနေပါတော့သည်။

---

ရက္ခစိုးဂါထာတော်ကြီး

---

၁။ ဦ့ ဘုမ္မဋ္ဌဒေဝံ ယာစာမိ၊
ဦ့ဘုမ္မဋ္ဌဒေဝံ ခန် သုခံ လာဘံ၊
ဘောဂဥ္စ ယာစာမိ သမ္ပတ္တိံ ဒေဟိ မင်္ဂလံ။
၂။ ဦ့ ရက္ခသ ဒေဝံ ယာစာမိ၊
ဦ့ ရက္ခသ ဒေဝံ ခန် သုခံ လာဘံ၊
ဘောဂဥ္စ ယာစာမိ သမ္ပတ္တိံ ဒေဟိ မင်္ဂလာ။
၃။ ဦ့ အာကာသဋ္ဌ ဒေဝံ ယာစာမိ။

ခက်ခဲသော ပါဠိအသံထွက်

**ဘုမ္မဋ္ဌ** = ဘုံမတ်ထ
**ဘောဂဥ္စ** = ဘောဂင်စ
**သမ္ပတ္တိံ** = သန်ပတ်ထိန်
**ရက္ခသ** = ရတ်ခတ်သ
**မင်္ဂလံ** = မင်ဂလံ
**အာကာသဋ္ဌ** = အာကာသတ်ထ


အနက်

၁။ **ဦ့**၊ တန်ခိုးရှင်သုံးဆူ ကြည်ဖြူညွတ်ခ ဦးချပါ၏။ **ဘုမ္မဋ္ဌဒေဝံ**၊ ဘုမ္မစိုးနတ်ကို။ **ယာစာမိ**၊ တောင်းပန်ပါ၏။

**ဘုမ္မဋ္ဌဒေဝံ**၊ ဘုမ္မစိုးနတ်အား။ **ခန် သုခံ လာဘံ**၊ ဥစ္စာချမ်းသာ လာဘ်လာဘကို လည်းကောင်း။ **ဘောဂဥ္စ**၊ သုံးဆောင်ဖွယ်ရာ စည်းစိမ်ဥစ္စာကို လည်းကောင်း။ **သမ္ပတ္တိဥ္စ**၊ ပြည့်စုံရိပ်ငြိမ် စည်းစိမ်ချမ်းသာကို လည်းကောင်း။ **ယာစာမိ**၊ တောင်းပန်ပါ၏။ **(မေ၊** အကျွန်ုပ်အား။) **မင်္ဂလံ**၊ ကောင်းကျိုးချမ်းသာ မင်္ဂလာကို။ **ဒေဟိ**၊ ပေးပါလော့။

၂။ **ဦ့**၊ တန်ခိုးရှင်သုံးဆူ ကြည်ဖြူညွတ်ခ ဦးချပါ၏။

**ရက္ခသဒေဝံ**၊ ရက္ခစိုးနတ်ကို။ **ယာစာမိ**၊ တောင်းပန်ပါ၏။



**ရက္ခသဒေဝံ**၊ ရက္ခစိုးနတ်အား။ **ခန် သုခံ လာဘံ**၊ ဥစ္စာချမ်းသာ လာဘ်လာဘကို လည်းကောင်း။ **ဘောဂဥ္စ**၊ သုံးဆောင်ဖွယ်ရာ စည်းစိမ်ဥစ္စာကို လည်းကောင်း။ **သမ္ပတ္တိဥ္စ**၊ ပြည့်စုံရိပ်ငြိမ် စည်းစိမ်ချမ်းသာကို လည်းကောင်း။ **ယာစာမိ**၊ တောင်းပန်ပါ၏။ **(မေ၊** အကျွန်ုပ်အား။) **မင်္ဂလံ**၊ ကောင်းကျိုးချမ်းသာ မင်္ဂလာကို။ **ဒေဟိ**၊ ပေးပါလော့။

၃။ **ဦ့**၊ တန်ခိုးရှင်သုံးဆူ ကြည်ဖြူညွတ်ခ ဦးချပါ၏။ **အာကာသဋ္ဌဒေဝံ**၊ အာကာသစိုးနတ်ကို။ **ယာစာမိ**၊ တောင်းပန်ပါ၏။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ မွှာစရိယ(မဟာဝဂ္ဂါဒိမြန်မာ ဂုဏ်ထူး)၊ ဒီဃဘာဏက-ဒီဃနိကာယ ကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။ ]*

ဤဂါထာတော်ကြီးကို အိပ်ရာထဲက မထဘဲ ယောင်၍ရွတ်နေသော ကိုဒွေးမောင်ကို မပုကြွယ်က လှုပ်နှိုးပြီး...

'ကိုဒွေးမောင်... ကိုဒွေးမောင် ရှင် ယောင်နေတယ် ထင်တယ်။ ဘုရားရှိခိုးစာ ရွတ်နေတာလား ထတော့လေ။ ကျုပ်တို့ မုန့်ဟင်းရည် ချက်ရဦးမယ်'

ဟု နှိုးသောအခါ ကိုဒွေးမောင်က ငုတ်တုတ်ထိုင်ပြီး ပျာပျာသလဲ စာရွက်ကို ရှာသောအခါ မပုကြွယ်က...

'တော် ဘာပျောက်လို့ ရှာနေတာတုန်း။ ပျာယီးပျာယာနဲ့ ပိုက်ဆံဝှက်ထားတာ ပျောက်လို့လား'

ဟု မေးတော့ ကိုဒွေးမောင်က...

'မဟုတ်ရပါဘူးကွာ၊ ငါ ညက အိပ်မက်ထဲမှာ ရက္ခစိုးကြီးနဲ့တွေ့တယ်။ အဲဒါ ရက္ခစိုးကြီးက ဂါထာတစ်ပုဒ်ပေးလို့ ယူခဲ့တာ။ ငါ ဘယ်နားထားမှန်း မသိလို့ ရှာနေတာပါ။ ဩော်...တွေ့ပြီ၊ တွေ့ပြီ ငါ့အကျီအိတ်ကပ်ထဲက တွေ့ပြီဟေ့'

ဟု ကိုဒွေးမောင် အားရဝမ်းသာစွာဖြင့် မပုကြွယ်ကို ထုတ်ပြသောအခါ မပုကြွယ်က...

'ဟုတ်ပါရဲ့တော် ဒီဂါထာတော်ကို ကျုပ်လဲ အလွတ်ရအောင် ကျက်ဦးမယ်။ တော်လဲ အလွတ်ရအောင် ကျက်။ တော့်ကို အိပ်မက်ပေးတော့မှပဲ တော် ယုံပြီပေါ့။ ဦးသန်းအေးကြီး ပြောတာကို ကျုပ်ပြောပြတုန်းက တော်က မယုံဘူး။ အခု လက်တွေ့ အိပ်မက်ထဲမှာ တွေ့တော့မှ တော်က ယုံတယ် မဟုတ်လား'

ကိုဒွေးမောင်လည်း ခေါင်းကို ကုတ်ပြီး...

'အေးပါ မိန်းမရာ မင်းက မင်းထင်တိုင်း ဟုတ်နေတော့ ငါ့ကို ပြောအားရှိတော့တာပေါ့။

လောကမှာ ကိုယ်မမြင်ရတဲ့ အရာတွေဟာ အများကြီးပါပဲကွာ။ ဒီ လောကသားဆိုတာ ဘဝခြား[illegible] မသိရင်တော့ ကြောက်ကြ[illegible]



www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ သနားစရာတွေပါကွာ။ ငါပြောတာက ပရလောကသားတွေကို ပြောပြတာပါ။

ရုက္ခစိုးဆိုတာကတော့ အောက်နတ်တစ်မျိုးလို့ ဆရာတော်ကြီးတွေက အဆိုရှိတယ်။ သူတို့က တောစိုးသစ်ပင်တွေမှာ အနေများတယ်။ ရုက္ခဆိုတဲ့ သစ်ပင်တွေကို ဖန်ဆင်းပြီး သူတို့ရဲ့ စံအိမ်အဖြစ် အနေများကြတယ်။

အချို့ကလဲ မိသားစုလိုက် နေကြသလို သားမွေးခြင်းအမှုကို ပြုကြတယ်။ လူတွေလိုပဲပေါ့။ အချို့ကျတော့လဲ တစ်ကိုယ်တည်း ထီးထီးမားမားနဲ့ တရားဘာဝနာ ကျင့်ကြံအားထုတ်ကြတယ်။

ငါ့အိပ်မက်ထဲမှာ တွေ့ခဲ့ရတဲ့ ရုက္ခစိုးကြီးက တရားသမားကြီး။ သူပေးတဲ့ ဂါထာစာရွက်လေးက အိပ်မက်ထဲမှာ ပေးလိုက်ပေမယ့် တကယ်အမှန်ဖြစ်နေတာဟာ မင်းရောငါရော လက်တွေ့ပဲ။ အံ့သြဖို့ မကောင်းဘူးလား။

ရုက္ခစိုးကြီးက သူ့နာမည်ကိုတောင် ပြောပြလိုက်သေးတယ်။ လူ့ဘဝက ဦးစစ်မြိုင်တဲ့။ ငါ့အဖေနဲ့က သူငယ်ချင်းဆိုပဲ။

ငါလဲ ဒီနေ့ကစပြီး ပုတီးမှန်မှန်စိပ်တော့မယ်။ ဝါတွင်း(၃)လ ရောက်တိုင်း ဥပုသ်သီလ မလွတ်တမ်း စောင့်တော့မယ်။ မွေးနေ့တွေမှာ သက်သတ်လွတ်စားမယ်။ ဝေနေယျသတ္တဝါတွေအပေါ်မှာ စာနာစိတ်ထားပြီး ကိုယ်ကျင့်တရားကို မြဲမြဲ ထိန်းရမယ်။ ငါ ကံငါးပါးကို လုံအောင် ထိန်းတော့မယ်ကွာ'

ဟု ကိုဒွေးမောင်က ပြောသောအခါ မပုကြွယ်က...

'ကျုပ်လဲ တော့်လိုပါပဲတော်။ ဒါနနဲ့ သီလကိုတော့ လက်ကိုင်ထားပြီး တရားကိုတော့ တွေ့အောင် ရှာရမှာပဲ'



ဟု ဆိုသောအခါ ကိုဒွေးမောင်သည် မပုကြွယ်ကို သေချာစွာ စိုက်ကြည့်ပြီး...

'တရားရှာရင် မင်းဘယ်ကိုမှ သွားရှာစရာ မလိုပါဘူး။ ကိုယ့်ခန္ဓာကိုယ်ကြည့် ဖြစ်ပျက်သိ၊ ကိုယ့်ခန္ဓာကိုယ်ကြည့်ဖြစ်ပျက်သိလို့ တို့ ပုဂံပြန် ဆရာတော်ကြီးက ဟောကြားထားတဲ့ တရားကို အမှတ်ရပြီး ကျင့်ကြံအားထုတ်ရင်လဲ နိဗ္ဗာန်မရောက်သေးခင်စပ်ကြားသေသွားတောင်မှ ကောင်းတဲ့။ ဘုံတစ်ခုခုမှာ ရောက်ရမှာပေါ့ကွာ'

ဟု ကိုဒွေးမောင်က ပြောသောအခါ မပုကြွယ်က...

'တော်ကလဲ ကျုပ်ကို ဆရာ လုပ်နေပြန်ပါပြီ။ ကျုပ်လဲ နားလည်ပါတယ်။ ဖြစ်ပျက်ဆိုတာ မမြဲတဲ့ တရား၊ သင်္ခါရကို အစဉ်ပွားတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုပြီး ဝင်လေသိ ထွက်လေသိ၊ ဝင်လေထွက်လေကိုရှုမှတ်တတ်ရင်လဲရပါတယ်။

ကျုပ်က ငယ်ငယ်ကတည်းက အဖေနဲ့အမေ မိုးကုတ်တရားစခန်းမှာ တရားဝင်တိုင်း ဝေယျာဝစ္စ ပို့ပေးနေကြပါတော်။ တရားနဲ့ ကျုပ်က မစိမ်းကားပါဘူး။

တော်က ကျုပ်ကို အန္ဓပုထုဇဉ်လို့ ထင်နေတယ်။ ကျုပ်က အန္ဓပုထုဇဉ် မဟုတ်ပါဘူး ကလျာဏပုထုဇဉ်ပါ။ ကျုပ် မိုးကုတ်ဆရာတော်ကြီးရဲ့ ဝိပဿနာအလုပ်ပေး တရားစာအုပ်တွေ ဖတ်နေကျပါ။

တော်နဲ့ ကျုပ် တရားဆွေးနွေးရမယ့် အစား စကားနိုင်လုနေရတာနဲ့ အချိန်ကုန်တော့မှာပဲ။ ရုက္ခစိုးကြီး ဦးစစ်မြိုင်ရေ ကျွန်မရဲ့ခင်ပွန်း ကိုဒွေးမောင်တို့ နောက်ညတွေမှာ ဆက်လက်ပြီး အိပ်မက် ပေးလိုက်ပါဦး'

ဟု မပုကြွယ်က မတိုးမကျယ် ပြောလိုက်သောအခါ လေမတိုက်ဘဲနှင့် ညောင်ကြတ်ပင်ကြီးက လှုပ်ခါယမ်းသွားခဲ့သလို တဟီးဟီး မြည်သံများလည်း ကြားခဲ့ရသဖြင့် ညောင်ပင်ကြီး ပြိုလဲသွားမှာကို စိုးရိမ်ကြောက်ရွံ့မိသော မပုကြွယ်နှင့် ကိုဒွေးမောင်တို့ နှစ်ယောက်သည် မျက်စိကိုစုံမှိတ်၍ ရုက္ခစိုးကြီးပေးသော ဂါထာတော်ကို ပြိုင်တူရွတ်လိုက်မှ ညောင်ပင်ကြီး၏ မြည်သံလည်း ပျောက်ကွယ်သွားလေတော့သည်။

ဖြစ်ရပ်ဆန်းကြယ်သော ထိုညောင်ပင်ကြီးကို နောက်ပိုင်းတွင် ကြွေကျသော ညောင်ရွက်အမှိုက်များကို သူတို့နှစ်ယောက် နေ့စဉ် လှဲပေးရလေတော့သည်။

ဩော်... ပေတိုးကြီးတစ်ယောက် ကျွတ်လွတ်သွားခဲ့ပေပြီကိုး။ ခန္ဓာရလျှင် သင်္ခါရသည် ပြေးမလွတ်တော့ပါ။

**ရောမြေ ကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com

# အိပ်မက်ရဲ့

## ဆန်းကြယ်မှု

Top
(မန္တလေး)



ကျောင်းခန်းထဲတွင် အမှတ်တမဲ့ကြားလိုက်သောစကားကြောင့် ကျွန်မအရမ်းဝမ်းနည်းပြီး စာသင်မရအောင် ငိုကြွေးနေသောကြောင့် ကျွန်မကို ဆရာမနှင့် သူငယ်ချင်းတစ်စုက ဝိုင်း၍ချော့နေကြသည်။ ထို့နောက် ကျောင်းဆင်းချိန်တွင် ဆရာမက ကျွန်မကို ခေါ်ပြီး မငိုကြွေးရန် နှစ်သိမ့်သည်။

'သမီးရဲ့မေမေ အပြောင်းအရွှေ့ကိစ္စကြောင့် သမီး မငိုနဲ့လေ။ မေမေကရာထူးတိုးကြောင့် ပြောင်းတာ၊ သမီးငိုနေရင် သမီးအမေ ဘယ်လိုဝမ်းသာမှာလဲ။ ဒီတော့ မငိုနဲ့တော့နော်။ သမီးအခက်အခဲရှိရင် ဆရာမတို့ ရှိသေးတယ်လေ'

ထိုအခါ ကျွန်မက...

'ဆရာမ သမီး အမှန်က မနေ့ညကတည်းက အမေ သမီးတို့နဲ့ အဝေးတစ်နေရာသွားရမယ်ဆိုတာ သိနေတာပါ။ ဘာအကြောင်းကြောင့် သွားရမလဲ မသိပေမယ့် သမီး ညကတည်းက သိနေပါတယ်'

ဆရာမက...

'ဟင် အပြောင်းအရွှေ့က မနက်ကမှထွက်တာ၊ သမီးက ဘယ်လိုသိလဲ၊ ဆရာမကို ပြောပါဦး'

ထိုအခါ ကျွန်မက...

'ဒီလိုပါ ဆရာမ၊ သမီး မနေ့ညက အိပ်တော့ အိပ်မက်တစ်ခုကို ထူးထူးဆန်းဆန်း မက်တယ်။ မနက်နိုးတော့ စိတ်ထဲ တထင့်ထင့်နဲ့ စိတ်တွေ အရမ်းလေးနေတယ်။ ဒါနဲ့ ကျောင်းလာတော့ ဆရာမပြောတာပဲ။ သမီး အမေနဲ့ မခွဲနိုင်ဘူး'

ဆိုပြီး ငိုနေပြန်လေသည်။ ဆရာမက ချော့ပြီး ကျွန်မကို...

'ဟင် သမီးက ဘယ်လိုအိပ်မက်မျိုး မက်တာလဲ၊ ဆရာမကို ပြောပြပါဦး'

'ဟုတ်ကဲ့'

ဟု ဆိုကာ ကျွန်မ၏ အိပ်မက်ဆန်းလေးအား နိဒါန်းပျိုးလိုက်တော့သည်။

*　*　*

ဆောင်းတွင်းည၏ ချမ်းအေးမှုကြောင့် စာကျက်ပြီး ကျွန်မ စောင်ပုံပုံ နွေးနွေးလေးပေါ်မှာ ဝင်အိပ်မိသည်။ အိပ်ပျော်သွားပြီး ခဏကြာသော် အိပ်မက်တစ်ခု မက်ခဲ့သည်။

ကျွန်မတို့မှာ မိသားစုလေးယောက်ရှိသည်။ ဖေဖေက စစ်မှုထမ်း၊ မေမေက ဆရာမ၊ ကျွန်မနှင့် အစ်ကိုတစ်ယောက် ရှိလေသည်။ အိပ်မက်ထဲတွင် အိမ်အနီးမှာရှိသော အများသုံးတယ်လီဖုန်းဆိုင်မှ အိမ်သို့ ဖုန်းလာကြောင်း ပြောသည်။

အိမ်တွင်ရှိသော ကျွန်မ ဖုန်းသွားပြောရာတွင် ဝမ်းနည်းစရာသတင်းတစ်ခု ရခဲ့သည်။ ထိုသတင်းမှာ ကျွန်မမိခင်၏အမေ ကျွန်မအဘွား ဆုံးသွားကြောင်း အဒေါ်က အသိပေးခြင်းဖြစ်သည်။

ထို့နောက် မနက်ဖြန် အသုဘချရန် လာခဲ့ဖို့ ပြောခြင်းဖြစ်သည်။ ထိုသို့ ပြောပြီး ဖုန်းချသွားလေသည်။

ညနေ ကျောင်းမှပြန်လာသော ကျွန်မမိခင်ကို ထိုသတင်းပြောပြရန် ကျွန်မ မရဲပေ။ သို့သော် မပြောမဖြစ်သတင်းမို့ ည မိသားစုထမင်းဝိုင်းမှာတော့ မိဘများကို အသိပေးလိုက်တော့သည်။

ထိုအခါ ကျွန်မတို့ တစ်မိသားစုလုံး အလွန် ဝမ်းနည်းကာ ငိုကြွေးနေကြလေသည်။ ထို့နောက် ကျွန်မတို့ မောင်နှမနှင့်အတူ အဘွား အသုဘချရန် နံနက်အစောကြီး ထွက်ခွာလာကြသည်။

နံနက်အစောကြီးမှ စတင် မောင်းနှင်လာသော လိုင်းကားသည် နံနက် (၉)နာရီလောက်တွင် မိခင်၏ မွေးရပ်မြေသို့ ကျွန်မတို့ မိသားစုသုံးယောက်ကို ပို့ဆောင်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မတို့လာသော အသံကို ကြားသောအခါ မေမေ၏ ဆွေမျိုးသားချင်းများက ကျွန်မတို့ကို ခရီးဦးကြိုကြသည်။ ထို့နောက် ကျွန်မမိခင်မှာ အဘွား လဲလျောင်း အနားယူနေသော ခုတင်ဆီပြေးကာ အဘွားကိုဖက်ရင်း ငိုကြွေးလေသည်။ ကျွန်မတို့ မောင်နှမ မှာလည်း အဘွား၏ ခုတင်ဘေးတွင် မိခင်နှင့်အတူဝမ်းနည်းပူဆွေးနေမိသည်။

ထိုအချိန်တွင် ကျွန်မအဘွား၏ ရုပ်အလောင်းဘေးတွင် ငိုသံများ သောသောညံနေလေသည်။ ကျွန်မ၏ အဘိုးမှာ အဘွားဘေးတွင်ထိုင်ကာ တရားမှတ်နေလေသည်။ ထို့နောက် မေမေနှင့် အခြားဆွေမျိုးများ၊ သားသမီးများကို ဝမ်းမနည်းကြရန် တရားပြ နှစ်သိမ့်ပေးလေသည်။

ထို့နောက် နေ့လယ်ထမင်းစားချိန်တွင် ကျွန်မတို့ ကိုးကွယ်ပူဇော်ကြသော ရွာဦးကျောင်းမှ ဘုန်းကြီး(၅)ပါးတို့က နေအိမ်သို့ ကြွရောက်လာပြီး တရားတော်များ ဟောကြားပေးသည်။ ထိုသို့ တရားများ ဟောပြီးသောအခါတွင် ရွာအနောက်ဘက်ရှိ သုသာန်လေး၏ ဇရပ်ရှိရာသို့ အဘွား၏ ရုပ်အလောင်းကို ဘုန်းကြီးများ၊ ကျွန်မတို့ မိသားစုများ၊ ဆွေမျိုးသင်္ဂဟများက လိုက်ပါပို့ဆောင်ပေးလေသည်။ ထို့နောက် အဘွား၏ သေဆုံးသွားသော ခန္ဓာကိုယ်ကြီးအား မြေကြီးအတွင်းသို့မြှုပ်ရန် ရွာသားအချို့မှ တွင်းတူးကြလေသည်။

ထို့နောက် အဘွား၏ ခန္ဓာကိုယ်ကြီးအား မြေကြီးတွင်း၌ မြှုပ်ရန် စတင် ချလိုက်ကြသည်။ နောက်ဆုံးအနေဖြင့် အဘွား၏ ခန္ဓာကိုယ်ကြီးအား ကျွန်မမိခင်နှင့် အဒေါ်များ၊ ဦးလေးများက ဖက်ကာ ငိုကြွေးကြ



သေးသည်။ ထို့နောက် မြေစိုင်မြေခဲများနှင့် အဘွားအခေါင်းအား ဖုံးပိတ်ရန် စတင်၍ ပစ်ချကြသည်။

ထိုသို့ ပစ်ချနေစဉ် မိခင်ကို ချစ်မြတ်နိုးလွန်းသောစိတ်၊ ဝမ်းနည်းသောစိတ်တို့နှင့် နှလုံးရောဂါအခံရှိသော ကျွန်မမိခင်မှာ ရှေ့စကားအရပြောလျှင် အမောဖောက်၊ ရင်ကွဲနာကျကာ ထိုနေရာ၌ပင် ကွယ်လွန်သွားလေသည်။

ထိုအခါ မြန်မာတို့၏ အယူအဆတစ်ရပ်ကြောင့် အိမ်သို့ ပြန်ခေါ်ခွင့်မရှိသဖြင့် ကျွန်မမိခင်ကို အဒေါ်များနှင့် ဆွေမျိုးများက အဘွားနှင့် တစ်ပါတည်း မြှုပ်နှံပေးလိုက်သည်။

ထိုကဲ့သို့ မိခင်ဆုံးသွားသောအခါ ကျွန်မတို့ မောင်နှမနှစ်ယောက်မှာ အံ့သြထိတ်လန့်ခြင်းများစွာဖြင့် တက်မတတ် ငိုကြွေးကြရသည်။

ထိုသို့ အိပ်မက်ထဲ သည်းထန်စွာ ငိုကြွေးသလို အပြင်မှာလည်း. အိပ်နေရင်း ကျွန်မ မျက်ရည်များ စို့ရွှဲနေသည်။ ကျွန်မ အိပ်မက်ဆိုးကြီးမက်ပြီး လန့်နိုးသောအခါတွင် ထူးထူးဆန်းဆန်း မျက်ရည်များ စို့ရွှဲနေသောကြောင့် အပြင်မှာ တကယ်များဖြစ်နေသလားဟု မေမေတို့ ခုတင်ထံ ပြေးကြည့်ရသေးသည်။ ပြီးမှ သက်ပြင်းချကာ နံနက်ကျလျှင် တစ်ခုခုဖြစ်တော့မှာဟု တွေးထင်ကာ ကျွန်မ ဝမ်းနည်းနေမိသည်။

ထို့နောက် စိတ်ထဲ တထင့်ထင့်နှင့် တစ်ခုခုဖြစ်မှာကြောက်ကာ စိတ်နှင့်ကိုယ်နှင့် မကပ်ဘဲ အတန်းထဲတွင် အမှားမှားအယွင်းယွင်း ဖြစ်နေခဲ့သည်။ ထို့နောက် ဆရာမ အသိပေးသော ကျွန်မမိခင် ရာထူးတိုးနှင့် အပြောင်းအရွှေ့ကိစ္စ ကြားသောအခါ ကျွန်မ ပြောမပြတတ်အောင် ဝမ်းနည်းသွားရသည်။

ထို့ကြောင့် ဘယ်သူမှ မသိသေးပေမယ့် ညကမက်သော အိပ်မက်ဆိုးကြောင့် ကျွန်မမိခင် ကျွန်မနှင့် အဝေးတစ်နေရာ ထွက်သွားရမှာကို ကြိုသိနေခြင်းဖြစ်သည်ဟု ဆရာမအား ပြောပြရာ ဆရာမက အံ့သြခြင်းများစွာနှင့် ရယ်မောပြီး...

'သမီး ဒီအိပ်မက်က ထူးဆန်းတယ်နော်။ သမီးအတွက် ကြိုသိစေ... အတွက် ကြိုတင် ပြင်ဆင်နိုင်တာ... ဘာမှ ဝမ်းမနည်းနဲ့၊ သမီးအမေ... ရာထူးတိုးနဲ့ ခဏလေး သမီးတို့... ခွဲသွားရမှာ။ သမီးက အမေ့အတွက် ဂုဏ်ယူစမ်းပါ'

ဟု နှစ်သိမ့်အားပေးရင်း ကျွန်မ... စကားများစွာ ပြောကြလေသည်။ ... နောက်မှ ကျွန်မ ပျော်ရွှင်ခြင်းများစွာ... အခန်းထဲသို့ ပြန်လာလေတော့သည်။

**စာကြွင်း။ ။ ထိုအိပ်မက်ကို ကျွန်မ... အလယ်တန်း ကျောင်းသူဘဝတွင်... မက်ခဲ့လေသည်။ ထိုအိပ်မက်မက်ပြီး... နံနက်တွင် တိုက်ဆိုင်လွန်းစွာ ကျွန်မ... မိခင် ဆရာမ အပြောင်းအရွှေ့... သည်။ ထို့ကြောင့် ထိုအိပ်မက်... ပရိသတ်ကြီးကို တင်ပြခြင်း... သည်။**

Top (မန္တလေး)

www.burmeseclassic.com

# ကျောက်လက်ဝါး

ဝယ်ဖူးသူ

နတ်မောက် ဂျမြင့်သစ်



ကျောက်လက်ဝါးနှင့် ပတ်သက်ပြီး ဝတ္ထု၊ ဆောင်းပါး၊ အထွေထွေဗဟုသုတ အနေဖြင့် မဂ္ဂဇင်းတော်တော်များများကို ဖတ်ဖူးခဲ့ပါသည်။ ဓာတ်ပုံများနှင့်တကွ မြင်တွေ့ခဲ့ရသည်များ ရှိခဲ့ပါသည်။

တစ်ခါက ကျောက်ပြားကြီးတစ်ပြားပေါ်တွင် လက်ဝါးပုံ ထွင်းထုနေသော ကျောက်ဆစ် ပန်းပုဆရာတစ်ဦးကို ကလေးငယ်တစ်ယောက်က...

'ဦးဦး ဒီကျောက်ပြားကြီးထဲမှာ အခုလို လက်ဝါးကြီးရှိနေတာ ဘယ်လိုလုပ်သိသလဲ'

ဟု မေးသံကြားရပြီး ရယ်မောခဲ့ရဖူးသေးသည်။ ထားပါတော့။

ကျောက်လက်ဝါးနှင့် ပတ်သက်ပြီး အသေ,အရှင် အရောင်းအဝယ်ကိစ္စတော်တော်များများလည်း ပြောသံကြားခဲ့ဖူးပါသည်။

သို့သော် ကျောက်လက်ဝါးရောင်းသူရော၊ ဝယ်ဖူးသူရော ယနေ့အထိ မတွေ့ခဲ့ဖူးသေးပါ။ တွေ့မယ့်တွေ့တော့ အနီးဆုံးမှာ လာတွေ့ရသည်။ ထိုသူက...

ထိုသူမှာ ကျွန်တော်၏မိတ်ဆွေရင်းဖြစ်သော ဦးတာတီး(ခေါ်) ဦးမြင့်စိုးပင် ဖြစ်ပါသည်။ ဦးမြင့်စိုးမှာ **နတ်မောက်မြို့၊ ဈေးရပ်ကွက်တွင်** နေထိုင်ပြီး အရောင်းအဝယ်လုပ်ကိုင်သော သူဌေး





www.burmeseclassic.com

www.burmeseclassic.com



ဈေးသည်တစ်ဦး ဖြစ်ပါသည်။

၂၂-၉-၂၀၀၉ နေ့တွင် ဦးမြင့်စိုး၊ ကျွန်တော် စာရေးသူနှင့် ရွှေနေကြီး ဦးတူးတို့ လက်ဖက်ရည်ဆိုင်တွင် ဆုံကြရာ ဘောလုံးပွဲအကြောင်းနှင့် အခြားထွေရာလေးပါးအစုံ စကားစပ်မိ ပြောဆိုရင်း ကျောက်လက်ဝါးအကြောင်း စကားစပ်မိသွားပါသည်။

ကျွန်တော်မှ ဖတ်မှတ်လေ့လာဖူးသော ကျောက်လက်ဝါးနှင့် ပတ်သက်ပြီး သိသမျှ ဗဟုသုတများကို ဆရာကြီး ဟန်ပန်နှင့် အိတ်သွန်ဖာမှောက်ဆိုသလို ပြောဆိုဆွေးနွေးမိသည်။

'ဒီလိုရှိတယ် ကိုမြင့်စိုးရေ ကျောက်လက်ဝါးမှာ အသေ,အရှင်ဆိုပြီး နှစ်မျိုးရှိတယ်ဗျ။ အရှင်မှာ ဂမ္ဘီရအစောင့်ရှိပြီး အသေမှာ သာအစောင့်မှ မရှိဘူး။

ကျောက်လက်ဝါးအရှင်မှာ ထူးခြားဆန်းပြားတဲ့ ဂမ္ဘီရအစောင့်တွေ ရှိသလို အစွမ်းသတ္တိများစွာလဲ ရှိတယ်။ အသေကတော့ သာမန်ကျောက်ပြားတစ်ပြားပါပဲ'

'ဒါဆိုရင် ကျောက်လက်ဝါးအသေလား၊ အရှင်လား ဘယ်လိုခွဲမလဲ ကိုလှမြင့်သစ်'

ဟု ကိုမြင့်စိုးက အမေးရှိလာပါသည်။

'အမေးရှိတော့လဲ အဖြေရှိရတာပေါ့ဗျာ။ ကျောက်လက်ဝါး အရှင်လား၊ အသေလား သိချင်ရင် ထမင်းအိုးနပ်တဲ့အခါ ထမင်းအိုးအဖုံးပေါ် တင်ထားကြည့်လိုက်။ ထမင်းအိုးအဖုံးက ပူတဲ့အခါ ကျောက်လက်ဝါးက အောက်ကို သူ့ဘာသာ ခုန်ချတယ်ဗျ။ အဲဒါ အရှင်ပဲ'

'ဒီထက်လွယ်တဲ့နည်း ခင်ဗျားမသိဘူးလား။ ဒီစားပွဲပေါ်မှာတင် စမ်းသပ်လို့ရတယ်။ ကျောက်လက်ဝါးပေါ်ကို ဟောဒီလို ဆေးလိပ်မီး၊ ဆေးလိပ်ပြာ ခါချလိုက်။

ကျောက်လက်ဝါးအရှင်ဆိုရင် ဆေးလိပ်မီး၊ ဆေးလိပ်ပြာကို ခုန်ပြီး ရှောင်တယ်၊ သူ့ဘာသာ ပြာကို ခါချတယ်။ ကဲ ရှင်းပလား'

'ရှင်းပါပြီဗျာ။ ခင်ဗျားနည်းစနစ်က ပိုပြီး လွယ်တာပေါ့။ ဒါနဲ့ ကိုမြင့်စိုး ကျောက်လက်ဝါးကို လက်တွေ့ မြင်ဖူး၊ ထိတွေ့ကိုင်တွယ်ဖူးသလားဗျ'

စာရေးသူ ကျွန်တော်မှ ဦးမြင့်စိုးကို အကဲခတ်မေးလိုက်မိသည်။ ဦးမြင့်စိုးက ပြုံးနေသည်။ ရွှေနေကြီးဦးတူးမှာ ကျွန်တော်နှင့်ဦးမြင့်စိုး အကြိတ်အနယ် ဆွေးနွေးပြောဆိုနေသည်ကို စိတ်မဝင်စားဘဲ ဆေးလိပ်ဖွာ၍ လက်ဖက်ရည်ကို ကျိုက်နေသည်။ အတန်ကြာမှ ကိုမြင့်စိုးက...

'မြင်ဖူး၊ ကိုင်တွယ်ဖူးရုံ မကဘူး။ ကိုယ်တိုင်သွားပြီး ဝယ်ခဲ့ဖူးပါတယ်ဗျာ'

'ဟာ တကယ်လား ကိုမြင့်စိုး'

ကျွန်တော်က အံ့သြစွာဖြင့် မယုံသလို မေးလိုက်မိပါသည်။

'တကယ်ပါဗျာ၊ ဒီကိစ္စမျိုးက လိမ်ပြောရမယ့်အကြောင်းအရာမှ မဟုတ်ဘဲ။ တကယ်ကို ဝယ်ခဲ့ဖူးပါတယ်'

"ရွှေ ဟန်ပြီဟ"ဟု ကျွန်တော့်စိတ်ထဲမှာ ကျိတ်၍ ဝမ်းသာသွားမိသည်။

'ဒါဆိုရင် ကိုမြင့်စိုးက လက်တွေ့ အတွေ့အကြုံရှိခဲ့သူ ကိုယ်တွေ့သမား ဗျ။ ဘယ်တုန်းက၊ ဘယ်နေရာ ဘယ်သူ့ဆီက ဝယ်ခဲ့တယ်။ ဘယ် တွေ့ကြုံခဲ့ရတယ်ဆိုတာ ပြောပြ ပါဗျာ။ ကျွန်တော် စာရေးချင်လို့ပါ'

'ကိုယ့်လူရေးချင် ရေးပေါ့။ တကယ် ဝယ်ခဲ့ဖူးတာပါ။ ကျွန်တော့်သူငယ်ချင်း ကိုကြည်ဆွေနဲ့အတူ တကူးတက သွား ပြီး ဝယ်ခဲ့တာပါ'

ဟု ဆိုကာ ကိုမြင့်စိုးက ကျောက် လက်ဝါးဝယ်ခဲ့သည့် အတွေ့အကြုံ အောက်ပါအတိုင်း ပြောပြပါလေသည်။

* * *

'လွန်ခဲ့တဲ့ (၂၅)နှစ်လောက်က ဗျာ။ အဲဒီတုန်းက ကျွန်တော့်အသက် ဟာ (၂၄)နှစ်အရွယ်ပေါ့။ ချိုးအမြ မိုးကြိုးသွား။ ကျောက်လက်ဝါး ဂမ္ဘီရပစ္စည်းဆန်းတွေကို ကျွန် အလွန်စိတ်ဝင်စားနေခဲ့တဲ့ အချိန် ကျွန်တော်နဲ့ ဝါသနာတူ သူငယ်ချင်း ကိုကြည်ဆွေကလဲ အလွန်စိတ်ဝင် တက်ကြွနေခဲ့တယ်။

ဘယ်မှာ ချိုးအမြတေရှိတယ် သွားလိုက် လက်တွေ့စမ်းသပ် ဘယ်သူ့ဆီမှာ မြွေမိုးကြိုး



www.burmeseclassic.com

www.burmeseclassic.com

တယ်ဆိုရင် သွားလိုက် စမ်းသပ်ကြည့်လိုက်နဲ့ လက်တွေ့မှာ ခရီးပန်း၊ လူပန်းတာပဲ ရှိတယ်။ ကျွန်တော်နဲ့ ကိုကြည်ဆွေ စိတ်တိုင်းကျ ရှာကြေနပ်မှု မရခဲ့ပါဘူး။ မဝယ်ဖြစ်ဘူးပေါ့ဗျာ။

ဒီလိုနဲ့ တစ်နေ့မှာ စိုင်ကောင်းနယ်ဘက်က သတင်းထူးတစ်ခု ရတယ်။ "စိုင်ကောင်းရွာရဲ့ အရှေ့ဘက် မြင်းတဲကြီးရွာ မှန်ခြေရင်းတောင်ပေါ်က ခင်ကြီးရဟန်းတစ်ပါးမှာ ကျောက် လက်ဝါးရှိတယ်။ ကျောက်လက်ဝါး အရှင်တဲ့။ ကြိုက်သလို စမ်းသပ်ကြည့်နိုင်တယ်။ ရောင်းမယ်၊ မရောင်းဘူးတော့ မပြောနိုင်ဘူး"တဲ့။

အဲလို သတင်းစကားရတော့ ကျွန်တော်လဲ ချက်ချင်းကို ထသွားချင်တာပဲ။ သူငယ်ချင်းကိုကြည်ဆွေက ခရီးထွက်နေတော့ စောင့်နေရတယ်။

သတင်းစကားရပြီး တစ်လလောက်ရှိမှပဲ သွားဖြစ်ခဲ့တယ်ဗျ။ **နတ်မောက်ကနေ မိုင်သုံးဆယ်လောက်ဝေးတဲ့ စိုင်ကောင်းကို ကားစီး၊ စိုင်ကောင်းကနေ (၇)မိုင်လောက်ဝေးတဲ့ မြင်းတဲကြီးရွာကို ခြေကျင်လမ်းလျှောက်၊ မြင်းတဲကြီးမှာ တစ်ညအိပ်တည်းခိုနားပြီးမှ နောက်တစ်နေ့မှာ မြင်းတဲကြီးအရှေ့ဘက် သုံးမိုင်လောက်ဝေးတဲ့ မှန်ခြေရင်းတောင်ကို လှည်းနဲ့ သွားခဲ့တယ်။**

မှန်ခြေရင်းတောင်က တော်တော်မြင့်တယ်ဗျ။ ပေလေး,ငါးရာလောက် မြင့်မယ်ထင်တာပဲ။ တောင်ပေါ်မှာ ခင်ကြီးရဟန်းတစ်ပါးတည်း ကေစာရီကျင့်နေတာဗျ။ ရဟန်းတော့ ရဟန်းပဲ။ ဆရာတော်က ဖိုထိုး၊ အင်္ဂရတ်၊ ဂမ္ဘီရဘက်လိုက်စားတော့ ခင်ကြီးရဟန်းနဲ့ နာမည်တွင်နေတယ်ဆိုတာ သိရတယ်။

ကပ္ပိယကာရကတစ်ယောက် ရှိပြီး



တောင်ခြေမှာ နေရတာ။ သူ့ကျောင်းမှာ အတူအနေမခံဘူး။ သူလိုမှ၊ ခေါ်မှ တောင်ပေါ်တက်ရတယ်။ တောင်ပေါ်ကနေ လှမ်းပြီး အော်ခေါ်တာ မဟုတ်ဘူး။ ခင်ကြီးရဟန်းက အလိုရှိရင် အဲဒီကပ္ပိယကြီးက သူ့အလိုလို သိရတာပဲလို့ ပြောတယ်ဗျ။ ထားပါတော့ဗျာ။

တောင်ပေါ် ခင်ကြီးရဟန်းဆီရောက်တော့ ကျောက်လက်ဝါးကို စိတ်ဝင်စားလို့ပါ၊ ကြည့်ပါရစေလို့ ခွင့်တောင်းလျှောက်တော့ အလွယ်တကူပဲ ဘုရားစင်ရှေ့ ကလပ်ပေါ်မှာ တင်ထားတဲ့ ကျောက်လက်ဝါးကို ပြပါတယ်။

ခင်ကြီးရဟန်းက သူ့လက်ထဲမှာပဲ ကိုင်ပြတယ်။ ကျွန်တော်တို့ကို ပေးမကိုင်ဘူးဗျ။ ကိုင်ကြည့်ပါရစေဘုရား။ တစ်ခါမှ မတွေ့ဖူးဘူး မကိုင်ဖူးဘူးလို့ပါဘုရားနဲ့ တောင်းပန်လျှောက်ထားမှ "ကိုင်ခွင့်၊ ကြည့်ခွင့်ပြုတယ်"နဲ့ မိန့်ပြီး ကျွန်တော့်လက်ထဲ ထည့်ပေးတယ်။

ထိတွေ့ကိုင်တွယ်ကြည့်တော့ ထူးခြားပါတယ်။ တကယ့်သက်ရှိလူတစ်ယောက်လက်ကို ကိုင်ရသလိုပဲ၊ နူးညံ့စိုပြည်နေတယ်။ လက်ချောင်း၊ လက်သည်းတွေလဲ ထင်ရှားနေတယ်။ ကျွန်တော်လဲ ရောက်မိမှတော့ မထူးပါဘူး။ သိချင်တာ မေးလျှောက်မယ်လို့ ဆုံးဖြတ်ပြီး...

'အရှင်ဘုရား ဒီကျောက်လက်ဝါးဟာ အရှင်လား, အသေလားဘုရား၊ ဘာတွေ စွမ်းပါသလဲဘုရား'

နဲ့ မေးလျှောက်တော့...

'ကျောက်လက်ဝါးအစစ် အရှင်ပါ။ စွမ်းတာကတော့ ဦးပဉ္စင်းကို လိုသလို စောင့်ရှောက် အကူအညီပေးပါတယ်။ "ဟော့ကောင် ဟောဟိုက ရေနွေးကရားကို မှောက်လိုက်စမ်းကွာ"နဲ့ မိန့်လိုက်တယ်ဆိုရင်ပဲ တစ်မုဟုတ်ချင်းမှာ ရေနွေးကရားဟာ ဂွမ်းခနဲ မှောက်သွားတယ်။

ကျောင်းအပြင်မှာ ပိုးမွှားရန်သူတွေ ရှိနေသလား ကျောင်းထရံကို လိုက်ပုတ်၊ ခြောက်လှန့်စမ်းနဲ့ဆိုတော့ ကျောင်းထရံတွေကို တဗုန်းဗုန်းနဲ့ လိုက်ပုတ်တော့တာပဲ။

ကျွန်တော်နဲ့ ကိုကြည်ဆွေတို့နှစ်ယောက်လုံး မျက်လုံးကျွတ်ထွက်မတတ် လိုချင်ရမ္မက်တွေနဲ့ ကျောက်လက်ဝါးကို ကြည့်နေမိရတယ်။ မရအရ ဝယ်မယ်လို့လဲ ဆုံးဖြတ်လိုက်ကြတယ်။

ဒါနဲ့ပဲ နောက်ဆုံးမှာ ခင်ကြီးရဟန်းဆီ ကျောက်လက်ဝါးကို ရောင်းပါ။ တပည့်တော်တို့ လိုချင်လွန်းလို့ပါနဲ့ လျှောက်တော့...

'ပယ်ချင်ပါမှ အရင်သုံးကြိမ် ရောင်းခဲ့ပြီ၊ ဘုန်းကြီးဆီပဲ ပြန်လာပါတယ်'

လို့ မိန့်တယ်ဗျ။ အဲလိုမိန့်လေ ကျောက်လက်ဝါးကို ယူချင်၊ ပိုင်ချင်



www.burmeseclassic.com

www.burmeseclassic.com

ချင်လေပဲ။

'ဘယ်လိုပဲဖြစ်ဖြစ် တပည့်တော်တို့ကို ရောင်းပါဘုရား၊ အရှင်ဘုရားဆီ ပြန်မရောက်စေရပါဘူး'

ဆိုပြီး ကိုကြည်ဆွေနဲ့ ကျွန်တော် ဇွတ်အတင်း လျှောက်ထားပြီး အဲဒီ အချိန်ကာလ ငွေကြေးငါးသောင်းကျပ်နဲ့ ကပ္ပိယကြီးဆီ ပိုက်ဆံပေးချေပြီး ဝယ်ခဲ့တယ်။

ကပ္ပိယကြီးက ပြောသေးတယ်။

'ဆရာလေးတို့ သေသေချာချာ လုံလုံခြုံခြုံ ထုပ်ပိုး ထည့်သွားနော်၊ မနက်ဖြန် ကျုပ်တို့ဆီ ပြန်ရောက်နေဦးမယ်၊ ကျုပ်ကတော့ ခင်ဗျားတို့ပေးခဲ့တဲ့ ပိုက်ဆံ သုံးရတော့မှာပဲ'

လို့ ပြောတယ်ဗျ။

'သုံးပါဗျာ၊ ကျွန်တော်တို့ပိုက်ဆံ မဟုတ်တော့ပါဘူး။ ဘ,တို့ပိုက်ဆံ ဖြစ်သွားပါပြီ။ ကျွန်တော်တို့လိုချင်တဲ့ ကျောက်လက်ဝါးလဲ ရပြီပဲ'

လို့ ပြောခဲ့ပြီး ကျွန်တော်နဲ့ ကိုကြည်ဆွေတို့ တောင်ပေါ်ကနေ ဆင်းခဲ့၊ ပြန်ခဲ့ကြတယ်။

မြင်းတဲကြီးရွာမှာ နောက်တစ်ည အိပ်နားပြီး မနက်လင်းတော့ စိုင်ကောင်းရွာကနေ ကားစီးပြီး နတ်မောက်ကို ပြန်ခဲ့ကြတယ်၊ နတ်မောက်မရောက်ခင် "လေးအိမ်ရွာ" ထမင်းဆိုင်မှာ ကားရပ်နားတယ်။ ခရီးသည်တွေ လေးအိမ်ရွာထမင်းဆိုင်မှာ ထမင်းစားကြပေါ့ဗျာ။

ကျွန်တော်နဲ့ ကိုကြည်ဆွေလဲ လေးအိမ်ရွာ ထမင်းဆိုင်မှာ ထမင်းစားပြီး ကျောက်လက်ဝါးကို အိတ်ထဲကနေ ထုတ်၊ သတင်းစာစက္ကူ ပလတ်စတစ်အိတ် အထပ်ထပ် ပတ်ချည်ထားတာကို ဖြေပြီးကြည့်လိုက်တော့ နှစ်ယောက်သား ဟာခနဲ ဖြစ်သွားရတယ်။

ကျောက်လက်ဝါး မရှိတော့ဘူးဗျ။



ငွေငါးသောင်းတောင် ပေးဝယ်လာတဲ့ ကျောက်လက်ဝါး မရှိတော့ဘူးဆိုတော့ ကျွန်တော်နဲ့ကိုကြည်ဆွေ နှစ်ယောက်လုံး မျက်လုံးပြူးမျက်ဆန်ပြူးနဲ့ ချွေးသီးချွေးပေါက်တွေ ထွက်လာတာပဲဗျာ။ ကပ္ပိယကြီးပြောသလို သူတို့ဆီ ပြန်ရောက်နေတာ ဖြစ်ပါစေလို့ပဲ တတွတ်တွတ် ပြောနေမိရတယ်။

ဒါနဲ့ ကျွန်တော်တို့ နတ်မောက်ကို ဆက်မလိုက်တော့ဘဲ စိုင်ကောင်းရွာ ဘက်ပြန်တဲ့ ကားကြုံစီးပြီး မြင်းတဲကြီးကို ပြန်သွားခဲ့တယ်။ မြင်းတဲကြီးမှာ တစ်ညအိပ်ပြီး နောက်နေ့မနက် မှန်ခြေရင်းတောင်ပေါ်သွားတော့ အံ့လဲအံ့သြ ဝမ်းလဲသာသွားရတယ်။

တကယ်ပဲ ကျောက်လက်ဝါးဟာ မှန်ခြေရင်းတောင်ပေါ်ကျောင်းက ဘုရားစင်အောက် ကလပ်ပေါ်မှာ ပြန်ရောက်နေတာ တွေ့မြင်ရတယ်ဗျာ။ ကပ္ပိယကြီးက ကျွန်တော်နဲ့ကိုကြည်ဆွေကို ကြည့်ပြီး ရယ်နေတယ်။

'ဆရာလေးတို့ကို ကျုပ်ပြောသားပဲ၊ ဒီကျောက်လက်ဝါးဟာ ကျုပ်တို့ဆီ ပြန်လာမှာပါဆိုတာ'

လို့ ပြောပြီး တဟားဟား ရယ်နေတော့တယ်။

'ကဲပါ ကပ္ပိယကြီးရယ်၊ ခင်ဗျားပြောသလို ကျောက်လက်ဝါးလဲ ခင်ဗျားတို့ဆီ ပြန်ရောက်နေပြီပဲ။ ကျုပ်တို့ကို ငွေငါးသောင်း ပြန်ပေးပါ။ ကျုပ်တို့နှစ်ယောက် စပ်တူဝယ်တာပါ။ ငွေ... သောင်းဟာ အလွန်မလွယ်တဲ့ ငွေ... ကြေးပါ'

နဲ့ ကိုကြည်ဆွေက ပြောတော့ ကပ္ပိယကြီးက...

'ကျုပ် အစကတည်းက ပြောပြီးသားပဲ။ ဒီငွေတွေကို သုံးပစ်မှာ... တာ၊ ခင်ဗျားတို့ပဲ သုံးပါ၊ သုံး... အဘငွေဖြစ်သွားပါပြီ ကျွန်တော်တို့... မဟုတ်တော့ပါဘူး။ ကျွန်တော်တို့... ချင်တဲ့ ကျောက်လက်ဝါးလဲ ရပြီပဲ... ပြောခဲ့တာလေ။ ဒီတော့ ကျုပ်... သုံးပစ်ပြီပေါ့ဗျာ ဟား ဟား ဟား... ဟား'

နဲ့ ရယ်နေတော့တာပဲ။ ကျု... ကိုကြည်ဆွေလဲ ဘာဆက်ပြော... ဘာလုပ်ရမှန်း မသိတော့ဘူး။ မျက်... ယ်နေရတာပေါ့။ တော်တော်... ကြာမှ ကပ္ပိယကြီးက...

'မောင်ရင်လေးတို့ နောက်နောင်ကို... ထား။ ဒီပစ္စည်းမျိုးဆိုတာ ထိုက်တ... ပါရမီရှင်ဆီမှာမှ နေတာ၊ ပိုင်ဆိုင်ရ... မယုံးတတ်၊ မကိုင်တတ်ရင်လဲ အလ... အကျိုးမဲ့ ပျောက်ပျက်ပျက်စီးသွားတ... တယ်။

အခုလို ရောင်းတယ်၊ ဝယ်တယ်ဆို... မှုလုပ်ရှင်က အမိန့်ပေး၊ အမိန့်... တယ်။ "မင်း ငါနဲ့ မသက်ဆိုင်တော့... ငါဟာ မင်းသခင် မဟုတ်တော့ဘူး... ကစပြီး မင်းကို (...)သူ့လက်ထဲ အပ်လို... သူဟာ မင်းရဲ့ သခင်အသစ်ပဲ" ဆိုပြီး... ကမ်း ကူးပြောင်း ထည့်ပေးရတယ်။

ပိုင်ရှင်အသစ်က လက်ထဲရောက်ပြီ... ငါဟာ မင်းရဲ့သခင်အသစ်ပဲလို့ ကြေ... အမိန့်ပေး ခိုင်းကြည့်ရတယ်။ ခိုင်းတဲ့... လုပ်ပြီဆိုမှ ငွေပေးချေရတယ်။

အဲလိုဝယ်လို ရခဲ့ပြီဆိုရင်ပဲ တ...





www.burmeseclassic.com

www.burmeseclassic.com



ရွှေတောင်မြေ
မောင်ကြည်သိန်း

# ခြေရာတစ်တောင် ကိုသာမောင်နှင့် ဝရုလောကသားများ

စာရေးသူ လေးဆူဓာတ်ပျော် ရွှေဆံတော်ဘုရားကြီးရှိရာ "ပြည်"မြို့ ရောက်စဉ်က ဘုရားကြီးရင်ပြင်တော်မှာ ရေးထားသည့် "ခြေရာတစ်တောင် မောင်မဲခေါင်" ဆိုသည့် ဒကာတစ်ဦး တည်ထားသည့်ဘုရား ဖူးဖြစ်ခဲ့ပါသည်။

စေတီရင်ပြင်ထက်မှ ဟိုးအဝေး အနောက်ဘက်ကမ်း လှမ်းမျှော်ကြည့်လိုက်လျှင် **"တန့်ကြည့်တောင်ဘုရား"**၊ **"ရွှေဘုံသာ,ငွေဘုံသာဘုရား"** **"ဖိုးဦးတောင် ဘုရား"** များကို ဖူးမြော်ရင်း တသွင်သွင် စီးဆင်းနေသည့် ဧရာဝတီမြစ်ကြီးထက် လှေငယ်လေးများ၊ မော်တော်များကို မြင်ရတော့ မွေးရပ်မြေ "တရုပ်မှော်" ရွာလေးကို ပြေးပြီး သတိရမိသည်။

ဧရာဝတီမြစ်ကြီးကနေ စုန်မျောလိုက်ရင် (၅)နာရီသာသာဆို ရွာရောက်နိုင်ပါသည်။

တစ်နေ့ စာရေးသူရဲ့ရုံး(ရ.ယ.က)ကို (၁-၁၁-၂၀၁၃)မှာ အစည်းအဝေးရှိ၍ ရောက်သွားခဲ့တယ်။ ဒီမှာ စာရေးသူလို ရာအိမ်မှူး "ကိုဝင်းမောင်" နဲ့ စကားလက်ဆုံကျတော့...

'ဒီက စာရေးဆရာကို ဖြစ်ရပ်မှန် ဇာတ်လမ်းတစ်ပုဒ် ပြောပြမယ်ဗျ'

'ဟုတ်ပြီဗျာ နားဆင်နေပါတယ်'

'ဇာတ်လမ်းက ခပ်ဆန်းဆန်း[illegible] တကယ့်အဖြစ်အပျက်နော်၊ [illegible]

www.burmeseclassic.com

ယဉ် မဟုတ်ဘူး။ ကျွန်တော့်အမေရဲ့ အမေ ဘွားအေပေါ့ဗျာ။ သူ့သား နာမည်က **"ခြေရာတစ်တောင် ကိုသာမောင်"**တဲ့ဗျ'

'ဗျာ...ဘယ်လို ကျွန်တော် သိတာက "ခြေရာတစ်တောင် မောင်မဲ့ခေါင်" ပါဗျ'

'ဟုတ်တယ်လေ ကျွန်တော့်ဦးလေး နာမည်ကလဲ ခြေရာတစ်တောင် "ကိုသာမောင်"ပါဗျ'

'နို့...နေပါဦး၊ သူ့ခြေရာက "တစ်တောင်"ရှိရဲ့လား'

'ဟာ...ရှိတာပေါ့ စာရေးဆရာ၊ ကျွန်တော့်ကိုယ်တွေ့ပါဗျ။ လက်တံ ခြေတံလဲ အရှည်ကြီး၊ အရပ်လဲ (၇)ပေ တောင် ရှိတယ်။ လမ်းလျှောက်လာ တာများကြည့်ရင် ခင်ဗျား ဟိုတုန်းက "ဆရာ့မနိုင် နှစ်ဆောင်ပြိုင်တို့"၊ "ဒေးစွန်ပါ သိုက်သမိုင်း"ကားထဲက "တာတေကြီး"ကြည့်ဖူးလား'

'ကြည့်ဖူးပါ့ဗျာ။ ဒီကားကြည့်ပြီး အိမ်ပြန်ရင် နောက်ကို မကြာမကြာ လှည့်ကြည့်ရတယ်၊ ကျောချမ်းလို့ဗျို့'

'အဲဒီအတိုင်းပဲ ကိုယ့်လူ'

'ဟုတ်ပြီဗျာ ပြောပါဦး'

'ဇာတ်လမ်းက ဒီလိုဗျ...ဒီလို ကျော ချမ်းစရာ၊ လန့်စရာဗျို့'

* * *

'ကျွန်တော့် အဘွားအမည်က ဒေါ်ငွေမှုံ၊ နေတာက မကွေးတိုင်းဒေသ ကြီး၊ အုတ်ဖိုရွာနဲ့ (၁)မိုင်ကွာ **ကင်းရွာ လေးကစတဲ့ ဇာတ်လမ်းဗျ။** သား ဆိုလို့ ဒီတစ်ဦးပဲ ရှားရှားပါးပါး ပါလာ တာဗျ'

ကင်းရွာဆိုတာ စာရေးသူနဲ့ မစိမ်းပါ ဘူး။ ဘာလို့လဲဆိုရင် စာရေးသူ မကွေး အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန မှာ စာရေးအဖြစ် ဝင်ရောက်စဉ်က



ညစောင့် "ပြုံးချို"က အဲဒီ ကင်းရွာ နားက "အုတ်ဖို"ရွာကမို့ အလည် သွားရင်း ရောက်ခဲ့တာပါ။

ဧရာဝတီမြစ်ကြီးရဲ့ အရှေ့ဘက် ကမ်းမှာရှိတာ၊ ဟိုး... အနောက်ဘက် ကမ်းက "မင်းလှ" အထက်မင်းလှ" လို့ ခေါ်တယ်။

မင်းလှနားမှာ "မလွန်" မလွန်ဆန် လှုအသင်းဆို လူတိုင်းသိပြီးသား။ "မင်းလှခံတပ်ကြီး တည်ဆောက်တော့ "အုတ်"ဖုတ်ရတဲ့ ရွာကြီးမို့ **"အုတ်ဖို"** လို့ ခေါ်တယ်။

ရန်သူများအတွက် စောင့်ကြပ် ကြည့်ပေးရတဲ့ရွာက **"ကင်းရွာ"**လို့ ခေါ်ကြောင်း ညစောင့်"ပြုံးချို"က ပြောပြလို့ သိရပါတယ်။ ဒီအဖြစ် အပျက်က ဟိုးလွန်ခဲ့တဲ့ နှစ်(၅၀)က အဖြစ်လေးပါ။

* * *

'လူလေး သာမောင်ရေ'

'ခင်ဗျား အမေ သားခေါ်လား'

'အေးကွယ် ဈေးကြေးလေး တောင်းဖို့ ဟိုဘက်က "အုတ်ဖို" ရွာကို သွားလိုက်ပါလား။ မိုးမချုပ်စေနဲ့ လူလေး။ မြွေကင်းလဲ ဂရုစိုက်နော် လူလေး'

'စိတ်ချပါ အမေ၊ သားသွားလိုက်ပါ မယ်'

သာမောင်သွားမယ့်လမ်းက အုတ်ဖို ရွာကြီးအဝင် "သရဲ" အလွန်ခြောက် တယ်ဆိုတဲ့ သချိုင်းကြီးကို ဖြတ်သွား ရမယ်။

ဒါပေသိ သာမောင်ဆိုတဲ့ကောင် ကလဲ "သရဲ"ဆိုတာ ချိုနဲ့လားလို့ ပြောရအောင် ကြောက်စိတ်က "စိုးစဉ်း"မျှ မရှိ၊ ကြောက်သွေးပါရင် ဖောက်ထုတ်မယ့် ဒီမောင်ပါ။

'ဟော့ သာမောင်'

'ဘာတုန်းကွ ထွန်းကျော်ရ'

'မင်း ညနေအုတ်ဖိုရွာ ကြွေးတောင်း သွားမယ်ဆို'

'အေးလေ ဘာပြုလို့တုံး'

'အုတ်ဖိုရွာအဝင်က သချိုင်းက အရမ်းနာမည်ကြီးနော်။ တလောက ထွေးခင် ကြက်သွားရောင်းတာ လက် မည်းကြီးနဲ့ ကြက်တစ်ကောင် လှမ်းဆွဲ ပြီး ညောင်ကြတ်ပင်ကြီးပေါ် လွှားခနဲ တက်သွားတာများ မကြည့်ရဲစရာကြီး တဲ့၊ ထွေးခင် ကြောက်လွန်းလို့ "ရှူး ရှူး"တွေတောင် ထွက်ကျသတဲ့ကွ'

'ဒါမျိုးမှ ကြိုက်တာ "ခြေရာ တစ်တောင် သာမောင်"နဲ့တော့ တစ် တစ်လမ်း အကဲစမ်းချင်လိုက်တာကွ'

'အေးပါ တော်ကြာ "သာမောင်" ရွာတောင် ပြန်မရောက်ဘဲ နေဦးမယ် နော်။ တို့လိုက်ခဲ့ရမလား'

'မလိုပါဘူးကွာ၊ သာမောင် တစ်မောင်တည်း ရှိတယ်ကွ'

* * *

'ဟဲ့သာမောင် နင့်အမေ နေကောင်း လား'

'ကောင်းပါပေ့ ဒွေးလေးရာ၊ ဒီ သီ တလောက ဖျားလိုက်တာ ... အောက်မေ့ရတယ်'



www.burmeseclassic.com

www.burmeseclassic.com



'နင်ပြန်ရင် နင့်အမေစားဖို့ ကြက်တစ်ကောင်ဖမ်းသွား။ စွပ်ပြုတ်လုပ်တိုက်နော်'

'အင်းပါ ဒွေးလေးရာ'

'ကဲ မိုးတောင်ချုပ်လှပြီ၊ ပြန်တော့ သာမောင်'

'ဟုတ်ကဲ့ ဒွေးလေ'

သာမောင် ကြက်လေး တစ်ကောင် ဖမ်းပြီး အိမ်ကို ပြန်လာခဲ့တယ်။

သူရိန်နေမင်းကြီးက ဂေါယာကျွန်းကို ယွန်းခဲ့ပြီပေါ့။ တစ်လမ်းလုံး သူတစ်ယောက်တည်း၊ အဖော်ဆိုလို့ သူရယ် ကြက်လေးရယ်ပဲ။ နှစ်ဦးတည်း မားမား မားမားနဲ့ လျှောက်လာလိုက်တာ အုတ်ဖိုရွာပြင်က သချိုင်းနား ရောက်မှန်းမသိ ရောက်လာခဲ့ပြီး...

ညောင်ကြတ်ပင်ကြီးပေါ်က ညဥ့်ငှက်ကြီးရဲ့ လန့်ပျံပြေးသံ၊ "ဖလူး...ဝေါ" ဆိုတဲ့ အသံကြားလို့ အပေါ်မော့အကြည့် လက်မည်းကြီးတစ်ဖက်က သူ့လက်ထဲက ကြက်ဖလေး လှမ်းဆွဲလိုက်ပြီ ဖြုန်းခနဲမို့ လက်ထဲက ကြက်ပါသွားပြီ၊ သာမောင် ဒေါသက အထွတ်ထိပ်ရောက်သွားပြီ။

ခါးတောင်းမြှောင်အောင် ကျိုက်လိုက်ပြီး "ဒီက႕ငါ့႕သားတွေ သတ္တိရှိရင် လာလေ"

ဆိုပြီး တိုက်ခိုက်ဖို့ အသင့်အနေအထားနဲ့ လုပ်နေတုန်း သူ့ကျောကို "အုံး"ခနဲ လှမ်းထုလိုက်လို့ ရှေ့ကို ငိုက်ကျသွားတယ်။

ပြန် ဟန်ချက်ညီအောင် လုပ်ပြီး နပန်းလုံးကြတယ်။ သူတစ်ပြန် ကိုယ်တစ်ပြန် ထိုးတယ်။ သူ့ထိတော့ "အင့်ခနဲ"၊ သရဲကိုထိုးတော့ ဖွဲအိတ်ကြီးထိုးသလို အရာမထင်။ သာမောင် ခြေကုန်လက်ပန်းကျလာပြီ။

'ဟေ့ ခု ဒီပွဲ ခဏနားမယ်။ မင်းတို့ထဲက တစ်ကောင်ထွက်၊ ငါကြောက်အောင် လုပ်ပြမယ်ဆိုရင် ခုချက်ချင်း ရွာပြန်မယ်။ မနက်ဖြန် မင်းတို့စားဖို့ ကြက်တစ်ကောင် ယူလာခဲ့မယ်။ ကဲ...ဘယ့်နှယ်ရှိစ၊ ခုချက်ချင်း ကိုယ်ရောင်ပြကြစမ်း'

ဆိုရော နည်းနည်းနောနော မဟုတ်ဘူးတဲ့။ ကိုယ်လုံးကြီးက "ပီပါ"လုံးလောက်၊ အရပ်ကြီးက ထန်းတစ်ဖျား။

'အဲ...ဟုတ်ပြီကွ၊ ဒီတစ်ခါ နားရွက်ကြီးတစ်ဖက်ခြုံ၊ တစ်ဖက်ခင်းပြီး ပြစမ်း'

အဲလိုလဲဆိုရော လုပ်ပြပြန်သတဲ့။

'ကဲ...ဒီတစ်ခါ နောက်ဆုံးအနေနဲ့ ခုံညင်းဒိုးလေးလို လိမ့်လာပြစမ်း'

ဆိုတော့ ခုံညင်းဒိုးလေးလို လိမ့်လာတယ်ဆိုရင် အကြံသမား သာမောင်က ပုဆိုးချွတ်ပြီး လိမ့်လာတဲ့ ခုံညင်းဒိုးလေးကို အမိအရဖမ်းပြီး ထန်းပင်နဲ့ လွှဲရိုက်တော့...

'အမယ်လေး သေပါပြီဗျ၊ ကြောက်ပါပြီဗျ၊ လွှတ်ပါတော့ဗျ။ ခင်ဗျားပေးမယ့် ကြက်လဲ မယူတော့ပါဘူးဗျ'

ဆိုတော့မှ သာမောင်လဲ လွှတ်ပေးပြီး ရွာပြန်ခဲ့တယ်။

* * *

'သာမောင် လူလေး... ပြန်တာနောက်ကျလှချည့်လား။ အမေပြင်း စိတ်ပူလိုက်ရတာကွယ်။ ငါ့သားလေး ဘေးမသီရန်မခအောင် အမေ မေတ္တာပို့နေတယ်'

'အမေ့မေတ္တာကြောင့် ဘေးဘယာမရှိ ကျန်းမာစွာပြန်လာခဲ့ပါတယ်အမေ'

သာမောင်လည်း ဖြစ်ကြောင်းကုန်စင်ကို နတ်သံနှောပြီး ပြောပြတော့ ငိုအားထက် ရယ်အားသန်ကြရသတဲ့။

ဒီလိုနဲ့ နှစ်တွေညောင်းလာတော့ အမေကလဲ ဆံဖြူသွားကြွေ၊ ပါးရေနားရေတွေ တွန့်လို့ ဇရာထောင်းလာခဲ့ပြီကော။ "သာမောင်အမေ ဆုံးပြီတဲ့" တစ်ရွာလုံး ကောက်ရိုးမီးလို တစ်ခဏချင်း ပျံ့နှံ့သွားခဲ့ပြီ။

'ဘယ်ကလာ ကျွန်တော့်အမေ သေရမှာလဲ၊ မသေပါဘူးဗျ။ မြောနေတာပါ'

'ဟုတ်ရဲ့လား သာမောင်ရယ်၊ ဆရာလေးဘာလေး ပြကြည့်ပါဦး'

'ဒီမှာ အမေ့နှလုံး ခုန်နေပါသေးတယ်ဗျ'

သာမောင် ညဆို သူ့အမေဘေးမှာ စောင်လေးခြုံပြီး စောင့်အိပ်ရှာတယ်။ ဒီနေ့ပါဆို (၅)ရက်ရှိပြီ။

'ဟဲ့ သာမောင်၊ နင့်မလဲ ပိန်သွားလိုက်တာ။ အိပ်ရေးလဲ ဝအောင်အိပ်၊ အစားလဲ ကောင်းကောင်းစားပေါ့'

'အင်းပါ ဒွေးလေးရာ'

လူနာမေးတဲ့ လူတွေကလဲ တစ်နေ့ တစ်နေ့ မနည်းပါလား။

'ဟဲ့ ဟဲ့ သာမောင် ဘယ်ကို သွား မလို့လဲ ပြောခဲ့ဦးလေ'

သာမောင်တစ်ယောက် [illegible]



www.burmeseclassic.com

အိမ်ပေါ်မှ ပြေးဆင်းသွားတာကို လူနာမေးသူများ အံ့အားသင့်နေစဉ် သာမောင်ကတော့ ရွာထိပ်သချိုင်းကို အပြေးသွားနေတယ်။ ဟော...ပြောရင်းဆိုရင်း ထန်းပလပ်ပြားကြီးနှစ်ဖက် လက်က ကိုင်ပြီး အိမ်ပေါ်ပြေးတက်လာပြီး "မုံ...အုန်း၊ ဒုံး...ဖြူး"မြည်အောင် သူ့အမေဘေးကို တဖြန်းဖြန်း အားရပါးရ ရိုက်နေတယ်။ ဘေးလူများ ဝင်မဆွဲရဲ၊ အတော်လေးကြာမှ...

'ငါ့...သားတွေ သေစမ်းကွာ၊ သေစမ်း'

'ဟဲ့သာမောင်၊ ဘာတွေမြင်ပြီး ဘာတွေရိုက်တယ်ဆိုတာ တို့ကို ပြောစမ်းပါဦးကွာ'

ဆိုတော့...

'ဒီလို ဒွေးလေးရေ၊ အမေ့ဘေးမှာ မှင်စာလေးတွေ ဝိုင်းပြီး အုံနေလိုက်တာ မနည်းဘူး။ အမေ့လိပ်ပြာ နှုတ်မလို့ဗျ။ အဲဒါကြောင့် စိတ်ရှိလက်ရှိ ရိုက်ထုတ်နေတာ၊ ဒွေးလေးတို့ မမြင်ရပေမယ့် ကျွန်တော်က မြင်နေရတယ်ဗျ'

"ဟယ် ဟုတ်ရဲ့လား"လို့ ပြိုင်တူပြောတဲ့အသံကလွဲလို့ ဘာသံမှ မကြားရ။

* * *

'ဟော... အမေ သတိရလာပြီဗျို့။ လာကြပါဦးဗျ၊ လာကြပါဦး'

သာမောင်အော်သံကြောင့် အိမ်နီးနားချင်းတွေ ဝိုင်းအုံလာပြီး...

'ဟဲ့ငွေမှုံ သတိရလာပြီလား၊ နင် ဘယ်တွေရောက်လို့ ဘယ်တွေပေါက်နေတာလဲ ပြောစမ်းပါဦး။ နင်(၅)ရက်တောင် မြောနေတာလေ'

'ဟုတ်တယ်ဟေ့... ငါမြောပြီး ရွာကြီးတစ်ရွာ ရောက်သွားတာ မနှစ်က ဆုံးသွားတဲ့ "ထွေးခင်"တို့၊ "အေးမောင်"တို့ ရွာထိပ်က ဘကြီး"အောင်သာ"တို့ တွေ့တော့ ငါ နှုတ်ဆက်တာ သူတို့က ပြန်မနှုတ်ဆက်ဘူး။ ထွေးခင်ဆို ကလေးတောင် နို့တိုက်နေတာ၊ ဟိုဘဝမှာ အိမ်ထောင်ကျနေတဲ့ပုံပဲ။

အဲဒီအချိန်မှာ ခေါင်းမှာ ဂြိုဟ်ကြီးနဲ့ လူကြီးက နင် ရွာပြန်ဦး၊ နင့်အလှည့် မရောက်သေးဘူး။ နင့်သား သာမောင်ကို ရဟန်းခံရဦးမယ်လေဆိုပြီး ပြန်ပို့လိုက်လို့ ခု ပြန်သတိရလာတာပေါ့'

နားထောင်နေသူများလည်း မျက်လုံးလေး ပေကလတ်ပေကလတ်နဲ့ နားထောင်နေလိုက်တာ အိမ်အဆင့်တောင် ကျိုးမတတ် လူတွေဆိုတာ နည်းပါရိုးလား။ ဒါ ဘာကြောင့်ဆိုရင် မေတ္တာတန်ခိုး၊ သီလတန်ခိုးကြောင့် "သေရွာပြန်"ခဲ့ရတာဆိုရင် မမှန်ဘူးလား'

အဲဒါပဲ စာရေးဆရာ ဒီအဖြစ်အပျက်က သည်းထိပ်ရင်ဖို ဖတ်လမ်းလေးဗျို့။ စာရေးဆရာ လက်စွမ်းပြပြီးသာ ရေးလိုက်တော့ဗျို့'

'ကျေးဇူးအနန္တပါ ကိုဝင်းမောင်ရာ'

မကြုံဘူးလို့ မယုံဘူးဆိုသူများ သာမောင်လို "နဖူးတွေ့ ဒူးတွေ့" ရင်ဆိုင်ရ၍ ကြောက်စိတ်တော့ "စိုးစဉ်း"မျှမထားဘဲ မေတ္တာပို့ သီလ မြဲရင်ဖြင့် အန္တရာယ်စက်ကွင်းက လွတ်ကင်းနိုင်ပါကြောင်း မေတ္တာရှေ့ထား ရေးသားလိုက်ပါတယ်။

***စာဖတ်သူအပေါင်း ကျန်းမာချမ်းသာကြပါစေ။***

**ရွှေမှော်မြေ မောင်ကြည့်သိန်း**

**စာမျက်နှာ (၂၆၈)မှ အဆက်**

တစ်မြို့ တစ်ရွာကတစ်ရွာ ကူးသန်းသယ်ယူပြီဆိုရင် မြို့အဝင် ရွာအဝင်မှာကတည်းက သူ့ဆိုင်ရာ,ဆိုင်ရာ မြို့စောင့်နတ်၊ ရွာစောင့်နတ်များကို ဒီကျောက်လက်ဝါး သယ်ယူမှာ, ဖြတ်သန်းမှာဖြစ်ကြောင်း၊ ခွင့်ပေးဖို့ ခွင့်ပြုဖို့ တောင်းပန်ပြီးမှ သယ်ယူဖြတ်သန်းရတယ်။

အဲလို ခွင့်မတောင်းရင် မြို့စောင့်နတ်၊ ရွာစောင့်နတ်တွေက အဝင်မခံဘူး။ အဝင်မခံရင် ကျောက်လက်ဝါးအရှင်မှာစောင့်တဲ့ ဂုဏ်ရှိအစောင့်ဟာ ရှောင်ခွာသွားပြီး အဲဒီကျောက် လက်ဝါးဟာ ချက်ချင်းအသေဖြစ်သွားတာပဲ။ မောင်ရင်လေးတို့နှစ်ယောက်ကို ခုဟာ ပညာပေးလိုက်တာပဲ သိပြီလား'

နဲ့ ဆိုပြီးမှ ငွေငါးသောင်းကို ပြန်ထုတ်ပေးတယ်။

ကပ္ပိယကြီးက ဘုရားလှူတဲ့ ဖယောင်းတိုင်၊ အမွှေးတိုင်နဲ့ သစ်သီး၊ ဆွမ်း၊ ပန်း၊ ရေချမ်း ဝေယျာဝစ္စ သုံးစွဲထားလို့ ငွေနှစ်ထောင် လျော့သွားတယ်။ လေးသောင်းနဲ့ရှစ်ထောင် ကျွန်တော်တို့ကို ပြန်ပေးလိုက်ပါတယ်ဗျာ။

အဲဒီအချိန်ကစပြီး ခုထိ ကျွန်တော်နဲ့ ကိုကြည်ဆွေဟာ ကျောက်လက်ဝါးဆိုရင် ကြောက်လွန်းလို့ဝယ်လဲမဝယ်ချင်တော့ဘူး။လိုလဲ မလိုချင်တော့ပါဘူး။ ဘာဂုဏ်ရှိရပစ္စည်းနောက်မှလဲ မလိုက်တော့ပါဘူးဗျာ'

* * *

ကိုမြင့်စိုး(ခေါ်) ကိုတာတီးမှ လက်တွေ့ အတွေ့အကြုံရှင်[…] ချက်ကို မူရင်းအတိုင်း ရေးသားတင်ပြလိုက်ပါသည်။ စာရေး[…] ကျွန်တော်မှ ထပ်ဆင့်ပြီး...

'အဲဒီ ခင်ကြီးရဟန်းနဲ့ ကပ္ပိယကြီးတို့ မှန်ခြေရင်းတောင်ပေါ်မှာ ရှိနေသေးလား၊ နေသေးလားဗျ'

ဟု မေးရာ...

'ခင်ဗျားမေးမှပဲ ပြောစရာ ကျန်သွားတယ်။ ကျွန်တော်တို့ ကျောက်လက်ဝါး ဝယ်တာ အဲဒီလို မအောင်မမြင်ဖြစ်ပြီး တစ်လ, နှစ်လလောက်ရှိတော့ ရန်ကုန်ဘက်က ကျွန်တော့်လို ဝါသနာတူ မိတ်ဆွေနှစ်ယောက် ရောက်လာလို့ သွားသေးတယ်။ ခင်ကြီးရဟန်းနဲ့ ကပ္ပိယကြီးတို့ မနေတော့ဘူး မ[…]တော့ဘူးဗျ'

'အေးဗျာ အခုလို ကိုယ်တွေ့၊ လက်တွေ့ ဗဟုသုတကိုပြော[…] ပေးတာ ကျေးဇူးပါပဲဗျာ'

နတ်မောက်မြို့ ဈေးရပ်ကွက်တွင် နေထိုင်ပြီး အဖဦးကြ[…] (ခေါ်) ဦးအောင်စိန်၏သား ဦးမြင့်စိုး(ခေါ်) ဦးတာတီးထံ[…] သော အသေးစိတ် အချက်အလက်များ သိလိုပါက မေးမြန်း[…] ပါကြောင်း...။

***အားလုံးကို ကျေးဇူးတင်ပါသည်။***

**နတ်မောက် လှမြင့်သစ်**

www.burmeseclassic.com



ဘဝကြောင်း

# ဂမုန်းပင်နှစ်ပင် နှင့်

ဖြစ်ရပ်ဆန်း

ကျွန်မ ဂမုန်းပင်များနှင့် ပတ်သက်၍ အံ့သြစရာ ကောင်းလောက်အောင် ထူးဆန်းသော အဖြစ်အပျက်များကို စာအုပ်များထဲတွင် ဖတ်ဖူးခဲ့ရုံသာမက လူကြီးသူမများ၏ ပြောပြချက်အရ သိခဲ့ရပါသည်။

ထို့ကြောင့် ကျွန်မအိမ်တွင် ကြုံတွေ့ခဲ့ရသည့် ထူးဆန်းသော အဖြစ်အပျက်ကို စာဖတ်ပရိသတ်များအား သိစေလိုသော ရည်ရွယ်ချက်ဖြင့် ရေးသားလိုက်ပါသည်။ ယင်းမှာ ကျွန်မတို့အိမ်တွင် စိုက်ပျိုးထားသည့် ဂမုန်းပင်နှင့် ပတ်သက်၍ အမှန်တကယ် ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်ပင် ဖြစ်ပါသည်။

ထိုစဉ်က ကျွန်မအသက်သည် (၁၄) နှစ်မျှသာ ဖြစ်ပါသည်။ ကျွန်မတို့ မိသားစုမှာ အလွန်များပါသည်။ ကျွန်မတို့အိမ်သည် ခြံဝင်းကြီး၏ အလယ်တည့်တည့်တွင် ဆောက်လုပ်ထားသည်။ ကျွန်မအမေသည် စိုက်ပျိုးရေး ဝါသနာပါသူဖြစ်သဖြင့် အိမ်မှုကိစ္စ လုပ်ပြီးသည်နှင့် တစ်ပြိုင်နက်ပင် ခြံထဲဆင်းကာ သစ်ပင်များနှင့်ပင် အချိန်ကုန်ခဲ့သူ ဖြစ်ပါသည်။

အမေ စိုက်ပျိုးထားသော အပင်များမှာ အမျိုးအစား စုံလင်လှသည်။ ထိုအထဲမှ အမေသည် အပင်နှစ်ပင်ကို အလွန် ဂရုစိုက်ပါသည်။ ထိုအပင်နှစ်ပင်မှာ **ကိုယ်တော်ကြီးဂမုန်းပင်နှင့် မယ်တော်ကြီးဂမုန်းပင်**သာ ဖြစ်ပါသည်။

အမေသည် ထိုအပင်နှစ်ပင်ကို နေ့စဉ် ရွှေရေလောင်းပေးခဲ့သည်။ ရွှေရေလောင်းသည် ဆိုသည်မှာ ရေခွက်ထဲတွင် ရွှေများထည့်ကာ ရွှေရေစိမ်ပါသည်။ ထိုရေကို ဂမုန်းပင် နှစ်ပင်အား နေ့တိုင်း လောင်းပေးခြင်း ဖြစ်ပါသည်။

ဂမုန်းပင်နှစ်ပင်မှာလည်း အမေ၏ ဂရုစိုက်မှုကြောင့် အရွက်များ ဝေဆာကာ စိမ်းစိုလှပနေပါသည်။ အမေသည် ရွှေရေလောင်းရုံသာမက နှုတ်မှလည်း…

'ကိုယ်တော်ကြီး မယ်တော်ကြီးတို့အား နေ့စဉ် ရွှေရေလောင်းပေးရသော အကျိုးကျေးဇူး ကြောင့် စီးပွားရေး အဆင်ပြေပြီး သားသမီး

www.burmeseclassic.com

အိမ်ကို စောင့်ရှောက်ပါ'

ဟု အမြဲ ဆုတောင်းခဲ့ပါသည်။

တစ်နေ့ ကျွန်မဦးလေးသည် ရန်ကုန်မှ မန္တလေးသို့ ရထားဖြင့် ပြန်လာခဲ့ပါသည်။ လမ်းတွင် ရထားဘီးချော်၍ အိမ်အပြန် မိုးချုပ်ခဲ့ပါသည်။ ညဥ့်နက်သည်အထိ ဦးလေး အိမ်သို့မရောက်သဖြင့် ကျွန်မတို့မိသားစု ဦးလေးအား မစောင့်ဘဲ အိပ်ရာဝင်ခဲ့ကြပါသည်။

ဦးလေး အိမ်ရောက်လျှင် နှိုးမှာပဲဟု ဆိုပြီး အားလုံး တွေးခဲ့ကြပါသည်။ သို့သော် ထိုနေ့ညက ဦးလေး အိမ်သို့ ပြန်မလာဘဲ မနက်ကျမှသာ အိမ်သို့ ရောက်လာခဲ့ပါသည်။ ဦးလေး ရောက်ရောက်ချင်းပင် အမေက...

'ဟဲ့... နင် အခုမှ ရောက်တာလား၊ မနေ့ညက ရောက်တာလား။ နင် ဘယ်မှာအိပ်လဲ'

ဟု ဆီးမေးပါသည်။ ထိုအခါ ဦးလေးက အကြောင်းစုံ ပြောပြပါသည်။

'ကျွန်တော် အစ်မအိမ်ရှေ့ရောက်တော့ ည (၁)နာရီကျော်ကျော်လောက် ရှိမယ်ထင်တယ်။ အစ်မကို အော်နှိုးမယ်ဆိုပြီး တံခါးနားလျှောက်လာတော့ အိမ်နောက်ဘက်ကနေ ခြေသံ ကြားလိုက်ရတယ်။

ကျွန်တော်လဲ အိမ်က တစ်ယောက်ယောက်ထင်ပြီး တံခါးကနေ ချောင်းကြည့်လိုက်တော့ အဘိုးကြီးတစ်ဦးနဲ့ အဘွားကြီးတစ်ဦး လမ်းလျှောက်နေတာကို တွေ့တယ်။ လက်ထဲမှာလဲ တောင်ဝှေးတစ်ချောင်းစီ ကိုင်ထားတယ်။ အသက်ကတော့ နှစ်ယောက်စလုံး တော်တော်ကို ကြီးတယ်ဗျ။ ခေါင်းက ဆံပင်တွေတောင် အကုန်ဖြူနေတာ တွေ့တယ်။

ကျွန်တော်လဲ ဘာလုပ်လို့ လုပ်ရမှန်းမသိဘူး ဖြစ်သွားတယ်။ အစ်မတို့ကိုလဲ အော်မနိုးရဲတော့ဘူး။ အဲဒါနဲ့ နောက်ကြောင်းပြန်လှည့်ပြီး အလင်းဆိုင်သွားထိုင်နေတာ။ အဲဒါ အခု ဒီတန်းလာတာပဲ'

ဟု ဦးလေးက ပြောပြပါသည်။

နောက်ထပ် အဖြစ်အပျက်တစ်ခု ရှိပါသေးသည်။ တစ်ညတွင် ကျွန်မတို့ အိမ်ကို သူခိုးကပ်ပါသည်။ သို့သော် မနက်လင်းသောအခါ ထိုသူခိုးနှစ်ယောက်မှာ ခြံထဲတွင် သတိလစ်နေသည်ကို တွေ့ရှိရသည်။

ထို့နောက် အမေလည်း သက်ဆိုင်ရာ လူကြီးများကို သွားခေါ်လာပြီး သူခိုးနှစ်ယောက်ကို သတိလည်အောင် ဆောင်ရွက်ပေးပြီး သက်ဆိုင်ရာကို အပ်လိုက်ပါသည်။ သူခိုးများ သတိလစ်နေသည့် အဖြစ်အပျက်ကို ကျွန်မတို့ မိသားစုနှင့် ပတ်ဝန်းကျင်က လူများကပါ သိချင်နေကြသည့်အတွက် သူခိုးနှစ်ယောက်ကို ပြောပြခိုင်းပါသည်။

သူခိုးမှ...

'ကျွန်တော်တို့နှစ်ယောက် ဒီအိမ်ကို သေချာလေ့လာပြီးမှ ဝင်ခိုးခဲ့တာပါ။ ပစ္စည်းတွေ သယ်နေတုန်း ခြေသံတွေ ကြားလိုက်ရတယ်။ အဲဒါနဲ့ ကျွန်တော်တို့နှစ်ယောက် ဘာမှ မလှုပ်ရှားသေးဘဲနဲ့ အသာလေး ငြိမ်နေလိုက်တယ်။ ချောင်းကြည့်လိုက်တော့ အဘိုးကြီး တစ်ယောက်နဲ့ အဘွားကြီးတစ်ယောက် ဖြစ်နေတယ်။

ကျွန်တော်တို့နှစ်ယောက်က အဘိုးကြီးနဲ့ အဘွားကြီးတွေပဲ ကိစ္စမရှိပါဘူး ခဏ စောင့်ကြတာပေါ့လို့ တိုင်ပင်ပြီး ထိုင်နေလိုက်တယ်။ ခဏကြာတော့ ဘာခြေသံမှ မကြားရတော့ဘူး။ အဲဒီနှစ်ယောက်ကိုလဲ မတွေ့တော့ဘူး။

ပြန်အိပ်ပြီပဲလို့ ထင်ပြီးတော့ ဝင်းတံခါးဆီကို ပစ္စည်းတွေ သယ်လာပြီး ကျော်တက်မလို့ လုပ်တုန်း ကျွန်တော်တို့ ခေါင်းတွေ ချာချာလည် သွားတယ်။ ''ဒုတ်''ဆိုတဲ့ အသံကို ကြားလိုက်ရတယ်။ အဲဒီနောက် ဘာမှ မသိတော့ဘူး'

ဟု ပြောပြပါသည်။

ထိုအဖြစ်အပျက်နှစ်ခုကို ကြည့်ခြင်းအားဖြင့် ထိုအဘိုးကြီးနှင့် အဘွားကြီးမှာ အခြားသူမဟုတ်၊ ကိုယ်တော်ကြီးနှင့် မယ်တော်ကြီးသာ ဖြစ်လိမ့်မည်ဟု ထင်ပါသည်။ ထို့နောက်ပိုင်း ကျွန်မအမေလည်း ထိုအ... နှစ်ပင်အား အရင်ကထက် ပို... ဂရုစိုက်ခဲ့ပါသည်။

သို့သော် ကျွန်မလည်း ယ... အသက်ကြီးပြီဖြစ်၍ ယခင်ကလို အ... များကို ဂရုစိုက်ခြင်း မပြုလုပ်နိုင်... တော့ပါ။ ထို့ကြောင့် အစော... အရှေ့ရှိသော ထိုဂမုန်းပင်နှစ်ပင်... ရွာဘုန်းကြီးကျောင်းသို့ လှူဒါန်းလိုက်ပါသည်။

စာဖတ်ပရိသတ်များလည်း ဂမုန်း... စိုက်မည်ဆိုလျှင် သန့်ရှင်းသောနေ... တွင် စိုက်ပါ။ ဂမုန်းပင်နားတွင် အ... အလေးသွားခြင်း၊ ဆဲဆိုခြင်း၊ အပ... ကျော်ခွသွားခြင်းများ မပြုလုပ်မိအော... အထူး ဂရုစိုက်ပါဟု အသိပေးအ... သည်။

**စာကြွင်း**

ဂမုန်းပင်နှစ်ပင်အား ဓာတ်ပုံ... မဖော်ပြနိုင်၍ အထူး တောင်းပန်အ... ပါသည်။

***စာဖတ်ပရိသတ်အပေါင်း ရွှင်... ချမ်းမြေ့ပါစေ။***

## အင်ကြင်း





www.burmeseclassic.com

www.burmeseclassic.com



တပသီ

# တဝါမျက်မှု အတွက်

လျှော်ကြေးတစ်စုံ

ဒီနှစ် ကျွန်မ ရွာကို ပြန်စဉ် ထူးဆန်းသော ဖြစ်ရပ်တစ်ခုကို ကြုံခဲ့သည်။ ထူးဆန်းသည် ဆိုသည်မှာ ဖြစ်ခဲ့သည့် ကိစ္စတစ်ရပ် ဖြစ်၍ ဖြစ်သည်။ တစ်စုံတစ်ဦး ကြုံရသည်လည်း မဟုတ်၊ ညအချိန်လည်း မဟုတ်။ နေ့ခင်းကြောင်တောင်ကြီး ဖြစ်နေ၍ ပိုလို့ ဆန်းကြယ်နေခဲ့သည်။

အိမ်ဝိုင်းတစ်ခုအတွင်း မြေကြီးထဲမှ မီးလုံးကြီးများ တစ်လုံးပြီး တစ်လုံး ထွက်ပေါ်နေ၍ ဖြစ်ပါသည်။ ထိုအိမ်ကို စုံစမ်းကြည့်ရာ ဒေါ်ထွေးအိမ်မှ ဖြစ်ကြောင်း သိရသည်။ ကျွန်မ မကြည့်ဖြစ်ပါ။ အိမ်နီးနားချင်းများ သွားကြည့်ကြ၍ ပြန်ပြောတာကို နားထောင်ရသည်နှင့်ပင် ပြည့်စုံသည်။

ဆရာကြီး ဦးစိန်ဗလ အိမ်ဝိုင်းထဲကဟု အိမ်နီးချင်းတစ်ယောက် ပြောသွားသည်။ ဒေါ်ထွေးက ဆရာကြီး ဦးစိန်ဗလ၏သမီး ဖြစ်ပါသည်။ ဟိုအရင်တစ်ချိန်က ဦးစိန်ဗလ၏ အိမ်ဝိုင်းမှာ ယခု ဒေါ်ထွေး၏အိမ်ဝိုင်း ဖြစ်နေသည်။

မိဘပိုင်ဝိုင်း သားသမီးလက်ထက်မှာ မီးလုံးတွေ ထပေါ်သည်ဆို၍ တခြားသူတွေတော့ မည်သို့ ထင်မြင် ယူဆမည် မသိသော်လည်း ကျွန်မ အနေနှင့်တော့ ဘာကြောင့် မီးလုံးတွေ ပေါ်လာသလဲ ဆိုသည်ကို မသိသော်လည်း ဆက်စပ်မှု တစ်ခုတော့ ရှိနေခဲ့ပါသည်။

ထိုဆက်စပ်မှုကလည်း အဖေပြောပြထား၍ သိထားခြင်း ဖြစ်ပါသည်။ ဆရာကြီးကို ကျွန်မ မမီပါ။ ဆရာကြီးကို မီလိုက်သော အဖေလည်း အသက်ခြောက်ဆယ်တွင် ကွယ်လွန်သွားပါသည်။ ယခုဆိုလျှင် အဖေဆုံးသည်မှာ (၇)နှစ်ပင် ကျော်လွန်ခဲ့ပြီ ဖြစ်ပါသည်။

ကျွန်မအဖေသည် ကျောင်းဆရာ ဦးမြင့်နိုင် ဖြစ်ပါသည်။ အဖေ ကျောင်းဆရာဘဝ အစမှာ ဆရာကြီးအိမ်မှာ နေထိုင် စားသောက်ခဲ့ကြောင်း ပြောပြ



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ဖူးပါသည်။

ထို့ပြင် ဆရာကြီး ဦးစိန်ဗလ၏ အကြောင်းကိုလည်း ပြောပြခဲ့ဖူးပါသည်။ ထို့ကြောင့် ကျွန်မအဖေ ဆရာဦးမြင့်နိုင် ပြောပြခဲ့ဖူးသော ဆရာကြီး ဦးစိန်ဗလ အကြောင်းကို ရေးသားဖော်ပြမည် ဖြစ်ပါသည်။

* * *

ကိုမြင့်နိုင် ကျောင်းဆရာဖြစ်စတွင် တာဝန်ကျသော ရွာမှာ အသိမိတ်ဆွေ ဟူ၍ ဆရာကြီး ဦးစိန်ဗလတစ်ယောက်သာ ရှိခဲ့၏။ ဆရာကြီးမှာ ကိုမြင့်နိုင်၏ မိဘများနှင့် ရင်းနှီးကြသည်။ ထိုရွာတွင် သူတို့နှင့်သိသော ဆေးဆရာကြီး ဦးစိန်ဗလရှိကြောင်း ပြော၍ စာရေးကာ အပ်ခဲ့ကြသည်။

ဆရာကြီးမှာလည်း သဘောထားပြည့်ဝသူ တစ်ယောက် ဖြစ်ပါသည်။ လယ်လုပ် တောင်သူကြီးဖြစ်၍ လယ်လုပ်သားများစွာကို ချက်ပြုတ်ကျွေးရသောကြောင့် ဆရာလေးအတွက် အပန်းမကြီးဟု ဆိုကာ အိမ်မှာပင် စားစေသည်။ ထိုအိမ်မှာနေ၍ ထိုအိမ်တွင် စားကာ နေထိုင်ခဲ့ရသည်။ ကျေးဇူးတရားလည်း ကြီးမားလှပါသည်။

ကိုမြင့်နိုင် စိတ်ထဲတွင် ဆရာကြီး ဦးစိန်ဗလကို မေးခွန်းမေးရန် သင့်မသင့် စဉ်းစားရင်း မမေးဖြစ်ခဲ့သေးပါ။ အခြေအနေ အချိန်အခါ ကြည့်၍ မေးမည်ဟု စိတ်ထဲတွင် မှတ်ထားလိုက်ပါသည်။ မိဘများ ပြောတော့ နာမည်ကြီး ဆေးဆရာကြီးတဲ့။ အခုဆရာကြီး ဦးစိန်ဗလကို တောင်သူကြီး တစ်ယောက်အနေဖြင့် တွေ့မြင်ရပါသည်။

မိဘများ ပြောပြထားသော နယ်



လှည့် ဆေးကုဆရာကြီးက မျက်စိနှစ်ကွင်း အလင်းမရဟု မပြောခဲ့ပါ။ ယခု ကိုမြင့်နိုင် မြင်တွေ့နေသည့် ဆရာကြီးက မိဘများ ပြောပြထားသော ဆရာကြီး မဟုတ်တော့ပါ။ လယ်မြေများစွာ ပိုင်ဆိုင်သော၊ မျက်စိနှစ်ကွင်း အလင်းမရ၍ အိမ်မှာ ထိုင်နေရသော ဆရာကြီး ဖြစ်နေခဲ့ပါသည်။

ဆရာကြီး ဇနီးမှ ဦးဆောင် လုပ်ကိုင်ပါသည်။ ဆရာကြီး ဇနီးမှာလည်း ဆရာကြီးကို မျက်စိမမြင်သူ ဟူ၍ မထီမဲ့မြင် မပြုပါ။ ချစ်ကြောက် ရိုသေလျက်ပင် ဖြစ်ပါသည်။ လယ်မြေများစွာနှင့် လုပ်သားအားလုံးကို အုပ်ချုပ်နိုင်သော စွမ်းရည် ဆရာကြီး၏ဇနီးမှာ ရှိပါသည်။

မှတ်မှတ်ရရ။ တပေါင်းလပြည့်နေ့ည လမင်းထိန်ထိန်သာ နေခဲ့သည်။ ကိုမြင့်နိုင်လည်း ညလုံးပေါက် အဆိုအကများ ပါသော တပေါင်းပွဲကို ကြည့်ပြီး ပြန်လာရာ သန်းခေါင်ကျော်နေပြီ ဖြစ်သည်။ အိမ်ဝိုင်းတံခါးကို တစ်ချက် မ,ပြီး ဝင်လာခဲ့သည်။ မန်ကျည်းပင်ရိပ်အောက်က ဖြတ်အလျှောက် ကွပ်ပျစ်ပေါ်မှာ လူတစ်ယောက် ထိုင်နေခဲ့သည်။ လရောင်က အပင်ရိပ်ကြောင့် မည်သူလဲဟု စူးစမ်းသော အကြည့်ဖြင့် ကြည့်စဉ်ခဏ...

'ဆရာလေး ပြန်လာပြီလား'

ဟု ဆရာကြီး နှုတ်ဆက်သံကြောင့် အံ့သြသွားသည်။

'ဆရာကြီး မအိပ်သေးဘူးလား'

'မအိပ်သေးပါဘူး ဆရာလေးရယ်'

ဟု ဆရာကြီး ပြန်ပြောလိုက်သည်။ ကိုမြင့်နိုင် အားနာသွားခဲ့သည်။ ဆရာကြီး ကိုမြင့်နိုင်ကို စောင့်နေ[...]သည်။ ညော်ဝတ် အကျေလွန်သော ဆရာကြီးကြောင့် ဘုရားပွဲ သွားမိသည့် ကိုပင် စိတ်မကောင်း ဖြစ်သွားသည်။

ဆရာကြီး အသက်(၇၀)နီးပါး [...] လောက်ပြီ ဖြစ်သည်။

'ဆရာကြီး အိပ်ရေးပျက်နေဦးမယ်'

'မအိပ်တော့ပါဘူး ဆရာလေးရယ် ရေနွေးနဲ့ လက်ဖက်တွေ့တော့ မျက်[...] ကျယ်သွားတယ် ထင်ပါရဲ့'

ပြောရင်း ရေနွေး ဆက်သောက်[...] သောကြောင့် မအိပ်မယ့် အတူ[...] မေးခွန်း မေးရန် စိတ်ကူးလိုက်[...] သည်။ ထို့ကြောင့် ဆရာကြီးဘေး[...] ဝင်ထိုင်ရင်း လောကဝတ်စကားများ[...] ပြောကြရင်း လက်ဖက်စား၊ ရေနွေး[...] သောက် နေခဲ့ကြပါသည်။

'ဆရာကြီး ခွင့်ပြုရင် ကျွန်[...] မေးခွန်း နှစ်ခုလောက် မေးချင်[...] ဆရာကြီး။ ဖြေလို့ မဖြစ်ရင် မဖြေ[...] ဆရာကြီး၊ ဖြစ်ရင်တော့ ဖြေပါ'

ဟု အဖွင့်အပိတ် တစ်ခါတည်း[...] လုပ်၍ မေးခွန်း မေးလိုက်သည်[...] လျှင်ပဲ ဆရာကြီးမှ...

'ဆေးမကုတာနဲ့ မျက်စိကွယ်[...] မဟုတ်လား'

ဟု ပြောလိုက်ရာ ဆရာကြီး[...] လေးစားမိသည်။ ခန့်နိုးချက် [...]



www.burmeseclassic.com

www.burmeseclassic.com

လွန်းသော ဆရာကြီး ဖြစ်ပါသည်။

'ဆရာလေးကိုတော့ ပြောပြပါ့မယ်။ တခြားသူတွေ မေးရင်တော့ မသိချင်ပါနဲ့ဆိုပြီး မဖြေဖြစ်ဘူး။ အကျိုးထူးမှာလဲ မဟုတ်ဘူးလေ'

ဟု ပြောရင်း ဆရာကြီးမှ သူ့ဖြစ်စဉ်စဆုံးကို အသေးစိတ် ပြောပြခဲ့ပါသည်။

ဆရာကြီးသည် အလွန်ယဉ်ကျေးသူ ဖြစ်ပါသည်။ သူ့သားငယ်အရွယ်ကိုမြင့်နိုင်ကိုလည်း ဆရာလေးဟုပင် ခေါ်ပါသည်။

မြင့်နိုင်ဟု ခေါ်ပါရန် (သို့မဟုတ်) မောင်မြင့်နိုင်ဟု ခေါ်ပါရန် ပြောသော်လည်း မရပါ။ ရှေးလူကြီးတစ်ဦးဖြစ်ပြီး လွန်စွာ သဘောပြည့်ဝ ယဉ်ကျေးသူ ဖြစ်ပါသည်။

ဆရာကြီးသည် သူ့အကြောင်းကို ပြောရန် အားယူသည့် အနေဖြင့် လက်ဖက်တစ်ဖွန်း စားပြီး ရေနွေးတစ်ခွက်သောက်ကာ ပြောပြခဲ့ပါသည်။

[၁]

'ကျွန်တော် အသက်(၁၈)နှစ်မှာ အိမ်ထောင်ကျခဲ့တယ်။ အသက် (၂၀) မှာ ကလေးတစ်ယောက်ရနေပြီ ဆရာ။ ကျွန်တော်က (၁၅)နှစ်သားလောက်ကစပြီး ထွန်ဦးစီး လုပ်ကိုင်လာတာ ဆရာရဲ့။ ကျွန်တော့်မိဘတွေကလဲ လယ်မြေများများ တစ်ဦးတည်းသောသားဆိုတော့ အိမ်မခွဲဘဲ ချစ်ချစ်ခင်ခင် နေခဲ့ကြတယ်ပေါ့ ဆရာ။

မိဘများကလဲ ရတနာသုံးပါး ကြည်ညိုတယ်။ ကျွန်တော်ကလဲ မိဘများ ဆုံးမအတိုင်း နာခံတယ်။ ကျွန်တော်ကိုယ်တိုင်လဲ ရတနာသုံးပါးကို ကြည်ညိုတယ်။ (၅)နှစ်သားလောက်ကနေ (၁၃)နှစ်သားထိ ကိုရင်



ကြီးဘဝနဲ့ နေခဲ့တော့ ဘုရားစာတွေ အကုန်ရတယ် ဆရာ။

မိဘများက တစ်ဦးတည်းသောသားဆိုတော့ မဖြစ်ဘူးလေ။ ဒါကြောင့် လူထွက်ရတာ ဆရာ။ ကျွန်တော့်အလုပ်ကတော့ လယ်ဦးစီးအလုပ်ပေါ့ ဆရာ။ ကျွန်တော်တို့လုပ်ငန်း လယ်ကလဲ စိုက်ချိန်နဲ့ သိမ်းချိန်ပဲ မိုးလင်းမိုးချုပ် အလုပ်ရှုပ်တာ။ ကြားရက်ကတော့ ပုံမှန် အလုပ်ကလေးပဲ ရှိနေတော့ အလုပ်ပြီးချိန် စောတာပေါ့ ဆရာ။

ကျွန်တော်တို့ လယ်ရဲ့ အနောက်ဘက် တောင်ပေါ်မှာ ရှေးဟောင်းစေတီလေးရှိတယ် ဆရာ။ လူသူအရောက်အပေါက်လဲ နည်းတယ်။ တချို့ လယ်သမားတွေက အလုပ်ပြီးတာနဲ့ အိမ်တန်းပြန်ဆိုတော့ အရောက်နည်းတာပေါ့ ဆရာ။

ကျွန်တော်ကတော့ နေ့တိုင်းရောက်တယ်။ တစ်ခုပဲ ပြောစရာရှိတယ်။ စိုက်ချိန်၊ သိမ်းချိန်ဆို မိုးချုပ်လို့ မသွားနိုင်ခဲ့ဘူး။ ကျန်တဲ့ ရက်တွေကတော့ ပုံမှန်ရောက်တယ်။ ရေဘူးထဲက ရေနဲ့ ပန်းဆိုတာကလဲ တောပန်းပေါ့ ဆရာ အမြဲ သွားလှူဖြစ်ပါတယ်။

တစ်ခါတစ်ရံ ပုတီးတောင် ထိုင်စိပ်နေသေးတယ် ဆရာ။

တစ်နေ့မှာ ညနေပိုင်း အလုပ်ပြီးတော့ ဘုရားပေါ် တက်တာပေါ့။ ပန်းလှူ၊ ရေချမ်းလှူ၊ ဘုရားရှိခိုးပြီးတာနဲ့ ပြန်ဖို့ ထလိုက်တော့ ကျွန်တော့်ကျောနောက်က "လူလေး"ဆိုပြီး အသံကြားတာနဲ့ လှည့်ကြည့်လိုက်တော့ ဘုန်းကြီးအိုကြီး တစ်ပါး တွေ့ရတယ်။ မျက်နှာတော်က ကြည်လင်တယ်။

"အရှင်ဘုရား ဘယ်က ကြွလာတာပါလဲ ဘုရား"

လို့ လျှောက်တော့...

"လူလေးဆီ လာတာပဲ။ လူလေးက ရတနာသုံးပါး ကြည်ညိုတယ်၊ မိဘစကားနားထောင်တယ်။ ဒါကြောင့် ဆေးကုသတဲ့ ပညာ သင်ပေးရအောင် လာခဲ့တာ"

လို့ ပြောတော့ ဝမ်းသာသွားတာပေါ့။ လူကလဲ သန်တုန်းမြန်တုန်းဆိုတော့ စိတ်အားထက်သန်တာပေါ့ ဆရာရယ်။ နောက်ပြီး ပြောသေးတယ်။

"အခကြေးငွေ တတ်နိုင်သူကို အခကြေးငွေ ယူ၊ မတတ်နိုင်ရင် မယူနဲ့ လူလေး"

ပြောပြီး ဘဘုန်းကြီးက ငှက်ပျောသီးတစ်လုံး ကျွေးတယ်။ ကျွန်တော်လဲ စားလိုက်တယ်။ စားပြီး အင်အားတွေ ပြည့်ဝပြီး လန်းဆန်းလာတယ်။ ဆာစိတ်လဲ ပျောက်သွားတယ် ဆရာလေး။

စားပြီးတဲ့နောက် ဘဘုန်းကြီးက မျက်စိမှိတ်ထားခိုင်းတော့ မှိတ်လိုက်တယ်။ ကျွန်တော်ကလဲ နားထောင်ပြီဆိုတော့လဲ တစ်သဝေမတိမ်းဘဲ ဆရာ။ မျက်စိလဲ မှိတ်လိုက်ရော ဘဘုန်းက လက်ကို ဆွဲပြီး လေထဲ မျောနေသလိုပဲ အသည်းတအေးအေး မဟုတ်ဘူး ငြိမ့်ငြိမ့်လေး ဆရာ။

"ကဲ ဖွင့်တော့" ဆိုမှ ဖွင့်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com

မျက်လုံးကို ဖွင့်လိုက်တယ် ဆိုရင်ပဲ အမြင်ဆန်းတွေ မြင်ရတော့တာပဲ ဆရာ။ များပြားလိုက်တဲ့ လူတွေ ဝိဇ္ဇာဘုန်းကြီးတွေ၊ ဇော်ဂျီတွေ၊ အညိုဝတ်တွေ၊ အဖြူဝတ်တွေ၊ ဆံကျစ်ရသေ့ စုံလို့ပါပဲ ဆရာ။ အင်မတန် စိမ်းစို ညို့မှိုင်းတဲ့၊ တောင်ပတ်လည် ဝိုင်းရံထားတဲ့ နယ်ပယ်အတွင်းမှာပါ ဆရာ။ ဆေးကျိုနေတဲ့ သူ၊ သမာဓိ ထူထောင်နေတဲ့သူ၊ ဆေးအိုး လုပ်နေတဲ့သူ များစွာပါပဲ။

အဲဒီမှာ ကျွန်တော့်ကို ခေါ်လာတဲ့ ဘဘုန်းက ပိတ်ဖြူဝတ် ဆံရှည်အဘကြီးဆီမှာ ကျွန်တော့်ကို အပ်တော့တာပါပဲ။ ဆံရှည်ဘကြီးက ကျွန်တော့်ကို ဆေးပင် နာမည်နဲ့ ဆေးဖော်နည်း အဆင့်ဆင့်ကို နေ့စဉ် သင်ကြားပေးတယ်။ နောက်မှ ကသပုံ အဆင့်ဆင့် ထပ်မံ သင်ကြားပါတယ်။ ကျွန်တော့်ဉာဏ်တွေကလဲ ထူးခြားပြီး အားလုံး မှတ်မိနေတယ် ဆရာ။

ဆေးပညာတွေ တတ်မြောက်ပြီးတော့ ဆံရှည်ဘကြီးက ကျွန်တော့်ရင်ဘတ်ကို လက်ဖဝါးအစုံနဲ့ သုံးချက်တွန်းပြီး **"အထက်ဆရာများရဲ့ စွမ်းအားတွေ သင့်ကို ပေးတယ်"**လဲ ဆိုရော ကျွန်တော့်တစ်ကိုယ်လုံး ကျဉ်တက်သွားတာပါပဲ ဆရာ။ ပြီးတာနဲ့ ဆံရှည်ဘကြီးက...

"လူလေး မင်း အထက်လမ်း ဆေးဆရာတစ်ဦး ဖြစ်သွားပြီ။ မင်းလက်နဲ့ ဖော်တဲ့ဆေး သိပ်အစွမ်းထက်ပြီး အောက်လမ်းပညာတွေကိုလဲ မင်းနိုင်ပြီ ဖို့တပည့်"

ဆိုပြီး ပြောတော့ ကိုယ့်လက်ကို ကိုယ်ကြည့်ပြီး မယုံနိုင်အောင်ကို ဖြစ်သွားတယ် ဆရာ။

နောက်ပြီး မှာသေးတယ်၊ မကောင်း



တဲ့ ပညာသည်တွေကို ဆုံးမရာမှာ တစ်ချက်ရိုက်ပြီး ဆုံးမရမယ်တဲ့ ဆရာ။ နှစ်ချက်ရိုက်ရင် အဲဒီပညာသည် သေမယ်တဲ့။ ဒါကြောင့် တစ်ချက်ပဲ ရိုက်ရမယ်တဲ့ ဆရာ။

ကျွန်တော့်ကို ပြန်ခွင့်ပေးတော့မယ် ဆိုတော့ ပျော်တာပေါ့ဆရာ။ ပထမဆုံး ကျွန်တော့်ကို ခေါ်လာတဲ့ ဘဘုန်း ပြန်ရောက်လာတယ်။

"လူလေး မင်း ကတိပေးရမယ်။ အောက်လမ်းပညာသည်တွေကို လုံးဝ မသတ်ပါဘူးဆိုတဲ့ ကတိ ပေးပါ လူလေး။ မင်းကြောင့် ဘယ်ပညာသည်မှ မသေစေရဘူး။ ဘယ်လောက် ကြမ်းတဲ့ ပညာသည်ဖြစ်ပါစေ သတ်မပစ်ရဘူး လူလေး"

လို့ ဘဘုန်းက ပြောတော့ ကျွန်တော် ကတိပေးခဲ့တယ်။ မသတ်ပါဘူးလို့။ နောက် ထပ်ပြီး ကျွန်တော့်ကို ဆေးပညာတွေ သင်ပေးတဲ့ ဆံရှည်အဘကလဲ ပြောတယ်။

"လူလေး မင်းကတိပျက်ရင် မင်းမျက်လုံး နှစ်လုံး ပေးရမယ်နော်။ မင်းကို အတင်းမသတ်ချင်ဘူး။ အပြစ်မဖြစ်အောင် လုပ်ပါ လူလေး"

လို့ ပြောပြီး ကျွန်တော်လဲ ပြန်ဖို့ စိတ်စောနေခဲ့တယ်။ ဘဘုန်းက ကျွန်တော့်လက်ကို ဆွဲပြီး မျက်စိမှိတ် ဆိုတော့ မှိတ်တာပေါ့။ အလာတုန်းက အတိုင်းပါပဲ ဆရာ။ "ကဲ ရောက်ပြီ ဖွင့်"ဆိုတော့ ကျွန်တော့်လယ်နားက ဘုရားမှာ ကျွန်တော် ပြန်ရောက်နေတယ် ဆရာ။

[၂]

ကျွန်တော်လဲ ဘုရားကို ဦးသုံးကြိမ်ချပြီး ပြန်လာခဲ့တယ်။ အိမ်ရောက်တော့ အမေနဲ့မိန်းမက ကျွန်တော့်ကို ဖက်ဖက်ပြီး ငိုပါလေရော။ ကျွန်တော့်ကို ဆွမ်းတောင် သွတ်ပြီးပြီတဲ့။ ကျွန်တော်ကလဲ အကျိုးအကြောင်း အမှန်အတိုင်း ရှင်းပြရတာပေါ့ဆရာရယ်။

ကျွန်တော့်အဖေကလဲ ဝမ်းသာလွန်းလို့ မျက်ရည်တွေတောင်ကျတယ် ဆရာ။ ငှက်ပျောသီးတစ်လုံးပဲ စားခဲ့ရတဲ့ကျွန်တော် ဗိုက်ဆာလာတာ အိမ်ရောက်မှပဲ အမေတို့က ထမင်းခူးခပ်ကျွေးနဲ့ တစ်အိမ်လုံး ပျော်နေကြတာပေါ့ဆရာ။

ကျွန်တော် ပျောက်သွားတာ ငါးလလောက်ရှိနေပြီတဲ့ဆရာ။ တခြားသူတွေကိုတော့ ဖွင့်မပြောဘူး။ ပြောလဲ ယုံမှာမဟုတ်ဘူးလေ။ ဒါကြောင့် ဆေးကုပညာ သွားသင်နေတာပါလို့ သာမန်ပဲ ပြောခဲ့တယ်ဆရာ။

အဲဒီကတည်းကနေ ဆေးကုလိုက်တာ နှစ်ပေါင်း(၃၀)နီးပါးပါပဲဆရာ။ ပင့်ခေါ်ရင်လဲ လိုက်ကုတယ်။ အိမ်မှာလာကုလဲ လက်ခံတယ်ပေါ့ဆရာ။ လူနာပေါင်းများစွာကို ကုသခဲ့တယ်။

ပျောက်ကင်းတယ်၊ ရွေး... မကောင်းလို့ ပျောက်ကို မပျောက်... လူနာကျ ရွေးဘဝက ပြုခဲ့တဲ့... ဘဝ ပြန်ခံရတာဆိုရင်တော့ လ... လျှော့ရတာပေါ့။ ဒါပေမယ့် ကျွန်တော်...

www.burmeseclassic.com



ကုသမှု လူနာအားလုံးထဲက တစ်ယောက်စ နှစ်ယောက်စပဲ မရတယ်။ ကျန်တဲ့လူတွေအားလုံးကို ပျောက်ကင်းသွားအောင် ကုနိုင်ခဲ့တယ် ဆရာ။ ဒါကြောင့် ဒီနယ်တစ်ဝိုက်မှာ နာမည်ရတာပေါ့ ဆရာရယ်။

ကျွန်တော် ဆုံးမလိုက်လို့ အသိတရားရလာတဲ့ ပညာသည်ဆို ပညာလာပြီး လှူတာ မနည်းဘူးဆရာ။ တချို့ကျတော့လဲ ကျွန်တော့်ကို ကြောက်လို့သာ သူများကို ပြုတာရုပ်လိုက်တာ ပညာကတော့ သိမ်းထားသေးတယ်လေ မလှူဘူးပေါ့။ တချို့ ပညာသည်တွေကျ အသိတရားရပြီး အပြီးတိုင်ကို ကျွန်တော့်ကို လှူတာ။

တစ်နေ့မှာပေါ့ဆရာ ယောနယ်ဘက်က အဘိုးကြီးတစ်ယောက် ရောက်လာတယ်။ သူ့သမီးရဲ့ တစ်ဦးတည်းသော သားလေးဟာ ပညာသည်တွေကြောင့် ဝေဒနာခံစားနေရတာပြောတော့ လိုက်သွားပြီး တိုတိုပြောရရင် ကုသပေးရင်း လက်ဝါးနှစ်ချက် သုံးမိသွားတယ်ဆရာ။ ဒီလိုနဲ့ ကုသပြီးလို့ အိမ်ကိုပြန်လာတယ်။

ကျွန်တော် အိမ်ရောက်တယ်ဆိုရင်ပဲ အဖေနဲ့အမေကို သွားတွေ့တယ်။ သွားတွေ့တယ်ဆိုတာက မိဘတွေကို ခေါင်းရင်းက ပျဉ်ထောင်အိမ်လေးမှာ ပြုစုသူ မိန်းကလေးနှစ်ယောက်နဲ့ ထားတယ်။ အသက်တွေကလဲ ကြီးလှပြီ မဟုတ်လား။

ကျွန်တော့်အတွက် မိဘတွေ စိတ်ဒုက္ခမရောက်စေချင်ဘူးလေ။ နောက်ပြီး ချက်ချင်းမဟုတ်တောင် အေးအေးမှ ပြောပြသင့်လဲ ပြောပြမယ်လို့ပဲ ထားလိုက်တယ်။

အမျိုးသမီးတော့ ပြောပြလိုက်တယ်။ ငိုလိုက်တာ တက်မတတ်ချက်မတတ်ကြီးပါပဲ ဆရာရယ်။ ကျွန်တော်လဲ အမျိုးသမီးကို သေချာမှာရတာပေါ့။

အိမ်အောက်ကစောင့်နေ၊ အိမ်ပေါ်ကို. မတက်ခဲ့နဲ့။ ဘယ်သူလာလာ၊ ဘယ်သူမေးမေး မပြောနဲ့။ ဒီနေ့ ဆရာကြီးတွေ လာမှာဆိုပြီး ရေချိုးထမင်းစားပြီး အခန်းတံခါးပိတ် စောင့်နေခဲ့ပါတယ်ဆရာ။

ကျွန်တော့်မှာ ခေါင်းလောင်းလေးတွေ ရှိတယ်။ လူနာတွေဆေးကုရင် ခေါင်းလောင်း(၃)လုံးကို အလှည့်ကျတီးပြီး ကုတယ်ဆရာ။ ဒါကြောင့် ကျွန်တော့်အမျိုးသမီးကို ခေါင်းလောင်းသုံးလုံး တစ်လှည့်စီတီးပြီး ခေါ်မှ အိမ်ပေါ်တက်ခဲ့ပါလို့ ပြောပြီး မှာခဲ့သေးတယ်။

[၃]

ကျွန်တော်လဲ ခရီးပန်းလာတာကြောင့် မှေးခနဲ တစ်ချက် အိပ်ပျော်သွားတယ်။ ဘုန်းကြီးကျောင်းဆီမှ တစ်နာရီ သံချောင်းခေါက်သံနဲ့အတူ နိုးလာတယ်။ အခန်းထဲမှာ ပိန်းပိတ်မှောင်နေသလိုပါပဲဆရာ။

နောက်ပြီး ချက်ချင်း ရုတ်တရက် လျှပ်စစ်မီးလို ဝင်းထိန်ပြီးလာပါတယ်။ ကျွန်တော်သိလိုက်ပါတယ်၊ ကျွန်တော့်ဆရာကြီးတွေ ရောက်နေပြီဆိုတာကိုပေါ့။ ကျွန်တော့်အနေနဲ့ ကတိပျက်သွားခဲ့တာပဲ ဆရာရယ်၊ ကျွန်တော် ဒဏ်ခတ်ခံရမှာပေါ့။

ကျွန်တော် ယောကျ်ားစစ်စစ်ပါ ဆရာ။ ဆိုခဲ့စေ မြဲစေပါပဲ။ ကျွန်တော် ကတိပျက်ချင်တဲ့ ရည်ရွယ်ချက် မရှိပါဘဲ ပျက်ခဲ့ရတယ်။ မှားပြီးသားကို ပြင်လို့မှမရတာ။

တစ်ခုတော့ တတ်နိုင်တယ်။ ကတိပျက်ကွက်မှုအတွက် ပေးအပ်တဲ့ အထက်ဆရာများ အပြစ်ဒဏ်ကို ကျေကျေနပ်နပ်ကြီး ခံယူဖို့ပေါ့ဆရာရယ်။

"လူလေး မင်းကို ဒဏ်ခတ်ရလိမ့်မယ်။ မင်း ကတိမတည်ဘူးကွယ်"

လို့ အဘဆံရှည်ဆရာ ပြောသံကို နားထောင်ရင်း လူနာပေါင်းများစွာ ကယ်ဖို့ ပညာသင်ခဲ့တဲ့ ဆရာသခင်ကို ကန်တော့ခဲ့တယ်။ ပညာသင်အောင် ခေါ်ခဲ့၊ ပို့ခဲ့တဲ့ ဘဘုန်းကိုလဲ ကန်တော့တယ်။ ဘဘုန်းကပြောတယ်။

"လူလေး မင်း ဝမ်းနည်း

www.burmeseclassic.com

ဆိုတာ အသက်နဲ့တောင် ရင်းရတာတွေ ရှိတယ်။ ရတနာသုံးပါး မမေ့နဲ့။ ဘတို့လမ်းလိုက်ချင်ရင် သမာဓိထူထောင် ဂုဏ်တော်ပွား။ ဘတို့နဲ့ မနောချင်း ဆက်လို့ရတယ်။ ဘတို့တစ်တွေက နောင်ပွင့်မယ့်ဘုရားကို စောင့်ဖူးပြီးမှ နိဗ္ဗာန်ကူးမှာကွယ့်။ ဒါက လူလေးသဘောပါ။ ဝိပဿနာပဲ လုပ်ချင်တယ်ဆိုရင်လဲ လုပ်ပါကွယ်”

ပြောပြီး ကျွန်တော့်ခေါင်းကို ညင်သာစွာ သုံးချက် ပွတ်သပ်ပါတယ်။ ကျွန်တော့်ကို အဘဆံရှည်က သူ့မျက်နှာဘက် ကျောပေးရပ်ဖို့ ပြောတာနဲ့ ကျောပေးရပ်လိုက်တယ်ဆိုရင်ပဲ ကျောကို လက်ဝါးနဲ့ ခပ်ဆတ်ဆတ် သုံးချက် ပုတ်ချလိုက်ပါတယ်။

ကျွန်တော့်မှာရှိတဲ့ အားအင်တွေ ဆုတ်ယုတ်သွားသလိုပဲ။ ပညာတွေ ပြန်နုတ်ယူသွားတာလေ။ ကျွန်တော် ဆေးကုခွင့် မရှိတော့ဘူး။ ရာသက်ပန်ပါပဲ။

မျက်နှာချင်းဆိုင် ပြန်လှည့်နိုင်းလို့ လှည့်လိုက်တော့ မျက်စိမှိတ်ခိုင်းပါတယ်။ ပြန်ဖွင့်ခိုင်းတော့ အမှောင်အတိပါပဲ။ ဘာမှ မမြင်ရတော့ဘူး။ ထူးခြားတာက မနာဘူး၊ သွေးစသွေးန လုံးဝ မထွက်ဘူးဆရာရယ်။ ဆရာသခင်တွေ ညှာတာလဲ ဖြစ်နိုင်ပါတယ်ဆရာ။

တံခါးချက်က သူ့အလိုလို ပွင့်သွားပါတယ်။ ဆရာတွေ ဖွင့်ခဲ့တာ နေမှာပေါ့ဆရာ။ ကျွန်တော် ထစမ်းပြီး တံခါးစမ်းတော့ ပွင့်နေပြီ။ ဒါကြောင့် ကျွန်တော်လဲ ခေါင်းလောင်းသုံးလုံးကို အလှည့်ကျ တီးလိုက်ပါတယ်ဆရာ။

ခေါင်းလောင်းသံ မရှေးမနှောင်းမှာပဲ ကျွန်တော့်အမျိုးသမီး တက်လာပြီး ကျွန်တော့်ကိုဖက်ပြီး ကြုံကြုံပါအောင် ငိုပါတယ်။ ကျွန်တော်ကိုယ်တိုင်လဲ



စိတ်ထဲမှာ တစ်မျိုးပဲဆရာ။ လင်းရာက ချက်ချင်း မှောင်သွားတာဆိုတော့ မနေတတ်ဘူးဆရာရယ်။

အသက်ကလဲ ကြီးနေပြီလေဆရာ။ နေဖို့နဲ့သေဖို့ သေဖို့များပါတယ်ဆိုပြီး ဖြေရတာပေါ့ဆရာရယ်' ဟု ရှင်းပြပြီး ရေနွေး ဆက်သောက်ခဲ့ကြသည်။

'ကျွန်တော်လဲ မျက်စိအလင်း မရ ဖြစ်ပြီးနောက်ပိုင်း ဝိပဿနာပဲ တစ်စိုက်မတ်မတ် လုပ်ခဲ့တယ်ဆရာ။ ဘာတွေမှ ကြာရှည်မမြဲဘူးဆိုတာ နားလည်သွားတယ်။ ဘာစွမ်းအား၊ ဘာတန်ခိုးမှလဲ ကြာမြဲစွာရှိမှာ မဟုတ်ဘူး။ တစ်နေ့နေ့တော့ ပျက်စီးမှာပဲလို့ အသိတရားရပြီး ဝိပဿနာလမ်းကိုပဲ တည့်မတ်စွာ လျှောက်ခဲ့တယ်ဆရာ။

ခန္ဓာဆင်းရဲလွတ်တာ ဝိပဿနာပဲလေ'ဟု ဆရာကြီး ဦးစိန်ဗလ ရှင်းပြသည်ကို သေချာ နားစိုက်ထောင်ရင်း ပညာရှင်များ ဘဝ၏ လောကခံကို စဉ်းစားရင်း သံဝေဂ ယူမိနေပါတော့သည်။ ကိုမြင့်နိုင်လည်း ထိုည မအိပ်ဖြစ်တော့ဘဲ ဆရာကြီးအနားမှာ မိုးလင်းထိုင်ခဲ့သည်။

* * *

ဤသည်မှာ ကျွန်မအဖေ ပြောပြသော ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ပုဒ်ဖြစ်သည်။ ဆရာကြီးအိမ်မှာနေ၍ ကျောင်းဆရာဘဝနှင့်ပင် ကျွန်မအမေနှင့် အကြောင်းပါခဲ့ခြင်းဖြစ်သည်။

အဖေနှင့်အမေ အကြောင်းပါပြီး ထိုရွာမှာပဲ ကျွန်မတို့မောင်နှမတစ်တွေကို မွေးဖွားခဲ့သည်။ ကျွန်မ မမီလိုက်သော ဆရာကြီး ဦးစိန်ဗလကို ကျေးဇူးများစွာ တင်မိပါသည်။

ကျွန်မအဖေဖြစ်မည့် ဆရာကိုမြင့်နိုင်ကို လက်ခံကျွေးမွေးထားသောကြောင့် ကျွန်မအဖေ ဦးမြင့်နိုင်ဖြစ်ခဲ့ရသည်။

ယခု ဆရာကြီး အိမ်ဝိုင်းအတွင်းမှ ထွက်ပေါ်နေသော မီးလုံးများသည် ဆရာကြီး အလှူခံထားသော ပညာသည်များ၏ မီးလုံးများလား၊ ပိုင်ရှင်မဲ့ လျှောက်သွားနေကြသလား ဆိုသည်ကိုတော့ ကျွန်မ အတိအကျ မပြောနိုင်ပါ။ အထင်နှင့်အမြင်သာ ပြောခြင်းဖြစ်ပါသည်။

မြေကြီးထဲမှာ မီးစုန်းဓာတ်ရှိ၍ မီးလုံးထွက်တာလားဆိုသည့် လား ပေါင်းများစွာထဲက တစ်စုံတစ်ခုတော့ သေချာမှုရှိမည် ဖြစ်ပါသည်။ အတိအကျ မသိပါ။

ယခု မီးလုံးပေါ်နေသော အိမ်ဝိုင်းနှင့် နောက်ခံ သမိုင်းကြောင်းကိုသာ အတတ်နိုင်ဆုံး ဆက်စပ်ဖော်ပြခြင်း ဖြစ်ပါသည်။ ကမ္ဘာလောကကြီးတွင်လည်း ကျွန်မမသိသော ဖြစ်ရပ်ပေါင်း များစွာ ရှိပေလိမ့်မည်။ ထိုအထဲမှ ကျွန်မကြားသိထားခဲ့ဖူးသော ဖြစ်ရပ်တစ်ခုကို ကြိုးစား ရေးသား ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

**တပသီ**



www.burmeseclassic.com

www.burmeseclassic.com

# ပုတီးကျင့်စဉ်နှင့်

## ပဋ္ဌာန်းဒေသနာတော်



တက္ကသိုလ် ဘုန်းနိုင်

ပဋ္ဌာန်းဒေသနာတော်ကို ရွတ်ဖတ်ပူဇော်သင့်သည်ကို နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတွင် ပဟောဠိသဖွယ် မကြာခဏ ရေးသားဖော်ပြထားသည်ကို ဖတ်ရှုလိုက်ရသည်။

စာရေးသူအနေဖြင့် ပဋ္ဌာန်းဒေသနာတော်ကို ရွတ်ဖတ်ပူဇော်သင့်,မသင့် အကြံပြုခြင်း မဟုတ်သော်လည်း တွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်များနှင့် အဖြေညှိနိုင်းရန် ရေးသားဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

တက္ကသိုလ် ကျောင်းဂက်စဉ်က စာရေးသူကဲ့သို့ပင် ပုတီး စွဲစွဲမြဲမြဲ စိပ်တတ်သော သူငယ်ချင်းနှစ်ယောက် ရှိသည်။ သူငယ်ချင်းသုံးဦး ဆုံကြပြီး ဘုရားများတွင် သွားရောက် ပုတီးစိပ်တတ်၏။

ခရိုင်ကျောင်းသား အသင်းဖွဲ့များ ပျော်ပွဲစားထွက်လျှင် လိုက်ပါတတ်ပြီး ဘုရားတွေ့လျှင် ပုတီးစိပ်တတ်စမြဲတည်း။ ကျောင်းနေ သူငယ်ချင်းများက စာရေးသူတို့ သူငယ်ချင်းသုံးဦးကို "ဘိုးတော်များ"ဟု ချစ်စနိုး နောက်ပြောင်ကျီစယ်ကြသည်။

သူငယ်ချင်းသုံးယောက်မှာ ပုတီး အတူစိပ်ကြသော်လည်း ပုတီးစိပ်ပုံ အယူအဆ မတူညီကြပါ။ တစ်ယောက်က ဂုဏ်တော်ကိုးပါးကို တစ်လုံးကျစီဖြင့် ကိုးပတ်စိပ်၏။ တစ်ယောက်ကမူ ဂုဏ်တော်ကွန်ချာ ပုတီးစိပ်နည်းဖြင့် ပုတီးကိုးပတ်စိပ်၏။

စာရေးသူကမူ ရက္ကန်းစင်တောင် ဆရာတော် ဦးသြဘာသ၏ ပုတီးစိပ်နည်းဖြင့် ကိုးပတ်စိပ်ရသည်။ လျှောက်လှမ်းသောလမ်းမှာ မတူကြပါ။ သို့ရာတွင် သမာဓိပန်းတိုင်ကို အတူရောက်ကြ၏။ ထူးခြားမှုများ တွေ့ရှိပါက တစ်ယောက်နှင့်တစ်ယောက် တိုင်ပင်နှီးနှော၍ အသိချင်း ဖလှယ်ကြသည်။

ကျောင်းပြီးသွားသောအခါ လုပ်ငန်းခွင်သို့ ကိုယ်စီဝင်ကြသည်။ တစ်ယောက်က ပညာရေးဌာနတွင် အလုပ်ဝင်ပြီး၊ တစ်ယောက်ကမူ လူမှုဖူလုံရေးဌာန တွင်အလုပ်ဝင်ကြသည်။ စာရေးသူက စာရင်းရုံး(ယခု စာရင်းစစ်ချုပ်ရုံး)တွင် အလုပ်ဝင်သည်။ အလုပ်ဝင်ပြီးသောအခါ ပုတီးစိပ်ချိန် ပိုရသည်။ သူငယ်ချင်းသုံးဦး မကြာခဏ ဆုံ၍ ဘုရားတွေမှာ အဓိဋ္ဌာန်ပုတီး စိပ်ဖြစ်ကြ၏။

တစ်နှစ်ခန့်ကြာသောအခါ သူငယ်ချင်းများနှင့် တွေ့ဆုံသည့်အခါ သမထလုပ်ငန်း၏ အောင်မြင်မှုအဆင့်ကို လေ့လာဆည်းပူးမိ၏။ ဂုဏ်တော်ကိုးပါးကို အဓိဋ္ဌာန်ဖြင့် တစ်နေ့လျှင် ကိုးပတ်ကျစိပ်သော သူငယ်ချင်းက အတွေ့အကြုံကို အောက်ပါအတိုင်း ပြောပြလာသည်။

အိပ်မက်နိမိတ်များ ထူးခြားလာကြောင်း၊ နှစ်လုံး,သုံးလုံး ချဲထီနံပါတ်များကို မကြာခဏ မက်တတ်ကြောင်း ပြောပြသည်။ ဓာတ်ရောနတ်ပါ အစုံလုပ်သဖြင့် ကြိုတင်နိမိတ်များ အတိအကျ ရတတ်၏။

ဥပမာ အိပ်မက်ထဲတွင် ပါတိတ် ဝမ်းဆက်ဝတ်ထားပြီး ပုသိမ်ထီး ဆောင်းထားသော အစ်မဖြစ်သူကို မြင်မက်ရာတွင် နောက်တစ်နေ့၌ အိပ်မက်ထဲတွင် တွေ့သော အရောင်အသွေးနှင့် ပုံစံအတိုင်း တစ်ထပ်တည်း တွေ့ရသည်။

မြောင်းထဲတွင် လူလေးယောက် မှိုနုတ်နေသည်ကို မြင်မက်သောနေ့၌ ချဲထီ(၉၄၅)ထွက်လာ၏။ တစ်ခါတစ်ရံတွင် ချဲထီဂဏန်းများကို ရသေးကြီး တစ်ပါးက ကျောက်သင်ပုန်းပေါ်တွင် မြေဖြူဖြင့် ရေးပြနေတတ်သဖြင့် ချဲဘိုးတော်ဟု နာမည်ကြီးလာသည်။ ပုဂ္ဂိုလ်တစ်ဦးက အသေအချာ စောင့်ရှောက်လျက်ရှိကြောင်း ပြောပြလာပါသည်။

ပညာရေးဌာနနှင့် လောင်းကစားသည် မသင့်တော်သော်လည်း ဓာတ်ကြောင့်လား၊ နတ်ကြောင့်လားမသိ အကျိုးပေးကောင်းသဖြင့် စီးပွားဥစ္စာများ တိုးတက်နေကြောင်း ကိုယ်တွေ့





www.burmeseclassic.com

www.burmeseclassic.com

ပင် ဖြစ်ပါသည်။

ဂုဏ်တော်ကွန်ချာကို အဓိဋ္ဌာန်ဖြင့် ကိုးပတ်နေစဉ်စိပ်သော လူမှုဖူလုံရေး အဖွဲ့မှ ဝန်ထမ်းသူငယ်ချင်းက ပြောပြရာတွင် ထိုသို့ အိပ်မက်နိမိတ်များ မရဘူးသေးကြောင်းနှင့် ဓာတ်လည်း မစီးသေးကြောင်း...

သို့ရာတွင် ဓာတ်စီးသကဲ့သို့ နှုတ်ဖျားမှ ထွက်သွားသော စကားများသည် ထူးဆန်းတိုက်ဆိုင်စွာ မှန်ကန်နေတတ်၏။ တစ်ခါတစ်ရံတွင် မပြောလိုသော စကားများ ပြောထွက်လာ၏။

သူငယ်ချင်းသည် ဗေဒင်ပညာကို ဝါသနာပါ၍ လိုက်စားထားသဖြင့် ဗေဒင်ဟောရာတွင် အထောက်အကူ ပြုနေပါသည်။ အဟောအပြောများ မှန်ကန်နေသဖြင့် တချို့သော မိတ်ဆွေများက အကြားအမြင် ရနေပြီဟု ထင်မြင်ချက်ပေးကြ၏။

ဆရာတစ်ဦး၏ ပြောပြချက်အရ သူငယ်ချင်းအား ယခင်ဘဝက ဖခင်ဖြစ်သူက စောင့်ရှောက်စောင်မနေကြောင်း သိရသည်။ သူငယ်ချင်းမှာ ဗေဒင်ပညာဖြင့် နာမည်ရ ကြီးပွားနေပါသည်။

စာရေးသူ၏ အတွေ့အကြုံကို ပြောရလျှင် ရက္ခန်းစင်တောင်ဆရာတော် ဦးသြဘာသ၏ ပုတီးစိပ်နည်းကို တစ်ကြိမ်လျှင် ပုတီးကိုးပတ်ပြည့်အောင် စိပ်ပါသည်။ တစ်နေ့လျှင် သုံးကြိမ်စိပ်၏။ ကျောင်းသားဘဝမှာပင် ဓာတ်တွေ စီးလာသည်။ ပုဂ္ဂိုလ်အစုံ ကြွလာကြသည်။ တရုတ်၊ ကုလား၊ ရှမ်း၊ မြန်မာ စကားအစုံ ပြောကြ၏။

ပုဂ္ဂိုလ်အစုံ ဆိုသည်မှာ လမိုင်းများလည်း ပါလာတတ်ပါသည်။ အမျိုးမျိုး ညွှန်ကြားချက်ပေးတတ်၏။ နှာသီးဖျား



မှ ဝင်လေထွက်လေကို အသိကပ်ပြီး အာနာပါနသတိဘာဝနာကို (၁၅) မိနစ် ပြုလုပ်သည့်အခါ အကျင့်ရလာသောအခါ ပုဂ္ဂိုလ်များ မချဉ်းကပ်ကြတော့ပါ။

သူငယ်ချင်းသုံးယောက် ဆုံကြသော နေ့တစ်နေ့တွင် ရွှေတိဂုံစေတီတော် ရင်ပြင်၌ မဟာပဋ္ဌာန်းပူဇော်ပွဲ ကျင်းပနေ၏။ သုံးဦးသား ဝင်ရောက်နာယူ ကြည်ညိုကြပြီးနောက် ပဋ္ဌာန်းဒေသနာတော်အကြောင်းကို တိုင်ပင်ဆွေးနွေးမိကြသည်။

ဘုရားရှင်သည် ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်တော်မူပြီး စတုတ္ထမြောက် သတ္တာဟ၌ စံနေတော်မူစဉ် အဘိဓမ္မာ (၇)ကျမ်းကို သုံးသပ်ဆင်ခြင်တော်မူခဲ့ပါသည်။ သတ္တမမြောက်ဖြစ်သည့် ပဋ္ဌာန်းဒေသနာတော်ကို ဆင်ခြင်တော်မူသောအခါတွင် သဗ္ဗညုတဉာဏ်အစွမ်းသည် အံ့မခန်း ပွင့်လန်းခဲ့သည်။ ရောင်ခြည်တော် ခြောက်သွယ်တို့သည် ကိုယ်တော်မှ ကွန့်မြူးခဲ့ပါသည်။

ပဋ္ဌာန်း ဒေသနာတော်ကြီးသည် သိမ်မွေ့နက်နဲကြီးကျယ်သော တရားဖြစ်ပြီး တန်ခိုးကြီးသည့် နတ်ဗြဟ္မာများ ရှိသေမြတ်နိုးသည့် တရားဖြစ်သည်။ သာသနာ တည်တံ့ခိုင်မြဲရေး အတွက် ရှေ့တန်းခံတပ်ကြီးလည်း ဖြစ်ပါသည်။

ပဋ္ဌာန်းပစ္စယုဒ္ဒေသနှင့် ပစ္စယနိဒ္ဒေသ တို့ကို ရွတ်ဖတ်ပူဇော်ခြင်းအားဖြင့် အ မလင့်စေဘဲ ကောင်းကျိုးချမ်းသာများ ကို ပေးစွမ်းနိုင်ပါသည်။ ယင်းပြ ရင်ဆိုင်ကြုံတွေ့ရသည့် ဘေးအန္တရာယ် များ၊ ကျရောက်လတ္တံ့သော ဘေး အန္တရာယ်များကို ကင်းလွတ်စေ သည်။

အပြစ်ကင်း၍ ကောင်းကျိုးပွားများ စေသည့် ဆောင်ရွက်ချက် ကိစ္စအ တို့ ပြီးစီးအောင်မြင်၍ အပြစ် မကောင်းကျိုးဖြစ်စေမည့် ကျူးလွန် မျိုးကို ရှောင်လွှဲစေနိုင်သည်။ ကိုယ် စိတ်နှစ်ဖြာ ချမ်းသာအေးမြခြင်း ကျက်သရေမင်္ဂလာအဖြာဖြာ ပြည့် ခြင်း အကျိုးများ ရနိုင်ပါသည်။

သူငယ်ချင်းသုံးဦး တိုင်ပင်ဆွေးနွေး ပြီးနောက် ဤမျှ တန်ခိုးကြီးမားသော ပဋ္ဌာန်းဒေသနာတော်ကို လူတိုင်း ရွတ်ဖတ်သင့်ကြောင်း မှတ်ချက်ပြု ပါသည်။

စာရေးသူတို့ သုံးဦးလည်း နေ့ သုံးခေါက်ကျစီ ရွတ်ဖတ်ပူဇော်ကြ တိုင်ပင်ကြပြီး ခြောက်လအကြာတွ တွေ့ကြုံခံစားရသော အတွေ့အ များကို ပြန်လည် ပြောပြကြ သဘောတူ၍ ဘုရားပေါ်က ဆင်း ကြပါသည်။

ကိုးလမျှ ကြာမြင့်လာသောအခါ သူငယ်ချင်းသုံးယောက် ဘုရားပေါ် ပြန်ဆုံကြပါသည်။ ရွှေတိဂုံစေတီတော် အရှေ့ဘက်ရှိ ဓမ္မစေတီတွင် သုံး သား ပုတီးစိပ်ကြပြီးနောက် ပဋ္ဌာ ဒေသနာတော်ကို ရွတ်ဖတ်ပူ သဖြင့် ရရှိခံစားခဲ့သော အတွေ့ များကို ကိုယ်စီ ရှင်းလင်းပြော ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အိပ်မက်ရသောချဲ ဆရာပညာရေး ဝန်ထမ်းက အိပ်မက်များ ဆိတ်သုဉ်း ပျောက်ကွယ်သွားပြီဖြစ်ကြောင်း၊ ချဲ မပေါက်တာလည်း ကြာပြီဖြစ်ကြောင်း၊ လောင်းကစားနှင့် ကျောင်းဆရာဘဝ လည်း မသင့်တော်သဖြင့် ဝမ်းမနည်း ပါကြောင်း ပြော၏။

စောင့်ရှောက်သော ဓာတ်၊ နတ် ပုဂ္ဂိုလ်များ ပဌာန်းတန်ခိုးကြောင့် ကြက်ပျောက်ငှက်ပျောက် ပျောက်နေ ကြကြောင်းနှင့် တစ်ပါတစ်ရံမှပင် အိပ်မက်နိမိတ်များ မရတော့သဖြင့် ဆန်းကြယ်နေကြောင်း ပြောပြသည်။

သို့ရာတွင် ပဌာန်းဒေသနာကို ပုံမှန် ရွတ်ဖတ်ပူဇော်သဖြင့် မိမိတို့၏ စာရေး ကိရိယာဆိုင်လေးမှာ ရောင်းအား တက်လာသဖြင့် သမ္မာအာဇီဝ ဝင်ငွေ ဖြင့်သာ ကုသိုလ်ဒါန ပြုကြရ၏။

ယခင်က ရပ်ကွက်လူမှုရေးလုပ်ငန်း နှင့် ကင်းကွာနေရာမှ ယခုဆိုလျှင် သမာဓိစွမ်းအားကြောင့် ရပ်ကွက် အသင်းဖွဲ့များတွင် နေရာရလာ၏။ လူမှုရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့် ပြန့် ဆောင်ရွက်နေရပြီဖြစ်ကြောင်း ပြောပြလာပါသည်။

ဗေဒင်ဟောပြောသော သူငယ်ချင်း က ပြန်လည်ပြောပြရာတွင် ပဌာန်း ဒေသနာတော် နေ့စဉ် ရွတ်ဖတ်ပူဇော် ၍ မကြာမီအချိန်မှာပင် နှုတ်မစီးတော့ ကြောင်း၊ စောင့်ရှောက်လျက်ရှိသော ယခင်ဘဝက ဖခင်ဖြစ်သူလည်း ဘယ်ရောက်သွားမှန်း မသိတော့ ကြောင်း ပြောပြသည်။

နှုတ်မစီးတော့သဖြင့် ဗေဒင်ဟော ရာတွင် တိကျမှန်ကန်မှု မရှိတော့၍ ဗေဒင်ဟောသည့် လုပ်ငန်းကိုလည်း စွန့်လွှတ်လိုက်ပြီ ဖြစ်ပါသည်။

သို့ရာတွင် ပဌာန်းဒေသနာတော်ကို



ပုံမှန်ရွတ်ဖတ်ပူဇော်ခဲ့သဖြင့် ကျန်းမာ ရေး၊ ပညာရေး၊ စီးပွားရေးနှင့် သက် ဆိုင်သော ဘုန်းပွင့်ယတြာများကို ထူးခြားစွာ ထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ စီးပွားရေး လုပ်ငန်းများ တိုးတက်အောင် အကြံ ပေးခဲ့ရာ များစွာအောင်မြင်မှု ရရှိခဲ့ သဖြင့် ချဉ်းကပ်သူ များပြားလာခဲ့ ကြောင်း ပြောပြပါသည်။

ကျန်းမာရေးနှင့် ပတ်သက်၍ စိတ် ရောဂါများကို အထူးကုသပေးနေ ကြောင်းနှင့် အလုပ်မှ နုတ်ထွက်ပြီး သာသနာပြုလုပ်ငန်းများကိုပါ လုပ်နေ ကြောင်း ပြောပြပါသည်။ ငယ်သူငယ် ချင်း ကိုစိုးအောင်ကို ယခုအခါ “**အဘ အောင်**”အဖြစ် လူသိများနေပြီ ဖြစ်ပါ သည်။

စာရေးသူအနေဖြင့် ယခင်အခါက ဓာတ်စီးပါသည်။ လမိုင်းများ အပါ အဝင်ပုဂ္ဂိုလ်အစုံ ကြွလာ၏။ အာနာ ပါနသတိဘာဝနာ ပြုလုပ်သောအခါ လမိုင်းများ ဝင်ပူးခြင်း မရှိတော့ပါ။ ပဌာန်းဒေသနာတော်ကို ရွတ်ဖတ် ပူဇော်လာသောအခါ ဓာတ်စီးသော ပုဂ္ဂိုလ်များ လုံးဝ မကပ်တော့ပါ။

အကြံပေးမည့်သူ၊ ခိုင်းစေမည့်သူ မရှိတော့သဖြင့် အစပထမတွင် ဝမ်း နည်းသလိုလို ဖြစ်မိ၏။ နောင်တွင် သမာဓိအား များစွာတိုးတက်လာ ကြောင်း သိလိုက်ရသဖြင့် ဝမ်းသာမိ တော့သည်။

ပဌာန်းဒေသနာတော်သည် မြတ် ဘုရား ဟောကြားခဲ့သော တရားတော် တွင် အလေးနက်ဆုံး၊ အခက်အခဲဆုံး၊ အထူးခြားဆုံး၊ အမြတ်ဆုံး ဖြစ်ပေ သည်။

ကုသိုလ် အကုသိုလ်တရားများ ရုပ်နာမ်တရားများကို သိခွင့်ရပြီး ရုပ် နှင့်နာမ်တို့မှာ မတည်မြဲဘဲ ဖြစ်၊ ပျက်၊ အနိစ္စ သဘောမျှသာဖြစ်ကြောင်း နာမ် နှင့်ရုပ် ပိုင်းခြားသိသော ဉာဏ်ကို ရရှိစေပါသည်။

စာရေးသူသည် ဝိပဿနာ ဘာဝနာ သို့ ကူးပြောင်းလာသောအခါ ပဌာန်း ဒေသနာတော်ကြောင့် လျင်မြန်စွာ တရားထူးကို ရစေခဲ့ပါသည်။

စာရေးသူ တရားမှတ်နေတိုင်း မည်သို့ပင် မှောင်မည်းနေစေကာမူ အလင်းရောင်တန်းကြီးသည် စာရေးသူ အား ဆလိုက်မောင်း ထိုးထားသည့် အလား လင်းထိန်နေ၏။ ဤသို့ ဖြစ် စဉ်မှာပင် ပဌာန်းဒေသနာတော်၏ တန်ခိုးတစ်စိတ်တစ်ဒေသ ပါဝင်နိုင် သည်ဟု ထင်ရပါသည်။

သို့ဖြစ်ပါ၍ အသိဉာဏ်ပညာ ကြီးရင့်စေခြင်း၊ မဂ်ဖိုလ်နိဗ္ဗာန်ရောက် ရာ လမ်းကြောင်း အထောက်အပံ့ဖြစ် စေခြင်း၊ ဘေးဥပဒ် အန္တရာယ်အသွယ် သွယ်ကို ကင်းဝေးစေခြင်းနှင့် ကိလေသာ ကွာရှင်းကြောင်းဖြစ်သော ပဌာန်းဒေသနာတော်ကို စာဖတ်သူ အပေါင်းတို့ ရွတ်ဖတ်ပူဇော်သင့်မသင့် ကို စဉ်းစားချင့်ချိန် ဝေဖန်နိုင်ကြရန် အတွက် ရေးသားဖော်ပြလိုက်ပါသည်။

**တက္ကသိုလ် အဝန်ငယ်**



www.burmeseclassic.com

www.burmeseclassic.com

## နံရံထဲက လက်နှစ်ဖက်

ယခုဖြစ်ရပ်မှာ ကျွန်တော်၏ ကိုယ်တွေ့ မဟုတ်ပါ။ မော်ဘီမြို့နယ် အတွင်းရှိ တရားစခန်းတစ်ခု၌ ၂၀၁၀ ပြည့်နှစ်၊ ဇန်နဝါရီလ(၂၁)ရက်မှ စတင်၍ တစ်လကျော်ကျော် တရားသွားအားထုတ်ရာမှ ထိုတရားစခန်းသို့ ကျွန်တော့်နောက်မှ ရောက်ရှိလာသော ဦးပဥ္စင်း ဦးခေမာစာရ၏ ကိုယ်တွေ့ ဆန်းကြယ်ဖြစ်ရပ်မှန် ဖြစ်ပါသည်။

ဦးပဥ္စင်းမှာ ရွှေပြည်သာမြို့နယ်၊ သီရိရတနာကျောင်းတိုက်မှ တရားစခန်းသို့ လာရောက်ခြင်း ဖြစ်သည်။ ကျွန်တော်နှင့် အိပ်ဆောင် မတူသော်လည်း တရားထိုင်ချိန် ဓမ္မာရုံသို့ အသွားအပြန် အတူတူ သွားသည်၊ လာသည်။ အရုဏ်ဆွမ်း၊ နေ့ဆွမ်း စားသောက်ချိန် အမြဲဆုံသည်။

သွားရင်း လာရင်း တရားအကြောင်း၊ ဘာသာရေးအကြောင်းများ ဆွေးနွေးပြောဆိုကြရင်းမှ ဆရာဒကာ ဖြစ်ခဲ့သည်။

ဦးပဥ္စင်းက ဘုရားဟော မေတ္တသုတ်ကို အမြဲရွတ်ဆို ပွားများသည်။ ပဋ္ဌာန်း ၂၄ ပစ္စည်း၊ သမ္ဗုဒ္ဓေဂါထာတို့ကိုလည်း နေ့စဉ် ရွတ်ဆိုကြောင်း သိရသည်။ အထူးအားဖြင့် အချိန်ရတိုင်း သရဏဂုံသုံးပါးကို မပြတ်ရွတ်ဆိုပါသည်။

ယခု တရားစခန်း၌ သရဏဂုံသုံးပါးကို ရွတ်ဆိုသဖြင့် ယောဂီဆောင်ထဲ၌ အန္တရာယ်၊ အနှောင့်အယှက်ဘေးမှ လွတ်မြောက်ခဲ့ပုံ ကိုယ်တွေ့အကြောင်းကိုလည်း ပြောပြပါသည်။ ဦးပဥ္စင်း ဦးခေမာစာရ၏ ခွင့်ပြုချက်ဖြင့် စာဖတ်သူများအတွက် ရေးသား ဖော်ပြလိုက်ပါသည်။

* * *

ထိုညကို မှတ်မှတ်ရရ ရှိပါသည်။ **၉-၂-၂၀၁၀နေ့ ညဥ့်နက် (၁၁)နာရီကျော်** ဖြစ်သည်။ တရားထိုင်ချိန် များသဖြင့် ပင်ပန်းနွမ်းနယ်လှသော်လည်း နေ့ဆွမ်း စားသောက်ပြီးချိန်၌ ကော်ဖီတစ်ခွက် သောက်ထားခဲ့သဖြင့် ကော်ဖီမစ်တန်ခိုးဖြင့် အိပ်မပျော်နိုင်ဘဲ မျက်လုံးကြောင်နေပါသည်။

# ယောဂီဆောင်ထဲမှ

ပရလောကသား





www.burmeseclassic.com

www.burmeseclassic.com

အိပ်မပျော်သဖြင့် ခုတင်ပေါ်တွင် ဖက်လက်လဲလျောင်းရင်း သရဏဂုံ သုံးပါးကို ရွတ်ဆိုသည်။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ။

နှုတ်မှ သရဏဂုံသုံးပါးကို တိုးတိုး ရွတ်ဆို ပွားများရင်း စိတ်မှလည်း ဘုရားရှင်၏ ဂုဏ်တော်တို့ကို အောက်မေ့နေမိသည်။

တစ်အောင့်အကြာတွင် အနည်း ငယ် ညောင်းလာသဖြင့် ကိုယ်ကို တစ်ဖက်သို့ စောင်းလှည့်သည်။ အခန်း နံရံကို ကျောပေး၍ ဘေးတစောင်း နေပြီး ဘယ်လက်ဖဝါးကို ညာပခုံး အောက် ခေါင်းအုံးနှင့် ဦးခေါင်းကြားသို့ ထိုးသွင်းရင်း သရဏဂုံသုံးပါးကို ဆက်လက် ရွတ်ဆိုပါသည်။

ထိုအချိန်တွင် ဦးပဥ္စင်း၏အာရုံထဲ၌ ကျောပေးထားရာ အခန်းနံရံ ပြတင်း ပေါက်မှ လက်နှစ်ဖက် ထွက်လာသည် ကို မြင်မိသည်။

အဆောင်မှာ နှစ်ထပ်ဆောင်ဖြစ်ပြီး ဦးပဥ္စင်းနေသော အခန်းမှာ အပေါ်ထပ် ဖြစ်သည်။ ပြတင်းပေါက်တံခါးလည်း ပိတ်ထားသောကြောင့် ပြတင်းပေါက်မှ လက်နှစ်ဖက် ထွက်လာသည်ကို မြင် တော့ အလွန်အံ့သြမိသည်။

မျက်စိမှိတ်ထားလျက်မှ အာရုံထဲ တွင် ထင်ထင်ရှားရှား မြင်သည်။ လက်ပိုင်ရှင်ကို မတွေ့ပါ။ ဦးပဥ္စင်း၏ လည်ပင်းကို ညှစ်ဖို့ လက်နှစ်ဖက် ဆန့်ထုတ်လာသည်။ လက်တစ်ဖက်က ပခုံးပေါ်သို့ လာဖိသည်။ ပခုံးကို ဖိမှန်း သိသည်။

ထိုခဏ၌ ဦးပဥ္စင်းလည်း ညာလက် ကို ဘယ်ပခုံးပေါ်သို့ ကပ်တင်ရာ



လက်က ပခုံးကို မထိဘဲ နံရံမှ ဆန့်ထုတ်လာသော လက်ကြီးကို ထိမိ သည်။

ဦးပဥ္စင်း၏ လက်ဖဝါး ရုတ်ခြည်း အေးစက်စက် ခံစားရပြီး တစ်ပြိုင် နက်...

'အမယ်လေး ပူတယ် ပူတယ်၊ ကြောက်ပါပြီ အီး ဟီး ဟီး'

အနီးကပ် အော်ငိုသံ ကြားသည်။ အမျိုးသားတစ်ဦး၏ မချိမဆံ့ အော်ငိုသံ ဖြစ်သည်။ ထိုအသံကြောင့် ဦးပဥ္စင်း လန့်ဖျပ်ပြီး အိပ်ရာပေါ်မှ ကမန်း ကတန်း ထလိုက်သည်။

*   *   *

ဦးပဥ္စင်း လဲလျောင်းရာမှ ထလိုက် လျှင် အော်ငိုသံ ပျောက်သွားသည်။ စောစောက အာရုံထဲတွင် တွေ့သော လက်ကြီးကိုလည်း မတွေ့တော့ပေ။ အခန်းထဲ၌ ဟိုဟိုဒီဒီ လှည့်ပတ် ကြည့်ရှုသော်လည်း ဘာမှ မတွေ့မြင် သဖြင့် အထူးအဆန်း ဖြစ်သည်။

သူ့လည်ပင်းကို လာညှစ်သော လက်ကြီး ဘယ်ကို ရောက်သွားပြီလဲ၊ ဘာကြောင့် ဒီအသံတွေ ကြားတာလဲ၊ အခုန အော်ငိုတာက ဘယ်သူလဲ။ လက်ပိုင်ရှင်ကို မမြင်သဖြင့် အမျိုးမျိုး တွေးတော စဉ်းစားသော်လည်း အဖြေ မပေါ်ပါ။

နောက်ဆုံး ''ဪ ဒီအခန်းထဲမှာ သူရှိတာကို သိစေချင်လို့ အသိပေး တာပဲ ဖြစ်လိမ့်မယ်။ အခု ပြုနေသော ဒါန၊ သီလ၊ ဘာဝနာကုသိုလ်အပေါင်း ရဲ့ အဖို့ဘာဂကို သူ့အား အမျှပေးဝေ စေချင်လို့ပဲ'' ဟု ယူဆမိသည်။

ဦးပဥ္စင်း တော်ရုံနှင့် အိပ်မရတော့ပါ။ ယောဂီဆောင်ထဲမှ မမြင်ရသော ပရလောကသားအကြောင်း အမျိုးမျိုး တွေးရင်း နံနက်(၂)နာရီကျော်လောက် မှ မှေးခနဲ တစ်ချက်ဖြစ်ပြီး (၃)နာရီခွဲ ဘုရားဝတ်တက် တုံးခေါက်သံ ကြား လျှင် အိပ်ရာမှ ထလိုက်ရပါသည်။

ထို့နေ့ နံနက်မှစ၍ ဦးပဥ္စင်း ဦးခေမာစာရလည်း နေ့စဉ် ပြုမြဲ ကုသိုလ်ကိစ္စတွေ ဆောင်ရွက်ပြီးတိုင်း ယောဂီဆောင်သို့ ပြန်ပြီး ထို ပရ လောကသားအား ရည်စူး၍ အမျှပေး ဝေသည်။

ဦးပဥ္စင်း၏ နေ့စဉ် ပြုလုပ်သော ဒါန၊ သီလ၊ ဘာဝနာကုသိုလ်ကောင်းမှု တို့အတွက် အမျှပေးဝေခြင်းကို ရ သည်၊ မရသည် မသိနိုင်သော်လည်း ထို့နေ့ ထိုအချိန်မှစ၍ ဦးပဥ္စင်း တရား စခန်းမှ ပြန်လည် ထွက်ခွာသွားချိန် အထိ ထိုပရလောကသားကို အာရုံထဲ တွင် မကြား၊ မတွေ့ရတော့ပေ။ မည်သည့် အနှောင့်အယှက်မျှ မခံရ တော့သဖြင့် ဦးပဥ္စင်း ဦးခေမာစာရ၏ ယောဂီဆောင်ထဲမှ ပရလောကသား အကြောင်းကို နိဂုံးကမ္ပတ် အဆုံးသတ် ပါတော့သတည်း။

**(ဤစာမူဖြင့် ဦးပဥ္စင်း ဦးခေမာ စာရအား ဂါရဝပြုပါသည် ဘုရား)**

သုခီဟောတု ဒုက္ခာမုစ္စတု

ချမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



မြင့်ဝေ
(ရွှေတောင်)

# ဖုလဟာကာယားစေးစေသာ

ငွေငါးထောင်

၁၉၅၆ ခုနှစ်၊ မတ်လကုန်လောက်ကဖြစ်၏။ ဘားတိုက်(အိပ်ဆောင်)ကြီးအတွင်း ပျော်ရွှင်စွာ စကားပြောနေသော အသံများ ဆူညံနေလေသည်။

တပ်သားသစ်မြင့်ဝေ၊ ပျဉ်းမနားသား ချစ်တင်တို့ အပါအဝင် မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှ ဝင်ရောက်လာကြပြီး စစ်သင်တန်းကာလ (၆)လအတွင်း ညီရင်းအစ်ကိုပမာ ချစ်ခင်ကြင်နာရင်းနှီးခဲ့ကြသော ရဲဘော်သစ်များဖြစ်၏။

ယခုလည်း ထိုစဉ်က ရခိုင်တိုင်း(ယခုရခိုင်ပြည်နယ်)သို့ တပ်ရင်း တစ်ရင်းတည်း အတူတကွ တာဝန်ကျသဖြင့် ပျော်ရွှင်ဆူညံနေခြင်း ဖြစ်လေသည်။

တာဝန်ကျရောက်သည့် တပ်ရင်းသို့ ရောက်ရှိသွားကြပြီး တာဝန် ထမ်းဆောင်ရမည့် တပ်ခွဲအသီးသီးသို့ တာဝန်ချရာတွင်လည်း အတူတူပင် ဖြစ်၏။

ကျွန်ုပ်တို့သည် ကျောက်တော်မြို့နယ်အပိုင် ကစ္ဆပနဒီမြစ်အနီး[illegible] ကျေးရွာကြီးတစ်ရွာတွင် လုံခြုံရေး[illegible] တာဝန် ထမ်းဆောင်ကြရသည်။

## ဇာတိပြလာပြီ

တာဝန်ထမ်းဆောင်စဉ် (၈)လတာ[illegible] ကာလပတ်လုံး ချစ်တင်သည် အထ[illegible] အရာရှိမှစ၍ အရာခံ အကြပ်[illegible] အကြပ်များ၊ ဘဝတူ [illegible]သားများ



www.burmeseclassic.com

www.burmeseclassic.com

အပေါ် အနစ်နာခံခြင်း၊ ပေးအပ်သမျှ တာဝန်ကျေပွန်ခြင်း၊ အပြောင်အပျက် အရွှတ်အနောက် ပြောတတ်ခြင်းတို့ကြောင့် အားလုံးကပင် ချစ်ခင်ကြလေသည်။

တစ်ခုသော နေ့တစ်နေ့တွင် သူသည် ရွာထဲမှ ချောမောလှပသော မိန်းကလေးတစ်ယောက်အား ခိုးယူပေါင်းသင်းလေ၏။

စစ်သက်မပြည့်မီ မိန်းမယူခြင်းကြောင့် နောက်တန်းတပ်ရင်း အချုပ်သို့ သဘော်ပတ်အကြံနှင့် ပြန်ပို့လိုက်လေသည်။

ကျွန်ုပ်မှာ သူငယ်ချင်းအတွက် စိတ်မကောင်းသည်မှလွဲ၍ ဘာမျှမတတ်နိုင်ပါ။

## စစ်သားဘဝ၏ ပထမဦးစစ်ဆင်ရေး

ချစ်တင်အား အချုပ်နှင့် ပြန်ပို့ပြီး နောက်မကြာမီ အတွင်းမှာပင် တပ်ခွဲတစ်ခွဲလုံး တပ်ရင်းသို့ ပြန်လာကြသည်။

ကျွန်ုပ်သည် စစ်ဆင်ရေးတစ်ခုကို ဆောင်ရွက်ရာ ကျွန်ုပ်တို့ဘက်မှ အထိအခိုက် အကျအဆုံးမရှိ အောင်မြင်ခဲ့၏။ ထိုစစ်ဆင်ရေးကို ကွပ်ကဲသူမှာ ထိုစဉ်က ဒုတိယဗိုလ်မှူးကြီး လွန်းတင် ဖြစ်လေသည်။

## ရွာစခန်းလုံခြုံရေးတာဝန်ယူ

ကျွန်ုပ်တို့ စစ်ဆင်ရေး ပြန်ဝင်လာချိန်တွင် ချစ်တင်လည်း တပ်ရင်းအချုပ်မှ လွတ်လာခဲ့လေပြီ။ ဖွဲ့စည်းပုံခွဲရာတွင် သူသည် တပ်စု(၁) ပေါက်တောမြို့သို့လည်းကောင်း၊ ကျွန်ုပ်မှာ တပ်စု(၂) ပေါက်တောမြို့နယ် လက်ပန်ပြားရွာသို့လည်းကောင်း အသီးသီး တာဝန်ကျသဖြင့် လူချင်းကွဲသွားလေသည်။

တစ်ရက်တွင် ပေါက်တောမြို့ပေါ်ရှိ တပ်ခွဲရုံးမှ တပ်ခွဲမှူးနှင့်အဖွဲ့ ကျွန်ုပ်တို့ စခန်းသို့ စစ်ဆေးရန် လာရောက်သည့် အခါ ချစ်တင်လည်း ပါလာသည်။

ကျွန်ုပ်သည် သူငယ်ချင်းအား ရွာတွင်းသို့ လိုက်လံပြသပြီး ရွာခံလူများနှင့် မိတ်ဆက်ပေး၏။ မကြာမီ တပ်ခွဲမှူးနှင့်အတူ ချစ်တင်လည်း ပြန်သွားလေသည်။

## ချစ်တင်သေပြီ

ချစ်တင်သည် ကျွန်ုပ်တို့စခန်းမှ ပြန်သွားပြီး မကြာမီအတွင်းမှာ တောခိုသွားကြောင်း၊ သူနှင့်အတူ တင်ဖေလည်း ပါသွားကြောင်းနှင့် သေနတ်(၂)လက်ပါ ယူသွားကြောင်း ဆက်သွယ်ရေးစက်သို့ နံနက်(၆း၃၀)နာရီတွင် သတင်းရောက်လာသည်။

ပေါက်တောအလွန် မော်တုပ်ကြီးတောင်တွင် ချစ်တင်တို့နှစ်ဦးစလုံး သေဆုံးသွားကြောင်း ထပ်မံအကြောင်းကြားပြန်သည်။ ယင်းတို့သေဆုံးသောနေရာသည် ကုန်းကြောင်းမှ သွားပါက (၇)မိုင်ခန့် ရှိသည်။

ကျွန်ုပ်တို့ တပ်စိတ်သည် တိုက်ကင်းလှည့်လည်ရှင်းလင်းပြီး ယင်းတို့ သေဆုံးသည့်နေရာသို့ အရောက်သွားကြသည်။ တပ်ခွဲမှူး၏ ညွှန်ကြားချက်ကို ရယူပြီး ယင်းတို့နှစ်ဦး အလောင်းများအား ကောင်းမွန်စွာ မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြသည်။

## ဆွမ်းသွတ်ရန်စီစဉ်

ကျွန်ုပ်တို့ တပ်စခန်းသို့ ပြန်ရောက်ပြီးသည့် နောက်တွင် ဗုဒ္ဓဘာသာဓလေ့အရ သရဏဂုံလည်း မတင်ရပါ။ ပုန်ကန်သည့် သဘောမျိုး ဖြစ်သည့်အတွက် သူ့အား မည်သူ့ကမျှ အရေးတယူလုပ်၍ ဆွမ်းသွတ်ပေးခြင်းလည်း မရှိပါ။

ကျွန်ုပ် သူငယ်ချင်းအား ကောင်းရာဘဝ ရောက်စေလိုသောဆန္ဒ ကျွန်ုပ်၌ ရှိပါသည်။ ထို့ကြောင့် ကျွန်ုပ် လစာငွေမှ အကုန်အကျခံပြီး ဘုန်းတော်ကြီးတစ်ပါးကိုပင့်၍ သင်္ကြီးရွယ်အိုများကိုပါ ကျွေးမွေးရန် စီစဉ်ရပါလေသည်။ **(ထိုစဉ်က ကျွန်ုပ်သည် အသက်ငယ်သူဖြစ်ရာ ဗုဒ္ဓဘာသာ ကိစ္စများကို မသိပါ။ ချစ်တင် ဘဝကူးကောင်းရန်ကိုသာ စိတ်စောနေပါသည်။** *စကားချပ်*)

ထို့ကြောင့် ဦးဖြူသီးနှင့် ဒေါ်သာဖြူတို့ နေထိုင်ရာ ရွာလယ်သို့ ထွက်ခဲ့လေသည်။

## ဆွမ်းကျွေးရန်ဖိတ်ပင်

ဦးဖြူသီးအိမ်သို့ ကျွန်ုပ် ရောက်သွားချိန်တွင် ဦးဖြူသီးသည် နေရာမှ ထသွားပြီး သေတ္တာထဲမှ စာတစ်ရွက်နှင့် ငွေ(၁၀၀)ကျပ်အား ထုတ်ပြလေသည်။

စာရွက်ကို ဖတ်ကြည့်သောအခါ ချစ်တင်ရေးထားသည့်စာ ဖြစ်နေသည်။ ချစ်တင်သည် မင်းစေချောင်းရွာမှ သူ ခိုးယူပေါင်းသင်းခဲ့သော မိန်းကလေးထံသို့ ပေးသည့်စာ ဖြစ်၏။

ငွေ(၁၀၀)ကျပ်မှာ ဦးဖြူသီးအတွက် လမ်းစရိတ်နှင့် မိန်းကလေးအတွက် စားသောက်စရိတ်ဟု ဆိုလေသည်။

အရင်တစ်ခေါက် ချစ်တင် တပ်ခွဲမှူးနှင့်အတူ ပါလာစဉ်က ကျွန်ုပ် မသိအောင် ပေးထားခြင်းဖြစ်၏။

ကျွန်ုပ်သည် ဦးဖြူသီးတို့အား အမြန်ဆုံး ဆွမ်းသွတ်ပေးစေလိုကြောင်း ပြောပါသည်။ အသင့်ပါလာသော ငွေ(၁၂၀)ကျပ်ကို ထုတ်ပေးလိုက်၏။ **[၁၉၅၇ ခုနှစ်က ဒေသပေါက်ဈေး ကြက်သားတစ်ပိဿာ (၁)ကျပ် (၅၀)ပြားဖြစ်ပါသည်။ [illegible]]**

www.burmeseclassic.com

### ဆွမ်းသွတ်ရန် ချက်ပြုတ်

နောက်တစ်နေ့တွင် ဦးဖြူသီးတို့နေအိမ်ပတ်ဝန်းကျင်မှ လူကြီး လူငယ်(၃၀)ယောက်တို့အား ထမင်းကျွေးရန် စီစဉ်ကြသည်။ ဆန်(၈)ပြည်၊ ကြက်သား(၃)ပိဿာနှင့် အရန်ပစ္စည်းများ ဝယ်ယူကာ ဦးဖြူသီးနေအိမ်၌ ချက်ပြုတ်ကြပါသည်။

အိမ်အနီးမှ လူငယ်များ ရောက်ရှိလာကြပြီး စပါးလုံးကောက်သူ ကြက်မွေးနုတ်သူ၊ ထုထောင်းသူများနှင့် မြိုင်ဆိုင်နေလေသည်။

ညနေ(၆)နာရီအချိန်တွင် ဦးဖြူသီး၏ မိခင်ကြီးသည် တဲအိမ်လေးပေါ်ရှိ တစ်လုံးတည်းသော ဘုရားပန်းအိုးတွင် ပန်းထည့်လှူပြီး သောက်တော်ရေကပ်လှူသည်။ ကျန်လူများကမူ လုပ်လက်စ အလုပ်များအား နေရောင်ကိုအားပြုလျက် လျင်မြန်စွာ လုပ်ကိုင်နေကြ၏။

ထိုစဉ် ဦးဖြူသီး မိခင်ကြီးသည် ငယ်သံပါအောင် အော်လျက် အောက်ထပ်သို့ ပြေးဆင်းလာလေသည်။ ထိုမိန်းမကြီးမှာ အောက်ထပ် ရောက်ရောက်ချင်း သတိမေ့သွားရှာသည်။

သတိပြန်ရသည့် အချိန်၌ မေးကြည့်သောအခါ ဘုရားဝတ်တက်စဉ် အပေါ်မှ ရေနှင့် လောင်းချလိုက်ကြောင်း ပြောပြီး သူမ၏ ရေစိုအင်္ကျီကို ပြလေ၏။

ဦးဖြူသီး အိမ်ပေါ်တက်ကြည့်သောအခါ ရေစိုနေသည်က လွဲ၍ မည်သည့်သဲလွန်စမျှ ရှာမရကြောင်း ပြောလေသည်။

### ဆွမ်းသွတ် အမျှအတန်းဝေ

နောက်တစ်နေ့နံနက် တန်းစီပြီးချိန်တွင် တပ်စုမှူးထံ ခွင့်တောင်းပြီး မြင့်



လွင်ကို ခေါ်ကာ ကပျာကသီ ထွက်လာခဲ့သည်။

ဦးဖြူသီးအိမ်တွင် ဘုန်းတော်ကြီးနှင့်တကွ ပရိတ်နာသူများ စုံလင်စွာ ရောက်ရှိနေပြီ။ ကြည့်ရသည်မှာ ကျွန်ုပ်အား စောင့်ဆိုင်းနေပုံ ရပါ၏။

ကျွန်ုပ်သည် ယူနီဖောင်းဝတ်နှင့်ပင် ဖိနပ်ကို ချွတ်ကာ ငါးပါးသီလ ခံယူရေစက်ချပြီး သူငယ်ချင်း ချစ်တင်အား အမျှအတန်း ဝေလိုက်ပါသည်။

ဘုန်းတော်ကြီး ပြန်ကြွသွားချိန်တွင် ချစ်တင်၏ ဝိညာဉ်သည် ဦးဖြူသီး၏ ဇနီး ဒေါ်သာဖြူအား ဝင်ရောက်ပူးပါလေတော့၏။

ပူးပြီးပြောသွားသော စကားများမှာ ယင်းတို့ မည်ကဲ့သို့ သေရကြောင်း၊ မည်သို့ နေထိုင်စားသောက်ရကြောင်းများ ပါဝင်လေသည်။

### အိပ်မက်ပေး၍

### အောင်ဘာလေထီပေါက်

ဆွမ်းသွတ် အမျှဝေပြီးနောက် (၃) ရက်မြောက်သော ညနေတွင် ဖြစ်၏။ ကျွန်ုပ်သည် သောက်ရေကန်ကြီးဘေးရှိ ထန်းပို့(၃)ပင်အား သတိထားကြည့်မိရာ ယင်းအပင်ကို ကြည့်၍ ခွေး(၂)ကောင်သည် အူလိုက်ဟောင်လိုက်လုပ်နေသည်ကို တွေ့ရသည်။

အချိန်ကြာမြင့်စွာ ဟောင်နေလေရာ ည(၁၀)နာရီတိုင်လေ၏။ ထို့နောက် ကျွန်ုပ် အိပ်ပျော်သွားရာ အိပ်မက်ထဲတွင် ချစ်တင်သည် ဝတ်ကောင်းစားလှများ ဝတ်လျက် ကျွန်ုပ်အား စကားဆိုလေသည်။

'သူငယ်ချင်းကို ကျေးဇူး အထူးတင်တယ်ကွာ။ မင်း အခုအပတ် အောင်ဘာလေထီထိုးပါ။ ထီပေါက်လိမ့်မယ်။ ငါ သွားတော့မယ်'

ဟု ပြောပြီး ပျောက်ကွယ်သွားလေသည်။

ကျွန်ုပ်လည်း လန့်နိုးလာရာ သူငယ်ချင်းအကြောင်းကို တွေးမိပြီး အိပ်မပျော်နိုင်ဖြစ်နေ၏။ လက်မှ နာရီကြည့်လိုက်သောအခါ (၀၄း၀၀)နာရီပင် ရှိနေလေပြီ။ နံနက်လင်းသောအခါ အိပ်မက်ဟုတ်သော်ရှိ မဟုတ်သော်ရှိ အောင်ဘာလေထီ (၂)စောင်လောက်တော့ ထိုးကြည့်ရန် စစ်တွေထွက်မည့် မော်တော်ဆိပ်သို့ ထွက်လာခဲ့သည်။

ကံအားလျော်စွာ ဦးစိန်ပန်းခိုင်ကို အဆင်သင့် တွေ့ရသဖြင့် ထီထိုးရန် ငွေ (၅)ကျပ်ပေးလိုက်သည်။ ***(ထိုစဉ်က ထီတစ်စောင်(၂)ကျပ် ဖြစ်ပါသည်။)***


သူငယ်ချင်း ချစ်တင်၏ အိပ်မက်ကား လွန်စွာအံ့သြဖွယ် ဖြစ်လေသည်။ ကျွန်ုပ် ထိုးခဲ့သည့် လက်မှတ်တစ်စောင်မှ ငွေ(၅၀၀၀)ကျပ်နှင့်အထူးအပိုဆု (၇၀၀)ကျပ်ပါ ပေါက်ပါလေတော့၏။

ဩော်... ကျေးဇူးတုံ့ပြန်မှုဟူသည်ကား လူတို့နယ်၌သာ ရှိသည်မဟုတ်ဘဲ ပရလောကတွင်လည်း ရှိတတ်ကြောင်း တင်ပြလိုက်ရပါသည်။

မြင့်ဝေ(ရွှေတောင်)

www.burmeseclassic.com

www.burmeseclassic.com



စိုးနိုင်လွန်း
(ဘားအံ)

# ညောင်ပင်ကြီးနှင့်

## ရွှေဟောင်းအုတ်ဂူများ

လွန်ခဲ့သော **၁၉၈၄ ခုနှစ်** ဆောင်းကာလဖြစ်ပါသည်။ ဘားအံမြို့ တစ်ဖက်ကမ်း မြိုင်ကလေးကျေးရွာအုပ်စုမှ ဖြစ်၏။ မဖွံ့ဖြိုးသေးသောကာလ ကျေးလက်သဘာဝအလျောက် ဇာတ်ပွဲများ ရှိသည်ဆိုသည်နှင့် မည်မျှပင် ဝေးစေကာမူ သွားကြည့်ကြသည်။ တချို့ကလည်း နွားလှည်းဖြင့် သွားကြသည်။ တချို့ကလည်း အဖော်ကောင်းလျှင် အုပ်စုဖွဲ့၍ ခြေကျင်သွားကြသည်။

ယခုလည်း ဘားကပ်ကျေးရွာတွင် မော်လမြိုင်မှ နာမည်ကြီးဇာတ်ပွဲ လာရောက် ကပြနေချေပြီ။ ဇာတ်ပွဲက ဗလာပွဲဆိုတော့ ပို၍ လူစည်ကားပေမပေါ့။ ညဦးပိုင်းတွင် တစ်ယောက်နှင့်တစ်ယောက် ပွဲသွားရန် အဖော်ညှိကြ၊ နွားလှည်းတွေပြင်ကြနှင့် ကာလသား ကာလသမီးများ ခြေရှုပ်နေကြသည်။ ကလေးတချို့ကလည်း ပွဲသွားရန် ပူဆာငိုယိုနေကြသဖြင့် မြိုင်ကလေး ကမ်းနားရွာတွင် ကျွက်ကျွက်ညံလျက် စည်ကားနေသည်။

ထိုရွာအတွင်းမှ မလှလှနှင့် မယ်ပုတို့လည်း အပါအဝင်။ သူမတို့နှင့်ဦး... ဇာတ်ပွဲရှိသည် ကြားသည်နှင့် ...





www.burmeseclassic.com

www.burmeseclassic.com

မငြိမ်ကြတော့။ ဝါသနာ အလွန်ကြီးကြသည်။ သူမတို့နှစ်ဦးစလုံးမှာ အိမ်ထောင်ရှင်တွေ၊ အိမ်ထောင်သက်တမ်းမှာ သိပ်မကြာသေး။ လသား အရွယ် ကလေးကိုယ်စီ ရှိကြသည်။ အိမ်နီးနားချင်း ညီအစ်မဝမ်းကွဲတော်ကြသည်။

မလှလှ၏ယောကျ်ားမှာ ကိုအောင်ပန်း၊ မယ်ပု၏ယောကျ်ားမှာ ကိုစံငြိမ်း။ ကိုအောင်ပန်းနှင့် ကိုစံငြိမ်းတို့မှာ ထန်းသမားများဖြစ်ကြသည်။ ထန်းရည်အချိုခံ၍ ထန်းလျက်ချက်ကြသည်။ သူတို့ကိုယ်တိုင် သောက်ရန်အတွက် အခါးရည်ကိုလည်း သီးသန့်တစ်ပင်စီ ခံထားကြသည်။ ထိုအခါးရည်ဖြင့် ညနေတိုင်း ဝိုင်းဖွဲ့၍ သောက်ကြသည်။

ညနေ အလုပ်ပြီးသည်နှင့် ကိုအောင်ပန်းနှင့် ကိုစံငြိမ်းတို့မှာ အခါးရည်ဖြင့် ရီဝေလျက် စောစီးစွာ အိပ်ရာဝင်ကြလေပြီ။ မလှလှမှာဖြင့် နောက်တစ်နေ့ ဘားအံဈေးသို့ပို့ရန် ဟင်းရွက်များကို စည်းနှောင်ပြင်ဆင်နေရသည်။

ထိုအချိန်တွင် မယ်ပုရောက်လာပြီး ပွဲသွားရန် အဖော်ညှိတော့သည်။ ပွဲကြိုက်သူမို့ နှစ်ခါမခေါ်ရ။ ပွဲသွားရန် ဆန္ဒစောနေလေပြီ။ ဟင်းရွက်တွေကလည်း စည်းနှောင်၍ မပြီးနိုင်။ မယ်ပုက ကူညီပြင်ဆင်ပေးသည်။

အလုပ်အားလုံးပြီးချိန်တွင် ရွာမှ လူည်းများ တစ်စီးမျှမရှိတော့။ ထို့ကြောင့် ရေဘူး၊ အနှီးများကို ဆွဲခြင်းတွင်ထည့် လက်တွင်ဆွဲ ကလေးငယ်များကို ပုဆိုးဖြင့် ကိုယ်စီလွယ်ပြီး ခြေကျင်ဖြင့် ထွက်လာကြလေသည်။

ဇာတ်ပွဲရှိရာ ဘားကပ်ကျေးရွာသည် ကမ်းနားရွာမှ နာရီဝက်ကျော်ကျော် လမ်းလျှောက်ရသည်။ လမ်းတစ်



လျှောက် လယ်ကွင်းများနှင့် ထန်းပင်ကျိုးတိုးကျဲတဲသာ ရှိသည်။ ဒီခရီးလောက်ကို သူတို့မမှုပါ။

သူတို့နှစ်ယောက်က လိုက်လည်းလိုက်ဖက်ပါသည်။ မယ်ပုက အရွှန်းဖောက်ပြီး နောက်ပြောင်ပြောဆိုတတ်သည်။ လှလှက အရယ်သန်သည်။ သူတို့နှစ်ယောက်တည်း တဝါးဝါး တဟားဟားနှင့် စည်ကားနေ၏။ သို့နှင့် ပြောဆိုရယ်မောရင်း ပွဲခင်းရှိရာ ရောက်လာတော့သည်။

ညဥ့်လည်း နက်ချေပြီ။ ပြဇာတ်တစ်ဝက်ခန့် ရောက်လေပြီ။ လှလှမှာ အိပ်ငိုက်လွန်းသဖြင့် ရှေ့တွင်ထိုင်နေသည့် အမျိုးသမီးကြီးတစ်ဦး၏ ကျောပြင်ကို နဖူးဖြင့် မကြာခဏ ဆောင့်မိလေသည်။ ရှေ့မှ အမျိုးသမီးကြီးကိုလည်း အားနာလှသည်။ ကျောခင်းစရာ နေရာကလည်း မရှိ။ သို့နှင့် မယ်ပုအား ပြန်ရန်ခေါ်တော့သည်။

'ပြန်ကြရအောင်အေ၊ နက်ဖြန် ဟင်းရွက်အစောကြီး ဈေးပို့ရဦးမယ်'

မယ်ပုလည်း နောက်နေ့ ထန်းလျက်ချက်ရန်ရှိသောကြောင့် ပြန်ရန် သဘောတူလိုက်သည်။

'ပြန်ကြတာပေါ့။ ဆက်နေရင် ညည်းခေါင်းကွဲမလား၊ အဒေါ်ကြီး ကျောကွဲမလားဘဲ ဟဲ ဟဲ ဟဲ'

သို့နှင့် သူတို့နှစ်ဦးသား ကလေးကိုယ်စီပွေ့ကာ ပွဲခင်းအပြင်သို့ထွက်ပြီး အပြန်လမ်းသို့ ဦးတည်လိုက်ကြသည်။ ကလေးငယ်များမှာလည်း နှစ်ခြိုက်စွာ အိပ်မောကျလျက်။

လဆုတ် (၈)ရက်ညမို့ သန်းခေါင်ကျော်မှ လကသာနေသည်။ လသည် ထန်းပင်တစ်ဖျားခန့် ရောက်နေပြီမို့ လင်းထိန်နေပြီ။ သူတို့နှစ်ဦး ပွဲခင်းရှိရာမှ တရွေ့ရွေ့နှင့် ဝေးလာခဲ့ပြီ။

အပြန်လမ်းသည် ဇာတ်ပွဲ၏ နောက်ကျောဘက်ကျသဖြင့် ဇာတ်ပွဲမှ အသံများ မကြားရတော့။ လေပြည်ကလေး အလိုက်သင့် တိုက်ခတ်လာသောအခါ မှသာ ဆိုင်းသံသဲ့သဲ့ကလေး တစ်ချက် တစ်ချက် ကြားနေရသည်။ အသွားလမ်းတွင် ရောက်လိုဇောဖြင့် နီး သလောက် အပြန်လမ်းတွင် ဝေးလွန်း လှသည်ဟု ထင်မိပါသည်။

မကြာမီတွင် ရှေ့မှ လှည်းတစ်စီးကို လရောင်ဖြင့် ရေးရေးမြင်နေရသည်။ လှည်းဝင်ရိုးသံ၊ ချူသံ၊ အော်ငေါက် နွားမောင်းသံ၊ ပြောဆိုရယ်မောသံများ ကိုလည်း ကြားနေရသည်။ ထိုစဉ် မယ်ပုက…

'ဟဲ့ ရှေ့မှာ ရွာကလှည်းဟ၊ ငါ အောင်လိုက်မယ်။ လှူချောင်ရင် လိုက် စီးရတာပေါ့'

ပြောပြောဆိုဆိုနှင့် နှစ်ဦးသား ခြေ လှမ်းများကို သွက်သွက်ကလေး လှမ်း လိုက်ကြသည်။ လှည်းနောက်သို့ လိုက် ရင်း အော်ခေါ်ကြည့်သည်။

'ဟေ့ ရှေ့က ဘယ်သူ့လှည်းလဲ တို့ကိုစောင့်ပါဦး'

ဘာသံမျှ တုံ့ပြန်မလာ။ လှည်း မှ စကားပြောသံတွေမှာ တင်ယောက် တစ်ပေါက်မို့ စကားသံတွေ လုံးထွေး

www.burmeseclassic.com

နေသည်။ ဘယ်သူဘယ်ဝါမှန်း မခွဲခြားတတ်ပါ။ နှစ်ခါ,သုံးခါလောက် ဆက်ခေါ်ကြည့်သည်။ ဘာမျှ ပြန်မပြေ။

သူတို့ခေါ်သံတွေကို မကြားလို့လား။ ဒါမှမဟုတ် သူတို့ရွာကလှည်း မဟုတ်လို့လား။ လှည်းနောက်သို့ လိုက်ရင်းလိုက်ရင်း၊ ရွာအပြန်လမ်းကြောင်းမှ ခွဲထွက်သွားသည်ကို သူတို့နှစ်ဦးစလုံး သတိမထားလိုက်မိကြ။

ချုံစပ်တစ်နေရာအရောက် လှည်းမှာ လမ်းဘေးသို့ ကွေ့ပြီး မြောင်းနှင့်တူသော မြေနိမ့်လျှိုလေးထဲသို့ ကွေ့ဝင်သွားသည်။ သူတို့နှစ်ဦးလည်း လှည်းဝင်သွားရာ လမ်းအတိုင်း လိုက်ဝင်ပြီး လှည်းကိုရှာကြည့်သည်။

ထိုနေရာတွင် သစ်ပင်ကြီးများ၊ ထန်းပင်များ၊ ချုံများ ထူထပ်နေပြီး လူသွားလမ်းကျဉ်းကလေးသာ ရှိသည်။ ပါးစပ်မှလည်း အော်ခေါ်ကြည့်သည်။ ဘာသံမှ မကြားရ။ ရှာရင်း၊ ခေါ်ရင်း လမ်းကျဉ်းကလေးအတိုင်း ဝင်သွားကြသည်။

သစ်ပင်ကြီး၊ ထန်းပင်ကြီးအောက် ရောက်နေသဖြင့် လရောင်ပြောက်ကျားသာ မြင်နေရသည်။ ဖာတ်ပွဲမှ အသံတွေလည်း လုံးဝမကြားရတော့။ မယ်ပုက...

'ရွာကလှည်း မဟုတ်ဘူးထင်တယ်။ ကျွန်းတောကုန်းရွာကလှည်းပဲ ဖြစ်မှာပါ'

လှလှက...

'တို့ ရွာအပြန်လမ်းလဲ မဟုတ်ပါလား။ နောက်ပြန်လှည့်ကြရအောင်'

ဘေးဘီဝဲယာ ကြည့်လိုက်တော့မှ သူတို့ရွာ အပြန်လမ်း မဟုတ်ကြောင်း ထိုအချိန်ကျမှ သတိထားလိုက်မိသည်။



လှလှနှင့်မယ်ပု နှစ်ဦး နောက်ပြန်လှည့်ပြီး ထိုသစ်ပင် အုပ်အုပ်ဆိုင်းဆိုင်းများအောက်မှထွက်ရန် ကြိုးစားကြသည်။ လာလမ်းအတိုင်း ပြန်လှည့်သော်လည်း တောအုပ်ကလေးအောက်မှ မထွက်နိုင်ဘဲ ညောင်ပင်ကြီးတစ်ပင်အောက်သို့ ရောက်လာကြတော့သည်။ သို့နှင့် မယ်ပုက...

'တို့လာတုန်းက ဒီလမ်းပါပဲ၊ ဘာဖြစ်လို့ လယ်ကွင်းလမ်းကို မရောက်တာလဲ မသိဘူးနော်'

လှလှမှ...

'အေးဟ ငါလဲ မှတ်မိပါတယ်။ လမ်းကျဉ်းကိုလိုက်ပြီး ထပ်သွားရအောင်'

ဟု ပြောဆိုပြီး နှစ်ဦးသား ညောင်ပင်အောက်မှထွက်၍ လမ်းကျဉ်းကလေးအတိုင်း ဆက်လျှောက်သွားကြသည်။

ကလေးငယ်ကတစ်ဖက် ဆွဲခြင်းကတစ်ဖက်နှင့် မမောနိုင် မပန်းနိုင် အိမ်ရောက်လိုဇောဖြင့် ခြေလှမ်းသွက်သွက် လျှောက်နေကြသည်။ ကလေးငယ်များမှာတော့ ငြိမ်သက်စွာ အိပ်မောကျနေဆဲ။

လှလှမှာတော့ အိပ်ချင်စိတ်တွေ ပျောက်နေပြီ။ အတန်ငယ် လျှောက်ကြသောအခါ ယခင်ရောက်ခဲ့သော ညောင်ပင်ကြီးအောက်၌သာ ပြန်လည် ရောက်ရှိနေကြောင်း အံ့သြစွာဖြင့် တွေ့လိုက်ရသည်။ ထိုအချိန်မှ မယ်ပုက...

'လှလှရေ ငါတို့တော့ မျက်စိလှည့်စားခံလိုက်ရပြီ။ နင် မကြောက်ရဘူးနော်။ ငါလဲ မကြောက်ဘူးဟာ။ ငါတို့ စိတ်ခိုင်ခိုင်ထားမယ်။ ဒီလို လိုက်သွားရင်းနဲ့ မိုးလင်းလာမှာပဲ အဲဒီအခါကျရင် ရွာလမ်းပြန်တွေ့မှာပါ။ နင်နဲ့ငါ မကြောက်ကြေးနော်'

ဟု တုန်တုန်ယင်ယင်နှင့် ပြောလေသည်။ လှလှကလည်း...

'အေး မကြောက်ဘူးဟာ။ နင်လဲ မကြောက်နဲ့'

ပြောသာ ပြောရသည်။ ကြက်သီးမွေးညင်းများ ထနေပြီဆိုတာ ကိုယ့်ကိုယ်ကိုယ် သိနေသည်။ နှစ်ဦးစလုံး ခပ်လှမ်းလှမ်း မလျှောက်ရဲကြတော့။ အတန်ငယ် ပူးကပ်၍ ဘေးချင်းယှဉ် လျှောက်ကြတော့သည်။

ညောင်ပင်ကြီးအောက်မှ တစ်ဖန် ပြန်ထွက်လာကြပြန်သည်။ လှလှက...

'ငါတို့ တခြားလမ်းကို ပြောင်းပြီး သွားကြရအောင်'

ဟု အကြံပေးသဖြင့် ချုံခပ်ပါးပါးလေး တိုးပြီး သွားကြတော့သည်။ ချုံပင်အများစုမှာ အိုးပုတ်ပင်ကလေးများ ဖြစ်ကြသည်။

အတန်ငယ် သွားမိသောအခါ ထန်းရွက်မိုး တဲကလေးတစ်လုံးနှင့် မီးပုံဘေးတွင် မီးလှုံနေသော အဘွားအိုတစ်ဦးကို တွေ့လိုက်ရသည်။ သူတို့နှစ်ဦး... အားတက်သွားပြီး တဲရှိရာသို့ ...



www.burmeseclassic.com

www.burmeseclassic.com

သွားကြသည်။ သတိထားကြည့်လိုက်သောအခါ ခြံဝင်းကျဉ်းကျဉ်းကလေး တစ်ခုလုံးကို သံဆူးကြိုးလျော့ရဲရဲလေးဖြင့် ဝင်းခတ်ထားကြောင်း တွေ့ရသည်။ ခြံဝင်းပေါက် မည်သည့်နေရာတွင် ရှိမှန်းမသိ။ သံဆူးကြိုးတန်းကျဲသောနေရာကို တွေ့သဖြင့် အနည်းငယ် ငုံ့ပြီး ခြံဝင်းထဲသို့ ဝင်သွားလိုက်ကြသည်။

'အဘွား ကျွန်မတို့ ကမ်းနားရွာကပါ။ ကျွန်မတို့ ရွာလမ်းကို ဘယ်က ဘယ်လို သွားရမလဲ'

ဟု လုလုက မေးလိုက်သည်။ အဘွားအိုက...

'မိုးလင်းမှပဲ ပြန်ကြပါလား။ ဒီမှာပဲ တစ်ရေးလောက် အိပ်လိုက်ဦး။ မိုးလင်းဖို့ လိုပါသေးတယ်။ အကြာကြီး စောင့်ရဦးမှာ'

ဟု လက်ယပ်၍ တတွတ်တွတ် ပြောနေသည်။ မယ်ပုက...

'ဟင့်အင်း မအိပ်တော့ဘူး ကျွန်မတို့ကို လမ်းပဲပြပါ'

ဟု ပြန်ပြောသည်။ အဘွားအိုကလည်း ထပ်မံ၍...

'မပြန်နဲ့ဦး တစ်ရေးလောက် အိပ်လိုက်ပါ'

ဟု ခေါ်ပြန်သည်။ မယ်ပုက လုလုနားကပ်၍...

'မအိပ်ဘူးနော် ဒီအဘွားကြီး ဘာမှန်းလဲ မသိဘူး။ တို့ကို ဘာလုပ်ချင်လို့ ခေါ်အိပ်တာလဲ မသိ'

ဟူ၍ တီးတိုးပြောလေသည်။ ထိုအချိန်တွင် နှစ်ဦးစလုံး ပြိုင်တူပြေးထွက်လာရာ သံဆူးကြိုးကို မည်သို့ ကျော်ထွက်ခဲ့သည်မသိ။ သံဆူးကြိုးကို လွန်၍ နောက်ပြန်လှည့်ကြည့်ကြရာ တဲကုပ်ကလေး၊ မီးပုံနှင့် အဘွားအိုကို မတွေ့ရတော့။

နှစ်ဦးစလုံး သက်ပြင်းချရင်း မယ်ပုက သူ့ကလေးအပေါ်သို့ ထွီခနဲ တံတွေးထွေးချလိုက်သည်။

'ကလေးကို တံတွေးဆွတ်လိုက်ရင် မကောင်းဆိုးဝါးတွေ မစားနိုင်ဘူးတဲ့။ နင်လဲ နင့်ကလေးကို တံတွေးဆွတ်လိုက်'

မယ်ပု၏စကားကို မယုံချင် ယုံချင်နှင့် လုလုလည်း သူ့ကလေးအပေါ်သို့ တံတွေးထွေးချလိုက်သည်။ ဟုတ်သော်ရှိ မဟုတ်သော်ရှိပေါ့။ မယ်ပုက ဆက်၍...

'တော်သေးတယ် လုလုရယ်။ ငါတို့သာ အိပ်လိုက်ရင်တော့ ဘာများလုပ်မလဲ မသိဘူး။ ဒီလိုလုပ်လို့ ဘာရမလဲ ဒင်းထက် ကျုပ်လည်တယ်။ မယ်ပုတို့က မကြောက်တတ်ဘူးဟေ့'

ဟူ၍ ကြုံးဝါးပြောဆိုရာ လုလုမှာ တဟီးဟီး တဟားဟားနှင့် ရယ်မောလေတော့သည်။

သူတို့နှစ်ဦးသား လမ်းပျောက်နေချေပြီ။ သို့နှင့် ချုံများကိုတိုးရင်း ဆက်သွားကြသည်။ တစ်ဦးနှင့်တစ်ဦး အတန်ငယ် စကားမပြောမိကြ။ တစ်ခါတစ်ရံ လေတိုးသံ၊ သစ်ရွက်လှုပ်သံမှ တစ်ပါး ညဉ့်ကား တိတ်ဆိတ်နေသည်။ ထိုစဉ် လုလုက...

'ဟာ မီးသွေးပုံကြီး တက်နင်းမိတယ်ဟ'

ပြောပြောဆိုဆိုနှင့် မြေကြီးကို လက်ဖြင့် လိုက်စမ်းနေသည်။

'မီးသွေးပုံက အကြီးကြီးပဲဟဲ့'

မယ်ပုကလည်း မြေကြီးကို လက်ဖြင့်လိုက်စမ်းရင်း...

'ဟာ ဒါ လူသေမြှုပ်တဲ့ မြေပုံကြီးဟ ဝါးတွေတောင် ရှိသေးတယ်'

နှစ်ဦးစလုံး ပြိုင်တူ မျက်နှာချင်းဆိုင်ပြီး မတ်တတ်ရပ်လိုက်ကြသည်။ မယ်ပုက အသံ ကတုန်ကယင်နှင့်...

'ငါတို့ သင်္ချိုင်းကုန်းကို ရောက်နေတာပဲ မြန်မြန်ထွက်ကြစို့'

ဟူ၍ ပြောကာ ပြိုင်တူသုတ်ခြေတင်ကြတော့သည်။

တစ်ခြမ်းပဲ့နေသော ဖိုးလမင်းကလည်း တဖြည်းဖြည်းနှင့် မြင့်တက်လာချေပြီ။ တိမ်မျှင်တွေကလည်း ဟိုတစ်ကွက် ဒီတစ်ကွက်နှင့် တစ်ခါတစ်ရံ လမင်းကြီးကို တိမ်မျှင်များကွယ်သဖြင့် အနည်းငယ် မှောင်ကျသွားတတ်သည်။ တစ်ခါတစ်ရံ လရောင်လင်းထိန်နေတတ်သည်။

သို့နှင့် အတန်ငယ် လျှောက်မိသောအခါ သူတို့နှစ်ဦးစလုံး ထိတ်လန့်အံ့အားသင့်သွားကြသည်။ အဘယ်ကြောင့်ဆိုသော် ယခင်ရောက်ခဲ့သော ညောင်ပင်ကြီးအောက်သို့ ပြန်လည်ရောက်ရှိနေသောကြောင့် ဖြစ်သည်။

'မထူးပါဘူးဟာ ဒီညောင်ပင်အောက်မှာပဲ ထိုင်နားကြရအောင် ငါတော့ မောနေပြီ'

မယ်ပုက ပြောပြောဆိုဆိုနှင့် အနီးတစ်ထည်ခင်းပြီး ကလေးယင်ကို အသာအယာချလိုက်သည်။ သူမကိုယ်တိုင်လည်း ဘေးမှထိုင်ချလိုက်သည်။ လုလုကလည်း သူမ ကလေးယင်ကို ယှဉ်လျက်သိပ်ပြီး အတူထိုင်ချလိုက်သည်။ မယ်ပုက...

'ငါတို့ ဒီမှာပဲ မိုးလင်းတဲ့အထိ စကားထိုင်ပြောကြမယ်။ မိုးလင်းလာရင်တော့ လမ်းပြန်တွေ့မှာပါ။ နေလုံးကြီး အထင်ရှိရင် အထွက်ရှိရမှာပေါ့ ဟုတ်တယ် မဟုတ်လား ဟား ဟား ဟား'

ပြောရင်း နှစ်ဦးသား ရယ်လိုက်သည်။

'မိုးလင်းလို့မှ ငါတို့ကို ရှာမတွေ့ရင် အောင်ပန်းနဲ့ စံငြိမ်းတို့တော့ အရူး



www.burmeseclassic.com



ပိုင်းဖြစ်ပြီ'

'အရှုံးတစ်ပိုင်းပါဟာ'

'တစ်ယောက်တစ်ပိုင်းဆိုတော့ နှစ်ပိုင်းပေါ့ ဟား ဟား ဟား'

ထိုသို့နှင့် မယ်ပုက ဟို အကြောင်း ဒီအကြောင်း ပြောလိုက် လုလုက ရယ်မောလိုက်နှင့် မိုးလင်းအောင် အချိန် ဖြုန်းနေလိုက်ကြသည်။

အတန်ကြာအောင် ပြောဆိုရယ်မော ကြပြီးနောက် လုလုက ရေဆာသဖြင့် ရေဘူးကို ဆွဲခြင်းထဲမှ ထုတ်ယူလိုက် သည်။ မယ်ပုက ရုတ်တရက်...

'အကြဲရပြီဟေ့ ငါ့ရေဘူးက သောက် ပြီးသား၊ ငါ့ရေဘူးကို ယူသောက်လိုက် မသောက်ရသေးတဲ့ နင့်ရေဘူး ငါ့ကို ပေး'

ထိုသို့ ပြောဆိုပြီး မယ်ပုက လုလု ထံမှ ရေဘူးကိုယူကာ ညောင်ပင်ရင်း တွင် လောင်းချရင်း...

'ညောင်ပင်စောင့်တဲ့ နတ်မင်းကြီးရှိ ရင် ကျွန်တော်မျိုးမတို့က ဒီရေကို ပူဇော်ပသပါတယ်။ ဒီအနီးအနားတစ် ဝိုက်က အစောင့်အရှောက်များကိုလဲ ပူဇော်ပသပါတယ်။ ကျွန်တော်မျိုးမတို့ ကို အိမ်ပြန်ရောက်အောင် လမ်းပြပေး ပါ။ စောင့်ရှောက်တော်မူကြပါ။ ကလေး တွေကိုလဲ ဘေးအန္တရာယ်ကင်းအောင် စောင့်ရှောက်တော်မူကြပါ'

ဟူ၍ တတွတ်တွတ်နှင့် စုံနေအောင် ဆုတောင်းနေလေတော့သည်။ လုလု ကလည်း မယ်ပု၏ အမူအရာကို ကြည့် ရင်း ရယ်နေလေတော့သည်။

ဆုတောင်းပြီး၍ မယ်ပု နေရာတွင် ပြန်ထိုင်လိုက်ချိန်၌ သူမတို့ သေသေ ချာချာကြည့်လိုက်ရာ အုတ်ဂူအစီအရီ ရှိနေသည်ကို တွေ့လိုက်တော့သည်။ ထိုစဉ် မယ်ပုက ရုတ်တရက်...

'ဟားဟားဟား ငါသိပြီ။ ဒီနေရာကို ငါသိပြီ။ ဒါ ညောင်ပင်သာကျောင်းရဲ့ အနောက်ဘက်ပဲကိုး ဟားဟားဟား'

ဟူ၍ အော်ပြောလိုက်ရာ လုလုပင် လန့်သွားတော့သည်။ မယ်ပုက...

'ငါ့ယောက်ျား စံငြိမ်းက ဒီနားမှာ ထန်းလာတက်ဖူးတယ်လေ။ ငါ ဒီနား ကို ခဏခဏ ရောက်ဖူးတာပဲ။ လမ်း သိပြီ ကဲ ပြန်ကြမယ်'

ဟု ပြောဆိုပြီး နှစ်ဦးသား ကလေး ကိုယ်စီပိုက်ပြီး ဆွဲခြင်းကောက်ကိုင် ကာ ညောင်ပင်ကြီးအောက်မှ ထွက်ခွာ လာကြတော့သည်။

ရွာပြန်ရောက်ပြီး အိမ်ရှေ့ကွပ်ပျစ် ပေါ်တွင် ပုဆိုးခင်းကာ ထိုင်အမော ဖြေလိုက်စဉ် အဝေးဆီမှ အုန်းမောင်း ခေါက်သံများ ဆက်တိုက်ကြားနေရ လေသည်။ လေးနာရီဝန်းကျင်ခန့် ရှိ နေလေပြီ။ အရှေ့အရပ်ဆီမှ ရောင်နီ များပင် ရေးရေးပေါ်ချေပြီ။ အချို့အိမ် များမှ ဆွမ်းထချက်နေလေပြီ။

အိမ်နီးနားချင်းများကို ခေါ်၍ သူမ တို့ ဖြတ်သန်းခဲ့သော ည၏ အဖြစ် အပျက်များအကြောင်းကို ပြန်လည် ဖောက်သည်ချလေသည်။ ကျောချမ်း စရာကောင်းလှသော သူတို့အဖြစ်ကို အိမ်နီးနားချင်းများက စုတ်တသပ်သပ် နှင့် နားထောင်ကြသည်။ ကိုအောင်ပန်း နှင့် ကိုစံငြိမ်းတို့ကတော့...

'နည်းတောင် နည်းသေးတယ် ပွဲမက်တာကိုး'

ဟူ၍ မြည်တွန်တောက်တီးနေကြ တော့၏။ ထိုနေ့ နံနက်တွင်ပင် ကလေး ငယ်များကို ဗိန္ဓောဆရာကြီး ဦးထွန်းရီ ထံတွင် လိပ်ပြာချုပ်ခြင်းနှင့် အဆောင် လက်ဖွဲ့များ စီမံပေးရတော့၏။

ယခုအခါ ခေတ်မီဖွံ့ဖြိုး တိုးတက် သော ကာလအလျောက် ထိုဒေသတွင် လျှပ်စစ်မီးရောင်များ ထိန်လင်းလျက် ရှိနေချေပြီ။ လူဦးရေ ထူထပ်စည်ကား လာချေပြီ။ နိုင်ငံတော်မှ သံလွင်မြစ်ကူး တံတား (ဘားအံ)နှင့် ကားလမ်းမကြီး ကို တည်ဆောက်ဖောက်လုပ် ပေး လိုက်သဖြင့် ဘားကပ်သို့ မိနစ်အနည်း ငယ်အတွင်း ရောက်နိုင်လေသည်။ လျင်မြန်ချောမွေ့စွာ သွားရောက်နိုင် လေပြီ။

ရန်ကုန်မှ ဘားအံသို့အသွား သံလွင် မြစ်ကူးတံတား (ဘားအံ)သို့ မရောက် မီ လက်ယာဘက်ခြမ်းရှိ ညောင်ပင်သာ ကျောင်းအနောက်တွင် ညောင်ပင်ကြီး နှင့် ရှေးဟောင်းအုတ်ဂူ အစီအရီ စီတန်းထားသည်ကို ယနေ့တိုင် တွေ့ မြင်နိုင်ပါကြောင်း။

**နာမည်များ လွှဲပြောင်းထားသည့် ဖြစ်ရပ်မှန်ဖြစ်ပါကြောင်း။ ထို အုတ်ဂူများ မည်သည့်အချိန်တွင် တည်ထားခဲ့သည်ကို သိမီသူများ မရှိတော့ပါ ခင်ဗျား။**


**စိုးနိုင်ထွန်း (ဘားအံ)**



www.burmeseclassic.com

www.burmeseclassic.com

မင်းဘူး မြင့်မြောင်
(အသေးစား ချေးငွေလုပ်ငန်း)



မင်းဘူးမြို့ အမှတ်(၁)နယ်မြေ

# နဂါးသုံးကောင် တန်ခိုးပြတာလား

မင်းဘူးမြို့၊ မြို့နယ်စည်ပင်သာယာရေးမှ မြို့ရွာသာယာ လှပရေးအတွက် လမ်းဘေး ပလက်ဖောင်းများအား သန့်ရှင်းရေး ပြုလုပ်ခြင်း၊ ဆေးသုတ်ခြင်းများ ပြုလုပ်ကြပါသည်။

ကျွန်တော်တို့ မင်းဘူးမြို့နယ်တွင် အထူးသဖြင့် မန်းရွှေစက်တော်ရာ ဘုရားပွဲတော်ချိန် ဆိုပါက အမြို့မြို့ အနယ်နယ်မှ လူမျိုးစုံတို့ ဖြတ်သန်း သွားလာကြပါသည်။

ထို့ကြောင့် မန်းရွှေစက်တော် ဘုရားပွဲချိန် ခြေတော်ရာ ဘုရားဖူးရင်း မင်းဘူးမြို့မှ စက္ကိန်းတဲဘုရား၊ နဂါးပွက်တောင်တော်မှ အစ်မတော်၊ မောင်တော်တို့၏ နတ်နန်းသို့ လာရောက်လေ့လာကြသော ရဟန်းရှင်လူ ပရိသတ်အစုံတို့ လာရောက်ကြသောကြောင့် မြို့နယ်တာဝန်ရှိ လူကြီးများမှ မိမိတို့မြို့အား အတတ်နိုင်ဆုံး သာယာလှပအောင် ပြုပြင်ကြပါသည်။

ဤတွင် ဖော်ပြပါ ဓာတ်ပုံမှာ မြို့နယ်စည်ပင်သာယာရေးရုံးအနီးမှ ရိုက်ကူးထားသောပုံ ဖြစ်ပါသည်။ ဤလမ်းဆုံမှ အရှေ့သို့ သွားပါက စက္ကိန်းတဲဘုရားသို့ ရောက်ရှိပြီး အနောက်သို့ သွားပါက အစ်မတော်၊ မောင်တော်တို့၏ နတ်နန်းတည်ရှိရာ နဂါးပွက်တောင်တော်သို့သွားရာ ဖြတ်လမ်းဖြစ်ပြီး တောင် မြောက်လမ်းမကြီးမှာ အဝေးပြေးလမ်းကြီး ဖြစ်ပါသည်။

သို့ပါသောကြောင့် ဓာတ်ပုံပါအတိုင်း တြိဂံပုံအလှ ဖော်ထားသည်မှာ ကြည့်၍ ကောင်းလှပါသည်။ ယခု ဓာတ်ပုံ မရိုက်ခင်က ဤနေရာတွင် တာဝန်ရှိ လူကြီးများမှ စိတ်ကူးစိတ်သန်းကောင်းကောင်းဖြင့် ဤလမ်းဆုံနေရာတွင် ပန်းပု၊ ပန်းရန်ဆရာများ ခေါ်ဆောင်၍ အုတ်၊ သဲ၊ ဘိလပ်မြေများ ချ၍ အလုပ်အပ်ပါတော့သည်။

ပန်းပု၊ ပန်းရန် ဆရာများ ခေါ်ဆောင်၍ အလုပ်အပ်တော့ ဘာပုံများ ပုံဖော်၍ ပန်းပုထုမှာလည်း မသိဘူးဟု စိတ်ဝင်စားနေကြပါသည်။ ပန်းရန်ဆရာနှင့် ပန်းပုဆရာတို့ ပုံဖော်၍ ပြီးစီးသွားသော ပုံမှာ နဂါးပုံ ဖြစ်ပါသည်။

တြိဂံလမ်းဆုံ ဖြစ်သောကြောင့် နဂါးမှာလည်း သုံးကောင်ဖြစ်ပါသည်။ နဂါးပုံ အမျိုးမျိုးရှိကြရာ ယခု နဂါးပုံမှာ ပါးစပ်ဟ၍ အမြီးထောင်နေသော လိုက်နဂါးပုံ(ဒေါသကြီးနေပုံ) ဖြစ်ပါသည်။


ဆေးရောင်များ ခြယ်သပြီးသွားသောအခါ အတော်ကြည့်ကောင်းသော နဂါးရုပ်များ ဖြစ်ပါသည်။ မြို့၏ နိမိတ်ဆောင် နဂါးပွက်တောင်ကို အ... ပြု၍ ထုလုပ်ထားတာ ကောင်းသ... လှသည်ဟု ချီးကျူးနေကြပါသည်။

ထိုသို့ ချီးကျူးချိန်မှာ သိပ်မကြာ



www.burmeseclassic.com

www.burmeseclassic.com



သေဆုံးခဲ့ရပါသည်။ ထိုသို့ (၃)ကြိမ် ဆက်တိုက် လောင်ကျွမ်းသော မီးမှာ အခြားအကြောင်းတော့ မဖြစ်နိုင်ရာ အဘကြီး သတိပေးသွားသော ရေပျော်နဂါး ကုန်းပေါ်တင်တော့ နဂါးတွေ ဒေါသကြီးပြီး မီးနဲ့တိုက်တော့တာပေါ့ဟု ရပ်ကွက်အတွင်း လူတကာမှ ဒီရုပ်တုကြောင့်ဟု ပိုင်းပြောကြတော့ နဂါးရုပ်ကြီးအား ဖယ်ရှားလိုက်တော့ပါသည်။

နဂါးရုပ်ကြီးနေရာတွင် ယခုဖော်ပြ ထားသော ဆွမ်းအုပ်ပုံ အစားထိုး အလှဖော်လိုက်ပါ

လိုက်ပါ။ လမ်းဆုံအနီးမှ ကိုစန်းလွင် +မဝေတို့ လက်ဖက်ရည်ဆိုင်သို့ ဧည့်သည်အဘိုးကြီးတစ်ဦး ရောက်လာပါသည်။

'ငါတို့တို့ ဒီနဂါးရုပ် ထုလုပ်တာ ဒီနှစ်မှထင်တယ်။ အရင်နှစ်တွေ မတွေ့မိဘူး။ ဒီနဂါးရုပ် ထုလုပ်ပြီးမှ ဘာတွေထူးလဲကွာ'

ဟု ဧည့်သည် အဘကြီးက မေးတော့ ကိုစန်းလွင်က...

'အဘရယ် ဒီနဂါးရုပ်တုက ဒီနှစ်မှ ပြီးတော့ ဘာမှ မထူးသေးပါဘူး။ ဘာဖြစ်လို့လဲအဘ အဘ သိတာရှိရင် ပြောပြပါ'

ဟု မေးမြန်းတော့မှ...

'ငါတို့ နဂါးဆိုတာ ရေမှာပျော်တာမဟုတ်လား။ ခု မင်းတို့ နဂါးက ကုန်းပေါ်တင်ထားတာ။ နောက်ပြီး နဂါးသုံးကောင်ရဲ့ အလယ်မှာလဲ မီးတိုင်ထွန်းညှိထားတဲ့ မီးပန်းလည်ဆွဲ စိုက်ထားလိုက်သေးတယ်။ နဂါးသုံးကောင် အောက်မှာလဲ ရေကန် လုပ်မပေးထားဘူး။

နဂါးသုံးကောင်အောက်မှာလဲ ရေကန် လုပ်ပေးထားရင် တော်သေးတယ်။ နဂါးကို ကုန်းပေါ်မှာ တင်ထားပြီး မီးနဲ့ တိုက်သလို ဖြစ်နေတော့ ဒီမြို့မှာ မီးအန္တရာယ် စိုးရိမ်ရတယ်။ သတိထားပါ'

ဟု အဘအိုကြီး သတိပေးသွားပါသည်။

ထိုအဘကြီး သတိပေးပြီး ရက်မကြာမီမှာဘဲ နဂါး၏ ပထမဦးခေါင်း လှည့်ရာအပိုင်းသို့ ပထမအကြိမ် မီးလောင်ကျွမ်းပါတော့သည်။ အိမ်ခြေ အတော်များများ လောင်ကျွမ်းခဲ့ရပါသည်။

နောက် ဒုတိယနှစ်မှာ ဒုတိယနဂါး ဦးခေါင်းလှည့်ရာ အရပ်သို့ မီးလောင်ရာတွင်လည်း အတော်များများ လောင်ကျွမ်းခဲ့ပါသည်။ ထိုသို့ လောင်ကျွမ်းခဲ့သော်လည်း မီးမှာ ရပ်နားခြင်း မရှိသေးဘဲ တတိယနဂါး ဦးခေါင်းလှည့်ရာ အရပ်ထောင့်သို့ တတိယအကြိမ်မြောက် (၃)နှစ်ဆက်တိုက် အမှတ်(၁) နယ်မြေတွင် မီးလောင်ခဲ့ရာ အချို့အိမ်များမှာ (၃)ကြိမ်လုံး အလောင်ခံရသောအိမ်များ ရှိပါသည်။

နောက်ဆုံးအကြိမ်တွင် လူတစ်ဦး

တော့သည်။ ထိုဆွမ်းအုပ်ပုံလေးတွေ လမ်းဆုံလေးတွေမှာ ပုံဖော်လိုက်တော့ မီးလောင်ကျွမ်းမှု ရပ်စဲသွားပါတော့သည်။

ထို့နောက် ရပ်ကွက်ထဲမှ စဝေးတိုင်ပင်ကြပြီး ဆရာတော်ကြီးများထံသို့ အန္တရာယ်ကင်း ပရိတ်များ မြို့ပတ်၍ ကားများဖြင့် ရွတ်ဖတ်ပူဇော်ပေးပါရန် လျှောက်ထားကြပါသည်။

အန္တရာယ်ကင်း ပရိတ်များ ရွတ်ဖတ်ပူဇော်ပေးပြီးနောက်ပိုင်း အေးချမ်းသာယာသွားပါတော့သည်။ ရှေးရိုးအစဉ်အလာများအား မဖယ်ရှားဘဲ ဘာပဲလုပ်လုပ် တတ်သိနားလည်သော အဘိုး၊ အဘွားတို့ထံမှ ပညာဗဟုသုတများ ယူနိုင်ကြပါစေရန် ဤဖြစ်ရပ်မှန်ဖြင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ သတိထားနိုင်ရန် တင်ပြရခြင်း ဖြစ်ပါသည်။

**စိတ်ချမ်းသာပြီး ကိုယ်ကျန်းမာကြပါစေ။**

**မင်းဘုန်း မြင့်မောင်**
**(အသေးစား ချေးငွေလုပ်ငန်း)**



www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်းသိန်းဟန်ထံ အလည်ရောက်သွားခဲ့သည်။ သိန်းဟန်ရော၊ သူ့ဇနီးကိုပါ တွေ့ရသည်။ သိန်းဟန်က...

'လာသူငယ်ချင်း ထိုင်၊ ရေနွေးကြမ်းအရင်သောက်'

ဟု ဆိုကာ ရေနွေးကြမ်းငှဲ့ပေးသည်။

စာရေးသူက ရေနွေးကြမ်းပန်းကန်ကို ကောက်ကိုင်ရင်းမှ တဟွတ်ဟွတ်နှင့် ချောင်းတွေ ဆိုးသည်။ ရေနွေးကြမ်းပန်းကန်ကို ပြန်ချထားလိုက်ရင်းမှ ပါးစပ်ကို လက်ကိုင်ပဝါနှင့် ကာထားလိုက်ရသည်။ သိန်းဟန်က...

'အဟွတ်ဟွတ်... ချောင်းတွေဆို၊ အဟင်းဟင်း...အသံလဲဝင်...ဟား...ဟား...ဟား'

ဟု ဆေးကြော်ငြာတစ်ပိုင်းတစ်စကို ဆိုရင်း သူ့ဟာသူ သဘောကျစွာ ရယ်နေသည်။

'ဟုတ်ပါ့ကွာ၊ ငါလဲ ချောင်းဆိုးတာ တော်တော်ကြာနေပြီ။ သမီးကတောင် အဆုတ်အထူးကုဆရာဝန်နဲ့ ပြဖို့ ပြောနေတာ၊ အဖေ့အဆုတ်တွေ ပွနေလောက်ပြီတဲ့။ ငါလဲ ဗိုက်ကြောတွေ၊

# ချောင်းဆိုးအတွက်

## အလွယ်နည်းလေးတစ်ခု

ရင်ညွန့်တွေတောင် နာနေပြီ'

'အမယ်လေး မင်းတင်မဟုတ်ဘူး၊ ငါလဲချောင်းဆိုးတာ နှစ်လတောင်ကျော်သွားတယ်၊ တိုင်းရင်းဆေး၊ အနောက်တိုင်းဆေးတွေလဲ စုံပါလေရော။ အနာမသိတော့လဲ ဆေးမရှိဘူး။ ဒါပမယ့် တိုက်ဆိုင်မှုလဲ လိုတယ်ထင်ပါရဲ့ကွာ'

စာရေးသူက သူ့စကားကို ဖြတ်ပြောမိသည်။

'နို့ မင်းက ဘယ်ဆေးနဲ့ ပျောက်သွားတာလဲ'

'ပြောမယ်လေ ဒီလိုကွ...ကွမ်းရွက် အရွက် (၁၀)လောက်ရယ် ဆားက စားပွဲဇွန်းတစ်ဇွန်း၊ နနွင်းကလဲ စားပွဲဇွန်း တစ်ဇွန်းစာကို ရောပြုတ်၊ ကွမ်းရွက်တွေ ပျော့ပြီး ကြေမွသွားတဲ့အထိပေါ့။

ရေသန့်ဘူးကြီး တစ်ဘူးခွဲစာလောက် ကျန်ပစေ၊ ပြီးရင် အဖတ်တွေစစ်ပြီး ရေဆာတိုင်း သောက်ပေတော့၊ ဒါကတော့ ငါ့ကိုယ်တွေ့ ချောင်းဆိုးပျောက်ဆေးပေါ့'



'တို့ငယ်ငယ်တုန်းကတော့ ကွမ်းရွက်ရယ်၊ ခွေးသေးပန်းရွက်ရယ်၊ ဆားနည်းနည်းရယ်ကို ကြိတ်ခြေ အရည်ညှစ်ယူပြီး သောက်လို့ ပျောက်ခဲ့တာလဲ ရှိတယ်ကွနော်'

'ဟုတ်တယ်သူငယ်ချင်းရေ... ဆေးတိုင်းက လူတိုင်းအတွက်တော့ မဟုတ်ဘူးကွ။ တိုက်ဆိုင်မှုဆိုတဲ့ သဘောတော့ ရှိတယ်လို့ ငါထင်တယ်''

'ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ကွာ။ သုံးချင်သူတွေ သုံးနိုင်အောင် မင်းပြောတဲ့အလျှော့သင့်လို့ ပျောက်သူတွေလဲ ပျောက်ပါစေခြင်း အကျိုးငှာပေါ့ကွာ။ ငါ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို ရေးပို့လိုက်မယ်နော်'

ဟု ဆိုတော့ သိန်းဟန်က...

'ရေးစေဗျား' တဲ့။

**မောင်အေးကြူ (စီးပွားရေး)**

# ကြက်မွေးရင်

**ဆောင်ထား**



ကျွန်တော့်ရဲ့ စေတနာနဲ့ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ ပရိသတ်များအတွက် အကျိုးဖြစ်ထွန်းစေမယ့် နည်းကောင်းတစ်ခုကိုဖြင့် ရေးသားတင်ပြမယ်လို့ ကြံရွယ်ခဲ့ပါသော်လဲ တစ်နေ့မှ မအောင်မြင်ခဲ့ပါ။ ယနေ့ဖြင့် တင်ပြနိုင်ပါပြီ။

အမရပူရမြို့ မိုးကုတ်ရိပ်သာ မဂ်လာတိုက်ဟောင်းမှာ တရားစခန်းရှိတာနဲ့ ဓမ္မမိတ်ဆွေဖြစ်သော ဦးသိန်းထံ အလည် ရောက်ရှိခဲ့ပါတယ်။

နေ့လယ် ခေတ္တတရားအားချိန်မှာ မိတ်ဆွေဦးသိန်းနဲ့ စကားစပ်မိရာမှ တန်ဖိုးမဖြတ်နိုင်တဲ့ ဗိဗိတဒါန နည်းလေးတစ်ခု ရရှိခဲ့ပါတယ်။

အဲဒီနည်းလေးက ကြက်မွေးမြူကြသူများအတွက် တန်ဖိုးရှိမယ့် နည်းကောင်းလေးပါ။ မိမိတို့အိမ်မှာ မွေးမြူထားသော ကြက်များ ကြက်နာကျခြင်းနဲ့ အသေအပျောက် မရှိပါဘဲ အကျိုးများတဲ့ နည်းလေးဖြစ်လို့ တင်ပြခြင်းပါ။

ကြက်မွေးမြူသူများ ပြုလုပ်ရမယ့် နည်းလေးမှာ မခက်ခဲပါဘူး။

မိမိတို့ရဲ့ ကြက်ခြံအတွင်းမှာ ဆင်များရဲ့ မစင်တုံး(ချေး)ခြောက်ကို ကြက်ခြံအလယ်မှာ ကြိုးချည်ပြီး ချိတ်ထားပါ။

ကြက်များ သောက်ရေခွက်မှာ ဆင်ချေး ခြောက်ကို အမှုန့်ပြုလုပ်ပြီး ထည့်ပေးပါ။ ယခုလို ပြုလုပ်ပေးခြင်းဖြင့် မိမိတို့ရဲ့ ကြက်များ လုံး ကြက်နာကျခြင်း အသေအပျောက် မရှိခြင်း လုံးဝ မရှိတော့ပါ။

ကြက်မွေးမြူသူများ ငွေကုန်ကြေးကျ မရှိဘဲ အကျိုးများတဲ့ နည်းကောင်းလေးဖြစ်လို့ တင်ပြလိုက်ပါတယ်။

**ကိုမင်းဦး(နေရှင်နယ်)**



www.burmeseclassic.com

www.burmeseclassic.com



# ရှင်ဥပဂုတ္တဖောင်တော် နှင့်

## ဆန်းကြယ်သည့်ဖြစ်ရပ်

ဟင်္သာတ သန်းလှိုင်ကျော်
(ရွှေပန်းချီ)

ဤ အဖြစ်အပျက်ကလေးသည် စာရေးသူတို့မြို့၏ တစ်ဖက်ကမ်း မြစ်ဝကျွန်းပေါ် ရွာကလေးတစ်ရွာမှ အဖြစ်အပျက်ကလေးတစ်ခု ဖြစ်ပါသည်။

ဝါဆိုဝါခေါင် ရေဖောင်ဖောင် ဆိုသည့်အတိုင်း ယင်းလတွင် အထက်ဘက် မြို့ရွာများမှ မျှောလိုက်သော ရှင်ဥပဂုတ်ဖောင်တော်သည် မြို့ရွာ ကမ်းနား၊ ဆိပ်ကမ်း စသည် အစဉ်အတိုင်း မျောပါနေရာမှ ပူဇော်ပွဲကျင်းပချင်သော မြို့ရွာများမှ ဖောင်တော်အား ဆွဲယူပြီး အလှူခံရသမျှ ငွေများကို ဖောင်တော်အား ပြုပြင်ပြီး ပိုသမျှ အလှူငွေများကို ဆွမ်းဟင်းချက်၍ ဆရာတော် သံဃာတော်များကို လှူဒါန်းသမှုပြု သာဓုအနုမောဒနာခေါ်ပြီး ဖော်တော်ကို စည်ကား သိုက်မြိုက်စွာဖြင့် ရေလယ်သို့ ပို့ဆောင်သော ဗုဒ္ဓဘာသာ မြန်မာတို့၏ ရိုးရာအစဉ်အလာတစ်ရပ် ဖြစ်ပါသည်။

ယခုလည်း အထက်ဘက်က မျှောလိုက်သော ရှင်ဥပဂုတ်ဖောင်တော်မြတ်ကို မြို့၏ တစ်ဖက်ကမ်း အောက်ဘက်မြစ်ကမ်းနားနေ ရွာကလေးတစ်ရွာမှ လူငယ်တစ်စုမှ လှေလေးစင်းဖြင့် ဖောင်တော်အား ကမ်းစပ်သို့ ဆွဲယူ ပင့်ဆောင်ကြသည်။

ချစ်ကြီး၊ ဖိုးအေး၊ လူမုန်းနှင့် ကာလသားခေါင်း ကိုတင်လှတို့ ထွက်ဆွဲသောကြောင့် ကမ်းစပ်မှ ရွာသားများက ဝမ်းပန်းတသာ ဖောင်တော်ကို ကြိုဆိုကြသည်။

ကမ်းစပ်ရောက်ရောက်ချင်း ကြိုးများနှင့် ချည်စိုင်းပြီး ကာလသားခေါင်း တင်လှမှ...

'ကဲ...တို့ ဒီနေ့ကစပြီး အသံချဲ့စက်ငှား အလှူခံကြမယ်ကွ'

ထိုနေ့မှစ၍ ကာလသားခေါင်း တင်လှတို့အဖွဲ့သည် ဖောင်တော်ကြီးတွင် လိုအပ်ချက်မှန်သမျှ အလှူခံပါတော့သည်။

တောသူတောင်သားများ၏ ရိုးစင်းသော၊ သဒ္ဓါထက်သန်သော လှူဒါန်းမှုဖြင့် အလှူငွေများမှာ လေး‌,ငါး‌,ခြောက်သောင်းအထိ အလှူခံရကြပါသည်။ ယင်းဖောင်တော်ပေါ်သို့ ညဘက်တွင်လည်း ရွာသူရွာသားများက ငွေနှင့် ဖယောင်းတိုင်၊ အမွှေးတိုင် စသည်များ လှူဒါန်းသည်။

ထို့ပြင် နံနက်လင်းလျှင်လည်း ဘုရားရှင်နှင့်တကွ ရှင်ဥပဂုတ္တမထေရ်မြတ်ကိုလည်း ဆွမ်းတော်ကပ်၊ သစ်သီးကပ်ဖြင့် စည်ကားလှပါသည်။

တင်လှတို့အဖွဲ့ထဲတွင် မရိုးသားသော ချစ်ကြီး၊ သူသည် တင်လှနားကပ်ပြီး... "ကိုတင်လှ" အသံတိုးတိုးဖြင့် နား‌,နား ကပ်ခေါ်လိုက်ပါသည်။

'ဘာလဲပြော'

ချစ်ကြီးမှ...

'ဟို ဖောင်တော်ပြင်တာ အကုန်ပြည့်စုံနေပြီ၊ ဒီ ပိုနေတဲ့ ဓနီဆယ့်ငါးပျစ်ကိုတော့ လုပ်တဲ့ကိုင်တဲ့သူအနေနဲ့ ကျွန်တော်ယူမယ်ဗျာ'

ကိုတင်လှ အလှူငွေစာရင်းကြည့်နေရင်းမှ ချစ်ကြီးဘက်လှည့်ပြီး...

'ဟာ... ဒါတော့ ဘယ်ဖြစ်ပါ့မလဲ။ ဘုရားဖောင်ပစ္စည်း မယူကောင်းဘူးကွ'

ဘေးနားတွင် ထိုင်ပြီး ရေနွေးကြမ်းသောက်နေသော လူမုန်းနှင့် ဖိုးအေးကလည်း...

www.burmeseclassic.com

'ကိုကြီးတင်လှရယ် ဒီကောင့်အိမ် မလုံမလဲနဲ့ ဒီ ခနီဆယ့်ငါးပျစ်တော့ သူယူပါစေဗျာ။ ဟော့ကောင် ယူ ...ယူ'

ကိုတင်လှမှ ပြောမရသည့်အဆုံး...

'ကဲ...မင်းတို့ သဘောပဲ၊ ငါ သဘော မဟုတ်ဘူး'

ဟု ပြောလိုက်ပါသည်။

ထိုနေ့ မိုးချုပ်စတွင် ချစ်ကြီး ခနီဆယ့်ငါးပျစ်ကို ရွက်ပြီး ယူဆောင်သွားပါတော့သည်။

(၇)ရက်မြောက်နေ့တွင် ဖောင်တော်ပေါ်မှ အသံချဲ့စက်ဖြင့်...

'ကျွန်တော်များ ရှင်ဉပဂုတ္တဖောင်တော်ကို ဒီနေ့ မနက်(၁၁)နာရီတွင် မြစ်လယ်သို့ အိုးစည်ဗုံမောင်းများ၊ ပရိသတ်အသင်းများဖြင့် စည်စည်ကားကား ပို့ဆောင်ကြပါမယ်။ ဒီနေ့ မနက်(၉)နာရီမှာလဲ သံဃာတော်အရှင်မြတ်များကို ဆွမ်းကျွေးပြီး ဖောင်တော်မျှောရန်ဖြစ်တဲ့အတွက် ဖောင်တော်ပေါ်သို့ ကြွပါခင်ဗျား'

အသံတစာစာဖြင့် ကြေညာလိုက်သော ကာလသားခေါင်း ကိုတင်လှအသံ။ မကြာမီ သံဃာတော်များ ကြွလာပြီး သံဃာတော်များအား ဆွမ်းကျွေး၊ ရွာသူရွာသားများကို သာကူတိုက်ကျွေး၍ ဖောင်တော်ကို မြစ်လယ်သို့ မျှောလိုက်ပါသည်။

ဘုရားဖောင်သည် မြစ်လယ် ကိုက်နှစ်ရာအထိ မျှောပါပြီးမှ ဝဲပြန်ဖြင့် ရွာနှင့် ကိုက်တစ်ရာခန့်အရောက်တွင် ရေအောက် ကုန်းကမူပေါ် သောင်တင်ပြီး ရပ်သွားပါတော့သည်။

ကာလသားခေါင်းတင်လှမှ ချစ်ကြီး၊ ဖိုးအေး၊ လှမှန်းနှင့် လှငယ်တစ်စုကို ခေါ်၍ လှေ(၆)စင်းဖြင့် လှအားနှင့် ဖောင်တော်အား ဆွဲကြပြန်သော်လည်း ဖောင်တော်သည် တုတ်တုတ်မျှ မလှုပ်



ဘဲ တင်မြဲတိုင်း တင်နေပါသည်။

ကိုတင်လှမှ ချွေးစေးများကို သုတ်ရင်း...

'အင်း... ငါတို့ တစ်ခုခုတော့ မှားပြီထင်တယ်'

ထိုစဉ် ခနီပျစ်ယူထားသော ချစ်ကြီးမှ ပျာပျာသလဲဖြင့်...

'အာ...ကိုကြီးတင်လှကလဲ ဘာမှားလို့လဲ ကျွန်တော်တို့ ရသမျှ အကုန်လှူတာပဲ။ ဒီနေရာကို ပျော်လို့ ဆွဲမရတာပါ'

လှငယ်များကလည်း...

'ဟုတ်မယ် ကိုကြီးတင်လှရဲ့ ချစ်ကြီးပြောသလို ပျော်လို့နေမှာပေါ့'

ကိုတင်လှမှ...

'ကဲ ကဲ ဒါဆိုလဲ တို့တာဝန်ကျေပြီ။ လာ သွားကြမယ်'

ကိုတင်လှတို့အဖွဲ့ ဖောင်တော်အား ဒီအတိုင်းထားပြီး ပြန်သွားကြသည်။ ရှင်ဉပဂုတ္တဖောင်မျှောပြီး (၉)ရက်မြောက်နေ့ ညနေစောင်းတွင် ကမ်းစပ်ရွာလေးမှ...

'မီးဗျို့...မီး...မီး မီးလောင်နေတယ်'

ဆူဆူညံညံ အသံများကြောင့် ရပ်ရွာလူကြီး ဘကြီးသောင်းမှ...

'ဟ မိုးတွင်းကြီး ဘယ်က မီးလောင်တာလဲဟေ့'

ထိုစဉ် အမောတကော ပြေးလာသော ဖိုးအေးမှ ...

'ချစ်ကြီးအိမ် မီးလောင်နေတာ ဘကြီးသောင်းရေ'

ထိုမီးသည် ချစ်ကြီးအိမ် တစ်အိမ်တည်း ကပ်လောင်သွားခြင်းဖြစ်သည်။ မိုးတွင်းကြီး ချစ်ကြီး အိမ်မရှိတော့၊ ရှင်ဉပဂုတ္တဖောင်မှ ခနီဆယ့်ငါးပျစ် ယူပြီး အိမ်မိုးလိုက်သော ချစ်ကြီး၊ ပေးဆပ်ရသည်က အိုးမဲ့အိမ်မဲ့ဘဝ။

ဘုရားဖောင်သည်လည်း ပြာသိုလအထိ မည်သူမျှ မမျှောတော့၊ ကုန်းပေါ် တင်ပြီး မြောက်လေကတိုက်နှင့် ထ[ိ...] များကွာ၊ ဝါးများကလည်း ယိုင်နဲ့နဲ့ ဖောင်ပေါ်ရှိ လှူဖွယ်ပစ္စည်းများလည်း ပျောက်ပျက်ပြီး ဘုရားဆင်းတုတော် (၃)ဆူနှင့် ရှင်ဉပဂုတ္တအရှင်မြတ် တစ်ပါး၊ ပြီးတော့ ဖောင်ပေါ်မှာ တုံးလုံးလဲနေသော တောင်ဆုပ်လောက်ရှိ ဖောင်စောင့်ဘီလူးရုပ်တစ်ခုသာ။

နံနက်စောစော နွှင်းများ တဖွဲဖွဲကျ နေသည့်ကြားက ဗိန္ဓောဆရာ ဆရာပိုး သူသည်လည်း ရွာထဲမှ လူနာများကို ဆေးကုပြီးတိုင်း ''ဟဲ့...နင်တို့ ကိုယ့်အလုပ် ကိုယ်လုပ် ကြားလား''ဆိုပြီး ဩဝါဒပေးလေ့ ရှိပါသည်။ ယခု ဆရာပိုး ကိုယ့်အလုပ် ကိုယ်လုပ်ရှိ ဘုရားဖောင်နားကို ကျိုးကန်းတော[...] မှောက် ရောက်လာခဲ့ပြန်သည်။

မျက်စိကစားကြည့်လိုက်ရာ ထောင်[...] တစ်နေရာတွင် တုံးလုံးလဲနေသော ဖောင်စောင့်ဘီလူးရုပ်တု...

'ဟား အတော်ပဲ ဒီဘီလူးရုပ်တု[...] ငါယူသွားမယ်။ အိမ်ကြ သူ့ကို အသ[...] သွင်းမယ်'

ဆရာပိုး သူ့စိတ်ထဲ မရေမရာ[...] ပြီး ဘီလူးရုပ်တုအား ဆေးလွယ်အိ[...] ထဲ ထည့်ယူသွားပါသည်။

ထိုနေ့ နေ့ခင်းဘက်ကျ[...]တော့ [...]





www.burmeseclassic.com

www.burmeseclassic.com

ထဲမှ ထင်းလာရှာသော (၁၇)နှစ်အရွယ် မိန်းကလေးတစ်ယောက်၊ (၁၆)နှစ်အရွယ် မိန်းကလေးတစ်ယောက်။ သူတို့နှစ်ယောက်လည်း ဘုရားဖောင်နားအထိ ထင်းလာရှာပါသည်။

တစ်ယောက်သော မိန်းကလေးမှ...

'ဟဲ့မိဂျမ်း... တို့ ဒီဖောင်က မြေကြီးပေါ် ပြုတ်ကျနေတဲ့ ဝါးဆွေးတွေ ထင်းစိုက်ဖို့ ယူကြမယ်'

ကျန်သော မိန်းကလေးမှ...

'အေး...ဟုတ်ပါရဲ့ ခင်မြရယ် မြေကြီးသြဇာဖြစ်မယ့်အ တူတူ တို့နိုင်သလောက် ယူကြမယ်'

ထို မိန်းကလေးနှစ်ယောက်တို့သည် ဘုရားဖောင်ဝစ္စည်းမှန်း သိသော်လည်း အသိပညာခေါင်းပါးတော့ ထင်းစိုက်ဖို့သာ သိနေသည်။ ကမ်းစပ်မှ ရေမျော ထင်းများနှင့် ဘုရားဖောင်မှ ဝါးဆွေးများကို စုစည်းပြီး အိမ်ပြန် သယ်သွားကြလေသည်။

ည(၁၁)နာရီခန့်တွင် တစ်နေရာမှ ဆွဲဆွဲငင်ငင် အူလိုက်သော ခွေးအူသံတွေက တိတ်ဆိတ်သောညကို ဖုံးလွှမ်းသွားပါသည်။

'အူ အူ အူး အု'

ရွာထဲမှ ရှိသမျှ ခွေးများကလည်း အူလိုက်သည်မှာ ကျောချမ်းစရာပေ။ သက်ကြီးခေါင်းချသော်လည်း အိပ်မပျော်နိုင်သော ဘကြီးသောင်း...

'အင်း...ဒီညမှ ဘယ့်နှယ်ခွေးတွေကလဲ ရွာထဲ လျှောက်အူနေတာပါလိမ့်။ ရှေးလူကြီးတွေ ပြောစကားအရ မကောင်းဆိုးဝါးများ ရွာထဲဝင်ရင် ခွေးတွေ အူတတ်တယ်တဲ့'

ဘကြီးသောင်း တွေးတောရင်း အိပ်ပျော်အောင် အိပ်လိုက်ပါသည်။ နံနက်လင်းတော့ အမင်္ဂလာစကား ဝိုင်ဆွဲ ဆရာ ဆရာပိုးတစ်ယောက် အကောင်းသားကနေ နံနက်လင်းတော့ သမီးဖြစ်



သူက သွားနိူးတော့ မျက်လုံးပြူး၊ လျှာထွက်ပြီး သေနေပါသည်။ အနားမှာတော့ ဖောင်စောင့် ဘီလူးရုပ်တုတစ်ခုက အခန့်သား...

ရပ်ရွာဓလေ့အရ ဆရာပိုးအား (၃) ရက်ထားပြီး မြေဖို့သင်္ဂြိုဟ်ကြသည်။ သမီးဖြစ်သူလည်း ယင်းဘီလူးရုပ်တုအား အိမ်မှာမထားရဲ၍ ဘုရားဖောင်သို့ ပြန်ထားလိုက်ပါသည်။

ဆရာပိုး မြေချပြီး ည(၁၁)နာရီတွင်လည်း ညအမှောင်ကို ထိုးဖောက်၍ ခွေးအူသံများက ရွာရိုးတစ်လျှောက် ဆူညံ၍နေပါသည်။ သန်းခေါင်ယံအချိန်တွင် အိမ်တစ်အိမ်မှ...

'သမီးရေ မဂျမ်း၊ အမေ့ကို ထကြည့်ပါဦး သမီးလေးရဲ့... ဟင် အကောင်းသားကနေ လည်ပင်း အင့်တယ် အင့်တယ်နဲ့ အသက်ရှူမရဘူးဆိုပြီး အသက်ပျောက်သွားတဲ့ သမီးလေးရဲ့ အမေလွှမ်းရချည့်ရဲ့ ဟီး ဟီး'

ထိုငိုသံကြောင့် အိမ်နီးနားချင်းများ နိုးလာပြီး သေသူ မဂျမ်းအိမ်သို့ စုပြုံတက်လာကြသည်။

ထိုအထဲတွင် ဘကြီးသောင်းလည်း အိမ်ထဲရောက်နေသည်။ ဘကြီးသောင်းမှ...

'ဟဲ့...ဘယ်လိုဖြစ်ကြတာလဲ မရင်ရယ်။ နင့်သမီး နေထိုင်မကောင်းဖြစ်တာ မကြားဘဲနဲ့ ပြုန်းစားကြီး သေတာ ရိုးရဲ့လားဟာ'

ဒေါ်မရင်သည် မျက်ရည်များကို တဘက်နှင့်တို့ရင်း...

'မသိပါဘူး ဘကြီးသောင်းရယ် အသက်ရှူကျပ်တယ်ဆိုပြီး ဆုံးတာပါ'

နံနက်လင်းလျှင် အသုဘကိစ္စစသည်များ လုပ်ဆောင်ပြီး (၃)ရက်ထား၍ ဆရာပိုးသင်္ဂြိုဟ်သော သုသာန်သို့ ပို့ဆောင်မြေဖို့ကြပါသည်။ အသုဘပို့ဆောင်သူများ ရွာထဲအပြန် အိမ်တစ်အိမ်မှလည်း...

'သမီးလေးရေ... သမီးလေးရဲ့ အမေတို့ကို ထားခဲ့ပြီလားဟင်။ မူးတယ် မူးတယ်ဆိုပြီး အသက်ပျောက်သွားတဲ့သမီး ခင်မြရေ သမီးရဲ့'

ဆိုသည့် ကျယ်လောင်သော အသံကြောင့် အသုဘပို့သူများလည်း ထိုငိုနေသောအိမ်သို့ အပြေးအလွှား သွားကြသည်။ ထိုအထဲတွင် ဘကြီးသောင်းက ရှေ့က အရင်ရောက်နေပါသည်။ ဘကြီးသောင်းမှ...

'ကဲ ဘယ်လိုဖြစ်ကုန်တာလဲ၊ ဟိုမှာ အသုဘပို့တာ မပြီးသေးဘူး။ ဒီမှာ တစ်ယောက်က ဆုံးပြန်ပြီ၊ နင့်သမီးတော့ တစ်ခုခုတော့ မှားပြီထင်တယ်'

မိခင်ဖြစ်သူမှ...

'ဦးလေးသောင်းရယ် ညဘက် ခွေးတွေ အူသံတွေ ကြားကတည်းက သမီးလေး ဂနာမငြိမ်တော့ဘူး။ ကြောက်တယ် ကြောက်တယ်နဲ့ ဆုံးမယ့်ဒီနေ့မှာ မူးတယ် မူးတယ်နဲ့ အသက်ပျောက်သွားတာ'

ထိုစဉ် ကြားဖြတ်၍ အဒေါ်ကြီးတစ်ယောက်မှ...

'မရိုးလောက်ဘူး။ ဘာ[illegible]ပဲဆို



www.burmeseclassic.com

www.burmeseclassic.com

တော့ သူနဲ့ မိဂျမ်း(၅)ရက်၊ (၆)ရက်လောက်က ဘုရားဖောင်နားမှာ ထင်းရှာနေတာ ငါ ပဲစိုက်ရင်း တွေ့ရတယ်'

ထိုခဏ ဘကြီးသောင်းအတွေးဝယ်…

'အင်း…ဒါဆို ဒီကလေးနှစ်ယောက်သေတာ မရိုးဘူး။ ဘုရားဖောင်ကိစ္စနဲ့ ပတ်သက်နေတယ်။ ဘုရားဖောင်ပစ္စည်း တစ်ခုခုယူလို့ ဖြစ်ရမယ်'

ဟု တွေးတောရင်း…

'တို့ရွာမှာ မကြုံစဘူး (၃)လောင်းပြိုင် ရက်ခြားသေတာဆိုတော့ ဟဲ့… မိခွေး နင့်သမီး ခင်မြသေတာရယ်၊ ဟို မရင်သမီး မိဂျမ်းသေတာရယ်၊ ဗိန္ဒောဆရာ ဆရာပိုးသေတာရယ်က ဘုရားဖောင်နဲ့ ဆက်စပ်နေတယ်။

အဲဒီတော့ နင့်သမီးအသုဘကိစ္စပြီးတာနဲ့ ရွာထဲ ပရိတ်ရွတ်ပြီး၊ ဘုရားဖောင်တော်အတွက် ငွေစုပြီး ဖောင်တော်အသစ် ပြုလုပ်မယ်။ သန့်သန့်ရှင်းရှင်းဖြစ်အောင် တို့ မြစ်လယ်ကို ဖောင်တော် ပို့ဆောင်ကြမယ်။

ဒီရွာမှာ ကြာကြာထားပြီး မပျူပြင်ဘဲ မသိနားမလည်သူတွေက ဖောင်က ပစ္စည်းတွေယူရင် ဆက်ပြီး သေကြေဒုက္ခရောက်ကြမယ်။ မလုပ်ထိုက်တာ လုပ်တဲ့သူတွေမှာလဲ အသက်နဲ့ လဲကြရတယ်'

ဘကြီးသောင်းသည် စကားကို ရှည်ရှည်ဝေးဝေးပြောပြီး အသုဘအိမ်မှ ပြန်ခဲ့ပြီး ရွာထဲ တစ်အိမ်တစ်ယောက်လူစု၍ ရှင်ဉပဂုတ္တဖောင်တော်အား အသစ်ပြုလုပ်ပြီး ဖောင်တော်မျှောဖို့ စည်းဝေးကြသည်။

ခင်မြ အသုဘရက်လည်သောနေ့မှာတွင် ဖောင်တော်လည်း အသစ်ပြုပြင်ပြီးသွားလေသည်။ ရွာနီးချုပ်စပ်မှ ကျောင်းတိုက်အသီးသီးသို့ သံဃာတော်အရှင်မြတ်များ ပင့်ဖိတ်ပြီး ဖောင်တော်ပေါ်တွင် ပရိတ်တရားနာကြား၍ ရှင်ဉပဂုတ္တ ဘုရားဖောင်တော်အား မြစ်လယ်သို့ စံပယ်ရန် ပို့ဆောင်ပြီး ရိုသေစွာဖြင့် မျှောလိုက်ကြပါတော့သတည်း။

**[သင်ခန်းစာ တစ်ရပ်အဖြစ် တကယ့် အဖြစ်အပျက်အား အမည်ပြောင်း၍ ဇာတ်လမ်းဆင် တင်ပြလိုက်ပါသည်။]**

ဟသ်ာတ သန်းလှိုင်ကျော်
(ရွှေပန်းချီ)

## ၂၀၁၄ ခုနှစ်၊ ဧပြီလ

# ဗိ

## အတွက် ရွေးချယ်ပါ ဤဂဏန်း

၂၀၁၄ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့တွင် ဖွင့်လှစ်မည့် အောင်ဘာလေထီဖွင့်ပွဲတွင် ထွက်ပေါ်လာနိုင်သည့် ထီဂဏန်းတွဲများက အောက်ပါအတိုင်း တွက်ချက်ဖော်ပြအပ်ပါသည်။

| | |
|---|---|
| **အကြိမ်** | ၃၀၃ |
| **ဧပြီလ** | ၄ |
| **ခုနှစ်** | ၂၀၁၄ |
| | ၂၃၂၁ = ၈ |

**အကြိမ်၊ လ၊ ခုနှစ်** ဂဏန်းများအား တစ်လုံးတည်းဖြစ်အောင် ပေါင်းပါက (၈)ဂဏန်းရသည်။ သို့ဖြစ်၍ ၂၊ ၅၊ ၈၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။ ရှေ့ဂဏန်းများကို ၂၊ ၅၊ ၈၊ ၉ ဂဏန်းများပင် ရွေးချယ်ရမည်။

ဥပမာ

| စ…ဆုံး | စ…ဆုံး | စ…ဆုံး | စ…ဆုံး |
|---|---|---|---|
| ၂…၂ | ၅…၂ | ၈…၂ | ၉…၂ |
| ၂…၅ | ၅…၅ | ၈…၅ | ၉…၅ |
| ၂…၈ | ၅…၈ | ၈…၈ | ၉…၈ |
| ၂…၉ | ၅…၉ | ၈…၉ | ၉…၉ |

မှတ်ချက် ။ ။(…)ကွင်းအတွင်းတွင် ၂၊ ၅၊ ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

"**အကြိမ်**"ဂဏန်းမပါဘဲ "**လ**" ဂဏန်းနှင့်"**နှစ်**"ဂဏန်းကိုသာ ပေါင်းပါက (၄ + ၂+ ၀+ ၁ +၄) = ၁၁= ၂ ရသည်။ သို့ဖြစ်၍ "၂" ဂဏန်းက ပို၍ အားကောင်းပါသည်။ သို့ဖြစ်၍…

စ…ဆုံး

၂… ၂၊ ၅၊ ၈၊ ၉
၅… ၅၊ ၈၊ ၉၊ ၂
၈… ၈၊ ၉၊ ၂၊ ၅
၉… ၉၊ ၂၊ ၅၊ ၈

ဤလတွင် **တနင်္လာနှင့် ဗုဒ္ဓဟူး သားသမီးများ** ထီကံပွင့်နေပါသည်။



သို့ဖြစ်၍ မိမိ၏အိမ်ရှိ ဘုရားရှေ့တွင် ရှင်အရဟံပုတီးစိပ်နည်းနှင့် (… ရက် သို့မဟုတ် (၈)ရက်တိတိအဓိဋ္ဌာန် ဝင်ရန်ဖြစ်သည်။ (၁၀၈)လုံး ပုတီး… နှင့် နေ့စဉ် သက်စေ့စိပ်ပွား ပူဇော်… အဓိဋ္ဌာန်ဝင်ပါ။ အဓိဋ္ဌာန်အောင်မြင်… ဂံ လမ်း၊ တံတား သို့မဟုတ် ဘုန်းကြီး… ကျောင်း၊ သိမ် ဆောက်လုပ်ရေးတင်… တွင် တတ်နိုင်သမျှ အလှူငွေ ထည့်… ပြီးမှ ထီကံစမ်းရန် ဖြစ်သည်။

အထူးဂဏန်း

✦၂၂၅၈၉၉ ✦၅၂၂၈၈၉ ✦၉၂၂…

*ထီကံ ပွင့်ပါစေ။*

ဆရာရဲထက် (သုတေသ…)



www.burmeseclassic.com

www.burmeseclassic.com

# ရှားစောင်းကြီးအနှစ်

## နှင့် သူ၏အသုံး

ရှားစောင်းဟူသော အမည်အား ရှေ့ကထားပြီး အစချီတွင် ခေါ်ဝေါ်ထားကြသည့် အပင်များနှင့်စပ်၍ ကျွန်တော် သိထားသည်မှာ ရှားစောင်းလက်ပပ်၊ ရှားစောင်းလက်ဆက်၊ ရှားစောင်း လက်ဝါး၊ ရှားစောင်းပြာသာဒ်၊ ရှားစောင်းမြင်းနား၊ ရှားစောင်းသိင်္ဂနိက်၊ ရှားစောင်းကြီးတို့ ဖြစ်ပေသည်။

တချို့အရပ်ဒေသတို့၌ ရှားစောင်းဆိုသော အသံထွက်အား သုံးနှုန်းခြင်း မပြုကြဘဲ (ဂစောင်း) သို့မဟုတ် (ဒစောင်း) ဟူသည့် အပြောအဆိုတို့နှင့် ယှဉ်ပါးနေကြသည်ကို တွေ့ရှိရပေသည်။

ပမာ အနည်းငယ်ပြရသော် "**ရှားစောင်းလက်ပပ်ကို** (ဂစောင်းလက်ပပ်) သို့မဟုတ် ဒစောင်းလက်ပပ် **ရှားစောင်းကြီး**ကို (ဒစောင်းကြီး) သို့မဟုတ် (ဂစောင်းကြီး)ဟူလို။

ရှားစောင်းကြီးသည် အပူပိုင်း၌ ပေါက်ရောက်သော အပင်ပုမျိုး ဖြစ်ပေသည်။ သူ၏ ခန္ဓာကိုယ်မှ မည်သည့် အစိတ်အပိုင်းမဆို အစေးများ ထွက်ပေသည်။

ရှားစောင်းကြီးသည် အနှစ်ရှိသော အပင်မဟုတ်၍ ရာနှင့်ချီ ခုတ်လှဲကြည့် စေဦးတော့ အပင်အတွင်းက အနှစ်အသားကို တွေ့ဖို့ရန် မလွယ်ကူပြား အကြောင်းဆိုက်လျှင် တစ်ပင် တလေ၌ တွေ့ရှိရတတ်သည်ဟု ဆိုရာ...

ထိုရှားရှားပါးပါး ရှားစောင်းကြီး အနှစ်အား ကံအားလျော်စွာ ရရှိခဲ့သည် ရှိအံ့။ ကောင်းစွာ ယူငင်သိမ်းဆည်း ထားပေလော့။

အနှစ်ဆိုသည့်အတိုင်း ကိုယ်ရည်ကိုယ်သွေး မာကျစ်ကျစ်ရှိပြီး နက်ပြာရောင်အဆင်းရှိသော သူ၏ အစွမ်းသတ္တိသည်ကား သာမန် ဝမ်းလျှော ဝမ်းပျက်တို့ကို မဆိုထားလင့်၊ အလွန် ကြောက်စရာကောင်းသည့် ကာလဝမ်းရောဂါကိုပင် ဒိဋ္ဌနိုင်သည်ဟု ဆိုပါသည်။

**အညွှန်းမှာ** လူကြီးဆိုလျှင် အဆိုပါ အနှစ်ကို အနေတော် လက်ဖက်ရည် အကြမ်းပန်းကန် တစ်ဝက်ခန့်ရအောင် ဆန်ဆေးရည်နှင့် မပျစ်မကျဲ သွေးယူပြီးတိုက်ပါ။

ယင်းပမာဏကို အခြေပြု၍ ကျန်အရွယ်များကိုလည်း အသက်အနေအထားအလိုက် ချိန်ဆ တိုက်ကျွေးသွားခဲ့သော် ပျောက်နေကြဟူလေကြောင်း...



ကွယ်လွန်ခဲ့ပြီဖြစ်သော **တိုင်းရင်းဆေးသမားတော်ကြီး တစ်ဦးနှင့် တစ်ရပ်ကွက်တည်း အတူနေ ရင်းနှီးခဲ့သူ တစ်ဦးက ဆရာကြီး၏ ပြောပြချက်ကို** ကျွန်တော့်အား တစ်ဆင့် ပြောကြားခဲ့၍ မှတ်သားခဲ့ရသည့် ကျွန်တော်က ရိုးရာတိုင်းရင်းဆေးတစ်လက် မပျောက်ပျက်စေဖို့ အလို့ငှာ ပြန်လည်ဖောက်သည်ချ ဖော်ဆောင်ညွှန်းဆို လိုက်ရပေတော့တကား...။

*သောကကင်း ကျန်းမာကြ၍*

*လောကလင်း ချမ်းသာကြပါစေ*

စဉ့်ကူ စိုးဝင်းထက်မောင်

*(သျှင်စာမွန်)*



www.burmeseclassic.com

www.burmeseclassic.com

# အကြောအဆစ်ရောင်နာ

## အတွက် ယာခင်းမှ ဆေးတစ်လက်

ငမင်ကျေးရွာသို့ ရောက်သောအခါ ထုံးတောင်တောရသို့ သွားရန် ရွာခံတစ်ဦးအား စုံစမ်းကြည့်သည်။

'ချောင်းကူးတံတားကျော်ရင် ဆယ်မိနစ်တောင် မလျှောက်ရပါဘူး။ ထုံးတောင်တောရ ဆိုင်းဘုတ်ကြီး တွေ့ပါလိမ့်မယ်။ ကျွန်တော်လဲ အဲဒီဘက်တော(ယာခင်း)သွားမှာပဲ။ အတူတူ သွားကြတာပေါ့'

စကားတပြောပြောနှင့် လျှောက်လာခဲ့ကြရာ ချောင်းကူးတံတား ကျော်သောအခါ ယာခင်းတစ်ခင်းကို ဖြတ်ကျော်ရသည်။

'ဆရာ ခြေထောက်က ငုတ်စူးတာလား'

'ဘာမှ မစူးပါဘူး။ ဖိနောင့်က ကျိန်းသလိုလို တစ်ချက်တစ်ချက်မှ ဖြစ်တာပါ'

'ဪ အကြောနာတာပဲ။ ဒီလို **အကြောနာ အဆစ်ရောင်တာအတွက် အစွမ်းထက်တဲ့ဆေး ရှိပါတယ်**'

ထိုသူက ယာခင်းမှ အရွက်တစ်ရွက်ကို ခူးယူကာ ပါးစပ်တွင် ခဲထားသော ဆေးပေါလိပ်ဖြင့် ကင်သည်။ နွမ်းလာသောအခါ အသာအယာ လုံးခြေ၍ ကမ်းပေး၏။

'ဖိနောင့်မှာ အုံထားလိုက်'

လိုရမည်ရ ဆောင်ထားလေ့ရှိသော စက္ကူတိပ်Tapeဖြင့် သိုင်းပတ်လိုက်သည်။ ထုံးတောင်တောရအတွင်း လှည့်လည် ကြည့်ရှုလေ့လာသော အခါ ကျိန်း၍ နာနေသော ခြေဖနောင့်



◆ ယာခင်းမှ ဝါဂွမ်းပင်

မှာ သိသာစွာ ပျောက်ကင်းသွားလေသည်။

အပြန်တွင် ယာခင်းမှ ထိုအပင်ကို လေ့လာကြည့်ရာ ပွင့်အာနေသော အသီးမှ ဖြူဖွေးသည့် အမျှင်ထွေးများကို တွေ့ရသည်။ **ချည်မျှင်ထုတ်ထု[တ်]သည့် ဝါဂွမ်းပင် ဖြစ်လေသည်။**

ခွန်စိုင်းဝမ်း



www.burmeseclassic.com